www.dhammadownload.com

ဓမ္မဒူတစာစဉ်

ဓမ္မဒူတ

ဒေါက်တာအရှင်ပညိဿရ

B.A (Myanmar), M.A (Srilanka), Ph.D (India)

သာသနဓဇဓမ္မာစရိယ၊ သာသနဇောတိပါလဓမ္မာစရိယ၊ သာသနဟိတကဏ္ဌဝါစက အာစရိယ
ဓမ္မကထိက ဗဟုဇနဟိတရ မဟာဂန္ထဝါစကပဏ္ဍိတ

ဓမ္မလမ်းပေါ်မှာ

www.dhammadownload.com

ဓမ္မဒူတ
ဒေါက်တာအရှင်ပညိဿရ
B.A (Myanmar), M.A (Srilanka), Ph.D (India)
သာသနဓဇမဟာရဋ္ဌဂ္ဂမုခ၊ သာသနဓဇတိပိဋကဓရမဟာရဋ္ဌဂ္ဂမုခ၊ သာသနဟိတကဏ္ဌဝါစကအဘိဓဇ
ဓမ္မကထိက ဗဟုဇနဟိတာဓိဂုဏ မဟာဂန္ထဝါစကပဏ္ဍိတ

ဓမ္မလမ်းပေါ်မှာ

ပုံနှိပ်ခွင့်ရပြီ

www.dhammadownload.com

ဓမ္မဒူတ
ဒေါက်တာအရှင်ပညိဿရ
B.A(Myanmar), M.A (Srilanka), Ph.D (India)
သာသနဓဇမဟာရဋ္ဌိယ၊ သာသနဓဇဟာဠိပါလဓမ္မာစရိယ၊ သာသနဟိတဂဂဏဝါစက အာစရိယ
ဓမ္မကထိက ဗဟုဇနဟိတာရဓ၊ မဟာဂန္ထဝါစကပဏ္ဍိတ

ဓမ္မလမ်းပေါ်မှာ

ပြန်ချိန်ခေါ်
ဆုပြည့်စုံထွန်းစာပေ
အမှတ် - ၅၀၈/၅၁၂၊ (၂-ခ)၊ ပထမထပ်၊ (သရဖီကွန်ဒို)၊
ကုန်သည်လမ်း(ဆိပ်ကမ်းသာလမ်းထောင့်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၁၈၁၆၆၄၊ ၁၈၆၈၁၃။

www.dhammadownload.com

ဓမ္မဂုဏ် တရားတမန်

ဓမ္မဒုတ စာပို့ချ သင်ကြ ကျင့်ကြစေ။
ဓမ္မဒုတ စာရေးပြ ဖတ်ကြ ကျင့်ကြစေ။
ဓမ္မဒုတ ဟောဖော်ပြ နာကြ ကျင့်ကြစေ။
ဓမ္မဒုတ တရားပြ ကျင့်ကြ ကျိုးရစေ။

www.dhammadownload.com



ဓမ္မဒူတ

ဒေါက်တာအရှင်ပညိဿရ

B.A (Myanmar), M.A(Sri Lanka), Ph.D (India)
သာသနဓဇမဟာရဋ္ဌဂန္ထဝါစကဆရာတော်၊ သာသနဓဇမဟာရဋ္ဌဂန္ထဝါစကဆရာတော်၊ သာသနဓဇမဟာရဋ္ဌဂန္ထဝါစကဆရာတော်
မဟာကထိက ဗဟုဇနဟိတဓရ၊ မဟာဂန္ထဝါစကပဏ္ဍိတ

www.dhammadownload.com

ဒေါက်တာအရှင်ပညိဿရ

မွန်ပြည်နယ်၊ သထုံမြို့ ညောင်ဝိုင်းရပ်နေ ဦးကျော်လှိုင် + ဒေါ်မြင့်ကြည် တို့မှ ၁၉၆၄ ခုနှစ်၊ ဇန်နဝါရီလတွင် ဖွားမြင်သည်။

တောင်စွန်း ဓမ္မဒူတတောရကျောင်း ဆရာတော်ကြီး ဘဒ္ဒန္တပညာဇောတ (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)ကို ဥပဇ္ဈာယ်ပြုကာ ရှင်အဖြစ်၊ ရဟန်းအဖြစ် သို့ ရောက်ရှိခဲ့သည်။

တောင်စွန်းဓမ္မဒူတတောရ၊ မန္တလေးမြို့ မစိုးရိမ်တိုက်ဟောင်း၊ မစိုးရိမ် တိုက်သစ်၊ ပခုက္ကူမြို့ မဟာဝိသုတာရာမကျောင်းတိုက်၊ စစ်ကိုင်းတောင်ရိုး သဒ္ဓမ္မသီတဂူချောင်တို့တွင်လည်းကောင်း၊ သီရိလင်္ကာနိုင်ငံနှင့် အိန္ဒိယနိုင်ငံ တို့တွင်လည်းကောင်း ပညာသင်ယူခဲ့ပါသည်။

www.dhammadownload.com

သာသနဇဂမ္ဘာစရိယဘွဲ့

သာသနဇောတိပါလ ဓမ္မာစရိယဘွဲ့

သာသနဟိတ ဂဏဝါစက အာစရိယဘွဲ့

B.A (Myanmar), M.A (Srilanka), Ph.D (India) ဘွဲ့ တို့ကို ရရှိခဲ့သည်။

၂၀၀၆ ခုနှစ်တွင် နိုင်ငံတော်မှ ဆက်ကပ်သော မဟာဂန္ထဝါစက ပဏ္ဍိတ ဘွဲ့တော်ကို ရရှိခဲ့ သည်။

၂၀၁၀ ပြည့်နှစ်တွင် သထုံမြို့ သုဝဏ္ဏဘူမိ ပရိယတ္တိ သာသနဟိတ အသင်းကြီးမှ ဆက်ကပ်သော အဘိဝံသ ဘွဲ့တော်ကို ရရှိခဲ့သည်။

၂၀၁၀ ပြည့်နှစ်တွင် နိုင်ငံတော်မှ ဆက်ကပ်သော ဓမ္မကထိက ဗဟုဇန ဟိတမရ ဘွဲ့တော်ကို ရရှိခဲ့သည်။

ဓမ္မဒူတဆရာတော်ကြီး လွန်တော်မူသည့် ၁၉၉၇ ခုနှစ်မှ ၂၀၀၅ ခုနှစ်ထိ တောင်စွန်းဓမ္မဒူတ တောရကျောင်းတိုက် နာယကဆရာတော် အဖြစ် တာဝန်ယူ ဆောင်ရွက်ခဲ့သည်။

၂၀၀၄ ခုနှစ်မှစတင်၍ သထုံမြို့နယ်၊ ကျိုက်ကော်ကျေးရွာတွင် ဓမ္မဒူတ သုခိတာရုံကျောင်းတိုက်ကို တည်ထောင်ဖွင့်လှစ်ကာ ပဓာန နာယက ဆရာတော်အဖြစ် တာဝန်ယူ ဆောင်ရွက်သည်။

၂၀၀၅ ခုနှစ်မှ စတင်၍ ပဲခူးမြို့ ဆယ်မိုင်ကုန်းတွင် ဓမ္မဒူတတောရ သာသနာ့ရိပ်သာကို တည်ထောင်ဖွင့်လှစ်ကာ ပဓာနနာယက ဆရာတော် အဖြစ် စာရေး၊ စာချ၊ တရားဟော၊ တရားပြကာ သာသနာ့တာဝန်များကို ထမ်းဆောင်လျက် ရှိပါသည်။

www.dhammadownload.com

မာတိကာ

၁။	တစ်နေ့ကုန်သွားရင်	၁၃
၂။	ဒီအတိုင်းမနေတဲ့ ခန္ဓာ	၁၅
၃။	အချိန်နဲ့လဲယူ	၁၈
၄။	ဗုဒ္ဓဘာသာဝင် အဆင့်အတန်း	၂၂
၅။	သတိပြုထားကြ	၂၇
၆။	ခွဲခွာကြရပြီ	၂၉
၇။	စုံစမ်းဖို့ ပြန်လာခဲ့	၃၂
၈။	ရွှေခွက်ကိုကိုင်လာ	၃၄
၉။	တန်ဖိုးနည်းလာလို့	၃၈
၁၀။	အိုလာတာ အမှန်	၄၀
၁၁။	နတ်တွေကော အိုသလား	၄၃
၁၂။	အပြေးလိုက်လို့ သွားချင်	၄၆
၁၃။	မမေ့မလျော့ တရားကျင့်ပါ	၄၈
၁၄။	နှစ်ထပ်ရှုံး မခံနဲ့	၅၁
၁၅။	အခြေအနေပေးမှ ကျင့်လို့ရ	၅၃
၁၆။	ခန္ဓာဖြစ်စဉ် တွေ့မြင်လျှင်	၅၇
၁၇။	နီးလျက်နှင့်ဝေး	၆၁
၁၈။	ကိလေသာအမိုက်ထဲ တိုးဝင်	၆၃
၁၉။	အစွဲကြီးစွဲနေသူများ	၆၇
၂၀။	သံသရာလည်ဖို့သာ	၇၂

www.dhammadownload.com

၂၁။ ဘဝမျိုးစုံကျင်လည် ၇၇

၂၂။ ဆရာအမှား ကိုးကွယ် ၈၂

၂၃။ ပူပန်စရာ မျိုးစုံကြုံ ၈၇

၂၄။ ကာမဂုဏ်နောက်လိုက် ၉၀

၂၅။ ကောင်းဆိုးမမြင် ၉၄

၂၆။ နိဝရဏများ ပိတ်ဆို့ ၉၉

၂၇။ ကမ်းမမြင် လမ်းမမြင် ၁၀၂

၂၈။ ကြည့်တတ်ရင် တရားမြင် ၁၀၅

၂၉။ ကြည့်တတ်ရင် တရားမြင် ၁၀၈

၃၀။ လက်ကောက်သံလေး တခွင်ခွင် ၁၁၄

၃၁။ အဝေဒနာရတဲ့ နွား ၁၁၇

၃၂။ သားတစ်ချီလာတဲ့ စွန် ၁၂၀

၃၃။ ခန္ဓာကပြတဲ့ တရား ၁၂၄

၃၄။ တရားနဲ့ အကြွေးဆပ် ၁၂၉

၃၅။ ကံကို စုနေကြသူများ ၁၃၁

၃၆။ ကံရှိသမျှ ခံရစံရ ၁၃၄

၃၇။ ကံမကုန်ရင် နိဗ္ဗာန်နဲ့ဝေး ၁၃၆

၃၈။ နေ့စဉ်ဖြစ်နေတဲ့ ကံ ၁၃၈

၃၉။ ဒုက္ခသစ္စာ မသိရင် ၁၄၀

၄၀။ ခန္ဓာဒုက္ခကို သိတော့ ၁၄၂

၄၁။ ခန္ဓာကပြတာကိုကြည့် ၁၄၅

၄၂။ အဝိဇ္ဇာဖုံးထားလို့ ၁၄၈

၄၃။ ခင်လို့ အပြစ်မမြင် ၁၅၁

www.dhammadownload.com

၄၄။	အမှန်တရားမြင်လာရင်	၁၅၄
၄၅။	တဏှာက ကံကိုနှစ်သက်	၁၅၇
၄၆။	ခန္ဓာရသူမှန်သမျှ	၁၆၁
၄၇။	တစ်ချက်ရှုမှတ် တစ်ဘဝပြတ်	၁၆၃
၄၈။	အကုသိုလ်များပေမဲ့	၁၆၅
၄၉။	မင်ဉာဏ်ရဲ့အစွမ်း	၁၆၈
၅၀။	တရားကျင့်သူနဲ့ မကျင့်သူ	၁၇၁
၅၁။	မရလည်း ကျိုးမဲ့မဖြစ်	၁၇၄
၅၂။	တောင်ထိပ်ပေါ်က ရဟန်းခုနစ်ပါး	၁၇၆
၅၃။	ပါရမီရှိမရှိ အားထုတ်ကြည့်	၁၈၀
၅၄။	အမြန်ဆုံး တရားရသူ	၁၈၃
၅၅။	အားထုတ်မှုမရှိလျှင်	၁၈၇
၅၆။	ကြိုးစားဖို့လိုနေ	၁၉၀
၅၇။	အားထုတ်ရင် ပါရမီရင့်	၁၉၃
၅၈။	ပါရမီရင့်သူ ကျင့်လွယ်ကူ	၁၉၆
၅၉။	ဒွိဟိတ်မှသည် တိဟိတ်ဆီ	၁၉၉
၆၀။	ဘဝအဆက်ဆက် ဆင့်မတက်	၂၀၃
၆၁။	မကျင့်ဘဲ နိဗ္ဗာန်မရနိုင်	၂၀၅
၆၂။	တရားကျင့်သူသာ တရားရနိုင်	၂၀၈
၆၃။	ကျင့်သူ မကျင့်သူ တန်းမတူ	၂၁၁
၆၄။	တရားကျင့်ဖို့ ကောင်းတဲ့အချိန်	၂၁၄
၆၅။	ငရဲဘဝ ရောက်နေက	၂၁၅
၆၆။	တိရစ္ဆာန်ဘဝ ရောက်ပြန်က	၂၂၀

www.dhammadownload.com

၆၇။	ပြိတ္တာဘဝ ဖြစ်နေက	၂၂၄
၆၈။	အသည်းသတ်ပြဟ္မာ ဖြစ်နေရာ	၂၂၈
၆၉။	သာသနာဝေးကွာ လူဖြစ်လာ	၂၃၂
၇၀။	ယူမှားမိစ္ဆာ စွဲနေပါ	၂၃၆
၇၁။	ဆွံ့အ,နားပင်း သိဉာဏ်ဖျင်း	၂၄၀
၇၂။	သာသနာပ,မှာ လူဖြစ်လာ	၂၄၃
၇၃။	တစ်ချက်လွဲသွားရင်	၂၄၆
၇၄။	တရားကျင့်ဖို့ကောင်း	၂၄၉
၇၅။	တရားရနိုင် မရနိုင်	၂၅၁
၇၆။	တရားစစ်ဆေး အဖြေပေး	၂၅၂
၇၇။	ချိုယွင်းချက်မြင် အမှန်ပြင်	၂၅၅
၇၈။	အလိုနည်းသူနှင့် အလိုများသူ	၂၅၈
၇၉။	ရောင့်ရဲလွယ်သူနှင့် မရောင့်ရဲသူ	၂၆၂
၈၀။	ဆိတ်ငြိမ်လိုသူနှင့် ပေါင်းဖော်ပျော်သူ	၂၆၅
၈၁။	ဝီရိယရှိသူနှင့် ပျင်းရိသူ	၂၆၉
၈၂။	သတိရှိသူနှင့် သတိလွတ်သူ	၂၇၂
၈၃။	စိတ်ငြိမ်သူနှင့် စိတ်မငြိမ်သူ	၂၇၆
၈၄။	ပညာရှိသူနှင့် ပညာနည်းသူ	၂၇၉
၈၅။	နိဗ္ဗာန်ပျော်သူနှင့် သံသရာပျော်သူ	၂၈၂
၈၆။	တရားဘာကြောင့် ကျင့်ရတာလဲ	၂၈၆
၈၇။	မဟာသတိပဋ္ဌာနသုတ္တန် အခြေခံ	၂၈၉
၈၈။	ကိလေသာကင်းချင် တရားဝင်	၂၉၃
၈၉။	သောကကင်းချင် တရားဝင်	၂၉၇

www.dhammadownload.com

၉၀။	သောကကင်းသွားသူတစ်ယောက်	၂၉၉
၉၁။	ငိုစရာမျိုးစုံ ကြုံခဲ့သူ	၃၀၆
၉၂။	ကိုယ်စိတ်နှစ်ပါး သတိထားရှုမှား	၃၀၉
၉၃။	ဆင်းရဲကင်းချင် တရားဝင်	၃၁၂
၉၄။	မင်ဘာဏ်ရချင် တရားဝင်	၃၁၆
၉၅။	နိဗ္ဗာန်ရောက်ချင် တရားဝင်	၃၂၁
၉၆။	တရား ဘယ်လိုကျင့်ရမလဲ	၃၂၄
၉၇။	ဘာကိုရှုမှတ်နေရ	၃၂၆
၉၈။	ရုပ်၊ နာမ်၊ ခန္ဓာ ထင်ရှားရာ	၃၂၈
၉၉။	သတိထားကာ ရှု	၃၃၁
၁၀၀။	အသက်ရှူရာ ရှုမှတ်	၃၃၄
၁၀၁။	ရင်မှာတိုးတာ တုန်ခုန်တာ	၃၃၉
၁၀၂။	ကြွလှမ်းခိုက်မှာ ချခိုက်မှာ	၃၄၂
၁၀၃။	သွား၊ ရပ်၊ ထိုင်၊ လျောင်း	၃၄၅
၁၀၄။	ပြု၊ ပြော၊ ကြံရာ ချိန်တိုင်းမှာ	၃၄၈
၁၀၅။	ခန္ဓာရှိတာ ကြည့်နေပါ	၃၅၁
၁၀၆။	သိဉာဏ်ပေါ်မှ မဂ်ဖိုလ်ရ	၃၅၃

www.dhammadownload.com

တစ်နေ့ကုန်သွားရင်

အချိန်ကာလတွေကို တွက်ကြည့်ရင် တစ်နေ့ပြီးတစ်နေ့ ကုန်လွန်ပြီးသွားတော့ တစ်နေ့ကုန်သွားချိန်မှာ ကိုယ့်အတွက် ဘာများကျန်သလဲ။ ကိုယ့်မှာ ဘာထူးခြားမှုတွေ ဖြစ်လာသလဲဆိုတာကို သတိထားကြည့်ကြရအောင်ပါ။

ဘဝတစ်ခုအတွင်းပိုင်ဆိုင်ရရှိထားကြတဲ့ ရက်၊ လ၊ နှစ်ဆိုတဲ့ အချိန်ကာလတွေဟာ တစ်နေရာတည်းမှာ ဘယ်တော့မှ ရပ်တန့်ပြီး မနေပါဘူး။ စက္ကန့်နဲ့ မိနစ်နဲ့အမျှ အမြဲတမ်းကို ပြောင်းလဲနေပါတယ်။ တစ်နေ့ပြီးတစ်နေ့၊ တစ်ရက်ပြီးတစ်ရက်နဲ့ ရက်တွေ၊ လတွေ၊ နှစ်တွေဟာ မသိမသာ ကျော်လွန်ကုန်ဆုံးသွားပါတယ်။

မိုးလင်းကနေမိုးချုပ်လို့ တစ်နေ့ကုန်ပြီဆိုရင် "ဒီနေ့ ငါ စီးပွားရှာလိုက်တာ ဘယ်လောက်အမြတ်အစွန်းရတယ်၊ ငွေအတွက် ဘယ်လောက်ကျန်တယ်၊ ငါ ဒီနေ့ ဘယ်လောက်ရလိုက်တယ်" လို့ အများစုက စီးပွားတွက်သာ

www.dhammadownload.com

တွက်ကြပါတယ်။ ရလိုက်တဲ့ငွေကြေး၊ မရလိုက်တဲ့ငွေကြေးကိုသာ မြင်တတ်ကြပါတယ်။

"ဒီနေ့တော့ဖြင့် ငါ အလုပ်ကိစ္စတွေ ဘယ်လောက်ပြီးသွားတယ်၊ ဘယ်လောက်လုပ်ဖို့ကျန်သေးတယ်" လို့အလုပ်ကိစ္စကိုပဲ တွေးတောဆင်ခြင်တွေ့မြင်တတ်ကြပါတယ်။

ဘုရားရှင်ရဲ့အမြင်က သာမန်လူတို့ရဲ့ အသိအမြင်မျိုးမဟုတ်တော့ တစ်နေ့ကုန်သွားချိန်မှာ ရုပ်နာမ်ဓမ္မတို့ရဲ့ ဖြစ်ပျက်သွားပုံကို တွေ့မြင်အောင်ကြည့်တတ်ဖို့ တရားအမြင်ကို ညွှန်ပြတော်မူပါတယ်။

တစ်နေ့ကုန်သွားတယ်ဆိုတာ အမှန်က သေဖို့တစ်ရက်နီးကပ်သွားတာပါ။ ဒီသဘောအယူအဆဟာ ဘယ်တော့မှ မမှားနိုင်ပါဘူး။ မလွဲချော်နိုင်ပါဘူး။

စီးပွားရေးကိစ္စ၊ လုပ်ငန်းကိစ္စတွေ၊ ပညာရေး၊ လူမှုရေး၊ ကျန်းမာရေးတွေမှာ တွက်ချက်ကြည့်ရင် မြတ်တာလည်းရှိမယ်၊ ရှုံးတာလည်းရှိမယ်။ အတိအကျတွက်လို့မရဘူး။ မသေချာပါဘူး။ တိတိကျကျသေသေချာချာပြောနိုင်တာကတော့ တစ်နေ့ကုန်သွားချိန်မှာ သေတဲ့ဘက်ကို တစ်ရက်နီးသွားတာက အသေအချာပါပဲ။

လူကြီးဖြစ်စေ၊ လူငယ်ဖြစ်စေ၊ ဆင်းရဲသည်ဖြစ်စေ၊ ချမ်းသာသည်ဖြစ်စေ၊ အမျိုးသားဖြစ်စေ၊ အမျိုးသမီးဖြစ်စေ ဘယ်သူမဆို တစ်နေ့တစ်နေ့ ကုန်သွားတာနဲ့အမျှ ကိုယ့်သက်တမ်း တစ်ရက်တစ်ရက် လျော့သွားတာဟာ အမှန်ပါပဲ။ နေတဲ့ဘက်ကတစ်ရက်လျော့ပြီး သေတဲ့ဘက်ကို တစ်ရက်နီးကပ်သွားတာဟာ အမှန်တရားပါပဲ။

www.dhammadownload.com

ဒီအတိုင်းမနေတဲ့ ခန္ဓာ

ကိုယ့်ခန္ဓာရဲ့သွားနေတဲ့လမ်းစဉ်၊ ခန္ဓာရဲ့လမ်းကြောင်းကိုကြည့်ရင် ဘဝအစဟာ ဇာတိပါ။ အမိဝမ်းကကျွတ်ချိန်ကစပြီး ဇာတိဟာ တရွေ့ရွေ့နဲ့ ဘယ်ဘက်ဆီဦးတည်နေသလဲဆိုရင် ဇရာဆိုတဲ့ အိုခြင်းဆီကိုပါ။ ခန္ဓာဟာ ဇာတိကနေ ဇရာဆီကို သွားပါတယ်။

ဇရာကနေ ဘယ်ကိုသွားနေပြန်တုံးဆိုရင် မရဏဆီကို ဦးတည်ကာသွားနေပါတယ်။ မပြတ်သွားနေတဲ့ ခန္ဓာလမ်းစဉ်၊ ခန္ဓာလမ်းကြောင်းဟာ ဘယ်တော့မှ မတိမ်းသွားပါဘူး၊ မစောင်းသွားပါဘူး၊ မပြောင်းသွားပါဘူး။

ဇာတိကနေ ဇရာ၊ ဇရာကနေ မရဏဆီကို နေ့တိုင်းသွားနေပါတယ်။ ဒီနေ့လည်း ဒီအတိုင်း၊ နောက်နေ့လည်း ဒီအတိုင်း၊ နောက်တစ်နေ့လည်း ဒီအတိုင်း နောက်မဆုတ်တမ်း ရှေ့ကိုသာလှမ်းနေပါတယ်။

တစ်နေ့ကုန်သွားရင် အမှတ်ထင်ထင် မြင်လိုက်ရမှာက "ငါသေဖို့ တစ်ရက်နီးသွားပြီ" ဆိုတာကိုပါပဲ။ တစ်ရက်တစ်ရက်ကနေ ရက်ပေါင်းသုံးဆယ်ဆိုရင် တစ်လအချိန်ကို ရောက်လာပါတယ်။ တကယ်တွက်ကြည့်ရင်

www.dhammadownload.com

တစ်လဆိုတာ ဘာမျှမကြာလိုက်ပါဘူး။ နေရင်းထိုင်ရင်း သွားရင်းလာရင်းနဲ့ တစ်လပြည့်သွားတယ်"

ကိုယ့် သက်တမ်းအလျောက် ပြန်တွက်ကြည့်လိုက်မယ်ဆိုရင် လပေါင်းများစွာနေပြီးခဲ့ပါပြီ။ လပေါင်းများစွာ ကာလခရီးကို ဖြတ်သန်းပြီးခဲ့ကြပါပြီ။

တစ်လကုန်သွားတဲ့အချိန်မှာမမေ့မလျော့အောက်မေ့ဆင်ခြင်လိုက်ဖို့က သေဖို့ တစ်လနီးသွားပြီ ဆိုတာကိုပါပဲ။ တစ်လကုန်ပြန်ရင် သေဖို့ရန် တစ်လနီးကပ်သွားပါပြီ။ နေတဲ့ဘက်က တစ်လလျော့၊ သေတဲ့ဘက်ကို တစ်လပေါင်းရပါမယ်။

ခန္ဓာကြီးဟာ မရဏဆီကို တရွေ့ရွေ့သွားနေတဲ့သဘော အမြဲတမ်းရှိပါတယ်။ ဒီအတိုင်း ဘယ်တော့မှ ရပ်တန့်မနေတတ်တဲ့ ခန္ဓာပါ။ မနေ့ကလည်း ဒီအတိုင်း၊ ဒီနေ့လည်း ဒီအတိုင်း၊ နောက်တစ်နေ့လည်း ဒီအတိုင်းရှိနေမယ်လို့ မတွက်ထားပါနဲ့။ ခန္ဓာကြီးဟာ အမြဲတမ်း ပြောင်းလဲနေပါတယ်။ အချိန်နဲ့အမျှ ပြောင်းလဲနေပါတယ်။

မွေးဖွားချိန်ကစလို့ တရွေ့ရွေ့အိုလာပါတယ်။ အိုရာကနေ သေဖို့နီးလာပါတယ်။ ဒီအခြေအနေ၊ ဒီပုံစံ၊ ဒီအနေအထားအတိုင်း ဘယ်တော့မှတည်တံ့မနေပါဘူး။

တစ်လကုန်သွားရင် တစ်လစာအိုသွားတာပါပဲ။ တစ်နှစ်ကုန်ရင် တစ်နှစ်စာအိုသွားတာပါ။ တစ်ရက်ပြီးတစ်ရက်၊ တစ်လပြီးတစ်လကုန်လို့လပေါင်းဆယ့်နှစ်လဆိုရင် တစ်နှစ်ပါပဲ။ တစ်နှစ်ကုန်သွားရင် သေဘက်ကို တစ်နှစ်နီးသွားပါတယ်။

အခုဆိုရင် အနှစ်သုံးဆယ်, လေးဆယ်, ငါးဆယ်, ခြောက်ဆယ်လို့ အသီးသီးဖြတ်သန်းခဲ့ကြတဲ့နှစ်တွေဟာ ကုန်လွန်သွားခဲ့ပါပြီ။ ကုန်လွန်သွားတဲ့အချိန်ကာလတွေကို ဘာနဲ့မှ ပြန်လဲယူလို့ မရနိုင်တော့ပါဘူး။ ကိုယ်ယူထားနိုင်တာ၊ ရလိုက်တာတွေ ဘာများရှိကြသလဲလို့ တွက်စစ်ကြည့်ပါ။

www.dhammadownload.com

ဥစ္စာရှာတဲ့လူက ဥစ္စာရပါတယ်။ ပညာရှာတဲ့သူက ပညာရပါမယ်။ တရားရှာတဲ့သူက တရားရပါမယ်။ ကိုယ်ယူထားတာကိုပဲ ကိုယ်ရလိုက်ပါတယ်။ သေဘက်ဆီကို နီးမသွားအောင်တော့ ဆွဲထားလို့မရပါဘူး။

www.dhammadownload.com

အချိန်နဲ့လဲယူ

တစ်ရက်တာ ကာလအတွင်းမှာ တစ်ရက်ဆိုတဲ့အချိန်ကာလဟာ ကုန်သွားတာပါ။ ကိုယ့်ဘက်က လျော့သွားတာပါ။ ဒီတစ်ရက်အတွင်းမှာ "ကိုယ် ဘာများရလိုက်သလဲ" ဆိုတာ ပြန်တွက်ဖို့တော့ လိုပါတယ်။

တရားအားထုတ်တယ်ဆိုတာ ကုသိုလ်တရားရှာကြတာပါ။ စီးပွားရှာနေတာလည်း မဟုတ်ဘူး။ အချိန်ဖြုန်းနေတာလည်း မဟုတ်ပါဘူး။ ကုသိုလ်ရှာရင် ကုသိုလ်ရမှ ကိုယ့်အတွက်ကျန်ပါတယ်။ ကိုယ့်အတွက် အကျိုးရှိပါတယ်။

ကုသိုလ်ရှာတယ်ဆိုပြီး အချိန်တော့ကုန်သွားတယ်။ ကုသိုလ်လည်း မရ၊ ဥစ္စာလည်း မရ၊ ပညာလည်းမရ၊ ဘာမျှမရလိုက်ရင် ကိုယ့်အတွက် ရှုံးပါတယ်။

ကုသိုလ်ရှာချိန်မှာ ကုသိုလ်အရယူဖို့ လိုပါတယ်။ ကိုယ့်အချိန်ကို ကုသိုလ်နဲ့ လဲယူရပါမယ်။ ကုန်သွားတဲ့အချိန်တွေအစား ကုသိုလ်တွေရယူထားကြဖို့လိုပါတယ်။

---

www.dhammadownload.com

ရှေးတုန်းက ကာသိတိုင်း၊ သုရုန္ဓနမြို့မှာ ကာသိကရာဖဒိမင်းကြီး မင်းပြုပါတယ်။ သားသမီးမထွန်းကားဘဲနေရာက ရှားရှားပါးပါး သားတော် လေးတစ်ပါး ဖွားမြင်လာတဲ့အခါ ဘုရင်နဲ့မိဖုရားသာမက တစ်တိုင်းတစ်ပြည် လုံးက ဝမ်းသာအားရဖြစ်ကြပါတယ်။ လူများအပေါင်းရဲ့စိတ်နလုံးကို ရွှင်ပြုံး စေတာမို့ ဥဒယဘဒ္ဒမင်းသားလို့ မှည့်ခေါ်ကြတာပါ။

အရွယ်ရောက်တဲ့အခါ တတ်သင့်တတ်ထိုက်တဲ့ ပညာတွေကို သင်ကြားတတ်မြောက်ပြီးချိန်မှာ ကြင်ယာရှာပေးပါတယ်။ မင်းသားလေးကတော့ မြတ်တဲ့အကျင့်ကိုသာ ကျင့်လိုတဲ့အတွက် ဘာကိုမှ မက်မက်မောမောမရှိလှပါဘူး။

ခမည်းတော်၊ မယ်တော်တို့က ရွှေစင်ရုပ်တုမက ချောမောလှပတဲ့ ဥဒယဘဒ္ဒါမင်းသမီးနဲ့ အတင်းအကျပ် လက်ထပ်ထိမ်းမြားပေးကြပါတယ်။ ဥဒယဘဒ္ဒါမင်းသမီးလေးကလည်း ဥဒယဘဒ္ဒမင်းသားလေးလိုပါပဲ။ ကာမဂုဏ် အာရုံတွေနဲ့ နောင်ဖွဲ့ထားတဲ့အိမ်ထောင်ထဲမှာ မနေချင်ပေမဲ့ နှစ်ဖက်မိဘတွေ သဘောကျထိမ်းမြားမင်္ဂလာပြုကြရတာပါ။

ငယ်စဉ်မှာပဲ ခမ်းနားကြီးကျယ်တဲ့ မင်းစည်းစိမ်၊ မင်းချမ်းသာတွေ လက်ထဲရောက်နေပေမဲ့ မင်း မိဖုရားနှစ်ဦးသားတို့ဟာ မြတ်တဲ့အကျင့်နဲ့သာ နေကြပါတယ်။ တစ်နန်းတည်း၊ တစ်ခန်းတည်းနေကြပေမဲ့ တစ်ယောက်နဲ့ တစ်ယောက် မောင်နမလို သာ ဆက်ဆံကြပါတယ်။ တကာ့ကာရောစွက်တဲ့ အကြည့်နဲ့တောင် တစ်ယောက်နဲ့တစ်ယောက် မကြည့်ကြပါဘူး။

ဘုရင်နဲ့မိဖုရားနှစ်ဦးသားတို့ဟာ ငယ်ငယ်ရွယ်ရွယ်မှာ ဘာကိုမှ လိုလေသေးမရှိအောင် ပြည့်ပြည့်စုံစုံနေကြရတာပါ။ တိုင်းပြည်ကြီးတစ်ခုလုံး ကိုစိုးမိုးပိုင်ဆိုင်အုပ်ချုပ်နေကြတဲ့သူတွေဆိုတော့ စည်းစိမ်ချမ်းသာကာမဂုဏ် တွေ ပြည့်စုံလှပါတယ်။

သာမန်လူတွေအနေနဲ့ တွက်ကြည့်မယ်ဆိုရင် ဒီစည်းစိမ်၊ ချမ်းသာ၊ ဒီကာမဂုဏ်တွေထဲမှာ နှစ်မွန်းနေဖို့ပဲရှိပါတယ်။ ခံစားလို့မကုန်နိုင်တဲ့ကာမဂုဏ်

www.dhammadownload.com

တွေကို တစ်မျိုးပြီးတစ်မျိုး မရိုးအောင်ခံစားပြီး ပျော်ရွှင်နေကြဖို့သာ များပါတယ်။ မြတ်တဲ့အကျင့်ကိုကျင့်ဖို့ဆိုတာ သတိတောင်ရဖို့ မလွယ်ပါဘူး။

ဥဒယဘဒ္ဒမင်းနဲ့ မိဖုရားတို့က ဒီလိုမဟုတ်ကြပါဘူး။ ခုခေတ်လူတွေလို အပျော်အပါးနဲ့ မေ့လျော့မနေကြပါဘူး။ ကောင်းမှုပြုဖို့ ကောင်းတဲ့ ကုသိုလ်အလုပ်တွေကိုသာ တွေးတောနေကြတာပါ။

ဒီလောက် ပြည့်စုံကောင်းမွန်တဲ့ ကောင်းကျိုးချမ်းသာတွေကို သူတို့ရရှိနေကြတာဟာ ရှေးအတိတ်က ကောင်းတဲ့ကံတွေကိုပြုခဲ့ကြလို့ပါ။ ကောင်းမှုကံတွေကိုပြုခဲ့ကြလို့ ကောင်းကျိုးတွေ ရနေကြတာပါ။ ကောင်းကျိုးချမ်းသာဆိုတာ လိုချင်တိုင်းရ၊ ရချင်တိုင်း ရနိုင်တာမဟုတ်ပါဘူး။ အလကားသက်သက် အချောင်ရနေကြတာလည်း မဟုတ်ပါဘူး။ ရှေးကောင်းမှုကြောင့် ကံအားလျော်စွာ ရကြတာပါ။

ကောင်းမှုပြုရင် ကောင်းကျိုးကိုရပါတယ်။ မကောင်းတာတွေကို ပြုလုပ်ရင် မကောင်းကျိုးကိုရပါတယ်။ အဲဒီလိုသိတဲ့ အသိဉာဏ်ကို ကမ္မဿကတာ သမ္မာဒိဋ္ဌိဉာဏ်လို့မြတ်စွာဘုရားက အမည်ပေးပါတယ်။ ကောင်းတာလုပ်ရင် ကောင်းကျိုးရ၊ မကောင်းတာလုပ်ရင် မကောင်းကျိုးရတယ်လို့ သိနားလည်တဲ့ ကမ္မဿကတာ သမ္မာဒိဋ္ဌိဉာဏ်ဟာ မြတ်စွာဘုရားရှင်မရှိတဲ့ သာသနာပ, ကာလမှာလည်း ရှိတတ်ကြပါတယ်။

အသိဉာဏ်ရှိတဲ့လူသားတွေရဲ့သာမန်အသိနဲ့လည်းတွက်ဆမှန်းဆသိနိုင်ကြပါတယ်။ မျက်မြင်လောကမှာ ကောင်းတာတွေလုပ်နေကြတဲ့သူတွေ ကောင်းကျိုးရနေကြတာ အထင်အရှားပါ။ မကောင်းမှုဒုစရိုက်တွေပြုလို့ မကောင်းကျိုးတွေခံစားနေကြရတာလည်း အများကြီးပါပဲ။ ဒါကို သိမြင်နားလည်တဲ့အသိဉာဏ်ဟာ ကံနဲ့ကံရဲ့အကျိုးကို သက်ဝင်ယုံကြည်တဲ့ကမ္မဿကတာ သမ္မာဒိဋ္ဌိဉာဏ်ဖြစ်လာပါတယ်။

ဥဒယဘဒ္ဒမင်းနဲ့ မိဖုရားတို့ဟာ ကာသိကရာဇဓါနန်းကို အုပ်ချုပ်ကာ မင်းစည်းစိမ်၊ မင်းချမ်းသာတွေ ခံစားနေတဲ့အချိန်ဟာ သာသနာပ,ကာလ

www.dhammadownload.com

ပါ။ အဲ့ဒီအချိန်မှာ မြတ်စွာဘုရားလည်း မရှိပါဘူး။ မြတ်စွာဘုရားရဲ့အဆုံးအမ တရားဓမ္မလည်း မရှိပါဘူး။

ဒါပေမဲ့ မင်းမိဖုရားတို့ဟာ မေ့မေ့လျော့လျော့မနေဘဲ စိတ်တူကိုယ်တူကုသိုလ်တွေပြုနေကြပါတယ်။ ဒါကို အတုယူရမှာပါ။ ကောင်းမှုပြုခဲ့လို့ ရလာတဲ့ကောင်းကျိုးတွေနဲ့ ယစ်မူးပြီး၊ မေ့လျော့ပြီး၊ ကုသိုလ်ကောင်းမှု ထပ်မပြုရင် နောင်ကို ကောင်းကျိုးခံစားရဖို့ မလွယ်ပါဘူး။ ရနေတဲ့ ချမ်းသာသုခတွေ အားပါးတရခံစားပြီး ပေါ့ပေါ့လျော့လျော့နေကြရင် နောင်အခါ နောင်ဘဝတွေမှာ ဒီလိုချမ်းသာမျိုးတောင် ရဖို့မလွယ်ပါဘူး။

မင်း၊ မိဖုရားတို့ကတော့ ကမ္မသကတာ သမ္မာဒိဋ္ဌိဉာဏ်ကို အသုံးချပြီး ဒါန၊ သီလဆိုတဲ့ ကုသိုလ်တွေကို မတွန့်မဆုတ် ပြုလုပ်ကြပါတယ်။

www.dhammadownload.com

ဗုဒ္ဓဘာသာဝင် အဆင့်အတန်း

သူတို့မှာရှိတဲ့ အသိဉာဏ်မျိုးဟာ ထိုခေတ်၊ ထိုအခါ သာသနာပ, ကာလမှာတော့ အင်မတန် အဆင့်အတန်းမြင့်တဲ့ အသိဉာဏ်လို့ ပြောရမှာပါပဲ။ ဒါပေမဲ့ သာသနာတွင်းကာလ အခြေအနေ၊ သာသနာတွင်းမှာ ရနိုင်တဲ့ အသိဉာဏ်နဲ့ ယှဉ်ကြည့်လိုက်ရင်တော့ ကံနဲ့ကံရဲ့အကျိုးကို သိနားလည်တယ်ဆိုတာ၊ သက်ဝင်ယုံကြည်တယ်ဆိုတာ အခြေခံအဆင့်၊ မူလတန်းအဆင့်လို့သာ သတ်မှတ်ရမှာပါ။

မြတ်စွာဘုရားပွင့်တော်မူတဲ့အချိန်နဲ့ ဘုရားမပွင့်တဲ့အချိန်၊ ဘုရားရှင်ရဲ့တရားဓမ္မတည်ရှိနေတဲ့အချိန်နဲ့ ကွယ်ပျောက်နေတဲ့အချိန် ဘာတွေကွာသလဲဆိုရင် အသိဉာဏ်တွေ ကွာသွားတာပါ။ ဘုရားပွင့်တဲ့ သာသနာတွင်းကာလမှာ ဒီထက်မကအဆင့်မြင့်တဲ့ အသိဉာဏ်တွေ ရနိုင်ကြပါတယ်။

ကျောင်းသားကျောင်းသူတွေပညာသင်ကြတော့အောက်ဆုံးအဆင့် ကမူလတန်းပါ။ မူလတန်းကနေတစ်ဆင့်တက်ရင်အလယ်တန်း၊ အလယ်တန်းကနေ တစ်ဆင့်တက်ရင် အထက်တန်းဆိုပြီး အဆင့်ဆင့်ရှိပါတယ်။

www.dhammadownload.com

မူလတန်းကျောင်းသားတစ်ယောက်ရဲ့အသိဉာဏ်နဲ့ အလယ်တန်းကျောင်းသားတစ်ယောက်ရဲ့အသိဉာဏ် မတူပါဘူး။ အလယ်တန်းကျောင်းသားကျောင်းသူတွေရဲ့ အသိဉာဏ်နဲ့ အထက်တန်းကျောင်းသားကျောင်းသူတွေရဲ့အသိဉာဏ် မတူပါဘူး။ အဲ့ဒီလိုပါပဲ ဘုရားရှင်ရဲ့သာသနာတွင်းမှာ ကံနဲ့ကံရဲ့အကျိုးကိုသိမြင်တဲ့ အသိဉာဏ်ဟာ အောက်ဆုံးအဆင့်သာ ရှိပါသေးတယ်။

တချို့က ငါတို့ကောင်းတာလုပ်ရင်ကောင်းကျိုးရမှာပဲ။ မကောင်းတာလုပ်ရင် မကောင်းကျိုးဖြစ်မှာပဲ။ ငါတို့မှာ ဒီအသိရှိပြီးသား။ အဲဒီတော့ ထပ်ပြီးတော့ တရားလည်း နာစရာမလိုဘူး။ တရားလည်း အားထုတ်စရာမလိုဘူး။ ငါတို့ သူများကိုလည်း မဟုတ်တာမလုပ်ဘူး။ မဟုတ်တာမပြောဘူး။ မကောင်းတာမလုပ်ရင် ပြီးတာပဲလို့ ဒီလောက်နဲ့ပဲ ကျေနပ်နေတဲ့သူတွေရှိပါတယ်။ ဒီအသိလောက်နဲ့နေ၊ ဒီအဆင့်လောက်ကိုပဲ ကျင့်နိုင်တဲ့သူတွေဟာ သာသနာတွင်းမှာတော့ မူလတန်းအဆင့်ပါ။

ဒီတော့ ကိုယ့်အသိဉာဏ်၊ အဆင့်အတန်း ဘယ်လောက်ရှိတယ်ဆိုတာကို ကိုယ်တိုင်သိဖို့လိုပါတယ်။ တစ်ဆင့်ထက်တစ်ဆင့် မြင့်တက်နိုင်အောင် လေ့လာအားထုတ်ဖို့ လိုပါတယ်။ ကိုယ့်အဆင့်ကိုယ်သိမှ အဆင့်မြင့်အောင် လှမ်းတက်နိုင်မှာပါ။

မူလတန်းကနေ အလယ်တန်းအဆင့်ကို တက်ချင်တယ်ဆိုရင်တော့ အနိစ္စ၊ ဒုက္ခ၊ အနတ္တဆိုတဲ့ လက္ခဏာရေးသုံးပါးအပေါ်မှာ အသိအမြင်တွေ ရှင်းနေရပါမယ်။ လက္ခဏာရေးသုံးပါးကို ရှင်းရှင်းလင်းလင်း နားလည်သဘောပေါက်ရပါမယ်။

ရုပ်နာမ်ခမ္မ သစ္စာရတွေရဲ့သဘောသဘာဝကို ဉာဏ်နဲ့ဆင်ခြင်၊ သိမြင်အောင်ကြည့်ပြီး ဒီရုပ်တရား၊ နာမ်တရားတွေဟာ အမြဲတမ်းပြောင်းလဲနေလို့ မမြဲပါလားဆိုတဲ့ အနိစ္စလက္ခဏာ၊ ဖြစ်ခြင်းပျက်ခြင်းတွေနဲ့ အဖန်ဖန်တလဲလဲ နှိပ်စက်နေလို့ ဆင်းရဲပါတယ်လို့သိတဲ့ ဒုက္ခလက္ခဏာ၊ ကိုယ်မစိုး

www.dhammadownload.com

ကိုယ်မပိုင်၊ ကိုယ့်စိတ်ကြိုက်မဖြစ်နိုင်တဲ့ အနတ္တလက္ခဏာလို့ဆိုတော့ လက္ခဏာရေးသုံးပါးကို သိထားရင် အလယ်တန်းအဆင့် အသိဉာဏ်ရှိသူ ဖြစ်လာပါလိမ့်မယ်။

အနိစ္စ၊ ဒုက္ခ၊ အနတ္တ။ မမြဲတာရယ်၊ ဆင်းရဲတာရယ်၊ အစိုးမရဘူးဆိုတာရယ်ကို သိတယ်ဆိုတာ ကိုယ့်အသိဉာဏ်ထဲက သိနေတာမျိုးဖြစ်ရပါမယ်။ ကိုယ်တိုင် သေသေချာချာသိနေတာမျိုး ဖြစ်ရပါမယ်။

တချို့ ပါးစပ်ကနေပြီးတော့ အနိစ္စ၊ ဒုက္ခ၊ အနတ္တလို့ဆိုတယ်။ ဆိုရုံသာဆိုပြီး ဉာဏ်နဲ့မမြင်ရင် မဟုတ်သေးဘူး။ တချို့လည်း ပုတီးလေးတကျောက်ကျောက်နဲ့ အနိစ္စ၊ ဒုက္ခ၊ အနတ္တဆိုပြီး စိပ်နေတယ်။ ဉာဏ်နဲ့သိတာမဟုတ်ဘူးဆိုရင် မရသေးပါဘူး။

အလယ်တန်းအဆင့်ကိုရောက်တဲ့ ဗုဒ္ဓဘာသာဝင်တစ်ယောက်ရဲ့ အသိဉာဏ်ဟာ ရုပ်နာမ်ဓမ္မတွေပေါ်မှာ အခြေခံပါတယ်။ ကိုယ့်ရုပ်ကိုယ့်နာမ်အကြောင်းကို ကိုယ်တိုင်သိအောင်လေ့လာတဲ့ ဝိပဿနာပညာနဲ့ ကြည့်ရှုသုံးသပ်လိုက်တဲ့အခါမှာ ကိုယ်ပိုင်ဉာဏ်နဲ့သိသွားမှ ဖြစ်တာပါ။ ဒါ မမြဲဘူး၊ ဒါ ဆင်းရဲတယ်။ ဒါအစိုးမရဘူးလို့ရှင်းရှင်းလင်းလင်းသိမြင်သွားရင် အလယ်တန်းအဆင့်ကိုရောက်ပါပြီ။

တစ်ကမ္ဘာလုံးကို ခြုံကြည့်လိုက်ရင် များသောအားဖြင့် ကောင်းတာလုပ်ရင် ကောင်းကျိုးရတယ်။ မကောင်းတာလုပ်ရင် မကောင်းကျိုးရတယ်လို့သိတဲ့ မူလတန်းအဆင့်သာ များပါတယ်။ အလယ်တန်းအဆင့်ကို တက်နိုင်တဲ့သူ နည်းပါတယ်။

မူလတန်းအဆင့်မှာနေရင်းနဲ့ပဲ တစ်နေ့ကုန်သွားတယ်။ အဆင့်အတန်းတိုးတက်ပြီးတော့ မလာဘူး။ အသိဉာဏ်တွေ မြင့်မလာဘူးဆိုရင် အဆင့်မြင့်တဲ့သူလို့ ပြောလို့မရပါဘူး။

အထက်တန်းအဆင့်ကိုရောက်ချင်တဲ့ ဗုဒ္ဓဘာသာဝင်တစ်ယောက်ဟာ သစ္စာလေးပါးတရားကို သိမြင်ရပါမယ်။ ဒုက္ခသစ္စာ - ဆင်းရဲခြင်းအမှန်

www.dhammadownload.com

တရား၊ **သမုဒယသစ္စာ** - ဆင်းရဲဖြစ်ကြောင်း အမှန်တရား၊ **နိရောဓသစ္စာ** - ဆင်းရဲချုပ်ရာအမှန်တရား၊ **မဂ္ဂသစ္စာ** - ဆင်းရဲတွေချုပ်ကြောင်း အမှန်တရား ရယ်လို့ သစ္စာလေးပါး မြတ်တရားကို ကိုယ်ပိုင်ဉာဏ်နဲ့ ထိုးထွင်းသိမြင်ရင် အထက်တန်းအဆင့် အသိဉာဏ်ပါ။

အဲ့ဒီတော့ ဗုဒ္ဓဘာသာဝင်တွေကို သုံးဆင့်ခွဲကြမယ်။ မူလတန်းအဆင့်က ကံအကျိုးကိုသိတယ်။ အလယ်တန်းအဆင့်က လက္ခဏာသုံးပါးကို သိမြင်တယ်။ အထက်တန်းအဆင့်က သစ္စာလေးပါးကို သိမြင်ပါတယ်။

အခုတရားကျင့်နေကြတယ်ဆိုတာ အသိဉာဏ်အဆင့်အတန်းတွေ တိုးတက်မြင့်မားလာဖို့ပါ။ တစ်နေ့ကုန်သွားရင် ငါဒီနေ့ အသိဉာဏ်အဆင့်အတန်းတွေ ဘယ်လောက်တိုးတက်လာသလဲ၊ ဘယ်လောက်မြင့်မားလာသလဲ၊ ဘယ်အဆင့်အတန်းကို ရောက်လာသလဲဆိုတာ သတိထားပြီးတွက်ကြည့်ဖို့လိုပါတယ်။

အသိဉာဏ်နဲ့ ခွဲခြားလိုက်တဲ့ လူ့အဆင့်အတန်းသုံးဆင့်မှာ ကံ,ကံ၏အကျိုးကိုသိတဲ့ မူလတန်းအဆင့်ဟာ သာသနာပမာလည်း ရှိနိုင်ပါတယ်။ သာသနာတွင်းမှာလည်း ရှိနိုင်ပါတယ်။

အလယ်တန်း၊ အထက်တန်းအဆင့်ကိုရောက်တဲ့ အသိဉာဏ်တွေဟာ ဘယ်အချိန်၊ ဘယ်အခါမှရသလဲဆိုရင် ဗုဒ္ဓသာသနာတွင်းမှာမှ ရရှိနိုင်ပါတယ်။

မြတ်စွာဘုရားရဲ့အဆုံးအမ၊ သာသနာကွယ်ပျောက်နေတဲ့ အချိန်မှာ လက္ခဏာရေးသုံးပါးကိုလည်း ထင်ထင်ရှားရှားသိမြင်ဖို့မလွယ်ပါဘူး။ သစ္စာလေးပါးတရားကိုလည်း မသိနိုင်ပါဘူး။ အခွင့်အရေးရနေတဲ့ ဒီအချိန် အခါဟာ ကိုယ့်အသိဉာဏ်၊ အဆင့်အတန်းကို အစွမ်းကုန်မြှင့်တင်သင့်တဲ့ အချိန်ပါပဲ။

တစ်နေ့ကုန်သွားရင် ကိုယ့်စီးပွားရေးတွေ ဘယ်လောက်တိုးတက်လာလဲ၊ လူနေမှုအဆင့်အတန်းတွေ ဘယ်လောက်မြင့်လာတယ်၊ ရာထူးအဆင့်

www.dhammadownload.com

အတန်းတွေဘယ်လိုတိုးမြှင့်လာတယ်၊ဘယ်လိုတိုးမြှင့်အောင်လုပ်မလဲ၊ဒါတွေကိုသာ စဉ်းစားမနေဘဲ အသိဉာဏ်အဆင့်အတန်းတိုးမြှင့်ဖို့ကိုလည်း သတိထားကြရပါမယ်။

www.dhammadownload.com

သတိပြုထားကြ

ဥဒယဘဒ္ဒမင်းနဲ့မိဖုရားတို့ဟာအသက်အရွယ်ကငယ်ငယ်၊စည်းစိမ်ဥစ္စာတွေလည်း ပြည့်ပြည့်စုံစုံ၊ ချမ်းချမ်းသာသာနဲ့ နေရပေမဲ့လို့ မေ့လျော့ပေါ့ဆကာ မနေကြပါဘူး။

ကုသိုလ်ကောင်းမှုတွေ ပြုကြပါတယ်။ ဒါနသီလကောင်းမှုတွေ ပြုကြပါတယ်။ သာသနာကွယ်ပျောက်နေချိန်မို့ဘာဝနာမဟုန်ိင်တော့လက္ခဏာသုံးပါးကိုသိတယ်။ သစ္စာလေးပါးကို သိတယ်ဆိုတဲ့အဆင့်တော့ မရောက်ကြပါဘူး။

သစ္စာတရားဆိုတာ ဘုရားသာသနာရှိစဉ်မှာ ရှိပါတယ်။ ဘုရားသာသနာကွယ်ပျောက်တာနဲ့ သစ္စာတရားကွယ်ပျောက်သွားပါတယ်။ နောက်ဘုရားတစ်ဆူပွင့်တော်မူတော့မှ ထိုဘုရားရှင်က ရှာဖွေတွေ့ရှိလို့ သစ္စာတရားတွေ ပြန်လည်ဖော်ထုတ်ဟောကြားလို့ သတ္တဝါအများ သိနိုင်ကြတာပါ။

သန့်သန့်စင်စင် ချစ်ခင်ကြတဲ့ မင်းမိဖုရားတို့ဟာ တစ်ဦးနဲ့တစ်ဦးကတိစကားတွေထားကြပါတယ်။ "တို့ဒီဘဝမှာ စိတ်တူကိုယ်မျှ ချစ်ခင်ကြင်နာ

www.dhammadownload.com

နေကြတာတော့ ဟုတ်ပါပြီ။ ဒါပေမဲ့ သေခြင်းတရားက တစ်ချိန်ချိန်မှာ ရောက်လာမှာ အသေအချာပါပဲ။ တကယ်လို့ တစ်ဦးတစ်ယောက်က အရင်ဆုံး ဘဝပြောင်းသွားရင် ဘယ်ဘုံဘယ်ဌာန၊ ဘယ်ဘဝမှာရောက်နေတယ်၊ ဖြစ်နေတယ်ဆိုတာကို ပြန်လာပြီး အသိပေးကြစို့ ဘုရား လို့ ကတိကဝတ် ပြုထားကြပါတယ်။

ဘယ်လောက်တောင် ချစ်ကြခင်ကြပေမဲ့ ခန္ဓာရှိသူမှန်သမျှသေလမ်းကိုသွားနေကြတာပါ။ သူအရင်သေမယ်၊ ကိုယ်အရင်သေမယ်လို့ ကျိန်းသေပြောနိုင်ဖို့ မလွယ်ပါဘူး။ ရှေ့ကသွားသူက နောက်မှာကျန်ရစ်သူကို ရောက်နေတဲ့နေရာဖြစ်နေတဲ့ ဘဝအနေအထားကို ပြန်ပြောကြစတမ်းလို့ ကတိထားကြတာပါ။

www.dhammadownload.com

ခွဲခွာကြရပြီ

အဲ့ဒီခေတ်၊ အဲ့ဒီအခါက လူတွေဟာ သက်တမ်းရှည်ကြပါတယ်။ လူ့သက်တမ်းဟာ ပျမ်းမျှအားဖြင့် အနှစ်တစ်သောင်းလောက်ကို ရှိပါတယ်။

ဒါပေမဲ့ ဥဒယဘဒ္ဒမင်းဟာ အသက်မရှည်ရှာပါဘူး။ ထီးနန်းစိုးစံပြီး အနှစ်ခုနှစ်ရာလောက် မင်းပြုပြီးချိန်မှာ နတ်ရွာစံ ကံတော်ကုန်ပါတယ်။ လူ့သက်တမ်း တစ်ဝက်လောက်ပဲ နေသွားရတယ်လို့ ပြောရမယ်ထင်ပါ တယ်။

ကျန်ရစ်ခဲ့တဲ့ ဥဒယဘဒ္ဒါမင်းသမီးလေးကတော့ အရွယ်ကောင်းချိန်မှာပဲ မုဆိုးမဖြစ်ကျန်ရစ်တယ်ပေါ့။ ဘယ်လောက်ပဲ သေအတူရှင်မကွာလို့ပြောကြပေမဲ့ တစ်နေ့နေ့တစ်ချိန်ချိန်မှာ လမ်းခွဲကြရတာကတော့ ဓမ္မတာပါပဲ။ ကံဆုံသမျှ ပေါင်းဆုံကြရပြီး ကံကုန်တော့လည်း တစ်ယောက်တစ်လမ်းစီသွားကြရတာဟာ လောကကြီးမှာ မထူးဆန်းတဲ့အဖြစ်အပျက်ပါဘဲ။

မခွဲချင်လည်း ခွဲရ၊ မကွဲချင်လည်း ကွဲကြရတာဟာ လူ့ဘဝရဲ့အစိတ်အပိုင်းတစ်ခုလို့ လက်ခံမှတ်ယူထားတတ်ဖို့ အရေးကြီးပါတယ်။ အဲဒီလို

www.dhammadownload.com

သဘောထားနိုင်ပါမှတကယ်တမ်းတွေ့လာကြုံလာရင်ဆိုင်လာကြရတဲ့အချိန်မှာ ခံနိုင်ရည်ရှိကြမှာပါ။

ခွဲခွာခြင်း၊ ကွဲကွာခြင်းသဘောတရားတွေကို ကြိုတင်နှလုံးမသွင်းထားရင် အလူးအလဲခံကြရမှာပါပဲ။ မနေတတ်၊ မထိုင်တတ်ဖြစ်ပြီး ဘဝပျက်မတတ်၊ ရူးသွပ်မတတ် ခံစားကြရမှာပါပဲ။

မိဖုရားလေးကတော့ တရားရှိတယ်ပဲ ပြောရမှာပေါ့။ သေခြင်းတရားကို ဆင်ခြင်သုံးသပ်နားလည်ထားသူဆိုတော့ ရုပ်ပျက်ဆင်းပျက် သောကမရောက်ပါဘူး။ မင်းကြီးမရှိတော့တဲ့ တိုင်းပြည်ကို ကိုယ်တိုင်ပဲ စောင့်ရှောက်ထိန်းသိမ်းပါတယ်။ မှူးမတ်ဝန်ကြီးတွေ အကူအညီနဲ့ ဘုရင်မကြီးအဖြစ် စီမံအုပ်ချုပ်ပါတယ်။

အားကိုးရာမဲ့ မိန်မသားလို့ အားကိုးရှာမနေဘဲ ကိုယ့်အားကိုယ်ကိုးတာ စံနမူနာယူစရာပါပဲ။ မခိုင်မြဲတာတွေကို အားကိုးနေရင်၊ အားကိုးမဲ့တိုင်း အားကိုးရှာနေရမယ်ဆိုရင် ပိုလို့သာ ဒုက္ခများဖို့သာ ရှိပါတယ်။

ကုသိုလ်ကောင်းမှု ပြုထားတဲ့သူတွေအတွက် နောင်ဘဝဆိုတာ ကြောက်စရာမဟုတ်ပါဘူး။ကုသိုလ်ရှိသူဟာကောင်းရာသုဂတိကိုသာရောက်စရာရှိတာပါ။

ကံနဲ့ ကံအကျိုးတရားကို နားလည်ထားတဲ့ ဥဒယဘဒ္ဒမင်းဟာ မသေခင် အသက်ရှင်စဉ်ကာလ ကုသိုလ်ကောင်းမှုတွေကို ပြုနိုင်သလောက် ပြုခွင့်ရှိသလောက် ပြုသွားခဲ့ပါတယ်။ စည်းစိမ်းချမ်းသာ၊ ရာထူးအာဏာတွေကို ကုသိုလ်အတွက်သာ အသုံးချသွားခဲ့ပါတယ်။

ကုသိုလ်တွေ တပွေ့တပိုက်ကြီးနဲ့ နောင်ဘဝခရီးကို လျှောက်လှမ်းသွားတဲ့သူဆိုတော့ ဘယ်ဘဝရောက်ရောက် မျက်နှာမငယ်ရတော့ဘူးပေါ့။ ကိုယ့်အတွက် ကောင်းခြင်းတရားတွေ ဖန်ဆင်းပေးမယ့်ကောင်းမှုတွေကို ကိုယ်တိုင်ယူသွားတဲ့အတွက် ဘဝကောင်းကိုရရှိနိုင်ပါတယ်။

www.dhammadownload.com

တာဝတိံသာနတ်ပြည်မှာ စည်းစိမ်ချမ်းသာ အခြံအရံတွေ များပြားပြည့်စုံတဲ့ သိကြားမင်းသွားဖြစ်ပါတယ်။ ကောင်းမှုပြုသူ၊ ကုသိုလ်ရှိသူတွေ ရောက်ရှိရာ ကုသိုလ်စည်းစိမ်တွေကို မြိန်မြိန်ကြီးခံစားကြရာဖြစ်တဲ့ တာဝတိံသာနတ်ပြည်မှာ နတ်စည်းစိမ်၊ နတ်ချမ်းသာတွေကို အပြည့်အဝ ခံစားနေရပါပြီ။ လူ့စည်းစိမ်၊ လူ့ချမ်းသာထက် အဆပေါင်းများစွာသာလွန်တဲ့ နတ်ချမ်းသာကို ရရှိခံစားနေရပါပြီ။

လူ့ပြည်မှာကျန်ခဲ့တဲ့ မိဖုရားလေးကတော့ ကျန်ရစ်ခဲ့သူဆိုတော့ ကတိစကားအတိုင်း မျှော်နေရှာပေါ့။ ဘဝတွေက ခြားနားသွားပြီ။ လူ့ပြည်နဲ့ နတ်ပြည် ဘဝချင်း မိုးနဲ့မြေမက ခြားသွားကြပါပြီ။

ဒါပေမဲ့ ကတိစကားက ရှိနေတယ်။ ဘဝပြောင်းသွားချိန်မှာ ကျန်ရစ်သူကို ပြန်ပြီးသတိပေးကြမယ်ဆိုတဲ့ ကတိစကားရှိထားကြတယ်။ "ဘယ်နေ့ ပြန်လာပြီး အသိပေးမလဲ။ ချစ်ရသူ မင်းကြီး ဘယ်ဘုံဘယ်ဌာနကို ရောက်နေသလဲ" လို့ နေ့တိုင်းတွေးနေပါတယ်။

တစ်ရက်လည်းရောက်မလာ။ နှစ်ရက်လည်းရောက်မလာ။ တစ်နှစ်သာကုန်သွားတယ်။ ရောက်မလာဘူး။ နောက်တစ်နှစ်ကျတော့လည်းရောက်မလာသေးဘူး။ စောင့်နေရတာ နှစ်ပေါင်းများစွာကြာသွားပါတယ်။

လူ့သက်တမ်းအားဖြင့် နှစ်ပေါင်းများစွာကြာပေမဲ့ တာဝတိံသာနတ်ပြည်သက်တမ်းနဲ့ တွက်လိုက်တော့ ဘာမှမကြာသေးပါဘူး။ ခဏလေးလိုလိုပါပဲ။ လူ့ပြည်မှာအနှစ်တစ်ထောင်ဟာတာဝတိံသာနတ်ပြည်မှာတစ်ရက်လောက်သာပါ။ လူ့လောကမှာနေတဲ့ လူသားတွေရဲ့အသက်တစ်ထောင်ရှိမှ နတ်ပြည်က နတ်သားသက်တမ်းက တစ်ရက်ပဲရှိပါတယ်။

မျှော်သူက နှစ်တွေအများကြီးကုန်သွားတယ်။ အချိန်ကာလအရှည်ကြီး ဖြတ်သန်းရတယ်။ နေရာဌာန မတူ၊ သက်တမ်းမတူတဲ့ နတ်သားတွေက စက္ကန့်ပိုင်း၊ မိနစ်ပိုင်းပဲ ဖြစ်နေမှာပါ။

www.dhammadownload.com

စုံစမ်းဖို့ ပြန်လာခဲ့

နတ်ပြည်ရောက် နတ်သား သိကြားမင်းမှာလည်း နတ်ကိစ္စရှိမှာပေါ့လေ။ ရောက်ရောက်ချင်း ဘယ်မှာ သတိရနိုင်ပါ့မလဲ။ စည်းစိမ်ကြီးမား၊ အခြံအရံက များပြား၊ ပျော်ရွှင်စရာတွေက ပေါများဆိုတော့ ထားခဲ့တဲ့ကတိမေ့သွားပါတယ်။ နတ်သက်နဲ့ ခုနစ်ရက်လောက် သတိမရအားနိုင်ဖြစ်နေပါတယ်။ လူ့သက်တမ်းနဲ့ဆို အနှစ်ခုနစ်ထောင်လောက်တော့ ဖြစ်သွားမှာပေါ့။

ဘဝခြားသူနှစ်ယောက်တစ်ယောက်နဲ့တစ်ယောက်ပြန်လည်ဆက်သွယ်ဖို့ဆိုတာ အတော်တော့ မလွယ်ပါဘူး။ ငရဲကျသွားရင်လည်း ငရဲဒုက္ခခံနေရတာနဲ့ သတိရဖို့မလွယ်ဘူး။ တိရစ္ဆာန်ဖြစ်သွားပြန်ရင်လည်း တိရစ္ဆာန်ရဲ့မှတ်ဉာဏ်ကအားနည်းလို့ သတိရဖို့မလွယ်ပါဘူး။ အကြောင်းအမျိုးမျိုးတိုက်ဆိုင်ညီညွတ်ပါမှ အတော်ကြီးကို အခြေအနေပေးပါမှ ဘဝခြားသူတွေတွေ့ဆုံဆက်သွယ်မိကြတာပါ။

အခုလည်း နတ်ပြည်မှာ နတ်စည်းစိမ်နဲ့ မေ့နေလိုက်တာ။ လူ့သက်တမ်းအားဖြင့် နှစ်ပေါင်းရာထောင်ကြာရှည်သွားတယ်။ အသက်သောင်းတမ်း

www.dhammadownload.com

မှာမို့ တော်သေးတာပါ။ သိကြားမင်း သတိရချိန်မှာ ဥဒယဘဒ္ဒါမင်းသမီး ပင်တိုင်စံဘုရင်မကြီးအဖြစ်နဲ့ ရှိနေဆဲပါ။ ကုသိုလ်ကောင်းမှုတွေပြုပြီး ဒါန၊ သီလနဲ့ မွေ့လျော်နေတာကို သိမြင်လိုက်ပါတယ်။

ဥဒယဘဒ္ဒါမင်းသမီးဟာ အဲဒီအချိန်မှာ ပင်တိုင်စံပြာသာဒ်က အထူးတလည် တန်ဆာဆင်ယင်ထားတဲ့ တိုက်ခန်းထဲမှာရှိနေပါတယ်။ အဖော်မပါတစ်ယောက်တည်း သူ့သီလကိုသူ ဆင်ခြင်နှလုံးသွင်းနေပါတယ်။ အောက်ထပ်မှာ အစောင့်အကြပ်တွေစောင့်ကြပ်ပြီး တံတိုင်းအထပ်ထပ်နဲ့ ကာရံထားတဲ့ ပြာသာဒ်ကြီးပေါ်မှာပါ။ နေ့ခင်းနေ့လယ်မှာ ဘုရင်မကြီးအဖြစ်နဲ့ တိုင်းပြည်ကိုအုပ်ချုပ်စီမံပြီး ညဘက်ကျရင် တရားနဲ့နေနေတာပါ။ သူ့ခေတ်သူ့အခါ အလျောက် အားထုတ်ကျင့်ကြံကြတဲ့ တရားမျိုးပါ။

မေတ္တာပို့မယ်၊ ဥပုသ်သီတင်းစောင့်သုံးမယ်။ ဈာန်အဘိညာဉ်တွေရအောင် ကျင့်မယ် စတဲ့တရားတွေကို အားထုတ်ပြီးနေနေတာပါ။

သိကြားမင်းက ဘဝဟောင်းကိုသတိရလို့ ကတိစကားအတိုင်းပြန်လာပါတယ်။ ဘယ်ဘုံဌာန၊ ဘယ်ဘဝရောက်နေတယ်ဆိုတာ အသိပေးဖို့ပါ။ ဒါပေမဲ့ ရိုးရိုးတန်းတန်း မလာချင်ပါဘူး။ မိဖုရားဟောင်းရဲ့စိတ်နေစိတ်ထားကို သိချင်တယ်၊ လေ့လာချင်တယ်။ အချိန်ကာလတွေ ပြောင်းသွားပြီဆိုတော့ စိတ်သဘောထားတွေ ပြောင်းမပြောင်း၊ ရင့်ကျက်မှုရှိမရှိ၊ သစ္စာရှိမရှိ သိချင်ပါတယ်။

ဒါကြောင့် သိကြားမင်းအသွင်နဲ့ မဟုတ်ဘဲ လူသားလုလင်ငယ်တစ်ယောက်အသွင် ဖန်ဆင်းပြီးလာခဲ့တာပါ။ လူ့အသွင်နဲ့စုံစမ်းဖို့ ပြန်လာခဲ့တာပါ။

www.dhammadownload.com

ရွှေခွက်ကိုကိုင်လာ

လူလင်ပျိုအသွင်နဲ့ သိကြားမင်းဟာ ချက်ချင်းဆိုသလိုပဲ မင်းသမီးရဲ့အခန်းထဲကို ရောက်လာပါတယ်။ လက်ထဲမှာလည်း ရွှေစင်ရွှေတုံးတွေ အပြည့်ထည့်ထားတဲ့ ရွှေခွက်ကို ကိုင်လို့ပေါ့။

အခန်းထဲကို ရုတ်တရက်ရောက်လာတဲ့ လူလင်ပျိုကို မြင်လိုက်ရချိန်မှာ ဥဒယဘဒ္ဒါမင်းသမီးဟာ အကြီးအကျယ် အံ့အားသင့်သွားပါတယ်။ ဒီနေရာ၊ ဒီအခန်းဟာ သူမရဲ့သီးသန့်ဆောင်၊ သီးသန့်အခန်းပါ။ ယောကျ်ားမှန်ရင် ကြီးကြီးငယ်ငယ် ဘယ်သူမှဝင်ခွင့်မရှိတဲ့တားမြစ်နယ်မြေပါ။ ဘယ်ယောကျ်ားလေးမှ ဒီအခန်းထဲ ရောက်လာတယ်ဆိုတာ မရှိခဲ့ဖူးပါဘူး။ သူတော်စင်ရသေ့မလေးသဖွယ် ပြဟ္မစာရီကျင့်နေတဲ့ သူ့အဆောင်သူ့အခန်းထဲကို ဘယ်အမျိုးသားယောကျ်ားကိုမှ ဝင်ခွင့်မပြုပါဘူး။ အခု ဝင်ခွင့်မတောင်း၊ ဝင်ခွင့်မပြုဘဲ ရုတ်တရက် အမျိုးသားယောကျ်ားငယ် ချောချောလှလှတစ်ယောက်ကို မြင်လိုက်ရ၊ တွေ့လိုက်ရတဲ့အတွက် အံ့သြတကြီး ဖြစ်သွားပါတယ်။

www.dhammadownload.com

"ထူးဆန်းလိုက်တာ၊ ဘယ်လိုလူလဲ။ ဘယ်လိုလုပ်ပြီးတော့ ဒီနေရာကို ရောက်လာနိုင်သလဲ" လို့လည်း တွေးတောနေမိပါတယ်။

ဒီအချိန်မှာ လုလင်ပျိုဟာ ရဲဝံ့စွာနဲ့ပဲ မင်းသမီးကိုပြောဆိုပါတယ်။

"မင်းသမီး ကျွန်ုပ်လာတဲ့ရည်ရွယ်ချက်က တခြားမဟုတ်ပါဘူး။ မင်းသမီးကို လက်ဆောင်ပဏ္ဏာပေးဆက်ဖို့ လာခဲ့တာပါ။ ပြစ်မျိုးမဲ့မထင်အောင် ချောမောလှပတဲ့ မင်းသမီးကို ချစ်ခင်နှစ်သက်လွန်းလို့ ရောက်လာတာပါ။

ကျက်သရေရှိလှတဲ့ တိုက်ခန်းပေါ်မှာ ချောမောတင့်တယ်လှတဲ့ မင်းသမီးဟာ တစ်ယောက်တည်း ပျင်းရိငြီးငွေ့စွာနေလို့ မသင့်တော်ပါဘူး။ ရွှေစင်ရွှေသားအပြည့်ထားတဲ့ လက်ဆောင်ရွှေခွက်ကို လက်ခံပြီး ကျွန်ုပ်ရဲ့ အချစ်ကို အသိအမှတ်ပြုပါ။ အရပ်စကားနဲ့ပြောရရင် ပိုးကြေးပန်းကြေးပေးတယ်လို့ပဲ ပြောရမှာပါ။ ရွှေလက်ဆောင်ပေးပြီး ချစ်ခွင့်တောင်းနေတာပါ"

မင်းသမီးဟာရဲတင်းလှတဲ့လုလင်ပျိုရဲ့စကားကိုကြားတဲ့အခါသာမန်လူတစ်ယောက်တော့ မဟုတ်နိုင်ဘူးလို့ ရိပ်မိပါတယ်။ သုရုန္ဓနတိုင်းပြည်ဟာ ကျူးအထပ်ထပ်ကာရံထားပြီး ခိုင်ခံ့တဲ့ ပြအိုးပစ္စင်တံခါးမုခ်တွေနဲ့ အစောင့်အကြပ်အထပ်ထပ်နဲ့ လုံခြုံတဲ့တိုင်းပြည်ပါ။

တိုင်းတစ်ပါးသားတစ်ယောက်အလွယ်တကူမဝင်ရောက်နိုင်ပါဘူး။ နိုင်ငံထဲရောက်လာတယ်ထားဦး၊ မားလုံလက်နက်ကိုယ်စီကိုင်ထားတဲ့ ရဲမက်တွေကြားကနေ ဒီပြာသာဒ်အပေါ်ထပ်အထိရောက်အောင် တက်လာဖို့လည်း ခဲယဉ်းပါတယ်။ ရောက်နိုင်ဖို့လည်း ခဲယဉ်းပါတယ်။ ဒီကြားထဲကနေ အရောက်လာနိုင်တဲ့ လူထူးဆန်းကို "သင်ဘယ်သူလဲ" လို့ မေးလိုက်ပါတယ်။

လုလင်ပျိုကလည်း မကွယ်မဝှက်ဘဲ "သူဟာ နတ်သားတစ်ဦးပါ" လို့ ပွင့်ပွင့်လင်းလင်းပဲ ပြန်ပြောပါတယ်။

"တန်ခိုးအစွမ်းနဲ့ လာခဲ့တာပါ။ သင်မင်းသမီးကို မေတ္တာရှိလွန်းလို့ ချစ်ခွင့်ပန်ဖို့ လာခဲ့တာပါ။ ဒီရွှေလက်ဆောင်ကိုယူပြီး သူ့အချစ်ကို လက်ခံပါ။ ချစ်ခင်စွာပေါင်းသင်းခွင့်ပြုပါ" လို့ အထပ်ထပ်တောင်းပန်ပြောဆိုပါတယ်။

www.dhammadownload.com

မင်းသမီးကတော့ ပြတ်သားပါတယ်။ ပြတ်ပြတ်သားသားပဲ ငြင်းဆိုပါတယ်။ "လူဖြစ်ဖြစ်၊ နတ်ဖြစ်ဖြစ် နတ်ရွာစံသွားတဲ့ ဥဒယဘဒ္ဒမင်းကြီးကလွဲလို့ ဘယ်သူ့ကိုမှမချစ်နိုင်ပါဘူး။ ဘာလက်ဆောင်တွေပေးပေး လက်မခံနိုင်ပါဘူး။ ပြန်ယူသွားပါ။ နောက်လည်း ပြန်မလာပါနဲ့" လို့ အပြီးအပြတ်ကို ပယ်ချပါတယ်။

လုလင်ပျိုဟာ စကားဆုံးတော့ ပျောက်ကွယ်သွားပါတယ်။ သူ့လက်ဆောင်ကိုလည်း မထားခဲ့ပါဘူး။ ပြန်ယူသွားပါတယ်။ ဒါပေမဲ့ နောက်တစ်နေ့ညမှာ ရောက်လာပြန်ပါတယ်။

ဒုတိယအကြိမ်ရောက်လာချိန်မှာ သူ့လက်ထဲကိုင်ခဲ့တာက ရွှေခွက်မဟုတ်တော့ပါဘူး။ ငွေခွက်ကိုင်လို့ ရောက်လာပြန်တာပါ။ အစောင့်အကြပ်တွေ ဘယ်သူမှမသိဘဲ မနေ့ကလိုပဲ ဘွားခနဲ ရောက်လာပြန်တာပေါ့။

"မင်းသမီး၊ ကာမဂုဏ်ခံစားတဲ့သူတွေအတွက် ချစ်သူနှစ်ယောက်ပေါင်းဖော်ခြင်းဆိုတဲ့ မေထုနကာမနဲ့ မွေ့လျော်ခြင်းဟာ အမြတ်ဆုံးပါပဲ။ ဒီကာမဂုဏ်အတွက်နဲ့ပဲ လူတွေဟာ မကောင်းမှုကိုတောင် မကြောက်မရွံ့ပြုကြတာပါ။ လူထဲကလူဖြစ်တဲ့မင်းသမီးဟာလည်း ကာမဂုဏ်မွေ့လျော်မှုကိုတောင့်တမှာပါ။ တပ်မက်သဘောကျမှာပါ။ အပြစ်တင်မယ့်သူ၊ ကဲ့ရဲ့မယ့်သူတွေ ဘယ်သူမှမသိနိုင်အောင် ဆိတ်ကွယ်လုံခြုံတဲ့ ဒီနေရာမှာ ကျွန်ုပ်နဲ့ ကာမဂုဏ်မှုကို ပျော်ပျော်ပါးပါးခံစားပါ" လို့ သွေးဆောင်ပါတယ်။ တိုက်တွန်းပါတယ်။

"သင့်အတွက်ကိုလည်း တန်ဖိုးကြီးတဲ့လက်ဆောင် ရွှေအပြည့်ထည့်ထားတဲ့ငွေခွက်ကိုလည်း ယူလာပါတယ်။ လက်ခံပါ" လို့ငွေလက်ဆောင်ပေးအပ်ပြန်ပါတယ်။

မင်းသမီးကတော့ လက်မခံပါဘူး။ အသိအမှတ်ပြုစကားတောင် မပြောဘဲ ဒုတိယအကြိမ်မြောက် ငြင်းပယ်လိုက်ပြန်ပါတယ်။ လုလင်ပျိုဟာ ဘာမှဆက်မပြောတော့ဘဲ ထုံးစံအတိုင်း နေရာမှာတင်ပျောက်ကွယ်သွားပါတယ်။

www.dhammadownload.com

ဇွဲကောင်းတဲ့လုလင်ပျိုဟာ နှစ်ကြိမ်တိုင်တိုင်ငြင်းပယ်ခံရပေမဲ့စိတ်ပျက်မသွားပါဘူး။ တတိယနေ့မှာလည်း လက်ဆောင်ခွက်လေးကိုင်လို့အချိန်မှန်ရောက်လာပြန်ပါတယ်။ လက်ထဲကိုင်ခဲ့တာဟာ အသပြာအပြည့်ထည့်ထားတဲ့ ကြေးခွက်ပါ။ လက်ဆောင်ကိုလက်ခံပြီး ချစ်ဖို့ခင်ဖို့ တောင်းပန်ပြောဆိုပြန်ပါတယ်။

သတိထားကြည့်လိုက်ရင် လုလင်ငယ်ယူလာတဲ့လက်ဆောင်တွေဟာ တစ်နေ့ထက်တစ်နေ့တန်ဖိုးတိုးမလာဘဲနဲ့တန်ဖိုးနည်းနည်းလာတာတွေ့ရပါလိမ့်မယ်။ ပထမနေ့မှာ ရွှေခွက်၊ ဒုတိယနေ့မှာ ငွေခွက်၊ တတိယနေ့မှာ ကြေးခွက်နဲ့လာခဲ့တာပါ။

www.dhammadownload.com

တန်ဖိုးနည်းလာလို့

တစ်နေ့ထက်တစ်နေ့တန်ဖိုးနည်းသည်ထက်နည်းတဲ့လက်ဆောင်တွေယူလာပေးသူကိုမင်းသမီးရဲ့စိတ်ထဲမှာမချင့်မရဲဖြစ်နေပါပြီ။ အများနဲ့မတူတစ်မူထူးနေလို့စိတ်ဝင်စားမှုလည်းဖြစ်လာပါတယ်။

"အသင်လုလင်ပျို၊ သင်ဟာ ဉာဏ်နည်းမိုက်မဲတဲ့လူတစ်ယောက်ဖြစ်လိမ့်မယ်ထင်ပါတယ်။ ဘာလို့လဲဆိုတော့ လူ့သဘောကို နားလည်မှုမရှိလို့ပါပဲ။ လူ့လောကမှာယောကျ်ားတစ်ယောက်ဟာချစ်ခင်နှစ်သက်တဲ့မိန်းမပျိုတစ်ယောက်ကို ရရှိပိုင်ဆိုင်ဖို့အတွက် လက်ဆောင်ပေးကြပြီဆိုရင် တစ်နေ့ထက်တစ်နေ့၊ တစ်ကြိမ်ထက်တစ်ကြိမ် ပိုပိုပေးရိုးထုံးစံသာရှိပါတယ်။ သင်ကတော့ ရွှေပေးလို့မရတဲ့အတွက် ငွေကိုပေးတယ်။ ငွေပေးလို့မရပြန်တော့ ကြေးကိုပေးတယ်။ ဘယ်လိုဖြစ်တာလဲ။ ဘယ်လို သဘောလဲ" လို့ မေးလိုက်ပါတယ်။

လောကထုံးစံကတော့ တစ်ခုခုကိုလိုချင်လို့ တစ်ခုတစ်ခုကို ပေးကြပြီဆိုရင် ဒီလောက်အတိုင်းအတာနဲ့ ပေးလို့မရရင် ဒီထက်ပိုတာနဲ့ ပေးကြစမြဲပါပဲ။

www.dhammadownload.com

တစ်ရာတန်တဲ့ ပစ္စည်းတစ်ခုကို လိုချင်ဝယ်ချင်လို့ တစ်ရာနဲ့ပေးလို့ မှမရရင် မရောင်းဘူးဆိုရင် တစ်ရာထက်လျှော့ပေးလို့ မရပါဘူး။ ပိုတိုးပြီးသာ ပေးကြရပါတယ်။ တစ်ရာနဲ့မရရင် နှစ်ရာ၊ နှစ်ရာနဲ့မရရင် သုံးရာလို့ ထပ်တိုးမြှင့်ပြီးသာ ပေးကြရတာပါ။ ကိုယ်လိုချင်တာကိုရဖို့အတွက် သက်ရှိဖြစ်စေ၊ သက်မဲ့ဖြစ်စေ လိုချင်တာရဖို့အတွက် တိုးကာတိုးကာနဲ့ တန်ဖိုးတက်ပေးကြရပါတယ်။

အခု လုလင်ပျိုက လိုချင်တယ်လည်းဆိုသေး၊ တန်ဖိုးတိုးမပေးဘဲနဲ့ တန်ဖိုးလျှော့ပေးတာကိုတွေ့ရလို့ အံ့သြနေတာပါ။ ငြင်းနေတဲ့ကြားက ထပ်ထပ်တောင်းဆိုနေတဲ့ လုလင်ဟာ ရွှေကနေငွေ၊ ငွေကနေ ကြေးလို့ တစ်နေ့ထက်တစ်နေ့တန်ဖိုးနည်းသွားတဲ့လက်ဆောင်ယူယူလာပြီးဖွဲကောင်းကောင်းနဲ့ ရောက်ရောက်လာလို့ စိတ်ထဲရှိတဲ့အတိုင်း ပြောလိုက်တာပါ။ မင်းသမီးရဲ့ စကားကိုကြားရတဲ့အခါ လုလင်ပျိုဟာ ချက်ချင်းပဲ ပြန်လည်ပြောဆိုပါတယ်။

"မင်းသမီး ငါဟာ မိုက်မဲတဲ့သူတစ်ယောက် မဟုတ်ပါဘူး။ လိမ္မာပါးနပ်တဲ့ ကုန်သည်တစ်ယောက်လို့ ပြောနိုင်ပါတယ်။ အကျိုးမရှိတဲ့နေရာမှာ အလကား အချည်းနှီး ပစ္စည်းဥစ္စာကို မဖြုန်းတီးတတ်တဲ့သူလို့ ပြောရမှာပါ။ အခု သင့်ကိုပေးနေတာဟာ တန်ရာတန်ကြေးကို ပေးတဲ့သဘောပါ" လို့ အားမနာတမ်း ပြောလိုက်ပါတယ်။

"တကယ်လို့ သင့်ရဲ့အသက်၊ သင့်ရဲ့ရုပ်ရည်၊ အဆင်းလှပခြင်းတွေဟာ တစ်နေ့ထက်တစ်နေ့ တိုးလာမယ်ဆိုရင် သင့်ကိုပေးတဲ့ ငါ့ရဲ့လက်ဆောင်ဟာ တိုးသည်ထက်တိုးလာမှာ အမှန်ပါပဲ။ သင့်ရဲ့အသက်၊ သင့်ရဲ့ရုပ်ရည်အဆင်းဟာ တစ်နေ့ထက်တစ်နေ့ကျဆင်းနေလို့လက်ဆောင်ရဲ့အရည်အချင်းဟာလည်း ကျဆင်းသွားရတာပါ။ ဒါဟာ ညီမျှခြင်းတစ်ခုပါ" လို့ ထပ်ပြီးပြောပြန်ပါတယ်။

www.dhammadownload.com

အိုလာတာ အမှန်

သိကြားမင်းပြောတဲ့စကားက မှန်တဲ့စကားပါ။ လူ့ခန္ဓာဟာ တစ်နေ့ထက်တစ်နေ့ကို အိုလာပါတယ်။ ဆုတ်ယုတ်လာပါတယ်။ ကျဆင်းလာပါတယ်။

ခန္ဓာရဲ့လမ်းစဉ်က ဇာတိကနေ ဇရာ၊ ဇရာကနေ မရဏဆီကိုဦးတည်ခရီးနှင်နေတာပါ။ နေ့တိုင်းကို အိုနေတာပါ။ မအိုတဲ့နေ့ရယ်လို့ မရှိပါဘူး။

သက်ရှိခန္ဓာ မပြောပါနဲ့။ သက်မဲ့ဖြစ်တဲ့ ပစ္စည်းဥစ္စာတွေတောင် လုံခြုံအောင် ဘယ်လောက်သိမ်းဆည်းထားထားဟောင်းလာနွမ်းလာပါတယ်။ ဒီနေ့ကနေ မနက်ဖြန်ဆိုအသစ်မဟုတ်တော့ဘူး။ အဟောင်းဖြစ်သွားပါပြီ။ မော်ဒယ်အသစ်၊ ပစ္စည်းသစ်တွေ အချိန်နှင့်အမျှ တီထွင်ထုတ်လုပ်နေတဲ့ ဒီခေတ်မှာ ပိုလို့သိသာပါတယ်။

ဒီနေ့ထွက်တဲ့ ပစ္စည်းအသစ်ဟာ နက်ဖြန်ခါ သူ့ထက်ဆန်းသစ်တာတွေ ပေါ်ထွက်လာပြီဆိုရင် အဟောင်းဖြစ်သွားတော့တာပါပဲ။ ဘယ်လောက်သစ်လွင်တောက်ပတဲ့ ပစ္စည်းဖြစ်ဖြစ်၊ ဟောင်းညစ်လာတာ အမှန်ပါပဲ။

www.dhammadownload.com

အိုတဲ့ဘက်၊ နာတဲ့ဘက်၊ သေတဲ့ဘက်ကို သွားနေတဲ့ ခန္ဓာဆိုတော့ သေဖို့နီးလာတဲ့ခန္ဓာဟာ တန်ဖိုးကျကျလာပါတယ်။ မွေးလာစဉ်က လက်ကမ်းကြိုခဲ့ကြတဲ့ ခန္ဓာဟာ သေဆုံးချိန်မှာ လက်ပြန့်တ်ဆက်တာကိုသာ ခံယူရပါတော့တယ်။

သေရာသုသာန်ဆီကိုသာ အပြေးအလွှားသွားနေတဲ့ ခန္ဓာဖြစ်တဲ့အတွက် တစ်နေ့ကုန်သွားတိုင်း၊ တစ်နေ့ကုန်သွားတိုင်း ဆွေးမြည့်ယိုယွင်းလာပါတယ်။ ဟောင်းနွမ်းကြေမွလာပါတယ်။

အသက်တွေကြီးလာတာနဲ့အမျှ ခန္ဓာကြီးဟာ ဆုတ်ယုတ်ကျဆင်းလာပါတယ်။ နားမကောင်း၊ သွားမကောင်း၊ မျက်စိမကောင်းနဲ့ အိုမင်းတဲ့ဒဏ်ကို ခံလာရပါတယ်။ အသည်းတွေ၊ နလုံးတွေ၊ ကျောက်ကပ်တွေ၊ အဆုတ်တွေ ချို့ယွင်းပျက်စီးလာပါတယ်။

သိကြားမင်းဟာ မိဖုရားဟောင်းကို တရားပြချင်လို့လာခဲ့တာပါ။ သတိပေးစကားပြောဖို့ လာခဲ့တာပါ။ မင်းသမီးရဲ့ အသိဉာဏ်လင်းလက်လာစေဖို့အတွက် တစ်ရက်ပြီးတစ်ရက် လက်ဆောင်ပို့ကိုပြီး လာနေတာပါ။ အခုသူလိုချင်တဲ့ အကွက်ထဲဝင်လာပြီဖြစ်တဲ့ မင်းသမီးကို ထပ်ပြီးပြောပြန်ပါတယ်။

"စည်းစိမ်ချမ်းသာအခြံအရံနဲ့ပြည့်စုံတဲ့မင်းသမီး။ တစ်နေ့ပြီးတစ်နေ့ငါကြည့်နေစဉ်မှာပဲ သင့်ရဲ့ရုပ်သွင်ဟာ ဆုတ်ယုတ်လာပါပြီ။ နေ့တွေ၊ ညတွေ၊ အချိန်တွေ ကုန်လွန်သွားပြီးတဲ့အဆုံးမှာ သင်ဟာ ကမ္ဘာလောကပေါ်က ကွယ်ပျောက်သွားရမှာပါ။ နောက်ဆုံးတစ်နေ့မှာ သင်ဟာ သေဆုံးခြင်းကို ကျိန်းသေရင်ဆိုင်ရမှာပါ။

ပညာရှိတဲ့ မင်းသမီး။ သင်ဟာ အချိန်အရွယ်တွေ လွန်မသွားခင်မှာ မြတ်တဲ့အကျင့်ကိုကျင့်ပါ။ မြင့်မြတ်တဲ့တရားကို ကျင့်ကြံအားထုတ်ပါ" လို့ သတိပေးစကား ပြောကြားပါတယ်။

www.dhammadownload.com

လုလင်ပျိုပြောကြားတဲ့စကားတွေကို စိတ်ဝင်တစား နားထောင်နေတဲ့မင်းသမီးဟာ ဆိုလိုတဲ့အဓိပ္ပာယ်ကို နားလည်ပါတယ်။ ကွက်ကွက်ကွင်းကွင်း သဘောပေါက်ပါတယ်။ လူခန္ဓာ ဆုတ်ယုတ်ကျဆင်းပုံ၊ ဇရာလက်တွင်းသက်ဆင်းလို့အိုမင်းမစွမ်းဖြစ်လာရပုံတွေကို သိမြင်လာပါတယ်။

www.dhammadownload.com

နတ်တွေကော အိုသလား

လူဘဝ၊ လူခန္ဓာအကြောင်းနားလည်သဘောပေါက်ပေမဲ့ နတ်တွေရဲ့အခြေအနေကိုသိချင်လို့ မင်းသမီးက မေးလိုက်ပါတယ်။

"အသင်နတ်မင်း၊ လူတွေ နေ့တိုင်းအိုနေတယ်ဆိုတာ ဟုတ်ပါပြီ။ နတ်တွေကော အိုခြင်းတရား မရှိဘူးလား။ အရေတွန့်ပြီး ဆံဖြူသွားကျိုးတာတွေ မရှိဘူးလား" လို့ မေးလိုက်ပါတယ်။

"မင်းသမီး လူတွေမှာ အိုခြင်းဇရာရှိပေမဲ့ နတ်တွေမှာ အိုမင်းခြင်းဆိုတဲ့ဇရာတရားဟာ မထင်ရှားပါဘူး။ လူတွေလို နတ်တွေ မအိုကြပါဘူး။ အရေပြားတွန့်တွဲလာတာ၊ ဆံဖြူလာတာ၊ သွားကျိုးလာတာတွေ မရှိပါဘူး။ နတ်တွေဟာ တစ်နေ့ထက်တစ်နေ့ကို နုပျိုလာပါတယ်။ ဘုန်းတန်ခိုး စည်းစိမ်ချမ်းသာတွေဟာလည်း တိုးတက်များပြားလာတာပဲ ရှိပါတယ်။ ဆုတ်ယုတ်သွားတယ်။ ကျဆင်းသွားတယ်လို့ မရှိပါဘူး" လို့ သိကြားမင်းက ပြန်လည်ဖြေကြားပါတယ်။

www.dhammadownload.com

ဥဒယဘဒ္ဒါ မင်းသမီးဟာ တရားနဲ့မွေ့လျော်နေတဲ့သူ ဖြစ်ပေမဲ့ အရွယ်ကောင်းတုန်း၊ နုပျိုတုန်းဆိုတော့ အမျိုးသမီးသဘာဝ လှချင်ပချင်တဲ့ စိတ် ရှိနေပါသေးတယ်။ နတ်ပြည်ရဲ့ဂုဏ်သတင်းကို ကြားရချိန်မှာ နတ်ပြည် ရောက်ချင်စိတ် ဖြစ်ပါတယ်။ အိုမင်းတတ်တဲ့ခန္ဓာရှိသူ လူ့ဘဝကနေ မအိုမင်း တဲ့နတ်သမီးဘဝကို လိုချင်ရချင်လာပါတယ်။ ဒါကြောင့် နတ်သားကို မေးပါ တယ်။

"တန်ခိုးကြီးတဲ့နတ်မင်း၊ လူ့ပြည်ကလူတွေဟာ ဘာကိုကြောက် လန့်နေကြလို့ နတ်ပြည်ကို မသွားကြတာပါလဲ။ ပညာရှိတွေ ဟောပြောညွှန်ပြ ဆုံးမကြတဲ့ နတ်ပြည်နတ်ရွာရောက်ကြောင်းဆိုတာ ဘယ်ဟာပါလဲ။ ဘယ် လမ်းခရီးမှာလျှောက်နေတဲ့ သူဟာ တမလွန်လောကကို မကြောက်လန့်ပါ သလဲ" လို့ မေးမြန်းပါတယ်။

အိုခြင်းတရားကို ကြောက်လန့်သူဟာ မအိုကြောင်းတရားကို ကျင့် ရမှာပါ။ နတ်ပြည်ရောက်ချင်တဲ့သူဟာ နတ်ပြည်ရောက်ကြောင်းတရားကို ကျင့်ရမှာပါ။

ကုသိုလ်ကောင်းမှုတွေကို အတူပြုပြီး နတ်ပြည်နတ်ရွာရောက်သွား တဲ့ ဥဒယဘဒ္ဒမင်းဟာ ကုသိုလ်ပြုဖက် ဥဒယဘဒ္ဒါမိဖုရားကိုလည်း နတ်ပြည် နတ်ရွာရောက်စေချင်ပါတယ်။ ကုသိုလ်ကောင်းမှုတွေ မမေ့မလျော့ပြုပြီး နတ် ပြည်နတ်ရွာကို ရောက်စေချင်ပါတယ်။ ဒါကြောင့် နတ်ရွာလမ်းပြတရားကို အခုလို ပြောကြားပေးပါတယ်။

"ဥဒယဘဒ္ဒါအမည်ရှိသော နှမ။ စိတ်နှင့်နှုတ်ကို ကောင်းမွန်စွာ ဆောက်တည်ပါ။ မကောင်းတာကို မတွေးပါနဲ့။ မကောင်းတဲ့စကားကိုလည်း မပြောပါနဲ့။ ကိုယ်နဲ့လည်းပဲ မကောင်းမှုကို မပြုပါနဲ့။ ကိုယ် ၊ နှုတ်၊ စိတ်ဆိုတဲ့ ကံသုံးပါးကို လုံခြုံအောင်ထိန်းသိမ်းစောင့်ရှောက်ပါ။

အလှူခံပုဂ္ဂိုလ်၊ ဖုန်းတောင်းယာစကာ၊ အထီးကျန်မွဲ၊ ဆင်းရဲ သော သူတို့ကို ပေးကမ်းလှူဒါန်း စောင့်ရှောက်ပါ။ မတွန့်တိုတတ်၊ ခွဲခြမ်းဝေဖန်

www.dhammadownload.com

မျှဝေပေးတတ်တဲ့ သဒ္ဓါတရားနဲ့ပြည့်စုံအောင် ကြိုးစားပါ။

ပညာရှိသူတော်ကောင်းတို့ရဲ့ဆုံးမစကားကို သိနားလည်ကာ လိုက်နာဆောင်ရွက်ပါ။

ပေးသင့်သူကို ပေး၊ ချီးမြှောက်သင့်သူကို ချီးမြှောက်၊ ထောက်ပံ့သင့်သူကို ထောက်ပံ့၍ သူတစ်ပါးတို့နားထောင်လို၊ နာယူလိုသော ချစ်ခင်ဖွယ်စကားကိုသာ ပြောဆိုပါ။ ကြမ်းတမ်းရိုင်းစိုင်းသော အပြောအဆိုမျိုးကို ရှောင်ကြဉ်၍ ချိုသာသိမ်မွေ့နူးညံ့သောစကားကိုသာ ပြောဆိုပါ။

ဒီလိုဂုဏ်မျိုးနဲ့ ပြည့်စုံအောင်နေတဲ့သူဟာ သေရမှာကိုလည်း မကြောက်ပါ။ တမလွန်ဘဝ လားရောက်ရမှာကိုလည်း မကြောက်လန့်ပါ" လို့ ပြောဆိုဆုံးမပါတယ်။

သိကြားမင်း ပြောဆိုဆုံးမတဲ့စကားတွေဟာ တကယ့်ကို စေတနာ၊ မေတ္တာနဲ့ပြောလာတဲ့ ဆုံးမစကားတွေပါ။ အမြော်အမြင်ရှိတဲ့ မိဘတွေက သားသမီးတွေရဲ့ကောင်းစားရေးအတွက် ဘဝလမ်းညွှန် အဆုံးအမတွေပေးသလို နတ်လမ်းညွှန်တရားတွေ ညွှန်ပြပေးနေပါလားလို့ မင်းသမီးဟာ ခံစားသိရှိသဘောပေါက်ပါတယ်။

www.dhammadownload.com

အပြေးလိုက်လို့ သွားချင်

မင်းသမီးလေးဟာ နတ်ရွာစံ ကံကုန်ရာပြီဖြစ်တဲ့ ကြင်ယာတော်ဘုရင်ကြီးရဲ့ကတိစကားတွေကိုလည်း သတိရပါတယ်။ အသက်ရှင်စဉ်က တဖွဖွဆုံးမခဲ့တဲ့ စကားတွေကိုလည်း ကြားယောင်နေမိပါတယ်။ "ရောက်ရာဘဝက အရောက်ပြန်လာပြီး အသိပေးမယ်" ဆိုတဲ့စကားအတိုင်း ရောက်လာလေသလားလို့ စိတ်ထဲတွေးမိတာမို့ "အသင်နတ်သား၊ အမှန်အတိုင်းပြောပါ။ သင်ဟာ ဘယ်သူပါလဲ" လို့ မေးလိုက်ပါတော့တယ်။

သိကြားမင်းဟာ ဆက်လက်ဖုံးကွယ်မနေတော့ပါဘူး။ မိဖုရားကြီးရဲ့သစ္စာရှိပုံကိုလည်းသိရပြီး တရားဓမ္မ ဆက်လက်ကျင့်ကြံအားထုတ်နေတယ်ဆိုတာကိုလည်း သိရပြီမို့ "မင်းသမီး၊ ငါဟာ သင့်ရဲ့ကြင်ဖက်ခင်ပွန်း ဖြစ်ခဲ့ဖူးတဲ့ ဥဒယဘဒ္ဒမင်းသားပါပဲ။ ငါ့ရဲ့ကတိစကားကို မပျက်စေဖို့ သင့်ထံမှောက်ကို ငါရောက်ခဲ့ပါပြီ။ တာဝတိံသာနတ်ပြည်ကနေ သင့်ရှေ့မှောက်အရောက် လာခဲ့တဲ့ငါဟာ ကတိကဝတ် သစ္စာတွေလည်း ပြေလွတ်ပါပြီ။ ပြောသင့်ဆိုသင့်၊

www.dhammadownload.com

ဆုံးမသင့်တဲ့ စကားတွေလည်း ပြောဆိုဆုံးမပြီးပြီမို့ ငါသွားပါတော့မယ်"လို့ ပြောပါတယ်။

မင်းသမီးဟာ မောင်တော်မင်းမြတ်နဲ့ ပြန်လည်ဆုံတွေ့ရတာမို့ အလွန်အလွန်ကို ဝမ်းသာလှပါတယ်။ ဒါပေမဲ့ ဘဝချင်းကမတူ၊ ကွဲပြားခြားနေကြတာမို့ စိတ်မကောင်းလည်းဖြစ်၊ ဝမ်းလည်းနည်းပါတယ်။ သနားစဖွယ် မျက်ရည်တွေ တသွင်သွင်စီးကျလို့ ငိုယိုပြီး "မောင်တော်မင်းသား၊ မောင်တော်မင်းသားရယ်"လို့ နူတ်က တဖွဖွဆိုမြည်တမ်းတရှာပါတယ်။

"မောင်တော်မင်းသား၊ ကျွန်မဟာ အရှင့်သားနဲ့ ခွဲခွာကွေကွင်းပြီး မနေချင်တော့ပါဘူး။ အရှင့်သားကို ပြုစုလုပ်ကျွေးပြီး အတူတကွ အနီးအပါးမှာ ခစားလို့သာနေချင်ပါတယ်။ အရှင့်သားသွားမယ်ဆိုရင် နောက်တော်ပါးက အပြေးလိုက်လို့သာ ပါသွားချင်ပါတယ်။ အတူတကွနေကြရအောင် ကျင့်ဆောင်ဆုံးမတော်မူပါ။ သွန်သင်ပြသပဲ့ပြင်တော်မူပါ"လို့အထပ်ထပ်တောင်းပန်ပါတော့တယ်။

www.dhammadownload.com

မမေ့မလျော့ တရားကျင့်ပါ

ဥဒယဘဒ္ဒမင်းသားဟာ လူ့ဘဝမှာနေစဉ်က မမေ့မလျော့ တရားကျင့်ခဲ့သူပါ။ မမေ့မလျော့ တရားကျင့်ရတဲ့ အကျိုးရလဒ်ကိုလည်း ကိုယ်တိုင် ခံစားသိရှိနေသူပါ။ ဒါကြောင့် ဥဒယဘဒ္ဒါမင်းသမီးကိုလည်း မမေ့မလျော့တရား ကျင့်ဖို့ကို တိုက်တွန်းအားပေးပါတယ်။ ကုသိုလ်တရားကို ကြိုးစားအားထုတ် နိုင်းပါတယ်။

"ဥဒယဘဒ္ဒါမင်းသမီး၊ သတ္တဝါတို့၏ အရွယ်သုံးပါးဟာ အလွန်ကို လျင်မြန်တဲ့အရှိန်အဟုန်နဲ့ ကုန်လွန်သွားတတ်ပါတယ်။ ဥပါဒိဋ္ဌဘင်ဆိုတဲ့ ခဏသုံးပါးကလည်း အလွန့်အလွန်ကို လျင်မြန်လှပါတယ်။

မပြုမကွဲ အမြဲတည်နိုင်တဲ့ အရပ်ဒေသဆိုတာ ဘယ်နေရာမှာမှမရှိ ပါဘူး။ သတ္တဝါတွေဟာ မချွတ်မလွဲ အမြဲဇကန်၊ အမှန်မှချ စုတိရွှေ့လျောကြ ရပါတယ်။ ကုန်းကွရွတ်ယို၊ တွတွအိုကြရပါတယ်။ သတ္တဝါတွေ ပိုင်ဆိုင်ရရှိထား တဲ့ ခန္ဓာကိုယ်ဟာ မမြဲတဲ့ခန္ဓာကိုယ်ဖြစ်ပါတယ်။ မမေ့မလျော့ကုသိုလ်တရား တွေကို ပြုကျင့်ပါ" လို့ ဘယ်တော့မှ တရားမမေ့ဖို့ ပြောပါတယ်။

ဆုပြည့်စုံထွန်းစာပေ

www.dhammadownload.com

သိကြားမင်းပြောသလိုပါပဲ။ တစ်နေ့တစ်နေ့ အချိန်တွေကုန်ကုန်သွားကြတာ ဒီအသက်အရွယ်တွေ ရောက်လာကြပါပြီ။ "အချိန်တွေကုန်တာ ကလည်း မြန်လိုက်တာ" လို့ ပြောရတဲ့အထိပါပဲ။

စက္ကန့်၊ မိနစ်၊ နာရီတွေကလည်း တဖျတ်ဖျတ်နဲ့ တစ်ပတ်ပြီးတစ်ပတ် လည်ပတ်လို့ တစ်နေ့ပြီးတစ်နေ့ ကုန်သွားတယ်။ တစ်လပြီးတစ်လ ကုန်သွားတယ်။ တစ်နှစ်ပြီးတစ်နှစ် ကုန်သွားပြန်ပါတယ်။

ရက်တွေ၊လတွေ၊နှစ်တွေကုန်လို့အိုမင်းလာတာနဲ့အမျှခန္ဓာရဲ့တန်ဖိုး ကလည်း ကျကျလာလိုက်တာ အိုမင်းမစွမ်းကို ဖြစ်လာကြပြီ။ ဖြစ်လာကြ တော့မယ်။ စွမ်းဆောင်နိုင်မှုတွေ ကိုယ်စွမ်းဉာဏ်စွမ်း၊ အားအစွမ်းတွေ လျော့ နည်းလာလို့ ဘာမှမစွမ်းနိုင်ကြတော့ဘူး။

တန်ဖိုးကျဆင်းလာပြီဖြစ်တဲ့ ဒီခန္ဓာကနေ ဘာတွေရနိုင်သလဲ။ ဘာတွေယူနိုင်ကြသလဲ။ ကိုယ်လိုချင်တာတွေ အချိန်မီယူနိုင်ရင်တော့ ရကြ ပါလိမ့်မယ်။

ဥစ္စာရှာတဲ့သူက ဥစ္စာရမယ်။ စီးပွားရှာတဲ့သူက စီးပွားဖြစ်မယ်။ ပညာရှာတဲ့သူက ပညာရမယ်။ ကုသိုလ်ရှာတဲ့သူက ကုသိုလ်တွေရကြပါလိမ့် မယ်။ အဲ့ဒါတွေဟာ ခန္ဓာနဲ့လဲယူနေတာ။ ခန္ဓာနဲ့ရင်းပြီးတော့ ယူနေရတာပါ။ မယူဘူးဆိုရင်လည်း ခန္ဓာကြီးကတော့ မနေဘူး။ တစ်ရွေ့ရွေ့နဲ့ သေတဲ့ဘက် ဆီကိုသာ သွားနေတာပါ။

ဒီအတိုင်းပဲနေမယ်။ ဘာမှမလုပ်ဘူး။ ဘာစီပွား၊ ဘာဥစ္စာမှ မရှာဘူး။ ဘာပညာ၊ ဘာကုသိုလ်မှ မရှာဘူးဆိုရင်လည်း ဒီခန္ဓာကြီးက အချိန်ကုန်တာနဲ့ အမျှအိုလာမှာပါပဲ။ ပျက်စီးသွားမှာပါပဲ။ ရှာနေရင်လည်းရှာနေရင်းနဲ့အိုလာတာ ပါပဲ။ ပျက်စီးနေတာပါပဲ။

နှစ်ဆယ့်လေးနာရီပြည့်ရင် တစ်ရက်၊ နှစ်ဆယ့်လေးနာရီပြည့်ရင် တစ်ရက်နှုန်းနဲ့ အချိန်ကတော့ မှန်မှန်ကြီးကုန်သွားတာပဲ။ တစ်နေ့ပြီးတစ်နေ့ ကုန်သွားပါပြီ။

www.dhammadownload.com

ဒီအချိန်၊ ဒီကာလအတွင်းမှာ ငါတစ်ခုခုတော့ ရမှဖြစ်မယ်။ ကုသိုလ်တရားတွေ အရယူနိုင်မှ ဖြစ်လိမ့်မယ်။ ကိုယ်ရှာနေတာက ကုသိုလ်ရှာနေတဲ့အချိန်။ ကုသိုလ်ရအောင်အလေးအနက်ထားမှကုသိုလ်ကောင်းမှုကိုလေးလေးနက်နက်လုပ်ပါမှ ကုသိုလ်ရပါလိမ့်မယ်။

တရားအားထုတ်နေတဲ့အချိန်မှာ စီးပွားရေးအကြောင်း စဉ်းစားနေလည်း လက်တွေ့ထလုပ်လို့မရပါဘူး။ သားအကြောင်း၊ သမီးအကြောင်း၊ အိုးအကြောင်းအိမ်အကြောင်းတွေ တွေးနေတော့ကော ဘာမှလုပ်လို့မရပါဘူး။ လူမှုရေးတွေတွေနေတော့လည်း ဆောင်ရွက်လို့မရပါဘူး။

www.dhammadownload.com

နှစ်ထပ်ရှုံး မခံနဲ့

ကုသိုလ်ရှာချိန်မှာ ကုသိုလ်ရမှ ကိုယ့်အတွက် အမြတ်ကျန်ပါတယ်။ ကုသိုလ်မရရင် နှစ်ထပ်ရှုံးပါတယ်။ ကုသိုလ်မရလို့ ရှုံးတာကတစ်မျိုး၊ တခြား တခြား အရေးကိစ္စတွေ မလုပ်နိုင်လို့ ရှုံးတာကတစ်မျိုးဆိုတော့ နှစ်ထပ်ရှုံးဖြစ် သွားလိမ့်မယ်။

လက်ရှိအချိန်ကာလအတွင်း စီးပွားရေးတွေ ပစ်လာခဲ့တယ်။ လူမှု ရေးတွေ ပစ်လာခဲ့တယ်။ ပညာရေးတွေ ထားရစ်ခဲ့တယ်။ ကုသိုလ်ရှာတဲ့အရေး မှာ ကျန်တာတွေအားလုံး ခဏထားရစ်ပြီး လာခဲ့ကြတာပါ။ ကုသိုလ်လည်း မရ၊ စီးပွားလည်းမရဆိုရင် နှစ်ထပ်ရှုံးတာပါ။ ကုသိုလ်လည်းမရ၊ ပညာလည်း မရဆိုရင် နှစ်ထပ်ရှုံးတာပါ။ တရားမရှုမှတ်ဘဲ ဟိုစဉ်းစား၊ ဒီစဉ်းစားနဲ့ အချိန် ကုန်သွားရင်၊ တစ်နေ့ကုန်သွားရင် အရှုံးပေးသွားတာပါ။

တစ်ယောက်နဲ့တစ်ယောက် ရယ်ကာမောကာ၊ ပြောကာဆိုကာနဲ့ တရားအလုပ်ကို ကြိုးစားပမ်းစားအားမထုတ်ရင် အရှုံးပေါ်သွားတာပါ။

www.dhammadownload.com

ဘဝထဲမှာ အရှုံးမပေါ်ဘဲ အမြတ်ထွက်အောင်ယူတတ်ဖို့အတွက် သိကြားမင်းက ဥဒယဘဒ္ဒါမင်းသမီးကို သတိပေးနေတာပါ။ "မင်းသမီး၊ ဒီခန္ဓာကြီးဟာ အချိန်ကာလတွေ ကုန်လွန်သွားတာနဲ့အမျှ အိုလာတယ်။ ပျက်စီးလာတယ်။ နောက်ဆုံးအချိန်မှာ သေဆုံးရဦးမယ်။ မမေ့မလျော့ ကုသိုလ်တရားတွေ ပြုကျင့်ပါ" လို့ သတိပေးနေတာပါ။

လူတိုင်း ဘဝနိဂုံးချုပ်ရတာက မရဏဆိုတဲ့ သေခြင်းမှာပါ။ သေဆုံးကွယ်လွန်သွားရင် ဒီခန္ဓာကြီး ဘာသုံးလို့ရသေးလဲ။ ဘာမှသုံးလို့မရတော့ဘူး။ အမှိုက်ဖြစ်သွားပြီ။ မြေမြှုပ်လိုက်ရပြီ။ မီးရှို့ဖျက်ဆီးလိုက်ရပြီ။

ပုပ်သိုးမယ့်ခန္ဓာ၊ ပျက်စီးမယ့်ခန္ဓာ၊ ဖျက်ဆီးပစ်ရမယ့် ခန္ဓာကြီးပါ။ ခန္ဓာကြီးမပြိုကွဲမပျက်စီးခင်မှာအသက်နဲ့ခန္ဓာတည်တဲ့နေချိန်မှာကိုယ့်အတွက် အမြတ်ရှာတတ်ရပါမယ်။ အမြတ်ဆုံးကို ယူတတ်ရပါမယ်။ လူ့ဘဝရယ်လို့ ရလာတဲ့အခိုက်အတန့်လေးမှာ အမြတ်ဆုံးကို ရယူမှဖြစ်မယ်လို့ သဘောပေါက်နားလည်သူတိုင်း တရားရှာကြပါတယ်။ တရားအားထုတ်ကြပါတယ်။

သာသနာကွယ်ပျောက်ပြီး ဘုရားမပွင့်တဲ့အချိန်မှာ ဝိပဿနာတရားကို အားထုတ်ချင်လို့မရပါဘူး။ ရှုမှားနှလုံးသွင်းဖို့ မဖြစ်နိုင်ပါဘူး။ ဘယ်အချိန်မဆို ရှာနိုင်တဲ့စီးပွားရေး၊ အချိန်မရွေးချစ်လို့ရတဲ့ ဇနီးမယား၊ သားသမီး၊ ဘဝတိုင်းလုပ်လာကြတဲ့ လူမှုရေးတွေ ခဏဘေးချိတ်ပြီး တရားရှာမှသာ လူ့ဘဝမှာ အမြတ်များများရကြမှာပါ။

www.dhammadownload.com

အခြေအနေပေးမှ ကျင့်လို့ရ

လက်ရှိရထားကြတဲ့ လူ့ဘဝက တရားအားထုတ်ဖို့အသင့်တော်ဆုံး ဘဝပါ။ အခြေအနေအပေးဆုံး ဘဝပါ။ တကယ်လို့သာ တိရစ္ဆာန်ဘဝရောက်နေမယ်၊ အသိဉာဏ်နည်းပါးရှာတဲ့ တိရစ္ဆာန်လေးတစ်ကောင် ဖြစ်နေမယ်ဆိုရင် ဒီလိုတရားမျိုး အားထုတ်ရကောင်းမှန်းတောင် မသိနိုင်တော့ပါဘူး။

တိရစ္ဆာန်ဆိုတာလည်း သက်ရှိသတ္တဝါပါ။ ဒီကမ္ဘာလောကမှာ ဖြစ်တည်ထင်ရှားရှိနေတဲ့ သတ္တဝါတစ်မျိုးပါပဲ။ တိရစ္ဆာန်နဲ့ လူဆိုတာ တူညီချက်ကို ရွေးပြောရရင် သက်ရှိသတ္တဝါချင်း အတူတူပါပဲ။ သက်ရှိချင်းတူပေမဲ့ အသိဉာဏ်ချင်းကတော့ မိုးနဲ့မြေလို ကွာခြားပါတယ်။ တိရစ္ဆာန်တစ်ကောင် ဖြစ်နေရတဲ့ ဘဝအခြေအနေမျိုးမှာ တရားထူးတရားမြတ်တွေနဲ့ ဝေးပါတယ်။ နားကြားကျင့်ကြံအားထုတ်နိုင်တဲ့အခွင့်အရေးလည်းမရပါဘူး။ ငရဲဘဝ၊ပြိတ္တာဘဝကို ရောက်သွားပြန်ရင်လည်း အတူတူပါပဲ။ ဒုက္ခဆင်းရဲတွေများလွန်းလို့ ကုသိုလ်ဆိုတာကို စိတ်ကူးထဲထည့်ဖို့ဆိုတာတောင် ခဲယဉ်းပါတယ်။ တရားအားထုတ်ကျင့်ကြံခွင့်တွေ ဆုံးရှုံးပါတယ်။

www.dhammadownload.com

အခုလို တရားကျင့်နိုင်တဲ့အခွင့်အရေး၊ တရားရနိုင်တဲ့အခွင့်အရေး ဆိုတာအဘက်ဘက်ကအခြေအနေတွေပေးမှဖြစ်တာပါ။ ကိုယ့်ဘဝတစ်သက်တာမှာတောင် ကောင်းတဲ့ကုသိုလ်အလုပ်၊ တရားအလုပ်ကို လုပ်ချင်တယ်ဆိုတဲ့စိတ်ကူးမျိုးပေါ်ဖို့ ခက်ပါတယ်။ စိတ်ကူးရှိပေမဲ့လက်တွေ့အကောင်အထည်ဖော်နိုင်ဖို့ ခက်ခဲပါတယ်။

ကိုယ်အားထုတ်နေချိန်မှာ နောက်ပိုင်းအတွက် စိတ်ချလက်ချထားခဲ့နိုင်ပါမှ၊ စားဝတ်နေရေးတွေ ပြေလည်ပါမှ၊ ကိုယ်ကိုယ်တိုင်က စွန့်ခဲ့နိုင်၊ ထားခဲ့နိုင်မှ တရားကျင့်ခွင့်ရတာပါ။

အခွင့်အရေးပေးချိန်မှာ ခန္ဓာကိုယ်ကို မငဲ့ညှာဘဲ၊ မတွယ်တာဘဲ ကျင့်မယ်။ ပင်ပန်းချင်ပင်ပန်းပါစေ၊ ဆင်းရဲချင်ဆင်းရဲပါစေ၊ ပျက်စီးမယ့် ခန္ဓာနဲ့တရားနဲ့လဲယူမယ်။ အိုနေတဲ့ခန္ဓာနဲ့တရားနဲ့လဲယူမယ်။ အရှုံးမခံဘူး။ အမြတ်ယူမယ်လို့ စိတ်ထားပြီး ကျင့်ဖို့လိုအပ်ပါတယ်။

တဏှာဆိုတဲ့ လိုချင်မှုဟာ မဆုံးနိုင်အောင် လိုချင်တတ်ပါတယ်။ လိုချင်မှုတွေနောက်ကိုသာ လိုက်နေမယ်ဆိုရင် ဘယ်တော့မှပြီးပြတ်ကုန်ဆုံးမှာမဟုတ်ပါဘူး။ ဘယ်လောက်အတိုင်းအတာ ဘယ်ရွေ့ဘယ်မျှ အခြေအနေနဲ့မှ ကျေနပ်နိုင်မှာလည်း မဟုတ်ပါဘူး။ တဏှာအလိုကို ဖြည့်ရင်း၊ ဖြည့်ရင်းနဲ့ပဲ နေ့တွေ၊ လတွေ၊ နှစ်တွေ ကုန်သွားပါတယ်။ ဘဝတွေပြောင်းသွားကြရပါတယ်။

"မင်းသမီး၊ ဇမ္ဗူဒီပါကျွန်းကို အစိုးရသော ဧကရာဇ်မင်းဖြစ်သော်လည်း တဏှာနိုင်ငံသို့ လိုက်သောသူဟာ ရောင့်ရဲအားရမှု မရှိပါဘူး။ မမေ့မလျော့ ကုသိုလ်တရားကိုကျင့်ပါ" လို့ သိကြားမင်းက ဆုံးမတာပါ။

လူတွေရဲ့ဆန္ဒက ရလာတဲ့ဘဝလိုအပ်ချက်လေးတွေ ပြည့်စုံချင်တယ်။ အတိုင်းအဆမရှိ ကြွယ်ဝချမ်းသာချင်တယ်။ ချမ်းသာတာထက် ပိုချမ်းသာ၊ ပြည့်စုံတာထက် ပိုပြီးပြည့်စုံချင်ပါတယ်။ ဒီအတွက် မရပ်မနားရှာဖွေလုပ်ရှားနေကြတာပါ။

www.dhammadownload.com

လိုချင်မှုတဏှာကို မကန့်သတ်၊ မထိန်းချုပ်နိုင်ရင် ရှာဖွေမှုဖြည့်ဆည်းမှုတွေဟာ အဆုံးသတ်နိုင်မှာ မဟုတ်ပါဘူး။ ပြီးဆုံးနိုင်မှာ မဟုတ်ပါဘူး။ နောက်ဆုံးပဒေသရာဇဝင်းစကြဝဠတောင်းဖြစ်ရင်တောင်မှ ရလိုမှုက ရှိနေဦးမှာပါ။ စီးပွားဥစ္စာဆိုတာက ရလေလိုချင်လေပါပဲ။ ရှိလေ ပိုပြီးရှိချင်လေပါပဲ။

တဏှာနယ်ပယ်ကို မကန့်သတ်နိုင်တဲ့အတွက် ဘဝသံသရာတွေ ရှည်ချင်တိုင်း ရှည်ခဲ့ပါပြီ။ ဘဝခန္ဓာတွေ ရချင်တိုင်းရခဲ့ပါပြီးပါပြီ။ ဘဝတိုင်း ဘဝတိုင်းမှာလည်း အို၊ နာ၊ သေဒုက္ခတွေနဲ့ ဒုက္ခမျိုးစုံ တွေ့ကြုံခံစားကြရပါတယ်။ ဒါကြောင့် တဏှာနယ်မြေကို ကန့်သတ်ပေးမယ့်တရား၊ ဘဝခန္ဓာတွေကို အဆုံးသတ်စေမယ့်တရား၊ ဒုက္ခမျိုးစုံကို ချုပ်ဆုံးစေမယ့်တရားကို ရှာဖွေအားထုတ်ကြရတာ။ သိကြားမင်းကလည်း ဥဒယဘဒ္ဒါမင်းသမီးကို မမေ့မလျော့ တရားကျင့်ဖို့ သွန်သင်နေတာပါ။

မိဘနဲ့သားသမီး၊ ဇနီးနဲ့ခင်ပွန်းတို့ဟာ တစ်ဦးနဲ့တစ်ဦး၊ တစ်ယောက်နဲ့တစ်ယောက် အပြန်အလှန်ချစ်ခင်နေကြတဲ့ သူတွေပါ။ တစ်ယောက်အကျိုးတစ်ယောက် ဆောင်ရွက်ဖြည့်ဆည်းလို့ နှစ်သက်ကြည်ဖြူနေကြတဲ့သူတွေပါ။ မျက်စိအောက်က အပျောက်မခံချင်အောင် ချစ်ခင်ကြပေမဲ့ တစ်နေ့နေ့၊ တစ်ချိန်ချိန်မှာ ကွဲကွာကြရမှာပါပဲ။ အချင်းချင်း စွန့်ခွာသွားကြရမှာပါပဲ။

ဘယ်လောက်ချစ်တယ်ပြောပြော၊ ဘယ်လိုအတူနေချင်တယ်ဆိုဆို သူကမစွန့်ရင် ကိုယ်ကစွန့်၊ ကိုယ်ကမစွန့်ရင် သူကစွန့်လို့ စွန့်ခွာကြရမယ်။ စွန့်ပစ်ကြရပါမယ်။

စွန့်သွားကြရမယ်ဆိုတဲ့အကြောင်း ခန္ဓာကြီးက ဖော်ပြပေးနေပါတယ်။ တရွေ့ရွေ့ပြောင်းလဲမှုတွေနဲ့ မမြဲဘူးဆိုတဲ့အကြောင်း ဖော်ပြနေပါတယ်။

လူလင်ပျိုအသွင်နဲ့လာတဲ့ သိကြားမင်းဟာ ပထမနေ့မှာ ရွှေခွက်၊ ဒုတိယနေ့မှာ ငွေခွက်၊ တတိယနေ့မှာ ကြေးခွက်ယူလာပြတာဟာ မမြဲတဲ့

www.dhammadownload.com

သဘော ပြောင်းလဲတဲ့သဘောကို မြင်သာအောင် ဖော်ပြနေတာလည်း ဖြစ်ပါ
တယ်။

www.dhammadownload.com

ခန္ဓာဖြစ်စဉ် တွေ့မြင်လျှင်

စက္ကန့်၊ မိနစ်၊ နာရီတွေ ပြောင်းလဲနေတာနဲ့အမျှ ခန္ဓာကြီးလည်း ပြောင်းလဲသွားတာ အမှန်ပါပဲ။ တစ်နေ့ကုန်သွားရင် ဘယ်လောက်ပြောင်းလဲသွားပြီလဲဆိုတာ တွက်ချက်ခန့်မှန်းကြည့်နိုင်ကြပါတယ်။ မကြာလှတဲ့ မိနစ်ပိုင်း၊ နာရီပိုင်းမှာတောင် အမျိုးမျိုးအဖုံဖုံဖြစ်ပျက် ပြောင်းလဲနေတဲ့ခန္ဓာပါ။

ခုပူ၊ ခုအေး၊ ခုကောင်း၊ ခုညောင်းနဲ့ အမြဲမပြတ်နှိပ်စက်နေတဲ့ ခန္ဓာပါ။ နတ်သားကတစ်နေ့ရွှေ့တစ်နေ့ငွေဆိုတော့ အပြောင်းအလဲမြန်တဲ့နတ်သားလို့ ထင်ကြလိမ့်မယ်နော်။ တကယ်အပြောင်းအလဲတွေ မြန်လွန်းတာက ရုပ်ခန္ဓာ၊ နာမ်ခန္ဓာတွေပါ။

မမြဲတဲ့သဘောကို ပြနေတယ်။ ဖြစ်ခြင်း၊ ပျက်ခြင်းတွေနဲ့ နှိပ်စက်နေလို့ ဆင်းရဲတဲ့သဘောကို ပြနေတယ်။ ကိုယ်မကြံချင်၊ မခံစားချင်တဲ့ အခြေအနေတွေ၊ မရှောင်လွှဲနိုင်အောင် ဖန်တီးတတ်တယ်။ ကိုယ့်အကြိုက်မဟုတ်၊ ကိုယ့်အလိုမလိုက်တာတွေကို ပြနေတယ်။

www.dhammadownload.com

ခန္ဓာရဲ့ဖြစ်စဉ်ကို ကျကျနနသိမြင်ပြီး နားလည်သွားရင် အခြေခံဗုဒ္ဓဘာသာဝင်ကနေ အလယ်တန်းအဆင့်ကို ရောက်သွားပါလိမ့်မယ်။ အသိဉာဏ် အဆင့်အတန်းတွေ တိုးတက်သွားပါလိမ့်မယ်။

ခန္ဓာထဲမှာရှိနေတဲ့ ရုပ်နာမ်ဓမ္မတို့ရဲ့မမြဲဆင်းရဲ၊ အစိုးမရတာတွေကို ဆင်ခြင်သုံးသပ်ပြီးတော့ ဒါဟာ ဆင်းရဲခြင်းအမှန်တရားတွေပါလား။ ဆင်းရဲဒုက္ခတွေဖြစ်လာတာဟာ တဏှာလောဘ၊ သမုဒယတွေနဲ့ တပ်မက်နေလို့ချစ်ချင်တွယ်တာနေလို့ပဲ။ တဏှာသမုဒယတွေကိုပယ်နိုင်မှချမ်းသာမယ်။ ချမ်းသာခြင်း အစစ်အမှန်ကိုရဖို့အတွက် ဒုက္ခချုပ်ကြောင်းကျင့်စဉ်ကို ကျင့်မှဖြစ်မယ်။ ဝိပဿနာတရားတွေ ရှုပွားမှဖြစ်မယ်လို့ သစ္စာလေးပါးအမှန်တရားကို သိမြင်နားလည်လာရင်တော့ အထက်တန်းအဆင့်ကို ပေါက်ရောက်သွားပါပြီ။

ခန္ဓာဟာ သူများရဲ့အစာပါ။ ခြင်ကိုက်ခံရတယ်။ ပုရွက်ဆိတ်အကိုက်ခံရတယ်လို့ ညည်းညူမနေကြပါနဲ့။ "**ကာယော** - ကိုယ်ခန္ဓာကြီးသည်၊ **ပရဘောဇနံ** - ကျီးရဲ့၊ စွန်ရဲ့၊ ကျားရဲ့၊ သစ်ရဲ့၊ ဘီလူး၊ ရက္ခိုသ် အစရှိသော တစ်ပါးသောသတ္တဝါတို့၏အစာအာဟာရတည်း" လို့ဥဒယဘဒ္ဒါမင်းသမီးကို သိကြားမင်းက ပြောခဲ့ပါတယ်။

ဟုတ်ပါတယ်။ ကြက်၊ ငှက်၊ သားငါးတွေကို လူတွေက စားသောက်ကြပါတယ်။ အစာအာဟာရအဖြစ် စားသုံးကြပါတယ်။ ကိုယ့်အစာဟာ သူများရဲ့ခန္ဓာဖြစ်နေပါတယ်။ အတူတူပါပဲ။ မှက်၊ ခြင်၊ ယင်၊ သန်း၊ ကြမ်းပိုး စတာတွေက လူ့ခန္ဓာ၊ လူ့သွေးသားကို စားသောက်ကြပါတယ်။ လူ့ခန္ဓာကိုယ်ဟာ သူတို့အတွက် အစာအာဟာရပါ။ သူတို့ရဲ့စားသောက်ဖွယ်ရာ အစာပါ။

သေသွားပြန်တော့လည်းပုပ်သိုးသွားတဲ့ခန္ဓာကိုပိုးမွှားတိရစ္ဆာန်တွေက စားသောက်ကြပြန်ပါတယ်။ အစားခံကြရပါတယ်။ ခန္ဓာရှိလို့ အစားခံရတာပါ။

ခန္ဓာကြီးအတွက်ပဲဂရုစိုက်နေပြီး၊ ကိုယ့်အတွက်ကုသိုလ်တရားမရှာရင် သူများအစာအတွက် ပြင်ပေးနေတာနဲ့ အတူတူပါ။ သူများအစာကို လှ

www.dhammadownload.com

အောင်ပအောင် ကိုယ်တိုင်ပြင်ပေးနေရတာနဲ့ အတူတူပါပဲ။ ဒီခန္ဓာကို ခုံမင်နှစ်သက်ပြင်ဆင်နေကြပေမဲ့ နောက်ဆုံးအချိန် မြေကြီးထဲရောက် မြေဩဇာဖြစ်ရမယ့် ခန္ဓာကြီးပါ။ ဒါကြောင့် ရှေးပညာရှိများက "ခန္ဓာမွေးမြေကျွေးဖို့" လို့ပြောခဲ့ကြတာပါ။ မြေစာမဖြစ်ခင်မှာ ခန္ဓာထဲကတရားကို တွေ့အောင် ရှာကြရပါမယ်။ ခန္ဓာကပြတဲ့တရားကို မြင်အောင်ကြည့်ကြရပါမယ်။ သူများအစာမဖြစ်ခင်မှာ တရားရှာဖို့ မင်းသမီးကို ပြောဆိုဆုံးမနေတာဖြစ်ပါတယ်။

ဘုရားအလောင်းတော်ဖြစ်တဲ့ သိကြားမင်းဟာ ဥဒယဘဒ္ဒါမင်းသမီးကို နားလည်သဘောပေါက်အောင် သွန်သင်ညွှန်ပြနိုင်သူဖြစ်ပါတယ်။ သိကြားမင်းရဲ့စကားတိုင်းဟာ မင်းသမီးရဲ့စိတ်ထဲ၊ အသည်းထဲရောက်အောင် ထွင်းဖောက်သွားပုံရပါတယ်။ မင်းသမီးဟာ ကြည်ညိုလေးစားစွာနဲ့ ပြန်လည်ပြောဆိုပါတယ်။

"သတ္တဝါတို့သက်တမ်းဟာ တိုတောင်းနည်းပါးလှပါတယ်။ အသက်ရှင်စဉ် ဆင်းရဲဒုက္ခတွေကလည်း အဆမတန်အောင် များပြားလှပါတယ်ဆိုတဲ့ သင်နတ်သားရဲ့ပြောစကားကို နားလည်လက်ခံပါတယ်။ ကောင်းသောစကားလို့လည်း မှတ်ယူပါတယ် အသင်နတ်သား။

လက်ရှိခံစားနေတဲ့ မင်းစည်းစိမ်၊ မင်းချမ်းသာတွေကို ပယ်စွန့်ပြီး အမြန်ဆုံး တရားကျင့်ပါတော့မယ်။ ခန္ဓာမပြိုကွဲခင် တရားမြင်အောင် ကြိုးစားအားထုတ်ပါတော့မယ်" လို့ ကတိပြုပြီး တိုင်းပြည်ကိုလွှဲအပ်ကာ ရသေ့ရဟန်းပြုလုပ်လို့ အားထုတ်ပါတော့တယ်။ အသက်ထက်ဆုံး ကုသိုလ်တွေပြု၊ တရားတွေကျင့်ကြံအားထုတ်ပြီး သေဆုံးကွယ်လွန်တော့ တာဝတိံသာနတ်ပြည်ကို နတ်သမီးအဖြစ် ရောက်သွားခဲ့ပါတယ်။

ဥဒယဘဒ္ဒမင်းဟာ နောင်အခါမှာ သစ္စာလေးပါး တရားတွေကို သိမြင်တဲ့ ဘုရားရှင်ဖြစ်တော်မူပါတယ်။ မင်းသမီးကတော့ ယသောဓရာမင်းသမီးပါ။ ရာဟုလာရဲ့မယ်တော်ပါ။

www.dhammadownload.com

ရှေးသူတော်ကောင်းတွေဟာ ကောင်းမှုတွေကို မဖေမ့မလျော့ပြုလို့ ကောင်းကျိုးခံစားကြရပါတယ်။ ရလာတဲ့ကောင်းကျိုးချမ်းသာ စည်းစိမ်တွေနဲ့ ယစ်မူးမေ့လျော့မနေကြဘဲ တစ်ဆင့်ထက်တစ်ဆင့် တိုးတက်မြင့်မားအောင် တရားဓမ္မရှာဖွေကြပါတယ်။ ဒါဟာ သူတော်ကောင်းလမ်းစဉ်၊ သူတော်ကောင်းတွေလျှောက်လှမ်းကြတဲ့ လမ်းကြောင်းဖြစ်ပါတယ်။ သူတော်ကောင်းလမ်းစဉ်ကို အတုလိုက်ပြီး ကျင့်ရမှာပါ။ ဘုရား၊ ရဟန္တာ၊ ပစ္စေကဗုဒ္ဓါ အရှင်မြတ်တွေ လျှောက်လှမ်းသွားတဲ့ လမ်းကြောင်းအတိုင်း နိဗ္ဗာန်ကို သွားကြရမှာပါ။

တစ်နေ့တာဆိုတဲ့အချိန်ကို တန်ဖိုးရှိရှိအသုံးချပြီးတော့ တန်ဖိုးရှိတဲ့တရားဓမ္မတွေ ရယူကြရမှာပါ။ တစ်နေ့ကုန်သွားရင် တစ်နေ့တော့ ကုန်သွားပြန်ပြီ။ ငါ ဘာတွေရလိုက်သလဲ၊ ကုသိုလ်တွေလား၊ အကုသိုလ်တွေလားလို့ စိစစ်ဖို့လိုပါတယ်။ တရားတွေကျင့်ပြီး တစ်နေ့ကုန်သွားတာလား၊ မတရားတွေကျင့်ပြီး တစ်နေ့ကုန်သွားတာလားလို့ တွက်ချက်ကြည့်ဖို့ လိုပါတယ်။ အချိန်နဲ့အမျှ တရားဓမ္မတွေ အရယူနိုင်ကြ၊ တန်ဖိုးရှိတာတွေ ရယူနိုင်ကြဖို့လိုပါတယ်။

www.dhammadownload.com

နိဒါန်း

မြတ်စွာဘုရားရှင် ဟောကြားတော်မူတဲ့ တရားဓမ္မတွေဟာ လူတွေ လက်လှမ်းမမီနိုင်တဲ့ အကွာအဝေးမှာ တည်ရှိနေတာမဟုတ်ပါဘူး။ ကြိုးစား လေ့လာအားထုတ်ရင် သိနိုင်၊ မြင်နိုင်ကြပါတယ်။ သိကြသူ၊ မြင်ကြသူတွေ လည်း ရှိပါတယ်။

လောကမှာရှိတဲ့လူတွေကို တရားအဆင့်အတန်းနဲ့ ခွဲခြားဝေဖန်ပြီး ကြည့်ရင် ပုထုဇဉ်နဲ့ အရိယာလို့ နှစ်မျိုးနှစ်စားကို တွေ့ရပါလိမ့်မယ်။ ပုထုဇဉ် ဆိုတာက တရားမသိသေး၊ မမြင်သေးတဲ့သူပါ။ အရိယာဆိုတာက တရားဓမ္မ ကိုသိမြင်ပြီးတဲ့ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာဆိုတဲ့ တရား သိမြင်ပြီးတဲ့ ပုဂ္ဂိုလ်မြတ်တွေပါ။

ကျင့်ဆဲ၊ ကြံဆဲ၊ အားထုတ်ဆဲ တရားမသိသေး၊ တရားမမြင်သေး ဘူးဆိုတဲ့ပုထုဇဉ်ကိုလည်း နှစ်မျိုးခွဲကြည့်ရင် ကလျာဏပုထုဇဉ်နဲ့၊ အန္ဓပုထုဇဉ် လို့ တွေ့ရမှာပါ။

www.dhammadownload.com

အန္ဓပုထုဇဉ်ဆိုတာက တရားဓမ္မနဲ့ နီးစပ်မှုမရှိပါဘူး။ တရားနဲ့အလှမ်းကွာဝေးပြီး ဘာတရားမှမသိ၊ ရှိသေးကဲ့ ပုထုဇဉ်မျိုးပါ။ ရုပ်ဆိုတာလည်း မသိ၊ နာမ်ဆိုတာလည်း မသိပါဘူး။ ခန္ဓာဆိုတာလည်း နားမလည်ပါဘူး။ ဘယ်လိုကျင့်ရမယ်၊ ဘယ်လိုအားထုတ်ရမယ်ဆိုတာကိုလည်း နည်းနည်းမှကို မသိနားမလည်တဲ့ ပုထုဇဉ်က အန္ဓပုထုဇဉ်ပါ။

ကလျာဏပုထုဇဉ်က အန္ဓပုထုဇဉ်ထက် နည်းနည်းတော့ သာပါတယ်။ နည်းနည်းတော့ တော်တယ်လို့ပြောရပါမယ်။ ရုပ်နာမ်ဆိုတာလည်း ထိုက်သလောက်သိတယ်၊ ခန္ဓာအကြောင်း, အာယတန, ဓာတ်, သစ္စာတွေ အကြောင်းတီးမိခေါက်မိ၊ တရားအမြင် တော်တော်လေးရှိတယ်ဆိုတဲ့ပုထုဇဉ်က ကလျာဏပုထုဇဉ်ပါ။

တကယ်တမ်း ကြိုးစားလေ့လာအားထုတ်ရင် တရားသိမြင်စရာအကြောင်းတွေဟာ ကိုယ့်ခန္ဓာနဲ့ လက်တစ်ကမ်းအကွာ ကိုယ့်အနီးအနားပတ်ဝန်းကျင်မှာပဲ ရှိနေပါတယ်။ ဒါပေမဲ့ တရားနဲ့မနီးစပ်ကြဘဲ ဘာကြောင့်နီးလျက်နဲ့ဝေးနေရတာလဲဆိုတဲ့ အကြောင်းကို ပြောပြချင်ပါတယ်။

www.dhammadownload.com

ကိလေသာအမိုက်ထဲ တိုးဝင်

ကိလေသာဆိုတာ ပယ်ရမယ့်တရား၊ မကောင်းတဲ့ တရားပါ။ ပူပန်စေတတ်၊ နှိပ်စက်တတ်ပါတယ်။ စိတ်နလုံးအေးချမ်းမှုမရဘဲနဲ့ စိတ်မှာပူလောင်ပင်ပန်းပြီး ဆင်းရဲနေရတာဟာ ကိလေသာကြောင့်ပါ။ လူတိုင်းလို လိုတစ်နေ့တစ်နေ့ ညည်းတွားနေကြ၊ ပြောဆိုနေကြပါတယ်။ "စိတ်ညစ်လိုက်တာ၊စိတ်ဆင်းရဲလိုက်တာ၊စိတ်တွေပင်ပန်းလိုက်တာ" လို့ပြောနေကြပါတယ်။ ဘယ်သူ့ကြောင့်ပင်ပန်းလဲ၊ ဘယ်သူ့ကြောင့်စိတ်ညစ်နေလဲဆိုရင်ကိလေသာကြောင့်ပါ။ ကိလေသာတွေ ရှိနေတယ်ဆိုရင် စိတ်ညစ်တာတွေ၊ စိတ်ဆင်းရဲတာတွေ၊ စိတ်ပင်ပန်းတာတွေ မလွဲမသွေ ရှိနေပါလိမ့်မယ်။

ပယ်ရမည့်တရားတွေကို ပယ်ရမယ့်တရားပါပဲလို့ မသိဘဲနဲ့ ကိလေသာနောက်ကိုသာ တကောက်ကောက်လိုက်နေတယ်။ ကိလေသာဘက်ကိုသာ တိုးဝင်နေတယ်ဆိုတာဟာ တရားနဲ့ဝေးသွားတာပေါ့ပါ။ တရားမမြင်တဲ့ပုထုဇဉ်တွေဟာ ပယ်ရမှာကိုမပယ်ဘဲထွယ်နေပါတယ်။ ကျော်နိုင်းသွားရမယ့်

www.dhammadownload.com

ကိလေသာတွေကို ကျောမခိုင်းနိုင်ဘဲ ကိလေသာဘက်ကို မျက်နှာမူပြီးတော့ ကိလေသာဆီကိုပဲ တည့်တည့်တိုးဝင်နေကြပါတယ်။

တရားသိမြင်တဲ့သူတွေကတော့ ကိလေသာတွေကို ကျောခိုင်းသွားပါတယ်။ အရိယာပုဂ္ဂိုလ်တွေဟာ ကိလေသာကို ပယ်စွန့်သွားကြပါတယ်။ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာဆိုတဲ့သူတော်စင်၊ သူတော်ကောင်းတွေဟာ ပယ်သင့်တာကို ပယ်ပြီးကြပါပြီ။

မြတ်စွာဘုရားရှင် ဟောဖော်ပြတဲ့ ပူလောင်တဲ့ကိလေသာ ဆယ်မျိုး ရှိပါတယ်။ အဘိဓမ္မာဒေသနာတော်မှာ ကြည့်လိုက်ရင် ကိလေသာဆယ်ပါးလို့ ဘုရားဟောပါတယ်။

ဒါပေမဲ့လို့ ဒီဆယ်မျိုးလုံး အသေးစိတ်မမှတ်ပါနဲ့ဦး။ အခြေခံမူလ ပဓာနဖြစ်တဲ့ ကိလေသာသုံးမျိုး လောဘရယ်၊ ဒေါသရယ်၊ မောဟရယ်ကိုသာ ကြည့်လိုက်ပါ။ လောဘဆိုတာ လိုချင်နေတာပါ။ ဒေါသက စိတ်ဆိုးတာပါ။ မောဟဆိုတာက အမှန်မသိတာပါ။ ဒီလို ဘာသာပြန်လိုက်ရင် လောဘနဲ့ လိုချင်တယ်၊ ဒေါသနဲ့ စိတ်ဆိုးတယ်၊ မောဟနဲ့ အမှန်ကိုမသိဘူးလို့ ပြောရမှာပါ။

တစ်နေ့တစ်နေ့မှာ လိုချင်မှုတွေများလှပါတယ်။ မနက်မိုးလင်းအိပ်ရာကထတဲ့အချိန်ကစပြီးတော့ တစ်နေ့တာဖြတ်သန်းလာတဲ့ကာလကိုကြည့်ရင် "ဟိုဟာလေးလည်း လိုချင်တယ်။ ဒီဟာလေးလည်း လိုချင်တယ်။ စားစရာလည်း လိုချင်တယ်။ ဝတ်စရာလည်း လိုချင်တယ်။ နေစရာလည်း လိုချင်တယ်။ အသုံးအဆောင်လည်း လိုချင်တယ်။ တကယ်လိုအပ်တာတွေလည်း လိုချင်တယ်။ အမှန်တကယ် မလိုအပ်တာတွေလည်း လိုချင်တယ်" လို့ ဖြစ်နေတာပါ။ လိုချင်နေတယ်ဆိုတာက လောဘကိလေသာပါ။ လိုချင်လောဘမဖြစ်တဲ့နေ့ဆိုတာ မရှိပါဘူး။ ဖြစ်တဲ့အကြိမ်ကလည်း တစ်ခါတလေဖြစ်တာမဟုတ်ပါဘူး။ နေ့စဉ်နေ့တိုင်းမှာ အကြိမ်များစွာ ထပ်ခါထပ်ခါဖြစ်နေတာပါ။

www.dhammadownload.com

လိုချင်မှုလောဘဘက်က ကြည့်လိုက်လို့ရှိရင် ပယ်ရမယ့် လောဘ ကိလေသာဟာ အပြည့်အဝကို ရှိနေပါတယ်။ ပယ်ရမယ့်ကိလေသာအပေါ်မှာ ဘာမှမပယ်နိုင်သေးဘဲ မရှိသင့်တဲ့ကိလေသာတွေ အပြည့်ရှိနေတယ်ဆိုတာ ထင်ထင်ရှားရှားတွေ့ရမှာပါ။

နောက်တစ်မျိုးကျတော့ ဒေါသဆိုတဲ့ ကိလေသာပါ။ စိတ်ဆိုးတာ၊ အလိုမကျ၊ စိတ်တိုင်းမကျတာ၊ မကျေနပ်နိုင်အောင်ဖြစ်နေကြတာဟာ ဒေါသကြောင့်ပါ။ ဒေါသတွေလည်း အဆင်မပြေမှုနဲ့ တွေ့ကြုံတိုင်း မကြာခဏဖြစ်တတ်ကြလို့ ဒေါသရှိနေမှန်း သိသာပါတယ်။

နောက်တစ်မျိုးက မောဟကိလေသာပါ။ အမှန်ကိုမသိတဲ့ မောဟ၊ အမှန်တရားကို မမြင်နိုင်တဲ့ မောဟတွေလည်း ဘုန်းကြီးတို့ပရိသတ်မှာ နည်းနည်းမှကို မလျော့သေးတာ သေချာပါတယ်။ ဒါကြောင့် တရားနဲ့ဝေးသူတွေဟာ ဒေါသတွေကြီး၊ လောဘတွေလည်းကြီး၊ မောဟတွေလည်းကြီးနေကြပါတယ်။ မထားရဘူး၊ မရှိသင့်ဘူးဆိုတဲ့ ကိလေသာတွေ အပြည့်အဝရှိနေကြပါတယ်။

တရားမသိသူရဲ့နေ့စဉ်ဘဝဟာ လောဘနဲ့ဆိုးနေကြ၊ ဒေါသနဲ့ဆိုးနေကြ၊ မောဟနဲ့ဆိုးနေကြတာကို ဆိုးသွမ်းသောင်းကျန်းနေတဲ့ လောဘ၊ ဒေါသ၊ မောဟကိလေသာတွေ ရှိနေတယ်လို့ ကိုယ့်ကိုယ်ကိုယ် ဆိုးမှန်းသိရင်တော်ပါတယ်။ ကိလေသာတွေကို ပယ်ရမယ်လို့ သိတယ်ဆိုရင်ပဲ အများကြီးတော်သွားပါတယ်။

ဉာဏ်အမြင်ကျယ်တဲ့ ကလျာဏပုထုဇဉ်ဟာ ပယ်ရမှာကို ပယ်ရကောင်းမှန်းသိပါတယ်။ အနှစ်ပုထုဇဉ်၊ ဉာဏ်မယှဉ်တဲ့ ပုထုဇဉ်၊ ဉာဏ်မရှိတဲ့ ပုထုဇဉ်ကျတော့ ပယ်ရမယ်ဆိုတာတောင်မှ မသိပါဘူး။ ငါ ဒီစိတ်မျိုးတွေဖြစ်နေတယ်၊ လောဘတွေဖြစ်နေတယ်၊ ဒေါသတွေဖြစ်နေတယ်၊ မောဟတွေဖြစ်နေတယ်။ ဒါတွေကိုပယ်ရမယ်လို့ မသိတဲ့သူတွေ အများကြီးရှိပါတယ်။ ပိုဆိုးတဲ့သူတွေ အများကြီး ရှိပါသေးတယ်။

www.dhammadownload.com

ဒါပေမဲ့ ကိုယ့်ကိုယ်ကိုယ်တော့ သိထားရပါမယ်။ ငါတို့လို တရားဝေးနေသူတွေဟာ တယ်ဆိုးပါလား။ တယ်အပြစ်များပါလား။ ကိလေသာဘက်ကို အမြဲတမ်းကို တိုးဝင်နေကြပါလားလို့ သတိထားရပါမယ်။

www.dhammadownload.com

အစွဲကြီး စွဲနေသူများ

တရားနဲ့မနီးစပ်သူဟာ ငါဥစ္စာလို့လည်း စွဲတယ်။ ငါ့ကိုယ်လို့လည်း စွဲတယ်။ ငါလို့လည်း စွဲတယ်ဆိုတဲ့ အစွဲသုံးမျိုးရှိပါတယ်။

ငါဥစ္စာဆိုတာက ဥစ္စာပစ္စည်းတွေအပေါ်မှာ တဏှာနဲ့စွဲတာပါ။ ငါ့အိမ်, ငါ့ယာ, ငါ့လယ်, ငါ့ပစ္စည်း, ငါ့စိန်, ငါ့ရွှေ, ငါ့ငွေ, ငါ့လုပ်ငန်းဆိုတာတွေကို တက်မက်မှုတဏှာနဲ့ စွဲနေကြတာပါ။ သေသေချာချာ စဉ်းစားကြည့်လိုက်လို့ ရှိရင် ဒီပစ္စည်းဥစ္စာတွေသည် ကိုယ်ပိုင်တဲ့၊ ကိုယ်ဆိုင်တဲ့ပစ္စည်း အစစ်အမှန်လို့ ဘယ်သူမှမပြောနိုင်ကြပါဘူး။ တစ်ဘဝတာအတွက် ခဏသုံးနေကြရတာပါ။ ထာဝရကိုယ်ပိုင်တယ်လို့ ဘာတစ်ခုမှမရှိပါဘူး။

တစ်ချိန်ချိန်ကျလို့ရှိရင် ဒီပစ္စည်း၊ ဒီဥစ္စာတွေအားလုံးကို ချန်ထားခဲ့ရမှာပါ။ ပစ္စည်းကလည်း ကိုယ့်ကိုစွန့်ချင်စွန့်သွားမယ်။ ကိုယ်ကလည်း ပစ္စည်းကို စွန့်ချင်စွန့်ရမယ်။ အမြဲထာဝစဉ် လက်တွဲနေလို့၊ ဆုပ်ကိုင်ထားလို့ မရပါဘူး။ ကိုယ့်သဘောကျယူသွားချင်လို့မဖြစ်ပါဘူး။

www.dhammadownload.com

ဒီတော့ ကိုယ်ပိုင်တယ်လို့ပြောရင် မှားပါလိမ့်မယ်။ ခဏ ကိုယ့်ဆီ ရောက်နေပြီးရင် သူ့လမ်းသူသွားကြရပါမယ်။ ခဏ ကိုယ့်ဆီရောက်နေတာကို ငှါးငှါးစွာဆိုပြီးတော့ စွဲနေတာဟာ တရားမမြင်သူတို့ရဲ့ အမှားပါ။ အဲဒီအမှားကြီးနဲ့စွဲနေတာ တရားမမြင်တဲ့ ပုထုဇဉ်တွေပါပဲ။

နောက်တစ်မျိုးက ငါတော်တယ်၊ ငါတတ်ပါယ်၊ ငါသိတယ်၊ ငါနားလည်တယ်လို့ မာနနဲ့စွဲနေကြပြန်ပါသေးတယ်။ လူချင်းလူချင်း ယှဉ်လိုက်လို့ရှိရင် ကိုယ်ပဲသာတယ်လို့ထင်တယ်။ သူနဲ့ကိုယ်နဲ့ယှဉ်လိုက်လို့ရှိရင် ကိုယ်ပဲတော်တယ်လို့ ထင်တယ်။ ဟုတ်တယ်၊ မဟုတ်တယ် အပထား။ ကိုယ့်စိတ်က ထင်ပါတယ်။ ယောဂီချင်း ယောဂီချင်းတောင် စိတ်ထဲကယှဉ် နေသေးတယ်။ "ဟိုယောဂီက တကယ်အားမထုတ်ဘူး။ ငါက တကယ်အားထုတ်တယ်။ ကြည့်စမ်း၊ ဟိုယောဂီက စကားတွေများနေလိုက်တာ။ ငါတို့က စကားမပြောဘူး" ယောဂီတွေ အဲဒီလို စိတ်ထဲကဖြစ်နေပါတယ်။ မာနနဲ့ဖြစ်နေတာပါ။

"ငါကတော့ တကယ်တရားလိုချင်တယ်။ တကယ် တရားရအောင် လည်း ကြိုးစားနေတယ်။ သူတို့ကတော့ အလကားပါ။ ဟုတ်တာ မဟုတ်ဘူး။ တရားလိုချင်လို့လာအားထုတ်တာ မဟုတ်ဘူး" လို့ သူများကိုကျတော့ အောက်ချထားတယ်။ ကိုယ့်ကိုယ်ကိုယ်ကျတော့ မြှင့်တင်ထားပါတယ်။

အဲဒီအစွဲသုံးမျိုးကို နာမည်တစ်ခုနဲ့ပြောကြစို့ဆိုရင် ပပဉ္စတရားလို့ ခေါ်ပါတယ်။ ပပဉ္စတရားဆိုတာ သံသရာနယ်ပယ်ကျယ်သထက်ကျယ်အောင်လို့ ချဲ့တဲ့သဘောပါ။ သံသရာအဆုံးဖြစ်တဲ့ နိဗ္ဗာန်ကို ဘာဖြစ်လို့မရောက်တာလဲဆိုရင် သံသရာနယ်တွေကို ချဲ့နေကြလို့မရောက်တာပါ။ သံသရာနယ်တွေကို ကျယ်သထက်ကျယ်အောင် ချဲ့နေကြရင် နိဗ္ဗာန်နဲ့ ဝေးသည်ထက်ဝေးသွားမှာပါ။

ဒီအစွဲသုံးမျိုးကို နည်းနည်းမှမကျန်အောင် ပယ်ရမှာပါ။ အခုရုပ် - ရုပ်၊ နာမ် - နာမ်လို့ ကမ္မဋ္ဌာန်းပေးပြီးတော့ ရှုခိုင်းပါတယ်။

ကိုယ်နဲ့ဆက်စပ်သမျှသည် ရုပ်တရား၊ စိတ်နဲ့ဆက်စပ်သမျှသည်

www.dhammadownload.com

နာမ်တရား။ ကိုယ်ထဲမှာဖြစ်နေတာသည် ရုပ်တရား၊ စိတ်ထဲမှာဖြစ်နေတာသည် နာမ်တရား။ ကိုယ်ပေါ်မှာ ပေါ်နေတာသည် ရုပ်တရား၊ စိတ်ထဲမှာဖြစ်နေတာသည် နာမ်တရားလို့ ရှုနေခြင်းအားဖြင့် တဖြည်းဖြည်းနဲ့ ရုပ်နဲ့နာမ်ကို မြင်လာပါတယ်။

တရားကျင့်သူတွေ တရားအားထုတ်ရင်၊ ဝိပဿနာရှုရင် ဝိပဿနာရဲ့ အရှုခံအာရုံဖြစ်တဲ့ ရုပ်နာမ်ကိုမြင်နေရပါတယ်။ ရုပ်နာမ်မြင်မှ ဝိပဿနာအမြင်မှန်ပါတယ်။

တချို့ယောဂီတွေက ဘုန်းကြီးကို တရားလျှောက်တဲ့အခါ လာလာပြီးတော့ လျှောက်တတ်ပါတယ်။ "အရှင်ဘုရား၊ တပည့်တော် ဘာမှလည်းမမြင်သေးဘူး" တဲ့။ သူ ဘာမြင်ချင်နေလဲ မသိပါဘူး။ အခုရှုနေတာ ဘာကို ရှုနေတာလဲဆိုရင် ရုပ်နာမ်ကိုရှုနေတာပါ။ ဘာမြင်ရမှာလဲဆိုရင် ရုပ်နာမ်မြင်ရမှာပါ။

တချို့ယောဂီတွေ သူများပြောသံကြားနဲ့ တရားအားထုတ်လို့ရှိရင် ဘုရားရှင်ကြွလာတယ်၊ ရဟန္တာတွေ ကြွလာတယ်၊ ဘုရားလည်းပဲ ဖူးရတယ်၊ စေတီတွေလည်းပဲ ဖူးရတယ်။ နတ်ပြည်ရောက်သွားတယ်။ နတ်သားတွေ တွေ့တဲ့သူ တွေ့တယ်။ နတ်သမီးတွေ တွေ့တဲ့သူတွေ့တယ်။ တချို့က ဘီလူးသရဲတွေ့တယ်လို့ကြားဖူးတော့ ယောဂီတွေလည်း သူများတွေလို တွေ့ချင်ကြပုံရပါတယ်။

တပည့်တော်တို့ကတော့ ဘာမှလည်း မမြင်သေးဘူးတဲ့။ အဲ့ဒါတွေမြင်ရဖို့ အဓိကလား၊ ရုပ်နာမ်မြင်ရဖို့ အဓိကလားလို့ဆိုရင် ရုပ်နာမ်မြင်ဖို့က အဓိကပါ။

ဝိပဿနာတရား အားထုတ်စဉ်မှာ ရုပ်နာမ်ပဲမြင်ရပါမယ်။ တခြားအာရုံတွေပေါ်လာရင်လည်း နှလုံးမသွင်းဘဲနဲ့ ကိုယ်ရှုနေတဲ့ ရုပ်နာမ်ကိုပဲ ဆက်ပြီးတော့ ရှုမှတ်နေရပါမယ်။ ဒီလို ရှုမှတ်ခြင်းအားဖြင့် ငါ့ကိုယ်ဆိုတဲ့ ဒိဋ္ဌိအစွဲပျောက်သွားပါတယ်။

ဆုပြည့်စုံထွန်းစာပေ

www.dhammadownload.com

တစ်လောကလုံးရုပ်နာမ်ပဲရှိပါတယ်လို့မြင်တာ အမြင်မှန်ပါ။ တရားသိမြင်တဲ့ အရိယာပုဂ္ဂိုလ်တွေမြင်နေတာ ဒီအတိုင်းမြင်နေကြပါတယ်။ ငါ၊ သူတစ်ပါး၊ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ယောကျ်ား၊ မိန်းမဆိုတဲ့အမြင်မျိုးအရိယာတွေမှာ မရှိပါဘူး။

တရားရှုတယ်ဆိုတာ အမှန်မြင်အောင်ကျင့်နေတာပါ။ ရုပ်နာမ်မြင်လိုက်တာနဲ့တစ်ပြိုင်နက် ငါ့ကိုယ်ဆိုတဲ့အမြင် မရှိတော့ပါဘူး။ ရုပ်နဲ့နာမ်ပဲရှိတယ်။ တကယ်သဘောပေါက်သွားရင် ငါဆိုတာ မရှိတော့ပါဘူး။ ငါဆိုတာ မရှိတော့ရင် မာနစွဲလည်း ပျောက်သွားပါတယ်။ ငါဆိုတာမှမရှိလို့ရှိရင် ငါပိုင်တဲ့ဥစ္စာပစ္စည်းတွေဆိုတဲ့ အမြင်မျိုးလည်း မရှိတော့ပါဘူး။ ငါ့လက်, ငါ့ခြေ, ငါ့ခေါင်းဆိုတာလည်း မရှိတော့ပါဘူး။ ဘာရှိသေးလဲဆိုရင် ရှုမှတ်နေတဲ့ အရှုခံရုပ်နာမ်ပဲ ရှိပါတော့တယ်။

ရုပ်ကလည်း ရုပ်ရဲ့အလုပ်ကိုလုပ်နေတယ်။ နာမ်ကလည်း နာမ်ရဲ့အလုပ်ကို လုပ်နေတယ်။ ရုပ်နဲ့နာမ် နှစ်ခုပေါင်းစပ်ပြီးတော့ လှုပ်ရှားနေတယ်၊ သွားလာနေတယ်၊ စားသောက်နေတယ်၊ နေထိုင်နေတယ်၊ တကယ့်အရင်းခံသဘာဝကြည့်လိုက်တော့ ရုပ်နာမ်သာရှိတယ်လို့ မြင်ရင် အမြင်မှန်ပါ။

ဒီလိုမှမမြင်နိုင်ဘဲနဲ့ တကယ်၊ ဒိဋ္ဌိ၊ မာနအစွဲတွေရှိနေလို့ရှိရင် အမြင်မှားပါ။ တရားရတယ်ဆိုတာ သည်အမြင်မှန်နဲ့မှ ရတာပါ။ အမြင်မမှန်ရင် တရားမှန် မရနိုင်ပါဘူး။ တရားရချင်တယ်ဆိုရင် အမြင်မှန်အောင် ကျင့်ရမှာပါ။ ပထမဦးဆုံး အရှုခံဖြစ်တဲ့ ရုပ်နဲ့နာမ်ကို သေသေချာချာ မြင်အောင်ကြည့်ရမှာပါ။ တခြား ဘာမှလိုက်မရှာပါနဲ့။ လိုက်ရှာရမှာ မဟုတ်ပါဘူး။ မြင်အောင်ကြည့်ရမှာပါ။

ခန္ဓာမှာရှိတဲ့ ရုပ်နာမ်၊ ကိုယ်နဲ့ဆက်စပ်နေတာ ရုပ်တရား၊ စိတ်နဲ့ဆက်စပ်နေတာ နာမ်တရား။ ကိုယ်မှာဖြစ်နေတာက ရုပ်တရား၊ စိတ်မှာဖြစ်နေတာက နာမ်တရား။ ကိုယ်မှာပေါ်နေတာ ရုပ်တရား၊ စိတ်မှာပေါ်နေတာ

www.dhammadownload.com

နာမ်တရားလို့သိသွားရင် ဘုန်းကြီးတို့ပရိသတ် တော်တော်လေး တရားမြင်သွားပါပြီ။

www.dhammadownload.com

သံသရာလည်ဖို့သာ

တရားနဲ့ဝေးသူတွေ ပြုနေလုပ်နေတာကိုကြည့်လိုက်ရင် သံသရာဝဋ်ဆင်းရဲမှာ ဖြစ်ဖို့ကိုသာ ပြုနေကြပါတယ်။ သံသရာလည်ဖို့ကိုသာ ပြုလုပ်နေကြတယ်လို့တွေးရမှာပါ။ဝဋ်ဆိုတာလည်နေတဲ့သဘောပါ။သံသရာဆိုတာ ဘဝတွေ အဆက်မပြတ်အောင် ဆက်စပ်နေတာပါ။ သံသရာဝဋ်တွင်းမှာ အိုခြင်း၊ နာခြင်း၊ သေခြင်းသဘောတွေ မရပ်မနား ချာချာလည်နေပါတယ်။ ဆက်ကာဆက်ကာ ဖြစ်နေပါတယ်။

အသက်ကြီးလို့ အိုမင်းမစွမ်းဖြစ်လာရင် ဒုက္ခရောက်ပါတယ်။ ငယ်ငယ်တုန်းကဆို ကိုယ့်သဘော၊ ကိုယ့်အကြိုက် နေနိုင်သေးတယ်။ အခု နေလို့မရတော့ဘူး။ နေလို့မကောင်းဘူး။ ထိုင်လို့ မကောင်းဘူး။ သွားလို့လာလို့၊ စားလို့သောက်လို့ မကောင်းဘူး။ အိပ်လို့လည်း မကောင်းဘူး။ ဘာတစ်ခုမှ မကောင်းတော့ဘူးဆိုပြီး မကောင်းတာတွေ ဖြစ်နေတာဟာ အိုတဲ့ဒုက္ခပါ။

အိုတဲ့ဒုက္ခတင် မကသေးပါဘူး။ ဒီဘဝရလာပြီဆိုလို့ရှိရင် နာရတဲ့ဒုက္ခ ရှိပါသေးတယ်။ ခန္ဓာရှိရင် အနာရောဂါ မကင်းပါဘူး။ ခန္ဓာကြီး ဖောက်

www.dhammadownload.com

ပြန်တဲ့အချိန်မှာ တစ်ခုမဟုတ်တစ်ခု၊ တစ်မျိုးမဟုတ်တစ်မျိုး ချောဂါတွေ ဖြစ်လာပါတယ်။ အိုရတာ ဒုက္ခဖြစ်သလို၊ နာရတာလည်း ဒုက္ခဖြစ်ပါတယ်။ ဒီလိုဆိုရင် မအိုအောင်၊ မနာအောင်လုပ်ကြစို့ဆိုတော့လည်း မရပါဘူး။ အိုရုံ နာရုံနဲ့ပြီးကြစို့ဆိုတော့လည်း မရပါဘူး။ အိုပြီး၊ နာပြီးရင် သေရမှာပါ။ သေရ တာလည်း ဆင်းရဲပါတယ်။

ဘဝတစ်ခုမှာ အစကနေအဆုံး သေသေချာချာမြင်ကြည့်လိုက်ရင် ဘဝအစကလည်း ဆင်းရဲတယ်။ ဘဝအလယ်ကလည်း ဆင်းရဲတယ်။ ဘဝ အဆုံးကလည်း ဆင်းရဲပါတယ်။ တစ်ဘဝလုံး ချမ်းသာတယ်ဆိုတာ မရှိပါ ဘူး။

ချမ်းသာနိုး၊ ချမ်းသာနိုးနဲ့ မျော်လင့်နေတာဖြည့်ဆည်းနေရတာတွေ သာ ရှိပါတယ်။ အမှန်က ဒုက္ခဆင်းရဲတွေသာ တစ်ခုပြီးတစ်ခု ချာချာလည်နေ တာပါ။ ဒုက္ခဆင်းရဲတွေ ချာချာလည်နေတာသည် သံသရာဝဋ်ဆင်းရဲပါ။

သံသရာဝဋ်ထဲမှာပဲ ချာချာလည်နေအောင် ဖန်တီးပြုလုပ်နေတာ ဟာ တရားနဲ့ဝေးသူတွေပါ။ ဒုက္ခထဲမှာနေချင်တာဟာ အရိယာမဖြစ်သေး တဲ့ပုထုဇဉ်တွေပါ။ ဒုက္ခထဲမှာပျော်နေတာဟာတရားနဲ့ဝေးလွန်းလို့ပါ။ ဒီလောက် ဒုက္ခများတဲ့ဘဝ၊ ဒုက္ခလွတ်ကြောင်းတရား ရှာပါလားလို့ဆိုတော့ မရှာပါဘူး။

တရားအားထုတ်လိုက်လို့ရှိရင်၊ တရားရှာလိုက်လို့ရှိရင် သူတို့ ဆင်းရဲဝဋ်ကျွတ်သွားမှာစိုးလို့ "နေပါဦး၊ နောက်မှ အားထုတ်တာပေါ့။ စောပါ သေးတယ်။ အချိန်ရှိပါသေးတယ်။ နောက်မှကျင့်တာပေါ့" လို့ အချိန်ဆွဲနေ တတ်ကြပါတယ်။ အချိန်ဆွဲတာဟာ ဒုက္ခနဲ့နေချင်လို့ဆိုတဲ့ သဘောပါ။ နေချင် လို့နေနေကြတာဆိုတော့ ဘာပြောနေစရာမှ မလိုတော့ပါဘူး။ နေချင်လို့ နေ နေကြတာ။ မနေချင်လို့ရှိရင် ဒုက္ခလွတ်ကြောင်းတရားတွေ လိုက်နာကျင့်သုံး ဖို့မြတ်စွာဘုရားက ဟောထားပါတယ်။

ကျင့်ကြံတဲ့သူတွေလည်း တကယ်ပဲ သံသရာဝဋ်က လွတ်သွားကြ ပါတယ်။ လွတ်အောင်လုပ်လို့လည်း ရပါတယ်။ ဒါပေမဲ့ မလုပ်ပါဘူး။ ဖြစ်နေ

www.dhammadownload.com

သမျှ၊ လုပ်နေသမျှကို ကြည့်လိုက်မယ်ဆိုရင် ဝဋ်ဆင်းရဲမှာဖြစ်ဖို့ကိုသာလျှင် အမြဲတမ်းပြုနေတာသည် တရားမမြင်သူပါ။

တရားမမြင်သူတွေ တစ်နေ့တစ်နေ့ လုပ်နေတဲ့အလုပ်မှန်သမျှဟာ သံသရာဝဋ်လည်ဖို့သာ များပါတယ်။ အခုလည်းပဲ လည်နေတာပါ။ လည်နေရင်းနဲ့ကို ထပ်လည်ချင်နေကြပါသေးတယ်။ အခုလည်းပဲ လက်ရှိမှာ ဒုက္ခတွေရှိပါတယ်။ ဒုက္ခတွေရှိရဲ့သားနဲ့ ဒုက္ခကိုသာ ထပ်လိုချင်နေကြပါတယ်။ ဒီဘဝပြီးရင် နောက်တစ်ဘဝလာမှာ အသေအချာဆိုတော့ ဒီဘဝမှာလည်း ဒုက္ခ၊ နောင်ဘဝမှာလည်း ဒုက္ခရှိပါတယ်။ နောင်ဘဝမှာ ဒုက္ခမရောက်အောင် နိဗ္ဗာန်ရောက်အောင် ကျင့်မယ်လို့စိတ်ကူးမိသူ နည်းပါတယ်။ သေရောကြေရော နိဗ္ဗာန်ရောက်အောင် ကျင့်မယ်ဆိုတဲ့သူ ရှားပါတယ်။

တရားကျင့်တာတောင် အိပ်ကောင်း၊ စားကောင်းရှိအောင်၊ နေကောင်းထိုင်သာရှိအောင်လောက်ပဲ ကျင့်ဖို့စိတ်ကူးထားကြတယ်။ ဒီဒုက္ခတွေဟာ အခုလက်ရှိဘဝမှာလည်း ရှိနေသလို နောင်ကိုလည်း လာဦးမှာပါ။ ဒုက္ခတွေမရချင်ဘူး။ မလိုချင်ဘူးဆိုရင် သံသရာဝဋ်ကနေလွတ်ကြောင်းတရားကို ရှာရမှာပါ။ လွတ်လမ်းကိုရှာ၊ လွတ်အောင်ကျင့်ရမှာပါ။

လွတ်လမ်းကိုလည်း ဘုရားရှင်က ဟောပြီးသားပါ။ မဂ္ဂင်ရှစ်ပါးအကျင့်တရားသည်သံသရာလွတ်တဲ့လမ်းပါ။ သံသရာလွတ်တဲ့လမ်းကိုတောင် ကိုယ်ကိုယ်တိုင် ရှာစရာမလိုပါဘူး။ ဘုရားရှင် ရှာသွားပြီးပါပြီ။ "ကျွတ်လွတ်ချင်သူတွေ ဒီလမ်းကလျှောက်ကြ။ ငါဘုရားရှင်လည်း ဒီလမ်းကလျှောက်လှမ်းပြီးတော့ နိဗ္ဗာန်ကိုရောက်ပြီ။ ဒုက္ခတွေလွတ်သွားပြီ။ ဒီလမ်းကိုလိုက်ခဲ့ကြ" လို့ ညွှန်ပြသွားပါတယ်။ လမ်းကို တမင်တကာ ခဲခဲယဉ်းယဉ်း မရှာရတော့ပါဘူး။ အဲဒီတော့ လွတ်အောင်ကျင့်ဖို့ပဲ ကျန်ပါတော့တယ်။

ဒကာတစ်ယောက်က ဘုန်းကြီးကိုလျှောက်ဖူးပါတယ်။ သူဘာလို့ တရားမရတာပါလဲတဲ့။ တရားအားထုတ်ချိန်မှာ တရားရဲ့အနှောင့်အယှက်သည် စကားပါ။ တရားမရအောင် ဘယ်သူလုပ်တာလဲဆိုရင် စကားကလုပ်

www.dhammadownload.com

ပါတယ်။ စုပေါင်းအားထုတ်တဲ့နေရာက ပြန်သွားပြီးတော့ ကိုယ့်အဆောင်မှာ တစ်ယောက်နဲ့တစ်ယောက် ဟိုအကြောင်း၊ ဒီအကြောင်း ပြောချင်ရာ ပြောလို့မရပါဘူး။ ပြောချင်တာတွေပြောတော့ စိတ်အာရုံကလည်း ပြောတဲ့စကားနောက်ကို ပါသွားပါတယ်။

ရှေးကလူကြီးတွေပြောသွားခဲ့တဲ့ စကားရှိတယ်။ စကားနောက် တရားပါတဲ့။ စကားနောက် တရားပါသွားပါတယ်။ စကားပြောလိုက်တာနဲ့ တစ်ပြိုင်နက် အားထုတ်ထားတဲ့သမာဓိတွေ ပါသွားပါပြီ။ အားထုတ်လို့ မြင်လိုက်တဲ့ဉာဏ်တွေ ပျက်စီးကုန်ပါပြီ။

နောက်ယောဂီတစ်ယောက်က ဘုန်းကြီးကို မေးတယ်။ "အရှင်ဘုရား၊ တပည့်တော် တကယ်တရားလိုချင်တယ်ဘုရား။ ဘာဖြစ်လို့ တရားမရလဲ သိလည်းသိချင်တယ်ဘုရား"တဲ့။

ဘုန်းကြီးက သူ့ကို နှစ်ခုပဲပြောတယ်။ ဒကာကြီး တရားအားထုတ်တဲ့အချိန်တွေမှာ ငိုက်နေတာ၊ ပျင်းရိနေတာနှစ်ခုကို ပယ်လိုက်ရင် တရားရပြီ။ တရားအားထုတ်၊ တရားအလုပ်ကို လုပ်နေတဲ့အချိန်မှာတောင်မြင်နေရတယ်။ တချို့ယောဂီတွေ စကားမပြောဘူး။ ဘာလုပ်နေကြလဲ။ ငိုက်နေကြတယ်။

ဒီမှာ တရားအားထုတ်ပြီဆိုရင် သူတို့ကို အိပ်ဖို့များခေါ်တယ်ထင်နေလားတော့ မသိဘူး။ ယောဂီတွေ တချို့က လာလာပြီးတော့ ငိုက်နေတယ်။ ဘုန်းကြီးက ပလ္လင်ပေါ်ကထိုင်ပြီးတော့ ယောဂီတွေ ဘယ်လိုကျင့်၊ ဘယ်လိုအားထုတ်၊ ဘယ်လိုနှလုံးသွင်း ပြောနေတယ်။ သူတို့က ဂရုလည်း မစိုက်ဘူး။ ငိုက်နေကြတယ်။ ဘုန်းကြီးပြောတာကိုကြားရဲ့လားမသိဘူး။ ငိုက်နေတဲ့အချိန်မှာ ယောဂီတွေဘာပြောပြော မကြားတော့ဘူး။

ဘုန်းကြီးက ပြောချင်ရာပြော သူတို့က ငိုက်ချင်သလိုငိုက်မှာ။ ကြိုက်မရှက်၊ ငိုက်မရှက်၊ ငတ်မရှက်တဲ့။ ကျန်တာတွေတော့ ဘုန်းကြီး မသိပါဘူး။ ငိုက်ရင်မရှက်တာတော့ ကျိန်းသေပါတယ်။ ငိုက်နေရင် တရားမမြင်ပါဘူး။

www.dhammadownload.com

နောက်တစ်ခုတရားမရတဲ့အကြောင်းကပျင်းနေရင်လည်းပဲတရား မရပါဘူး။ ပျင်းနေရင် တရားမှမဟုတ်ဘူး။ တခြားအလုပ်တွေ ဘာပဲလုပ်လုပ် စီးပွားရှာသူ၊ ပညာသင်သူတွေမှာကော ပျင်းရင် စီးပွားမဖြစ်ပါဘူး။ ပညာ မရပါဘူး။ အပျင်းတရားကလည်းပဲ တရားမရအောင် နောင့်ယှက်တယ်။

ဒီတော့ ကိုယ့်ကိုယ်ကိုယ် ပြန်သတိထားပေါ့။ ငါအားထုတ်နေတာ ဘာလိုလဲ။ ငါဘယ်လိုဖြစ်နေသေပေါ့။ ငါစကားတွေကော မပြောဘဲနေနေလား။ ငါမငိုက်အောင် ကျင့်နေရဲ့လား၊ ငါအပျင်းတရားတွေကို နိုင်ပြီလားပေါ့။ ဒါတွေ သိဖို့လိုပါတယ်။ အားထုတ်နေတာ၊ ကျင့်နေတာဟာ အလကားမဟုတ်ပါဘူး။ ဝဋ်ဆင်းရဲလွတ်ဖို့၊ ဒုက္ခတွေလွတ်ဖို့၊ စားကာသောက်ကာ၊ သွားကာလာကာ၊ ပျော်ကာပါးကာနဲ့နေလို့ရှိရင် ဝဋ်ဆင်းရဲဒုက္ခတွေက လွတ်မှာမဟုတ်ပါဘူး။

www.dhammadownload.com

ဘဝမျိုးစုံ ကျင်လည်

တရားမမြင်သေးတဲ့သူဟာ ဂတိငါးပါးမှာလှည့်ကာ ကျင်လည်ရပါတယ်။ ဂတိဆိုတာ လားရောက်ရမယ့် ဘဝပါ။ လက်ရှိလူ့ဘဝကနေပဲ အခြေခံထားပြီး စဉ်းစားကြည့်ပါ။ လူတစ်ယောက်သေပြီးရင် ရောက်နိုင်တဲ့ဂတိ၊ သွားရမယ့်လမ်း ငါးမျိုးရှိပါတယ်။ ရောက်ရမယ့် ဘဝငါးမျိုးရှိပါတယ်။

ဒေဝ, မနုဿ, နိရယ, ပေတနဲ့ တိရစ္ဆာန်တွေပါ။ ဒေဝဆိုတာ နတ်၊ မနုဿဆိုတာ လူ၊ နိရယဆိုတာ ငရဲ၊ ပေတဆိုတာ ပြိတ္တာ၊ တိရစ္ဆာန်ဆိုတာက တိရစ္ဆာန်ပါ။ အမြင့်ဆုံးကစကြည့်လိုက်ရင် လူတစ်ယောက်သေသွားပြီးရင် နတ်ပြည်လည်းပဲ ရောက်နိုင်တယ်။ လူသေပြီးသွားရင် နတ်ပြည်ဌာန၊ နတ်လောကမှာ ကောင်းကျိုးချမ်းသာ၊ စည်းစိမ်ချမ်းသာတွေနဲ့ ခံစားနေရတာတွေရှိပါတယ်။ စတုမဟာရာဇ်၊ တာဝတိံသာ၊ ယာမာ၊ တုသိတာ၊ နိမ္မာနရတိ၊ ပရနိမ္မိတဝသဝတ္တီ ဒီနတ်ပြည်တွေကိုလည်း သွားနိုင်ပါတယ်။ ဗြဟ္မာ့ပြည်ကိုလည်း ရောက်သွားနိုင်ပါတယ်။

www.dhammadownload.com

နောက်တစ်မျိုး လားရောက်နိုင်တဲ့ဂတိက မနုဿဂတိ လူ့ဘဝပါ။ လူတစ်ယောက်သေပြီးရင် လူလည်း ပြန်ဖြစ်နိုင်ပါတယ်။ လူသေတိုင်း လူဖြစ်တာမဟုတ်ပါဘူး။ ကုသိုလ်ကောင်းမှုတွေ ပြုတဲ့သူတွေ လူပြန်ဖြစ်တာပါ။

လူတစ်ယောက်သေသွားပြီးရင် အကုသိုလ်ကံတွေ ပြုထားမယ်။ ဒေါသ၊ မောဟတွေ သိပ်ကြီးမားမယ်ဆိုရင် ငရဲလည်းကျနိုင်ပါတယ်။ ငရဲဆိုတာ အမြဲတမ်း ဆင်းရဲဒုက္ခရောက်နေတဲ့ ဘဝမျိုးပါ။ အချိန်နှင့်အမျှ မိနစ်စက္ကန့်နဲ့အမျှ သူမှာ သက်သာခွင့်၊ ချမ်းသာခွင့်ဆိုတာ မရှိပါဘူး။ အမျိုးမျိုးနှိပ်စက်ခံနေရတယ်။ နည်းလမ်းပေါင်းစုံနဲ့ မစဉ်းစားရဲလောက်အောင်၊ မတွေးရဲလောက်အောင် ကြောက်စရာကောင်းတဲ့ဒုက္ခတွေ ခံနေရပါတယ်။ အဝိုင်းပိုင်းခုတ်ဖြတ်သတ်ခံနေရလည်း မသေနိုင်ပါဘူး။ မသေပေမဲ့လို့ မသေရုံတမည် ဆင်းရဲဒုက္ခတွေခံရပါတယ်။

လူ့ဘဝမှာ ဆင်းရဲဒုက္ခနဲ့ကြုံတယ်ဆိုတာက ကောင်းတစ်ခါ၊ ဆိုးတစ်လှည့်ရှိပါသေးတယ်။ ဒုက္ခဆိုတာရှိသလိုသုခဆိုတာလည်းပဲရှိသေးတယ်။ တစ်ခါတလေမှာ ချမ်းသာဆိုတာ လာပါသေးတယ်။ ဘယ်လောက်ဆင်းရဲတဲ့သူပဲဖြစ်ဖြစ် သူ့မှာ ပျော်ရွှင်ချိန်ဆိုတာတွေ၊ စိတ်သက်သာတဲ့အချိန်တွေရှိပါတယ်။

ငရဲကျတဲ့သူတွေမှာတော့အဲ့ဒီလိုလွတ်လပ်ခွင့်ရှိကိုမရှိပါဘူး။ အချိန်ပြည့် ဒုက္ခရောက်နေရပါတယ်။ အချိန်ပြည့် ဒုက္ခရောက်နေတာကို ငရဲလို့ခေါ်ပါတယ်။ လူတစ်ယောက် သေပြီးတဲ့အချိန်မှာ ငရဲကိုလည်း ကျနိုင်သလို တိရစ္ဆာန်နဲ့ပြိတ္တာဘဝကိုလည်း ရောက်နိုင်ပါတယ်။

ပြိတ္တာဘဝဆိုတာ အခုအနီးစပ်ဆုံးပြောရလို့ရှိရင် တချို့အစွဲအလမ်းတွေနဲ့ သားစွဲ၊ သမီးစွဲ၊ ပစ္စည်းစွဲပြီးသေတော့ မကျွတ်ပါဘူး။ ကိုယ့်မိသားစု၊ ဆွေမျိုးသားချင်းတစ်ယောက်ယောက် သေပြီးတော့မှ အိမ်မှာ သူ့အရိပ်အယောင်မြင်ရတာတို့၊ သူ့အသံကြားရတာတို့၊ ချွတ်ချွတ်ချွတ်ချွတ်နဲ့ ဟိုနား

www.dhammadownload.com

ဒီနား အသံပြုတာကို ရှိတတ်ပါတယ်။ အဲ့ဒီလို မကျတ်မလွတ်ဖြစ်နေတာဟာ ပြိတ္တာဘဝပါ။

ကျင်လည်ခဲ့တဲ့ ဘဝဟောင်းရဲ့အနီးအနားမှာပဲ တဝဲလည်လည် ဖြစ်နေပါတယ်။ သံယောဇဉ်မကုန်၊ အစွဲကြီးစွဲလမ်းတဲ့အတွက်ကြောင့် လွတ်ရာကျွတ်ရာကို မသွားနိုင်ပါဘူး။ မြင်တဲ့တွေ့တဲ့သူကတော့ သူ့ကို ကြောက်လန့်ကြပါတယ်။ ဘယ်လောက်ချစ်တဲ့သူပဲဖြစ်ဖြစ် သေသွားပြီးရင် ဘဝခြားသူကို မမြင်ချင်တော့ပါဘူး။ တချို့က သားသမီးစိတ်မချလို့တဲ့။ အဖေ၊ အမေတွေ ပြိတ္တာဖြစ်ပါတယ်။ တချို့သားသမီးတွေက မိဘစိတ်မချလို့တဲ့။ မိဘကို ချစ်လွန်းခင်လွန်းလို့ တချို့ကလည်း ပြိတ္တာဖြစ်တတ်ပါတယ်။

ပြိတ္တာဘဝဆိုတာ ဒုက္ခရောက်တဲ့ဘဝပါ။ သူများတွေမကြည့်ချင်တဲ့ ဘဝ၊ မမြင်ချင်တဲ့ဘဝ ရောက်နေရတာပါ။ ချစ်လို့ခင်လို့၊ စွဲလမ်းလို့ သူကတော့ဖြင့် သူဒီမှာရှိနေပါတယ်လို့သိအောင် အရိပ်အယောင်တွေ ပြပါတယ်။ မြင်တဲ့တွေ့တဲ့သူက မမြင်ရဲလို့ကြောက်လန့်ပါတယ်။ သူက ခြောက်တာမဟုတ်ပါဘူး။ ကိုယ်ကကြောက်နေတာပါ။ ဒါကို တစ္ဆေခြောက်တယ်၊ သရဲခြောက်တယ်လို့ ပြောနေတာပါ။

ဘယ်လောက်ချစ်တဲ့သူဖြစ်ဖြစ် သေပြီးရင် တစ်အိမ်ထဲအတူမနေချင်တော့ပါဘူး။ ဒီအိမ်မှာ သူရှိသေးတယ်။ မကျတ်ဘူး။ အသံတွေကြားနေရတယ်။ ခြေသံတရုပ်ရုပ်နဲ့ ကြားတာတို့၊ နောက်ဖေး လူရောက်နေတဲ့အချိန်အိမ်ရှေ့မှာ အသံဗလံမြည်တာတို့ဆိုရင် နေရထိုင်ရတာ အနေခက်ပါတယ်။ စိတ်ဆင်းရဲပါတယ်။ ပြိတ္တာတွေရဲ့ဘဝဟာ စားစရာလည်း မရှိပါဘူး။ ဝတ်စရာလည်း မရှိပါဘူး။ နေစရာလည်း မရှိပါဘူး။ ဘယ်သူကမှလည်း မချစ်မနှစ်သက်ပါဘူး။

လူတစ်ယောက်သေပြီးရင် တိရစ္ဆာန်ဘဝကိုလည်း ရောက်နိုင်ပါသေးတယ်။ လူသေပြီး တိရစ္ဆာန်ဖြစ်တာ ရှိပါတယ်။ တချို့ကျွဲဖြစ်တယ်၊ နွားဖြစ်တယ်၊ ခွေးဖြစ်တယ်၊ ကြောင်ဖြစ်တယ်၊ ကြက်ဖြစ်တယ်လို့ ရှိပါတယ်။

www.dhammadownload.com

တိရစ္ဆာန်ဘဝဟာ ပိုပြီးတော့တောင်မှ ဒုက္ခများပါတယ်။ ကြီးနိုင်ငယ်ညှင်း တစ်ကောင်နဲ့တစ်ကောင် သတ်ဖြတ်စားတာခံရတယ်။ အင်အားကြီးတဲ့ကောင်က အင်အားငယ်တဲ့အကောင်ကို အနိုင်ယူတယ်။ နိုင်တဲ့အကောင်က ရှုံးတဲ့အကောင်ကို စားတယ်။ နိုင်ရာစားလောကသည် တိရစ္ဆာန်လောကပါ။

ဒုက္ခရောက်တယ်ဆိုပေမဲ့လူတွေမှာ နေစရာရှိသေးတယ်။ ဝတ်စရာရှိသေးတယ်။ စားစရာကို ဖန်တီးနိုင်သေးတယ်။ အခု မိုးတွေရွာနေတယ်။ တချို့တိရစ္ဆာန်တွေ နေစရာ အသိုက်အဟုံတွေ မလုံခြုံဘူး။ စားစရာကို လူတွေက ကိုယ်တိုင်စိုက်ပြီးတော့ စားနိုင်တယ်။ သူတို့မှာ စိုက်ပျိုးစားနိုင်တဲ့ စွမ်းအင်စွမ်းအားတွေ မရှိပါဘူး။ အစာကို မနည်းရှာပြီးတော့ စားရတယ်။ မိုးတွင်းရေကြီးတဲ့အချိန် သတိထားကြည့်ပါတယ်။ ပုရွက်ဆိတ်တွေတက်လာပြီးတော့ စားသောက်စရာကိုဝိုင်းအုံနေတာ အလုအယက်ပါပဲ။ မိုးဦးကျကတည်းက ပုရွက်ဆိတ်တွေ စားစရာသောက်စရာကိုအုံ၊ အမြင့်တက်နေတာကို ကြည့်ခြင်းအားဖြင့် ဒီနှစ်ရေကြီးမယ်၊ ရေမြုပ်မယ် မှန်းလို့ရပါတယ်။

ဘဝငါးမျိုးမှာ လူဖြစ်တဲ့ဘဝ၊ နတ်ဖြစ်တဲ့ဘဝဟာ တော်ပါသေးတယ်။ ဒါကြောင့် ကောင်းရာသုဂတိလို့ ခေါ်ကြပါတယ်။ လူ့ဘဝဟာ၊ နတ်ဘဝဟာ သုဂတိဘဝပါ။ တိရစ္ဆာန်၊ ပြိတ္တာ၊ ငရဲဘဝသည် ဒုဂ္ဂတိဘဝပါ။

လူတစ်ယောက်ဟာကောင်းတဲ့ဘဝနေရာကို ရောက်သွားနိုင်သလို မကောင်းတဲ့ဘဝ နေရာကိုလည်းပဲ ရောက်သွားနိုင်ပါတယ်။ "ငါတို့ကတော့ သေသွားပြီးလို့ရှိရင် နတ်ပြည်ပဲသွားချင်တယ်" ဆိုပေမဲ့ ကုသိုလ်ရှိမှ သွားလို့ရပါတယ်။ "တခြားဘဝတွေ ဘယ်ဘဝမှမသွားချင်ဘူး။ ဘာမှလည်း မဖြစ်ချင်ဘူး။ လူပဲ ပြန်ဖြစ်ချင်တယ်" ဆိုလို့လည်း လက်တွေ့မှာ မလွယ်ပါဘူး။

တရားမမြင်သေး၊ မသိသေးတဲ့လူသားတစ်ယောက်ဟာ ဂတိငါးမျိုးလှည့်ပတ်ကာ လည်နေရပါတယ်။ တရားသိမြင်ပြီးသူတွေ သေချာသွားတာတစ်ခုကတော့ ဒုဂ္ဂတိဘဝကို မရောက်နိုင်တော့ပါဘူး။ ပုထုဇဉ်အဆင့်ကနေတစ်ဆင့်မြင့်သွားတဲ့သူက သောတာပန်ပုဂ္ဂိုလ်ပါ။ အရိယာထဲမှာ အနိမ့်ဆုံး

www.dhammadownload.com

အဆင့်ပေမဲ့ပုထုဇဉ်တွေထက်ကို တစ်ဆင့်မြင့်တဲ့ဘဝတစ်ခုပါ။ သောတာပန်ပုဂ္ဂိုလ်ရဲ့အားသာချက်က ဒုဂ္ဂတိဘဝက လွတ်သွားပါပြီ။ တရားအားထုတ်လိုက်လို့ သောတာပန်ဖြစ်သွားရင် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာဘဝတွေ မရောက်တော့ပါဘူး။

တရားမကျင့်၊ တရားအားမထုတ်ဘဲနဲ့ ပုထုဇဉ်ဘဝနဲ့နေမယ်ဆိုလို့ရှိရင် ငရဲလည်းကျနိုင်တယ်။ ပြိတ္တာလည်း ဖြစ်နိုင်တယ်။ တိရစ္ဆာန်လည်းဖြစ်နိုင်တယ်။

ဒီဘဝတွေ မရောက်ချင်ဘူးဆိုလို့ရှိရင် ပုထုဇဉ်ဘဝက လွတ်အောင် ကြိုးစားရပါမယ်။ တရားကျင့်ရပါမယ်။ ငရဲမကျအောင် ကယ်နိုင်တာတရားပဲ ရှိပါတယ်။ တိရစ္ဆာန်ဘဝဆိုးမျိုး မရောက်သွားအောင် ကယ်နိုင်တာ၊ စောင့်ရှောက်နိုင်တာ တရားပဲရှိပါတယ်။ လူတကာတွေက ကြောက်လန့်ရွံမုန်းတဲ့ ပြိတ္တာဘဝမျိုး မရောက်အောင်လည်းပဲ တရားကကယ်မှာပါ။ တရားမမြင်တဲ့ဘဝဟာ အောက်တန်းနောက်တန်းကျပါတယ်။ အားကိုးရာလည်း မဲ့ပါတယ်။ တရားမမြင်တဲ့အတွက်ကြောင့်မို့လို့ တရားမရှိသေးတဲ့အတွက်ကြောင့် အသေအချာ အားကိုစရာမရှိသေးပါဘူးလို့ ပြောရမှာပါ။

တကယ်တမ်းကြည့်လိုက်တော့ တကယ့်အားကိုးရာသည် တရားဓမ္မ၊ ကိုယ့်ရဲ့အားကိုးအားထားဖြစ်တဲ့ တရားဓမ္မကို မပျင်းမရိနဲ့ ကြိုးစားရှာမှရမှာပါ။ ကျင့်ကြံအားထုတ်နေတာဟာ သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ဖို့အတွက်ပါ။ ကိလေသာဆိုးတွေ ပယ်နိုင်ဖို့အတွက်ပါ။ ဝဋ်ဆင်းရဲကနေ လွတ်မြောက်ဖို့အတွက် ကျင့်မယ်လို့ ကြိုးစားပမ်းစားနဲ့ ကျင့်ဖို့လိုပါတယ်။

www.dhammadownload.com

ဆရာအမှား ကိုးကွယ်

တရားမမြင်တဲ့သူဟာ ဆရာအမှားကို ကိုးကွယ်မိတတ်ပါတယ်။ မှားမှန်းသိရက်နဲ့ ကိုးကွယ်တာတော့ မဟုတ်ပါဘူး။ အမှန်ထင်လို့ ကိုးကွယ်တာပါ။ တခြားမကြည့်ပါနဲ့။ ဖခမည်းတော်ဖြစ်တဲ့ ဗိမ္ဗိသာရမင်းကို ထီးနန်းစည်းစိမ်လိုချင်လို့ သတ်ဖြတ်ခဲ့တဲ့ အဇာတသတ်မင်းကိုပဲကြည့်ပါ။

အဇာတသတ်ရဲ့ဆရာက အရှင်ဒေဝဒတ်ပါ။ အဇာတသတ်ဟာ ဒေဝဒတ်ကို ဆရာတင်ပါတယ်။ ဒေဝဒတ်က ထူးဆန်းအံ့သြစရာကောင်းတဲ့ အခြေအနေ၊ ဈာန်တန်ခိုးတွေနဲ့ လှည့်စားတော့ တကယ့်ဆရာကောင်းပဲ၊ ဆရာစစ်ဆရာမှန်ပဲဆိုပြီးတော့ အသည်းစွဲကိုးကွယ်ဆည်းကပ်ပါတယ်။

ဆရာသမားရဲ့စကား တသွေမတိမ်းနားထောင်တဲ့ အဇာတသတ်ဟာ မြတ်စွာဘုရားရှင်ကို အရှင်ဒေဝဒတ်က သေကြောင်းကြံစည်ရာမှာလည်း ကူညီခဲ့ပါတယ်။ နောက်ဆုံးအင်မတန်မှကျေးဇူးကြီးတဲ့ ဖခင်ဗိမ္ဗိသာရမင်းကြီးကိုလည်း ညှဉ်းပန်းသတ်ဖြတ်ခဲ့ပါတယ်။

www.dhammadownload.com

တကယ်လို့သာ အဇာတသတ် ခမည်းတော်ဗိမ္ဗိသာရမင်းကိုသတ်တဲ့ပိတုဃာတကကံမထိုက်ခဲ့ဘူးဆိုရင်မြတ်စွာဘုရားနဲ့တွေ့တဲ့အခါဘုရားရှင်ဟောကြားတဲ့ သာမညဖလသုတ္တန်တရားကို နာကြားရချိန်မှာ အဇာတသတ်ဟာ အဲ့ဒီနေရာမှာပဲ သောတာပန်ဖြစ်မှာပါ။

ဖခင်ကိုသတ်ခဲ့တဲ့ ပဉ္စာနန္တရိယကံကြီးထိုက်နေတော့ တရားနာရပေမဲ့ အဇာတသတ် တရားမရရှာတော့ပါဘူး။ ခမည်းတော်သတ်ပြီးတဲ့နေ့ကစပြီးစိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲနဲ့ ညည၊ အိပ်မပျော်ပါဘူး။ ကြောက်စရာလန့်စရာ အိပ်မက်ဆိုးတွေလည်း တွေ့မြင်နေရပါတယ်။ အိပ်မယ်လို့ မျက်စိမှိတ်လိုက်တဲ့အခါမှာ မျက်စိတည့်တည့်ကို လုံနဲ့ထိုးသလိုမျိုး စူးစူးရှရှ ဆိုးဝါးကြမ်းတမ်းတဲ့ ရောဂါဝေဒနာတွေ ခံစားနေရပါတယ်။

ဘုရားရှင်ကိုဖူးမြင်ပြီး ဘုရား၊ တရားကို ကြည်ညိုကာ ကိုးကွယ်ရာအစစ်အမှန်ရရှိမှသာ တော်တော်တန်တန် သက်သာခွင့်ကိုရခဲ့တာပါ။ ဆရာစစ်၊ ဆရာမှန်တွေ့လို့ရှိရင် ကောင်းကျိုးချမ်းသာရသလိုပဲ ဆရားအမှားကို ကိုးကွယ်မိရင်လည်းပဲ ဆင်းရဲဒုက္ခတွေများပါတယ်။

တရားနဲ့ဝေးသူ၊ တရားမမြင်သူဟာ အားကိုးသင့်တဲ့ ဆရာစစ်၊ ဆရာမှန်ဟုတ်မဟုတ် ခွဲခြားဝေဖန်နိုင်တဲ့ အသိဉာဏ်နည်းပါတယ်။ သူများပြောတိုင်းလည်း ယုံလွယ်တတ်တဲ့အတွက် တစ်ဦးတစ်ယောက်က ယုံလောက်အောင်သွေးဆောင်ရင် အမှားဘက်ကို ပါသွားတတ်ပါတယ်။

တရားသိမြင် အရိယာဖြစ်သွားတဲ့ သုပ္ပဗုဒ္ဓဆိုတဲ့ နူနာရောဂါသည်အနာကြီးရောဂါသည်တစ်ယောက် ဘုရားလက်ထက်က ရှိခဲ့ဖူးပါတယ်။ တစ်နေ့မှာ တောင်းစားမယ်လို့မြို့ထဲအသွားတစ်နေရာမှာ လူစုလူဝေးကိုတွေ့ရတဲ့အခါ ထူးခြားမှုတစ်ခုခုတော့ ရှိမှာပဲလို့ ပရိသတ်အစွန်အဖျားက လှမ်းကြည့်လိုက်တော့ တရားဟောနေတဲ့ မြတ်စွာဘုရားကို ဖူးမြင်ရပါတယ်။ ဘုရားရှင်ဟောကြားတဲ့ တရားဓမ္မကို နာကြားရပြီးတော့ သုပ္ပဗုဒ္ဓအရိယာဖြစ်သွားပါတယ်။

www.dhammadownload.com

ဝမ်းသာအားရနဲ့ သူရရှိတဲ့ တရားထူးတရားမြတ်ကို ဘုရားရှင်ကို လျှောက်ထားချင်ပေမဲ့လို့ လူကြားထဲကို မတိုးရဲရှာပါဘူး။ ကိုယ်အင်္ဂါအစိတ်အပိုင်းတွေပျက်စီးပြီး အနာကြီးရောဂါနှိပ်စက်လို့ သူခမျာ အရင်က မချိမဆံ့ ဝေဒနာခံစားနေရတာပါ။

ဒါပေမဲ့တရားသိမြင်သွားပြီးဖြစ်တဲ့သုပ္ပဗုဒ္ဓဟာ တော်တော်တန်ခံနိုင်ရည်ရှိနေပါပြီ။ ပူလောင်နေတဲ့စိတ်တွေ အေးချမ်းနေပါပြီ။ အရိယာဖြစ်သွားတော့ ဘုရားစစ်၊ ဘုရားမှန်၊ တရားစစ်၊ တရားမှန်၊ သံဃာစစ်၊ သံဃာမှန်ဆိုတာ ဘယ်လိုဆိုတာလည်း နားလည်သွားပါပြီ။

ဘုရားရှင်ကို လျှောက်ထားမယ်လို့ သုပ္ပဗုဒ္ဓလာတဲ့အချိန်မှာ သိကြားမင်းက စုံစမ်းပါတယ်။ တရားသိပြီးနောက် သူရဲ့အနေအထားပုံစံတွေလည်း ပြောင်း၊ အချိုးတွေလည်း ပြောင်းသွားတယ်ဆိုတော့ အမှန်တကယ် တရားရှိမရှိ၊ သိမသိစမ်းသပ်ချင်လို့ သိကြားမင်းက သူ့ကိုပြောပါတယ်။

"သုပ္ပဗုဒ္ဓ . . . မင်းဟာ အင်မတန်ဆင်းရဲတဲ့သူ။ တောင်းစားနေရတဲ့သူပါ။ မင်းကို ငါသနားတယ်။ ဒုက္ခတွေရောက်နေတာလည်း ငါမကြည့်ရက်ဘူး။ ငါမင်းကို ကယ်တင်ချင်တယ်။ မ.စချင်တယ်။ ကယ်တင်ဖို့၊ မ.စဖို့ဆိုရင် တခြားတော့ မလိုပါဘူး။ ဘုရားကို ဘုရားမဟုတ်ဘူးလို့ ပြောရမယ်။ တရားကို တရားမဟုတ်ဘူးလို့ပြောရမယ်။ သံဃာကိုလည်းပဲ သံဃာမဟုတ်ဘူးလို့ပြောရမယ်။

ဘုရားကိုးကွယ်လို့ ဘာမှအကျိုးမရှိဘူး။ တရားနာကြားလို့ ဘာမှအကျိုးမရှိဘူး။ သံဃာဆည်းကပ်လို့ ဘာမှအကျိုးမရှိဘူးလို့သာ မင်းပြောမယ်ဆိုရင် တစ်သက်တာ သုံးမကုန်၊ စားမကုန်အောင် ပစ္စည်းဥစ္စာတွေ ငါပေးမယ်။ ငါ မ.စမယ်" လို့ သိကြားမင်းက ပြောပါတယ်။

တန်ခိုးအစွမ်းနဲ့ပြည့်စုံတဲ့ သိကြားမင်းက သုပ္ပဗုဒ္ဓကို ချမ်းသာအောင် ကယ်မ.မယ်ဆိုရင် ကယ်မ.နိုင်မယ့်အနေအထားရှိတာ သေချာပါတယ်။ အခု သူပြောခိုင်းတဲ့စကားက ဘုရား၊ တရား၊ သံဃာအပေါ် ကိုးကွယ် ယုံကြည်မှုကို

www.dhammadownload.com

စွန့်လွှတ်ခိုင်းတာပါ။ ပစ္စည်းဥစ္စာနဲ့ သိမ်းသွင်းဆွဲဆောင်နေ တာပါ။

ဒါပေမဲ့ ပစ္စည်းဥစ္စာမရှိပေမဲ့ သုပ္ပဗုဒ္ဓက "ဒီစကားမပြောနိုင်ပါဘူး။ သင်ဘယ်သူလဲ" လို့ပြန်မေးပါတယ်။ ငါသိကြားမင်းပါလို့ဆိုပြန်တော့ "သိကြားမင်းဖြစ်ဖြစ်၊ ဘာဖြစ်ဖြစ် ဒီလိုစကားမျိုးကိုတော့ဖြင့် ငါမပြောနိုင်ဘူး။ ငါ့ကို ဆင်းရဲတယ်မထင်ပါနဲ့။ သူတော်ကောင်းဥစ္စာတွေ၊ သူတော်ကောင်းရတနာတွေ ငါ့မှာအပြည့်အစုံရှိတယ်။ သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ၊ ဟီရိ၊ ဩတ္တပ္ပ တရားတွေ ငါ့မှာပြည့်စုံနေလို့ ငါဟာ လူမွဲလူဆင်းရဲတစ်ယောက်မဟုတ်ဘူး။ လူချမ်းသာပါ" လို့ သုပ္ပဗုဒ္ဓက ပြောလိုက်ပါတယ်။

လောကမှာ သုံးစွဲနေကြတဲ့ စိန်ရွှေငွေ၊ ကျောက်သံပတ္တမြားတွေ မချမ်းသာသော်လည်း သူတော်ကောင်းဥစ္စာ၊ သူတော်ကောင်းရတနာတွေ ရှိနေရင် လူချမ်းသာပါ။ စိန်ရွှေငွေရတနာ မရှိပေမဲ့ သူတော်ကောင်းရတနာတွေရှိနေရင် လူချမ်းသာပါ။ စိန်၊ ရွှေ၊ ငွေ ရတနာတွေရှိပေမဲ့ သူတော်ကောင်းရတနာတွေ မပြည့်စုံရင် လူမွဲပါ။ ပြောခိုင်းတဲ့အတိုင်း မပြောနိုင်ဘူးလို့ ငြင်းပယ်ပြီး သိကြားမင်းကို သုပ္ပဗုဒ္ဓက မောင်းထုတ်လိုက်ပါတယ်။

သုပ္ပဗုဒ္ဓလို ဘုရားမှတစ်ပါး ကိုးကွယ်ရာမရှိ၊ တရားမှတစ်ပါးကိုးကွယ်ရာမရှိ၊ သံဃာမှတစ်ပါး ကိုးကွယ်ရာမရှိလို့ ပြတ်ပြတ်သားသား ခိုင်ခိုင်မာမာနဲ့ ဘယ်လိုအခြေအနေနဲ့ကြုံကြုံ မတုန်မလှုပ် ကြည်ညိုနိုင်တယ်ဆိုတာဟာ တရားမြင်တဲ့အရိယာတွေပါ။

သာမန်လူတွေဆိုရင် ပါချင်ပါသွားဦးမယ်။ ပစ္စည်းဥစ္စာတွေ လှည့်ပတ်ဆွဲဆောင်လို့၊ ရပေါက်ရလမ်းတွေ မျှော်ကိုးလို့၊ စားဝတ်နေရေး ပြေလည်ချင်လို့ ရတနာသုံးပါးမှတစ်ပါး တခြားတခြားကို တချို့က ကိုးကွယ်ဆည်းကပ်သွားကြတာ ရှိတတ်ပါတယ်။

ဆရာအမှားကို ဆရာအမှန်အနေနဲ့ ကိုးကွယ်တတ်တာ တရားမမြင်တဲ့သူပါ။ တရားမရှိသေးရင် ကိုယ့်ကိုယ်ကိုယ် စိတ်ချလို့မရသေးပါဘူး။

www.dhammadownload.com

နှစ်နှစ်ကာကာ တရားမရှိသေးတော့ ရတနာသုံးပါးနဲ့တွေ့နေရတဲ့ ဒီဘဝမှာတော့ ရတနာသုံးပါးကို ယုံကြည်တဲ့၊ သက်ဝင်တဲ့၊ သဒ္ဓါတရားတွေနဲ့ ဒီတစ်သက်တော့ဖြင့် ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးမှတစ်ပါးတခြားမကိုးကွယ်တော့ဘူး။ တခြားတခြားကို မဆည်းကပ်တော့ဘူးဆိုပေမဲ့ ပုထုဇဉ်ဟာ နောက်နောင်ဘဝတွေမှာ တခြားဘာသာဝင်တစ်ယောက် ဖြစ်သွားနိုင်ပါသေးတယ်။ တခြားတခြားသော ဆရာသမား၊ တခြားတခြားသော တရား၊ တခြားတခြားသော သံဃာတွေကို ဆည်းကပ်ကိုးကွယ်တဲ့သူတစ်ယောက်ဖြစ်သွားနိုင်ပါသေးတယ်။ စိတ်မချရသေးပါဘူး။ သောတာပန်အရိယာအဆင့်ကို မရောက်မချင်း ဒီယုံကြည်မှုဟာ မခိုင်မာသေးပါဘူး။ မခိုင်မြဲသေးပါဘူး။

အရင်တုန်းကလည်းပဲ မှားချင်မှားလာနိုင်တယ်။ ခုမှန်နေပေမဲ့လို့ နောင်ကို မှားနိုင်ပါသေးတယ်။ ဘယ်တော့မှမမှားအောင် တရားမမှတ်ချင့်ကြံပြီးတော့ အရိယာအဆင့်ရောက်အောင် အားထုတ်ဖို့လိုပါတယ်။ ကိုးကွယ်ဆည်းကပ်တဲ့ ဆရာမှားသွားလို့ ဒီဘဝတင်မက တစ်သံသရာလုံး ဆင်းရဲဒုက္ခရောက်နိုင်တဲ့ အဖြစ်ဆိုးမျိုးကြုံနိုင်သေးတာသည် တရားမမြင်သူရဲ့အဖြစ်ပါ။

www.dhammadownload.com

ပူပန်စရာမျိုးစုံကြုံ

ပူပန်စရာ၊ စိတ်ဆင်းရဲစရာ၊ သောကရောက်စရာ အမျိုးမျိုးအဖုံဖုံနဲ့ တွေ့ကြုံခံစားနေရတာဟာ တရားနဲ့ဝေးလို့ပါ။ ပူပန်တယ်ဆိုတာ တခြားကြောင့်မဟုတ်ပါဘူး။ ကိလေသာကြောင့်ပါ။ စိတ်ပူပန်အောင် စိတ်အေးချမ်းမှုမရဘဲနဲ့ စိတ်ဆင်းရဲနေအောင် အမြဲတမ်းညှိုးနွမ်းပြီး အားငယ်ပင်ပန်းအောင် နိပ်စက်တတ်တာဟာ ကိလေသာပါ။

တရားမမြင်တဲ့သူဟာလောဘ၊မောဟတွေကြောင့်ပူလောင်ပင်ပန်းဆင်းရဲနေကြရပါတယ်။ "တစ်နေ့တစ်နေ့ အပူတွေများလိုက်တာ။ သောကဖြစ်စရာတွေများလိုက်တာ" လို့အကြောင်းရှာကြည့်လိုက်ရင် လိုချင်မှုအခြေခံပြီး လောဘကြောင့်ပူပါတယ်။ ချစ်ခင်နှစ်သက်မှုကြောင့် ပူလောင်ပါတယ်။ စွဲလမ်းမှုကြောင့် ပူပန်ရပါတယ်။ သားသမီးအတွက် ပူရတယ်။ ဇနီးခင်ပွန်းအတွက် ပူရတယ်။ စားဖို့ဝတ်ဖို့၊ နေဖို့အတွက်လည်း ပူရတယ်။ မအိပ်နိုင်ဘူး၊ မစားနိုင်ဘူး၊ စိတ်အေးချမ်းသာစွာနဲ့ မနေနိုင်ဘူးဆိုတာ လောဘကြောင့် ပူပင်နေကြရတာပါ။

www.dhammadownload.com

တစ်စုံတစ်ခုကိုအလိုမကျဘူးဆိုရင်လည်းပဲ ပူလောင်ပင်ပန်းဆင်းရဲနေရပြန်တယ်။ တစ်စုံတစ်ယောက်ကိုမကျေနပ်ဘူး။ ကိုယ့်စကားနားမထောင်လို့၊ ကိုယ်ပြောတဲ့အတိုင်းမလုပ်လို့ စိတ်ကဒေါသဖြစ်ပြီဆိုရင် စိတ်အစဉ်မှာ ပူပါတယ်။ ဒေါသမီးဟာ သူရောကိုယ်ပါ ပူစေတတ်ပါတယ်။ သူ့ကိုလောင်သလို ကိုယ့်ကိုယ်လည်း လောင်တာပါပဲ။ ဒါပေမဲ့ ကိုယ်ကသာ စိတ်ဆိုးနေတယ်၊ ဒေါသဖြစ်နေတယ် ဟိုတစ်ဖက်က သိတောင်မှမသိဘူး။ ဘယ်လိုမှမခံစားရဘူးဆိုရင်တော့ ဒီဒေါသမီးဟာ သူ့ကိုမလောင်ဘဲ ကိုယ့်ကိုယ်သာလောင်နေတဲ့မီးပါ။

အပူမီးတွေနဲ့ တစ်နေ့တစ်နေ့မှာ တစ်မျိုးပြီးတစ်မျိုး မရိုးအောင်လှည့်ပတ်လောင်ကျွမ်း ခံနေကြရတာပါ။ လောဘနဲ့ လောင်တဲ့အခါလောင်၊ ဒေါသနဲ့ လောင်တဲ့အခါလောင်၊ မောဟနဲ့ လောင်တဲ့အခါလောင်၊ ကွာသာ, မစ္ဆရိယတရားတွေ လောင်တဲ့အခါမှာလည်း လောင်ပါတယ်။

ကိုယ့်ဥစ္စာ၊ ကိုယ့်ပစ္စည်း သူများမပေးချင်ဘူး။ မကမ်းချင်ဘူးဆိုတဲ့ မစ္ဆရိယ၊ သူများတိုးတက်နေတာ သူများကြီးပွားချမ်းသာနေတာကို မနာလိုမရှစိမ့်ဘူးဆိုတဲ့ ကွာသာ,မစ္ဆရိယတရားတွေ လောင်တဲ့အခါမှာလည်း လောင်ပါတယ်။ ပူပန်စရာ ကိလေသာမျိုးစုံနဲ့နေကြတဲ့ ပုထုဇဉ်တွေမှာ ပူပန်မှုမျိုးစုံကို နေ့တိုင်း၊ နေ့တိုင်း ကြုံတွေ့နေကြရပါတယ်။

တရားအားထုတ်နေတယ်ဆိုတာ ပူလောင်မှုတွေငြိမ်းအောင် အားထုတ်နေတာပါ။ ရှုစရာ၊ မှတ်စရာဖြစ်တဲ့ ရုပ်နာမ်ခမ္မ သခါရတွေရှုမှတ်နေချိန်မှာ စိတ်အေးချမ်းပါတယ်။ အာရုံတွေ ဘယ်မှမရောက်ဘဲ တရားပေါ်မှာပဲထားတတ်ရင် စိတ်ကြည်လင်ပါတယ်။ ရုပ်တရားနဲ့ နာမ်တရားကိုပဲ သတိကပ်ကာ ရှုမှတ်နေမယ်ဆိုရင် စိတ်တွေလန်းရွှင်နေပါတယ်။ အားထုတ်နေချိန်မှာ အပူမီးနဲ့ ခဏတာဝေးသွားလို့ အေးချမ်းမှုကို ရကြပါတယ်။

တရားမမြင်သူတွေဟာ လောဘ, ဒေါသ, မောဟ, ကိလေသာမီးတွေနဲ့ ဝေးဝေးမှာမနေချင်ဘူး။ နီးနီးမှာပဲ နေချင်ကြပါတယ်။ ထမင်းဟင်း

www.dhammadownload.com

ချက်တဲ့ မီးဖိုနားနေရတဲ့သူတွေ၊ ဝေယျာဝစ္စ လုပ်တဲ့သူတွေမှာ ချွေးတလုံးလုံးနဲ့ နေပါတယ်။ ယောဂီတွေက ဓမ္မာရုံထဲမှာ တရားအားထုတ်နေတာဆိုတော့ သက်သောင့်သက်သာနဲ့ အေးအေးငြိမ်းငြိမ်းရှိပါတယ်။ တရားမြင်သူရဲ့ အဖြစ်ဟာ ပူမှန်းသိပေမဲ့ မီးနဲ့မဝေးချင်ပါဘူး။ မီးပုံကြီးထဲမှာပဲ အအေးဓာတ်ကို ရှာနေချင်ပါတယ်။ မီးကို ရင်မှာပွေ့ပိုက်ပြီးတော့ အေးငြိမ်းမှုကို ရှာလို့ မရပါဘူး။

တရားသိမြင်အောင် အားထုတ်နေရင်းတောင် အိမ်မှာ ဘယ်လိုနေလဲမသိဘူးလို့ ပြန်စဉ်းစားပြီး အပူရှာပါတယ်။ ပြန်သတိရပါတယ်။ ငါ တရားအားထုတ်နေတာ ရလည်းမရဘူးလို့ စိတ်ထဲက မကျေမနပ်ဖြစ်နေပါတယ် ဆိုရင်လည်း ရင်ထဲမှာ အပူမီးလောင်နေတာပါပဲ။

ရှုမှတ်တဲ့အရှုခံအာရုံနဲ့ ကိုယ်ရှုနေတဲ့စိတ်နဲ့ တလွဲတချော်ဖြစ်နေရင် ပူလောင်နေပါတယ်။ အရှုခံနဲ့ ရှုမှတ်နေတဲ့စိတ် တိုက်ဆိုင်နေပြီး မှန်မှန်လေး ရှုနေနိုင်ရင် အေးချမ်းနေပါတယ်။ ကိလေသာတွေ ငြိမ်းနေလို့ပါ။ ကိလေသာတွေနဲ့ဝေးကွာနေလို့ အေးချမ်းမှုကိုရတာပါ။ တရားမြင်သူဟာ တရားနဲ့မနေနိုင်ဘူး။ တရားနဲ့မနေတတ်၊ တရားနဲ့မမွေ့လျော်နိုင်တဲ့အတွက်ကြောင့် ပူပန်မှုမျိုးစုံအဖုံဖုံကို တွေ့ကြုံနေရတာပါ။

www.dhammadownload.com

ကာမဂုဏ်နှောက်လိုက်

အာရုံမျိုးစုံ ကာမဂုဏ်တွေနောက်ကို တကောက်ကောက်ပါအောင် လိုက်နေတတ်တာ တရားမမြင်တဲ့သူတွေပါ။ ကာမဂုဏ်ဆိုတာ လိုချင်စရာကောင်းတာတွေ၊ နှစ်သက်စရာကောင်းတာတွေပါ။ လောကအမြင်၊ သာမန်လူအမြင်နဲ့ကြည့်လိုက်ရင် ဒါတွေဟာ သဘောကျစရာ၊ နှစ်သက်စရာ သိပ်ကောင်းလို့ သဘောကျနှစ်သက်နေကြတာပါ။

မျက်စိနဲ့မြင်ရတဲ့မြင်ကွင်း၊ မြင်ရတဲ့အဆင်းပုံဟန်၊ အမြင်အာရုံကိုလည်းပဲ နှစ်သက်သဘောကျပါတယ်။ နားကကြားရတဲ့ အသံမျိုးစုံကိုလည်း နှစ်သက်ခုံမင်ကြပါတယ်။ "ဒီအသံလေးကတော့ဖြင့် ငါကြိုက်လိုက်တာ။ သူ့အသံလေးကတော့ သိပ်ကောင်းတာပဲ။ သူ့သီချင်းလေးကတော့ဖြင့် နားကိုစွဲသွားတာပဲ။ သားလေးအသံကြားလိုက်ရမှ စိတ်ချမ်းသာတယ်။ သမီးလေးအသံကြားလိုက်ရမှ အမောပြေသွားတယ်" ဆိုပြီး အသံတွေအပေါ်မှာ ချစ်ခင်တပ်မက်နေတယ်ဆိုတာဟာ သဒ္ဒါရုံဆိုတဲ့ ကာမဂုဏ်တစ်မျိုးပါ။

www.dhammadownload.com

တစ်နေ့တစ်နေ့ နာခေါင်းနဲ့ အနံ့မျိုးစုံနမ်းရှူနေပါတယ်။ စားချိန်သောက်ချိန်မှာ ထမင်းနံ့၊ ဟင်းနံ့၊ ဖီးလိမ်းပြင်ဆင်နေတဲ့အချိန်မှာ သနပ်ခါးနံ့၊ ပေါင်ဒါနံ့၊ ရေမွှေးနံ့၊ ပန်းနံ့တွေ နမ်းရှူခံစားနေကြပါတယ်။ အနံ့မျိုးစုံဂန္ဓာရုံတွေကို သဘောကျစုံမက်တယ်။ အနံ့မျိုးစုံနဲ့ နှစ်ခြိုက်မွေ့လျော်နေကြပါတယ်။ ဒါကြောင့် သုံးဆောင်ခံစားနေကြတဲ့ အနံ့ဂန္ဓာရုံဟာလည်း ကာမဂုဏ်တစ်မျိုးပါပဲ။

နောက်တစ်ခါ နေ့တိုင်းနေ့တိုင်း စားသောက်ဝါးမျိုနေကြပါတယ်။ အရသာခံတပ်မက်နေကြတဲ့ အစားအစာမျိုးစုံ၊ အရသာမျိုးစုံရှိပါတယ်။ "ဒီမုန့်လေးကတော့ဖြင့် ချိုတယ်။ ဒီအသီးလေးကတော့ ချိုလိုက်တာ။ ဒါလေးကတော့ဖြင့် အချဉ်ကလေးပဲ။ အချိုလေးလည်း စားချင်တယ်။ အချဉ်လေးလည်း စားချင်တယ်။ အခါးလေးတွေ၊ အဖန်လေးတွေကိုလည်း လက်မလွှတ်ချင်ဘူး။ အခါးအဖန်အရသာလေးတွေကိုလည်း နှစ်သက်နေတယ်၊ သဘောကျနေတယ်။ အရသာပေါင်းစုံကို ခုံမင်နှစ်သက်နေတယ်ဆိုတာလည်း ကာမဂုဏ်တစ်မျိုး ခံစားနေတာပါ။

ခန္ဓာကိုယ်နဲ့ အရာဝတ္ထုတစ်ခုခု ထိတွေ့ချိန်မှာ ကြမ်းတယ်၊ နုတယ်၊ ပူတယ်၊ အေးတယ်ဆိုတာ ရှိလာပါတယ်။ ဒီအဝတ်အထည် နူးနူးညံ့ညံ့လေးကိုတော့ဖြင့် သဘောကျတယ်။ ဒီအထည်ကြမ်းကြီးကိုတော့ဖြင့် မကြိုက်ဘူးလို့ ရှိပါတယ်။ ခြေထောက်နဲ့နင်းသွားတာတောင် အခင်းလေးပေါ်မှာနင်းရတာ ကောင်းတယ်လို့ ရွေးချယ်ပါဘယ်။ ဒီအိပ်ရာလေးပေါ်မှာ အိအိစက်စက်နဲ့ အိပ်ရတာကောင်းတယ်လို့ သဘောကျနေပါတယ်။ ဝတ်ချင်တာလေးတွေ ဝတ်ရအောင်လို့ရှာနေတယ်။ စားချင်တာစားရအောင်လို့ရှာနေတယ်။ တစ်ချိန်လုံး ကာမဂုဏ်နောက်ကို လိုက်နေကြပါတယ်။

ကိုယ့်အကြိုက် ကိုယ့်အကြိုက်ဆိုပြီးတော့ ကြိုက်နေကြတာ၊ လိုက်နေကြတာ သုံးဆောင်စရာ ကာမဂုဏ်တရားတွေကိုပါ။ ကာမဂုဏ်မျိုးစုံကို ဖက်တွယ်နေကြပြီးတော့ "ဒါမရှိရင်တော့ဖြင့် မရဘူး။ ဒါမစားရရင်တော့ မနေ

www.dhammadownload.com

နိုင်ဘူး။ သူ့ကိုမှမမြင်ရလို့ရှိရင် စိတ်မချမ်းသာဘူး။ သူ့အသံလေးမှ မကြားရဘူးဆိုရင်လည်း စိတ်ဆင်းရဲတယ်" ဆိုတာတွေ ဖြစ်လာပါတယ်။

ကာမဂုဏ်နောက်ကိုတစ်နေကုန်တစ်နေခန်းလိုက်နေကြလို့တစ်နေ့တစ်နေ့ အလုပ်တွေရှုပ်နေတာပါ။ အလုပ်တွေ များနေတာပါ။ မိုးလင်းကနေ မိုးချုပ် မအားလပ်နိုင်အောင် ဖြစ်ကြရတာပါ။ လိုက်လို့မဆုံးပါဘူး။ လိုက်လို့ မပြီးပါဘူး။ ဒီနေ့ပြီးတော့ နောက်နေ့ နောက်နေ့ပြီးတော့ နောက်နေ့ ဆက်ဆက်ပြီး လိုက်နေရပါတယ်။

ဒီဘဝမရောက်ခင် ပြီးခဲ့တဲ့ဘဝတုန်းကလည်း ဒီလိုပဲလိုက်ခဲ့ကြရပါတယ်။ အခုလည်းလိုက်နေကြရပါတယ်။ တရားမမြင်ဘူးဆိုတာတရားနောက်ကိုမလိုက်ဘဲ ကာမဂုဏ်နောက်ကိုသာ တစိုက်မတ်မတ် လိုက်နေကြလို့ပါ။ အခုချိန်ထိကိုတရားမမြင်တဲ့အဆင့်ပဲရှိနေသေးတယ်ဆိုတော့ နောင်ကိုလည်း ဒီအတိုင်းသာ ဖြစ်နေကြမှာပဲလို့ သဘောပေါက်ကြရမှာပါ။

တရားမမွှသိမြင်ကြသူတွေကတော့ တရားနောက်ကိုသာ လိုက်ကြပါတယ်။ တရားနဲ့သာ ပျော်ကြပါတယ်။ တချို့ဘုန်းကြီးကျောင်းရောက်လာလို့ အချိန်လေးနည်းနည်းကြာရင် ပြောလာကြပါတယ်။ "အရှင်ဘုရားတို့ကျောင်းက တိတ်ဆိတ်ငြိမ်သက် အေးချမ်းပါတယ်တဲ့။ ဒါပေမဲ့ တပည့်တော်မပျော်တော့ဘူးတဲ့"။ ကျောင်းဆိုတော့ ကြိုက်နှစ်သက်ဖွယ်ကာမဂုဏ်ခံစားစရာ ဘာမှမရှိပါဘူး။ ပျော်ရွှင်စရာ ကာမဂုဏ်အာရုံမရှိတဲ့အတွက် ရေရှည်မပျော်နိုင်ကြတာပါ။

တရားအားမထုတ်ချင်ဘူး၊ တရားအားထုတ်ရတာ ပျင်းစရာကြီး။ ငုတ်တုတ်ထိုင် မျက်စိမှိတ်ပြီး ဘာမှလည်းမလှုပ်ရှားရ၊ ဘယ်မှလည်း မသွားရ၊ ဘယ်မှလည်းမကြည့်ရ၊ စားချင်တာလည်းမစားရ၊ ပြောချင်တာလည်းမပြောရဆိုတော့ မနေနိုင်ပါဘူး။ တရားအားမထုတ်ချင်ပါဘူးဆိုတာ ကာမဂုဏ်နဲ့သာ ပျော်ချင်နေလို့ပါ။ တရားစခန်းမှာ ကြာကြာမနေချင်ပါဘူး။ ကြာကြာမနေ

www.dhammadownload.com

နိုင်ဘူး။ ကိုယ့်အိမ်ပဲပြန်ချင်တယ်ဆိုတာဟာ ကာမဂုဏ်နဲ့နေရမှစိတ်ကျေနပ်မှုရလို့ပါ။

အခုကျင့်နေသူတွေလည်း တရားနဲ့ပျော်ပြီးရင် ကာမဂုဏ်နဲ့ ပြန်ပြီးပျော်နေကြဦးမှာပါ။ ပုထုဇဉ်ပီပီ တရားတွေမေ့ပစ်လိုက်ကြဦးမှာပါ။ အချိန်တိုင်းလိုချင်တာတွေ ရအောင်ရှာနေပြီး ကိုယ်ရည်ရွယ်တဲ့၊ ရည်မှန်းတဲ့အတိုင်း အတာရတော့လည်း လိုချင်နေသေးသူက တကယ်မချမ်းသာပါဘူး။ ချမ်းသာသုခကို ဘယ်တော့မှ မပေးစွမ်းနိုင်တာဟာ ကာမဂုဏ်ပါ။ ဘယ်လောက်ဖြည့်ဖြည့် မပြည့်နိုင်တာဟာ ကာမဂုဏ်ပါ။

ထပ်ထပ်ပြီးတော့ပဲ လိုချင်၊ ပြည့်နေပေမဲ့ ထပ်ထပ်ပြီးတော့ ဖြည့်ချင်၊ ထပ်ကာထပ်ကာသာ ခံစားချင်ပြီး အားမရနိုင်၊ မတင်းတိမ်နိုင်ဖြစ်နေအောင် ကာမဂုဏ်တွေက ဖန်တီးပေးနေတာပါ။

ဒီဘဝတင်မကသေးဘူး၊ နောက်ဘဝလည်း ဒီကာမဂုဏ်တွေနဲ့ နေချင်သေး၊ ပျော်ချင်သေးတဲ့တရားမမြင်သူတွေရဲ့အခြေအနေဟာ ဘယ်လောက်အတိုင်းအတာအထိ လမ်းမှားနေသလဲ၊ လမ်းလွဲနေသလဲဆိုတာ တွက်လို့ရပါတယ်။

"ကာမဂုဏ်ကို ပယ်နိုင်ကာမှ ချမ်းသာသုခရပါမယ်" လို့ အမှန်ကို သိမြင်နေတာက အရိယာသူတောင်ကောင်းတွေပါ။ အရိယာသူတောင်ကောင်းတွေ ကာမဂုဏ်ကို လွတ်လွတ်ကြီးပယ်စွန့်သွားကြပါတယ်။ ပိုင်ဆိုင်မှုတွေအကုန်လုံးချန်ထားခဲ့ကာ တရားကိုရှာဖွေကြပါတယ်။ ပုထုဇဉ်နဲ့အရိယာဟာတစ်လမ်းစီသွားနေကြတာမို့ သူတော်စင်သူတော်ကောင်းတွေမှာ ချမ်းသာသုခရနိုင်ပေမဲ့ တရားဝေးသူတွေမှာတော့ ပူပန်မျိုးစုံအဖုံဖုံ၊ ဆင်းရဲဒုက္ခအဖုံဖုံ တွေ့ကြုံနေကြရပါတယ်။

www.dhammadownload.com

ကောင်းဆိုးမမြင်

အကောင်းကိုအဆိုးထင်၊အဆိုးကိုတော့အကောင်းထင်ကာအကန်းလမ်းသွားသလိုအလွဲလွဲအချော်ချော်ဖြစ်နေတာ တရားမမြင်သူတွေပါ။ အမှန်ကို အမှားထင်ပြီး အမှားကိုတော့ အမှန်ထင်တတ်ပါတယ်။

ဇာတ်တော်တစ်ခုထဲမှာဘုရားရှင်ဟောခဲ့တာရှိပါတယ်။ "မိတ္ထာဝိန္ဒက" ဆိုတဲ့ လူဆိုးလူမိုက်လေးတစ်ယောက်အကြောင်းပါ။ မိတ္ထာဝိန္ဒကဟာ မိဘကျေးဇူး မသိတတ်သူပါ။ မိဘကိုပြစ်မှားတယ်၊ စော်ကားတယ်၊ မိဘရှာဖွေထားတဲ့ ပစ္စည်းတွေကို ဖြုန်းတီးလို့ ဆင်းရဲနွမ်းပါးလာချိန်မှာ သူက ငွေရှာသွားမယ်၊ ပိုက်ဆံရှာသွားမယ်၊ ပင်လယ်ခရီးကုန်ကူးသန်းနေကြတဲ့ကုန်သည်တွေနဲ့လိုက်သွားပြီး သင်္ဘောသားလုပ်မယ်လို့ဆိုတော့ အမေဖြစ်သူက တားတယ်။ "ငါ့သား မသွားပါနဲ့။ ပင်လယ်ခရီးဆိုတာ ဘေးများတယ်။ ရန်များတယ်။ အန္တရာယ်များတယ်။ မသွားပါနဲ့ငါ့သားရယ်" လို့ မိခင်ဖြစ်သူက အတန်တန်တားတာကို နည်းနည်းမှနားမထောင်ပါဘူး။ ရှေ့ကနေတားနေတာကိုရက်ရက်စက်စက်တွန်းလဲချပြီး ထွက်သွားလိုက်ပါတယ်။

ဆုပြည့်စုံထွန်းစာပေ

www.dhammadownload.com

သူ့အမေခမျာ ပုံရက်သားလေးလဲကျန်ခဲ့ပါတယ်။ မိဘပြစ်မှား၊ မိဘစော်ကားပြီးသွားတဲ့ မိတ္တဝိန္ဒက လိုက်ပါသွားတဲ့သဘော်ဟာ လမ်းတစ်ဝက်မှာတင် မုန်တိုင်းမိပြီးတော့ ပျက်စီးပါတယ်။ ဒါပေမဲ့ ကံကောင်းထောက်မစွာနဲ့ ပျဉ်ချပ်ကလေးတစ်ချပ်ရပြီးတော့ အသက်လုကူးခတ်သွားလိုက်တာ ကျွန်းတစ်ကျွန်းပေါ်ကို ရောက်သွားပါတယ်။ လူသူနေတဲ့ကျွန်းမဟုတ်ပါဘူး။ ပြိတ္တာတွေနေတဲ့ နေရာပါ။ သူကတော့ မသိပါဘူး။ အသက်ဘေးက လွတ်လာပြီ၊ ငါကံကောင်းတယ်ဆိုပြီးတော့ ဝမ်းသာအားရနဲ့ ကမ်းပေါ်တက်သွားချိန်မှာ ကခုန်မြူးတူးနေတဲ့ လူတစ်ယောက်ကို တွေ့လိုက်ရပါတယ်။ ခေါင်းပေါ်မှာ အင်မတန်လှတဲ့ပန်းကုံးတွေ ပန်ဆင်ပြီး လှပအောင် ဖီးလိမ်းပြင်ဆင်ကာ ပျော်ပျော်ရွှင်ရွှင် သီချင်းတကြော်ကြော်နဲ့ ကခုန်နေတာကို မိတ္တဝိန္ဒကက တွေ့မြင်လိုက်ရပါတယ်။

သူ့အမြင်က ပျော်လွန်းလို့ ကခုန်နေတယ်လို့ မြင်တာပါ။ အမှန်တကယ်တော့ သူမြင်ရတဲ့သူဟာ လူသားတစ်ယောက်မဟုတ်ဘူး။ ဒုက္ခခံနေရတဲ့ ပြိတ္တာတစ်ယောက်ပါ။ ဝေမာနိက ပြိတ္တာပါ။ တကယ့်အမှန်က သူ့ခေါင်းပေါ်မှာ သင်တုန်းမားစက်ရွက်ထားရပြီး သင်တုန်းမားစက်က တဝီဝီမြည်ကာခုတ်လှီးနေတဲ့အတွက်အရွေ့ခွေ့၊အရေးပါးတွေ့၊အသားတွေ့အစိတ်စိတ်အမြွာမြွာ ကွဲပြတ်နေတာပါ။

နာလွန်း၊ ကျင်လွန်းလို့ မခံနိုင်ဘူး။ ချွတ်လို့လည်း မရပါဘူး။ သွေးတွေယိုစီးပြီးကျတာကို "နာလိုက်တာ၊ ကျင်လိုက်တာ" ဆိုပြီးတော့ အော်နေဟစ်နေတာကို မိတ္တဝိန္ဒက၊က ပျော်လွန်းလို့ သီချင်းဆိုနေတယ်လို့မြင်ပါတယ်။ ခေါင်းပေါ်မှာတင်ထားတဲ့ သင်တုန်းမားစက်ကို အင်မတန်လှတဲ့ ပန်းခိုင်ကြီးပန်ထားတာလို့ မြင်နေပါတယ်။ မချိမဆံ့ခံရတဲ့အတွက် မခံမရပ်နိုင်ခုန်ပေါက်နေတာကို ကခုန်နေတယ်လို့မြင်ပါတယ်။ အမြင်မှားနေတာပါ။ သူ့အကုသိုလ်ကံက သူ့ကို အကြီးအကျယ်ဒုက္ခရောက်အောင် တွန်းပို့နေတာပါ။

www.dhammadownload.com

ကျေးဇူးရှင်အမေ့ကို စော်ကားခဲ့တယ်။ ပြစ်မှားခဲ့တယ်။ ကြမ်းကြမ်းတမ်းတမ်း ရိုင်းရိုင်းစိုင်းစိုင်း ပြောဆိုခဲ့တယ်။ ကာယကံမြောက် ကိုယ်ထိလက်ရောက် တွန်းလဲရိုက်ပုတ်ခဲ့တဲ့ အကုသိုလ်ကံတွေက ဒုက္ခပေးဖို့ပြင်နေတာပါ။ ဒီကံတွေကြောင့် သူဟာ မကောင်းကို အကောင်းထင်နေပါတယ်။ ဒုက္ခရောက်နေတာကို ချမ်းသာနေတယ်၊ ပျော်နေတယ်လို့ ထင်နေပါ တယ်။

တောင်းတောင်းပန်ပန်နဲ့ သွားပြီးတော့ ပြောပါတယ်။ "သူငယ်ချင်း မင်းခေါင်းမှာပန်ထားတဲ့ ပန်းကုံးကြီးက လှလိုက်တာ။ ငါလိုချင်တယ်။ ငှဲ့ပေးပါလား" တဲ့။ ခေါင်းပေါ်တင်လိုက်တာနဲ့ ခုတ်ဖြတ်မယ့်သင်တုန်းဓားစက်ကို ပန်းခိုင်ထင်ပြီးတော့ တောင်းပါတယ်။ ဟိုလူကလည်းပဲ တွက်တယ်။ "ငှဲ့နေရာမှာ အစားထိုးခံရမယ့် လူတစ်ယောက်တော့ ရောက်လာပြီထင်တယ်။ ငါတော့ အကုသိုလ်ကံတွေ လွတ်ချိန်ကြုံပြီ" လို့။ "မင်းလိုချင်လို့ရှိရင်ယူ" ဆိုပြီး ပေးလိုက်ပါတယ်။

မိတ္တဝိန္ဒက ဝမ်းသာအားရနဲ့ လှမ်းယူပြီးတော့ ခေါင်းပေါ်တင်လိုက်တာနဲ့တစ်ပြိုင်နက် လည်ပတ်နေတဲ့ သင်တုန်းဓားစက်က ရိတ်ချလိုက်တာဦးခေါင်းတစ်ခုလုံး အစိတ်စိတ်အမြွှာမြွှာ ကွဲပြတ်ကုန်ပါတယ်။ ခေါင်းပေါ်မှာ သွေးတွေ မြင်မကောင်းအောင် ယိုစီးကျလာပါတယ်။ နာကျင်လွန်းလို့ အော်ဟစ်နေရပါတယ်။ ညည်းတွားနေရပါတယ်။

အဲ့ဒီလိုပါပဲ။ တရားမသိသူဟာ အကောင်းကိုတော့ အဆိုးထင်၊ အဆိုးကိုတော့ အကောင်းထင်ပါတယ်။ အမှန်ကိုလည်း အမှားထင်တယ်၊ အမှားကိုလည်း အမှန်ထင်ပါတယ်။ ခါးသီးတဲ့ဒုက္ခကို ခံရချိန်မှာတော့ ပြုပြင်လို့မရလောက်အောင် နောက်ကျနေပါပြီ။

တရားမမြင်တဲ့အတွက် မမြဲတာကိုလည်းဘဲ မြဲတယ်ထင်တယ်၊ ဆင်းရဲကိုလည်း ချမ်းသာလို့မြင်တယ်။ အစိုးမရ၊ မပိုင်တာကိုလည်း အစိုးတရ ပိုင်တယ်လို့ထင်နေတာဟာ ပုထုဇဉ်တွေပါ။ တရားမသိ၊ တရားမမြင်တဲ့ ပုထုဇဉ်ရဲ့အဖြစ်ဟာ ကြောက်စရာပါ။ ကိုယ့်ဒုက္ခကိုယ် တောင်းယူသလိုပါပဲ။

www.dhammadownload.com

မိတ္ထဝိန္ဒကဟာ မိဘပြစ်မှားစော်ကားခဲ့တဲ့ အပြစ်ဒဏ်၊ အကုသိုလ်ကံကို အလူးအလဲခံရသလို ပုထုဇဉ်တွေမှာလည်း ကိုယ့်အမှားကံကို ကိုယ်သာလျှင်ခံရပါတယ်။ အခုခံနေရတဲ့ ဒုက္ခဆင်းရဲတွေဟာ ကိုယ့်အမှားက ပေါ်ထွက်လာတဲ့ ဆိုးကျိုးရလဒ်တွေပါ။

ကိုယ်ကကောင်းတယ်ထင်ကာပြုကျင့်ခဲ့တာဟာမကောင်းတာတွေဖြစ်နေတတ်ပါတယ်။ ကိုယ်က ကောင်းတယ်လို့ခံယူကျင့်သုံးခဲ့တာတွေဟာ အမှားတွေဖြစ်နေတတ်ပါတယ်။ "လူဆိုတာ လူ့သဘာဝ ဒီလိုပဲနေရမှာပေါ့။ လူဆိုတာ လူ့အလုပ်လုပ် လုပ်ရမှာပေါ့" ဆိုပြီး တစ်သက်လုံး အမှားနဲ့နေမိတတ်ကြပါတယ်။ အကုသိုလ်ကအကျိုးပေးရင် ရှောင်လွှဲလို့မရပါဘူး။ "လူဆိုတာ လူလောက်ပဲကျင့်နိုင်မှာပဲ" ဆိုပြီးတော့ ပြုလုပ်နေခဲ့သမျှဟာ အမှားကို အမှန်မြင်နေတာသာ များပါတယ်။ အမှန်ကို အမှားထင်နေတာသာများပါတယ်။

တရားမြင်ကြတဲ့ အရိယာပုဂ္ဂိုလ်တွေမှာဖြင့် အမှန်ကိုသိနိုင်တဲ့ ပညာရှိကြပါတယ်။ သစ္စာတရားဆိုတာ အမှန်ကိုမြင်တဲ့ တရားပါ။ အမှန်ကိုသိတဲ့ သဘောပါ။ တရားမမြင်အောင် ဖုံးကွယ်ထားတာက မသိမှုမောဟအဝိဇ္ဇာပါ။ အဝိဇ္ဇာကဖုံးလို့ရှိရင် အမှားကို အမှန်ထင်မြင်သွားပါတယ်။ အမှန်ကိုကျတော့ အမှားထင်သွားပါတယ်။ မလုပ်သင့်တာကိုလုပ်သင့်တယ်လို့ထင်ပါတယ်။ လုပ်သင့်တာကိုကျတော့ မလုပ်သင့်ဘူးလို့ ထင်ပါတယ်။ ဒုက္ခကိုလည်းပဲ သုခလို့ထင်ပါတယ်။ သုခကိုကျတော့ ဒုက္ခလို့ထင်ပြန်ပါတယ်။

အလွဲအမှား အဝိဇ္ဇာဟာ တရားမသိသူတွေမှာ တင်းပြည့်ကျပ်ပြည့် ရှိနေကြပါတယ်။ အရိယာပုဂ္ဂိုလ်တွေမှာတော့ တဖြည်းဖြည်း၊ တဖြည်းဖြည်းနဲ့ နည်းသွားပါးသွားပါပြီ။ သောတာပန်နဲ့စာရင် သကဒါဂါမ်က ပိုနည်းသွားပါတယ်။ သကဒါဂါမ်နဲ့စာရင် အနာဂါမ်က ပိုနည်းသွားပါတယ်။ ရဟန္တာဆိုရင် အမှားမြင်တဲ့အဝိဇ္ဇာဟာ တစ်မြူတစ်မှုန်မှတောင် မရှိတော့ပါဘူး။

www.dhammadownload.com

ဒီတော့ သာမန်လူတစ်ယောက်ရဲ့ဘဝဟာ အင်မတန်မှ ကြောက်စရာကောင်းတဲ့ဘဝ၊ ဆိုးဝါးတဲ့ဘဝ၊ အသိဉာဏ်တွေ နည်းတဲ့ဘဝလို့ သိထားရပါမယ်။

ကလေးငယ်တွေဟာ ဖယောင်းတိုင်မီးတို့၊ မီးအိမ်၊ မှန်အိမ်တို့၊ မီးခွက်တို့ထွန်းထားရင် သွားပြီးကိုင်ချင်ပါတယ်။ မီးကို ပူတတ်တယ်လို့ မသိလို့ပါ။ မသိတော့ လူကြီးတွေက မကိုင်နဲ့၊ ပူတယ်ပြောလည်း ကိုင်ချင်ပါတယ်။ သွားမကိုင်နဲ့တော့လို့တားလည်း ကိုင်ကြည့်ချင်ပါတယ်။

အချို့က တားလို့မရပါဘူး။ ကိုင်လိုက်လို့ ပူသွားတော့မှ ပူမှန်းသိပါတယ်။ စိတ်ထဲမှာထင်နေတာ ပူမယ်လောင်မယ်လို့မထင်ဘူး။ ဒီလိုဒုက္ခရောက်မယ်လို့မထင်ပါဘူး။ အဲ့ဒီလိုပါပဲ၊ အရိယာတွေက လူကြီးနဲ့တူပါတယ်။ ပုထုဇဉ်က ဘာမှမသိနားမလည်တဲ့ ကလေးငယ်နဲ့တူပါတယ်။ ဒါကြောင့် ဘုရားရှင်က "အကုသိုလ်ကို မပြုနဲ့၊ ကုသိုလ်ကိုပြု၊ အဝိဇ္ဇာတွေ ကို လက်မခံထားနဲ့၊ အဝိဇ္ဇာတွေကို ဖယ်ရှင်းပါ" လို့ ဆုံးမတာပါ။

www.dhammadownload.com

နိဝရဏများ ပိတ်ဆို့

တရားမမြင်တဲ့ပုထုဇဉ်ဟာ ဘာလို့ နီးလျက်နဲ့ဝေးနေပါသလဲဆိုရင် နီဝရဏတွေပိတ်ဆို့နေလို့ပါ။ မျက်စိကောင်းတဲ့ လူတစ်ယောက်၊ အမြင်ကောင်းတဲ့လူတစ်ယောက်ပဲ ဖြစ်ပါစေ။ မျက်စိရှေ့တည့်တည့်မှာ လက်ဝါးနဲ့ကာထားရင် မမြင်ရပါဘူး။ အဝတ်ထူထူ၊ ပိတ်စထူထူနဲ့ စည်းထားပတ်ထားရင် ဘာမှမမြင်ရပါဘူး။ တရားဓမ္မကို မသိမြင်တဲ့သူကို အမြင်မှန်မရအောင် နီဝရဏငါးပါးက ပိတ်ဆို့ထားပါတယ်။

ကာမစ္ဆန္ဒ နီဝရဏ၊ ဗျာပါဒနီဝရဏ၊ ထိနမိဒ္ဓ နီဝရဏ၊ ဥဒ္ဓစ္စကုက္ကုစ္စ နီဝရဏ၊ ဝိစိကိစ္ဆာ နီဝရဏတွေက ဖုံးအုပ်ထားကြပါတယ်။ ဘုန်းကြီးက တရားမရတဲ့ အကြောင်းရင်းဆိုပြီးတော့ သီးသန့်ရေးထားတာလည်း ရှိပါတယ်။ ဟောထားတာလည်း ရှိပါတယ်။ ဘာလို့ တရားမရတာလဲ။ တရားမမြင်တာလဲလို့ဆိုရင် နီဝရဏကြောင့်ပေါ့။

တရားသိမြင်လိုသူတိုင်းဟာ နီဝရဏကို ကြေကြေညက်ညက်သိဖို့လိုပါတယ်။ အားထုတ်ကျင့်ကြံကြပေမဲ့လို့ တရားမရတာဟာ နီဝရဏတွေကို မဖယ်ရှားနိုင်ကြလို့ပါ။

ဆုပြည့်စုံထွန်းစာပေ

www.dhammadownload.com

ကာမဂုဏ်တရားတွေကိုလိုလားတောင့်တနေတာနှစ်သက်နေတာဟာ ကာမစ္ဆန္ဒပါ။ ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ ဆိုတဲ့ မက်မောစရာအာရုံကာမဂုဏ်တရားနောက်ကိုသာတကောက်ကောက်ပါအောင်လိုက်ခိုင်းနေတဲ့ ကာမစ္ဆန္ဒဝင်လာချိန်မှာ တရားအားထုတ်လို့ မရပါဘူး။ ကာမဂုဏ်ကိုသာ စိတ်ကစွဲနေတယ်။ စိတ်ကရောက်နေတယ်။ ဒီကာမဂုဏ်တရားတွေကနေ မခွာထွက်နိုင်ဘူးဆိုရင်လည်း တရားမမြင်ပါဘူး။ တရားအားထုတ်ရင်းနဲ့ စိတ်က ကာမဂုဏ်နောက်ကို ပါသွားပြီဆိုရင် ပြန်သတိထားပြီး ပြန်ရှုမှတ်ရမှာပါ။ ပြန်မရှုမှတ်နိုင်ဘူးဆိုရင် တရားမမြင်တော့ပါဘူး။

ဗျာပါဒနီဝရဏဆိုတာက စိတ်ဆိုးဒေါသဖြစ်နေတာပါ။ အကြောင်းတစ်ခုခုကြောင့် စိတ်ထဲမှာ မကျေမနပ်ဖြစ်နေတာဟာ ဗျာပါဒနီဝရဏပါ။ ကာမစ္ဆန္ဒနီဝရဏက လောဘ၊ ဗျာပါဒနီဝရဏက ဒေါသပါ။ လောဘဒေါသနှစ်ခုကြောင့် တရားမြင်ဖို့ခက်နေကြတာ များပါတယ်။

နောက်တစ်မျိုးက ထိနမိဒ္ဓနီဝရဏပါ။ အိပ်ချင်ငိုက်မျည်းပြီး ကိုယ်တွေစိတ်တွေ လေးလံထိုင်းမှိုင်းနေတဲ့သဘောပါ။ တရားအားထုတ်ရင်းနဲ့ ငိုက်နေတဲ့သူ တရားမရနိုင်ပါဘူး။ စာကျက်ရင်းနဲ့ တချို့ကျောင်းသား၊ ကျောင်းသူတွေ၊ ကိုယ့်သားတွေမြေးတွေ စာအုပ်တော့ဖွင့်ထားတယ်။ စာအုပ်တော့ကြည့်နေတယ်။ ဒါပေမဲ့ ငိုက်နေရင် စာကျက်လို့မရပါဘူး။

လူတိုင်းလူတိုင်း အလုပ်တွေ လုပ်နေကြရပါတယ်။ စီးပွားရေးအတွက်ဖြစ်စေ၊ စားရေးသောက်ရေးအတွက်ဖြစ်စေ အလုပ်တွေ လုပ်နေကြရပါတယ်။ အလုပ်ချိန်မှာ အလုပ်မလုပ်ဘဲနဲ့ ချောင်ခိုပြီးအိပ်နေရင် စီးပွားမဖြစ်ပါဘူး။ စီးပွားရှာတဲ့နေရာမှာလည်း ထိနမိဒ္ဓဝင်ရင် ပျက်တတ်ပါတယ်။ ပညာသင်ရာမှာ ထိနမိဒ္ဓကိုမနိုင်ရင် ပညာမရပါဘူး။ တရားအလုပ်အားထုတ်တဲ့အချိန်မှာလည်း ထိနမိဒ္ဓဝင်လာရင် တရားတွေ ပျောက်ပျောက်ကုန်ပါတယ်။

တချို့ယောဂီတွေက "အရှင်ဘုရား၊ တပည့်တော် တရားအားထုတ်ရင်းနဲ့ပဲ ရှုနေရင်းနဲ့ တစ်ချက်ဆတ်ခနဲဖြစ်သွားတော့ တရားတွေ ဘယ်ရောက်

www.dhammadownload.com

သွားမှန်းမသိဘူး။ အဲဒါဘာဖြစ်တာလဲဘုရား" တဲ့။ တချို့က လာလျှောက်သေးတယ်။ ဆတ်ခနဲဖြစ်ပြီးတော့ တရားတွေပျောက်သွားတယ်ဆိုတာ အိပ်ငိုက်သွားတာပါ။ ငိုက်သွားတဲ့သူဟာ တရားမမြင်တော့ပါဘူး။

ဥဒ္ဓစ္စ ကုက္ကုစ္စဆိုတာက စိတ်ပြန့်လွင့်တာနဲ့ စိတ်ပူလောင်တာပါ။ အတွေးအာရုံတွေ ပြန့်ဝဲနေတယ်။ ဟိုရောက်ဒီရောက်နဲ့ ရောက်ချင်တဲ့နေရာ ရောက်တယ်။ သွားချင်တဲ့နေရာ သွားတယ်။ အရပ်လေးမျက်နှာ၊ အရပ်ရှစ်မျက်နှာ၊အရပ်ဆယ်မျက်နှာအနှံ့လွင့်ပြန့်သွားတယ်။မြို့တွေ၊ရွာတွေ၊တောတွေ၊ တောင်တွေဘာမှမကျန်ဘူး။ကုန်းလမ်း၊ရေလမ်း၊မြို့ကြီးမြို့ငယ်အသွယ်သွယ်တွေ၊ ဈေးတွေ၊ ကျောင်းတွေအကုန်လုံး စိတ်ကသွားနေတယ်။ စဉ်းစားနေတယ်။ ရောက်နေတယ်ဆိုတာ ဥဒ္ဓစ္စရဲ့လက်ချက်ပါ။ တစ်ခါတလေကျရင် စိတ်တွေဆင်းရဲနေတယ်။ ပူလောင်နေတယ်။ စိတ်ပူပန်နေတာက ကုက္ကုစ္စပါ။

နောက်တစ်ခုက သံသယဝိစိကိစ္ဆာပါ။ သို့လော သို့လောနဲ့ ယုံမှားသံသယတွေ ဖြစ်နေတာမျိုးပါ။ "ငါ ဒီလိုကျင့်တာ ဟုတ်မှဟုတ်ရဲ့လား။ ဖြစ်မှဖြစ်ပါ့မလား။ နာသီးဖျားလေးကို သတိထားရှုပြီးတော့ ရုပ်နာမ်ကိုရှုမှတ်နေရုံနဲ့ နိဗ္ဗာန်မြင်တယ်ဆိုတာ တကယ်မှဟုတ်ရဲ့လား။ သူများတွေ တရားရသွားတယ်ဆိုတာ ဟုတ်မှဟုတ်ရဲ့လား" လို့ ယုံမှားသံသယတွေ ဖြစ်နေတာက ဝိစိကိစ္ဆာပါ။

ငါးမျိုးသော နီဝရဏတရားဆိုးတွေ လွှမ်းမိုးနေတယ်ဆိုရင်၊ ဖိစီးနှိပ်စက်နေတယ်ဆိုရင် တရားမမြင်ပါဘူး။ ဈာန်တရားလည်း မရနိုင်ပါဘူး။ မဂ်ဖိုလ်တရားလည်း မရနိုင်ပါဘူး။

www.dhammadownload.com

ကမ်းမမြင် လမ်းမမြင်

မြတ်စွာဘုရားရှင်ဟောပြတော်မူတဲ့ သြဃဆိုတဲ့ သဘောတရားဟာ ပင်လယ်သမုဒ္ဒရာနဲ့ တူသွားပါတယ်။ အနီးစပ်ဆုံး ဥပမာပြောမယ်ဆိုရင် ပင်လယ်ခရီးသွားနေတဲ့လူတစ်ယောက်ဟာ ဒီဘက်ကမ်းကနေ ဟိုဘက်ကမ်းကို ရောက်ချင်တယ်ဆိုရင် ပင်လယ်ပြင်ကြီးကို မလွဲမသွေဖြတ်ကျော်ရပါတယ်။ ဒီဘက်ကမ်းလောကသံသရာနဲ့ ဟိုဘက်ကမ်းနိဗ္ဗာန်ဆိုတဲ့ကမ်းနှစ်ဖက်ကြားမှာ သြဃရေပြင်ကျယ်ကြီး ခံနေတယ်လို့ သိထားရပါမယ်။

ဒီဘက်ကမ်းကနေပြီးတော့ ဟိုဘက်ကမ်းကို ကူးခတ်တဲ့သူတိုင်း ဟိုဘက်ကမ်းမရောက်ပါဘူး။ ပင်လယ်ထဲမှာ နစ်မြုပ်သွားတာလည်းရှိပါတယ်။ သေဆုံးသွားတာလည်း ရှိပါတယ်။ လက်လျှော့ပြီးတော့ နောက်ကြောင်းပြန်လှည့်တယ်လို့လည်း ဖြစ်တတ်ပါတယ်။ ဒီလိုပါပဲ။ ဒီဘက်ကမ်းက သံသရာကနေ ဟိုဘက်ကမ်း နိဗ္ဗာန်ကိုကူးရာမှာ အလွယ်တကူတော့ မရောက်နိုင်ပါဘူး။ ကြားမှာခံနေတဲ့ သြဃလေးသွယ်ဆိုတဲ့ ရေပြင်ကျယ်ကို ကျော်လွန်သွားမှ ရောက်မှာပါ။

ဆုပြည့်စုံထွန်းစာပေ

www.dhammadownload.com

ကာမောဃနဲ့ ဘဝေါဃဆိုတာက လိုချင်လောဘပါ။ ဒိဋ္ဌောဃဆိုတာက အယူမှားဒိဋ္ဌိပါ။ အဝိဇ္ဇာဃဆိုတာက မသိမှုအဝိဇ္ဇာပါ။ လောဘရယ်၊ ဒိဋ္ဌိရယ်၊ မောဟရယ်လို့ တရားကိုယ် သဘောတရားရှိပါတယ်။ လောဘ၊ ဒိဋ္ဌိ၊ မောဟသုံးမျိုးကို လွန်မြောက်အောင် ကူးခတ်ရပါမယ်။ ဟိုဘက်ကမ်းရောက်အောင် အားသွန်ခွန်စိုက် ကူးခတ်နေရပါမယ်။ ဟိုဘက်ကမ်းရောက်သွားရင် ဘယ်ကိုရောက်မှာလဲဆိုတော့ နိဗ္ဗာန်ရောက်မှာပါ။

နိဗ္ဗာန်ရောက်ဖို့အတွက် ရေပြင်ကျယ်နဲ့တူတဲ့ လောဘပင်လယ်၊ ဒိဋ္ဌိပင်လယ်၊ မောဟပင်လယ်တွေကို မကျော်လွန်နိုင်လို့ မရပါဘူး။ ကျော်လွန်နိုင်သွားသူက အရိယာသူတော်စင်ပါ။ မကျော်လွန်နိုင်ဘဲ မျောပါသွားတဲ့သူ၊ ခြေကုန်လက်ပန်းကျတဲ့သူ၊ နောက်ပြန်လှည့်တတ်တဲ့ သူက တရားမမြင်သူပုထုဇဉ်ပါ။ ဩဃရေပြင်ကျယ်ကို အောင်မြင်စွာ ကူးသွားနိုင်အောင် အသေအချာ လေ့ကျင့်ရပါမယ်။ ဇွဲလုံ့လဝီရိယ ရှိရပါမယ်။ အသိဉာဏ်ပညာပြည့်စုံရပါမယ်။

လောဘကိုလည်း ကျော်လွှားနိုင်ပြီ။ ဒိဋ္ဌိကိုလည်း ကျော်လွန်နိုင်ပြီ။ မောဟတွေ ကျော်လွှားဖြတ်နိုင်ပြီဆိုရင် အေးငြိမ်းချမ်းသာတဲ့ ဟိုဘက်ကမ်းရောက်ပါတယ်။ နိဗ္ဗာန်ကမ်းတစ်ဖက်ကို တက်လှမ်းသွားသူက တရားမြင်တဲ့ အရိယာပါ။ မတက်နိုင်သေးသူက တရားမမြင်တဲ့ပုထုဇဉ်ပါ။ တရားမမြင်သူတွေဟာ ကြိုးစားကူးခတ်ဖို့ လိုပါတယ်။ တရားဓမ္မကို သိမြင်ဖို့၊ ကျင့်ကြံအားထုတ်ဖို့ လိုပါတယ်။

တရားမမြင်တဲ့ ပုထုဇဉ်ဘဝဟာ အင်မတန်မှ အပြစ်များပါတယ်။ အပါယ်ငရဲကိုလည်းပဲ ကျနိုင်သေးတယ်။ အမှန်ကိုလည်း အမှားထင်နိုင်သေးတယ်။ ဆရာလွဲမှားလို့ ကိုးကွယ်ယုံကြည်မှုတွေနဲ့ ချွတ်ချော်တိမ်းပါးနိုင်ပါတယ်။ တရားမမြင်အောင် နီဝရဏတရားတွေရဲ့ဝိတ်ဆို့မှုခံနေရတယ်ဆိုတာကို နားလည်သဘောပေါက်ရပါမယ်။

www.dhammadownload.com

အခုပြောခဲ့တဲ့ အကြောင်းအချက်တွေဟာ နီးလျက်နဲ့ဝေးနေရတဲ့ အကြောင်းရင်းတွေပါပဲ။ နီးပင်နီးပေမဲ့ တရားမမြင်နိုင်အောင် ဝေးကွာသွားစေတဲ့ အကြောင်းရင်းတွေပါပဲ။

www.dhammadownload.com

ကြည့်တတ်ရင် တရားမြင်

ကြည့်တတ်တဲ့သူ၊ မြင်တတ်တဲ့သူအဖို့ တရားဖြစ်စရာ၊ တရားရစရာအကြောင်းတွေဟာ ကိုယ့်အနားမှာပဲ ရှိနေပါတယ်။ ကိုယ့်ပတ်ဝန်းကျင်မှာ ဖြစ်ပျက်နေတာတွေကို ကြည့်မြင်သုံးသပ်တတ်လျှင်လည်း တရားထူးတရားမြတ် ရသွားနိုင်ပါတယ်။

ကြည့်တတ်ရင် ဘာဝနာလို့ပြောတဲ့အတိုင်း ကြည့်မြင်တတ်သူတို့အတွက် အရာရာဟာ တရားအတွက် အထောက်အကူဖြစ်စေပါတယ်။ တရားရနိုင်ပါတယ်။

အသေးအဖွဲလေး ဖြစ်ပါစေ။ ဘယ်အရာကိုပဲကြည့်ကြည့် နက်နက်နဲနဲတွေးတောဆင်ခြင်ပြီးတော့ ကြည့်မြင်သုံးသပ်မယ်။ တရားဓမ္မနဲ့အညီရှုမြင်မယ်ဆိုရင် တရားဖြစ်သွားပါတယ်။

တရားမြင်အောင် ဘာကိုကြည့်ရမှာလဲလို့ဆိုရင်တော့ တစ်လောကလုံးဘာကိုပဲကြည့်ကြည့် သက်ရှိသက်မဲ့လောကကြီးဟာ ကိုယ့်ကိုယ်အထင်အရှား တရားပြနေပါတယ်။ ဆရာမရှိဘူး။ ဆရာရှာမတွေ့ဘူးဆိုရင် တရားမြင်

www.dhammadownload.com

ဖို့ လောကကြီးကို ဆရာတင်လိုက်ပါလို့ ပြောချင်ပါတယ်။

လက်ရှိ လောကကြီးထဲမှာဖြစ်ပေါ်နေတဲ့ အကြောင်းအရာအားလုံးဟာ တရားပြနေတယ်လို့ မှတ်ယူနိုင်ပါတယ်။ တရားပြနေပေမဲ့ ကြည့်တတ်မှ တရားရပါတယ်။ မကြည့်တတ်၊ မမြင်တတ်ရင်လည်း တရားမရပါဘူး။

ကိုယ့်ပတ်ဝန်းကျင်လောကဆိုတာက သတ္တလောက၊ သြကာသလောက၊ သခါရလောကဆိုပြီး လောကသုံးပါးရှိပါတယ်။ သူသူငါငါ အားလုံးသောသတ္တဝါတွေက "သတ္တလောက"၊ အဲ့ဒီသတ္တဝါတွေနေထိုင်ကြတဲ့ ကမ္ဘာမြေစကြဝဠာက "သြကာသလောက"၊ သတ္တဝါတို့မှာရှိနေကြတဲ့ ရုပ်နာမ်တရားတွေကိုကျတော့ "သခါရလောက"လို့ ခေါ်ပါတယ်။

အဲ့ဒီလောကသုံးပါးမှာ ဘယ်လောကကိုပဲ ကြည့်လိုက်ကြည့်လိုက်၊ ဘယ်နေရာကိုပဲ ကြည့်လိုက်ကြည့်လိုက်ပါ။ ကြည့်မြင်တတ်သူတို့အတွက် လောကကြီးဟာ ဆရာသမားနဲ့တူပါတယ်။ တစ်နည်းအားဖြင့်ပြောမယ်ဆိုရင် လောကကြီးက သတ္တဝါတွေကို တရားပြနေတယ်လို့ ပြောနိုင်ပါတယ်။

သင်ခန်းစာယူတတ်မယ်ဆိုရင်လည်း လောကကြီးမှာ သင်ခန်းစာတွေ အများကြီးပါ။ အတုယူတတ်မယ်ဆိုရင်လည်း လောကထဲမှာ အတုယူစရာတွေ အများကြီးပါ။

မိုးတွင်းကာလ တဝေါဝေါနဲ့မိုးရွာတော့ ကိုယ့်အိမ်တံစက်မြိတ်ကနေ ရေတွေ တစ်ပေါက်ပြီးတစ်ပေါက်ကျတာကို တွေ့ရပါလိမ့်မယ်။ တံစက်မြိတ်အောက်မှာခံထားတဲ့အိုးထဲ တစ်ပေါက်ချင်းတစ်ပေါက်ချင်း ကျပါများတော့ အိုးထဲမှာ ရေပြည့်သွားတယ်။ ဒါကိုကြည့်မြင်သုံးသပ်တတ်တဲ့သူက "ဩော်... အတတ်ပညာဆိုတာ တဖြည်းဖြည်းချင်း စုယူရမယ်လို့ သဘောပေါက်ပြီး တဖြည်းဖြည်း ဆည်းပူးသွားရင်လည်း ပညာရှိတစ်ယောက်ဖြစ်လာပါတယ်။

ဥစ္စာပစ္စည်းတွေလည်း နည်းနည်းချင်း၊ နည်းနည်းချင်း စုဆောင်းသွားမယ်ဆိုရင် တဖြည်းဖြည်းနှင့် များပြားတဲ့ဥစ္စာပစ္စည်းတွေဖြစ်လာလိမ့်မယ်လို့ နည်းယူလိုက်ရင် ဒါဟာ စီးပွားရှာနည်းဖြစ်သွားပါတယ်။ ဒီနည်းတွေကို

www.dhammadownload.com

ဘယ်သူကပေးတာလဲဆိုတော့ပတ်ဝန်းကျင်လောကက သင်ပြပေးလိုက်တာပါ။

ဥစ္စာပစ္စည်းကိုစုရင် စီးပွားဖြစ်သလို၊ ကုသိုလ်ရေးရာဘက်က တွေးကြည့်ပြီး ကုသိုလ်တရားတွေကို တတ်နိုင်သလောက် နည်းနည်းချင်း ကြိုးစားပြီးတော့ ပြုလုပ်သွားမယ်ဆိုရင် ကုသိုလ်တရားတွေ ပြည့်စုံသွားလိမ့်မယ်။ ကိုယ်တတ်နိုင်တဲ့ အနေအထားအရ ဒါနကောင်းမှုတွေပြုမယ်။ သီလတရားတွေလည်း စောင့်သုံးမယ်၊ ဘာဝနာတရားတွေလည်း ကျင့်ကြံပွားများမယ်ဆိုရင် ပြည့်စုံလာပါလိမ့်မယ်။

အစပိုင်းမှာတော့ မသိသာပေမဲ့ တဖြည်းဖြည်းချင်း စုလာစုလာတဲ့အခါကျတော့ တစ်စက်ချင်းကျတဲ့ရေပေါက်တွေ ရာဝင်အိုးကြီးပြည့်လာသလို ကုသိုလ်တွေပြည့်လာမှာလို့ ရှုမြင်သုံးသပ်ကြရင် ကုသိုလ်ပြုနည်းရပါတယ်။

ဉာဏ်ရှိတဲ့သူတွေကတော့ ဒီနည်းလမ်းအတိုင်း လောကကို ဆရာတင်ပြီးတော့ တရားဓမ္မတွေ ရယူသွားကြပါတယ်။ တရားမြင်သွားကြပါတယ်။

www.dhammadownload.com

ကြည့်တတ်ရင် တရားမြင်

ပတ်ဝန်းကျင်ကို သတိထားကြည့်လိုက်ရင် တရားရစရာအကြောင်းတွေ အများကြီးရှိပါတယ်။ သစ်ပင်လေးတစ်ပင်ဟာ နွေရာသီမှာ သစ်ရွက်တွေကြွေသွားတယ်။ မိုးလေး တစ်ပြိုက်နှစ်ပြိုက်ရွာတဲ့အချိန်မှာ အကိုင်းဖျားလေးက အရွက်ထွက်ရမယ့်နေရာမှာ ပုရစ်ဖူးလေးတွေ ထွက်လာတယ်။ ရွက်နုလေးတွေ ထွက်လာတယ်။ တော်တော်လေးကြာတော့ တစ်ပင်လုံးစိမ်းလန်းတဲ့အရွက်တွေနဲ့ ဝေဆာပြီးတော့နေတယ်။ ဒါပေမဲ့ ဘာမှမကြာလိုက်ပါဘူး။ ရွက်နုတွေကကြမ်းလာရင့်လာတယ်၊ ဝါလာတယ်၊ ကြွေကျသွားတယ်။ တဖြည်းဖြည်းချင်းဖြစ်ပေါ်လာတဲ့ ပြောင်းလဲတဲ့ပျက်စီးတဲ့သဘောတွေကို သစ်ပင်၊ သစ်ရွက်တွေကလည်း အထင်အရှားပြနေကြပါတယ်။

ပတ်ဝန်းကျင်မှာရှိနေတာမှန်သမျှဟာ ကြည့်တတ်ရင် တရားမြင်ပါတယ်။ အဲ့ဒီလို ကြည့်မြင်သုံးသပ်ပြီး တရားမြင်သွားသူတွေလည်း အများကြီးရှိခဲ့ဖူးပါတယ်။

www.dhammadownload.com

လွန်ခဲ့တဲ့အတိတ်ရှေးခါ ကပ်ကမ္ဘာကာလတုန်းက မိထိလာပြည်မှာ မင်းအဖြစ်နှင့် နှစ်ပေါင်းခုနစ်ရာတိုင်တိုင် မင်းစည်းစိမ်၊ ထီးနန်းစည်းစိမ်တွေကို အပြည့်အဝခံစားနေတဲ့ မဟာဇနကမင်းကြီးဟာ တစ်နေ့ကျတော့ ခုနစ်ရာသော မိဖုရားတွေနဲ့အတူ ဥယျာဉ်ကစားထွက်လာပါတယ်။

မိဖုရား၊ စစ်သည်ဗိုလ်ပါတွေ၊ မင်းမှူးမတ်တွေနဲ့ ပျော်ပါး၊ ကစားရအောင်ဆိုပြီး နန်းတော်ကနေ နံနက်စောစောတည်းက ထွက်လာခဲ့ကြတာပါ။ ဥယျာဉ်တံခါးဝအရောက်မှာ သရက်ပင်နှစ်ပင် ဟိုဘက်ဒီဘက် တစ်ပင်စီ ပေါက်နေတာကို သတိထားမိလိုက်ပါတယ်။

တစ်ပင်ကိုကြည့်လိုက်တော့ အသီးတွေသီးနေတဲ့ အပင်ပါ။ အပင်ပေါ်က အသီးတွေက မှည့်လို့ဝင်းလို့ ပင်လုံးညွတ်နေပါတယ်။ နောက်တစ်ပင်ကတော့ အသီးမရှိတဲ့ သရက်ပင်ပါ။ တစ်ပင်လုံးမှာ အသီးတစ်လုံးမှ မရှိပါဘူး။

မဟာဇနကမင်းကြီး သရက်သီးတွေ့တော့ ရာဇကုန္ဒြေထိန်းမနေနိုင်တော့ပါဘူး။ ဆင်ကျောကုန်းပေါ်ကနေပြီး သရက်သီးတစ်လုံး ခူးဆွတ်ပြီး စားလိုက်ပါတယ်။ "သိပ်အရသာရှိတာပဲ။ အင်မတန်ချိုတာပဲ" ဆိုပြီး နောက်တစ်လုံး ထပ်ခူးစားပြန်ပါတယ်။

ရှင်ဘုရင်ကြီးကိုယ်တိုင် သရက်သီးတွေ တစ်လုံးပြီးတစ်လုံး အားရပါးရခူးစားနေတာမြင်တော့ နောက်ကပါလာတဲ့ ပရိသတ်တွေကလည်း စားချင်လာကြပါတယ်။

စောစောက ဒီသရက်ပင်မှာရှိတဲ့အသီးကို ရှင်ဘုရင်ကြီး မစားရသေးလို့ ဘယ်သူမျှမစားရဲကြပါဘူး။ ခုတော့ ရှင်ဘုရင်ကြီးလည်း သရက်သီးကို ပွဲတော်တည်ပြီးပြီဆိုတော့ နောက်ကပါလာတဲ့ မှူးမတ်များက "ရှင်ဘုရင်ကြီး ပွဲတော်တည်ပြီးရင် တို့တတွေလည်း ခူးစားလို့ရပြီ" ဆိုပြီး တစ်ယောက်တစ်လုံးဆိုသလိုခူးစားကြပါတယ်။ မှူးမတ်များစားပြီးတော့ နောက်က စစ်သည်ဗိုလ်ပါတွေကလည်း သူတစ်လုံးကိုယ်တစ်လုံး ခူးစားကြပါတယ်။

www.dhammadownload.com

တဖြည်းဖြည်းနှင့် နောက်ဆုံးကပါလာတဲ့ နောက်လိုက်နောက်ပါတွေအတွက်ကျတော့ လက်နဲ့ခူးလို့ မမှီတော့ဘူး။ လက်နဲ့ခူးဆွတ်လို့မရတဲ့ အဆုံးနောက်ပါအခြေအရံတွေက သစ်ပင်ပေါ်က သရက်သီးကိုရအောင်တုတ်နဲ့ပစ်ကြပါတယ်။ ခဲနဲ့ပေါက်ကြပါတယ်။ တံချူနဲ့ချူကြတယ်။ မရရအောင်ခူးယူကြပါတယ်။

တုတ်နဲ့လည်းပစ်၊ ခဲနဲ့လည်းပေါက်၊ တံချူနဲ့လည်းချူဆိုတော့ သရက်ပင်ဟာ မရှုမလှခံရပါတော့တယ်။ အရွက်တွေလည်းကြွေ၊ အကိုင်းတွေလည်းကျိုးလို့ ရုပ်ပျက်ဆင်းပျက် ဖြစ်ရပါတယ်။

ရှင်ဘုရင်ကြီးကတော့နောက်ပိုင်းမှာ ဘာဖြစ်နေတယ်ဆိုတာကိုမသိရှာပါဘူး။ တစ်နေ့လုံး ဥယျာဉ်ကစားပျော်ပါးပြီး ညနေခင်းမှာ ပြန်ထွက်လာလို့ ဥယျာဉ်အပေါက်ဝရောက်ပြန်တော့ စောစောက သရက်ပင်နှစ်ပင်ကို အမှတ်မထင်ကြည့်လိုက်မိပြန်ပါတယ်။

မနက်က အသီးတွေနဲ့ပြည့်နေတဲ့ သရက်ပင်၊ အခက်အလက်တွေဝေဆာနေတဲ့ သရက်ပင်၊ စိမ်းလန်းစိုပြည်နေတဲ့ သရက်ပင်၊ ခုတော့ ရိုးတံကျဲကျဲသာ ရှိတော့တယ်။ အရွက်တွေလည်းကြွေပြီး အောက်မှာပွစာ ကြလို့။ အကိုင်းတွေလည်း ကျိုးလို့။ မြင်လို့ရှုလို့မကောင်းတော့ဘဲ သရက်ပင်ကိုမြင်ရတယ်။

မနက်မြင်ကွင်းနဲ့ညနေမြင်ကွင်းမတူတော့ဘူး။ မနက်တုန်းကတော့ အသီးတွေ၊ အဖူးတွေ၊ အပွင့်တွေနဲ့ စိမ်းလန်းစိုပြည်လို့ အရွက်တွေ ဝေဝေဆာဆာနဲ့ ကြည့်လို့ကောင်းတဲ့သရက်ပင်၊ ညနေပြန်လာချိန်မှာ ကျိုးပဲ့ပျက်စီးနေပြီ။ ဒါကိုမြင်တဲ့ မဟာဇနကမင်းကြီးရဲ့စိတ်ထဲမှာ သံဝေဂဉာဏ်ဝင်လာပါတယ်။

"ကြည့်စမ်းပါဦး၊ ဟိုဘက်ကသရက်ပင်နဲ့ဒီဘက်ကသရက်ပင်မနက်တုန်းကတော့ နှစ်ပင်စလုံး စိမ်းလန်းနေတယ်။ အခု ညနေပြန်လာလို့ကြည့်လိုက်တဲ့အခါ အသီးရှိတဲ့သရက်ပင်မှာ ကျိုးပဲ့နေတယ်။ ပျက်စီးနေတယ်။

www.dhammadownload.com

အသီးမရှိတဲ့ သရက်ပင်မှာတော့ ဒီအတိုင်းရှိနေတယ်။ ဘာတစ်ခုမှ မကျိုးပဲ့ဘူး၊ မပျက်စီးဘူး၊ အကောင်းပကတိ ရှိနေတယ်။ ရှိလို့ ဖျက်ဆီးခံရတာ၊ မရှိရင် ဖျက်ဆီးနှိပ်စက်မခံရဘူး" လို့ ရှုမြင်သုံးသပ်လိုက်ပါတယ်။

အသီးမရှိတဲ့အပင်က မပျက်စီးပါဘူး။ အသီးမရှိတဲ့အပင်ကို ဘယ်သူတွေကမှ ခူးကြဆွတ်ကြ၊ ခဲနဲ့ပစ်ကြ၊ တုတ်နဲ့ပေါက်ကြတာတွေ မလုပ်ကြပါဘူး။ အသီးမရှိတဲ့အတွက်ကြောင့် နဂိုအတိုင်း စိမ်းစိမ်းစိုစို ရှိနေနိုင်ပါတယ်။

အသီးရှိတဲ့ သရက်ပင်ကျတော့ အပင်ပေါ်ကသရက်သီးကို သူလည်း လိုချင်၊ ကိုယ်လည်းလိုချင်။ သူကလည်းပဲ သရက်သီးကို စားချင်တယ်။ ကိုယ်ကလည်းပဲ သရက်သီးကိုစားချင်တယ်။ လူတိုင်းလူတိုင်းက သဘောကျလိုချင်နေကြတဲ့အတွက် အသီးရှိတဲ့ဒီသစ်ပင် ပျက်စီးခြင်းကို ရောက်တယ်ဆိုတာကိုကြည့်ပြီး မဟာဇနကမင်း တရားသဘော မြင်သွားပါတယ်။

လောကထဲမှာလည်းပဲ ဒီအတိုင်းပါပဲလားလို့ လောကရဲ့သဘောကို နားလည်သွားပါတယ်။ "လူတိုင်း လူတိုင်းက လိုချင်ကြလို့၊ ရှာဖွေကြတဲ့ ဥစ္စာပစ္စည်း စည်းစိမ်ချမ်းသာကို ပိုင်ဆိုင်ထားတဲ့သူတွေမှာ ဒုက္ခတွေများတယ်။ ကိုယ့်လက်ထဲရှိတဲ့ ဥစ္စာကို သူကလိုချင်တော့ ရအောင်သူအားထုတ်မယ်။ သူ့လက်ထဲရောက်အောင်ကြိုးစားမယ်၊ လုယူမယ်၊ ခိုးယူမယ်၊ ဝှက်ယူမယ်၊ တိုက်ယူမယ်။ နည်းလမ်းမျိုးစုံနဲ့ အရယူလိုက်ချိန်မှာ ကိုယ်လည်းအသီးရှိတဲ့ သရက်ပင်လိုပဲ ပျက်စီးခြင်းကို ရောက်ရပါလိမ့်မယ်။

ငါ့မှာကြည့်လိုက်ရင်လည်း ကာမဂုဏ်တရားတွေက များစွာရှိနေတယ်။ သရက်သီးနဲ့တူတဲ့ ကာမဂုဏ်တွေ ငါ့မှာ မြောက်မြားစွာရှိနေတယ်။ ထီးနန်းစည်းစိမ်လည်း ရှိပါတယ်။ စိန်တွေ၊ ရွှေတွေ၊ ရတနာတွေလည်း ရှိနေတယ်။ မိဖုရားတွေလည်း ရှိပါတယ်။ သားတော်၊ သမီးတော်တွေလည်းပဲရှိတယ်။ တန်ခိုးအာဏာတွေလည်း ရှိနေတယ်။

ဒါတွေအားလုံးဟာ လိုချင်စရာကောင်းတာတွေချည်းပဲ။ လူတိုင်းလိုချင်ကြတာချည်းပဲ။ အဲဒီတော့ ရအောင် လုယက်ယူမယ်၊ တိုက်ယူခိုက်ယူ

www.dhammadownload.com

မယ်ဆိုလို့ရှိရင် ငါဟာ အသီးသီးတဲ့ သရက်ပင်ပမာ ဒုက္ခရောက်ဖို့သာ ရှိတော့တယ်။ ကာမဂုဏ်တွေပိုင်ဆိုင်ထားတဲ့ လူသားတစ်ယောက်ဟာလည်း သရက်ပင်ကြီးလို ပျက်စီးခြင်းမလှ ပျက်စီးရမှာပဲ။ ဒုက္ခရောက်မှာ ပဲ" လို့ သိမြင်တဲ့အချိန်မှာ မဟာဇနကမင်းကြီးဟာ ဆင်ကျောကုန်းပေါ်မှာပဲ တရားနှလုံးသွင်းရှုပွားဆင်ခြင်လိုက်ပါတယ်။

"ငါ့ခန္ဓာကိုယ်ကြီး ကြည့်လိုက်မယ်ဆိုရင်လည်း ဒီအတိုင်းပါပဲလား။ ခန္ဓာကိုယ်ကြီးဟာ ပျက်စီးရမယ့် ခန္ဓာကြီးပါလား။ မနက်တုန်းက အကောင်းသားပကတိ သရက်ပင်ကြီး၊ ညနေကျတော့ ပျက်စီးရသလို ဘဝအစဝိုင်းမှာတော့ ဒီခန္ဓာကိုယ်ကြီးသည် နုပျိုမှုတွေနဲ့ သန်စွမ်းမှုတွေနဲ့ လှပတင့်တယ်မှုတွေနဲ့ ပြည့်စုံနေတယ်။

ဘဝညနေခင်း၊ နေဝင်ချိန်ကို ရောက်တဲ့အခါမှာ ဒီခန္ဓာကိုယ်ကြီးယိုယွင်းလာပြီး ဖောက်ပြန်လာပါပြီ။ ဟိုနားကနာ၊ ဒီနားကနာနဲ့ ရောဂါဝေဒနာတွေ ပေါင်းစုံရောက်လာပါပြီ။ ပျက်စီးမယ့်လက္ခဏာကို ပြလာပါပြီ။ တစ်ချိန်ချိန်မှာ ပျက်စီးမှာအသေအချာဆိုတော့ မပျက်စီးခင်မှာ ငါသည် ကြုံတင်ပြီးတော့ တရားရှာမှဖြစ်မယ်" လို့ နှလုံးသွင်းပြီးတော့ ဆင်ကျောကုန်းထက်မှာပဲ ဇနကမင်းကြီး တရားနှလုံးသွင်းလိုက်တာ ပစ္စေကဗောဓိဉာဏ်ကို ရသွားပါတယ်။ ပစ္စေကဗုဒ္ဓါဖြစ်သွားပါတယ်။

မှူးမတ်စစ်သည်ဗိုလ်ပါတွေ၊ မိဖုရားတွေက ဥယျာဉ်တံခါးပေါက်ဝမှာ သရက်ပင်နှစ်ပင်ကို တစိမ့်စိမ့်ကြည့်ပြီး အကြာကြီးရပ်တန့်နေတဲ့ မင်းကြီးကို ပြန်လည်သတိပေးကြမယ်လို့ဆိုပြီး "အရှင်မင်းကြီး နန်းတော်ပြန်ရမယ့် အချိန်အခါ ရောက်ပါပြီ။ ညနေစောင်းပါပြီ။ မိုးချုပ်ပါပြီ" လို့ နောက်ကနေ လျှောက်တင်ကြတဲ့အခါမှာ ဇနကမင်းကြီးက "သင်တို့ ငါ့ကို မင်းကြီးလို့မခေါ်ကြနဲ့တော့။ ငါဟာ ပစ္စေကဗုဒ္ဓါအရှင်မြတ်ဖြစ်နေပြီ" လို့ ပြောလိုက်ပါတယ်။

အသွင်အပြင်အားဖြင့်တော့ မင်းဝတ်မင်းစား၊ မင်းမြောက်တန်ဆာတွေနဲ့ ရှင်ဘုရင်တစ်ပါးရဲ့အသွင်အပြင်တွေနဲ့ပါ။ ဒါပေမဲ့ သူရဲ့အတွင်းစိတ်

www.dhammadownload.com

သန္တာန်ကတော့ ပစ္စေကဗောဓိဉာဏ် ကိန်းအောင်းနေတဲ့ ပစ္စေကဗုဒ္ဓါ ဖြစ်နေပါပြီ။

နောက်ကပရိသတ်တွေကမယုံကြည်ကြ၊လက်မခံကြပါဘူး။ "အရှင်မင်းကြီး ပစ္စေကဗုဒ္ဓါဆိုတာ ဒီလိုပုံပန်းသဏ္ဌာန်မဟုတ်ပါဘူး။ ဒီလိုနေပုံထိုင်ပုံမျိုး မဟုတ်ပါဘူး" လို့ ပြောကြတော့ အဓိဋ္ဌာန်ပြုလိုက်ပြီး ဦးခေါင်းတော်ကိုလက်တော်နဲ့ သုံးသပ်လိုက်တာနဲ့တစ်ပြိုင်နက် ဆံပင်တွေလည်း ရိတ်ပယ်ပြီးသား၊ ခန္ဓာကိုယ်မှာလည်းပဲ သင်္ကန်းဝတ်ပြီးသား။ သပိတ်လွယ်ပြီးသား ပစ္စေကဗုဒ္ဓါအသွင် ပေါ်လာပါတယ်။

ထီးနန်းစည်းစိမ်တွေအားလုံးလွှဲပြီးတော့ ဇနကမင်းကြီးဟာဟိမဝန္တာတောကြွပြီး တရားဓမ္မတွေနဲ့ တရားချမ်းသာနှင့် နေတော်မူပါတယ်။ မဟာဇနကမင်းကြီး တရားရသွားတဲ့ အကြောင်းရှာကြည့်လိုက်ရင် ကိုယ့်ပတ်ဝန်းကျင်မှာရှိနေတဲ့ လောကသဘာဝကို သိမြင်နားလည်သွားလို့ တရားရသွားတာပါ။

လောကသဘာဝကလည်း ကြည့်တတ်၊ မြင်တတ်တဲ့သူအတွက် တရားရရာရကြောင်း အနိစ္စတရားတွေ ပြနေပါတယ်။ ဒုက္ခတရားတွေ ပြနေပါတယ်။ ပျက်စီးရမယ့်သဘောတရား၊ ကုန်ခန်းရမယ့်သဘောတရားတွေကို လောကကြီးကပြနေပါတယ်။

www.dhammadownload.com

လက်ကောက်သံလေး တချွင်ချွင်

ပတ်ဝန်းကျင်လောကကို ရှုမြင်သုံးသပ်ပြီးတော့ တရားရသွားတဲ့ နောက်ပစ္စေကဗုဒ္ဓါအရှင်မြတ်တစ်ပါးကတော့ တက္ကသိုလ်ပြည်က နဂ္ဂဇိမင်းကြီးပါ။ တက္ကသိုလ်ပြည်ကြီးအုပ်ချုပ်နေတဲ့ နဂ္ဂဇိမင်းကြီးဟာ တစ်နေ့ကျတော့ သူ့ရဲ့ပလ္လင်အနီးက မိဖုရားငယ်လေးတစ်ပါး သနပ်ခါးသွေးနေတာကို အမှတ်မထင်ကြည့်မိလိုက်ပါတယ်။

ကျောက်ပြင်ပေါ်မှာ သနပ်ခါးတုံးနဲ့သွေးနေတဲ့ မိဖုရားငယ်ရဲ့လက်ထဲမှာလည်း လက်ကောက်တွေအပြည့်နဲ့ပါ။ သနပ်ခါးသွေးလိုက်တိုင်း ကိုယ်လှုပ်လက်လှုပ်သွားချိန်မှာ လက်ကောက်တွေ တစ်ကွင်းနှင့်တစ်ကွင်း ထိမိခိုက်မိတော့ တချွင်ချွင်နဲ့ အသံတွေထွက်လာတာကို သတိပြုမိလိုက်ပါတယ်။ "လက်ထဲမှာဝတ်ထားတဲ့ ဒီလက်ကောက်တွေဟာ တစ်ကွင်းတည်းသာရှိမယ်ဆိုရင် အသံမထွက်ဘူး။ လက်ကောက်နှစ်ကွင်းထိခိုက်မိတော့မှ အသံထွက်လာတယ်။ သုံးလေးကွင်းဝတ်ထားမယ်ဆိုရင် ပိုပြီးတော့အသံမြည်လာမယ်" လို့

www.dhammadownload.com

ဆက်လက်ဆင်ခြင်ကြည့်မြင်လိုက်ချိန်မှာ နဂ္ဂဇိမင်းကြီးတရားသဘောပေါက်သွားပါတယ်။

လက်ကောက်ချည်းပဲ မဟုတ်ပါဘူး။ လူလည်းပဲ ဒီအတိုင်းပါပဲ။ တစ်ယောက်တည်းရှိချိန်မှာ အသံမထွက်ဘူး။ ဘာဖြစ်လို့ မသံမထွက်တာလည်းဆိုတော့ အဖော်မှမရှိတဲ့အတွက် ပြောစရာမရှိလို့ပါ။ နှစ်ယောက်သုံးယောက်ဖြစ်လာပြီဆိုလို့ရှိရင် အသံထွက်လာပါပြီ။ ဟိုအကြောင်းပြောမယ်၊ ဒီအကြောင်းပြောမယ်။ အဆင်ပြေနေတဲ့ အချိန်အခါမှာတော့ တစ်ယောက်နဲ့တစ်ယောက် ချစ်ချစ်ခင်ခင်နဲ့ ပြောကြမယ်။ အဆင်မပြေတဲ့ အချိန်ကျရင်တော့ ရန်စကားတွေပြောကြတော့မယ်။ ရန်တွေဖြစ်ကြမယ်။ စကားများကြမယ်။အသံထွက်လာပြီ။လက်ကောက်နှစ်ကွင်းထိခိုက်မိသလိုအသံတွေထွက်လာပါပြီ။

နဂ္ဂဇိမင်းကြီး သံဝေဂရလည်းရစရာပါ။ တစ်ယောက်တည်းနေတုန်းက ဘာသံမှမမြည်ပေမဲ့နှစ်ယောက်သုံးယောက်ကနေ တစ်ရာနှစ်ရာဆိုလို့ရှိရင်တော့ နားတောင်မခံနိုင်တော့ဘူး။ သုံးရာလေးရာဆိုရင် ပိုဆိုးလို့လာပါပြီ။

လူ့ဘောင်ဘဝ၊ လူ့လောကမှာနေရတယ်ဆိုတာ ဒီသဘောအတိုင်းပါပဲ။ လောကထဲမှာ တစ်ယောက်တည်းနေလို့ မဖြစ်။ အပေါင်းအသင်းတွေနဲ့ နေကြရတယ်။ သားတွေ၊ သမီးတွေ၊ ခင်ပွန်း၊ ဇနီးမယားတွေနဲ့ နေကြရပါတယ်။ ဆွေမျိုးသားချင်းတွေနဲ့ နေကြရတယ်။ အဲဒီတော့ တစ်ယောက်တည်းနေရတုန်းက ကိစ္စမရှိသေးဘူး။ တစ်ယောက်ကနေ နှစ်ယောက်၊ နှစ်ယောက်ကနေ သုံးယောက်၊ ခင်ပွန်းဇနီးဖြစ်လာပြီ။ သားတွေ၊ သမီးတွေဖြစ်လာပြီ။ ဆွေမျိုးသားချင်းတွေများလာလို့ အသိုက်အဝန်းနဲ့ဖြစ်လာချိန်မှာ အသံမျိုးစုံ ကြားရပါတော့မယ်။ ကောင်းတဲ့အသံလည်း ပါမယ်။ မကောင်းတဲ့အသံလည်းပဲ ပါလိမ့်မယ်။

အဲ့ဒီအသံတွေကိုကြားပြီးတော့ ဇောဘတွေလည်း ဖြစ်လိမ့်မယ်။ ဒေါသတွေလည်းဖြစ်လိမ့်မယ်။ ဒီအသံတွေကြောင့် မောဟတရားတွေလည်း

www.dhammadownload.com

ပဲ ဝင်ရောက်လာပါလိမ့်မယ်။ သဘောကျတဲ့အသံကိုတော့ သာယာတပ်မက်နှစ်သက်ပြီး လောဘဖြစ်ပါတယ်။ သဘောမကျတဲ့ စကားသံများကြားရချိန်မှာ ဒေါသဖြစ်ပါတယ်။ လောဘမဖြစ်ဘူး။ ဒေါသလည်းမဖြစ်ဘူးဆိုရင်တောင် ဒီအသံတွေကြောင့် မောဟဖြစ်ပါတယ်။

တရားနာယူတာကလွဲရင် အသံကြောင့် ကုသိုလ်ဖြစ်ဖို့ဆိုတာ ခဲခဲယဉ်းယဉ်းပါ။ ဒါကို သဘောပေါက်နားလည်သွားတော့ နဂ္ဂဇိမင်းကြီးက "ငါ့မှာ လက်ကောက်တစ်ကွင်းကနေ နှစ်ကွင်းများလာသလို ငါ့မှာ ပိုင်ဆိုင်မှုတွေက အင်မတန်များတယ်။ ဥစ္စာပစ္စည်းတွေ၊ မိဖုရားတွေ၊ တန်ခိုးအာဏာတွေ၊ ခွေ့ရံသင်းပင်းတွေ များစွာရှိနေတယ်။

ဒါတွေကြောင့် အသံတွေမြည်လာမယ်ဆိုရင် ငါသည် ဒုက္ခရောက်တော့မှာပဲ၊ လောဘတွေ၊ ဒေါသတွေ၊ မောဟတွေနှင့် ဒီအတိုင်းသာနေရင် ငါသည် ဆင်းရဲဒုက္ခတွေ့တော့မှာပဲ" လို့ သံဝေဂဝင်လာတော့ နဂ္ဂဇိမင်းကြီး တောထွက်သွားပါတယ်။

ကာမဂုဏ်အာရုံတွေအားလုံးပယ်စွန့်တောထွက်ပြီး တရားဓမ္မကျင့်လိုက်တော့ ပစ္စေကဗုဒ္ဓါဖြစ်သွားပါတယ်။ သနပ်ခါးသွေးနေတာလေးကြည့်ပြီး တရားမြင်သွားပါတယ်။

နေ့တိုင်းနေ့တိုင်း သနပ်ခါးသွေးပါတယ်။ တရားမရပါဘူး။ လက်ကောက်တွေကလည်း တချွင်ချွင်နဲ့ နေ့တိုင်းမြည်ပါတယ်။ ဒါပေမဲ့ မကြည့်တတ်တော့ တရားမရကြပါဘူး။

နေ့တိုင်းနေ့တိုင်း ဒီလိုအသံတွေကြားနေပေမဲ့ ဒါတွေဟာ တရားရစရာပဲလို့ မမြင်တတ်တဲ့အတွက်ကြောင့် တရားမဖြစ်တာပါ။ မြင်တတ်တဲ့ နဂ္ဂဇိမင်းကြီးကတော့ ပစ္စေကဗုဒ္ဓါ ဖြစ်သွားပါတယ်။

www.dhammadownload.com

အဝေဒံရတဲ့ နွား

ဥတ္တရတိုင်း၊ ပဏ္ဍာလပြည်ကိုအစိုးရတဲ့ ဒုမုခမင်းကြီးဟာ တစ်နေ့မှာ လေသာပြတင်းပေါက်ကနေ ပတ်ဝန်းကျင်ကိုလှမ်းမျှော်ပြီးတော့ ကြည့်ပါတယ်။

နန်းတော်ရဲ့လေသာတံခါးပေါက်ကနေ ပတ်ဝန်းကျင်နန်းတော်တစ်ဝိုက်လှည့်ပတ်ပြီးကြည့်လိုက်ချိန်မှာ မနက်စောစော နွားခြံထဲကနေထွက်လာတဲ့ နွားအုပ်ကြီးကို တွေ့လိုက်ပါတယ်။ စားကျက်ဆီသွားကြတဲ့ နွားအုပ်ကြီးထဲမှာ ဗိုလ်ဖြစ်တဲ့ခေါင်းဆောင်နွားလားကြီးက တပ်မက်စိတ် ကိလေသာကြောင့် ရှေ့ကသွားနေတဲ့နွားမတစ်ကောင်နောက်ကိုအတင်းတရကြမ်းလိုက်ပါတယ်။မ,စိတ်မွန်လို့ဘာမှမမြင်တော့ဘဲနောက်ကတကောက်ကောက်လိုက်နေချိန်မှာ သတိလက်လွတ်ဖြစ်နေတော့ငြိုးသူရန်ဘက်ဖြစ်တဲ့နွားတစ်ကောင်က အလစ်မှာ ချိုနဲ့ဝေ့လိုက်တာ ဗိုက်ပွင့်ပြီး အူတွေအခွေလိုက်ထွက်လာလို့ လဲကျသေဆုံးသွားတာကို မြင်လိုက်ပါတယ်။

www.dhammadownload.com

ဘာကြောင့် သူဒီလိုဖြစ်ရတာလဲဆိုရင် သတိလက်လွတ်ဖြစ်သွားလို့ပါ။ ခါတိုင်းခါတိုင်းဆိုရင် ဒီနွားအုပ်ထဲမှာ ဘယ်သူမှ သူ့ကိုမယှဉ်နိုင်ဘူး။ မတွေနိုင်ဘူး။ အခုကျတော့ ကိလေသာကြောင့် သေရပါပြီ။

ကိလေသာစိတ်တွေနဲ့မွန်နေချိန်မှာကိလေသာတရားတွေလွှမ်းမိုးဖိစီးနှိပ်စက်နေချိန်မှာ သူဟာ ရန်သူကို မမြင်နိုင်တော့ပါဘူး။ ရန်မူတာကိုလည်း မတွေ့နိုင်တော့ပါဘူး။ ဒါကြောင့် တိုက်ခိုက်ခံရပြီး အူတွေအခွေလိုက်ထွက်ကျသေဆုံးရတာလို့မြင်တော့ သံဝဂဖြစ်ပါတယ်။

ချစ်ခင်နှစ်သက်တဲ့ ကိလေသာကြောင့် ဒုက္ခရောက်ပါတယ်။ ကိလေသာက ပညာမျက်စိကို ကန်းအောင်ပြုလိုက်ပါတယ်။ ရန်သူ၊ မိတ်ဆွေခွဲခြားပြီးတော့မမြင်တော့ဘူး။ အန္ဓရာယ်ပြုမှာကိုလည်း မသိတော့ပါဘူး။ အဲဒီအဖြစ်အပျက်ကို ပြတင်းပေါက်ကနေမြင်လိုက်ရတဲ့ ဒုမုခမင်းကြီး သံဝေဂဝင်သွားပါတယ်။

လောကထဲကြည့်မယ်ဆိုရင်လည်း မြောက်များစွာသောသူတို့မှာ ကိလေသာတရားတွေကြောင့် ဆင်းရဲဒုက္ခရောက်နေကြတာကို အထင်အရှားတွေ့ကြရမှာပါ။ ကိလေသာမကင်းသူမှန်သမျှ ဒုက္ခပေါင်းစုံနှင့်တွေ့ကြုံပြီးတော့ နေရပါတယ်။ ကိလေသာရှိတဲ့သူမှန်သမျှမှာ ဒုက္ခတွေကို ဒုက္ခတွေလို့ မမြင်ကြဘဲ ဒုက္ခတွေကို သုခလို့ထင်မြင်ပြီး ကိလေသာတိုးပွားအောင်ကြိုးစားနေကြပါတယ်။ နေ့စဉ်နေ့တိုင်းမှာ ဆင်းရဲဒုက္ခတွေကို ခံစားနေရတာဟာ ကိလေသာကို မပယ်နိုင်လို့ပါ။

အားလုံးကြားဖူး၊ မြင်ဖူးကြမှာပါ။ ချစ်ခင်နှစ်သက်တဲ့ သံယောဇဉ်ကြောင့် သတ်တာဖြတ်တာခံရတဲ့သူတွေ၊ ချုပ်နှောင်ခံရတာတွေကိုယ့်ပတ်ဝန်းကျင်မှာ ရှိနေပါတယ်။ နေပူမရှောင်၊ မိုးရွာမရှောင် ဒုက္ခပေါင်းစုံနဲ့ ရှာဖွေစားသောက်နေရတာတွေလည်း တွေ့ကြုံရပါတယ်။ ကိုယ်တိုင်ကြုံရပေမဲ့လို့ ကိုယ်ကိုယ်တိုင် သံဝေဂတရားမဖြစ်ရင် တရားမမြင်ပါဘူး။

www.dhammadownload.com

ဦးခေါင်းပေါ်က ကျွတ်ကျသွားတဲ့ဆံပင်ကို ဘယ်သူမှ ချစ်ချစ်ခင်ခင်နဲ့ သိမ်းမထားဘူး။ ယူမထားပါဘူး။ အဲ့ဒီဆံပင်ကို လွှင့်လိုက်သလို၊ ပစ်လိုက်သလို ဒုမုခမင်းကြီးကလည်း သူပိုင်ဆိုင်တဲ့နန်းတော်ကြီးကို စွန့်ခွာပြီးတော့ တောထဲဝင်ကြွသွားပါတယ်။

တရားမမြင်သေးတဲ့သူတွေမှာ ချစ်ခင်နှစ်သက်တတ်တဲ့ကိလေသာတွေလည်းရှိနေကြပါတယ်။ ချစ်စရာ၊ ခင်စရာ၊ နှစ်သက်စရာ၊ သံယောဇဉ်တွယ်စရာတွေလည်းပဲ ပတ်ဝန်းကျင်မှာ များစွာရှိနေကြပါတယ်။ ပိုင်ဆိုင်မှုများလေလေ သံယောဇဉ်များလေလေပါပဲ။ သာမန်လူနဲ့စာရင် တိုင်းရှင်၊ ပြည့်ရှင် ဘုရင်ကြီးတွေမှာ ပိုင်ဆိုင်မှုများတော့၊ ပိုပြီးတော့ တပ်မက်စရာ ဆွဲဆောင်မှုအားကောင်းတော့ သံယောဇဉ်တွေ ပိုပြီးတော့ များနေလိမ့်မယ်။

"ငါ့မှာ ထီးနန်းစည်းစိမ်တွေလည်းပဲ ရှိနေတယ်။ မိဖုရားတွေလည်းပဲရှိနေတယ်။ သားတော်သမီးတော်တွေလည်းပဲ ရှိနေတယ်။ ရာထူးအာဏာတွေလည်းပဲရှိနေတယ်။ ဒါတွေအားလုံးဟာ ကိလေသာတရားတွေကိုဖြစ်ပေါ်စေတယ်။ ကိလေသာတွေနဲ့သာနေမယ်ဆိုရင် ခုနက နွားလားဥသဘလို တစ်ချိန်ချိန်မှာ သူများသတ်တာကို ငါလည်းခံချင်ခံရမယ်။ မခံရရင်တောင်မှ ဒီကိလေသာနဲ့သေမယ်ဆိုရင် ငါသည် ကျိန်းသေဇာတ် အပါယ်ကိုသွားလိမ့်မယ်" လို့ တွေးတောသိမြင်သွားတဲ့ ဒုမုခမင်းဟာ တောဝင်ပြီးတော့ တရားဓမ္မကျင့်တဲ့အခါ ပစ္စေကဗုဒ္ဓါဖြစ်သွားပါတယ်။

www.dhammadownload.com

သားတစ်ချီလာတဲ့ စွန်

မိထိလာတိုင်းကိုအစိုးရတဲ့နိမိမင်းကြီးကလည်းတစ်နေ့မှာလေသာ ပြတင်းပေါက်ဖွင့်ပြီးတော့ ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်ပါတယ်။ ဒီအချိန်မှာပဲကောင်းကင်ယံမှာအသားတုံးတစ်တုံးကိုကိုက်ချီလာတဲ့စွန်ရဲတစ်ကောင်ကိုတွေ့လိုက်ပါတယ်။ စွန်ရဲက သားတုံးသားတစ်ကိုရဖို့ ခက်ခက်ခဲခဲရှာခဲ့ရတာပါ။ အသားတုံးအသားတစ်ရအောင် လူပုတ်ဝန်းကျင်မှာ သက်စွန့်ဆံဖျားရှာခဲ့လို့ ရလာတာပါ။ အိုးတွေအိမ်တွေကြား၊ ဈေးတွေကျောင်းတွေကြားထဲကနေ သူရှာလို့ရလာခဲ့တာပါ။

အဲဒီလို ရှာဖွေနေစဉ်ကာလမှာလည်း ဒီစွန်ရဲမှာ ဒုက္ခတွေရောက်ပါလိမ့်မယ်။ လိုချင်လို့ဆိုပြီးရှာရကတည်းကိုက ဒုက္ခတစ်မျိုးပါ။ လိုချင်တဲ့အတိုင်းရလာပြီ။ အသားတုံးကြီးရလာပြီဆိုပြီး ဝမ်းသာအားရနဲ့ စွန်ရဲသည် ကိုက်ချီပြီးတော့ လာခဲ့တာပါ။ အဲဒီအချိန်မှာ သားတစ်ချီလာတဲ့ စွန်ရဲနောက်ကို များစွာသောစွန်ရဲတွေ ကောက်ကောက်ပါအောင် လိုက်လာကြပါတယ်။ အသားတုံး အသားတစ်ကို လိုချင်တဲ့စွန်ရဲတွေ၊ ရချင်ကြတဲ့စွန်ရဲတွေ လိုက်လာကြ

www.dhammadownload.com

ပါပြီ။ မီလာတယ်ဆိုရင်ပဲ နိမိမင်းကြီးရဲ့မျက်စိအောက်မှာတင် ဝိုင်းအုံထိုးဆိတ်ကြပါတယ်။

အသားတစ်ကိုချီလာတဲ့စွန်ရဲကို နှုတ်သီးနဲ့လည်း ပေါက်ကြပါတယ်။ ခြေထောက်နဲ့လည်း ကန်ကြပါတယ်။ တောင်ပံနဲ့လည်းပဲ ရိုက်ကြပါတယ်။ ကိုယ်လုံးနဲ့လည်းပဲ တိုက်ကြပါတယ်။ စွန်ရဲဟာ သားတစ်ကိုပိုင်ဆိုင်နေသေးသမျှ သူမှာတိုက်ခိုက်တာကို ခံရပါတယ်။ လုယက်တာလည်း ခံရတယ်။ ထိုးဆွတာလည်း ခံရပါတယ်။ အမွေးတွေလည်းကျွတ်၊ အတောင်တွေလည်းကျွတ်လို့၊ သွေးသံတွေလည်းပဲထွက်လို့ ဆင်းရဲဒုက္ခရောက်ချိန်မှာ ဒီဒုက္ခတွေကို မခံနိုင်တော့တဲ့အဆုံး ချီလာတဲ့အသားတုံးကို လွှတ်ချလိုက်ပါတော့တယ်။

အသားတုံးကို မလွှတ်မချင်း ဒုက္ခရောက်မှာသိလို့ သိမြင်တဲ့စွန်ရဲသည် နှုတ်သီးကနေကိုက်ချီလာတဲ့ အသားတုံးကို စွန့်လိုက်ပါတယ်။ သူစွန့်လွှတ်လိုက်တော့ နောက်တစ်ကောင်က ချီသွားပြန်ပါတယ်။ မြေပေါ်မကျခင် ထိုးသုတ်သွားပါတယ်။ ရသွားတဲ့စွန်ရဲနောက်ကိုလည်းပဲ နောက်ကစွန်ရဲအုပ်ကြီးက ဝိုင်းလိုက်ကြ၊ ဝိုင်းပြီးတော့ ထိုးကြ၊ ဆိတ်ကြ၊ ဆွကြပြန်ပါတယ်။ အဲ့ဒီတော့ သူကလည်း မခံနိုင်တော့ဘူး။ လွှတ်ချလိုက်ရပါတယ်။

နောက်တစ်ကောင်က သုတ်ယူသွားပြန်ပါတယ်။ ရသွားတဲ့စွန်ရဲနောက်ကိုလည်း စွန်ရဲအုပ်ကြီးက ဝိုင်းလိုက်ကြပြန်ပါတယ်။ ထိုးကြ၊ ဆိတ်ကြပြန်ပါတယ်။ ဒီလိုဖြစ်နေတာကို မြင်တဲ့ချိန်ခါမှာ နိမိမင်းကြီးဟာ ဖြန့်ချွေတွေးပြီး သံဝေဂဖြစ်သွားပါတယ်။

အသားတုံးအသားတစ်ဆိုတာ လူတိုင်းကြိုက်တဲ့ ကာမဂုဏ်တရားနဲ့တူပါတယ်။ လူမှန်သမျှ လိုလားနှစ်မြို့က်စွာ သုံးဆောင်ခံစားနေကြတဲ့ ကာမဂုဏ်ပစ္စည်းဝတ္ထုအစုစု အိုးတွေ၊ အိမ်တွေ၊ တိုက်တာတွေ၊ ရွှေတွေ၊ ငွေတွေကို ကိုယ်လည်းလိုချင်တယ်။ သူလည်းပဲ လိုချင်တယ်။ လူတိုင်းလူတိုင်း လိုချင်ကြတော့ ရထားတဲ့သူ၊ ပိုင်ဆိုင်ထားတဲ့သူမှာ စိတ်အေးချမ်းသာ မနေရတော့ပါဘူး။

www.dhammadownload.com

"သူပစ္စည်းတွေ ဘယ်တော့ဆုံးရှုံးသွားမှာလဲ။ ဘယ်သူတွေ လုယူသွားမှာလဲ။ ဘယ်သူတွေက ခိုးယူသွားမှာလဲ။ ဘယ်နည်းဘယ်ပုံနဲ့ သူများလက်ထဲရောက်သွားမှာလဲ" လို့ ကြောက်လန့်နေရပါတယ်။ စိုးရိမ်နေရပါတယ်။

ရှာရတုန်းကလည်း တစ်ဒုက္ခ၊ ထိန်းသိမ်းထားရတာလည်း တစ်ဒုက္ခ။ ထိန်းသိမ်းထားရင်းနဲ့ပဲ ဒီပစ္စည်းဥစ္စာက မပျက်တော့ဘူးလားဆိုတော့ မနေပါဘူး။ ပျက်စီးတတ်ပါတယ်။ တစ်ချိန်ချိန်မှာ သူများလက်ကို ပါသွားတတ်ပါတယ်။ ကိုယ့်ပစ္စည်း၊ ကိုယ့်ဥစ္စာလို့ သိမ်းပိုက်ထားပေမဲ့ စိန်တွေ၊ ရွှေတွေလည်း လက်ပြောင်းသွားတာပါပဲ။ သူများလက်ကနေ ကိုယ်လက်ထဲရောက်သလို ခေတ္တခဏ ကိုယ့်ဆီမှာနေပြီးတော့ တစ်ခါ သူများဆီ ပြန်ရောက်သွားပါတယ်။

တစ်သက်တာကာလလုံး ကိုယ်ပိုင်ဆိုင်နေပါတယ်ဆိုရင်တောင်မှ ကိုယ့်လက်ထဲမှာနေမယ့် ပစ္စည်းဥစ္စာသည် နှစ်ပေါင်းခုနစ်ဆယ်၊ ရှစ်ဆယ် ထက်ပိုပြီးတော့ မနေပါဘူး။ ကိုယ်သေရင် သူများလက်ကို ရောက်သွားပါတယ်။

ကာမဂုဏ်တရားတွေကို ပိုင်ဆိုင်ထားတဲ့ ပုဂ္ဂိုလ်မှာ ဒုက္ခတွေများပါတယ်။ ကာမဂုဏ်တွေကို စွန့်ပယ်မှသာလျှင် ချမ်းသာပါလိမ့်မယ်။ ချမ်းသာချင်ရင် ကာမဂုဏ်တွေကို စွန့်ပစ်ရမယ်၊ ပယ်ပစ်ရမယ်၊ သိမ်းပိုက်ဆုပ်ကိုင်ထားမှုတွေကို ဖြေလွှတ်ရပါမယ်။ စောစောက စွန့်ရဲကို ကြည့်လိုက်ပါ။ အသားတုံးအသားတစ်ကို ပိုင်ဆိုင်ထားချိန်မှာ ထိုးဆွဲခံရပါတယ်၊ ရိုက်ပုတ်တာခံရတယ်၊ နှိပ်စက်တာကို ခံရပါတယ်။ လွှတ်ချလိုက်တဲ့အချိန်မှာ အသားတုံးကို စွန့်ပစ်လိုက်တဲ့အချိန်မှာ ချမ်းသာသွားပါတယ်။ စွန့်နိုင်မှ ချမ်းသာပါမယ်။

"ငါလည်းပဲ ဥစ္စာပစ္စည်းတွေ ဒီလောက်အမြောက်အမြားပိုင်ဆိုင်နေမှတော့ တစ်ချိန်ချိန်မှာ ဆင်းရဲရမှာပဲ။ ငါလည်း စွန့်မှသာချမ်းသာမယ်။

www.dhammadownload.com

စွန့်မှသာလျှင် သက်သာမယ်။ ထီးနန်းဥစ္စာနှင့်တကွ ကာမဂုဏ်ပစ္စည်းအားလုံးကို ငါစွန့်လွှတ်တော့မယ်" လို့ နိမိမင်းကြီးဟာ ထီးနန်းကိုစွန့်၊ တိုင်းပြည်ကိုစွန့်လိုက်ပြီး တရားဓမ္မကျင့်ကြံလိုက်တော့ နိမိမင်းကြီးလည်း ပစ္စေကဗုဒ္ဓါဖြစ်သွားပါတယ်။

ထိုအရှင်မြတ်တို့ရဲ့အဖြစ်အပျက်ဘဝဇာတ်လမ်းတွေကို ကြည့်မယ်ဆိုရင် ဉာဏ်နဲ့ယှဉ်ပြီး ကြည့်တတ်၊ မြင်တတ်ကြတယ်လို့ ပြောရမှာပါ။

ဒီလိုအဖြစ်အပျက်မျိုးတွေ အခြေအနေမျိုးတွေ နေ့စဉ်နေ့တိုင်းကြားနေကြပါတယ်။ သိနေကြပါတယ်။ မြင်တွေ့နေကြပါတယ်။ ဘယ်ဥစ္စာဘယ်ပစ္စည်း ဘယ်သူကပိုင်ဆိုင်ထားတော့ ဘယ်သူက လုယူသွားပြန်ပြီ။ လုယက်လို့မရလို့ သတ်ဖြတ်သွားပြန်ပြီဆိုတဲ့ သတင်းတွေလည်း နားနှင့်မဆုံအောင် ကြားနေရပါတယ်။ မြင်နေကြရပါတယ်။ ကာမဂုဏ်ဥစ္စာတို့မည်သည်မှာ ဒုက္ခတွေကိုသာပေးတယ်လို့ နားလည်သဘောပေါက်သွားတဲ့မင်းမြတ်လေးပါးဟာ တရားဓမ္မကျင့်ကြံတော့ ပစ္စေကဗုဒ္ဓါတွေ ဖြစ်သွားကြပါတယ်။

www.dhammadownload.com

ခန္ဓာကပြတဲ့ တရား

အမှတ်တမဲ့မနေဘဲ အရာရာကို တရားသဘောနဲ့ ဆင်ခြင်ပြီးတော့ သုံးသပ်လိုက်ရင် ခန္ဓာထဲကဖြစ်စဉ်တွေကလည်းပဲ တရားရစရာကောင်းတာပါပဲ။

ကြည့်တတ်မြင်တတ်တဲ့သူကို ခန္ဓာကိုယ်ကြီးဟာ အမြဲတမ်းတရားပြပေးနေပါတယ်။ ခန္ဓာရိပ်သာဟာ အမြဲတမ်းဖွင့်ထားတဲ့ တရားရိပ်သာပါ။ ဘယ်သူမှ မအိုချင်ကြပါဘူး။ နနုပျိုပျိုလှလှပပပဲ နေချင်ကြပါတယ်။ တစ်သက်လုံး ငယ်မူမပျက် အရွယ်တင်ပြီး နပျိုချင်ကြတယ်။ ဒါပေမဲ့ နေလို့မရပါဘူးဆိုတာကို ခန္ဓာကိုယ်ကြီးက တရားပြနေပါတယ်။

တစ်စတစ်စ တဖြည်းဖြည်းနဲ့ အိုတဲ့ဘက်ကိုရောက်လာတယ်။ မွေးဖွားတဲ့အချိန်ကာလကစပြီး နေ့တိုင်းနေ့တိုင်းကို အိုတဲ့ဘက်ကိုသာ တရွေ့ရွေ့တိုးဝင်နေတာ ကိုယ်ကသတိမထားမိလို့ပါ။ ခန္ဓာကိုယ်ကြီးက အိုခြင်းတရားကိုပြနေပါတယ်။ မျက်စိတွေလည်း မှုန်ကုန်ပြီ။ နားတွေလည်း မကောင်းတော့ဘူး။ ဆံပင်တွေလည်းဖြူလာပြီ။ သွားရလာရတာလည်း ခါတိုင်းလိုမသွက်

www.dhammadownload.com

တော့ဘူး။ ခွန်အားတွေလည်း နည်းလာပြီလို့ အိုခြင်းတရားကို အနီးကပ်ပြီး ခန္ဓာကပြနေတာပါ။

ပြနေပေမဲ့မမြင်ကြပါဘူး။ကိုယ့်ကိုယ်ကိုယ်အိုတယ်လို့တောင်မထင်ကြပါဘူး။ နေ့တိုင်းနေ့တိုင်း မှန်ကြည့်ပေမဲ့ ငါမအိုသေးပါဘူးအားပေးရင်း ကိုယ့်ကိုယ်ကိုယ် လိမ်နေကြပါတယ်။ဖြီးလိမ်းပြင်ဆင်ပြီး သူများလည်းပဲ လိမ်းနေကြပါတယ်။ အမျိုးမျိုးပြုပြင်ဖြီးလိမ်း တန်ဆာဆင်ပြီး နပျိုအောင် ကြိုးစားနေကြပါတယ်။

ဒါပေမဲ့ အိုခြင်းတရားကို အန်တုနေလို့မရပါဘူး။ ဆံပင်ဖြူတွေက ပြလာပါတယ်။ မျက်နှာပေါ်က အရေးအကြောင်းတွေက တွန့်ပြလာပါတယ်။ ဇရာတရားကို တစ်နေ့ထက်တစ်နေ့ ပိုပိုပြီးတော့ ထင်ရှားအောင် ခန္ဓာကပြပါတယ်။ အဲဒါကို ကြည့်မြင်တတ်တဲ့သူက ငါ့မှာ အိုခြင်းတရားပဲရှိပါလား။ ခန္ဓာကိုယ်ကြီးဟာ ငါ့အလိုကို မလိုက်ပါလား။ ငါဟာ မအိုချင်ဘဲ အိုရတာပါလားလို့ သိလာရပါတယ်။

ကြည့်မြင်တတ်သူအတွက် ခန္ဓာကိုယ်ကြီးဟာ နာခြင်းတရားတွေရှိနေတယ်လို့ ပြနေပါတယ်။ မနာချင်ဘဲနဲ့ နာကြရတယ်။ အနာရောဂါပေါင်းစုံ ခန္ဓာထဲကထွက်ပေါ်လာတယ်။ အနာရောဂါကင်းကင်းနှင့် ကျန်းကျန်းမာမာ နေချင်ကြပေမဲ့ နေလို့မရပါဘူး။ မနာချင်ပါဘူး။ အနာရောဂါတွေကို မလိုချင်ပါဘူး။ ကြောက်ပါတယ်ပြောနေရင်းနဲ့ပဲ ခန္ဓာကိုယ်ထဲက ဒီအနာရောဂါတွေ တစ်မျိုးပြီးတစ်မျိုး ပေါ်ပေါက်လာပါတယ်။

တရားရအောင် တခြားသွားကြည့်စရာ မလိုပါဘူး။ ပတ်ဝန်းကျင်မှာတောင် တရားလိုက်ရှာစရာ မလိုပါဘူး။ ကိုယ့်ကိုယ်ကိုယ်ပဲ ပြန်ကြည့်လိုက်ရင်တောင် တရားရစရာကောင်းပါတယ်။ "ဘာတစ်ခုမှ မကောင်းပါလား။ တစ်မျိုးပြီးတစ်မျိုး နှိပ်စက်နေတဲ့ခန္ဓာကိုယ်ကြီးပါလား။ ကိုယ်အင်္ဂါအစိတ်အပိုင်းရှိသမျှ အနာရောဂါက ဝင်ရောက်လာပါလား။ အနာရောဂါတွေဟာ တခြားကလာတာမဟုတ်၊ ခန္ဓာကဖြစ်လာတာပါလား"လို့ သိမြင်ရပါမယ်။

www.dhammadownload.com

ဒီခန္ဓာကြီးဟာ ချစ်ခင်နှစ်သက်စရာမကောင်းဘူး။ ခင်မင်တွယ်တာစရာ မကောင်းဘူး။ သာယာတပ်မက်စရာ မကောင်းဘူးလို့ ခန္ဓာကြီးကပြတဲ့တရားကို နားမလည်လို့ တရားမရကြသေးတာပါ။ မမြင်လို့ တရားမရနိုင်ဖြစ်နေကြတာပါ။ အနာရောဂါဖြစ်လာပြီဆိုရင် ဆင်ခြင်ရပါမယ်။ "ဒါ တရားပြနေတာပဲ။ ခန္ဓာကြီးက တရားအားထုတ်ဖို့ သတိပေးနေတာပဲ။ တရားရှာဖို့ တိုက်တွန်းတာပဲ" လို့ သဘောပေါက်ကြရပါမယ်။

ခန္ဓာကိုယ်ကြီးဟာ ကိုယ့်စိတ်တိုင်းကျ ဘယ်တော့မှမဖြစ်ပါဘူး။ ဘယ်သူမှမသေချင်ကြပေမဲ့ ထာဝစဉ်အသက်ရှင်နေလို့မရပါဘူး။ တစ်နေ့နေ့၊ တစ်ချိန်ချိန်မှာ သေရပါတယ်။ အသက်ကြီးတဲ့သူတွေ၊ ငယ်တဲ့သူတွေ၊ ရွယ်တူတွေ ကိုယ့်ရှေ့မှာ တဖြုတ်ဖြုတ်နဲ့ သေသွားကြတယ်။ သူများသေခြင်းကို ကိုယ်မြင်ရတယ်။ ကိုယ်လည်းပဲ သူတို့လို သေရပါဦးမယ်။ ခန္ဓာကြီးဟာ သေရမယ့် ခန္ဓာပါ။

ဒီဘဝမှာ ပျော်လို့ပါ။ နေပါရစေလို့ ပြောလို့မရပါဘူး။ နေပါဦး၊ နေပါဦးလို့ တောင်းပန်လို့မရပါဘူး။ ကိုယ့်စိတ်တိုင်းကျ မဖြစ်တဲ့ခန္ဓာပါ။ ကိုယ့်ကိုယ် ကိုယ် ပိုင်တယ်လို့ပြောပေမဲ့ တကယ်တမ်းမပိုင်ဆိုင်တဲ့ခန္ဓာပါ။ မအိုချင်လို့လည်း မရဘူး။ မနာချင်လည်း မရဘူး။ မသေချင်လည်း မရဘူး။ ဘာတစ်ခုမှ ကိုယ့်အလိုကိုမလိုက်ပါဘူး။ သူ့စိတ်တိုင်းကျသာ သူဖြစ်နေတဲ့ခန္ဓာပါ။

ကိုယ်က ဘယ်လောက်အရေးတယူနဲ့ ပြုပြင်ပေးပေး၊ ထိန်းသိမ်းပေးပေး၊ တယုတယနဲ့ စောင့်ရှောက်ပြီးတော့နေနေ ဒီခန္ဓာကိုယ်ကြီးက ဘာတစ်ခုမှ ကောင်းကျိုးမပေးပါဘူး။ ဘယ်တော့မှ ကောင်းကျိုးမပေးပါဘူး။ အိုတဲ့ဒုက္ခတွေ ပေးတယ်။ နာတဲ့ဒုက္ခတွေ ပေးတယ်။ သေတဲ့ဒုက္ခတွေကို ပေးပါတယ်။ အနိုးကပ်ဒုက္ခပေးတာ ခန္ဓာပါ။

ကိုယ်က ဒုက္ခပေးမယ့်သူတွေကို လိုက်ကြည့်နေတယ်။ "ဘာဖြစ်ရင်တော့ဖြင့် ငါဒုက္ခရောက်မှာပဲ။ ဘယ်သွားရင်တော့ဖြင့် ဒုက္ခဖြစ်မှာပဲ၊ ဘယ်လိုဆိုရင်တော့ဖြင့် ငါဆင်းရဲမှာပဲ" လို့ တွေးနေတယ်။ တကယ်ကြည့်လိုက်ရင်

www.dhammadownload.com

ဒုက္ခဟာ ကိုယ့်အနားမှာပါ။ ကိုယ်နဲ့အတူ ရှိနေတာပါ။ အိုနာသေဒုက္ခတွေဟာ ဒီခန္ဓာထဲမှာရှိနေတာပါ။ ဒီဆင်းရဲဒုက္ခတွေကို သိမြင်တဲ့ပုဂ္ဂိုလ်တွေမှသာ သံဝေဂဝင်ပါတယ်။ တရားရကြပါတယ်။

သံဝေဂဆိုတာ ဒုက္ခကိုမြင်လို့၊ ဒုက္ခကိုကြောက်တဲ့စိတ်ပါ။ ဒုက္ခဆင်းရဲတွေကို ဉာဏ်နဲ့ယှဉ်ပြီးတော့ ကြောက်လန့်တာမျိုးကို သံဝေဂဉာဏ်လို့ခေါ်ပါတယ်။

တရားမမှအားထုတ်ကြပေမဲ့ သံဝေဂဉာဏ်မပါဘဲနဲ့ အားထုတ်နေရင် တရားနဲ့ဝေးနေပါလိမ့်မယ်။ သံဝေဂဉာဏ်နဲ့ကြည့်ပြီး ဒုက္ခပေးတဲ့ခန္ဓာ၊ အိုတဲ့ခန္ဓာ၊ နာတဲ့ခန္ဓာ၊ သေတဲ့ခန္ဓာလို့မြင်နေမှ တရားရပါမယ်။ ခန္ဓာကိုယ်ကြီးဟာ ကုန်ခန်းပျက်စီးခြင်းသဘောသာရှိတဲ့ ခန္ဓာပါ။ နဂိုမူလတုန်းက ရှိနေတဲ့အင်အားတွေအခုချိန်မှာကုန်လာပါပြီ။ တစ်စစနဲ့အသိဉာဏ်ပညာတွေတဖြည်းဖြည်းနှင့် နေးကွေးလာပါပြီ။

အကြားအမြင် အထိအတွေ့အာရုံတွေလည်း တဖြည်းဖြည်းနဲ့ ဆုတ်ယုတ်လာနေပါပြီ။ အပျက်ဆီကို ဦးတည်နေတာပါ။ ပျက်တော့မယ်လို့ ပြနေတာပါ။ ဒီခန္ဓာကြီးနဲ့ တစ်ရက်လည်းမဟုတ်၊ တစ်လလည်း မဟုတ်၊ တစ်နှစ်လည်း မဟုတ်ပါဘူး။ နှစ်ပေါင်းများစွာ အတူနေလာကြတာပါ။ ဒါ တောင်မှ ခန္ဓာကြီးပြတဲ့ တရားကိုမမြင်ကြတာ မကြည့်ကြလို့ပါ။

နေ့စဉ်နေ့တိုင်းစားသောက်နေတာ၊ ဝတ်ဆင်နေတာ၊ ရေမိုးချိုးပြီး သုတ်သင်နေရတာ ဒီခန္ဓာကြီး မအိုအောင်၊ မနာအောင်၊ မသေအောင်၊ မပျက်စီးအောင်ဆိုပြီးတော့ ထိန်းသိမ်းစောင့်ရှောက်နေတာပါ။ ဒါပေမဲ့ မရပါဘူး။ သူ့အချိန်ကျရင် သူ့လမ်းကြောင်းအတိုင်းသာသွားမယ့် ခန္ဓာပါ။

အချိန်ကာလတစ်ခုအတွင်းမှာ နောက်ဆုံးပျက်စီးသွားရမယ့် ခန္ဓာဆိုတော့ ခန္ဓာကြီးထဲမှာ အကောင်းဘာတစ်ခုမှမရှိဘူး။ အပျက်တွေသာရှိတယ်၊ ချမ်းသာမရှိဘူး၊ ဆင်းရဲဒုက္ခတွေသာ ရှိတယ်လို့ ဉာဏ်နဲ့ကြည့်တတ်တဲ့ပုဂ္ဂိုလ်အတွက် တရားရဖို့မခက်ပါဘူး။

www.dhammadownload.com

တရားမမြင်ကြတဲ့သူတွေကတော့ ဒီဓန္ဓာကြီးအကြောင်းပြုပြီး ဓန္ဓာကြီးအတွက်နဲ့ လောဘတွေထွက်၊ ဒေါသတွေဖြစ်၊ မောဟတွေဖုံးလွှမ်းပြီး အကုသိုလ်တွေသာ တိုးပွားလာကြပါတယ်။ ကိုယ့်ကိုယ်ကိုယ်ချမ်းသာရာချမ်းသာကြောင်းရှာရင်းဖွေရင်းနဲ့ပဲ ဒုက္ခရောက်ကြောင်းတွေကိုပြုပြီး လောဘ၊ ဒေါသ၊ မောဟတွေနဲ့ နေကြမယ်ဆိုရင် တရားနဲ့ဝေးသွားပါမယ်။

ဒါကြောင့်မို့ အရာရာမှာ သတိနဲ့ယှဉ်ပြီး ပညာဉာဏ်နဲ့ ဆင်ခြင်သုံးသပ်နေတတ်မယ်ဆိုရင် တရားဓမ္မဟာ နီးကပ်စွာရှိနေပါတယ်။ တရားသိမြင်ဖို့ဆိုတာ ဝေးကွာလွန်း၊ ခက်ခဲလွန်းတာ မဟုတ်ပါဘူး။

www.dhammadownload.com

တရားနဲ့ အကြွေးဆပ်

မိမိတို့မှာရှိတဲ့ ကောင်းကံမကောင်းကံများ ရှင်းလင်းကုန်ပြတ် အကြွေးကျေအောင် ဆပ်နိုင်မှသာလျှင် နိဗ္ဗာန်ကိုရလိမ့်မယ်။ နိဗ္ဗာန်ရအောင် ကျင့်ကြံပွားများအားထုတ်တဲ့ အလုပ်ဆိုတာဟာ ဘဝသံသရာတစ်လျှောက် ပြုခဲ့တဲ့ကံတွေကို ရှင်းလင်းသုတ်သင်နေတဲ့ အလုပ်၊ ကံကြွေးတွေ စာရင်းဖြတ် နေတဲ့အလုပ်လို့ သဘောပေါက်ရပါမယ်။

အခု တရားအလုပ်ကို အားထုတ်တယ်ဆိုတာဟာ အမှန်ပြောရရင် ကိုယ့်ကံကို ကိုယ်ပြုပြင်နေတဲ့ သဘောပါပဲ။ မကောင်းတဲ့ကံတွေကို ပယ် ဖျောက်ပြီး ကောင်းတဲ့ကံတွေဖြစ်အောင် ကြိုးစားရသလို၊ ကောင်း မကောင်း ကံတွေ အသစ်တစ်ဖန်ထပ်မဖြစ်အောင် အားထုတ်နေကြတာပါ။

ကံတွေအကုန်လုံး ရှင်းပြတ်သွားအောင်၊ ကုန်စင်သွားအောင်လို့ ကိုယ်ပြုသမျှ ကာယကံ၊ ဝစီကံ၊ မနောကံတွေကို သတိထားပြီးတော့ အသိ လေးနဲ့ရှုမှတ်ပွားများတဲ့ အလုပ်ကိုလုပ်နေကြတာပါ။

ဆုပြည့်စုံထွန်းစာပေ

www.dhammadownload.com

ဒီတော့ ပုံမှန်အားဖြင့် ကြည့်လိုက်လို့ရှိရင် သံသရာထဲမှာနေကြတဲ့ သူတွေ သံသရာလည်တယ်၊ သံသရာလည်တယ်ဆိုတာ ဘာအရှိန်နဲ့ လည်နေကြတာလဲဆိုရင် ကံအရှိန်နဲ့ လည်နေကြတာပါ။

သံသရာရိက္ခာလို့ဆိုရမယ့် ကံတွေဟာ သံသရာကြီးကို အဆက်မပြတ်လည်ပတ်နေအောင် အထောက်အပံ့ပေးနေတဲ့ သဘောရှိပါတယ်။ သံသရာထဲကမထွက်နိုင်ဘူး။ သံသရာဝဋ်ကမကျွတ်နိုင်ဘူး၊ မလွတ်နိုင်ဘူးဆိုတာ ကံရိက္ခာတွေမကုန်လို့ ကံအရှိန်တွေမသေလို့ပါ။ ရှိရင်းစွဲကံတွေအပြင် အသစ်ကံတွေပါ ထပ်ထပ်ပြီးစုဆောင်းနေတယ်။ ဖြည့်ဆည်းနေတယ်ဆိုရင် ဘုန်းကြီးတို့ ဘယ်နည်းနဲ့မှ ဒီသံသရာက မကျွတ်လွတ်နိုင်တော့ပါဘူး။

www.dhammadownload.com

ကံကို စုနေကြသူများ

သူသူငါငါသတ္တဝါများ ကံကိုစုနေကြပါတယ်။ တစ်နေ့တစ်နေ့ မိုးလင်းကနေမိုးချုပ် တစ်နေ့တာပြုလုပ်ထားတဲ့ကံ၊ ပြောဆိုကြတဲ့ကံ၊ ကြံစည်စဉ်းစားကြတဲ့ကံတွေဟာ တစ်နေ့ကုန်လို့ စာရင်းချုပ်စုပေါင်းကြည့်လိုက်ရင် အမြောက်အမြားဖြစ်နေတာ တွေ့ရပါလိမ့်မယ်။

တစ်လစာ၊ တစ်နှစ်စာ၊ တစ်သက်စာပေါင်းကြည့်လိုက်ရင် ကံတွေ မနည်းဘူး။ အများကြီးပဲဆိုတာ မှန်းဆလို့ရပါတယ်။ တစ်လစာ၊ တစ်နှစ်စာ၊ တစ်သက်စာကနေ ဘဝပေါင်းများစွာသာဆိုရင် ကောင်းကံ၊ မကောင်းကံတွေဟာ ကြောက်စရာကောင်းလောက်အောင် များမယ်ဆိုတာ သိသာထင်ရှားပါတယ်။

သတ္တဝါတစ်ယောက် ကျင်လည်နေခဲ့ရတဲ့ အနမတဂ္ဂသံသရာဆိုတာ ဘယ်ကစလို့စခဲ့မှန်းမသိ။ ဘယ်နှစ်ခုမြောက်ဘဝရယ်လို့မရေနိုင်၊ မတွက်နိုင်တဲ့ ဘဝတွေအကြိမ်ကြိမ်နဲ့ နေခဲ့တဲ့သံသရာပါ။

www.dhammadownload.com

ဒီသံသရာအတွင်းမှာ နေစဉ်ကာလ ပြုထားတဲ့ကံ၊ ပြောထားတဲ့ကံ၊ ကြံစည်ထားတဲ့ကံတွေလည်းပဲ အမြောက်အများရှိနေခဲ့ပြီးပြီ။ ရှေးကံတွေလည်း များခဲ့တယ်။ ရှေးကံတွေအပြင် အသစ်ထပ်ပေါင်းလာတဲ့ ပစ္စုပ္ပန် အခုလက်ရှိဘဝမှာ ထပ်တိုးလာတဲ့ ပစ္စုပ္ပန်ကံတွေရယ် ပေါင်းလိုက်ရင် သံသရာကို လည်စေတဲ့တွန်းအားဟာ ထုထည်နဲ့ကို ကြီးမားလာပါတယ်။

ဒါ့အပြင် ရှေ့တစ်ဘဝဖြစ်ဦးမယ်၊ ရှေ့တစ်ဘဝဖြစ်ဦးမယ်၊ ရှေ့တစ်ဘဝဖြစ်ရဦးမယ်ဆိုပြီးတော့ မဆုံးနိုင်တော့ပါဘူး။ လည်ခဲ့တာတွေလည်း ဘဝပေါင်းများစွာ၊ ရှေ့ကိုလည်ရမှာလည်း ဘဝပေါင်းများစွာပါ။ ဒီလို သံသရာကိုလည်စေတဲ့ အကြောင်းတရားကို ရှာကြည့်မယ်ဆိုရင် အကြောင်းရင်းဟာ ကံတရားလို့မြင်ရပါလိမ့်မယ်။

သံသရာလည်စေတာဟာ ဘယ်တရားလဲ။ ဘယ်သူပြုတဲ့တရားလဲ ဆိုရင် ကိုယ်ပြုတဲ့ကံတွေပါပဲ။ ကိုယ်ပြုတဲ့ကံက ကောင်းမယ်ဆိုရင်တော့ ကောင်းတဲ့ပုံပန်းသဏ္ဌာန်၊ ကောင်းတဲ့အခြေအနေ၊ ကောင်းတဲ့အနေအထားနဲ့ သံသရာမှာ ကျင်လည်ရပါတယ်။ ကိုယ်ပြုတဲ့ကံဟာ မကောင်းဘူးဆိုရင်တော့ဖြင့် မကောင်းတဲ့အခြေအနေ၊ မကောင်းတဲ့အနေအထား၊ အဆင့်အတန်းနဲ့ သံသရာမှာ ကျင်လည်ရပါတယ်။ လည်တာကတော့ဖြင့် လည်နေတာပါ။ ကံရှိလို့ရှိရင် သံသရာမှာဖြင့် မလွဲမသွေလည်ပတ်နေမှာပါ။ သံသရာ စက်ဘီးကို ရပ်စေချင်တယ်ဆိုရင် ကံကိုရှင်းဖြတ်ရပါမယ်။

ဥပမာအားဖြင့် ကားတစ်စီး လမ်းပေါ်သွားနေတယ်။ တစ်နေရာကနေ တစ်နေရာ မရပ်မနားသွားနေတယ်။ ဘီးတွေလည်နေတယ်ဆိုတာ လောင်စာဆီ၊ ဓာတ်ဆီတို့၊ ဒီဇယ်ဆီတို့ရှိလို့သာ သွားနေတာပါ။ ကားဘီးတွေ အဆက်မပြတ်လည်ပတ်နေတာပါ။

လောင်စာဆီတွေ ကုန်ပြီ၊ ဓာတ်ဆီလည်းမရှိ၊ ဒီဇယ်ဆီလည်းမရှိ၊ လောင်စာဆီမရှိတော့ဘူးဆိုရင် သွားနေတဲ့ကား၊ ရထား၊ လေယာဉ်၊ သင်္ဘော

www.dhammadownload.com

တွေဟာ ဆက်သွားလို့မရတော့ပါဘူး။ လောင်စာမရှိတော့ဘူးဆိုတာနဲ့ ရပ်သွားပါတယ်။ သံသရာအလည်ရပ်ဖို့အတွက် ရှိတဲ့ကံတွေကို ရှင်းဖြတ်ပစ်ရပါမယ်။

www.dhammadownload.com

ကံရှိသမျှ ခံရ စံရ

ကံအကျိုးက ခံရတဲ့ကံနဲ့ စံရတဲ့ကံလို့ နှစ်မျိုးကွဲပြားပါတယ်။ ချမ်းချမ်းသာသာ၊ သက်သက်သာသာနဲ့ သံသရာလည်ရတယ်ဆိုရင် စံစားရတဲ့ကံအကျိုးပါ။ မသက်မသာ ဒုက္ခတွေနဲ့သံသရာလည်ရတယ်ဆိုရင် ခံစားရတဲ့ကံအကျိုးပါ။ ခံရတဲ့ကံ၊ စံရတဲ့ကံ၊ ကောင်းကံဆိုးကံ၊ ကောင်းကျိုးဆိုး ကျိုးလို့ ခွဲပေမဲ့ သဘောကတော့ အတူတူပါပဲ။

ခံရတဲ့ကံကလည်း သံသရာလည်စေပါတယ်။ စံရတဲ့ကံကလည်း သံသရာလည်စေပါတယ်။ တဝဲလည်လည် လည်တာချင်းတော့ အတူတူပါပဲ။ ခရီးတစ်ခုသွားကြရာမှာ ဘယ်ပုံစံနဲ့ပဲသွားသွား လမ်းလျှောက်သွားလည်း ရောက်တာပဲ။ ယာဉ်တစ်မျိုးမျိုးစီးသွားလည်း ရောက်တာပဲ။ သွားတဲ့ပုံသဏ္ဌာန်မတူကြပေမဲ့လို့ သွားတာချင်း၊ ရောက်တာချင်းတော့ အတူတူပါပဲ။

"တို့ကတော့ဖြင့် ကောင်းတဲ့ကံတွေပဲလုပ်မယ်။ ချမ်းချမ်းသာသာနေရတဲ့ဘဝတွေမှာပဲ နေမယ်။ ပြည့်ပြည့်စုံစုံပဲနေချင်တယ်" ဆိုပြီး ကောင်းတဲ့အလုပ်တွေကိုချည်းပဲ ရွေးလုပ်တယ်။ သို့သော်လည်းအဲဒီလိုကောင်းတဲ့အလုပ်

www.dhammadownload.com

တွေလုပ်တဲ့အတွက်ကြောင့် ကောင်းတဲ့အကျိုးတွေရတယ်။ ကောင်းကျိုးရလည်း ဒီကောင်းကျိုးဟာ သံသရာလည်တဲ့အကျိုးကိုသာ ဖြစ်စေပါတယ်။

သံသရာကထွက်မြောက်တဲ့အလုပ်ကိုမလုပ်မချင်းသံသရာဘဝတွေကို အလည်မရပ်စေတဲ့ကံတွေကို ပြုနေသေးသမျှကာလပတ်လုံး၊ သံသရာထဲမှာနေ၊ သံသရာထဲမှာ ပျော်နေတဲ့ကာလပတ်လုံးမှာ နိဗ္ဗာန်ကို မရနိုင်ဘူးဆိုရင် မမှားပါဘူး။ ဘယ်တော့မှ နိဗ္ဗာန်ရသလဲ၊ ဘယ်အချိန်ကျမှ နိဗ္ဗာန်ရသလဲဆိုရင် ပြုထားပြီးဖြစ်ထားပြီးတဲ့ကံတွေကုန်မှ နိဗ္ဗာန်ရပါမယ်။ ကံမကုန်ရင် နိဗ္ဗာန်မရနိုင်သေးပါဘူး။

www.dhammadownload.com

ကံမကုန်ရင် နိဗ္ဗာန်နဲ့ဝေး

ကံတွေမကုန်သေးဘူးဆိုရင် နိဗ္ဗာန်နဲ့ အဝေးကြီးကိုဝေးပါသေးတယ်။ သံသရာရဲ့အဆုံးမှာ နိဗ္ဗာန်ရှိပါတယ်။ သံသရာကြီးကို အဆုံးသတ်ပေးမှာ နိဗ္ဗာန်ပါ။

သံသရာမလည်တော့ဘူးဆိုတာနဲ့ တစ်ပြိုင်နက် နိဗ္ဗာန်ရောက်ပါပြီ။ ဒီနေ့ သံသရာကိုဖြတ်နိုင်ရင် နိဗ္ဗာန်ကိုရောက်သွားပါမယ်။ ဒီနေရာမှာ သံသရာစက်အလည်ရပ်နိုင်အောင်လုပ်နိုင်ရင် ဒီနေရာမှာပဲ နိဗ္ဗာန်ရောက်ပါတယ်။

နိဗ္ဗာန်က အဝေးကြီးမှာရှိနေတာ မဟုတ်ပါဘူး။ နိဗ္ဗာန်နဲ့ဝေးနေအောင် ဘယ်သူလုပ်တာလဲဆိုရင် ကိုယ့်ရဲ့ကံတွေကပါ။ နိဗ္ဗာန်နဲ့ဝေးအောင် ဘယ်သူက ဖန်တီးတာလဲဆိုရင် သံသရာလည်အောင် ဖန်တီးနေတဲ့သူကိုယ်တိုင်ကပါ။

နိဗ္ဗာန်လိုချင်သူနဲ့နိဗ္ဗာန်ကိုမနီးစပ်အောင်ကြားခံနေတာက သံသရာပါ။ သံသရာခရီးအရှည်ကြီးဆိုရင် နိဗ္ဗာန်ခရီးကို အဝေးကြီးသွားရပါမယ်။ သံသရာခရီးမဝေးတော့ဘူး၊ ကျင်လည်ရမယ့် သံသရာဘဝတွေ နည်းသွားပြီဆိုရင် နိဗ္ဗာန်နဲ့နီးပါတယ်။

ဆုပြည့်စုံထွန်းစာပေ

www.dhammadownload.com

ဒီတော့ နိဗ္ဗာန်ရောက်အောင် အားထုတ်ဟယ်ဆိုတာ တစ်နည်း အားဖြင့်ပြောမယ်ဆိုရင် သံသရာလည်မယ့်ကံတွေကို ကုန်အောင်လုပ်နေ တာပါ။ သံသရာလည်မယ့်ကံတွေကို ပြတ်အောင်လုပ်နေတာပါ။ကံတွေကို အားထပ်မဖြည့်တော့ဘူး။ ထပ်ပေါင်းပြီးတော့ မဖြည့်တော့ဘူးဆိုရင် တဖြည်း ဖြည်းနဲ့ သံသရာခရီးတိုသွားပါမယ်။ သံသရာခရီးတိုတိုသွားတာနဲ့အမျှနိဗ္ဗာန် နဲ့လည်း နီးနီးပြီးသွားပါတယ်။

လူတစ်ယောက်မှာ မျက်စိဖွင့်ရင်၊ နားစွင့်ရင်၊ ဘယ်အထိ ခရီးရောက် သွားလဲ ကြည့်ကြပါစို့။ ကိုယ့်ရဲ့အင်္ဂါ အစိတ်အပိုင်းတွေဖြစ်တဲ့ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်တွေရဲ့ထိတွေ့မှုဖဿကနေ ခံစားမှု ဝေဒနာ၊ လိုချင် မှုတဏှာ၊ စွဲလမ်းမှု ဥပါဒါန်၊ ပြုလုပ်ဆောင်ရွက်မှု ကံအထိ ရောက်သွားပါ တယ်။

မျက်စိတစ်ချက်ဖွင့်လိုက်တဲ့အချိန်အခါမှာ မြင်လိုက်တဲ့ အဆင်း မျိုးစုံ ရှုပါရဲ့၊ ဒီအဆင်းမျိုးစုံ ရှုပါရဲ့နဲ့ ကိုယ့်မျက်လုံး၊ မျက်စိနဲ့ပေါင်းဆုံမိတယ်။ ထိတွေ့မိတယ်ဆိုတာက ဖဿပါ။ ထိတွေ့မှုကို အကြောင်းပြုပြီးတော့ ခံစား တယ်ဆိုတာက ဝေဒနာပါ။

ဝေဒနာနဲ့ခံစားပြီးတော့ ခံစားရုံတင်မကသေးဘူး။ မြင်ရတဲ့အဆင်း မျိုးစုံပေါ်မှာ သဘောကျတယ်၊ နှစ်သက်တယ်ဆိုတာဖြစ်လာရင် တဏှာပါ။ တဏှာကနေ စွဲလမ်းတဲ့အဆင့်ရောက်အောင် ပြင်းပြင်းထန်ထန် ပြင်းပြင်းပြပြ ကို လိုလားတောင့်တနေတာက ဥပါဒါန်ပါ။

ဥပါဒါန်ပြီးရင် ဘာဖြစ်လာမလဲဆိုတော့ ပြုလုပ်မှုကံတွေ ဖြစ်လာ ပါတယ်။ ဒီတော့ကံကို ဘယ်သူဖန်တီးနေတာလဲလို့ပြန်ကြည့်ရင် ကိုယ်ကိုယ် တိုင်ကပဲ ဖန်တီးနေတာလို့ပြောရမှာပါ။

www.dhammadownload.com

နေ့စဉ်ဖြစ်နေတဲ့ ကံ

နေ့စဉ်နေ့တိုင်းမှာ ကိုယ့်ရဲ့မျက်စိဖွင့်လိုက်လို့ မဖွင့်တတ်ရင် ကံဆီရောက်ပါတယ်။ နားကနေ အသံတစ်ခုကြားလိုက်လို့ နားမထောင်တတ်ရင် ကံဆီကိုရောက်ပါတယ်။ နှာခေါင်းက အနံ့တစ်ခုနမ်းရှုရတယ်။ မရှုတတ်ဘူးဆိုရင် ကံဆီကိုရောက်သွားတာပါပဲ။ လျှာပေါ်ကို အရသာတစ်မျိုးရောက်လာလို့ မရှုမှတ်နိုင်ရင် ကံဆီရောက်ပါတယ်။ ကိုယ်နဲ့ တစ်ခုခုထိတွေ့ချိန်မှာ ထိတွေ့မှုကိုအကြောင်းပြုပြီး ကံအထိရောက်သွားပါတယ်။

ကိုယ့်ရဲ့အင်္ဂါအစိတ်အပိုင်းတွေဖြစ်တဲ့ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်အားလုံးဟာ ကံဘက်ကိုဦးတည်ပြီးတော့ ကံဆီကိုသာလျှင် ရှေ့ရွှေ့ပြီး သွားနေတယ်ဆိုရင် သံသရာကြီးဟာ ရှည်သထက်ရှည်မှာပါ။ ကံကိုရပ်တဲ့အလုပ်၊ ဖြတ်တဲ့အလုပ်မလုပ်မချင်း သံသရာလမ်းအတိုင်းမမောနိုင်မပန်းနိုင် သွားနေရမှာပါ။

မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ် အကြောင်းတိုက်ဆိုင်တာနဲ့ မျက်စိတစ်ချက်ကြည့်လိုက်တဲ့အခါမှာလည်း ကံဆီရောက်၊ ကံကနေပြီး

www.dhammadownload.com

တော့ သံသရာရှည်အောင်ဖန်တီး၊ နိဗ္ဗာန်နဲ့ဝေးအောင် ပြုပါတယ်။ နားကနေပြီး အသံတစ်ခုကြားလိုက်ရင်လည်း ကံဆီကိုရောက်၊ ဒီကံက သံသရာရှည်အောင်ဖန်တီးပြီး နိဗ္ဗာန်နဲ့ဝေးအောင်ပြုပါတယ်။

စိတ်ကနေကြံစည်တဲ့အခါမှာလည်းစိတ်အကြံအစည်မှန်သမျှစိတ်ကြံစည်သမျှတွေဟာကံဆီရောက်သွားပြီးကံတွေကသာ သံသရာရှည်အောင်ဖန်တီးပေးလိုက်ပါတယ်။ နိဗ္ဗာန်နဲ့ဝေးအောင် လုပ်လိုက်ပါ တယ်။

သာမန်အားဖြင့်သာ ကိုယ်ကကောင်းကောင်းနေတယ်၊ ကောင်းတဲ့အလုပ်တွေပဲ လုပ်နေတယ်။ ကောင်းတာပဲ ပြောနေတယ်။ ကောင်းတာပဲ ကြံစည်နေတယ်ဆိုပေမဲ့ ကံဆီကိုဦးတည်ပြီးသွားနေတာ မှန်သမျှဟာ နိဗ္ဗာန်နဲ့ဝေးကြောင်းတွေပါ။ နိဗ္ဗာန်နဲ့နီးကြောင်းတွေ မဟုတ်ပါဘူး။ ဝေးကြောင်းတွေချည်း ဖြစ်နေပါတယ်။

နိဗ္ဗာန်နဲ့ ဝေးကြောင်းချည်းဖြစ်တဲ့အတွက် နိဗ္ဗာန်ရချင်ပါတယ်။ နိဗ္ဗာန်လိုချင်ပါတယ်၊ နိဗ္ဗာန်ရောက်ချင်ပါတယ်ဆိုပြီး ဘယ်လိုပင်တောင့်တတောင့်တ၊ နှုတ်ကသာ ဘယ်လောက်ပြောပြော ကိုယ်လုပ်နေတဲ့အလုပ်က နိဗ္ဗာန်ရောက်ကြောင်းမဟုတ်ရင် နိဗ္ဗာန်မရောက်ပါဘူး။ နိဗ္ဗာန်နဲ့ဝေးတဲ့အလုပ်တွေက ဘယ်အလုပ်၊ နိဗ္ဗာန်နဲ့နီးတဲ့အလုပ်တွေက ဘယ်အလုပ်ဆိုတာကို သိရပါမယ်။ ဒီကံတွေကို ဘယ်သူကနေ အားဖြည့်ပေးနေတာလဲ၊ ဒီကံတွေကို ဘယ်သူကနေ ဖြစ်စေတာလဲဆိုတာကို ကောင်းကောင်းကြီးကို သိဖို့လိုပါတယ်။

www.dhammadownload.com

ဒုက္ခသစ္စာ မသိရင်

ဒုက္ခသစ္စာဆိုတာ ဆင်းရဲခြင်းအမှန်ပါ။ အမှန်စင်စစ် ဆင်းရဲတယ်ဆိုတာကိုမသိရင် ကံကိုနှစ်သက်သဘောကျတတ်ပါတယ်။ ဘာဖြစ်လို့ ကံတွေကို ဒီလောက်တောင် သဘောကျနေတာလဲ၊ ကြိုက်နေကြတာလဲလို့ ကောက်ချက်ချလိုက်ရင် ဒုက္ခသစ္စာကို မသိလို့ဆိုတဲ့ အဖြေထွက်လာပါတယ်။

ဒုက္ခသစ္စာကို မသိတဲ့မြင်တဲ့သူဟာ သံသရာကိုလည်း မကြောက်လန့်ပါဘူး။ သံသရာလည်ရမှာကိုလည်း မစိုးရိမ်ပါဘူး။ မျက်ကန်းတစ္ဆေ မကြောက်ဆိုတဲ့ မြန်မာစကားပုံရှိပါတယ်။ မျက်စိကန်းနေသူဟာ မမြင်ရတော့ တစ္ဆေကို မကြောက်မလန့်ပါဘူး။

သူက မသိမမြင်တဲ့အတွက် တစ္ဆေက ဘယ်လိုပဲအကောင်အထည်ပြပြ၊ ဘယ်လိုပဲခြောက်ခြောက်၊ ဘယ်လိုပဲလှန့်လှန့် မကြောက်မလန့်ပါဘူး။ မမြင်တဲ့အတွက်ကြောင့် ခြောက်လှန့်တဲ့တစ္ဆေ မောရုံပဲရှိမယ်။ မျက်စိမမြင်တဲ့သူဟာ မကြောက်ပါဘူး။

ဆုပြည့်စုံထွန်းစာပေ

www.dhammadownload.com

ဒီသဘောပါပဲ။ ဒုက္ခသစ္စာကို မသိဘူးဆိုရင် သံသရာကိုလည်း မကြောက်ပါဘူး။ သံသရာလည်ရမှာကိုလည်း မစိုးရိမ်ပါဘူး။ မထိတ်လန့်ပါဘူး။ သံသရာထဲမှာ လည်ချင်သလောက်လည်၊ သံသရာ ရှည်ချင်သလောက် ရှည်၊ သံသရာဒုက္ခ ဘယ်လောက်များများ သံသရာထဲမှာ ပျော်တယ်။ သံသရာထဲမှာနေရတာကိုပဲ ကျေနပ်တယ်။

လူပဲဖြစ်ရဖြစ်ရ၊ ဘာပဲဖြစ်ရဖြစ်ရ လူဖြစ်နေရတာလည်း ကောင်းတာပဲ။ နတ်ဖြစ်ရတာလည်း ကောင်းတာပဲ။ လူ့ဘဝမှာလည်း နေရတာပျော်တယ်။ နတ်ဘဝမှာလည်း နေရတာပျော်တယ်။ လူနတ်ဘဝတွေမှာ နေချင်တယ်ဆိုပြီး ဖြစ်နေတာဟာ အဖြေရှာကြည့်ရင် ဒုက္ခသစ္စာ ဆင်းရဲခြင်းအမှန်တရားကို မသိလို့ပါ။ အဲဒီတော့ နိဗ္ဗာန်လိုချင်တဲ့သူဟာ ဒုက္ခသစ္စာကို သိရပါမယ်။ ခန္ဓာရဲ့ဒုက္ခ၊ ဘဝရဲ့ဒုက္ခ၊ သံသရာရဲ့ ဒုက္ခကို ရှင်းရှင်းလင်းလင်း သိနေရပါမယ်။

တရားမမှကို ကျင့်ကြံအားထုတ်ပြီး တရားရသွားတဲ့ သူတော်ကောင်းတွေ၊ ဘုရား၊ ရဟန္တာ၊ ပစ္စေကဗုဒ္ဓါအရှင်မြတ်တွေ တရားရှာစဉ်ကာလ သူတို့ရဲ့စိတ်အခြေအနေ၊ သူတို့ရဲ့ဉာဏ်အမြင်ကို အကဲခတ်ကြည့်လိုက် ရင် တရားမရသေးသော်လည်း ဒုက္ခသဘောကို နားလည်ကြပါတယ်။

ဘဝရဲ့ဒုက္ခ၊ ရလာတဲ့ဘဝမှာ နေရတဲ့ အခက်အခဲ၊ အကျပ်အတည်း ဆင်းရဲကိုလည်း သိမြင်ကြပါတယ်။ လူဖြစ်နေပြီဆိုရင်လည်း လူ့ဘဝရဲ့ဆင်းရဲကို သိကြပါတယ်။ လူမဟုတ်တဲ့ တခြားဘဝရောက်နေရင်လည်း တခြားဘဝရဲ့ဆင်းရဲဒုက္ခကို သိကြပါတယ်။

လူပဲဖြစ်နေဖြစ်နေ၊ နတ်ပဲဖြစ်နေဖြစ်နေ၊ တိရစ္ဆာန်ပဲဖြစ်နေဖြစ်နေ၊ ဘယ်လိုဘဝမှာပဲ ရောက်နေရောက်နေ ဘဝမှာနေရတဲ့ ဆင်းရဲအကျပ်အတည်းကို သဘောပေါက်နားလည်ကြတာကို တွေ့ရပါလိမ့်မယ်။ ခန္ဓာရထားတဲ့အတွက် ရရှိခံစားနေတဲ့ဒုက္ခကိုလည်း ကောင်းကောင်းကြီးနားလည်ကြပါတယ်။

www.dhammadownload.com

ခန္ဓာဒုက္ခကိုသိတော့

ခန္ဓာဒုက္ခဆိုတာ လူတိုင်းနဲ့အရင်းနှီးဆုံးပါ။ လက်ရှိခန္ဓာဟာ ကိုယ်မွေးကတည်းက ရထားတဲ့ခန္ဓာပါ။ မွေးလာကတည်းက အမြဲတမ်း ကိုယ်နဲ့အတူရှိနေတဲ့ ခန္ဓာပါ။ ကိုယ်နဲ့ထက်ကြပ်မကွာ လိုက်ပါနေတဲ့ခန္ဓာပါ။ နှစ်ပေါင်းများစွာ တရင်းတနှီး ပေါင်းသင်းလာတဲ့ ခန္ဓာရဲ့ကောင်းမကောင်း၊ ဆိုးမဆိုးကို သိဖို့ အရေးအကြီးဆုံးပါ။

ခန္ဓာဒုက္ခကိုသိတော့မှ ဘဝဒုက္ခကိုသိပါမယ်။ ဘဝဒုက္ခကိုသိပါမှ သံသရာဒုက္ခကိုသိပါလိမ့်မယ်။ ဒီဒုက္ခတွေကို ကောင်းကောင်းမြင်တော့မှ နိဗ္ဗာန်ကိုလိုချင်စိတ် တကယ်ပေါ်လာပါမယ်။

ဆင်းရဲဒုက္ခကိုမသိသေးဘဲနဲ့ နိဗ္ဗာန်ကိုလိုချင်တယ်ဆိုတာ အမှန်ပြောတာ မဟုတ်သေးပါဘူး။ နိဗ္ဗာန်ဆိုတာ ကောင်းတယ်လို့ သူများကပြောလို့၊ နိဗ္ဗာန်ဆိုတာ အေးချမ်းတယ်လို့ သူများကပြောလို့သာ လိုချင်တဲ့သဘောလောက်ရှိသေးတာပါ။ ကောင်းကောင်း သဘောမပေါက်နိုင်သေးပါဘူး။ တကယ်လိုချင်လားဆိုရင် တကယ်မဟုတ်သေးဘူး။ ဘယ်အချိန်ကျမှ နိဗ္ဗာန်

www.dhammadownload.com

ကိုတန်ဖိုးထားသလဲ၊ နိဗ္ဗာန်ကို မြတ်နိုးသလဲဆိုရင် ဆင်းရဲအမှန်ကို သိလာမှပါ။ ဒုက္ခသစ္စာကို သိမြင်တဲ့သူဟာ ဒုက္ခဖြစ်ကြောင်းကံတွေကို မလိုချင်တော့ပါဘူး။

ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်ကို ပြန်ကြည့်ရင် တဏှာ၊ ဥပါဒါန်၊ ကံဆိုတဲ့ ကြောင်းကျိုးဆက်စပ်မှုကို တွေ့ရပါလိမ့်မယ်။ တဏှာကြောင့် ဥပါဒါန်ဖြစ်၊ ဥပါဒါန်ကြောင့် ကံဖြစ်လာတာကို တွေ့ရပါလိမ့်မယ်။ တဏှာ၊ ဥပါဒါန်၊ ကံဆိုတဲ့ ပစ္စုပ္ပန်အကြောင်းတရားဟာ သစ္စာအားဖြင့်ပြောမယ်ဆိုရင် ဆင်းရဲဖြစ်ကြောင်း သမုဒယသစ္စာပါ။

အခုလက်ရှိပြုလုပ်နေတဲ့ အကြောင်းကံတွေလို့ ပြောရပါလိမ့်မယ်။ အကြောင်းကံတွေရဲ့အကျိုးပေးကို လှမ်းမျှော်ကြည့်လိုက်ရင် ပစ္စုပ္ပန်အကြောင်းကြောင့် ဖြစ်ပေါ်လာမှာတွေဟာ အနာဂတ်အကျိုးတရားတွေပါ။ အနာဂတ်မှာ ပေါ်ပေါက်လာမယ့် အကျိုးက ဆင်းရဲခြင်းအမှန် ဒုက္ခသစ္စာပါ။ တဏှာ၊ ဥပါဒါန်၊ ကံပြီးရင် ဆက်လက်ဖြစ်လာမှာက ဇာတိ၊ ဇရာ၊ မရဏဖြစ်တာမို့ အိုခြင်း၊ နာခြင်း၊ သေခြင်းတို့ဟာ အနာဂတ်အကျိုးဖြစ်တဲ့ ဒုက္ခသစ္စာတွေပါ။ ဒါကြောင့် ကံကြောင့်ဖြစ်လာမယ့် အကျိုးမှန်သမျှဟာ ဆင်းရဲခြင်းတွေသာဖြစ်တယ်လို့ သိမြင်နေရပါလိမ့်မယ်။

ကံကိုပြုလိုက်တာနဲ့တစ်ပြိုင်နက် ကံကြောင့်ဖြစ်လာတဲ့ ဇာတိ၊ ဇရာ၊ မရဏပေါ်လာပါလိမ့်မယ်။ ကံရှိရင် ဘာဖြစ်လာမှာလဲဆိုတော့ ဇာတိ ခန္ဓာရလာပါလိမ့်မယ်။ ဒုက္ခခန္ဓာ ရလာပါလိမ့်မယ်။

ဆင်းရဲဒုက္ခတွေ ဘာကြောင့်ဖြစ်လာတာလဲလို့ အကြောင်းရင်းကို ပြန်ကြည့်ရင် တဏှာ၊ ဥပါဒါန်၊ ကံကြောင့်လို့ အဖြေပေါ်လာပါတယ်။ ဒုက္ခသစ္စာကို မသိမမြင်သူဟာ အကျိုးပေးမယ့်ကံတွေကို သဘောကျနှစ်သက်တတ်ပါတယ်။ ဒုက္ခသစ္စာကို ကောင်းကောင်းကြီး သိမြင်သွားတဲ့သူဟာ အကြောင်းကံတွေကို ဘယ်တော့မှ သဘောကျနှစ်သက်မှုမရှိတော့ပါဘူး။ အကျိုးပေးမယ့်ကံတွေကိုကြိုက်နှစ်သက်နေတာဟာ ဒုက္ခသစ္စာကို သိလို့လား၊

www.dhammadownload.com

မသိလို့လားဆိုရင် မသိကြလို့ပါ။ ကောင်းကျိုး၊ ဆိုးကျိုးပေးမယ့် ကံတွေကို မကြိုက်ဘူး၊ မနှစ်သက်ဘူးဆိုတာတွေဟာ ရလာမယ့်အကျိုး ဒုက္ခသစ္စာကို သိမြင်နေလို့ပါ။

ဒီကံတွေကိုမလိုချင်အောင်၊ မနှစ်သက်အောင် ဘာလုပ်ရမှာလဲ ဆိုတော့ ဆင်းရဲအမှန် ဒုက္ခသစ္စာကို သိအောင်လုပ်ကြရပါမယ်။ တရားအလုပ်ကို အားထုတ်တယ်ဆိုတာ ဒုက္ခသစ္စာကိုသိအောင် လုပ်နေကြတာပါ။

နိဗ္ဗာန်ရောက်အောင် ကျင့်ကြံအားထုတ်တယ်ဆိုတာက အဆုံးကို လှမ်းမျှော်ပြီးပြောလိုက်တဲ့ စကားပါ။ နိဗ္ဗာန်မရောက်ခင် ဒုက္ခသစ္စာကို သိမြင်ရမယ့် အဆင့်တစ်ဆင့် ရှိနေပါသေးတယ်။

ခန္ဓာရလာတဲ့ဇာတိကလည်း ဒုက္ခသစ္စာ၊ အိုရတဲ့ဇရာကလည်း ဒုက္ခသစ္စာ၊ နာရတဲ့ ဗျာဓိ၊ သေရမယ့် မရဏကလည်းဒုက္ခသစ္စာ၊ သိရမြင်ရမယ့် ဒုက္ခသစ္စာဟာ အဝေးကြီးမှာမဟုတ်ပါဘူး။ ခန္ဓာမှာပဲ ရှိနေပါတယ်။ ဆင်းရဲအမှန်ဖြစ်တဲ့ရုပ်နာမ်ဖြစ်ပျက်သဘောတွေ၊ ရုပ်နာမ်ဒုက္ခသဘောတွေဟာ ခန္ဓာမှာပဲ ရှိနေကြပါတယ်။ ဒါကြောင့် "နိဗ္ဗာန်ဘယ်မှာရှိလဲလို့ သိချင်ရင် ကိုယ့်ခန္ဓာမှာကြည့်၊ နိဗ္ဗာန်ကိုတွေ့ချင်ရင် ကိုယ့်ခန္ဓာမှာရှာ" လို့ ပြောကြတာပါ။ ခန္ဓာကပြနေတဲ့ ဒုက္ခသစ္စာ၊ ခန္ဓာကပြောနေတဲ့ ဒုက္ခသစ္စာကိုသိအောင် အခုလို တရားဓမ္မကျင့်ကြံကြရတာပါ။

www.dhammadownload.com

ခန္ဓာကပြတာကို ကြည့်

တရားအလုပ်ရဲ့သဘောကို ကောက်ချက်ချလိုက်ရင် တရားအလုပ်အားထုတ်တယ်ဆိုတာဟာ ခန္ဓာကပြတာကို ကြည့်တဲ့သဘောဆိုရင် မမှားပါဘူး။ တရားဘယ်သူက ပြတာလဲ။ ခန္ဓာကပြတယ်ဆိုမှ မှန်ပါလိမ့်မယ်။ ခန္ဓာကပြတာကို တရားကျင့်သူက ကြည့်ရမှာပါ။

ခန္ဓာကပြတာ အမြင်သာဆုံးအနေနဲ့ ဘာတွေပြနေသလဲဆိုရင် ဇာတိ၊ ဇရာ၊ မရဏ အိုနာသေတွေကိုပါ။ ကိုယ်ခန္ဓာကြီးရလာတဲ့ ဘဝအစ ဟာ ဇာတိ။ အခုလက်ရှိအချိန်အခါမှာ ဖြစ်ပေါ်နေတဲ့သဘောက ဇရာနဲ့ဗျာဓိတွေပါ။ မလွဲမသွေရောက်လာမှာက မရဏသေခြင်းတရားပါ။

ဇရာ၊ ဗျာဓိရှိနေတဲ့ ဒီခန္ဓာကိုကြည့်ရင် ဒုက္ခမြင်လာပါတယ်။ ရုပ်နာမ်ခန္ဓာရဲ့ဖြစ်မှုပျက်မှုသဘောတွေကို အသေးစိတ်ကြည့်နေရင် ရုပ်နာမ်ရဲ့ဆင်းရဲဒုက္ခတွေကို မြင်လာပါတယ်။

ဒုက္ခမြင်တဲ့သူဟာ အကျိုးပေးမယ့်ကံတွေကို မကြိုက်တော့ပါဘူး။ ဒုက္ခဖြစ်ကြောင်းကို လှမ်းတွေ့သွားပြီ။ ဒုက္ခတွေ ဘာကြောင့်ဖြစ်တာလို့ ဒုက္ခ

www.dhammadownload.com

ဖြစ်ကြောင်းတွေ တွေ့လာလို့ ခန္ဓာကို ငြီးငွေ့လာပါတယ်။ ဘယ်သူမျက်စိနဲ့ ကြည့်ကြည့်၊ ဘယ်သူ ဥာဏ်အမြင်နဲ့ပဲကြည့်ကြည့် ခန္ဓာကြီးဟာ အဟုတ်အမှန် ဆင်းရဲတယ်ဆိုတာဟာ ငြင်းလို့မရပါဘူး။

ဘယ်လိုပဲသက်သာအောင်နေနေ၊ ဘယ်လိုပဲချမ်းသာအောင်နေနေ၊ ဘယ်လိုပဲ ပြင်ပေးပြင်ပေး ချမ်းသာရဲ့လား၊ သက်သာရဲ့လားဆိုရင် မချမ်းသာ၊ မသက်သာပါဘူး။ အခုထိုင်ရတာ ညောင်းလို့ဆိုပြီး ကိုယ်အနေအထားတွေ ပြုပြင်ပြောင်းရွှေ့ကြပါတယ်။ ဒါဟာ အလွယ်တကူ လူတိုင်းသိနိုင်တဲ့ လက်ရှိ ခန္ဓာရဲ့ဖြစ်ရပ်မှန်အနေအထားပါ။

ထိုင်နေတာအချိန်နည်းနည်းကြာသွားရင်ညောင်းလိုက်တာ၊ညောင်း လိုက်တာဆိုပြီး မညောင်းအောင် ခန္ဓာကိုဘာလုပ်လဲဆိုတော့ ပြင်ပေးတယ်၊ ပြောင်းပေးတယ်၊ ရွှေ့ပေးတယ်၊ ကွာရီယာပုတ် အနေအထားတွေ ညှိပေးပါ တယ်။ ဒါပေမဲ့ ချမ်းသာမှုရလားဆိုတော့ မရပါဘူး။ ဘယ်လိုနေနေ ဆင်းရဲတာက ဆင်းရဲတာပါပဲ။ ဘယ်လောက်ပြင်ပြင် ဆင်းရဲတာက ဆင်းရဲတာပါပဲ။

ထိုင်နေလည်း ဆင်းရဲတယ်။ ရပ်နေလည်း ဆင်းရဲတယ်။ သွားနေ ရတာလည်းဆင်းရဲတယ်။ စားနေတာလည်းဆင်းရဲတယ်။ အိပ်နေရတာလည်း ဆင်းရဲပါတယ်။ ဘယ်လိုနေနေ ဆင်းရဲတယ်လို့မမြင်တဲ့အတွက်ကြောင့်တရား နဲ့ဝေးနေကြပါတယ်။ နိဗ္ဗာန်ကို ရောက်သင့်ရက်သားနဲ့ မရောက်နိုင်ကြတာ ဟာ ခန္ဓာအကြောင်း ကောင်းကောင်းနားမလည်ကြလို့ပါ။

ခန္ဓာကို ဒုက္ခဆင်းရဲပဲလို့ သိသွားတာနဲ့တစ်ပြိုင်နက် နိဗ္ဗာန်နဲ့နီးသွား ပါပြီ။ သိသွားဖို့ပဲ အရေးကြီးပါတယ်။ ခန္ဓာကိုပြန်ကြည့်ဆိုတာ ခန္ဓာအကြောင်း ကျေကျေညက်ညက်သိမြင်ရအောင် ကြည့်ခိုင်းနေတာပါ။

တရားအားထုတ်နေသူဟာ ခန္ဓာမှာဖြစ်နေတဲ့ ရုပ်နာမ်ခန္ဓာစဉ်ရဲ့ သဘောသဘာဝတွေဖြစ်တဲ့ ဆင်းရဲတဲ့သဘော၊ နှိပ်စက်တဲ့သဘော၊ မသက် မသာ မည္သာမတာဖြစ်နေတဲ့ သဘောတရားတွေကို မြင်အောင်ကြည့်ဖို့ လိုပါတယ်။

www.dhammadownload.com

ဒီဒုက္ခတွေဖြစ်ပေါ်စေတဲ့ အကြောင်းကံကိုတွေ့လိုက်ပြီး မြင်လိုက်ပြီး ဒီလိုဒုက္ခတွေဖြစ်နေတာဟာ ကံတရားကြောင့်ဖြစ်နေတာလို့ နားလည်ရမှာပါ။ ရလာကြတဲ့ခန္ဓာဟာ ကံပေးတဲ့ခန္ဓာပါ။ ကံကြောင့်ဖြစ်တဲ့ခန္ဓာပါ။ တဏှာ၊ ဥပါဒါန်၊ ကံရဲ့အကျိုးဆက် ဟိုဘက်မှာ ဇာတိ၊ ဇရာ၊ မရဏဆိုတဲ့ခန္ဓာဟာ ဘယ်သူကြောင့်မှမဟုတ်ဘူး။ ကံကြောင့်ဖြစ်တာ သေချာပါတယ်။

ကံကလည်း ဘာကြောင့်ဖြစ်တာလဲလို့ နောက်ပြန်ကြည့်လိုက်ရင် ဥပါဒါန်ကြောင့်ဖြစ်လာပါတယ်။ ဥပါဒါန် ဘာကြောင့်ဖြစ်လဲလို့ နောက်ပြန်ကြည့်လိုက်ရင် တဏှာကြောင့်ဖြစ်လာပါတယ်။

ပဋိစ္စသမုပ္ပါဒ်ကို နောက်ကြောင်းပြန်ကြည့်သွားလိုက်ရင် တဏှာက ဘာကြောင့်ဖြစ်လဲဆိုရင် ဝေဒနာကြောင့်ဖြစ်တယ်။ ဆက်သွားလိုက်ရင် အဆုံးဘယ်ပြန်ရောက်သွားမှာလဲဆိုတော့ အဝိဇ္ဇာဆီကို ပြန်ရောက်လာပါတယ်။ ကံကိုပြုခိုင်းတာဟာ အဝိဇ္ဇာပါ။ ဒုက္ခသစ္စာကို မသိနားမလည်တဲ့အဝိဇ္ဇာကဖုံးလွှမ်းနေလို့ ကံကိုကြိုက်နေတာပါ။ မသိနားမလည်တဲ့ အဝိဇ္ဇာကို ပယ်ခွာနိုင်ရင် အမှန်တရားကို သိမြင်မယ်ဆိုရင် အကျိုးပေးမယ့်ကံတွေကို မလိုလားမနှစ်သက်တော့ပါဘူး။

www.dhammadownload.com

အဝိဇ္ဇာဖုံးထားလို့

မသိမှုအဝိဇ္ဇာက ဆင်းရဲအမှန်ဒုက္ခသစ္စာကို မသိအောင် ဖုံးဖိထားပါတယ်။ ဒုက္ခသစ္စာဟာ ထင်ထင်ရှားရှား ရှိလည်းရှိတယ်။ ထင်ထင်ရှားရှားပြလည်းပြပါတယ်။ ဘယ်လိုနေနေ၊ ဘယ်မှာနေနေ၊ ဘယ်အချိန်မှာမဆို ဒုက္ခတွေကတော့ဖြင့် ဖြစ်မြဲအတိုင်းဖြစ်နေတာပါ။

ဖြစ်နေတဲ့ဒုက္ခကို ဒုက္ခရယ်လို့မထင်အောင်၊ မမြင်အောင် ဘယ်သူကဖုံးကွယ်ထားလဲဆိုတော့ အဝိဇ္ဇာပါ။ အဝိဇ္ဇာက သိပ်ကိုအစွမ်းထက်ပါတယ်။ ဒုက္ခရောက်နေတာတောင်မှ ဒုက္ခရောက်နေတယ်လို့မမြင်သေးပါဘူး။ ဒုက္ခကြီး ကိုယ့်မျက်စိအောက်မှာ အသေချာကြီးရှိနေတာတောင်၊ သေသေချာချာကြီး တွေ့နေတာတောင်မှ ဒုက္ခပါပဲလို့ သဘောမပေါက်ကြပါဘူး။ နားမလည်နိုင်ကြပါဘူး။ ဘယ်သူကြောင့် ဒီလောက်တောင် ညံ့ဖျင်းမိုက်မဲနေရတာလဲဆိုရင် အဝိဇ္ဇာကြောင့်ပါ။ အမှန်မသိအောင်ဖုံးကွယ်တဲ့ အဝိဇ္ဇာကြောင့် နိဗ္ဗာန်နဲ့ဝေးရပါတယ်။

www.dhammadownload.com

ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်အရကြည့်ရင် ဒီအတိုင်းသာ အတိအကျအဖြေထွက်လာပါတယ်။ အဝိဇ္ဇာနဲ့တဏှာကြောင့် သံသရာလည်တာပါ။ သံသရာရဲ့ရေသောက်မြစ်ဆိုတာလည်း အဝိဇ္ဇာနဲ့တဏှာပါ။ ဘယ်နေရာက ဘယ်လိုအကြောင်းရှာရှာ နောက်ဆုံးမှာတော့ အကြောင်းရင်းဖြစ်တဲ့ အဝိဇ္ဇာနဲ့တဏှာဆီကိုပဲ ပြန်ရောက်ပါတယ်။

နိဗ္ဗာန်မရောက်တာသည် အဝိဇ္ဇာနဲ့တဏှာကြောင့်။ သံသရာရှည်တာကလည်း အဝိဇ္ဇာနဲ့ တဏှာကြောင့်ပါ။ သံသရာတိုအောင် မလုပ်ဘဲနဲ့ သံသရာရှည်သည်ထက်ရှည်အောင် ဆွဲဆွဲဆန့်နေတဲ့အတွက်ကြောင့်မို့နိဗ္ဗာန်နဲ့ ဝေးသည်ထက်ဝေးပါတယ်။ နိဗ္ဗာန်မရောက်နိုင်သေးဘူး၊ ငါတို့ ဒီလောက် အားထုတ်တာတောင်မှ ခုချိန်ထိ ဘာတရားမှမရသေးဘူး။ ဒီလောက်ကြိုးစားနေရက်သားနဲ့ တရားလည်းမမြင်ဘူးဆိုတာဟာ အဝိဇ္ဇာနဲ့တဏှာကို မပယ်နိုင်တာကြောင့်ပါ။

ဒုက္ခသစ္စာကို မသိမြင်တဲ့အတွက် ကံကိုကြိုက်တယ်။ ကံတွေကြိုက်လို့ ကံတွေပြုလုပ်တော့ သံသရာရှည်ပါတယ်။ နိဗ္ဗာန်နဲ့ ဝေးပါတယ်။ အဝိဇ္ဇာနဲ့ အတူတကွပေါင်းသင်းနေတာ၊ အဝိဇ္ဇာနဲ့ တွဲရက်ဖြစ်နေတာက တဏှာပါ။

ဒါကြောင့် အတိတ်က အဝိဇ္ဇာကစပေးလိုက်တဲ့ ပဋိစ္စသမုပ္ပါဒ်လည်ပတ်မှုဟာ ဘယ်ထိရောက်သွားသလဲဆိုရင် ပစ္စုပ္ပန်ခံစားမှုဝေဒနာထိရောက်ပါတယ်။ ဝေဒနာကနေ တဏှာဆီရောက်ပါတယ်။ တဏှာကနေ ပြန်စပေးလိုက်တဲ့ ပဋိစ္စသမုပ္ပါဒ်ဟာ တဏှာ၊ ဥပါဒါန်၊ ကံ၊ ဇာတိ၊ ဇရာ၊ မရဏဆိုပြီး မရဏအထိရောက်သွားပါတယ်။ တစ်ပတ်ပြီးတစ်ပတ် လည်သွားပါတယ်။

အဝိဇ္ဇာခေါင်းဆောင်ပြီးတော့ လှည့်ပေးလိုက်ရာကနေ တဏှာလက်ထဲပြောင်းပေးလိုက်တယ်။ တဏှာလက်ကနေ လှည့်ပေးလိုက်တာ တစ်ခါ အဝိဇ္ဇာလက်ထဲ ပြန်ရောက်သွားပါတယ်။ အဝိဇ္ဇာနဲ့တဏှာ ခြယ်လှယ်နေတဲ့အတွက်ကြောင့် သံသရာထဲမှာနေရတဲ့ ဆင်းရဲတွေကိုလည်း ဆင်းရဲမှန်းမသိ

www.dhammadownload.com

ဘူး။ ဒုက္ခကိုလည်း ဒုက္ခလို့မမြင်ဘူး။ မသိမမြင်တဲ့အပြင် ဒီဆင်းရဲဒုက္ခတွေကို ပဲ မသိမသာပြန်ပြီး ခင်တွယ်နေတယ်။ ဆင်းရဲဒုက္ခကို မသိမသာလေး ပြန်ခင် နေတာ တဏှာပါ။

www.dhammadownload.com

ခင်လို့ အပြစ်မမြင်

ဒုက္ခကိုခင်နေတဲ့တဏှာဟာ အဝိဇ္ဇာကြောင့်ဖြစ်တာပါ။ အဝိဇ္ဇာတွေနဲ့ ဘာကြောင့်တရားမသိ၊ တရားမမြင်အောင် ဖြစ်နေသလဲဆိုရင်တော့ ခင်မင်နေတဲ့ တဏှာကြောင့်ပါ။

လောကမှာ ဖြစ်လေ့ဖြစ်ထရှိတဲ့ သဘာဝတစ်ခုက ကိုယ်ခင်မင်နေတဲ့သူတစ်ယောက်၊ ကိုယ်သဘောကျနေတဲ့ သူတစ်ယောက် ဘာလုပ်လုပ်၊ ဘယ်လိုနေနေ၊ ဘာပြောပြော အကောင်းပဲမြင်နေတတ်ကြပါတယ်။ သူ့အပြစ်ရှိရင်တောင် အပြစ်လို့မမြင်မိပါဘူး။ သူ့ကို ကိုယ်က သဘောကျခင်မင်နေတဲ့အချိန်မှာ သူ့အပြစ်ကို လုံးဝမမြင်မိပါဘူး။ ခင်နေတာက တဏှာပါ။ ခင်လို့ အပြစ်မမြင်တာက အဝိဇ္ဇာပါ။

ခန္ဓာက ဒုက္ခပေးတယ်လို့ပြောပေမဲ့လို့ ခန္ဓာကြီးကို ခင်မင်တွယ်တာနေချိန်မှာ သိတဲ့သူမြင်တဲ့သူကတော့ ဒုက္ခခန္ဓာလို့ပြောနေပေမဲ့ ခန္ဓာကြီးကို မပြစ်မမြင်ပါဘူး။

www.dhammadownload.com

ဘယ်သူ့ကြောင့် အပြစ်မမြင်တာလဲ။ အဝိဇ္ဇာနဲ့ တဏှာကြောင့်ပါ။ တဏှာက ခင်အောင်လုပ်ပေးထားပါတယ်။ ခန္ဓာကြီးကို ဂရုတစိုက်နဲ့ တစ်ချိန်လုံး ကြောင့်ကြစိုက်၊ လုံ့လစိုက်ပြီး ပြုစုပျိုးထောင်ပေးနေတယ်၊ နှစ်သက်နေတယ်၊ တွယ်တာနေတယ်၊ စွဲလမ်းနေတယ်။ နှစ်သက်စွဲလမ်းနေတယ်ဆိုတာ တဏှာလက်ချက်ပါ။ တဏှာဖုံးအုပ်ထားတဲ့အတွက်ကြောင့် အပြစ်မမြင်တော့တာ အဝိဇ္ဇာပါ။

အပြစ်မမြင်အောင် ဖုံးအုပ်ထားတာက အဝိဇ္ဇာပါ။ တရားမသိမမြင်သူတွေမှာ အဝိဇ္ဇာရှိနေကြပါတယ်။ အခုအားထုတ်ကြတာက မသိမှုအဝိဇ္ဇာကနေ သိမှုဝိဇ္ဇာဖြစ်အောင် အားထုတ်နေကြတာပါ။ မသိတဲ့ အဝိဇ္ဇာကနေ သိတဲ့ဝိဇ္ဇာဉာဏ်ဖြစ်လာအောင်ပါ။ ဒုက္ခကို ဒုက္ခမှန်းသိလာရင် တရားရပြီ။ ခန္ဓာရဲ့အပြစ်ကိုမြင်လာရင် တရားရပါပြီ။ ခန္ဓာကို မချစ်ခင်၊ မနှစ်သက်၊ မတွယ်တာရင် တရားရပါပြီ။

ဒါကြောင့် ရုပ်နဲ့နာမ်တရားတွေကို သတိနဲ့ရှုမှတ်ခိုင်းနေတာပါ။ ရုပ်နဲ့နာမ်ကို ရှုမှတ်သိနေရပါမယ်။ ငါ၊ သူတစ်ပါး၊ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ယောကျ်ား၊ မိန်းမဆိုတာတွေပယ်ခွာပြီး ရုပ်နာမ်သီးသန့်မြင်အောင် ကြည့် နေရပါမယ်။

ငါပါလို့ရှိရင် ငါ့ကိုယ်ငါ ညှာနေပါသေးတယ်။ သူဆိုလို့ရှိရင် သူ့ကို ကြိုက်တယ်၊ မကြိုက်ဘူးဖြစ်လာနေပါသေးတယ်။ ပုဂ္ဂိုလ်၊ သတ္တဝါဆိုရင်လည်း ချစ်တာတွေ၊ မုန်းတာတွေ ဝင်တတ်ပါတယ်။ ယောကျ်ား၊ မိန်းမဆိုရင်လည်း နှစ်သက်တာ၊ မနှစ်သက်တာတွေ ပါဝင်လာပါတယ်။

အဲဒါတွေ ဘာတစ်ခုမှမပါအောင် အဝိဇ္ဇာနဲ့တဏှာဝင်လို့မရအောင် ရုပ်နဲ့နာမ်ကိုသာ အဆက်မပြတ်ရှုမှတ်ခိုင်းတာပါ။ ရုပ်နဲ့နာမ်ကို သတိထားရှုလိုက်တော့ ရုပ်တရားနဲ့နာမ်တရား။ ရုပ်နဲ့နာမ်ဆိုတာ အမှန်တကယ်ကြည့်ရင် သဘောတရားသက်သက်သာဖြစ်တယ်လို့ မြင်လာပါလိမ့်မယ်။ ပုဂ္ဂိုလ်လည်းမဟုတ်၊ သတ္တဝါလည်း မဟုတ်၊ ယောကျ်ားလည်းမဟုတ်၊ မိန်းမလည်းမဟုတ်ဘူးလို့ သိမြင်လာပါမယ်။

www.dhammadownload.com

ရုပ်တရားကို ပုဂ္ဂိုလ်၊ သတ္တဝါ၊ ယောကျ်ား၊ မိန်းမလို့သတ်မှတ်လို့ မရသလို နာမ်တရားကိုလည်း ပုဂ္ဂိုလ်၊ သတ္တဝါ၊ ယောကျ်ား၊ မိန်းမလို့ ခွဲခြားသတ်မှတ်လို့မရပါဘူး။ သဘောသဘာဝ၊ သဘောတရားမျှသာ ဖြစ်ကြပါတယ်။ ရုပ်သဘာဝက ဖောက်ပြန်တဲ့သဘော၊ နာမ်သဘာဝက သိတဲ့သဘောတရားပါ။ ဖောက်ပြန်တာနဲ့ သိတာဟာ လောကထဲမှာရှိပါတယ်။

ဖောက်ပြန်တဲ့သဘောကို ငါ့ဥစ္စာ၊ ငါလို့ အပိုင်ယူထားလို့မရပါဘူး။ ဖောက်ပြန်တဲ့သဘောဟာ သူမှာလည်းရှိတယ်၊ ကိုယ့်မှာလည်း ရှိပါတယ်။ သူနဲ့လည်းဆိုင်တယ်၊ ကိုယ်နဲ့လည်းဆိုင်ပါတယ်။ သူမှာလည်းဖြစ်သလို၊ ကိုယ့်မှာလည်းဖြစ်ပါတယ်။ ဒါကြောင့် သူပိုင်ကိုယ်ပိုင်လို့မပြောနိုင်ပါဘူး။ ယောကျ်ား၊ မိန်းမလို့ သတ်မှတ်လို့မရတော့ပါဘူး။

ရုပ်တရားဟာ ဖောက်ပြန်တဲ့သဘောတရားသာ ဖြစ်ပါတယ်။ လူဖြစ်ဖြစ်၊ နတ်ဖြစ်ဖြစ်၊ တိရစ္ဆာန်ဖြစ်ဖြစ်၊ ပြိတ္တာဖြစ်ဖြစ်၊ ငရဲသားဖြစ်ဖြစ်၊ ဘယ်သူ့သဏ္ဌာန်မှာပဲဖြစ်နေဖြစ်နေ ဖောက်ပြန်တဲ့သဘာဝက ပြောင်းလဲမသွားပါဘူး။ အမြဲတမ်း ဖောက်ပြန်တဲ့သဘောသာ ထင်ရှားရှိပါတယ်။

နာမ်ဆိုတာက သိတဲ့သဘောတရားပါ။ လူဖြစ်ဖြစ်၊ နတ်ဖြစ်ဖြစ်၊ တိရစ္ဆာန်ဖြစ်ဖြစ်၊ ပြိတ္တာဖြစ်ဖြစ်၊ ငရဲသားဖြစ်ဖြစ်၊ ဘယ်သူ့သဏ္ဌာန်မှာပဲဖြစ်နေဖြစ်နေ သိတတ်တဲ့သဘာဝက ပြောင်းလဲမသွားပါဘူး။ အမြဲတမ်းသိတဲ့သဘောသာ ထင်ရှားရှိပါတယ်။

www.dhammadownload.com

အမှန်တရားမြင်လာရင်

အဲဒီလို အမှန်သဘာဝတွေကို အမှန်အတိုင်းမြင်လာအောင် ကြည့်ပေးတဲ့အလေ့အကျင့် လုပ်ခြင်းအားဖြင့် အမှန်မြင်လာရင် ချစ်ခင် တွယ်တာမှု တဏှာနည်းပါးသွားပါတယ်။ ခန္ဓာပေါ်မှာ တွယ်တာတပ်မက်မှု လျော့နည်းသွားပါတယ်။

ရုပ်နာမ်ခန္ဓာမှာ တပ်မက်စရာ၊ စွဲလမ်းစရာ၊ နှစ်သက်စရာ၊ ချစ်ခင်စရာဆိုလို့ ဘာတစ်ခုမှ ရှာလို့မတွေ့တော့ပါဘူး။ ဘယ်နေရာမှာမှ ရှာလို့မတွေ့တော့ပါဘူး။ မမြဲတာရယ်၊ ဆင်းရဲတာရယ်၊ အစိုးမရတာရယ်ပဲရှိတယ်လို့ တဖြည်းဖြည်းနဲ့ သိမြင်လာပါတယ်။

ရုပ်တရား၊ နာမ်တရားတွေကို မတည်မြဲဘူး၊ ဆင်းရဲတယ်၊ အစိုးမရဘူးလို့ သိသွားမြင်သွားတာက အမှန်ကိုသိမြင်တဲ့ အသိဉာဏ်ဝိဇ္ဇာပါ။ အမှန်မသိတဲ့ အဝိဇ္ဇာရဲ့ဆန့်ကျင်ဘက်ဖြစ်တဲ့ ဉာဏ်အမြင်ပါ။

တရားကျင့်သူတွေ တရားမသိဘူးဆိုတာ အဝိဇ္ဇာဖုံးကွယ်ထားလို့ပါ။ တဏှာနဲ့လည်း ခင်မင်နေလို့ပါ။ မမြင်တာနဲ့ ခင်တာကိုဖယ်ရှားနိုင်လို့ သိ

www.dhammadownload.com

သွားမြင်သွားပြီဆိုရင် ဝိဇ္ဇာဉာဏ်ပေါ်လာပါတယ်။ မသိတာနဲ့ မမြင်တာဟာ အမြဲတမ်းယှဉ်တွဲနေပါတယ်။ အဝိဇ္ဇာနဲ့မသိရင် တဏှာဝင်ပါတယ်။ ခင်မှူ တဏှာဝင်လာရင်လည်း အဝိဇ္ဇာဖုံးတယ်လို့ ယှဉ်တွဲဖြစ်နေတတ်ပါတယ်။

သူတို့နှစ်ခုက သိပ်ခင်မင်တဲ့ သူငယ်ချင်းနှစ်ယောက်လို အမြဲတမ်း တတွဲတွဲနဲ့ပါ။ အဝိဇ္ဇာကိုပယ်ချင်တယ်ဆိုရင် တဏှာကိုလည်း ပယ်ရပါတယ်။ တဏှာကိုပယ်ချင်တယ်ဆိုရင် အဝိဇ္ဇာကိုလည်း ပယ်မှရပါမယ်။ နှစ်မျိုးစလုံးကို ပယ်ရမှာပါ။

မသိတော့ လိုချင်တယ်။ လိုချင်တော့ အမှန်မမြင်နိုင်တော့ပါဘူး။ မသိမှုနဲ့ လိုချင်မှုတွေရစ်ပတ်ပြီး ဘယ်နဘဝကျင်လည်ခဲ့တဲ့သံသရာလို့တောင် မပြောနိုင်အောင် ကျင်လည်ခဲ့ကြပါတယ်။

ဆင်းရဲဒုက္ခတွေနဲ့ လုံးထွေးနေခဲ့ကြရပါတယ်။ ဒါပေမဲ့ သံသရာရဲ့ ဒုက္ခကိုလည်း မမြင်ကြပါဘူး။ ခန္ဓာဒုက္ခကိုလည်း သဘောမပေါက် နားမလည် ကြပါဘူး။ ဘဝဒုက္ခတွေကိုလည်း မသိကြပါဘူး။

မသိတဲ့အတွက်ကြောင့် ခန္ဓာကိုခင်တွယ်တယ်။ သံသရာကိုခင်တွယ် ပါတယ်။ ခင်တွယ်မှုနဲ့ မသိမမြင်၊ နားမလည်မှုတွေကြောင့် နိဗ္ဗာန်နဲ့ အဝေး ကြီးကိုဝေးသွားတာပါ။ နိဗ္ဗာန်နဲ့နီးချင်တယ်ဆိုရင်တော့ အလွယ်ကလေးပါ။ အဝိဇ္ဇာနဲ့တဏှာကို ဖယ်ရှင်းပစ်လိုက်ရုံသာ ဖြစ်ပါတယ်။ အဝိဇ္ဇာနဲ့တဏှာကို ဖယ်ရှားလိုက်ရင် နီးသွားပါပြီ။ ကံအသစ်တွေ ထပ်မလုပ်တော့ဘူး။ ကံအသစ် မဖြစ်တော့ဘူးဆိုရင် နိဗ္ဗာန်နဲ့နီးသွားပါတယ်။ အဝိဇ္ဇာနဲ့တဏှာကိုသာ သေသေ ချာချာ နားလည်သဘောပေါက်ပြီးတော့ ဒုက္ခဖြစ်ကြောင်းဟာ သူတို့ကြောင့် ပဲ။ အဝိဇ္ဇာနဲ့တဏှာကြောင့်ပဲလို့ သိဖို့လိုပါတယ်။

ငါတို့ကံတွေထပ်ထပ်ဖြစ်အောင်လုပ်နေလို့ဒုက္ခတွေထပ်ထပ်ရနေ ကြတာ။ ဒုက္ခတွေရနေလို့ သံသရာရှည်နေရတာ။ သံသရာရှည်နေတာကြောင့် နိဗ္ဗာန်နဲ့ဝေးနေတာလို့ ကောင်းကောင်းနားလည်သွားရင် ကံတွေကိုဖြတ်တဲ့ အလုပ်ပဲလုပ်ချင်ပါတော့တယ်။

---

www.dhammadownload.com

ကံတွေဆက်တဲ့အလုပ်မလုပ်ချင်တော့ပါဘူး။ အဲဒါကြောင့် အဝိဇ္ဇာဖုံးရင် ကံကိုကြိုက်တယ်။ တဏှာကလည်း ပြောမယ်ဆိုရင် ကံကို သဘောကျပါတယ်။

www.dhammadownload.com

တဏှာက ကံကိုနှစ်သက်

ဒီလောက်ဆိုးတဲ့ကံတွေကို ကြိုက်နေတာဟာ တဏှာကကြိုက်နေတာပါ။ တဏှာအကြိုက်ကို မရုန်းဖယ်နိုင်ရင်၊ တဏှာအကြိုက်ကို မတွန်းလှန်နိုင်ရင် ကံတွေပြုဖြစ်လာပါလိမ့်မယ်။ ကံတွေဖြစ်လာရင် အကျိုးပေးတွေဖြစ်လာတဲ့အတွက် တစ်ဖက်က သံသရာရှည်သွားပါတယ်။

တဏှာ၊ ဥပါဒါန်၊ ကံဆိုတဲ့ အစဉ်အတန်းအရ တဏှာကြောင့် ဥပါဒါန်ဖြစ်လာမယ်။ ဥပါဒါန်ကြောင့် ကံဖြစ်လာမယ်။ ကံကြောင့် ဇာတိ၊ ဇရာ၊ မရဏာ၊ ဒုက္ခတွေဖြစ်လာပါမယ်။

ဒီဒေသနာအရကြည့်လိုက်ရင်အဖြေထွက်လာတဲ့အချက်က အဝိဇ္ဇာနဲ့တဏှာတို့ကြောင့် နိဗ္ဗာန်နဲ့ဝေးရတယ်ဆိုတာပါပဲ။ ဒုက္ခဆင်းရဲမှုန်း မသိတဲ့အတွက်ကြောင့် ဒုက္ခသစ္စာဖြစ်လာပါတယ်။ ဒုက္ခသစ္စာကို မသိတဲ့အတွက်ကြောင့်လည်း အကျိုးပေးမယ့်ကံကို ကြိုက်ပါတယ်။ လိုချင်မှုတဏှာ နဲ့ ကံကို လိုလားနှစ်သက်နေပါတယ်။

www.dhammadownload.com

ဒါကြောင့်မို့ငါတို့ကံကောင်းမှုဖြစ်မယ်။ ကောင်းတဲ့အလုပ်တွေလုပ်မယ်ဆိုပြီးပြုလုပ်ကြပါတယ်။ ကောင်းတဲ့အလုပ်တွေကိုပြုလုပ်တော့ ကောင်းကျိုးတွေရလာပါတယ်။ ကောင်းကျိုးရလာတော့ ကောင်းကျိုးနဲ့ သံသရာလည်ပြန်ပါတယ်။ မသိနားမလည်လို့ မဟုတ်တရုတ်တွေလုပ်၊ မကောင်းတာတွေလုပ်ပြီးတော့ ဆိုးကျိုးတွေရပြန်တော့လည်း သံသရာက မနေပြန်ဘူး။ ဆိုးကျိုးဒုက္ခတွေနဲ့ သံသရာလည်ရပြန်ပါတယ်။

လည်နေတာက တစ်နေ့မဟုတ်ဘူး။ တစ်ရက်မဟုတ်ဘူး။ နေ့စဉ်နေ့တိုင်း၊ နှစ်စဉ်နှစ်တိုင်း၊ ဘဝတိုင်း ဘဝတိုင်းမှာ သံသရာလည်ပတ်နေတာပါ။ သံသရာလည်အောင်လည်း ဘုန်းကြီးတို့ပရိသတ်က ကံစွမ်းအားတွေဖြည့်ဖြည့်ပေးနေကြတာပါ။

သံသရာရှည်တာထက်ရှည်အောင်၊ ပွားတာထက်ပွားအောင်၊ တိုးတာထက်တိုးအောင်လည်း နေ့တိုင်းနေ့တိုင်း ကံအသစ်တွေစုဆောင်းနေကြပါတယ်။ ထပ်ထပ်ပြီး စုဆောင်းပေးနေတော့ ကံတွေက များသည်ထက်များလာပါတယ်။

ကံတစ်ခုဖြစ်ရင် ဘဝတစ်ခုဖြစ်တယ်ဆိုတော့ တစ်နေ့တစ်နေ့ဖြစ်တဲ့ ကာယကံ၊ ဝစီကံ၊ မနောကံတွေ သိန်းသန်းချီပြီး လုပ်နေကြတော့ ဖြစ်ရမယ့်ဘဝ၊ သွားရမယ့်ဘဝတွေလည်း သိန်းသန်းချီပြီးဖြစ်လာပါတယ်။ ဒါ့အပြင် လိုလိုချင်ချင်နဲ့ သံသရာမရှည်ရှည်အောင် သံသရာရှည်ကြောင်းတရားတွေကို အားကြိုးမာန်တက် ပြုနေကြပါတယ်။

ကံကိုပြုနေကြတဲ့ တစ်နေ့တစ်ရက်ဟာ ရှေ့ဘဝပေါင်းများစွာကို ကိုယ်တိုင်ဖန်တီးနေတာနဲ့တူပါတယ်။ တဏှာ၊ ဥပါဒါန်၊ ကံ၊ ဇာတိ၊ ဇရာ၊ မရဏာဆိုတော့ ကံတစ်ချက်ဖြစ်ရင် ဟိုဘက်ကဇာတိတစ်ချက် ရောက်လာပါပြီ။ တစ်နေ့၊ တစ်ရက်၊ တစ်နာရီလောက်ကာလအတွင်းမှာပဲ ဖြစ်သွားတဲ့ကံတွေကို တွက်ကြည့်လိုက်ရင် ကြောက်စရာကောင်းလောက်အောင်ကို များလှပါတယ်။

www.dhammadownload.com

တစ်နေ့တစ်နေ့မှာ ကာယကံ၊ ဝစီကံ၊ မနောကံတွေ အကြိမ်ပေါင်းများစွာဖြစ်နေကြတာပါ။ ကာယကံ၊ ဝစီကံ မလုပ်ဘူးထား။ ငြိမ်ငြိမ်လေးနေပြီးတော့ ပါးစပ်ပိတ်ထားတာတောင်မှ မနောကံတွေ ဖြစ်နေပါသေးတယ်။ ကံမဖြစ်တဲ့အချိန်ဆိုတာ မရှိပါဘူး။ ကံတစ်မျိုးမျိုးတော့ဖြင့် အမြဲတမ်းကိုဖြစ်နေကြပါတယ်။ ကာယကံဖြစ်ချင်ဖြစ်၊ ဝစီကံဖြစ်ချင်ဖြစ်၊ ကာယကံ၊ ဝစီကံမှ မဖြစ်တဲ့အဆုံး မနောကံဖြစ်နေပါတယ်။

ကံတစ်ချက်ဟာ ဇာတိတစ်ချက်နဲ့ညီမျှတယ်ဆိုတော့ ကံတွေထောင်သောင်းသိန်းသန်း တစ်နေ့တစ်နေ့မှာ ပြုတာနဲ့အမျှ ဘုန်းကြီးတို့ ဟိုဘက်ကဇာတိတွေလည်း ထောင်သောင်းသိန်းသန်းရှိပြီးတော့ အကျိုးပေးဖို့စောင့်ဆိုင်းနေကြပါတယ်။ အဲဒီတော့ သံသရာရှည်မှာ ဇကန်ပါပဲ။ ကံတွေပြုသမျှ နောက်ဆုံးမှာ အိုနာသေပဲရတတ်ပါတယ်။

နိဂုံးချုပ်လိုက်တော့ ကောင်းတဲ့ကံလည်း အိုနာသေ၊ မကောင်းတဲ့ကံလည်း အိုနာသေဆိုတဲ့ အိုသေလက်ထဲက မလွတ်ပါဘူး။ အိုခြင်း၊ နာခြင်း၊ သေခြင်းထဲကကို မထွက်မြောက်နိုင်ပါဘူး။ ဘယ်လောက်ပဲကောင်းကောင်းနေတယ်လို့ပြောပြော၊ ကောင်းတဲ့အလုပ်တွေလုပ်လုပ်၊ အကျိုးပေးတော့ ကံပေးတာဟာ အိုနာသေပဲအကျိုးပေးပါမယ်။

မကောင်းတဲ့ကံတွေကိုပြုသူမကောင်းတဲ့သူတွေလည်း အကျိုးပေးလာတဲ့အချိန်မှာ အိုနာသေပဲရကြပါတယ်။ အိုနာသေတာချင်းတူတူပါပဲ။ ပိုကောင်းတာနဲ့ ပိုမကောင်းတာပဲ ကွာပါတယ်။ ကောင်းကောင်းနာရတာနဲ့ ကောင်းကောင်းမနာရတာ၊ ကောင်းကောင်းသေရတာနဲ့ ကောင်းကောင်းမသေရတာပဲ ကွာပါတယ်။

ကောင်းကံလုပ်တဲ့သူတွေက ကောင်းကောင်းနာရတယ်။ ပြည့်ပြည့်စုံစုံလေး၊ သက်သက်သာသာလေး နာရတယ်။ သေတဲ့အခါမှာလည်း အသေကောင်းပါတယ်။ မကောင်းကံလုပ်တဲ့သူတွေကျတော့ နာတဲ့အခါမှာလည်း

www.dhammadownload.com

မပြည့်မစုံဒုက္ခတွေနဲ့နာရတယ်။ သေတဲ့အခါမှာလည်း မကောင်းသဖြင့် သေရပါတယ်။

ထူးတော့ သိပ်မထူးလှပါဘူး။ တွက်ကြည့်ရင် သူလည်းအိုနာသေ၊ ကိုယ်လည်းအိုနာသေ၊ လူဆိုးလည်းအိုနာသေ၊ လူကောင်းလည်းအိုနာသေမို့ သံသရာထဲလည်နေလို့ကဖြင့် လူဆိုးလူကောင်းရယ်လို့ခွဲမယ့်သာ ခွဲနေရတာ ခံရတာချင်းကျတော့ အတူတူသာဖြစ်ကြပါတယ်။

သူက နည်းနည်းသက်သာတယ်၊ သူက မချိမဆံ့ခံရတယ်ဆိုတာ လောက်သာ ကွာပါတယ်။ ကံကောင်းတဲ့သူ ချမ်းချမ်းသာသာနဲ့ သံသရာလည်တဲ့အတွက်ကြောင့်မို့ သက်သောင့်သက်သာလေးရှိတယ် ဆိုရုံလောက်သာ ထူးခြားတာပါ။

ရထားစီးပြီး ခရီးသွားကြရာမှာ ရထားတွဲတွေမှာ ခွဲခြားထားပါတယ်။ ရိုးရိုးတန်းနဲ့ အထက်တန်းလို့ ခွဲထားပါတယ်။ အထက်တန်းစီးသွားတဲ့သူက နည်းနည်းသက်သာတယ်။ ရိုးရိုးတန်းစီးသွားတဲ့သူက ကျပ်ညပ်နေတယ်။ ရောက်တာချင်းကတော့ အတူတူပါပဲ။ သွားရတာချင်း အတူတူပါပဲ။ သွားတဲ့အချိန်ကာလချင်းလည်း အတူတူပါပဲ။

www.dhammadownload.com

ခန္ဓာရှိသူ မှန်သမျှ

ဒါကြောင့် သံသရာထဲမှာနေလို့ရှိရင် ဘယ်ပုံစံနဲ့ပဲနေနေ သူဌေးဖြစ်ဖြစ်၊ ဆင်းရဲသားဖြစ်ဖြစ် ဆင်းရဲကိုယ်စီရှိနေကြတာပါ။ ချမ်းသာလည်း ဒီဒုက္ခ၊ ဆင်းရဲလည်း ဒီဒုက္ခ၊ ဘုန်းကြီးရဟန်းလည်း ဒီဒုက္ခ၊ ခန္ဓာရထားတဲ့သူမှန်သမျှ ဒီဒုက္ခ၊ သာမန်လူဆိုးလူမိုက်တွေလည်း ဒီဒုက္ခ၊ ခန္ဓာရထားတဲ့သူမှန်သမျှ ဘယ်သူမှ အိုခြင်းလည်းမကောင်း၊ နာခြင်းလည်းမကောင်း၊ သေခြင်းလည်းမကောင်းတဲ့အတွက် ဒုက္ခမကင်းကြပါဘူး။

အိုနာသေတွေရဲ့အကြောင်းလက်သည် တရားခံကို အနီးစပ်ဆုံးကို ပြန်ကြည့်လိုက်တော့ အကျိုးပေးမယ့်ကံကို တွေ့ရပါမယ်။ ကမ္မဘဝပစ္စယာဇာတိ၊ ကံကြောင့် ဇာတိဖြစ်လာတယ်။ ဇာတိပစ္စယာ ဇရာမရဏာ သောကပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ သမ္ဘဝန္တိ၊ ဇာတိကြောင့် အိုရတယ်၊ နာရတယ်၊ သေရတယ်၊ ကိုယ်ဆင်းရဲရတယ်၊ စိတ်ဆင်းရဲရတယ်၊ ငိုကြွေးရတယ်၊ သောကဖြစ်ရတယ်၊ ပင်ပန်းညှိုးနွမ်းရတယ်ဆိုတာတွေ ဆက်ကာဆက်ကာ ဖြစ်လို့လာပါတယ်။

www.dhammadownload.com

အကျိုးပေးလာမယ့်ကံတွေကို ဖျက်တဲ့အလုပ်ကိုလုပ်တော့မှ အိုနာသေချုပ်မယ်လို့ ကောက်ချက်ချလို့ ရပါတယ်။ ကံမပြတ်မချင်း ဒုက္ခမချုပ်နိုင်ပါဘူး။ ကံတွေမရှင်းသေးဘူး။ ကံတွေမပြတ်သေးဘူးဆိုရင် ဒုက္ခချုပ်ရာနိဗ္ဗာန်ကို မရပါဘူး။ အဲဒါကြောင့် ကံတွေချုပ်သွားအောင် တရားအလုပ်ကို အားထုတ်ကြရတာပါ။ ဝိပဿနာတရား ကျင့်ကြံပွားများကြရတာပါ။

ဝိပဿနာဉာဏ်ဟာ လတ်တလောဖြစ်လာမယ့်ကံတွေကို ဖြတ်တောက်ပေးပါတယ်။ ဝိပဿနာ ရှုမှတ်ပွားများနေချိန်မှာ ရုပ်နာမ်လို့ ရှုလိုက်တာ၊ ရုပ်ကို ရုပ်။ နာမ်ကို နာမ်လို့ရှုလိုက်တာဟာ ကံတွေကို ဖြတ်ပစ်လိုက်တဲ့ဉာဏ်တွေပါ။ အသိနဲ့သတိပေါင်းစပ်ပြီး ရုပ်နာမ်လို့ ရှုမှတ်လိုက်တာဟာ ဝိပဿနာဉာဏ်ပါ။

ရုပ်နာမ်လို့မရှုရင် ဉာဏ်နေရာမှာ ကံဝင်လာမှာပါ။ မရှုမှတ်ဘဲနေရင် ကံကနေရာယူ ဝင်ရောက်လာပါမယ်။

မြင်လိုက်တဲ့အခိုက်အတန့်လေး၊ မြင်ရတဲ့ တစ်ခဏမှာ မြင်လိုက်သိလိုက်တဲ့ရုပ်နာမ်ကို ရှုလိုက်တယ်ဆိုရင် ဉာဏ်ဖြစ်လာပါတယ်။ ရုပ်နာမ်ကို မရှုဘူးဆိုရင် မျက်စိဖွင့်လို့ တစ်ချက်ကြည့်လိုက်တာနဲ့ ကံအထိရောက်အောင် ဖြစ်သွားပါတယ်။

အသံတစ်သံကို နားထောင်ရင်လည်း ကြားတဲ့အသံကို ရုပ်လို့မရှုလိုက်ရင် ကံအထိသွားပါတယ်။ စိတ်ကစဉ်းစားရင်လည်း အတွေးစိတ်ကို နာမ်လို့မရှုမှတ်ရင် အတွေးတစ်ခုဟာ ကံအထိရောက်အောင် ဆက်သွားပါတယ်။ ကံအထိမရောက်အောင်၊ ကံဝင်မလာအောင်၊ ဝိပဿနာဉာဏ်ဝင်ပေးရပါမယ်။ ဒါဟာ ရုပ်၊ ဒါဟာ နာမ်လို့ ရုပ်နာမ်ခမ္မတွေကိုရှုနေတဲ့ အသိဉာဏ်၊ ရုပ်ရုပ်နာမ်နာမ်လို့ ရှုပွားနေတဲ့အချိန် ဉာဏ်ဟာ ကံကိုဖြတ်တောက်ပေးနိုင်တဲ့အစွမ်းသတ္တိရှိပါတယ်။

www.dhammadownload.com

တစ်ချက်ရွှမ့တ် တစ်ဘဝပြတ်

ဝိပဿနာရွှမ့တ်နေသူဟာ ရုပ်၊ နာမ် တစ်ချက်ရွှလိုက်ရင် ဖြစ်လာမယ့်ကံတစ်ခု ပြတ်သွားတယ်လို့ ပြောကြပါတယ်။ တစ်ချက်ရွှလိုက်ရင် ဖြစ်လာမယ့်ကံတစ်ခု ပြတ်သွားပါတယ်။ ရုပ်ကိုရုပ်၊ နာမ်ကိုနာမ်လို့ တစ်ချက်ရွှနိုင်တာ အလကားမဟုတ်ဘူး။ နည်းတဲ့တန်ဖိုး မဟုတ်ပါဘူး။

တစ်ချက်ရွှလိုက်ရင် ကိုယ့်မှာဖြစ်လာမယ့် တစ်ဘဝစာဒုက္ခ သက်သာသွားတာပါ။ မရွှလို့ရှိရင် တစ်ဘဝစာဒုက္ခတွေ ထပ်တိုးလာတာပါ။ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်ကနေ ကံဆီကိုရောက်ရင် ဘဝဒုက္ခတွေ တိုးလာပါမယ်။

ရွှမ့တ်လိုက်တဲ့အတွက် အရွှာဂ်က တစ်ဘဝစာတွေ့ကြုံရမယ့် အိုရမယ့် ဒုက္ခ၊ နာရမယ့် ဒုက္ခ၊ သေရမယ့် ဒုက္ခ၊ စိတ်ဆင်းရဲကိုယ်ဆင်းရဲ ဖြစ်ရမှာတွေ၊ ငိုကြွေးပူဆွေးရမှာတွေ၊ သောကရောက်ရမှာတွေကို ဖြိုချဖျက်ဆီးပေးလိုက်ပါတယ်။ သက်သာသွားပါတယ်။

www.dhammadownload.com

တရားအားထုတ်တာကို ပေါ့ပေါ့တန်တန် သဘောမထားပါနဲ့။ တစ်နာရီရှလို့ လေးငါးဆယ်ချက်ပဲ ရှနိုင်ရှနိုင်၊ ရုပ်ရုပ်နာမ်နာမ်လို့ တစ်ခဏလေးပဲ ရှနိုင်ရှနိုင် စိတ်မပျက်ပါနဲ့။ လေးငါးဆယ်ချက်ရှနိုင်ရင်လည်း လေးငါးဆယ်ဘဝစာ ဒုက္ခတွေပြတ်သွားပါတယ်။ တစ်နေ့လုံးအားထုတ်လို့မှ ရုပ်လို့ တစ်ချက်သာရှနိုင်လိုက်လို့ အရှုအမှတ်တစ်ချက်ရသွားရင်လည်း တစ်ဘဝစာ သက်သာသွားပါမယ်။

တရားပေါ်မှာ ကိုယ်ကြိုးစားရင်ကြိုးစားသလောက် ကိုယ့်ဒုက္ခတွေကို ရှင်းပစ်နေတာပါ။ ကိုယ်ဒုက္ခတွေကို ရှင်းအောင်လုပ်နေတာလို့ သဘောပေါက်ပြီးတော့ ရှမှတ်တဲ့အပေါ်မှာ ပိုပြီးအားစိုက်ရှမှတ်ရမှာပါ။

မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်တွေမပေါ်ခင် အရင်ဆုံး ရှေ့ကနေပြီး ကံတွေကိုဖြတ်ပေးတာက ဝိပဿနာဉာဏ်ပါ။ ရုပ်နာမ်ကိုရှတဲ့ ဝိပဿနာဉာဏ်က ရှေ့တန်းကနေပြီး ကံတွေအသစ်ထပ်မဖြစ်အောင် ဖြတ်တောက်ပေးနေပါတယ်။

နောက်ကနေပေါ်လာမယ့် လောကုတ္တရာမဂ်ဉာဏ်က အပြီးတိုင်ကံတွေကိုပယ်ဖျက်ရှင်းလင်းပေးပါတယ်။ ဖြစ်လာမယ့်ကံတွေကိုသာမက ဖြစ်ပြီးသားကံတွေကိုပါ ကြေပျက်သွားအောင် ချေဖျက်ပေးပါတယ်။

www.dhammadownload.com

အကုသိုလ် များပေမဲ့

ပြီးခဲ့တဲ့နှစ်ရက်လောက်က ဒကာတစ်ယောက် ဘုန်းကြီးဆီကို ရောက်လာပြီး လျှောက်ထားပါတယ်။ သူမှာ ပြုထားခဲ့တဲ့အကုသိုလ်တွေများလွန်းလို့ တရားကျင့်ရင်တောင် တရားရပဲ့မလားလို့ မေးလျှောက်တာပါ။

ဘုန်းကြီးက သူ့ကိုအသေအချာအားပေးလိုက်ပါတယ်။ "အကုသိုလ်တွေဘယ်လောက်များများ ကျင့်မယ်၊ အားထုတ်မယ်ဆိုရင် တရားမရနိုင်စရာမရှိပါဘူး" လို့ ပြောလိုက်ပါတယ်။

အကုသိုလ်ကံဆိုတာ လူတိုင်းမှာမကင်းနိုင်ကြပါဘူး။ အနည်းနဲ့အများရှိကြတာပါပဲ။ မြတ်စွာဘုရားလက်ထက်က တရားရသွားကြသူတွေကိုပဲ စံနမူနာထားကြည့်လိုက်ပါ။ အတိတ်က အကုသိုလ်ကံဟောင်းတွေဖယ်ထားပြီး လက်ရှိဘဝမှာတင် ထင်ထင်ရှားရှား သတ်ဖြတ်သူ၊ ခိုးဆိုးတိုက်ခိုက်လုယက်သူ၊ နှိပ်စက်ညှဉ်းပန်း မတော်မတရားပြုသူတွေတောင် တရားရသွားကြတာကို တွေ့ရပါတယ်။

www.dhammadownload.com

မင်္ဂဖိုလ်ကိုတားမြစ်နိုင်တဲ့ ပဌာနန္တရိယကံကြီးတွေကလွဲရင် သာမန်အကုသိုလ်ကံတွေကိုမင်္ဂဉာဏ်က ချေဖျက်ပေးနိုင်တာ အသေအချာပါ။ တရားသိမြင်သွားပြီဆိုရင်ပြန်ပေးဆပ်ရမယ့် အကုသိုလ်မကောင်းမှုကံတွေအားလုံးက တစ်စစီ ကြေပျက်ကုန်ပါတယ်။ အကျိုးမပေးနိုင်လောက်အောင် ပျက်စီးကုန်ပါတယ်။

အကုသိုလ်တွေ အပြုများထားပေမဲ့ တရားရအောင်ကျင့်နိုင်ရင် အကျိုးပေးမယ့်ကံတွေ ကုန်ခန်းသွားပါတယ်။ အရဟတ္တမဂ်၊ အရဟတ္တဖိုလ်ရအောင် ကြိုးစားကျင့်ကြံနိုင်ရင်တော့ နိဗ္ဗာန်ကို ဝင်စံနိုင်ပြီဖြစ်လို့ လွတ်ငြိမ်းချမ်းသာခွင့် ရသွားပါတယ်။

ကံဟောင်းကံသစ်တွေကို အပြီးအပြတ် ရှင်းလင်းပေးလိုက်တာ လောကုတ္တရာမဂ်ဉာဏ် အဆင့်ဆင့်ပါ။ အခုလက်ရှိ အားထုတ်နေတဲ့တရားက ဝိပဿနာဉာဏ်ပါ။ အခုအားထုတ်နေချိန်မှာ ဖြစ်ပေါ်နေတာကို ဝိပဿနာဉာဏ်လို့ခေါ်ပါတယ်။ဝိပဿနာဉာဏ်ရင့်သန်လာမှဝိပဿနာဉာဏ်ကိုအခြေခံကာ ပေါ်ပေါက်လာမှာက လောကုတ္တရာမဂ်ဉာဏ်ပါ။

သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာဆိုတဲ့ အရှင်ကောင်းအရှင်မြတ်တွေ၊ သူတော်ကောင်းတွေရဲ့သန္တာန်မှာပေါ်ပေါက်လာတဲ့ မဂ်ဉာဏ်ကို လောကုတ္တရာမဂ်ဉာဏ်လို့ ခေါ်ပါတယ်။ သာမန်ပုထုဇဉ်တွေ အားထုတ်နေတဲ့ဉာဏ်က ဝိပဿနာမဂ်ဉာဏ်ပါ။ မဂ်ဉာဏ်မှန်သမျှဟာ ကံတွေကိုရှင်းပေးတာချင်း အတူတူပါပဲ။ အပြီးတိုင်ပြတ်သွားတာနဲ့ မပြတ်သေးတာသာကွာခြားပါတယ်။

လောကုတ္တရာမဂ်ဉာဏ်ပေါ်လာရင် ကံတွေအသစ်တစ်ဖန် ပြန်မဖြစ်နိုင်တော့ပါဘူး။ ကံတွေကို ဖြစ်ပေါ်လာစေမယ့်အကြောင်းတရားတွေပါ မကျန် ပယ်သတ်လိုက်တဲ့အတွက် ကံမြစ်ပြတ်သွားပါတယ်။ ကံကြွေးတွေ ကြေသွားပါတယ်။

www.dhammadownload.com

သံသရာကို သစ်ပင်တစ်ပင်နဲ့ နှိုင်းယှဉ်မြင်ကြည့်နိုင်ကြပါတယ်။ မျိုးစေ့ကနေ အပင်ငယ်လေးပေါက်လာပါတယ်။ အပင်ငယ်ကနေ အပင်ကြီးဖြစ်လာပါတယ်။ ဝိပဿနာဉာဏ်ဆိုတာက သစ်ပင်ကအကိုင်းအခက်တွေကို ခုတ်ထွင်ရှင်းလင်းနေတာနဲ့ တူပါတယ်။ လောကုတ္တရာဉာဏ်ကတော့ အပင်ပေါက်လာမယ့်မျိုးစေ့ကိုပါမကျန်အောင် ဖျက်ဆီးပစ်လိုက်တာနဲ့ တူပါတယ်။

မျိုးစေ့မအောင်ရင် အပင်မပေါက်တော့ပါဘူး။ အပင်ပေါက်မှ ခုတ်ရတာက မသက်သာဘူး။ အချိန်လည်းကြာပြီး လူလည်း ပင်ပန်းပါတယ်။ သစ်ပင်တစ်ပင်ကို အကိုင်းကနေခုတ်လဲ့ဖို့ဆိုရင် မနည်းကိုကြိုးစားရပါတယ်။ မျိုးစေ့ကိုဖျက်ဆီးလိုက်ပြီဆိုတော့ တစ်ချက်တည်းနဲ့ ကိစ္စပြီးသွားပါတယ်။ အမြစ်ပြတ်ပြီဆိုရင် ဘယ်လောက်ကြီးတဲ့အပင်ဖြစ်ပါစေ ဆက်လက်မရှင်သန်နိုင်တော့ပါဘူး။ ဒါကြောင့် လောကုတ္တရာမဂ်ဉာဏ်ဟာ အင်မတန်မှ အစွမ်းထက်မြက်ပြီး အင်အားလည်းကောင်းပါတယ်။

ဘဝါဘဝကပြုခဲ့လို့မြောက်များစွာသောကံတွေဟာ သိန်းသန်းမကအသချေ်အနန္တဖြစ်နေတာပါ။ ဘဝပေါင်းများစွာက ပေါင်းစုလာတဲ့ကံတွေမှာ ကောင်းကံတွေလည်းရှိပါတယ်။ ဆိုးကံတွေလည်း ရှိပါတယ်။

www.dhammadownload.com

မဂ်ဉာဏ်ရဲ့ အစွမ်း

ကောင်းကံ၊ ဆိုးကံအမျိုးမျိုးတို့ကို တစ်ချက်တည်းနဲ့ ပယ်ဖျက်နိုင်၊ ရှင်းလင်းသုတ်သင်နိုင်တာဟာ လောကုတ္တရာမဂ်ဉာဏ်ရဲ့အစွမ်းပါ။

အဆက်မပြတ် လည်ပတ်နေတဲ့ သံသရာကြီးရပ်သွားတဲ့အထိကို အစွမ်းထက်ပါတယ်။ လောကုတ္တရာမဂ်ဉာဏ် တစ်ချက်ပေါ်လိုက်တာနဲ့ ကံတွေအကုန်လုံး ရှင်းသွားပါတယ်။ ဗရပွဖြစ်နေတဲ့ ဘဝပေါင်းများစွာက စုထားလို့တောင်ပုံရာပုံဖြစ်နေတဲ့ကံတွေကြောင့် ဆက်လက်လည်ပတ်မယ့် သံသရာခရီးအရှိန်အဟုန်ကို ရပ်တန့်သွားစေပါတယ်။ ကောင်းကျိုးဆိုးကျိုးအမျိုးမျိုးကို ခံစားလို့မကုန်အောင်ဖြစ်စေတဲ့ ကံတွေဟာ လောကုတ္တရာမဂ်ဉာဏ်နဲ့ ရှင်းလိုက်ရင် တစ်ချက်တည်းနဲ့ ပြောင်ရှင်းသွားပါတယ်။

သောတာပတ္တိမဂ်ဖြစ်ရင် ခုနစ်ဘဝပဲကျန်ပါတော့တယ်။ သောတာပတ္တိမဂ် တစ်ကြိမ်ဖြစ်လိုက်တာနဲ့ မဂ်ရရှိသူမှာ ဘဝတွေအများကြီးနည်းသွားပါတယ်။ လောကုတ္တရာမဂ်ဖြစ်တဲ့ သောတာပတ္တိမဂ် မပေါ်သေးလို့ရှိရင် တရားမမြင်သေးတဲ့ သာမန်လူတစ်ယောက်ရဲ့ဘဝသံသရာဟာ ဘယ်နှစ်ဘဝ

www.dhammadownload.com

ဆိုတာတွက်လို့ရေလို့တောင်မရနိုင်ပါဘူး။ မှန်းဆလို့တောင်မရပါဘူး။ အတိုင်းမသိ များပြားလှတဲ့ကံတွေကို တစ်ထိုင်တည်းမှာ မင်္ဂတစ်ခါလေးပေါ်ရုံနဲ့ ခုနစ်ဘဝပဲကျန်စေတယ်ဆိုတဲ့ စွမ်းအားသတ္တိဟာ အားရစရာကြီးပါ။

သကဒါဂါမိမင်္ဂဖြစ်ရင် ကာမဘုံမှာကျင်လည်စရာ တစ်ဘဝသာကျန်ပါတော့တယ်။ အနာဂါမိမင်္ဂဖြစ်ရင် ကာမဘုံမှာ နောက်ထပ်တစ်ဘဝဖြစ်စရာတောင် မရှိတော့ပါဘူး။ ရဟန္တာဖြစ်သွားရင်တော့ ဒီဘဝမှာတင် ကိစ္စပြတ်သွားပါတယ်။ သံသရာအလည် ရပ်သွားပါတယ်။

တရားကျင့်တယ်ဆိုတာ သံသရာကိုလည်းဖြတ်ပေး၊ ကံတွေရှိသမျှကိုလည်း ဖြတ်တောက်ပေးတဲ့ မင်္ဂဉာဏ်ပေါ်အောင်လို့ ကျင့်ကြံအားထုတ်နေရတာပါ။

အကျိုးပေးလာမယ့်ကံတွေ ရှိနေတယ်ဆိုရင် တစ်ချိန်ချိန်မှာ ပြန်ဆပ်ရမယ့်အကြွေးတွေ ယူထားတာနဲ့တူပါတယ်။ ယူထားတဲ့ကံကြွေးတွေအကုန်လုံးရှင်းပြတ်အကြွေးဆပ်နိုင်ပါမှ ဘဝသစ်၊ ဘဝဟောင်း၊ ပေါင်းလာမယ့်ကံတွေအကုန်လုံးဖြတ်တောက်နိုင်ပါမှ နိဗ္ဗာန်ရောက်မှာပါ။ ကံတွေကို ချွေထွင်ပေးနေတဲ့ အဝိဇ္ဇာနဲ့တဏှာ ခေါင်းမထောင်နိုင်၊ ပြန်မပေါ်နိုင်အောင် ကံတွေအကျိုးပေးခွင့်မရှိအောင် ကျင့်ကြံနိုင်မှ နိဗ္ဗာန်ရောက်ကြမှာပါ။ သောတာပန်ဖြစ်လည်းခုနစ်ဘဝကျန်သေးတယ်ဆိုရင် နိဗ္ဗာန်မရောက်သေးပါဘူး။ ကံကြွေးတွေဆပ်ရပါဦးမယ်။ သာမန်ပုထုဇဉ်တွေဆိုရင်ဖြင့် ပြောမနေနဲ့တော့။ ဘယ်နှစ်ဘဝကျန်သေးတယ်ဆိုတာ မတွက်နိုင်၊ မပြောနိုင်၊ မသိနိုင်ကြပါဘူး။

ဆပ်ရမယ့်ကံကြွေးတွေ မကျေမချင်း၊ ကြွေးစာရင်းတွေ မပြတ်မချင်း သံသရာဆင်းရဲ၊ ဘဝဆင်းရဲတွေကို ရင်ဆိုင်ကြရဦးမှာပါ။ ရှေးကကံဟောင်းတွေကြောင့်လည်း ဘဝပေါင်းများစွာ အကျိုးပေးတွေလာဦးမယ်။ အခုအသစ်အသစ်ပြုနေတဲ့ကံတွေကြောင့်လည်း အကျိုးပေးတွေ ထပ်တိုးလာဦးမယ်။ ပေါင်းလိုက်တော့ မနည်းမနော မကုန်နိုင်ဘူးလို့ထင်ရတဲ့ ကံကြွေးတွေအသေအချာရှိနေကြပါတယ်။ ဘယ်အချိန်ကျရင် အကြွေးအပြတ်ရှင်းလဲ

www.dhammadownload.com

ဆိုတော့ မဂ်ဉာဏ်ဖိုလ်ဉာဏ်ပေါ်လာမှ ရှင်းနိုင်ပါလိမ့်မယ်။

အဲဒီတော့ အရေးကြီးတာက နိဗ္ဗာန်ရဖို့ဆိုတဲ့နေရာမှာ ကံကြွေးပြတ်အောင်လုပ်မှ ဖြစ်ပါမယ်။ ကံကြွေးကြေမှ နိဗ္ဗာန်ဝင်နိုင်ကြပါလိမ့်မယ်။ တရားအလုပ်အားထုတ်တာဟာ ကံကြွေးတွေကို ရှင်းဖြတ်နေတဲ့အလုပ်ဖြစ်ပါတယ်။

ဘဝအမျိုးမျိုးမှာ ပုံသဏ္ဌာန်အမျိုးမျိုးနဲ့ ကောင်းလိုက်၊ မကောင်းလိုက်ဖြစ်အောင် ဖန်တီးတတ်တဲ့ကံ၊ ကောင်းတစ်ခါ ဆိုးတစ်လှည့်၊ ဆိုးတစ်ခါကောင်းတစ်လှည့်ဆိုပြီး ရှုပ်ထွေးပွေလီနေတဲ့ ကံတွေကို ရှင်းပေးမှာဟာ မဂ်ဉာဏ်သာဖြစ်ပါတယ်။

မဂ်ဉာဏ်ကသာ ဒုက္ခမျိုးစုံ၊ ပြဿနာပေါင်းစုံတွေ ရှုပ်ထွေးလိမ်ပတ်နေတဲ့ ဒီဘဝ၊ ဒုက္ခတွေအမျိုးမျိုးအဖုံဖုံနဲ့ ခလောက်ဆန်လှည့်လည်နေရတဲ့ ဒီသံသရာကထုတ်ဆောင်ကယ်တင်နိုင်ပါတယ်။ သံသရာဒုက္ခအလည်အပတ် ဘယ်ကျတော့မှရပ်မှာလဲဆိုရင် မဂ်ဉာဏ်ပေါ်မှာ ရပ်သွားပါလိမ့်မယ်။ မဂ်ဉာဏ်ပေါ်အောင်လို့ ဝိပဿနာဉာဏ်အခြေခံက ကျင့်ကြံပွားများအားထုတ်ရပါမယ်။

www.dhammadownload.com

တရားကျင့်သူနဲ့ မကျင့်သူ

တရားကျင့်သူနဲ့ မကျင့်သူ ထူးခြားချက်ဆိုတော့ တရားအလုပ်ကို အားထုတ်နေတဲ့ ယောဂီများရှိသလို "တရားကျင့်ဖို့မလိုပါဘူး။ အားထုတ်ဖို့ မလိုပါဘူး။တရားဆိုတာကိုယ့်စိတ်ကနေပြီးတော့သိနေရင်ပြီးတာပဲ။မကောင်း တာမလုပ်ဘဲနဲ့ ကောင်းကောင်းမွန်မွန်နေထိုင်ရင် ပြီးတာပဲ" ဆိုတဲ့ အယူ အဆမျိုးလက်ခံကျင့်သုံးနေကြတာလည်းရှိပါတယ်။ကျင့်သူနဲ့မကျင့်သူဘာ တွေများကွာသလဲ၊ ဘယ်လိုများ ထူးသလဲဆိုတာ သိကြရအောင်လို့ပါ။

တရားကျင့်မယ်လို့ စိတ်ထဲကနလုံးသွင်းလိုက်ပြီး ရည်ရွယ်လိုက် ပြီဆိုကတည်းက အကျိုးတရားတွေ ဖြစ်ပါပြီ။ မြတ်စွာဘုရားရဲ့သာသနာမှာ ဘုရားရှင်ကိုယ်တော်မြတ်ကြီး ဟောကြားခဲ့တဲ့ တရားဓမ္မ၊ ဟောကြားခဲ့တဲ့ အဆုံးအမတွေ လိုရင်းအနှစ်ချုပ် ထုတ်ကြည့်လိုက်မယ်ဆိုရင် ကျင့်ဖို့တရား ပါပဲ။

ကျင့်ရမယ့်တရားကို ကျင့်မယ်လို့ စိတ်ကနလုံးသွင်းလိုက်ရုံနဲ့ စိတ်ပိုင်းဖြတ်ဆုံးဖြတ်ရုံနဲ့ အကျိုးရှိပြီလို့ ပြောရမှာပါ။ ဘာဖြစ်လို့လဲဆိုတော့

www.dhammadownload.com

ဒီတရားသည် ကျင့်ရမယ့်တရားလို့ နားလည်သွားရင်ပဲ တော်တော်ကြီးကို ခရီးရောက်သွားပါတယ်။ ဘုရားစကားကိုတော့ လေးစားပါတယ်။ ဘုရားရဲ့ အဆုံးအမတွေကိုတော့ဖြင့် လိုက်နာချင်တယ်။ ဒါပေမဲ့လို့ ကျင့်ရကောင်းမှန်းတောင်မသိတဲ့သူတွေ အများကြီးရှိပါတယ်။

ဗုဒ္ဓဘာသာဝင်တစ်ယောက်အနေနဲ့ ဘုရားရဲ့အဆုံးအမကို နားလည် လက်ခံယုံကြည်တဲ့သူတစ်ယောက်လို့ ပြောပေမဲ့လို့ တရားကျင့်တဲ့ အဆင့်ရောက်တဲ့သူဟာ နည်းပါတယ်။

အမှန်အတိုင်း သုံးသပ်ကြည့်လို့ရှိရင် ဒါန၊ သီလ၊ ဘာဝနာသုံးမျိုးမှာ ဒါနပြုတဲ့အဆင့်မှာ ပြုတဲ့သူကများတယ်။ သူသူကိုယ်ကိုယ် နိုင်သလောက် လှူဖို့တန်းဖို့ဆိုရင် ဝန်မလေးကြပါဘူး။ ဒါနနဲ့စာရင် သီလအဆင့်အတန်းကို ရောက်တဲ့သူက နည်းသွားပါတယ်။ လူတစ်ရာမှာ ကိုးဆယ်ယောက်က ဒါနပြုနိုင်တယ်ဆိုရင်တောင်မှ ဒါနပြုတဲ့လူကိုးဆယ်ထဲမှာ လူဆယ်ယောက်လောက် သီလဆောက်တည်ဖို့ မလွယ်ကူပါဘူး။ တစ်နှစ်တစ်နှစ် ဥပုသ်နေ့တွေအများကြီးပေါ့။ အခါကြီးရက်ကြီးတွေ၊ လပြည့်လကွယ်၊ ရှစ်ရက်တွေ ဒီလို နေ့ထူးနေ့မြတ်တွေရှိပေမဲ့လို့ အထူးတလည် လုံခြုံအောင်သီလစောင့်မယ်လို့ စိတ်ကူးမိတဲ့သူ နည်းပါတယ်။ တစ်ရာမှာ ဆယ်ယောက်ရှိဖို့တောင် မလွယ်ဘူး။

အဲဒီဆယ်ယောက်ထဲမှာလည်း တရားအားထုတ်မယ်၊ ကျင့်မယ်လို့စိတ်ကူးတဲ့ လူတစ်ယောက်ရှိနိုင်ဖို့ အနိုင်နိုင်ပါပဲ။ သေသေချာချာတွက်ကြည့်လို့ရှိရင် တရားကျင့်တာဟာ အင်မတန်ကြီးကို အခြေအနေနဲ့ ကိုက်ညီမှ၊ အကြောင်းအမျိုးမျိုးပြည့်စုံမှ၊ အခြေအနေပေးမှ ကျင့်နိုင်တာပါ။ တကယ် ကျင့်တာကို အသာထား "ငါတို့ တရားအားထုတ်ဦးမယ်၊ တရားကျင့်ဦးမယ်" ဆိုတဲ့ အသိဉာဏ်မျိုးဖြစ်ပေါ်ဖို့လည်း ခဲယဉ်းပါတယ်။

တရားစခန်းတွေမှာ တွေ့ရပါတယ်။ အသက်ခုနစ်ဆယ်၊ ရှစ်ဆယ် အရွယ်လောက်ရောက်နေပြီ။ "ခုမှပဲပထမအကြိမ်တရားဝင်ဖူးတယ်။ဝိပဿနာ

www.dhammadownload.com

တရားတွေကိုလည်း ခုမှပဲနာဖူးတယ်" ဆိုပြီး ပြောတဲ့သူတွေ အများကြီးပါ။ သူဘဝသက်တမ်းတစ်လျှောက် အသက်ခြောက်ဆယ်၊ ခုနစ်ဆယ်၊ ရှစ်ဆယ် ရှိနေတဲ့နှစ်အပိုင်းအခြားမှာ တစ်ခါမှကို တရားအားမထုတ်ဖူးတဲ့သူတွေ အများကြီးပါပဲ။ စိတ်တောင် မကူးမိတဲ့သူတွေ အများကြီးပါပဲ။ ဒါကြောင့် တရားအားထုတ်ဖို့ စိတ်ကူးရုံနဲ့ကို အကျိုးရှိတယ်လို့ ပြောရမှာပါ။

www.dhammadownload.com

မရလည်း ကျိုးမဲ့မဖြစ်

တရားမမှကို လက်တွေ့ကျင့်ကြံ အားထုတ်တဲ့အချိန်မှာ ထင်တာလောက် ခရီးမပေါက်ဘူး။ တချို့က အားထုတ်လို့မရတတ်ကြပါဘူး။ အခုမှ စတင်အားထုတ်တယ်။ စစချင်းအားထုတ်တာနဲ့ အဆင်ပြေပြီးတော့ ရုပ်နာမ်တွေ ပိုင်းခြားသိသွားတဲ့သူ၊ ရုပ်တရား၊ နာမ်တရားတွေရဲ့အဖြစ်အပျက်ကို သိတဲ့သူ၊ သစ္စာလေးပါးကိုထိုက်သင့်သလောက်နားလည်သွားတဲ့သူရှိပါတယ်။ ဒါပေမဲ့ တစ်ခါတည်းကျင့်ရုံနဲ့ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ရတဲ့သူ ရှားပါတယ်။

အဲဒီတော့ "ငါတို့ တရားကျင့်ပါတယ်။ တရားအားထုတ်ပါတယ်။ ခုနစ်ရက်အားထုတ်လို့ပြီးပြီ။ ခုလည်းပဲ အားထုတ်နေတယ်။ ဘာမှလည်း ထူးမလာပါလား။ ဘာမှလည်းဖြစ်မလာပါလား" လို့အကျိုးမဲ့ဖြစ်ပြီလို့ တွေးကြတာလည်းပဲ ရှိတတ်ပါတယ်။

တစ်ကြိမ်နှစ်ကြိမ် အားထုတ်တယ်၊ တစ်လနှစ်လ အားထုတ်တယ်၊ တစ်နှစ် နှစ်နှစ် အားထုတ်တယ်။ သို့သော် မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးပေးတဲ့ တရားဓမ္မ၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ နိဗ္ဗာန်ကိုလည်း ခုထိမရသေး

www.dhammadownload.com

လို့ဆိုပြီး စိတ်ပျက်အားငယ်သွားကြတာတွေလည်း ရှိပါတယ်။ သူတို့စိတ်ထဲမှာ ငါတို့အားထုတ်တာ အလကားပါပဲ။ ဘာမှလဲ အကျိုးမရဘူးလို့ အတွေးဝင်ကြပါတယ်။

တချို့ကလည်း တရားကျင့်သူတွေကို ဝေဖန်ကြပါတယ်။ မကျင့်တဲ့သူတွေ၊ တရားအားမထုတ်တဲ့သူတွေက ယောဂီတွေကို "နင်တို့ တရားစခန်းသွားပြီးတော့ တရားအားထုတ်ကြတယ်၊ တရားရိပ်သာသွားပြီးတော့ တရားကျင့်တယ်။ ဘာများသိလာလို့လဲ။ ဘာအကျိုးများ ရလာလို့လဲ။ အရင်ထက်စာရင် ဘာတွေများထူးလာသလဲ" ဆိုပြီး ဇောဒကတက်ကြ၊ ဝေဖန်ကြတာတွေလည်းရှိပါတယ်။ တရားအလုပ်သည် အားထုတ်လို့ ထူးခြားတယ်။ တရားပင်မရသော်လည်းဘဲ အကျိုးမဲ့မဖြစ်ဘူးဆိုတာကိုတော့ နားလည်ရပါမယ်။

www.dhammadownload.com

တောင်ထိပ်ပေါ်က ရဟန်းခုနစ်ပါး

ကဿပဘုရားရှင်ရဲ့ သာသနာနောက်ပိုင်းကာလမှာ သာသနာ့ဝန်ထမ်း ရှင်ရဟန်းတို့ရဲ့ နေမှုထိုင်မှုကျင့်သုံးမှုတွေဟာ လျော့ရိလျော့ရဲဖြစ်လာပါတယ်။ သာသနာတော်အပေါ်ရိုသေလေးစားမှုတွေ အားနည်းလာကြပါတယ်။

အဲဒီအချိန်မှာ အကျင့်သိက္ခာကို တန်ဖိုးထားကြတဲ့ ရဟန်းတော်ခုနစ်ပါးတို့ဟာ စိတ်တူကိုယ်တူ တိုင်ပင်ဆွေးနွေးကြပါတယ်။ "ငါတို့ မြို့ထဲရွာထဲမှာ အများနဲ့အတူနေလို့တော့ မဖြစ်တော့ဘူး။ တရားအလုပ်၊ သာသနာအလုပ်တွေလုပ်ဖို့ မလွယ်တော့ဘူး။ တစ်နေရာရာကိုသွားကာ ရဟန်းတရားအားထုတ်ကြပါစို့။ သံသရာဝဋ်က ကျွတ်လွတ်အောင် ကြိုးစားကြပါ စို့"လို့ တိုင်ပင်ညှိညှဉ်းကြပြီး လူသူမနီး တောကြီးမျက်မည်းထဲက အလွန်မြင့်တဲ့ တောင်ကြီးတစ်လုံးပေါ်ကို တက်သွားကြပါတယ်။

တောင်ထိပ်ပေါ်ရောက်အောင် လှေကားထောင်ကာ ခက်ခက်ခဲခဲတက်ခဲ့ကြပြီးတော့ လှေကားကိုတွန်းမချခင် "စိတ်မနိုင်သူ ပြန်ဆင်းနိုင်ပါ

www.dhammadownload.com

တယ်။ နောက်မှ နောင်တရပြီး စိတ်ပူပန်ဆင်းရဲမှု မဖြစ်ပါစေနဲ့"လို့ အချင်းချင်း သတိပေးစကားပြောပြီး အောက်ကိုပြန်ဆင်းလို့မရအောင် လှေကားကို တောင်ထိပ်ကနေ တွန်းချလိုက်ပါတယ်။

ရဟန်းတော်ခုနစ်ပါး အသက်စွန့်ပြီး တရားအားထုတ်ကြဖို့ပါ။ သေသေကြေကြေ၊ ဖွဲ့နပဲနဲ့အားထုတ်ကြဖို့ ဖောင်ဖျက်လိုက်ကြတာပါ။ အားထုတ်လို့ တရားရရင်လည်း သေရမယ်၊ မရရင်လည်း သေရမယ်၊ သေမယ့်အတူတူ မသေခင်မှာ တရားရအောင် အားထုတ်မယ်လို့ဆုံးဖြတ်ပြီး အသက်စွန့်ကာ တရားရအောင်ကျင့်ကြဖို့ပါ။

မပြန်လမ်းပေါ် ရောက်နေကြပြီဖြစ်တဲ့ ရဟန်းတော်တွေက အပြင်းအထန်အားထုတ်ကျင့်ကြံကြပါတယ်။ မမေ့မလျော့၊ မပေါ့မဆ အားထုတ်ရှုမှတ်ကြပါတယ်။ အချိန်ပြည့် တရားနှလုံးသွင်းနေကြပါတယ်။ တစ်ရက်၊ နှစ်ရက်၊ သုံးလေးရက်နဲ့ ဘယ်သူမှ တရားမရကြပါဘူး။

ငါးရက်မြောက်နေ့မှာတော့ အကြီးဆုံးဖြစ်တဲ့ သံဃမထေရ်ကြီးဟာ အရဟတ္တမဂ် အရဟတ္တဖိုလ်ကိုရရှိကာ ရဟန္တာဖြစ်ပါတယ်။ ရဟန်းကိစ္စပြီးသွားပါတယ်။ ကျန်ခြောက်ပါးကတော့ အားထုတ်ဆဲပါပဲ။ တရားထူးမရကြသေးပါဘူး။

ရဟန္တာအရှင်မြတ်ကြီးဟာ ဈာန်အဘိညာဉ်တန်ခိုးနဲ့ ဆွမ်းခံကြွပြီး အဖော်ရဟန်းများကို "အရှင်ဘုရားတို့ ဒီဆွမ်းကိုဘုဉ်းပေးကြပါ။ အရှင်ဘုရားတို့အတွက် ဆွမ်းကိစ္စကို တပည့်တော် တာဝန်ယူပါရစေ။ ကမ္မဋ္ဌာန်းတရားအလုပ်ကိုသာ အားထုတ်ကြပါ"လို့ အားပေးစကားပြောပါတယ်။

ရဟန်းတော်တွေက ဆွမ်းကိုလက်မခံကြပါဘူး။ အရှင်မြတ်ခံယူလာတဲ့ ဆွမ်းဘောဇဉ်တွေကို သုံးဆောင်ခြင်းမပြုကြပါဘူး။ "အရှင်ဘုရားသည် ရှေးကောင်းမှုပါရမီထူးကြောင့် တရားထူးတရားမြတ်ကို ထူးခွန်ပေါက်မြောက်အပြီးရောက်ခဲ့ပါပြီ။ တပည့်တော်တို့လည်း စွမ်းနိုင်သူများဖြစ်ပါလျှင် သံသရာဝဋ်ဒုက္ခကို ပြီးဆုံးစေနိုင်ပါလိမ့်မည်။ အရှင်ဘုရား ချမ်းချမ်းသာသာနဲ့ လိုရာ

www.dhammadownload.com

အရပ်ကို ကြွတော်မူပါ" လို့ လျှောက်ထားပြီး ကိုယ့်တရားကို ကိုယ်ဆက်လက် အားထုတ်ကြပါတယ်။

ခုနစ်ရက်မြောက်နေ့မှာ ဒုတိယအကြီးဆုံး မထေရ်မြတ်ဟာ အနာဂါမိမဂ်၊ အနာဂါမိဖိုလ်ကိုရရှိကာ အနာဂါမ်ဖြစ်တော်မူပါတယ်။ ရှေ့ကမထေရ်ကြီးလိုပဲ တာဝန်ယူစကားပြောပေမဲ့ ရဟန်းတော်ငါးပါးက ကိုယ့်တာဝန်ကို ကိုယ်သာယူလိုကြောင်းလျှောက်ထားကြပါတယ်။ အားထုတ်မြဲတရားကိုဆက်လက်အားထုတ်ကြပါတယ်။ ဒါပေမဲ့ ကျန်တဲ့ရဟန်းငါးပါးဟာ အဲဒီဘဝမှာ တရားမရရှာကြပါဘူး။

အသက်သာသေသွားကြတယ်။ တရားမရဘူးဆိုတော့ အချို့အမြင်ကတော့ ရှုံးသွားတယ်လို့ထင်ကြမှာပါ။ မရှုံးပါဘူး။ တရားအားထုတ်တဲ့အတွက် အမြတ်ထွက်တာပါ။ အားမထုတ်လည်း သေရမယ့်ခန္ဓာ၊ အားထုတ်လည်း သေရမယ့်ခန္ဓာဆိုတော့ သေရတာချင်းအတူတူ တရားနဲ့သေရတာဟာ မြတ်တဲ့သေခြင်းပါ။

တရားမရဘဲ ပျံလွန်သွားကြတဲ့ ရဟန်းတော်ငါးပါးဟာ ကုသိုလ်ကောင်းမှုကြောင့် ကောင်းရာသုဂတိကိုသာ ရောက်ကြပါတယ်။ ကသိဏမြတ်စွာဘုရားနဲ့ ဂေါတမမြတ်စွာဘုရားနှစ်ဆူကြားမှာ ကောင်းတဲ့ဘဝတွေကိုသာ ကျင်လည်ကြရပြီး ဂေါတမမြတ်စွာဘုရားပွင့်တော်မူချိန်မှာ လူလာလို့ဖြစ်ကြပါတယ်။

ဂန္ဓာရတိုင်း၊ တက္ကသိုလ်ပြည်က ပုက္ကုသာတိမင်း၊ မဇ္ဈန္တိကတိုင်းက သဘိယပရိဗိုဇ်၊ ဗာဟိယတိုင်းက ဗာဟိယဒါရုစီရိယ၊ ရာဇဂြိုဟ်ပြည်က ကုမာရကဿပမင်းသားနဲ့ မလ္လတိုင်းက ဒဠ္ဟမင်းသားတို့ဟာ တောင်ထိပ်ပေါ်မှာ တစ်ချိန်တစ်ခါက တရားကျင့်ခဲ့ကြတဲ့ ရဟန်းတော်တွေပါ။

အားလုံးဟာ မြတ်စွာဘုရားနဲ့ တွေ့ဆုံဖူးမြင်ကြရပြီး တရားဓမ္မနာယူကျင့်သုံးကာ ရဟန္တာအရှင်မြတ်တွေအဖြစ်နဲ့ ပရိနိဗ္ဗာန် ဝင်စံသွားကြပါပြီ။ ဒါဟာ အရင်ဘဝက ပြင်းပြင်းထန်ထန်ကျင့်တယ်ဆိုတဲ့ အားထုတ်မှုရဲ့အကျိုး

www.dhammadownload.com

ရလဒ်ပါပဲ။ အခု အားထုတ်တဲ့တရားဟာ အခုမဟုတ်တောင် တစ်ချိန်ချိန်မှာ တရားရစေလို့ အကျိုးရှိတယ်လို့ပြောရတာပါ။

နောက်ပြီး ဘယ်လိုအကျိုးအမြတ်ရှိသေးလဲဆိုရင် ဒီတရားကို အရင်ကတစ်ခါမှ မကျင့်ဖူးဘူး။ အခုကျင့်ရပြီ။ ဘုရားရှင်ဟောကြားတဲ့ လက်တွေ့ကျင့်စဉ်တရားလုပ်ငန်းတွေ တစ်ခါမှမလုပ်ဖူးဘူး။ အခုလုပ်ရပြီဆိုတာ အလကားမဖြစ်ပါဘူး။ အနည်းဆုံး ပါရမီဖြစ်ပါတယ်။

www.dhammadownload.com

ပါရမီရှိမရှိ အားထုတ်ကြည့်

ပါရမီရှိမရှိကို ဘာလုပ်ကြည့်ရမလဲ။ တရားအားထုတ်ကြည့်ရမှာပါ။ ငါ့မှာတော့ ပါရမီမရှိလောက်ပါဘူး။ ပါရမီရှင်လည်း မဟုတ်လောက်ပါဘူး။ ပါရမီမရှိလို့ ငါသည် တရားခမ္မတွေ့ မသိတာဖြစ်မယ်။ မမြင်တာဖြစ်မယ်။ တရားမရတာဖြစ်မယ်လို့ အများစုက စိတ်ဓာတ်ကျနေတတ်ကြပါတယ်။

ပါရမီဆိုတာ ဘယ်လိုသဘောရှိတာလဲဆိုရင် ဖြည့်ရတဲ့သဘော၊ စုဆောင်းရတဲ့သဘော ရှိပါတယ်။ ပါရမီဆိုတာဟာ တဖြည်းဖြည်းစုဆောင်းလာတော့မှ ပြည့်စုံလာပါမယ်။ ရှိလာပါမယ်။ ပါရမီဖြစ်ကြောင်း အလုပ်တွေ မလုပ်ပါဘဲနဲ့ အလိုလိုနေရင်း ပါရမီတွေရှိမလာပါဘူး။ ပြည့်မလာပါဘူး။

ဘုရားရှင်ကိုယ်တော်မြတ်ကြီးတို့၊ ရဟန္တာအရှင်မြတ်တို့၊ ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့ တရားရကြတယ်။ တချို့တချို့သော အရှင်မြတ်တွေ တရားကျင့်တဲ့အချိန်မှာ အချိန်တိုတိုလေးနဲ့ တရားရတယ်။ အကျဉ်းချုပ်တရားကျင့်စဉ်ကျင့်ရုံနဲ့ တရားရတယ်လို့ နာဖူးကြားဖူးကြပါလိမ့်မယ်။ တချို့ရဟန္တာအရှင်

www.dhammadownload.com

မြတ်တွေ့၊ ရဟန္တာဖြစ်သွားတာ ဘာမှမကြာလိုက်ပါဘူး။ ဘုရားရှင်နဲ့ အခုပဲ တွေ့၊ အခုပဲ တရားနာ၊ အခုပဲ တရားရသွားကြပါတယ်။

မြတ်စွာဘုရားက တရားစကား တစ်ခွန်းနှစ်ခွန်းဟောပြောလိုက်ရုံနဲ့ အဲဒီတရားဓမ္မ၊ အဲဒီအဆုံးအမကိုနာယူပြီးတော့ တရားရသွားကြတယ်။ "မြန်လိုက်တာ၊ ခက်လည်းမခက်ဘူး။ ပင်လည်း မပင်ပန်းဘူး။ ဒီပုဂ္ဂိုလ်တွေ ပါရမီထူးတာပဲ" တဲ့။ ဘာနဲ့အကဲဖြတ်တုန်းဆိုရင် ပါရမီနဲ့ အကဲဖြတ်ကြတယ်။ ပါရမီထူးတယ်၊ ပါရမီရှိတယ်လို့ တွက်ချက်ကြပါတယ်။

ကိုယ်တိုင် တရားအားထုတ်နေတဲ့အချိန်မှာလည်း ဒီအတိုင်းပါပဲ။ တချို့က အားထုတ်လို့ရတယ်။ ထိုက်သလောက် နားလည်တယ်။ ကျင့်သလောက် သဘောပေါက်တယ်။ ထင်သလောက် မဖြစ်တဲ့သူက ဖြစ်တဲ့သူကို ကြည့်ပြီး သူကတော့ ပါရမီရှိလို့၊ ငါကတော့ ပါရမီမရှိလို့ဆိုပြီး ပါရမီနဲ့တိုင်းတာပါတယ်။

ပါရမီဆိုတာ ဒီတိုင်းနေရုံနဲ့ ရှိလာမှာမဟုတ်ပါဘူး။ ကျင့်မှရှိလာပါတယ်။ အရင်က ကိုယ့်မှာ ပါရမီမရှိဘူးထား။ အခုကျင့်လိုက်လို့ရှိရင် ပါရမီဖြစ်လာပါတယ်။ ဟိုအရင်တုန်းက တရားကျင့်ချင်တဲ့စိတ်တောင် မပေါ်ဘူး။ စိတ်ကူးတောင် မရှိခဲ့ဘူး။ အခု တရားအားထုတ်ရမယ်လို့ သိလာတယ်။ တရားကျင့်ဖို့ကောင်းနေပြီလို့ သဘောပေါက်တယ်။ တရားကျင့်ရတော့မယ်ဆိုတဲ့ စိတ်ကူးမျိုးပေါ်လာကတည်းကိုက ပါရမီအခြေခံရှိလို့သာ ဒီစိတ်ကူးမျိုးပေါ်လာတယ်လို့ ပြောရမှာပါ။

ပါရမီမရှိတဲ့သူဆို စိတ်ကူးတောင်မပေါ်ပါဘူး။ တချို့သေသာသေသွားတယ်။ တစ်သက်လုံးဒီအတိုင်းနေသွားတယ်။ တစ်ခါမှ တရားအားထုတ်ချင်စိတ်မပေါက်တဲ့သူတွေ အများကြီးပါ။

အခု တရားကျင့်သူတွေက တရားအားထုတ်လို့ မရဘူး။ တရားကျင့်လို့မရဘူး။ တစ်ရက်၊ နှစ်ရက်ကျင့်လို့ မထူးခြားသေးတာနဲ့ ပါရမီမရှိလို့ မရသေးဘူး။ ပါရမီမပါလို့ တရားရမှာမဟုတ်ဘူးဆိုပြီး စိတ်ပျက်ပါတယ်။ စိတ်

www.dhammadownload.com

မပျက်ပါနဲ့။ ပါရမီရှိလို့သာ တရားအားထုတ်ချင်စိတ်ပေါ်တာ။ ကိုယ့်မှာ ပါရမီရှိလို့သာ အားထုတ်ဖြစ်တာပါ။

လက်ရှိ တရားအားထုတ်တာကလည်း ပြောမယ်ဆိုရင် ပါရမီဖြည့်နေတာ။ ပါရမီတွေမရှိသေးရင်လည်း ပါရမီတွေရှိလာအောင်၊ ရှိနေတဲ့ပါရမီတွေကိုလည်း ပြည့်စုံလာအောင် ဖြည့်ကျင့်နေတာပါ။

www.dhammadownload.com

အမြန်ဆုံး တရားရသူ

မြတ်စွာဘုရားရဲ့သာသနာမှာ အရှင်ဗာဟိယ ဒါရုစီရိယဟာ အလျင်မြန်ဆုံး မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ကို ရရှိသူ၊ ခိပ္ပာဘိညာဇာတဒဂ်ကို ရရှိသူပါ။ ရဟန္တာအရှင်မြတ်အားလုံးထဲမှာ အမြန်ဆုံး တရားရရှိသူလို့ စံချိန်တင်ပါတယ်။

ဗာဟိယတိုင်းကကုန်သည်ဗာဟိယဟာ သုဝဏ္ဏဘူမိကိုရေကြောင်းခရီးနဲ့ ကုန်ကူးရင်း သဘော်ပျက်လို့ အသက်လုကာ ကမ်းရောက်အောင် ကူးခဲ့ရပါတယ်။ ကံကောင်းထောက်မလို့ ကမ်းပေါ်ရောက်ချိန်မှာ အဝတ်အစားတွေမရှိတော့တဲ့အတွက် တွေ့ရာပျဉ်ချပ်၊ သစ်ချောင်းသစ်ကိုင်းတွေနဲ့ အရှက်လုံရုံ ဖုံးကွယ်ဝတ်ဆင်ထားတာကို လူတွေက အထင်ကြီးပြီး ကိုးကွယ်ခံရပါတယ်။ သူကလည်း အလိုက်သင့် ချော်လဲရောထိုင်ကာ ရဟန္တာအသွင်၊ တရားရှင်အဖြစ်နဲ့ လိမ်ညာဟန်ဆောင်နေပါတယ်။

ဗာဟိယဒါရုစီရိယဟာ တောင်ထိပ်ပေါ်မှာ အသက်စွန့်တရားကျင့်ခဲ့ပေမဲ့ တရားမရဘဲ ပျံလွန်တော်မူခဲ့တဲ့ ရဟန်းငါးပါးထဲက တစ်ပါးပါ။ အခု လူတွေကို လိမ်ညာဟန်ဆောင်ပြီး အသက်မွေးနေတာကိုသိတဲ့ ရဟန်းဘဝမှာ

www.dhammadownload.com

အနာဂါမ်ဖြစ်ပြီး ပျံတော်မူသွားခဲ့တဲ့ ပြဟ္မာကြီးက မိတ်ဆွေဟောင်းမို့ သတိလာပြီးပေးပါတယ်။

"ဟာဟိယ... သင်ဟာ အာသဝေါကုန်ခန်းတဲ့ ရဟန္တာလည်းမဟုတ်သေးဘူး။ ရဟန္တာဖြစ်အောင် အကျင့်ကောင်း၊ အကျင့်မှန်ကို ကျင့်နေသူတောင် မဟုတ်သေးဘူး။ မြတ်စွာဘုရားရှင်ပွင့်တော်မူကာ သာဝတ္ထိပြည်မှာ သီတင်းသုံးနေပြီ။ ဘုရားရှင်ထံ သွားရောက်ပါ" လို့ တိုက်တွန်းစကား ပြောကြားပါတယ်။

အသက်စွန့်ကာ တရားရှာခဲ့တဲ့အထိ ပါရမီဓာတ်ခံရှိခဲ့တဲ့ ဟာဟိယဒါရုစီရိယဟာ ချက်ချင်းပဲ ယူဇနာ ၁၂ ဝေးကွာတဲ့ခရီးကို အမြန်ဆုံးအရောက်သွားပြီး မြတ်စွာဘုရားရှင်ကို ဖူးမြင်ပါတယ်။ မြို့ထဲဆွမ်းခံနေတဲ့ ဘုရားရှင်ကိုမြင်လျှင်မြင်ချင်း တရားဟောကြားပေးဖို့ လျှောက်ထားပါတယ်။

အငမ်းမရ တရားနာချင်စိတ်ပြင်းပြနေတဲ့ ဟာဟိယကို ခရီးပန်းပြေစေဖို့၊ သဒ္ဓါစတဲ့ ကုန်ကြေတွေ ရင့်ကျက်စေဖို့၊ ဘုရားရှင်ကို ဖူးမြင်နေရလို့ ဝမ်းသာအားရဖြစ်နေတဲ့ ပီတိတွေ အရှိန်အဟုန် ရပ်တန့်တည်ငြိမ်စေဖို့အတွက် ခေတ္တဆိုင်းငံ့ပြီးမှ တရားတော်ကို ဟောကြားတော်မူပါတယ်။

(၁) ချစ်သား ဟာဟိယ - ထိုသို့ဖြစ်လျှင် သင်ချစ်သားသည် ဤသို့ကျင့်ရမည်။ "မြင်အပ်သော အဆင်းမျိုးစုံရှုပါရုံ၌ မြင်ကာမျှဖြစ်အောင်, ကြားအပ်သောအသံမျိုးစုံ သဒ္ဒါရုံ၌ ကြားကာမျှဖြစ်အောင်, တွေ့ရောက်အပ်သော အနံ့မျိုးစုံ ဂန္ဓာရုံ, ရသာမျိုးစုံ ရသာရုံ, အတွေ့မျိုးစုံ ဖောဋ္ဌဗ္ဗာရုံ၌ တွေ့ရောက်ကာမျှဖြစ်အောင်, သိအပ်သော ရုပ်နာမ်မျိုးစုံ ဓမ္မာရုံ၌ သိကာမျှဖြစ်အောင်" ဟု ဤသို့လျှင် သင်ချစ်သားသည် ကျင့်ရမည်။

(၂) ချစ်သား ဟာဟိယ - သင်ချစ်သားသည် "အကြင်အခါ၌ (ဝါ - အကြင့်ကြောင့်) မြင်အပ်, ကြားအပ်, တွေ့ရောက်အပ်, သိအပ်သောအာရုံ၌မြင်ကာမျှ, ကြားကာမျှ, တွေ့ရောက်ကာမျှ, သိအပ်ကာမျှဖြစ်အောင်" ကျင့်ဆောင်ကြိုးကုတ် အားထုတ်နိုင်ငြားအံ့။

www.dhammadownload.com

ချစ်သား ဗာဟိယ - သင်ချစ်သားသည် "ထိုအခါ၌ (ဝါ - ထို့ကြောင့်) ထိုမြင်အပ်, ကြားအပ်, တွေ့ရောက်အပ်, သိအပ်သည့်အာရုံနှင့်စပ်သော ရာဂ၊ ဒေါသ၊ မောဟနှင့် ယှဉ်သူ = တပ်မက်သူပြစ်မှားသူတွေဝေသူ စင်စစ်" ဖြစ်လိမ့်မည် မဟုတ်တော့ချေ။

(၃) ချစ်သား ဗာဟိယ - သင်ချစ်သားသည် "အကြင်အခါ၌ (ဝါ - အကြင့်ကြောင့်) ထိုမြင်အပ်, ကြားအပ်, တွေ့ရောက်အပ်, သိအပ်သည့် အာရုံနှင့်စပ်သော ရာဂ၊ ဒေါသ၊ မောဟနှင့် မယှဉ်သူ = မတပ်မက်သူ၊ မပြစ်မှားသူ၊ မတွေဝေသူ" စင်စစ်ဖြစ်ခဲ့လျှင် -

ချစ်သား ဗာဟိယ - သင်ချစ်သားသည် "ထိုအခါ၌ (ဝါ - ထို့ကြောင့်) ထိုမြင်အပ်, ကြားအပ်, တွေ့ရောက်အပ်, သိအပ်သောအာရုံ၌ တဏှာ၊ မာန၊ ဒိဋ္ဌိတို့ဖြင့် မမှီသူ (ထိုအာရုံလေးစု၌ ငဲ့ညှာဟု တဏှာဖြင့် မစွဲငြိသူ၊ မမှီသူ။ ငါဟု မာနဖြင့် မစွဲငြိသူ၊ မမှီသူ, ငါ့လိပ်ပြာဟု ဒိဋ္ဌိဖြင့် မစွဲငြိ သူ၊ မမှီသူ)" စင်စစ်ဖြစ်ပေလိမ့်မည်။

(၄) ချစ်သား ဗာဟိယ - သင်ချစ်သားသည် "အကြင်အခါ၌ (ဝါ - အကြင့်ကြောင့်) ထိုမြင်အပ်၊ ကြားအပ်၊ တွေ့ရောက်အပ်၊ သိအပ်သောအာရုံ၌ တဏှာ၊ မာန၊ ဒိဋ္ဌိတို့ဖြင့် မမှီသူ" စင်စစ်ဖြစ်ခဲ့လျှင် -

ချစ်သား ဗာဟိယ - သင်ချစ်သားသည် "ထိုအခါ၌ (ဝါ - ထိုသို့ တဏှာ၊ မာန၊ ဒိဋ္ဌိတို့ဖြင့် မမှီသူစင်စစ်ဖြစ်သောကြောင့်ပင်) ဤမျက်မှောက်ဘဝ = မနုဿဂတိ၌လည်း နောက်တစ်ဖန်ဖြစ်တော့မည်မဟုတ်။ တမလွန်ဘဝဖြစ်သည့် = (ဒေဝဂတိ၊ နိရယဂတိ၊ တိရစ္ဆာနဂတိ၊ ပေတဂတိ တည်းဟူသော) ကြွင်းသည့် ဂတိလေးပါးတို့၌လည်း" နောက်တစ်ဖန် ဖြစ်တော့မည်မဟုတ်။

"ဤမျက်မှောက်ဘဝတမလွန်ဘဝကိုချန်လှပ်ဖယ်ရှားအလွတ်ထား၍ အခြားတစ်ပါးလားရောက်ဖွယ်ရာ ဂတိလည်းမရှိချေ။ ဤသို့ မျက်မှောက်ဘဝ၊ တမလွန်ဘဝတို့၌ နောက်တစ်ဖန် ရုပ်နာမ်အသစ်မဖြစ်ခြင်းသည်ပင်

www.dhammadownload.com

လျှင် ကိလေသာဆင်းရဲ၊ ဝဋ်ဆင်းရဲဖြစ်၏" လို့ အကျဉ်းချုပ်တရားကို ဟောကြားပေးလိုက်ပါတယ်။

ဗာဟိယဒါရုစီရိယဟာ လမ်းပေါ်မှာတင် ဆွမ်းခံရင်းရပ်တန့်ကာ မြတ်စွာဘုရားဟောကြားတဲ့ တရားဒေသနာကို နာယူပြီးတာနဲ့ အာသဝေါကုန်ခန်း ရဟန္တာဖြစ်သွားပါတယ်။ တရားရသွားပါတယ်။

ဒါဟာ ပါရမီထူးလွန်းလို့ မဟုတ်ပါဘူး။ ရှေးဘဝက အပြင်းအထန် ကျင့်ခဲ့တဲ့အကျိုးကျေးဇူးပါ။ ရှေးကကျင့်ခဲ့တဲ့ကုသိုလ်ကောင်းမှုကြောင့် ရှေးကပါရမီဓာတ်ခံကြောင့် မြန်မြန်ဆန်ဆန်တရားရတာပါ။

www.dhammadownload.com

အားထုတ်မှုမရှိလျှင်

ပါရမီဆိုတာ သူများကလုပ်ပေးရမှာ မဟုတ်ဘူး။ သူများက ဖြည့်ပေးနိုင်တာ မဟုတ်ဘူး။ အလိုလိုနေရင်းနဲ့ ပါရမီတွေပြည့်လာတာ မဟုတ်ပါဘူး။ ကိုယ်တိုင်ဆည်းပူးမှ ဖြည့်ကျင့်မှပြည့်မယ့် ပါရမီ၊ ကျင့်ကြံပွားများမှ ရှိလာတဲ့ပါရမီပါ။ မကျင့်ဘဲ ဘယ်သူမှမရတဲ့ ပါရမီပါ။

အရင့်အရင်တုန်းက ကျင့်ကြံခဲ့တဲ့ ဒီတရား၊ အားထုတ်ခဲ့တဲ့ ဒီတရားကို ဟိုးဘဝပေါင်းများစွာကလည်း ကျင့်ခဲ့ဖူးမှာပဲ။ အားထုတ်ခဲ့ဖူးမှာပဲ။ အဲဒီတုန်းကပေါ်တဲ့ အသိဉာဏ်တွေကို မောဟက အဝိဇ္ဇာက အထပ်ထပ် ပြန်ဖုံးပါတယ်။

အားထုတ်တုန်းက ရှိခဲ့ပေါ်ခဲ့တဲ့ အသိဉာဏ်တွေကို အားမထုတ်ဘဲနေတဲ့အခါမှာ အဝိဇ္ဇာက ပြန်ဖုံးလိုက်ပါတယ်။ အဲဒီလို အဝိဇ္ဇာက အထပ်ထပ် ပြန်ပြန်ဖုံးနေတော့ ပါရမီတွေ အသိဉာဏ်တွေ ဘယ်ပျောက်လို့ပျောက်မှန်းမသိဖြစ်နေပါတယ်။ အခု ကျင့်ကြံပွားများအားထုတ်နေတာက ဒီပါရမီတွေကို ပြန်ပြီးတူးဖော်နေတာပါ။ အရင်တုန်းက ရှိပြီးသားပါရမီတွေကို ပြန်ပြီး တူးဖော်

www.dhammadownload.com

နေတာပါ။ ဥပမာသဘောပြောရရင် ရေတွင်းတူးတာနဲ့ တူပါတယ်။

တချို့အရပ်၊ တချို့နေရာတွေမှာ ရေတွင်းတူးရင် ပေနှစ်ဆယ်သုံးဆယ်နဲ့ ရေထွက်ပါတယ်။ တချို့နေရာတွေကျတော့ ပေတစ်ရာ၊ ပေနှစ်ရာလောက်မှ ရေထွက်ပါတယ်။ တချို့ပေသုံးလေးရာလောက်မှ ရေထွက်ပါတယ်။ တချို့ဒေသ၊ တချို့အရပ်တွေကျတော့ ဘယ်လောက်တူးတူး ရေမရပါဘူး။ တစ်နေရာနဲ့တစ်နေရာ ရေရရှိနိုင်တဲ့အနေအထား ကွာခြားပါတယ်။

မြေပြင်ပေါ်ကနေကြည့်လိုက်တော့ ဘယ်နားမှာရေရှိတယ်ဆိုတာ သိရဲ့လား။ မသိနိုင်ပါဘူး။ မတူးဖော်ကြည့်ရင် မသိပါဘူး။ ဆယ်ပေမှာ ရမလား၊ ပေနှစ်ဆယ်မှာ ရမလား။ ပေသုံးဆယ်လေးဆယ်မှာ ရမလား မှန်းဆလို့မရပါဘူး။ ပေတစ်ရာနှစ်ရာမှ ရမလားလို့ တွက်လို့ရမလား။ မရပါဘူး။

ဘာလုပ်ရမှာလဲဆိုတော့ မရမချင်းတူးရမယ်။ မရမချင်း ဆက်တူးကြည့်ရပါမယ်။ ပေသုံးဆယ်အနက်မရသေးရင် ပေလေးဆယ်ရောက်အောင် ပေလေးဆယ်မရသေးရင် တစ်ရာ၊ တစ်ရာမရဘူးဆိုရင် နှစ်ရာရအောင် တူးလိုက်ရင်ရလာပါလိမ့်မယ်။

တစ်ခါတုန်းက ဘုရားရှင်ရဲ့ဘဝဟောင်းတစ်ခုမှာပါ။ ဘုရားလောင်းက လှည်းကုန်သည်ဖြစ်တဲ့အချိန် ကုန်သည်တစ်စုနဲ့ ခရီးသွားကြပါတယ်။ ကန္တာရခရီးကြီး ဖြတ်သန်းသွားတော့ အစာရေစာလည်းကုန်ပြီ။ ရိက္ခာတွေလည်း ပြတ်ပြီ။ သွားရင်းသွားရင်းနဲ့ ရှေ့ဆက်လို့မရ၊ မျက်စိလည်နေကြပါတယ်။

ကန္တာရအလယ်မှာ ရှေ့ဆက်သွားလည်းသေမှာပဲ။ ဒီအတိုင်းမသွားဘဲနေလည်း သေမှာပဲ။ ရာသီဥတုကလည်း ကြမ်းတယ်။ သောက်ရေလည်း မရှိဘူး။ ဘာလုပ်ကြမလဲဆိုတော့ ဒီနေရာမှာ ရေရပါမှ အသက်ရှင်တော့မယ်။ တူးရင်လည်း သေမှာ၊ မတူးရင်လည်း သေမှာဆိုတော့ သေမယ့်အတူတူ ဒီအတိုင်း ငုတ်တုတ်ထိုင်သေလို့တော့ မထူးဘူး။ တူးကြစို့လို့ ကန္တာရအလယ်မှာ ရေတူးကြပါတယ်။

www.dhammadownload.com

အားလုံးက အားကြိုးမာန်တက်နဲ့ ဝိုင်းတူးကြတော့ ရေတွင်းကြီးက အနက်ကြီးဖြစ်လာတယ်။ အတောင်ခြောက်ဆယ်လောက်ရောက်တယ်။ ရေကမထွက်ဘူး။ ကျောက်ဖျာကြီးတစ်ချပ်က တည့်တည့်ကြီးခံနေလို့ပါ။

ဆက်မတူးနိုင်ကြဘူး။ သွားပြေပေါ့။ "ကျောက်ဖျာကြီးခံနေရင်တော့ တို့ ဘယ်နည်းနဲ့မှ ရေမရနိုင်တော့ဘူး။ သေဖို့ပဲ ရှိတော့တယ်" လို့ စိတ်ဓာတ်ကျပြီး မတူးကြတော့ပါဘူး။ အားလုံး လက်လျှော့လိုက်ကြတယ်။ လက်နက်ကိရိယာမပြည့်စုံဘဲနဲ့ဆိုတော့ တူးလို့လည်းမရဘူးပေါ့။ ဆက်တူးမယ်ဆိုလည်း ဘယ်လောက်ထိတူးလို့တူးရမှန်း မသိဘူးလေ။ မသေချာတော့ အပင်ပန်းမခံတော့ဘူးဆိုပြီး အားလုံးက လက်လျှော့ကြတယ်။ စိတ်ဓာတ်ကျကြတယ်။

ခေါင်းဆောင်ဖြစ်တဲ့ ဘုရားလောင်းက အားပေးတယ်။ ဆက်တူးခိုင်းတယ်။ ကျောက်ဖျာကြီးကို ထုနှက်ချက်ပေါင်းများစွာနဲ့ ထုခွဲခိုင်းပါတယ်။ ကြိုးစားပြီး ဆက်လက်ထုခွဲလိုက်ကာမှ ကျောက်ဖျာကြီးကွဲသွားပြီး ရေတွေပန်းထွက်လာပါတယ်။ အလိုရှိတဲ့ရေတွေရပြီး အားလုံး အသက်ရှင်ကြပါတယ်။

ဘုရားလောင်းက သူ့နောက်လိုက်တပည့်တွေကို ဘာပြောလဲဆိုတော့ "ကြည့်ပါဦး။ ဒါဟာ ငါတို့ရဲ့ဝီရိယအကျိုးပဲ။ ဟောဒီကျောက်ဖျာကြီးကိုသာ ငါတို့ဆက်မတူးဘူးဆိုရင် ဒီရေတွေ ရစရာအကြောင်းမရှိဘူး" တဲ့။ ဆက်မတူးရင် ရေမရတော့ပါဘူး။ အခု ဆက်တူးလိုက်တဲ့အတွက်ကြောင့် သူတို့မှာ ဝီရိယအကျိုးတရား ခံစားခွင့်ရကြပါတယ်။ "ဘယ်နေရာမဆို ဝီရိယကို မလျှော့ကြနဲ့" လို့ ဘုရားလောင်းက အဆုံးအမသြဝါဒပေးပါတယ်။

www.dhammadownload.com

ကြိုးစားဖို့ လိုနေ

တရားအလုပ် အားထုတ်တဲ့အခါမှာလည်း ဒီသဘောတရားလေး အမြဲတမ်းခေါင်းထဲထည့်ထားရပါမယ်။ ဝီရိယမလျှော့လိုက်ပါနဲ့။ ကြိုးစား အားထုတ်တယ်၊ မရဘူး။ ကျင့်နေတယ်၊ မရဘူး။ အခုမရဘူးဆိုပေမဲ့ တစ်ချိန် မဟုတ်တစ်ချိန်ရလိမ့်မယ်။နောက်တစ်နာရီလောက်ကျင့်လိုက်ရင်ရချင်လည်း ရသွားနိုင်ပါတယ်။

စောစောတုန်းက ကျောက်ဖျာကြီးတူးဖြိုသလို ရေတွေထွက်ခါနီး တစ်ချက်နှစ်ချက်လောက်အလိုမှာ ဆက်မတူးတော့ဘဲရပ်ထားရင် မရပါဘူး။ ဘုရားလောင်းက အားမလျှော့ဘဲ ဆက်တူးသွားလို့သာ ရေရတာပါ။

သစ်ပင်တစ်ပင်ခုတ်နေတာကို သတိထားကြည့်ပါ။ သစ်ပင်ကြီးကို ခုတ်ဖြတ်နေတယ်။ ပေါက်ဆိန်နဲ့ မားနဲ့ခုတ်ဖြတ်နေတယ်။ အချက်တစ်ရာ ခုတ်မှလဲမယ့်သစ်ပင်၊ အချက်တစ်ရာခုတ်မှပြတ်မယ့် သစ်ပင်ကို အချက်ငါး ဆယ်လောက်သာခုတ်ပြီး ရပ်လိုက်ရင် လဲပါ့မလား။ မလဲပါဘူး။ အချက်ရှစ် ဆယ်လောက်ခုတ်ပြီး ရပ်လိုက်ရင်ကော လဲပါ့မလား။ မလဲပါဘူး။ ကိုးဆယ့်

www.dhammadownload.com

ကိုးချက်ဆိုရင်တောင် လဲမလဲမသေချာပါဘူး။ ဘယ်တော့မှ လဲကျသွားမှာ တုံး။ နောက်ဆုံးတစ်ချက်မှပဲ လဲပါမယ်။ နောက်ဆုံးတစ်ချက်ကိုရောက်ဖို့ရေမျှော ကိုးဆယ့်ကိုးချက် ခုတ်ခဲ့ရပါတယ်။

ဒီအတိုင်းပါပဲ။ အခု တရားအလုပ် အားထုတ်တဲ့အခါမှာလည်း တရားရတာကဖြင့် နောက်ဆုံးအချိန်လေး။ နောက်ဆုံး တစ်ချက်လေးပါပဲ။ အမှန်တကယ် တရားရတဲ့အချိန်ဟာ တစ်စက္ကန့်တောင် မရှိပါဘူး။ တကယ်လို့ သာ တရားရလို့ရှိရင် လေးမင်္ဂလေးဖိုလ်ဆိုတာ အချိန်ပိုင်းအတွင်းမှာတောင် ရနိုင်တာပါ။ ဒါပေမဲ့ အဲဒီနောက်ဆုံးတစ်ချက်ကို ရဖို့အတွက် ရှေ့ကနေပြီးတော့ ရှုမှတ်ချက်ပေါင်းများစွာ ရင်းထားမှရပါတယ်။

အဲဒါကြောင့် တရားဆိုတာလည်း ကျင့်မြဲကျင့်နေရတယ်။ ဖြည့်မြဲဖြည့်နေရပါတယ်။ ရှုချက်တွေ တစ်ချက်ပြီးတစ်ချက်၊ ရှုမှတ်ချိန်တွေ တစ်ချိန်ပြီးတစ်ချိန် ကိုယ်ရှုရမယ့်ရုပ်တရား၊ နာမ်တရား၊ ရုပ်တွေနာမ်တွေကို ရှုမှတ်နေရပါမယ်။

မရှုမှတ်ဘဲနဲ့သာ ဒီအတိုင်းနေကြည့်ပါ။ "ငါ မရှုတော့ပါဘူး။ ပါရမီလည်း မဖြစ်လောက်ပါဘူး။ မရှိလောက်ပါဘူး။ အားထုတ်လည်း ရမှာမဟုတ်ဘူး" ဆိုပြီး ဖွဲလျှော့လိုက်ရင် သေချာတယ်။ ဖြစ်ကို ဖြစ်မလာတော့ပါဘူး။

အားထုတ်နေရင် များများရှုမှတ်တာကို မပြောနဲ့။ တစ်ချက်လေး ရှုမှတ်ရတဲ့အကျိုးဟာ အသခ္ဒေ့ အနန္တပါ။ တစ်ချက်ရှုလိုက်တဲ့အကျိုးတရား၊ အခု ရုပ်လို့ရှုလိုက်တယ်။ နာမ်လို့ ရှုလိုက်တယ်။ ရုပ်နဲ့နာမ်ကို ရုပ်ပါပဲ၊ နာမ်ပါပဲလို့သိလိုက်တဲ့ အသိတစ်ချက်ဟာ ဘယ်လောက်အကျိုးများလဲလို့၊ တိုင်းတာလို့၊ ရေတွက်လို့ဖော်ပြလို့ မရနိုင်အောင် အကန့်အသတ်မရှိ အကျိုးများပါတယ်။

ဒါနဆိုရင် ဒီအလှူဒါနပြုလို့ ဘယ်ဘဝ၊ ဘယ်မျှကောင်းကျိုးပေးတယ်ဆိုတာ ပြောလို့ရပါတယ်။ သီလဆောက်တည်ရင်လည်း သီလဆောက်တည်ခြင်းအားဖြင့် အသက်ရှည်မယ်စသဖြင့် အကျိုးတရားတွေ ပြောပြလို့

www.dhammadownload.com

ရပါတယ်။ ဘယ်နဘဝ အကျိုးပေးမယ် မှန်းဆလို့ရပါတယ်။

ဝိပဿနာအလုပ်ရဲ့အကျိုးအာနိသင်ကိုတော့ "တစ်ချက်ရွှမ်း၊ ကျိုးတရားကား၊ ဖိုးများမည်မျှ၊ ကြီးမားလှ၊ မပြနိုင်ပါပေ" ဆိုတဲ့အတိုင်း တစ်ချက်ရွှမ်းတဲ့အကျိုးတရား၊ အခု ရုပ်လို့ရှုလိုက်၊ နာမ်လို့ရှုလိုက်လို့ ရုပ်နဲ့နာမ်ကို သိတဲ့အကျိုး ဘယ်လောက်တန်ဖိုးကြီးတယ်၊ ဘယ်လောက်တန်ဖိုးရှိတယ်ဆိုတာ တိုင်းတာလို့၊ နှိုင်းဆလို့၊ ရေတွက်လို့မရအောင် အကျိုးတရားရှိပါတယ်။

www.dhammadownload.com

အားထုတ်ရင် ပါရမီရင့်

ပါရမီနတဲ့သူ အားထုတ်မယ်ဆိုရင် ပါရမီတွေ ရင့်လာပါလိမ့်မယ်။ ပါရမီ၊ ပါရမီနဲ့ စကားပြောကြပါတယ်။ "ငါတို့ တရားမရတာ ပါရမီနည်းလို့၊ ပါရမီမရင့်သေးလို့။ ဟိုမှာကြည့်ပါလား။ အလောင်းတော်တွေ ပါရမီရင့်ကြတယ်။ ပါရမီတွေ ပြည့်စုံကြတယ်။ ပါရမီတွေ ရင့်တဲ့သူမှ တရားရမယ်။ ငါတို့ကတော့ ပါရမီနသေးတယ်။ တရားမရနိုင်သေးဘူး" တဲ့။

ဒါဟာ မြတ်စွာဘုရားရှင်ရဲ့စကားကို သေသေချာချာ နားမလည်တဲ့သူတွေ၊ သဘောမပေါက်တဲ့သူတွေပြောတဲ့ စကားမျိုးပါ။ "ပါရမီနသေးတယ်။ တို့တော့ ဒီတရားတွေ မလိုက်နိုင်သေးဘူး။ တို့ အဆင့်မမီသေးဘူး။ ပါရမီရင့်ဖို့ လိုသေးတယ်။ အခုအားထုတ်လည်း မဖြစ်သေးပါဘူး။ မရနိုင်သေးပါဘူး" ဆိုတာတွေဟာ ကိုယ့်ကိုယ်ကိုယ် အဆင့်နှိမ့်ချတာပါ။ ကိုယ့်ကိုယ်ကိုယ် ပါရမီနတယ်လို့ပဲ သဘောထားတာဟာ တရားကျင့်တာကို ကိုယ့်မသိစိတ်က ဆန့်ကျင့်တုံ့ပြန်တဲ့ သဘောပါ။

www.dhammadownload.com

လူသဘာဝက တစ်ခါတလေကျရင် တရားအလုပ်ကို မလုပ်ချင်ဘူး။ ဒါပေမဲ့ တရားအလုပ်ကို လုပ်မှဖြစ်မယ်လို့သိနေတယ်။ ကုသိုလ်ကောင်းမှုတွေကို အားမထုတ်ချင်ဘူး။ သိစိတ်က အားထုတ်မှဖြစ်မယ်လို့စိတ်ကောင်းလေးက တိုက်တွန်းနေတယ်။ ဒါပေမဲ့ ကုသိုလ်နဲ့မပျော်တဲ့ မသိစိတ်လေးက ဆန့်ကျင်နေတယ်နော်။ "နင်သွားလုပ်လို့လည်း ရမှာ မဟုတ်ဘူး။ နင်ကျင့်လည်းဖြစ်မှာမဟုတ်ပါဘူး" တဲ့။ ကိလေသာက တားနေ တာပါ။ ကိလေသာက တရားအလုပ် မလုပ်ဖြစ်အောင် တားနေတာပါ။

တကယ်ရောက်လာ အားထုတ်တဲ့အခါမှာလည်း "နင်ဖြစ်မှာ မဟုတ်ပါဘူး။ရမှာမဟုတ်ပါဘူး။ ဘာမှထူးမှာလည်းမဟုတ်ပါဘူး" လို့ကိုယ့်ကိလေသာကကိုယ့်ကိုနောင့်ယှက်တတ်ပါတယ်။ "နင်ပါရမီတွေမရင့်သေးဘူး။ဒီလောက်ကြီး မလုပ်နဲ့ဦး။ ဒီလောက် မကြိုးစားနဲ့ဦး။ ဒီလောက်လုပ် ရုံနဲ့လည်း ဘာမှဖြစ်မှာမဟုတ်ဘူး။ ဒီလောက်ကျင့်ရုံနဲ့လည်း ဘာမှထူးလာမှာ မဟုတ်ဘူး" လို့ တရားအလုပ်မှာ အနောင့်အယှက်တွေ ဝင်ဝင်လာတတ်ပါတယ်။ သူများကနောင့်ယှက်တာမဟုတ်ပါဘူး။ ကိုယ့်ရဲ့ကိလေသာစိတ်ကပဲ ကိုယ့်တရားအလုပ်ပျက်အောင် ကိုယ့်ကိုပြန်ပြီး နောင့်ယှက်နေတာပါ။

မဖြစ်ပါဘူး။ မရပါဘူး။ မလုပ်ပါနဲ့။ လုပ်လည်းပဲ ထူးမှာမဟုတ်ပါဘူးလို့ တားမြစ်နေတဲ့ဒီစိတ်ကို ဘယ်လိုကျော်ဖြတ်ရမလဲဆိုရင် "ငါသည် ပါရမီတွေမရင့်သေးဘူးဆိုရင် ကျင့်ကြံပွားများ အားထုတ်မှရင့်မယ်။ မကျင့်မကြံအားမထုတ်ဘဲနေရင် ဒီပါရမီသည် ဘယ်တော့မှ မရင့်နိုင်ဘူး။ ကျင့်မှရင့်မယ်။ အရင့်အမာဖြစ်လာဖို့ဆိုရင် ကျင့်ကြံပွားများ အားထုတ်နေရမယ်" လို့ နှလုံးသွင်းပါ။

ဘုရားရှင်ကိုယ်တော်မြတ် အလောင်းတော်ဘဝနဲ့ ပါရမီတွေဖြည့်တယ်လေ။ လေးသခြော်နဲ့ ကမ္ဘာတစ်သိန်း ဖြည်းဖြည်းချင်း ဖြည့်လာခဲ့တယ်။ လေးသခြော်နဲ့ ကမ္ဘာတစ်သိန်းတိုင်တိုင် သဗ္ဗညုတဉာဏ်တော်ကြီးရဖို့ ဖြည့်ကျင့်တဲ့နေရာမှာ တစ်ရက်၊ နှစ်ရက်ကျင့်ရုံနဲ့ မရပါဘူး။ တစ်လ၊ နှစ်လနဲ့လည်း

www.dhammadownload.com

မရပါဘူး။ နောက်ဆုံး ပြန်တွက်ကြည့်၊ တစ်ဘဝ၊ နှစ်ဘဝကျင့်ရုံနဲ့ မရသေးပါဘူး။ သူ့အတိုင်းအတာပြည့်တဲ့အထိ ကျင့်ရပါတယ်။ သတ္တဥာဏ ရွှေဥာဏ်တော် ရဖို့ လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ကျင့်ခဲ့ရတာပါ။

ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့ကတော့ နှစ်သင်္ချေနဲ့ ကမ္ဘာတစ်သိန်း ကျင့်ရပါတယ်။ သာဝကတွေကျတော့ ကမ္ဘာတစ်သိန်းကျင့်ရပါတယ်။ သူတို့ဆုတောင်းတွေအလျောက် ကျင့်ကြရတာပါ။

သာမန်ရိုးရိုး တရားသိရုံ၊ မဂ်ဉာဏ်ဖိုလ်ဉာဏ် နိဗ္ဗာန်ရောက်ရုံ၊ ရဟန္တာဖြစ်ရုံဆိုရင် အဲလိုသတ်မှတ်ချက်မရှိပါဘူး။ ဘယ်နှဘဝကျင့်မှ ရဟန္တာဖြစ်မယ်၊ နှစ်ပေါင်းဘယ်မျှကျင့်မှ ရဟန္တာဖြစ်မယ်လို့ ဘောင်ခတ်ကန့်သတ်ထားတာ မရှိပါဘူး။

အခုကျင့်ရင် ခုရနိုင်ပါတယ်။ အခုအားထုတ်ရင် အခု ပါရမီဖြစ်ပါတယ်။ ပါရမီဆိုတာ အချိန်အကြာကြီးကျင့်မှ၊ စောင့်မှ ရင့်တာမဟုတ်ပါဘူး။ ကျင့်နေရင်းနဲ့ ရင့်သွားတာပါ။ ပါရမီရင့်တယ်ဆိုတာ အချိန်ကာလနဲ့ မဆိုင်ပါဘူး။ ကျင့်မှုနဲ့သာ ဆိုင်တာပါ။ အချိန်စောင့်ရမှာ မဟုတ်ပါဘူး။ ကျင့်နေရင်းနဲ့ ရင့်သွားတာမျိုးပါ။

ကိုယ်က ဘုရားဖြစ်အောင်ဆုတောင်းခဲ့တာ ပစ္စေကဗုဒ္ဓါဖြစ်ဖို့၊ အဂ္ဂသာဝကဖြစ်ဖို့ အခိုင်အမာဆုတောင်းခဲ့တာမျိုးမပါဘဲနဲ့ သာမန် ရဟန္တာဖြစ်အောင်၊ မဂ်တွေဖိုလ်တွေရအောင်၊ သောတာပန်ဖြစ်အောင်ကျင့်မယ်ဆိုရင် ပါရမီရင့်လာသည်အထိ စောင့်စရာမလိုပါဘူး။ ကျင့်နေရင်းနဲ့ ရင့်သွားပြီး တဖြည်းဖြည်း ရင့်ကျက်လာတဲ့ပါရမီဟာ မဂ်ဉာဏ်ဖိုလ်ဉာဏ်ကို ဖြစ်ပေါ်စေပါတယ်။

www.dhammadownload.com

ပါရမီရင့်သူ ကျင့်လွယ်ကူ

ပါရမီရင့်တဲ့သူ ကျင့်ကြံပွားများအားထုတ်မယ်ဆိုရင် တရားအလွယ်တကူနဲ့ ရပါလိမ့်မယ်။ ပါရမီတွေရင့်အောင် ကိုယ်တိုင်ကျင့်ခဲ့ရပါမယ်။ ကိုယ်တိုင် အားထုတ်ခဲ့ရပါမယ်။ စောစောကပြောခဲ့တဲ့အတိုင်း နသေးတဲ့ပါရမီ၊ မပြည့်စုံသေးတဲ့ ပါရမီသည် ကျင့်ရင်းကျင့်ရင်းနဲ့ ပြည့်လာပါမယ်။ ကျင့်ရင်းကျင့်ရင်းနဲ့ ရင့်လာပါမယ်။ ပါရမီအနုအရင့်ဟာဆိုရင် ဉာဏ်နဲ့ဆိုင်ပါတယ်။ ဉာဏ်ထက်တဲ့သူက ပါရမီရင့်တာမြန်ပါတယ်။

စာသင်တာတောင် တစ်ယောက်နဲ့တစ်ယောက် မတူကြပါဘူး။ စာကျက်တဲ့အခါမှာလည်းကြည့်ပါ။ တစ်ယောက်နဲ့တစ်ယောက် မတူကြဘူး။ ဆရာကသင်ပေးလိုက်တာတော့ ဒီစာပဲ။ ဒါပေမဲ့ တပည့်က ခံယူတဲ့နေရာမှာ တချို့အပြည့်အဝရတယ်။ ဆရာပြောလိုက်တဲ့အဓိပ္ပာယ် သေသေချာချာအပြည့်အစုံနားလည်သွားတဲ့ တပည့်ရှိတယ်။ တချို့က တစ်ပိုင်းတစ်စလောက်ပဲ သိတယ်။ တချို့က ဘာမှကိုမသိလိုက်ဘူး။

ဆုပြည့်စုံထွန်းစာပေ

www.dhammadownload.com

တချို့ဉာဏ်သိပ်ထက်တဲ့တပည့်ကျတော့ ဆရာက နည်းနည်းပြလိုက်ရုံနဲ့ တစ်ထွာလောက်ပြရင် တစ်လံလောက်မြင်တယ်။ ခံယူတဲ့သူ အသိဉာဏ်ပေါ်မှာလည်း မူတည်ပြီးကွာသွားတာပါ။

အဲဒီတော့ ကျင့်တဲ့သူရဲ့အသိဉာဏ်၊ သူ့အသိဉာဏ် ဘယ်အတိုင်းအတာထိရင့်တယ်၊ သူ့အသိဉာဏ် ဘယ်အတိုင်းအတာထိရှိတယ်ဆိုတာ အရေးကြီးပါတယ်။ ကျင့်ကြံအားထုတ်သူရဲ့အသိဉာဏ်ပေါ်မူတည်ကာ ပါရမီတွေရင့်လာပါလိမ့်မယ်။ ပါရမီရင့်တယ်ဆိုတာ အမှန်တကယ်ပြောလို့ရှိရင် တရားနဲ့ပတ်သက်တဲ့ အသိဉာဏ်ပညာတွေ ပြည့်ဝလာတဲ့သဘောပါပဲ။

တရားအားထုတ်တာက စာကျက်သလို တစ်ပိုဒ်ပြီးမှတစ်ပိုဒ်၊ တစ်ပုဒ်ပြီးမှတစ်ပုဒ် စုနေကျက်နေရတာမျိုးမဟုတ်ပါဘူး။ သိသွားလို့ရှိရင် လင်းခနဲ၊ တစ်ချက်ရှင်းသွားလို့ရှိရင် ထင်းခနဲရသွားတာပါ။ မြတ်စွာဘုရား ဟောကြားခဲ့တဲ့သစ္စာလေးပါးအမှန်တရားတွေကိုကိုယ့်အသိဉာဏ်ထဲမှာ နားလည်သွားရင် တစ်ချက်တည်း တရားရသွားတာပါ။ ပါရမီနဲသူမှာ ကျင့်ရင် ရင့်လာမယ်။ ရင့်သူသည် ကျင့်ကြံပွားများ အားထုတ်မယ်ဆိုရင် အလွယ်တကူနဲ့ရပါမယ်။

အားထုတ်စဉ်ကာလမှာ တစ်ယောက်နဲ့တစ်ယောက် တူတော့မတူကြဘူးပေါ့။ တချို့ကြာကြာအားထုတ်မှ ခက်ခက်ခဲခဲ၊ ပင်ပင်ပန်းပန်းအားထုတ်မှရတယ်။ တချို့ကမြန်မြန်သက်သက်သာသာ လွယ်လွယ်နဲ့ရတယ်။ ရပုံရနည်းချင်းမတူပေမဲ့ ရတာချင်းတော့ အတူတူပါပဲ။ ခက်ခက်ခဲခဲကျင့်လို့ရရင်လည်း ဒီတရားပါပဲ။ သက်သက်သာသာ၊ လွယ်လွယ်ကူကူ ကျင့်ကြံလို့ရရင်လည်း ဒီတရားပါပဲ။

မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ဆိုတာကတော့ ဘယ်သူသိသိ၊ ဘယ်သူရရအတူတူပါပဲ။ သူ့မဂ်ကတော့ ပိုထူးတယ်။ ကိုယ့်မဂ်က ပိုထူးတယ်။ သူ့ဖိုလ်ကတော့ တစ်မျိုး၊ ကိုယ့်ဖိုလ်ကဖြင့် တစ်မျိုးလို့ကွဲပြားမှု မရှိပါဘူး။ ရပုံရနည်းချင်းသာမတူရင်ရှိရမယ်။ ရတဲ့အခါကျတော့ တူသွားပါတယ်။

ခရီးတစ်ခုသွားရာမှာ လမ်းရှည်ကသွားတဲ့သူရှိတယ်။ လမ်းတိုကသွားတဲ့သူရှိတယ်။ ကောက်ကွေ့တဲ့လမ်းက သွားတဲ့သူရှိတယ်။ လမ်းဖြောင့်

www.dhammadownload.com

ကနေ သွားတာလည်းရှိပါတယ်။ လမ်းကောင်းလမ်းဆိုး ကွဲပြားပေမဲ့ ရောက်တဲ့ ခရီးပန်းတိုင်ကတော့ အတူတူပါပဲ။

သူများတွေကအလွယ်တကူနဲ့ရတယ်။ကိုယ်ကမရဘူးဆိုတာနဲ့စိတ်မာတ်မကျလိုက်ပါနဲ့။ "သူကဖြင့် လွယ်လွယ်ကူကူနဲ့ တရားရတယ်။ ငါမရရင် ငါကျင့်ရဦးမယ်။ ငါ့မှာ လိုသေးတယ်။ ဒီပါရမီတွေပြည့်အောင် ငါကျင့်ကြံပွားများရမယ်"လို့ နှလုံးသွင်းရမှာပါ။

"ငါ ကျင့်ကြံပွားများအားထုတ်ရင်ဖြင့် ငါ့ရဲ့ပါရမီတွေ ရင့်လာလိမ့်မယ်။ ရင့်လာရင် ငါသည် တရားလွယ်လွယ်နဲ့ရမယ်။ ဒီတစ်ချိန်မရလည်း နောက်တစ်ချိန်ရမယ်။ ဒီနေ့မရလည်း နောက်နေ့ရမယ်။ ဒီနှစ်မရသေးလည်း နောက်နှစ်ရမယ်။ ဘယ်အချိန်ရမယ်ဆိုတာ မပြောနိုင်သေးပေမဲ့ တစ်ချိန်ချိန် ရကိုရမယ်" လို့ ကိုယ့်ကိုယ်ကိုယ်အားပေးပြီး ကျင့်နေရမှာပါ။

ကိုယ့်အလုပ်က ထိုင်စောင့်နေဖို့မဟုတ်ပါဘူး။ ကျင့်နေဖို့ပါ။ တရားရမယ်၊ မရဘူးလို့ ထိုင်ပြီးမျော်တွေးနေရမှာလား။ ကျင့်နေရမှာလားဆိုရင် ကျင့်နေရမှာပါ။ ဒီတရားတွေ ဘယ်အချိန်ရမလဲ၊ ဘယ်အချိန်သိမလဲ၊ ဘယ်လိုသိမလဲ ထိုင်စဉ်းစားနေပြီး တကယ်ရှုမှတ်မနေဘူးဆိုရင် မရပါဘူး။ တရားရှုတဲ့ချိန်ခါမှာ အရှုခံနဲ့ အရှုဉာဏ်တိုက်အောင် အားထုတ်ဖို့၊ ရှုပွားဖို့ အရေးအကြီးဆုံးပါပဲ။

ဘယ်အချိန်ရမှာလဲ၊ ဘယ်လိုများ ရမှာလဲ၊ ဘယ်ပုံစံနဲ့ရမှာလဲလို့ တွေးနေမျော်နေရမှာ မဟုတ်ပါဘူး။ ရမှာမဟုတ်ပါဘူးလို့ စိတ်တွေလျော့ပြီးတော့ စိတ်ဓာတ်ကျနေဖို့လည်း မဟုတ်ပါဘူး။ လုပ်နေရမယ့်အလုပ်၊ ကျင့်နေရမယ့်အကျင့်ကို မှန်မှန်ကန်ကန်ကျင့်သွားမယ်ဆိုရင်၊ မှန်မှန်လျှောက်လှမ်းသွားမယ်ဆိုရင် ခရီးရောက်မှာ၊ ခရီးပေါက်မှာပါ။

www.dhammadownload.com

ဒွိဟိတ်မှသည် တိဟိတ်ဆီ

တရားရတဲ့သူ၊ တရားမရတဲ့သူလို့ ကွာဟချက်က အဘိဓမ္မာဒေသနာနဲ့ ကြည့်မယ်ဆိုရင် မွေးကတည်းကပါလာတဲ့ ပဋိသန္ဓေစိတ်နဲ့လည်းဆိုင်ပါတယ်။

ဘယ်သူတွေမှ တရားရလဲဆိုရင် တိဟိတ်ပုဂ္ဂိုလ်က တရားရတယ်။ ဒွိဟိတ်ပုဂ္ဂိုလ်၊ အ,ဟိတ်ပုဂ္ဂိုလ်တွေက တရားမရနိုင်ဘူးလို့ စာပေမှာ ဖော်ပြထားပါတယ်။

သတ္တဝါတွေကိုခွဲကြည့်လိုက်ရင် အ,ဟိတ်ရယ်၊ဒွိဟိတ်ရယ်၊တိဟိတ်ရယ်လို့ပုဂ္ဂိုလ်သုံးမျိုးရှိပါတယ်။ အ,ဟိတ်ပုဂ္ဂိုလ်ဆိုတာက တိရစ္ဆာန်ပါ။ အ,ဟိတ်တိရစ္ဆာန်၊ အ,ဟိတ် တိရစ္ဆာန်ဆိုပြီး မြန်မာစကားကိုပဲ သုံးနေကြပါတယ်။

အ,ဟိတ်တိရစ္ဆာန်တွေမှာ တရားရနိုင်စရာအကြောင်း လုံးဝကိုမရှိပါဘူး။ တစ်ခါတစ်ရံ ဇာတ်တော်တွေထဲမှာ တွေ့ရပါလိမ့်မယ်။ ဘုရားလောင်းဆင်မင်း၊ ဘုရားလောင်းမျောက်မင်း၊ ဘုရားလောင်း သမင်မင်း၊ ဘုရားလောင်းခြေသံ့၊ ဘုရားလောင်း နဂါးမင်း စသဖြင့် ရှိခဲ့ပါတယ်။ အဲဒီဘဝတွေမှာ ဘုရား

www.dhammadownload.com

လောင်းတောင်မှ တရားရရဲ့လားဆိုတော့ မရခဲ့ပါဘူး။ ဘာလို့မရလဲဆိုရင် အ,ဟိတ်ဖြစ်နေလို့ပါ။ တရားရနေစရာအကြောင်း လုံးဝ မရှိလို့ပါ။

ဒွိဟိတ်ပုဂ္ဂိုလ်ဆိုတာ သူမှာ ဘာလိုအပ်နေတုန်းဆိုရင် ပညာနည်းနေပါတယ်။ ပညာလိုအပ်နေပါတယ်။ ဟိတ်သုံးမျိုးရှိရမယ့်အထဲမှာ ဒွိဟိတ်ပုဂ္ဂိုလ်မှာ အမောဟတစ်ခုလျော့နည်းနေတယ်။ ပညာလိုနေပါတယ်။ တိဟိတ်ဆိုတာက အလောဘ၊ အဒေါသ၊ အမောဟဟိတ်သုံးမျိုးရှိသူ ဖြစ်ပါတယ်။

ပညာဆိုတာ ဉာဏ်လို့လည်းပြောလို့ရတယ်။ အသိဉာဏ်လို့လည်းပြောလို့ဖြစ်ပါတယ်။ တရားနဲ့ပတ်သက်တဲ့အသိဉာဏ်၊ တရားသဘော ဆင်ခြင်နိုင်တဲ့ အသိဉာဏ်၊ ရုပ်နာမ်ခန္ဓာအကြောင်း ထိုးထွင်းသိနိုင်တဲ့ အသိဉာဏ်နည်းနေတဲ့ ဒွိဟိတ်ပုဂ္ဂိုလ်ဟာ တရားမရနိုင်ပါဘူး။ တရားရကြောင်း ဟိတ်သုံးမျိုးနဲ့ပြည့်စုံနေတဲ့ တိဟိတ်ပုဂ္ဂိုလ်မှ တရားရနိုင်ပါတယ်။

ဒီတော့ လူတွေထဲမှာကြည့်လိုက်ရင် ဒွိဟိတ်နဲ့ တိဟိတ်ဆိုပြီး နှစ်မျိုးနှစ်စား တွေ့ရပါမယ်။ အခု တရားကျင့်တဲ့သူတွေကိုကြည့်ရင် ဒွိဟိတ်နဲ့ တိဟိတ်ကိုတွေ့ရပါမယ်။ အဲဒီထဲမှာ တိဟိတ်က တရားရနိုင်ပြီး ဒွိဟိတ်က တရားမရနိုင်ပါဘူး။

သို့သော် အဲဒီဒွိဟိတ်ပုဂ္ဂိုလ် တရားကျင့်ရင် အကျိုးမဲ့ဖြစ်မှာလား။ အလကား ဖြစ်မှာလား။ ဒါလည်း စဉ်းစားစရာပါ။ "သူကတော့ ဒွိဟိတ်ပဲ၊ ဒီဘဝမှာ တရားမရနိုင်ဘူး။ တရားမနိုင်ဘဲ တရားကျင့်တယ်။ အလကားပဲ။ ဘာမှအကျိုးမရှိဘူး" လို့ မထင်ပါနဲ့။

အချို့ကပြောကြပါတယ်။ "နင်တို့အခု တရားကျင့်တယ်။ တရားတွေအားထုတ်တာလည်း အကြိမ်ကြိမ်ပဲ။ တရားစခန်းဝင်တာလည်း အကြိမ်ကြိမ်ပဲ။ ရိပ်သာသွားတာလည်း အခေါက်ခေါက်ပဲ။ ဘာမှမရဘဲနဲ့ ဘာထူးလို့လဲ။ နောက်ဆုံး ဒီဘဝတရားအားထုတ်ပြီး တရားမရဘဲသေသွားတော့ အလကားအချိန်ကုန်တာပဲ၊ ပင်ပန်းတာပဲ အဖတ်တင်တယ်။ ဘာကျေးဇူးများရှိလို့လဲ" လို့ ဝေဖန်တာတွေ ရှိတတ်ပါတယ်။

www.dhammadownload.com

အဲဒီစကားအတွက် ပြောပြချင်ပါတယ်။ ဒီဟိတ်ပုဂ္ဂိုလ်တရားကျင့်ရင် နောင်ဘဝမှာ တိဟိတ်ဖြစ်လာနိုင်ပါတယ်။ လက်ရှိဘဝမှာတော့ ဒီဟိတ်ပုဂ္ဂိုလ်တရားမရနိုင်ပေမဲ့ သူကျင့်တဲ့တရားဟာ အလကားမဖြစ်ပါဘူး။ အကျိုးမဲ့ဖြစ်မသွားပါဘူး။ နောက်ဘဝမှာ တရားရဖို့အကြောင်း အခြေခံဖြစ်သွားပါတယ်။

တိဟိတ်ပုဂ္ဂိုလ်ကတော့ နောင်ဘဝအထိ စောင့်စရာမလိုပါဘူး။ အရင်ဘဝက ကျင့်ကြံအားထုတ်ခဲ့လို့ ဒီဘဝမှာ တိဟိတ်ဖြစ်နေပြီ။ ဒီဘဝမှာ အလောဘ၊ အဒေါသ၊ အမောဟဆိုတဲ့ ဟိတ်သုံးပါးနဲ့ပြည့်စုံနေပြီ။ တရားရရာရရကြောင်း အထောက်အပံ့ကောင်းတွေရှိနေတဲ့အတွက် တကယ်တမ်းကျင့်ကြံပွားများအားထုတ်ရင် ဒီဘဝမှာတင် တရားရပါလိမ့်မယ်။

ဒီဟိတ်ပုဂ္ဂိုလ်သည် ပဋိသန္ဓေနေခဲ့တဲ့ အနေအထားကိုက တရားမရနိုင်တဲ့ အခြေအနေရှိသော်လည်း ဒီဘဝမှာ လုံးဝမျှော်လင့်ချက် မရှိသော်လည်း ကျင့်ကြံပွားများ အားထုတ်မယ်ဆိုရင် နောင်ဘဝမှာ တိဟိတ်ဖြစ်လာမယ်။ ဒီဘဝမှာ မရသော်လည်း နောင်ဘဝမှာ ရပါလိမ့်မယ်။

ပုဒ္ဓစာပေတွေထဲမှာ သာဓကအနေနဲ့ တွေ့ရပါတယ်။ တချို့တချို့ပုဂ္ဂိုလ်တွေ တရားကျင့်တယ်။ ပြင်းပြင်းထန်ထန်လည်း အားထုတ်တယ်။ ကြိုးစားပြီးလည်း ကျင့်တယ်။ ဒါပေမဲ့ တရားမရဘူး။ သေခါနီးအချိန်မှကပ်ပြီး တရားရသွားတယ်။ ဘဝပြောင်းတော့မယ့်ဆဲဆဲ အချိန်လေးမှာ တစ်ပြိုင်တည်း တရားလည်းရ၊ စုတိလည်းကျတယ်။ တရားလည်းရ၊ သေလည်းသေလို့ ပြောရမှာပေါ့။ အဲဒီလိုဖြစ်သွားတဲ့ ပုဂ္ဂိုလ်တွေလည်း အများကြီးပါ။

တချို့ကျတော့လည်း ဒီဘဝမှာ ဘယ်လိုမှတရားမရလိုက်ဘူး။ သို့သော်လည်းပဲ ကျင့်ကြံအားထုတ်ရင်းနဲ့ သေသွားတဲ့အတွက်ကြောင့် နောင်ဘဝရောက်တာနဲ့တစ်ပြိုင်နက် တရားရသွားတယ်။ နောင်ဘဝကူးသွားတာနဲ့ ဘဝအစမှာတင် တရားရသွားပါတယ်။

www.dhammadownload.com

ဆိုလိုတာက လူ့ဘဝက တရားကျင့်ရင်းသေပြီးတဲ့နောက် နတ်ပြည်ရောက်သွားတယ်။ လူ့ဘဝအသိဉာဏ်တုန်းက သူဟာ တရားရနိုင်တဲ့ အနေအထားမရှိရှာဘူး။ ဉာဏ်မမီပါဘူး။ နတ်ဖြစ်သွားတဲ့အချိန်အခါမှာ လူထက် အသိဉာဏ်မြင့်သွားတယ်။ နတ်ပြည်မှာ တရားဆက်နာလိုက်ရတယ်။ ဒါမှ မဟုတ် သူ့အကြောင်းအားလျော်စွာ တရားကျင့်ဖြစ်သွားတယ်။ နောင်ဘဝကိုရောက်သွားချိန်ကျမှ တရားရသွားတဲ့ ပုဂ္ဂိုလ်တွေလည်းရှိပါတယ်။

ဒါကိုကြည့်သောအားဖြင့် တရားကျင့်သူတို့ အခုလုပ်နေတဲ့အလုပ်၊ အခုကျင့်နေတဲ့အကျင့်သည် အကျိုးမဲ့မဖြစ်ပါဘူး။ အခု တရားမရဘူးဆိုရင်တောင် သေခါနီးအချိန်မှာ ရနိုင်တယ်။ သေခါနီးအချိန်မရရင် နောင်ဘဝရဲ့ အစမှာ တရားရနိုင်ပါတယ်။

"ငါကတော့ ဒွိဟိတ်ပုဂ္ဂိုလ် ဖြစ်မယ်ထင်တယ်။ ဒီတရားတွေ ဘယ်လိုမှလိုက်မမီဘူး။ ဘာမှလည်း နားမလည်ဘူး။ ဘယ်လိုမှလည်း အားထုတ်လို့မရဘူး။ ဘုရား၊ တရားတွေကလည်း ခက်လိုက်တာ၊ ရှုပ်လိုက်တာ၊ စိတ်ကိုလည်း ထိန်းသိမ်းလို့မရ၊ စုစည်းလို့မရ၊ အားထုတ်လို့မရနဲ့။ စိတ်တွေပျက်လိုက်တာ၊ စိတ်တွေရှုပ်လိုက်တာ" ဆိုပြီးအားမထုတ်ရင် ဒွိဟိတ်ကနေ တိဟိတ်မဖြစ်လာတော့ဘဲ ဘဝအဆက်ဆက်မှာ တရားမရနိုင်တဲ့ ဒွိဟိတ်ပဲဖြစ်နေပါလိမ့်မယ်။

www.dhammadownload.com

ဘဝဆက်ဆက် ဆင့်မတက်

မကျင့်မကြံ့ မပွားများအားမထုတ်ရင် ဘဝအဆက်ဆက် သံသရာအဆက်ဆက်မှာ ဒွိဟိတ်ကနေ တိဟိတ်အဆင့်ကို မတက်လာနိုင်ပါဘူး။ ဒွိဟိတ်အဆက်ဆက်သာ ဖြစ်နေပါလိမ့်မယ်။ ဒီဘဝမှာလည်း ဒွိဟိတ်၊ နောင်ဘဝမှာလည်း ဒွိဟိတ်၊ နောက်တစ်ဘဝမှာလည်း ဒွိဟိတ်သာဖြစ်ပါမယ်။

ကျင့်ကြံပွားများတရားအားမထုတ်ရင်ဒီဘဝလည်းတရားမရ၊ နောင်ဘဝလည်းမရ၊ နောက်တစ်ဘဝမှာလည်းမရနိုင်ပါဘူး။ ယခုလက်ရှိကျင့်ကြံပွားများအားထုတ်နေတဲ့ တရားအလုပ်သည် အသိဉာဏ်အဆင့်အတန်းကို မြှင့်တင်ပေးနိုင်ပါတယ်။

ပဋိသန္ဓေသတ်မှတ်ချက်အရဒီဘဝမှာတော့ဖြင့်ဒွိဟိတ်ကတိဟိတ်ဖြစ်အောင် ပြောင်းလဲလို့မရပါဘူး။ ဖြစ်ပြီးသားကို ပြင်လို့မရပါဘူး။ ဘယ်လိုမှလုပ်လို့မရပါဘူး။ သို့သော်လည်း ဘယ်အချိန်မှာ ပြောင်းလို့ရလဲဆိုရင် ဘဝပြောင်းသွားတဲ့အချိန်မှာ ပြောင်းလို့ရပါတယ်။ နောင်ဘဝရောက်ရင် ပြောင်းသွားပါတယ်။

ဆုပြည့်စုံထွန်းစာပေ

www.dhammadownload.com

မကျင့်မကြံ့ မပွားများအားမထုတ်ရင် ဒီအတိုင်းသာလျှင် အမြဲဖြစ်နေပါလိမ့်မယ်။ တရားမရနိုင်လို့ မကျင့်ရင် ဒီဘဝ၊ နောင်ဘဝ၊ နောက်တစ်ဘဝ အဆက်ဆက်တိုင်အောင် တရားမရနိုင်ပါဘူး။ ဒါကြောင့် တရားရအောင် တရားကျင့်ရပါမယ်။

အသိဉာဏ်မမီလည်း ကျင့်ပါ။ နားမလည်လည်း ကျင့်ပါ။ နားလည်လည်း ကျင့်ပါ။ မှန်မှန်ကန်ကန် ကျင့်သွားခြင်းဖြင့် မဂ္ဂင်တရားရှစ်ပါး အကျင့်တရားတွေကို လက်တွေ့ကျင့်သုံးသွားခြင်းဖြင့် တဖြည်းဖြည်း သိနားလည်လာပါလိမ့်မယ်။

မကျင့်မကြံ့မပွားများအားမထုတ်ဘူးဆိုရင်လက်ရှိဘဝအနေအထားက အ.ဟိတ်တိရစ္ဆာန်အဆင့်တောင် လျော့ကျသွားနိုင်ပါတယ်။ ဘဝအဆင့်အတန်းတွေမမြင့်ဘဲ နိမ့်သွားပါလိမ့်မယ်။ အခုဆိုရင် လူ့ဘဝကို ရနေပါသေးတယ်။ တရားမရနိုင်သေးသော်လည်း လူဖြစ်နေပါသေးတယ်။ အ.ဟိတ်ဆိုတာ တိရစ္ဆာန်ဘဝ အဆင့်နိမ့်သွားတာပါ။ ကိုယ့်ဘဝအဆင့်အတန်းမြင့်အောင် ကိုယ်ဘာလုပ်ယူရမလဲ၊ တရားကျင့်ယူမှ ရပါမယ်။

မြတ်စွာဘုရားရှင် ဟောကြားပေးတဲ့ တရားဓမ္မဟာ ဘဝအဆင့်အတန်းကို မြင့်မားစေတဲ့တရားပါ။ ဘဝအဆင့်မြှင့်ပေးတဲ့ တရားပါ။ တရားကြောင့် မြင့်တက်လာတဲ့ဘဝဟာ တရားမကျင့်ရင် အဆင့်ကျသွားနိုင်ပါတယ်။

www.dhammadownload.com

မကျင့်ဘဲ နိဗ္ဗာန်မရနိုင်

ကိုယ့်အသိဉာဏ်တွေ မြင့်မားချင်ရင် ကျင့်ကြံပွားများ အားထုတ်တဲ့တရားနဲ့မှ မြင့်တင်ပေးလို့ရပါတယ်။

ကျင့်ရင်းမြင့်မားလာပါမယ်။ ကျင့်ရင်းနဲ့ တစ်ဆင့်တစ်ဆင့် မြင့်လာတော့ ပါရမီမရှိရင် ရှိလာမယ်။ ပါရမီမပြည့်ရင် ပြည့်လာပါမယ်။ မရင့်ကျက်သေးရင် ရင့်ကျက်လာမယ်။ အခြေအနေ၊ အချိန်အခါတွေ သင့်တော်လျောက်ပတ်လာပြီဆိုရင် ဘွားခနဲတရားရလာနိုင်ပါတယ်။

ဘယ်အချိန်ရမယ်၊ ဘယ်နှခုနှစ်မှရမယ်၊ ဘယ်နှနှစ်ကျင့်မှရမယ် စသဖြင့်ပိုင်းခြားသတ်မှတ်မှုမရှိပါဘူး။ နောက်ဆုံးမြတ်စွာဘုရားက သတိပဋ္ဌာန်သုတ္တန်မှာ အာမခံချက်ပေးတယ်။ ခုနစ်ရက်အတွင်းရနိုင်တဲ့တရား၊ ခုနစ်ရက်နဲ့မရရင် ခုနစ်လအတွင်းမှာ ရနိုင်ပါတယ်။ ခုနစ်ရက်နဲ့မရရင် ခုနစ်လကျင့်ရမှာပါ။ ခုနစ်လမှမရရင်တော့ ဘယ်လိုလုပ်မလဲ။ ဘုရားဆို ရင် ခုနစ်နှစ်ကျင့်ရပါမယ်။ ခုနစ်နှစ်အတွင်းမှာ ရနိုင်တဲ့တရားပါ။ ခုနစ်ရက် နဲ့မရရင် ခုနစ်လကျင့်

www.dhammadownload.com

မယ်။ ဒီလောက်မှ အချိန်မပေးရင်တော့ ရဖို့ခက်ပါလိမ့်မယ်။ ကျောင်းသား ကျောင်းသူတွေစာတွေသင်ယူကြ၊ ဘွဲ့တွေယူကြပါတယ်။အနည်းဆုံး ဆယ်နှစ် ဆယ့်ငါးနှစ်။ဒီလောက်သင်မှ ဘွဲ့တစ်ခုရတယ်။ သူ့ထက်အဆင့်မြင့်တဲ့ ဘွဲ့ယူ ချင်ရင် နောက်ထပ် ငါးနှစ်၊ ဆယ်နှစ်။ ဒီလို ဆက်လက်သင်ယူရတယ်။ အချိန် ပေးရပါတယ်။ တရားကိုလည်း အချိန်တော့ပေးရမှာပါ။

သိပ်ကိုဉာဏ်ကောင်း၊ ဉာဏ်ထက်တယ်ဆိုလို့ကတော့ ခုကျင့်ရင် ခုရနိုင်တဲ့တရားပါ။ နောက်ဆုံး ကောက်ချက်ချမယ်ဆိုရင် မကျင့်ဘဲနဲ့တော့ မရနိုင်ဘူးလို့ပြောရမှာပါ။

တရားကျင့်သူနဲ့ မကျင့်သူ ထူးခြားချက်ကိုပြောကြမယ်ဆိုရင် ကျင့် သူသည်ရနိုင်တယ်။ အကျိုးရှိတယ်။ မကျင့်သူသည် တရားမရနိုင်ဘူး။ အကျိုး မရှိဘူး။ တရားရမယ့်သူဖြစ်ပင်ဖြစ်သော်လည်း မကျင့်ရင် သူသည် ဘယ်နည်း နဲ့မှ နိဗ္ဗာန်ကိုမျှော်မှန်းလို့ မရနိုင်ပါဘူး။

အခုချက်ချင်း ရဟန္တာဖြစ်မယ့်သူ၊ အခုချက်ချင်း သောတာပန်ဖြစ် မယ့်သူမှာ အသိဉာဏ်က အဆင့်သင့်။ တရားကလည်း အဆင်သင့်။ ဘာမှ လိုအပ်ချက်မရှိဘူးဆိုရင် သူအခုကျင့်လိုက်ရင် တစ်မိနစ်၊ နှစ်မိနစ်အတွင်း တရားရပါမယ်။ သို့သော်လည်း သူမကျင့်ရင်တော့ မရပါဘူး။ သူ တစ်မိနစ်ပဲ ကျင့်လို့ တရားရမယ်ဆိုသော်လည်း တစ်မိနစ်တောင် သူမကျင့်ရင်မရပါဘူး။

တစ်နာရီကျင့်ရင် တရားရမယ့်သူ နာရီဝက်ကျင့်ရုံနဲ့ မရပါဘူး။ လေးဆယ့်ငါးမိနစ်ကျင့်ရုံနဲ့ မရပါဘူး။ မိနစ်ငါးဆယ်ကျင့်ရင်ကော တရားရ မလား။ မရပါဘူး။ သူ ဘယ်လောက်ကျင့်မှ ရမှာလဲ။ တစ်နာရီကျင့်မှ ဒီတစ် နာရီလောက် အချိန်လေးပေးမှ ရမှာပါ။ သူ့အသိဉာဏ်က တစ်နာရီကျင့်မှ ရင့် မှာပါ။

ဒါကို အချိန်မပေးဘူး။ မိနစ်သုံးဆယ်လောက်ပဲ ကျင့်မယ်။ မိနစ် လေးဆယ်လောက်ကျင့်၊ မိနစ်ငါးဆယ်လောက်ကျင့်ပြီး "ဟာ . . . ရလည်း

www.dhammadownload.com

မရဘူး။ ဖြစ်လည်းမဖြစ်ဘူး" ဆိုပြီး သူရပ်လိုက်ရင် မရတော့ပါဘူး။ အဆင့်အတန်းမမီတာပါ။ ကိုယ်လိုအပ်တဲ့ အဆင့်အတန်း၊ လိုချင်တဲ့တရားနဲ့ သင့်တော် လျောက်ပတ်တဲ့ အဆင့်အတန်းတစ်ခုထိရောက်အောင် ကျင့်ရမယ်။ အတိုင်းအတာ သတ်မှတ်ချက်တစ်ခု ပြည့်စုံအောင်ကို ကျင့်ရပါမယ်။

www.dhammadownload.com

တရားကျင့်သူသာ တရားရနိုင်

တိဟိတ်ပုဂ္ဂိုလ်ဖြစ်သော်လည်း မကျင့်မကြံရင် မရနိုင်ဘူး။ ဒွိဟိတ်ပင်ဖြစ်သော်လည်း ကျင့်ကြံပွားများအားထုတ်မယ်ဆိုရင် နောက်ဘဝမှာ ရနိုင်ပါတယ်။ အ.ဟိတ်ပုဂ္ဂိုလ်တွေတောင်မှ ကျင့်ကြံပွားများ အားထုတ်မယ်ဆိုရင် နောင်ဘဝတွေမှာ ရနိုင်ပါသေးတယ်။

ဘုရားရှင်လက်ထက်တော်က ဖြစ်ခဲ့ဖူးတဲ့ အဖြစ်အပျက်လေးတွေကိုကြည့်ရင် သိနိုင်ပါတယ်။ လင်းနို့သားငါးရာတို့ တိရစ္ဆာန်ဖြစ်နေတာပါ။ ဂူထဲမှာ လင်းနို့တွေ ဖြစ်နေတာပါ။ ဂူထဲက ရဟန်းနှစ်ပါးရွတ်ဆိုတဲ့ အဘိဓမ္မာတရားသံကိုကြားကြရပါတယ်။ ခန္ဓာအာယတန ဓာတ်ဆိုတာတွေကို မသိပေမဲ့ တရားသံလို့သိမှတ်ရုံနဲ့ သေပြီးတဲ့နောက် နတ်ပြည်ရောက်ကြပါတယ်။ အဲဒီကနေ သာဝတ္ထိပြည်မှာ လူလာဖြစ်ကြတော့ အရှင်သာရိပုတ္တရာထံမှာ ရဟန်းဝတ်ခဲ့ကြပါတယ်။ အရှင်သာရိပုတ္တရာ အရှင်မြတ်က မြတ်စွာဘုရားရှင် ဟောတော်မူတဲ့ အဘိဓမ္မာဒေသနာတွေကို ပြန်ဟောပြလို့ နာကြားပြီးနောက် ရဟန်းဘဝနဲ့ တရားရသွားကြပါတယ်။ တိရစ္ဆာန်ဘဝတုန်းက အ.ဟိတ်ပါ။

www.dhammadownload.com

ဘဝလည်းပြောင်းရော တိဟိတ်ဖြစ်သွားပါတယ်။

တာဝတိံသာနတ်ပြည်က ဖားနတ်သားဆိုတဲ့ နတ်သားလေးဟာ အရင်ဘဝတုန်းက တိရစ္ဆာန်ပါ။ ဖားလေးတစ်ကောင်ပါ။ ဘုရားရှင်တရားဟောတဲ့အသံကြားပြီး "ဒီအသံကောင်းတဲ့အသံပဲ။ တရားသံပဲ" ဆိုပြီးဒီအသံကို နှလုံးသွင်းတယ်။ အာရုံပြု နားထောင်ပါတယ်။ အဲဒီအချိန်မှာ အမှတ်မထင် နွားကျောင်းသားက သူ့ပေါ်မှာကြိမ်လုံးနဲ့ထောက်မိပါတယ်။ ဒဏ်ရာကပြင်းတဲ့အတွက် တရားနာရင်းနဲ့ပဲ သေသွားပါတယ်။ ဘုရားရှင်ကိုယ်တော်မြတ်ကြီး ဟောတဲ့တရားကို သေခါနီးထိ သူနာကြားသွားပါတယ်။ တိရစ္ဆာန်ဖြစ်နေချိန်မှာတော့ တရားမရပါဘူး။ သေပြီးတဲ့နောက် နတ်ပြည်ရောက်သွားပြီး နတ်သားဖြစ်ပါတယ်။

နတ်ပြည်ရောက်သွားတဲ့အချိန် ဟိုမှာ ဘုရားဟောတဲ့တရားပွဲက မပြီးသေးဘူး။ သူကတော့ ဘဝပြောင်းသွားပြီ။ ဖားဘဝကနေ နတ်သားဖြစ်ပြီး မြတ်စွာဘုရားရှင် တရားဟောနေဆဲ တရားပွဲကိုပြန်လာပါတယ်။ တရားနာပါတယ်။ တရားရသွားပါတယ်။

အချိန်က မကြာပါဘူး။ ဘုရားရှင် တရားဟောနေတာ အလွန်ဆုံးကြာမှ တစ်နာရီ၊ နှစ်နာရီလောက်သာရှိမှာပါ။ ဒီတစ်နာရီ၊ နှစ်နာရီအတွင်းမှာ ဖားလေးရဲ့ဘဝဖြစ်စဉ်တွေ အများကြီးပြောင်းသွားပါတယ်။

ပထမသူအ,ဟိတ်တိရစ္ဆာန်၊ သေပြီးနတ်ပြည်ရောက်တော့ တိဟိတ်ဖြစ်သွားတယ်။ ပထမတရားတော် အစပိုင်းလေး သူနာတုန်းက ဘာမှမဖြစ်သေးဘူး။ တရားဆုံးခါနီးတော့မှ နတ်ဖြစ်သွားပြီး တရားတော်ကို တစ်ခေါက်ပြန်လာနာပါတယ်။ တရားရသွားပါတယ်။

တရားမနာ၊ တရားမကျင့်ကြံသူတွေကတော့ အဆင့်ကျကျသွားတတ်ပါတယ်။ ဘုရားရှင်လက်ထက်အချိန်တုန်းက တရားအားထုတ်ရင်တရားရနိုင်တဲ့ သာဝတ္ထိပြည်က သူဌေးဇနီးမောင်နှံနှစ်ယောက်ရှိပါတယ်။ ပထမအရွယ်မှာ တရားကျင့်ရင် အမျိုးသားဖြစ်တဲ့သူက ရဟန္တာဖြစ်မယ်။ အမျိုး

www.dhammadownload.com

သမီးက အနာဂါမ်ဖြစ်မယ်။ ဒုတိယအရွယ်မှာ တရားကျင့်ရင် အမျိုးသားက အနာဂါမ်၊ အမျိုးသမီးက သကဒါဂါမ်ဖြစ်မယ်။ နောက်ဆုံး တတိယအရွယ် တရားကျင့်ရင်တောင် အမျိုးသားက သကဒါဂါမ်၊ အမျိုးသမီးက သောတာပန်ဖြစ်မယ်။ ဒါပေမဲ့ ပျော်မှုရွှင်မှုနဲ့ အချိန်ကုန်၊ အသက်တွေကြီးပြီး ဘာမှမကျင့်ကြံခဲ့တဲ့အတွက်ကြောင့် သူတို့ ဘာမှရမသွားပါဘူး။

ခွက်လက်စွဲတောင်းစားပြီး ဒုက္ခရောက်ကြရပါတယ်။ သေတော့ စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲနဲ့သေရတဲ့အတွက် အပါယ်ငရဲကျမယ်။ တိရစ္ဆာန်ဖြစ်မယ်ဆိုရင် အခြေအနေ ပိုလို့ဆိုးဝါးသွားပါပြီ။ အများကြီး အဆင့်ကျသွားပါပြီ။

နောက်ဆုံး ကောက်ချက်ချလိုက်ရင် တရားဓမ္မသည် ကျင့်မှဖြစ်မယ့်အလုပ်၊ ကျင့်မှဖြစ်မယ့် တရားပါ။

www.dhammadownload.com

ကျင့်သူမကျင့်သူ တန်းမတူ

သေသေချာချာ စဉ်းစားကြည့်ပါ။ ကိုယ့်ကိုယ်ကိုယ် သေသေချာချာ ဘယ်လိုမှပိုင်းဖြတ်လို့ ဆုံးဖြတ်လို့မရပါဘူး။ တရားရမယ့်သူလား၊ မရမယ့်သူလားဆိုတာ ကိုယ့်စိတ်ကြိုက် သတ်မှတ်လို့မရပါဘူး။ လက်ရှိဘဝမှာ တရားမရနိုင်ဘူးဆိုတောင် တရားအားထုတ်လို့ အကျိုးမယုတ်ပါဘူး။

မြမြမုံမုံ ဖွဲသန်သန်နဲ့ ကျင့်ရပါမယ်။ ကြိုးစားအားထုတ်မှု ရှိရပါမယ်။ ရမယ့်သူလည်း ဖြစ်တယ်။ ကျင့်လည်းကျင့်တယ်ဆိုရင် သေချာပေါက် ကိုရမှာပါ။ သတ်မှတ်တဲ့အရည်အချင်းလည်း ပြည့်မီတယ်။ အရည်အချင်း အဆင့်အတန်းမီအောင် ကြိုးစားကျင့်ကြံတယ်ဆိုရင် ဒီဘဝမှာတင် တရားရနိုင်ပါတယ်။

ဒီဘဝမရရင်လည်း အားမလျှော့လိုက်ပါနဲ့။ သေခါနီးအချိန် ရနိုင်ပါသေးတယ်။ အဲဒီအချိန်မရနိုင်ရင် နောင်ဘဝမှာရမယ်။ ဒါကြောင့် တရားကျင့်တဲ့သူနဲ့ မကျင့်တဲ့သူ တူကိုမတူပါဘူးလို့ သတ်မှတ်ရပါမယ်။

www.dhammadownload.com

သူများပြောတဲ့စကားလည်း နားမယောင်ပါနဲ့။ တချို့ "နင်တို့အကြိမ်ကြိမ်အထပ်ထပ် တရားတွေကျင့်ပြီးတော့ ဘာရလို့လဲ။ ဘာသိလို့လဲ။ တို့လည်း မကျင့်ဘဲနဲ့နေတာပဲ။ တို့မကျင့်ဘဲနေတော့ ဘာမျှမသိဘူး။ နင်တို့က ကျင့်ပြီးဘာမျှမသိဘူး။ မသိတာချင်းအတူတူပါပဲ" လို့ပြောသူတွေက ပြောကြပါတယ်။ လိုက်ပြီး တန်းညှိတတ်ကြပါတယ်။ ကျင့်သူနဲ့မကျင့်သူ ဘယ်လိုမှမတူပါဘူး။ မကျင့်သူနဲ့စာရင် ကျင့်သူက နေရာတကာမှာ အများကြီးသာပါတယ်။ ဘယ်ဘက်ကကြည့်ကြည့် သာပါတယ်။

တချို့ကပြောသေးတယ်။ "နင်တို့ တရားစခန်းမှာ သွားပြီးငိုက်နေတာ။ အဲဒီလိုငိုက်နေမဲ့အစား ကိုယ့်အိမ်ကိုယ့်ရာမှာ ကိုယ်အိပ်ပါတော့လား။ တို့ကတော့ အပင်ပန်းခံပြီး ရိပ်သာသွားမနေတော့ဘူး။ ကိုယ့်အိမ်ကိုယ့်ရာမှာပဲ အိပ်နေတော့မယ်" လို့မခံချင်စရာဖြစ်အောင် ယောဂီတွေကို ဝေဖန်ပြောဆိုကြပါတယ်။

အိပ်နေတာချင်းတူရင်တောင် မတူဘူးလို့ပဲ ပြောချင်ပါတယ်။ တရားကျင့်သူဘက်က ရှေ့နေလိုက်ချင်တယ်။ တရားစခန်းမှာ ငိုက်နေတာက လန့်လန့်နိုးတဲ့အချိန် ရှိသေးတယ်။ သတိရတဲ့အချိန် ရှိပါသေးတယ်။ ဘုန်းကြီးက လာလာသတိပေးပြီး ပြောလို့ဖြစ်စေ၊ အမှတ်တမဲ့ဖြစ်စေ ပြန်လန့်နိုးတဲ့အချိန်မှာ တရားအားထုတ်နေပါလားဆိုတဲ့ သတိလေးဘာလေးရသေးတယ်။ အိမ်မှာအိပ်နေတာက စိတ်လွတ်ကိုယ်လွတ်နဲ့ တရားသတိရချိန်တောင်မရှိပါဘူး။

ဒီတော့ တရားအားထုတ်နေသူတွေ ငိုက်လည်းငိုက်ပါစေ။ ငိုက်နေလည်း အားထုတ်ဖို့တောင် မလာတဲ့သူနဲ့စာရင် တော်ပါသေးတယ်။ အကျိုးမယုတ်ပါဘူး။ ကျင့်နေဖို့သာ အရေးကြီးပါတယ်လို့ ပြောချင်ပါတယ်။ ကျင့်နေတယ်ဆိုရင် အနည်းဆုံး ကိုယ်ချမ်းသာ၊ စိတ်ချမ်းသာမှုကို ခံစားကြရပါတယ်။ အကြောင်းအမျိုးမျိုးကြောင့် အပူသောကတွေတောက်လောင်နေတဲ့သူတွေ

www.dhammadownload.com

ဟာ တည်တည်ငြိမ်ငြိမ် တရားရှုနိုင်ချိန်မှာ အပူမီးတောက်တွေ ငြိမ်းအေး သွားကြပါတယ်။

ဘယ်လိုမှဖြေမဆည်နိုင်အောင် မျက်ရည်တွေဖြိုင်ဖြိုင်စီးကျလို့ ငိုကြွေးနေကြရတဲ့သူတွေဟာ တရားရေစင် ရင်ထဲကိုဝင်ရောက်သွားရင် အငို **တိတ်ပြီး** နလုံးစိတ်ဝမ်းအေးချမ်းသွားကြပါတယ်။ လက်ရှိသုတေသနစစ်တမ်း များအရ တရားဓမ္မကို ကျင့်ကြံအားထုတ်ခြင်းဟာ ကိုယ်မှာဖြစ်နေတဲ့ ရောဂါ ဝေနာအမျိုးမျိုး၊ စိတ်မှာဖြစ်နေတဲ့ ရောဂါဝေဒနာအမျိုးမျိုးကို သက်သာပျောက် ကင်းစေတယ်လို့ တွေ့ရပါတယ်။ သုတေသနပညာရှင်ကြီးတွေ နည်းမျိုးစုံနဲ့ လက်တွေ့စစ်သပ်ပြီး ကြေညာချက်စာတမ်းတွေ ထုတ်ပြန်ဖော်ပြကြတာပါ။

စစ်မှန်တဲ့ကိုယ်ချမ်းသာခြင်း၊ စိတ်ချမ်းသာခြင်းကို ပေးစွမ်းနိုင်တာ ဟာတရားဓမ္မကလွဲလို့ဘယ်အရာကမှမစွမ်းနိုင်ပါဘူး။ ဘယ်လိုပြည့်စုံကြွယ်ဝ မှုတွေကမှ မပေးစွမ်းနိုင်ပါဘူး။ ဒါကြောင့် လက်ရှိဘဝမှာ ကောင်းကျိုးချမ်းသာ အဖြာဖြာရဖို့ကိုလည်း တရားကျင့်ရပါတယ်။ နောင်သံသရာတစ်လျှောက် စိတ်အေးချမ်းမှုရှိအောင်လည်း တရားကျင့်ကြရပါတယ်။

နောက်ဆုံး သံသရာဝဋ်ဒုက္ခတွေရဲ့ကုန်ကင်းရာ၊ ချုပ်ငြိမ်းရာ နိဗ္ဗာန် ကို မျက်မှောက်ပြုနိုင်ဖို့ဆိုရင်လည်း တရားကျင့်ကြရပါတယ်။

www.dhammadownload.com

တရားကျင့်ဖို့ ကောင်းတဲ့အချိန်

အဂုံတွင်ရနိုကာယ် အဋ္ဌကနိပါတ် အကွဏသုတ္တန်မှာ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက တရားဓမ္မကျင့်ကြံအားထုတ်ဖို့မဖြစ်နိုင်တဲ့ ဘဝအခြေအနေရှစ်မျိုးကိုပြပါတယ်။ ကျင့်ချင်ပေမဲ့ကျင့်လို့မရ၊ ကျင့်သော်လည်းပဲ ဘယ်လိုမှ တရားထူးတရားမြတ်ကို မရနိုင်တဲ့အခြေအနေ အချိန်အခါမျိုးပါ။

အခွင့်အရေးကောင်းတွေ ရနေချိန်မှာမကျင့်ဘဲ အခွင့်ကောင်းတွေလွဲချော်ချိန်ကိုရောက်မှဆိုရင် ဘယ်လိုပဲတရားကျင့်ကျင့်၊ ဘယ်လောက်ပဲအားထုတ်ထုတ် ကြိုးစားခွင့်၊ အားထုတ်ခွင့်တောင်မရနိုင်တာမို့ ရပ်ပြစ်ရှစ်ပါးလို့လည်း ခေါ်ပါတယ်။ ရပ်ပြစ်ရှစ်ပါးလွတ်နေချိန်ဟာ တရားကျင့်ဖို့ကောင်းတဲ့အချိန်ပါ။

အခုမိမိတို့ရတဲ့အချိန်သည် အမှန်တကယ် အကောင်းဆုံးအချိန်ပါ။ ခုချိန်မှာ တရားဓမ္မအားထုတ်ဖို့ အခွင့်အရေးတွေရနေပါတယ်။ အားထုတ်မယ်၊ ကျင့်ကြံမယ်ဆိုရင်လည်း ပေါက်မြောက်ပြည့်စုံအောင် ကျင့်နိုင်ပါတယ်။ တရားဓမ္မကျင့်ကြံအားထုတ်ဖို့ အခွင့်ကောင်းနဲ့ကြုံနေချိန်လို့ ပြောရမှာပါ။

ဆုပြည့်စုံထွန်းစာပေ

www.dhammadownload.com

ငရဲဘဝမှာ ရောက်နေက

နံပါတ်တစ်အနေနဲ့ ဘုရားမြတ်စွာက တရားအားထုတ်ဖို့ မဖြစ်နိုင်တဲ့အခြေအနေ၊ အခွင့်အရေးကောင်း ဆုံးရှုံးရတဲ့ အခြေအနေတစ်ခုကို ဖော်ထုတ်ပြတော်မူပါတယ်။ ငရဲဘဝကိုရောက်နေတာကိုဆိုလိုပါတယ်။ အကုသိုလ်ဒုစရိုက်မူတွေပြုလို့ သေပြီးတဲ့နောက် ငရဲဘဝရောက်နေရတဲ့သူတွေကလည်း သက်ရှိသတ္တဝါတွေပါ။ လူတွေ၊ နတ်တွေ၊ ဗြဟ္မာတွေဆိုတာကလည်း သက်ရှိသတ္တဝါတွေပါ။ သက်ရှိသတ္တဝါချင်းအတူတူ ငရဲဘဝကို ရောက်နေတယ်ဆိုရင် တရားကျင့်နိုင်တဲ့ အခွင့်ကောင်းတွေ ဆုံးရှုံးသွားတယ်လို့ မိန့်တော်မူတာပါ။

ဒါကိုသိစေချင်လို့ အမရပူရတောင်မြို့မဟာဂန္ဓာရုံဆရာတော်ကြီး သီတင်းသုံးတဲ့ ကျောင်းလေးရဲ့အပေါက်ဝမှာ "နောက်ဘဝဆိုတာရှိတယ်၊ ငရဲဆိုတာ ရှိတယ်" လို့ သတိပေးစာတမ်း ရေးသားထားခဲ့ပါတယ်။

ဘုန်းကြီးတို့ မြတ်စွာဘုရားရှင်ရဲ့ဂုဏ်တော်ကိုးပါးမှာ လောကဝိဒူဂုဏ်တော်လည်းတစ်ပါးပါဝင်ပါတယ်။ လောကဝိဒူဆိုတဲ့အဓိပ္ပာယ်က လောကသုံးပါးကို သိမြင်တော်မူတဲ့ မြတ်စွာဘုရားလို့ ဆိုလိုပါတယ်။ သတ္တလောက၊

www.dhammadownload.com

ဩကာသလောက၊ သခ်ၤါရလောကဆိုတဲ့ လောကသုံးမျိုးအကြောင်းကို နှံ့စပ်ကုန်စင်အောင် သိမြင်တော်မူတာပါ။

သတ္တလောကဆိုတာ သတ္တဝါများပါ။ သတ္တဝါလို့ဆိုတဲ့အထဲမှာလူ လည်းပါတယ်။ တိရစ္ဆာန်လည်းပါတယ်။ ဗြဟ္မာတွေလည်း ပါတယ်၊ နတ်လည်းပါတယ်၊ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာဘဝ ရောက်နေကြတဲ့သူတွေလည်းပါတယ်။ သက်ရှိသတ္တဝါအားလုံးကို သတ္တလောကလို့ခေါ်ပါတယ်။

သက်ရှိသတ္တဝါတွေ မီတင်းနေထိုင်ကြတဲ့ နေရာဌာနဖြစ်တဲ့ အနန္တစကြဝဠာ သုံးဆယ့်တစ်ဘုံဟာ ဩကာသလောကပါ။ လူသားတွေနဲ့ တိရစ္ဆာန်တွေနေထိုင်ကြတဲ့ ကမ္ဘာမြေသည် စကြဝဠာထဲမှာ အကျုံးဝင်တော့ ကမ္ဘာကြီးတစ်ခုလုံးဟာ ဩကာသလောကထဲမှာ ပါဝင်ပါတယ်။ ငရဲသားတွေ၊ ပြိတ္တာတွေနေထိုင်ကြတဲ့ ဘုံဌာနနေရာတွေလည်း ဒီစကြဝဠာထဲမှာ အကျုံးဝင်တော့ ဩကာသလောကပါပဲ။

နောက်တစ်မျိုးဖြစ်တဲ့ သခ်ၤါရလောကဆိုတာက သတ္တဝါမှာရှိတဲ့ ရုပ်နာမ်တွေရဲ့ဖြစ်ခြင်းပျက်ခြင်းသဘောတရားတွေပါ။ သက်ရှိသတ္တဝါတွေရရှိထားတဲ့ ရုပ်နာမ်တွေဟာ မပြောင်းမလဲတည်မြဲမနေပါဘူး။ ဖြစ်လိုက်ပျက်လိုက်နဲ့ အဆက်မပြတ်လည်ပတ်နေတော့ အဲဒီဖြစ်ခြင်း၊ ပျက်ခြင်းသဘောတရားတွေကို လောကတစ်ခုအနေနဲ့ပြောရင် သခ်ၤါရလောကလို့ ဆိုရတာပါ။

ဘုရားရှင်ဟာ လောကသုံးပါးကို အကုန်အစင်နှံ့စပ်အောင် သိတတ်တော်မူတဲ့အတွက် သတ္တဝါတွေရဲ့အကြောင်းတွေကိုလည်း အကုန်အစင်သိပါတယ်။ သုံးဆယ့်တစ်ဘုံအတွင်းမှာ သတ္တဝါတွေ နေပုံထိုင်ပုံတွေ၊ ကုန်းမှာနေတာ၊ ရေမှာနေတာ၊ လေထုထဲနေတာတွေ အမျိုးမျိုးအဖုံဖုံ ဖြစ်နေပျက်နေတာတွေအားလုံးကို သဗ္ဗညုတဉာဏ်တော်နဲ့ သိမြင်ပါတယ်။ လောကဝိဒူဝုဏ်တော်နဲ့ပြည့်စုံတဲ့ ဘုရားရှင်က ဆင်ခြင်ကြည့်လိုက်ချိန်မှာ လူသားတွေနဲ့ ငရဲသားများရဲ့ကွာဟချက်တွေ တွေ့လာပါတယ်။

www.dhammadownload.com

လူသားတွေမှာဆိုရင် တရားဓမ္မကျင့်နိုင်တဲ့ အခွင့်ကောင်းရှိတယ်။ ငရဲသားတွေက အမြဲ ဆင်းရဲဒုက္ခ နှိပ်စက်ခံနေရတယ်။ အချိန်နဲ့အမျှ ဆင်းရဲနေရတယ်။ အချိန်တိုင်းမှာ ကိုယ်ရောစိတ်ရော ဆင်းရဲပင်ပန်းနေတဲ့ ဘဝဆိုးနဲ့ နေရချိန်မျိုးမှာ တရားကျင့်ပါဆို မကျင့်နိုင်ပါဘူး။ တရားကျင့်ရဦးမယ်ဆိုတဲ့ စိတ်ကူးမျိုးတောင် ပေါ်ဖို့မဖြစ်နိုင်ပါဘူး။

လူဘဝဆိုတာက ဘယ်လောက်ပဲစီးပွားရေး မပြေလည်ပါစေ၊ စားဝတ်နေရေး ကျပ်တည်းပါစေ တရားကျင့်မယ်ဆိုရင် ကျင့်နိုင်တဲ့အခွင့်အရေး ရပါသေးတယ်။ နိုင်းယှဉ်ကြည့်လိုက်ရင် အခု ကိုယ်ရထားတဲ့အခွင့်အရေးနဲ့ ငရဲသားတွေရနေတဲ့ အခွင့်အရေး ဘယ်လောက်ကွာခြားတယ်ဆိုတာ တွေ့ရမှာပါ။

ဘုန်းကြီးတို့ရဲ့ကျေးဇူးတော်ရှင် ဓမ္မဒူတဆရာတော်ဘုရားကြီးဟာ နိုင်ငံအနှံ့အပြား တရားဓမ္မ လှည့်လည်ဟောပြောရင်းနဲ့ ရေးမြို့ဘက်ကို ကြွခဲ့ပါတယ်။ ရေးမြို့ကိုရောက်တိုင်း သူ ကြည်ညိုရင်းစွဲရှိတဲ့ ကလိန်စိဆရာတော်ကြီးကို အမြဲတမ်း ဝင်ရောက်ဖူးမြော်ကန်တော့လေ့ရှိပါတယ်။

ကလိန်စိဆရာတော်ကြီးဆိုတာ သက်တော်ဝါတော် ကြီးရင့်လှပါပြီ။ သက်တော်ကြီးတဲ့တိုင် နေ့စဉ် ပိဏ္ဍပါတ်ဆွမ်းခံကြွလေ့ရှိပါတယ်။ ဓမ္မဒူတဆရာတော် ရောက်သွားတဲ့အချိန်နဲ့ ကလိန်စိဆရာတော်ကြီး ဆွမ်းခံပြန်ကြွခါစ ဆုံပါတယ်။

"ဆရာတော်ဘုရား၊ နေကလည်းပူလှသနဲ့ ပင်ပန်းပါတယ်ဘုရား" လို့လျှောက်ထားတော့ ဆရာတော်ကြီးက "မောင်ပညာဇောတရဲ့ငါကအောက်ကြည့်သွားတာဟဲ့။ ပင်ပန်းတယ် မထင်တော့ပါဘူး။ အောက်ကငရဲဘုံမှာ တို့ထက်အပူများတဲ့သတ္တဝါတွေ ပြည့်လို့။ သူတို့အပူနဲ့စာရင် ဒီအပူ ဘာဟုတ်သေးလို့လဲ။ လူဘဝရတုန်းလေး တရားအလုပ်လုပ်ခွင့်ရတာ အပေါ်ကအပူကတော့ ပူစမ်းပါစေကွယ်" လို့ မိန့်ကြားတော်မူပါတယ်။

www.dhammadownload.com

ဒီစကားတွေကို ဘုန်းကြီးတို့ရဲ့ကျေးဇူးတော်ရှင် ဓမ္မဒူတဆရာတော်ကြီးဟာ အခါအခွင့်သင့်တိုင်း ဘုန်းကြီးတို့ကို ဆုံးမဩဝါဒပေးလေ့ရှိတာမို့ ခေါင်းထဲမှာစွဲနေတာပါ။

မနဿတ္တဘာဝေါဒဒုလ္လဘောဆိုတာ လူအဖြစ်ကိုရခဲတယ်လို့ဘုရားဟောရှိပါတယ်။ ရှားပါးတယ်၊ ရခဲတယ်ဆိုတာ တန်ဖိုးကြီးလို့ပါ။ "ဘုံတကာ့ဘုံဌာနတွေထဲမှာ လူ့ဘုံက ဘာလို့တန်ဖိုးကြီးရတာလဲ၊ သက်တမ်းရှည်ပြီး တန်ခိုးကြီး နတ်ဘုံ၊ ဗြဟ္မာ့ဘုံတွေက ဘုန်းတန်ခိုးတန်ဖိုး ပိုမကြီးဘူးလား" လို့ မေးစရာရှိပါတယ်။ ဟုတ်ပါတယ်။ တန်ဖိုးဆိုတာကို မြတ်ဗုဒ္ဓက အရာရာမှာ ကုသိုလ်နဲ့ပဲ တိုင်းတာပါတယ်။ ကုသိုလ်ကောင်းမှုတွေ ပြုချင်တိုင်း လွယ်လွယ်ပြုလို့ရတဲ့ဘဝမို့ လူ့ဘဝကို အမွှန်းတင်တာပါ။

အခုချိန်မှာ ငရဲဘဝကနေ လွတ်မြောက်နေပါတယ်။ ငရဲဘဝဆိုတာ သူရောကိုယ်ပါ ဘယ်သူမဆို တစ်ခဏချင်းရောက်သွားနိုင်တဲ့ ဘဝပါ။ ရှေးကလည်း ရောက်ဖူးခဲ့ကြမှာပါ။ သံသရာတစ်ခွင် ပြေးလွှားကျင်လည်တဲ့ သူမှန်သမျှ (၃၁) ဘုံထဲမှာ ဟိုထိပ်ဆုံးက အနာဂါမ်ဗြဟ္မာကြီးတွေသာနေကြတဲ့ သုဒ္ဓါဝါသဘုံကလွဲပြီးတော့ မရောက်ဖူး၊ မဖြစ်ဖူးတဲ့ဘုံဘဝဆိုတာ မရှိပါဘူး။

သတ္တဝါမှန်သမျှ လူလည်းပဲဖြစ်ဖူးပါတယ်။ နတ်လည်းပဲ ဖြစ်ဖူးပါတယ်။ ဗြဟ္မာလည်း ဖြစ်ဖူးပါတယ်။ ငရဲလည်း ကျဖူးပါတယ်။ တိရစ္ဆာန်လည်း ဖြစ်ဖူးပါတယ်။ ပြိတ္တာလည်း ဖြစ်ဖူးပါတယ်။ ဘဝဇာတ်ခုံပေါ်မှာ ဘဝတွေစုံအောင် အမျိုးမျိုးသရုပ်ဆောင်ဖူးကြပါတယ်။

သံသရာတစ်ခွင် ကျင်လည်စဉ် ငရဲဘုံဘဝကိုရောက်နေတယ်ဆိုရင် အခွင့်ကောင်းနဲ့ လွဲချော်ရတဲ့အချိန်ပါပဲ။ တရားအားထုတ်ရမယ့်အချိန်ကောင်းကို လက်လွတ်ဆုံးရှုံးပြီး အခွင့်ကောင်းနဲ့ လွဲချော်နေရပါတယ်။ အဲဒီတော့ ကိုယ့်ကိုယ်ကိုယ် ပြန်စဉ်းစားဆင်ခြင်ရမှာပါ။ "အခု ငါတရားအားထုတ်ဖို့ ကောင်းတဲ့အချိန်ကြုံနေတယ်။ ငါ ကံကောင်းထောက်မလို့ ငရဲဘဝကလွတ်နေတယ်" လို့ ဆင်ခြင်ရမှာပါ။

www.dhammadownload.com

ကိုယ်ပြုထားခဲ့တဲ့ ကုသိုလ်အကြောင်းကံလေးက အထောက်အပံ့ရှိနေတော့ ကောင်းတဲ့သုဂတိဘုံ လူ့ဘဝကို ခဏရောက်နေကြတာပါ။ ရခဲတဲ့ လူဘုံ၊ လူဥာန၊ လူ့ဘဝမှာလည်း မသေမပျောက် အမြဲတမ်းနေနိုင်တာမျိုးမဟုတ်တဲ့အတွက် ဒီဘဝကနေသေပြီးရင် ဘယ်ဘဝရောက်မယ်လို့ မသိပါဘူး။ ဘယ်အချိန်၊ ဘယ်ကာလကျမှ လူ့ဘဝကို ထပ်ရဦးမယ်လို့ အတိအကျ ပြောလို့မရပါဘူး။ သေပြီးရင် လူပြန်ဖြစ်လိမ့်မယ်လို့ ဘယ်သူကမှ အာမ မခံနိုင်ပါဘူး။ သေချာတာကတော့ ကိုယ့်ရဲ့ကောင်းမှုတွေနဲ့ ကိုယ့်ရဲ့ဘဝကောင်းကို တည်ဆောက်နိုင်ဖို့ပဲဖြစ်ပါတယ်။

www.dhammadownload.com

တိရစ္ဆာန်ဘဝ ရောက်ပြန်က

ကိုယ့်မျက်စိအောက်မှာ မြင်နေရတဲ့ တိရစ္ဆာန်လေးတွေကိုကြည့်လိုက်မယ်ဆိုရင် တိရစ္ဆာန်လေးတွေဟာ အသိဉာဏ်မပြည့်စုံရှာပါဘူး။ စားဖို့ရယ်၊ အိပ်ဖို့ရယ်ပဲ သိပါတယ်။ သူတို့သွားနေတဲ့လမ်းဟာ မဂ်ဖိုလ်နိဗ္ဗာန်နဲ့ ဖီလာကန့်လန့်သာဖြစ်ပါတယ်။

တိရစ္ဆာန်တွေရဲ့အသိဉာဏ်ထဲမှာအိပ်၊စား၊အပျော်သုံးခုပဲရှိပါတယ်။ ဒီအတိုင်းအတာထက်ကျော်လွန်ပြီး စဉ်းစားတွေးတော ဆင်ခြင်နိုင်တဲ့ အသိဉာဏ်ဆိုတာ မရှိရှာကြပါဘူး။ သူတို့ဘဝသက်တမ်းတစ်လျှောက်လုံးမှာ ဒီသုံးခုနဲ့ပဲ အချိန်ကုန်ပြီးဆုံးသွားပါတယ်။ တစ်ကောင်နဲ့တစ်ကောင်ကြိုးနိုင်ငယ်ညှဉ်းသတ်ကြဖြတ်ကြ၊ စားသောက်ကြပြီး တစ်ဘဝတာ ပြီးဆုံးသွားကြပါတယ်။ ဗြဟ္မစရိယဆိုတဲ့ မြတ်သောအကျင့်ကို ကျင့်မယ်ဆိုတဲ့စိတ်ထားမျိုး မပေါ်နိုင်ပါဘူး။

ရှေးတုန်းက ဘုရားလောင်းအစရှိတဲ့ သူတော်ကောင်းကြီးတွေဟာ ပါရမီဖြည့်စဉ် တိရစ္ဆာန်ဘဝရောက်နေချိန်မှာတောင် ဒါန၊ သီလအစရှိတဲ့

www.dhammadownload.com

ကုသိုလ်ကောင်းမှုတွေပြုတာတွေ့ရပါတယ်။ဒါပေမဲ့ဘာဝနာကောင်းမှုကိုတော့ မပြုနိုင်ကြပါဘူး။ ဘာဝနာကောင်းမှုပြုလုပ်အားထုတ်နိုင်၊ ဘာဝနာဉာဏ်စွမ်းတွေ ပေါ်ထွက်လာနိုင်တဲ့အထိတော့ ဉာဏ်မမီကြပါဘူး။ အခုကျင့်ကြံအားထုတ်နေကြတဲ့တရားဓမ္မဟာနတ်ပြဟ္မာမဖြစ်ရင်တောင်အနိမ့်ဆုံးလူသားတစ်ယောက်ဖြစ်နေပါမှ၊ လူ့ဘဝကိုရောက်နေပါမှ သိနိုင်ရနိုင်တဲ့တရားမျိုးပါ။

ကိုယ့်အနီးအနားမှာရှိတဲ့ ကျွဲ၊ နွားတွေ၊ ခွေး၊ ကြောင်တွေကို သတိထားကြည့်လိုက်ရင်သူတို့ဘဝမှာတိုးတက်ကြောင်း၊ကြီးပွားကြောင်းကျင့်တယ်ဆိုတာ မရှိပါဘူး။ကျင့်ဖို့ကောင်းတယ်ဆိုတဲ့အသိဉာဏ်လည်းမရှိကြတာတွေ့ရပါလိမ့်မယ်။

ကမ္ဘာဦးစကတည်းက တည်တံ့လာခဲ့တဲ့ တိရစ္ဆာန်တို့ရဲ့အသက်ရှင်နေထိုင်မှုဘဝပုံစံဟာ ယနေ့ခေတ်အထိ ဒီပုံစံအတိုင်းသာရှိနေပါတယ်။ သမိုင်းဖွံ့ဖြိုးမှုတောင်မရှိနိုင်တဲ့ သူတို့ဘဝမှာ မြင့်မြတ်တဲ့တရားတော်တွေ ကျင့်ကြံဖို့အခွင့်အရေးဆိုတာတော့ ဝေလာဝေးပါ။ တစ်ခါတစ်ခါ ဘုန်းကြီးတွေးကြည့်ပါတယ်။ မြွေက ဖားကိုစား၊ ကြက်လေးတွေက ပိုးကောင်လေးတွေစားနဲ့ ကြီးနိုင်ငယ်ညည်း အိပ်၊ စား၊ ကာမ သူတို့ဘဝမှာ အမြင့်ဘဝကို ပြန်တက်လာဖို့ဆိုတာတောင် မလွယ်ကူနိုင်ပါဘူး။ အကောင်းအဆိုး ကုသိုလ်၊ အကုသိုလ် ဘာမှမခွဲခြားနိုင်တာမို့ ဒီဘဝကိုရောက်သွားခဲ့ရင် မတွေးရဲစရာပါ။

ဒါကြောင့် လက်ရှိရနေတဲ့လူ့ဘဝကို တန်ဖိုးထားတတ်ဖို့ အလိုအပ်ဆုံးပါပဲ။ သိပ္ပံပညာရှင်ချားဒါဝင်က လူဟာ မျောက်ကဆင်းသက်လာတာပါတဲ့။ တချို့ကလည်း ပြောပါတယ်။ ဗြဟ္မာက ဆင်းသက်လာတာတဲ့။ လူဖြစ်ပေမဲ့ လောဘ၊ ဒေါသတွေမိုးမှန်လာရင် တိရစ္ဆာန်တစ်ကောင်ထက် ပိုပြီး ရိုင်းစိုင်းလာတတ်ပါတယ်။ တစ်ခါတစ်ခါ မေတ္တာ၊ ကရုဏာ၊ ဗြဟ္မစိုရ်တရားတွေ ရင်ထဲကိန်းအောင်းလာပြန်တော့လည်းတကယ့်ဗြဟ္မာကြီးလိုပဲ အင်မတန်ယဉ်ကျေးသိမ်မွေ့လာတာ တွေ့ရတယ်။

www.dhammadownload.com

လူဟာ ဘယ်ကဆင်းသက်လာတယ်ဆိုတာ ဗုဒ္ဓဘာသာဝင်တွေ အားလုံး သိပြီးသားပါ။ ငြဟ္မာက လူဖြစ်လာတယ်ပြောပြော၊ မျောက်ကပဲ လူဖြစ်တယ်ပြောပြော အကြောင်းမဟုတ်ပါဘူး။ အရေးကြီးတာက လူကနေ မျောက်ပြန်မဖြစ်သွားဖို့ပါပဲ။ မျောက်လို တိရစ္ဆာန်ဘဝမျိုး ပြန်ရောက်သွားရင်တော့ ဒီလိုတရားအားထုတ်ဖို့ အခွင့်အရေးဝေးပါပြီ။ ကမ္ဘာအသက်သံသရာထဲမှာ မြုပ်မျောမျောရပါပြီ။

အဲဒီတော့ လူသားတစ်ယောက်နဲ့ တိရစ္ဆာန်တစ်ကောင် သက်ရှိဘဝရကြတာချင်းအတူတူ၊ ရုပ်နာမ်တရားတွေ ရှိကြတာချင်းအတူတူ တရားကျင့်ဖို့ အခွင့်အရေးတွေ၊ ကျင့်နိုင်တဲ့အသိဉာဏ်တွေ ကွာခြားသွားပါတယ်။

ကိုယ်က ခုဘဝမှာတော့ လူဖြစ်ပေမဲ့ နောက်ဘဝကျရင် တိရစ္ဆာန်ဘဝမရောက်ဘူးလို့ မပြောနိုင်ပါဘူး။ တချို့အစွဲအလမ်းတွေနဲ့ သေသွားကြပြီး လူ့ဘဝကနေ တိရစ္ဆာန်ဘဝရောက်သွားကြတာ ရှိပါတယ်။ တကယ်လို့သာ တိရစ္ဆာန်ဘဝရောက်သွားရင် ဘဝရှုံးသွားပါပြီ။

လူ့ဘဝကိုရောက်နေတယ်ဆိုတာ တရားဓမ္မနဲ့ ကိုယ့်ဘဝကို ကိုယ် အဆင့်မြှင့်တင်လို့ရတဲ့ အနေအထားပါ။ လက်ရှိခန္ဓာကို အခြေပြုကာ တရားဓမ္မကိုကျင့်သုံးမယ်ဆိုရင်လည်း ကျင့်သုံးနိုင်ပါတယ်။ ဒုက္ခဆင်းရဲတွေကလွတ်အောင်ကျင့်မယ်ဆိုရင်လည်း ကျင့်နိုင်ပါတယ်။

သက်ရှိလောကမှာ လူနဲ့တိရစ္ဆာန်အရေအတွက်ကို နှိုင်းယှဉ်ကြည့်လိုက်ရင် တိရစ္ဆာန်အရေအတွက်က ပိုများတာသေချာပါတယ်။ မိုးဦးကျကတရုတ်ပြည်မှာရေတွေကြီးလို့ ယန်စီမြစ်ကြီး ရေတွေလျှံပါတယ်။ ကွင်းတွေချိုင့်တွေ၊ မြေပြင်တွေအားလုံး ရေဖုံးလွှမ်းလို့ လူတွေ နေစရာမရှိ အိုးမဲ့အိမ်မဲ့တွေ ဖြစ်ကြရပါတယ်။

အဲဒီမှာကြွက်တွေလည်းရေမြုပ်လို့အပြင်ကိုထွက်လာကြတာ သန်းချီရှိပါတယ်။ စားစရာ၊ နေစရာမရှိလို့ စိုက်ခင်းတွေစား၊ လူတွေနဲ့ရောနှောပြီး နေကြလို့ ရောဂါဖြစ်မှာစိုးတဲ့အတွက် နှိမ်နင်းကြတာ အကောင်းရေသုံးသန်း

www.dhammadownload.com

ကျော်တယ်လို့ သတင်းထုတ်ပြန်ပါတယ်။ များလိုက်တဲ့ကြွက်တွေပါ။

ဒါကိုကြည့်ရင် အရေအတွက်အားဖြင့် တွက်ဆကြည့်ရင် လူဖြစ်နိုင်တဲ့အခွင့်အရေးထက် တိရစ္ဆာန်ဖြစ်ဖို့အခွင့်အရေးက ပိုများတာသေချာပါတယ်။ သတိထားရမှာက တိရစ္ဆာန်ဘဝကို မတော်တဆရောက်နိုင်တာကိုပါ။ အယူမှားပြီးတော့ သေခါနီးကာလမှာ တစ်ခုခုကိုစွဲလမ်းပြီးတော့ သားစွဲ၊ သမီးစွဲ၊ ပစ္စည်းဥစ္စာစွဲကြောင့် တိရစ္ဆာန်ဘဝရောက်သွားနိုင်တာကို သတိထားရပါမယ်။ အစွဲအလန်းတွေလွတ်ကင်းအောင် တရားကျင့်ကြရပါမယ်။

www.dhammadownload.com

ပြိတ္တာဘဝဖြစ်နေက

သုံးဆယ့်တစ်ဘုံအတွင်းမှာ ကိုယ်မရောက်ဖူးတဲ့ဘုံဌာန မရှိပါဘူး။ လူသားတစ်ယောက်သေပြီးရင် ကောင်းရာသုဂတိလည်းရောက်ပြီး နတ်ဗြဟ္မာလည်းဖြစ်နိုင်ပါတယ်။ ငရဲလည်းကျနိုင်ပါတယ်။ တိရစ္ဆာန်၊ ပြိတ္တာလည်းဖြစ်နိုင်ပါတယ်လို့ ဗုဒ္ဓဒေသနာမှာ အတိအကျရှိပြီးသားပါ။

ပြိတ္တာဘဝဆိုတာ စားဝတ်နေရေး အလွန်ကျပ်တည်းကျဉ်းမြောင်းပါတယ်။ ထမင်းတစ်လုံး၊ ရေတစ်ပေါက်သောက်ရဖို့ မလွယ်ပါဘူး။ လူတွေရဲ့ စားကြွင်းစားကျန်၊ အညစ်အကြေးတွေကို စားသောက်နေထိုင်ရတဲ့ ဘဝဆိုးပါ။ လူတွေနဲ့အနီးစပ်ဆုံးနေရာမှာပဲ ရှိနေပေမဲ့ လူတွေရဲ့သာမန်မျက်စိနဲ့မမြင်ရပါဘူး။ တစ်ခါတလေ သူတို့က ထင်ထင်ရှားရှားပြမှ မြင်နိုင်တာမျိုးပါ။

ပုံပန်းသဏ္ဌာန်က ကြောက်စရာ၊ လန့်စရာမို့ ဘယ်သူမှမတွေ့ချင်၊ မမြင်ချင်ကြပါဘူး။ သူတို့ကိုယ်ထင်ပြတာက သူတို့မှာ စားဝတ်နေရေးအတွက် စားချင်သောက်ချင်လို့ဖြစ်စေ၊ ကုသိုလ်ကောင်းမှုတွေ လိုချင်လို့ဖြစ်စေ၊ ရင်းနှီးကျွမ်းဝင်ခဲ့ဖူးလို့ လက်ရှိအခြေအနေကို မြင်စေချင်၊ သိစေချင်လို့ ဖြစ်စေ

www.dhammadownload.com

ကိုယ်ထင်ပြကြတာကို လူတွေက ကြောက်လန့်ကြပါတယ်။ ခြောက်လှန့်တယ်လို့ ထင်ကြပါတယ်။

ပြိတ္တာဘဝမှာ ဆာလောင်မွတ်သိပ်မှုတွေ အချိန်တိုင်း ခံစားနေရပါတယ်။ မြတ်တဲ့အကျင့်ကို ကျင့်ကြံဖို့ရာ အခွင့်အရေးကောင်းတွေ ဆုံးရှုံးရပါတယ်။

ကိုယ့်နဲ့တစ်ပြိုင်တည်းဖြစ်တဲ့ သတ္တဝါတွေကိုကြည့်ရင် ပတ်ဝန်းကျင်မှာ တိရစ္ဆာန်လေးတွေလည်းရှိတယ်။ ပြိတ္တာဘဝရောက်နေရတဲ့သူတွေလည်း ရှိတယ်။ ငရဲကျနေတဲ့သူတွေလည်း ရှိပါတယ်။ အဲဒီသတ္တဝါတွေဟာ လူတွေလို တရားနာမယ်ဆိုလည်း မနာနိုင်ပါဘူး။ ဒါနကောင်းမှုပြုမယ်ဆိုလည်း မပြုနိုင်ပါဘူး။ သီလဆောက်တည်မယ်ဆိုလည်း မစောင့်နိုင်ပါဘူး။ တရားကျင့်မယ်ဆိုလည်း မကျင့်နိုင်ပါဘူး။ ကုသိုလ်ဘက်က အခွင့်အရေးအားလုံး ဆုံးရှုံးနေပါတယ်။

လူတွေမှာလည်း ကိုယ်နဲ့ထိတွေ့ဆက်စပ်နေတဲ့လူတွေကိုကြည့်ရင် တချို့လူတွေက စားဝတ်နေရေးကျပ်တည်းလွန်းလို့ မနည်းလှုပ်ရှားရုန်းကန်ရှာဖွေပြီး မသေရုံလေးစားနေရတယ်။ သူမှာ တခြားကိစ္စတွေ ဘာမှထည့်မစဉ်းစားနိုင်တဲ့ လူမျိုးရှိပါတယ်။

တချို့က စားစရာသောက်စရာတော့ ရှိတယ်။ ဒါပေမဲ့ သူဦးခေါင်းထဲမှာ စီးပွားရေး၊ ကြီးပွားရေးပဲရှိတယ်။ ချမ်းသာလျက်သားနဲ့ ဒီထက် ပိုပို ချမ်းသာအောင်ရှာဖွေတဲ့အလုပ်ပဲလုပ်ပြီးတော့ တစ်သက်တာအချိန် ကုန်သွားတဲ့ လူတွေလည်းရှိပါတယ်။ အဲဒီလိုလူတွေဟာ ပြိတ္တာနဲ့တူတဲ့လူတွေပါ။

ဒီကနေ့ တိုးတက်နေတဲ့ နည်းပညာတွေနဲ့အတူ ကမ္ဘာကြီးကို တစေ့တစောင်း လှမ်းကြည့်လိုက်မယ်ဆိုရင် အရှိန်အဟုန်နဲ့ ဖွံ့ဖြိုးလာတဲ့ရုပ်ဝတ္ထုပစ္စည်းတွေရဲ့အနောက်မှာ မလိုလားအပ်တဲ့ အနိဋ္ဌာရုံဘေးထွက်ဆိုးကျိုးတွေ ပါလာပါတယ်။ အားကြီးတဲ့အုပ်စုက အားနည်းတဲ့အုပ်စုကို ကြီးနိုင်ငယ်ညှဉ်းပြု၊ အားနည်းတဲ့သူတွေကလည်း ဖြစ်တဲ့နည်းနဲ့တုံ့ပြန်ရင်း စစ်ပွဲတွေကြား

www.dhammadownload.com

က ကားပုံးကွဲသံတွေ၊ ဆူနာမီလို သဘာဝဘေးဆိုးရဲ့သေမင်းအော်သံတွေ မကြားချင်မှအဆုံးပါ။ ရောဂါဘယ ငတ်မွတ်ခေါင်းပါးမှုကနေတစ်ဆင့် ပြိတ္တာဘုံဆိုတာကို မျက်စိနဲ့မြင်ရတော့မယောင်ယောင်ပါပဲ။

ကမ္ဘာ့လူသားအားလုံးဟာ ထုံးစံနဲ့ယဉ်ကျေးမှုတွေ ကွာဟခြားနားတယ်။ အသားရောင်၊ ဘာသာစကား ကွဲပြားတယ်။ ဘာတွေဘယ်လိုပဲကွဲကွဲ၊ သူတို့အားလုံးမှာ တူညီတာတစ်ခုရှိပါတယ်။ အဲဒါကတော့ လူတိုင်းချမ်းသာချင်ကြတာပါ။ ချမ်းသာခြင်းဆိုတာကို ကြိုးစားပမ်းစားရှာဖွေကြတယ်။ တစ်ခါတလေ ကံအကြောင်းသင့်လို့ ကာမဂုဏ်ချမ်းသာကို ရှာဖွေရရှိလာကြတယ်။ ရရှိလာတဲ့ချမ်းသာကို စွဲမြဲတည်တံ့ဖို့ ဖား မြွေခဲသလို ထပ်မံဖက်တွယ်ထားကြရပြန်ပါတယ်။ အဲဒီလိုဖက်တွယ်ထားရင်းနဲ့ ခံစားလာလိုက်တာ ပြီးပြီလားဆိုတော့ မပြီးသေးပြန်ဘူး။ ဒီကာမဂုဏ်ကို ငြီးငွေ့လာတယ်။ အသစ်အသစ်တွေကို လိုချင်လာပြန်တယ်။ ဒီတော့ အသစ်အသစ်တွေ ထပ်မံရရှိဖို့ ရှာဖွေရပြန်ပါတယ်။

ပြိတ္တာဘဝမှာ ငတ်မွတ်ခေါင်းပါးသလို အခု လူတွေလည်း ငတ်မွတ်ခေါင်းပါးတယ်။ မရောင့်ရဲနိုင်လို့ အလိုမပြည့်တဲ့အတွက် အမြဲတမ်း ထပ်ကာထပ်ကာရှာဖွေနေရတယ်။ဒါနပြုဖို့လည်းသတိမရ၊သီလဆောက်တည်ဖို့လည်း သတိမရ၊ တရားဘက်ကိုလည်း သတိမရနဲ့ နေသွားတဲ့လူတွေလည်း လူဖြစ်ကာ အရှုံးထွက်ကြပါတယ်။

တရားအားထုတ်ဖို့အခွင့်အရေးဆိုတာ ဝေလာဝေးဖြစ်နေပါတယ်။ ဥပုသ်သီတင်းတောင် စောင့်နိုင်ဖို့မလွယ်ပါဘူး။ ကိုယ့်ပစ္စည်းကိုယ်စောင့်နေရတဲ့ ပြိတ္တာတွေအဖြစ်နဲ့ ဥစ္စာစောင့်ကြီးလုံးလုံးဖြစ်ပြီး နေကြရပါတယ်။ အခုလိုရောဂါဘယတွေ၊သဘာဝဘေးဆိုးတွေကင်းရှင်းတဲ့လက်ရှိအချိန်၊အသက်ရှင်နေထိုင်ဖို့ အစာအာဟာရတွေ အပြည့်အဝရရှိနေချိန်ဟာ တရားကျင့်ဖို့ အကောင်းဆုံးအချိန်ပါ။

www.dhammadownload.com

တချို့လူတွေကျပြန်တော့ ပျော်ဖို့ပါးဖို့လောက်ပဲ သိတယ်လို့ပြောရ မှာပါ။ ကောင်းကောင်းအိပ်မယ်၊ စားမယ်၊ ပျော်မယ်၊ ပါးမယ်ဆိုတဲ့လူတွေ ဟာ တိရစ္ဆာန်နဲ့တူတဲ့လူတွေပါ။ ပတ်ဝန်းကျင်မှာ လူတွေကိုသေသေချာချာ အကဲခတ်ကြည့်ရင် တချို့က တိရစ္ဆာန်နဲ့တူတယ်။ တချို့က ပြိတ္တာနဲ့တူတယ် လို့မြင်လာမှာပါ။

တချို့ကျတော့လည်း ရာဇဝတ်မှုတွေကျူးလွန်ပြီးတော့ ထောင် ကျနေကြတယ်။ ထောင်ထဲမှာ ဆင်းရဲကျပ်တည်းမှုတွေနဲ့ ဒုက္ခမျိုးစုံခံနေရ တယ်။ ကိုယ်လည်းဆင်းရဲ၊ စိတ်လည်းဆင်းရဲနေရတဲ့သူတွေကျတော့ ငရဲ သားတွေနဲ့တူပါတယ်။ အဲဒီလူတွေမှာ ကောင်းတဲ့အလုပ်၊ မြတ်တဲ့အလုပ်ကို လုပ်နိုင်တဲ့ အခွင့်ကောင်းတွေလွဲချော်ကာ ဆုံးရှုံးနစ်နာကြရပါတယ်။

ဒါကြောင့် လက်ရှိကိုယ့်အခြေအနေ၊ ကိုယ့်ဘဝဟာ တရားအား ထုတ်ဖို့အခွင့်ကောင်းတွေနဲ့တွေ့နေရလို့ သိပ်ဝမ်းသာဖို့ကောင်းပါတယ်။ ကံ ကောင်းလို့ ကောင်းတဲ့အလုပ်၊ မြတ်တဲ့အလုပ်ကို လုပ်ဖြစ်သွားပါတယ်။ လုပ် ပိုင်ခွင့်ရတာပါ။

အသိဉာဏ်လေးကလည်း ပြည့်စုံမယ်။ စားဝတ်နေရေးကလည်း ထိုက်သင့်သလောက် ပြည့်စုံမယ်ဆိုရင် တရားကျင့်ဖို့ကောင်းပါတယ်။ ဘဝ တိုင်း၊ ဘဝတိုင်းမှာ တရားကျင့်ဖို့ကောင်းတဲ့ အခွင့်အရေးရဖို့ဆိုတာ မသေ ချာပါဘူး။

တချို့တချို့လူတွေ ဥစ္စာပစ္စည်းစွဲ၊ သားသမီးစွဲတွေနဲ့ သေဆုံးကြတဲ့ အတွက် ပြိတ္တာဘဝရောက်ကြပါတယ်။ မကျေနပ်မှုတွေ၊ စိတ်ဆိုးဒေါသ တွေနဲ့သေကြတဲ့အတွက်ငရဲဘဝရောက်ကြပါတယ်။မသိနားမလည်မှုမောဟ တွေနဲ့သေသူတွေ တိရစ္ဆာန်ဖြစ်ကြရပါတယ်။ တစ်ချက်ကလေး လွဲသွားတဲ့ အတွက် မလှပတဲ့ဘဝကို ရောက်သွားကြရတာပါ။

www.dhammadownload.com

အသည္သတ်ဖြတ်မှု ဖြစ်နေရာ

အသည္သတ်ဖြတ်မှုဆိုတာ ထူးဆန်းတဲ့သတ္တဝါတစ်မျိုးပါ။ သူမှာ ကိုယ်ခန္ဓာတော့ရှိတယ်။ အသိစိတ်မရှိပါဘူး။ တစ်နည်းအားဖြင့်ပြောမယ် ဆိုရင် ရုပ်တော့ရှိတယ်။ နာမ်မရှိဘူးလို့ ပြောရမှာပါ။ သိတတ်တဲ့၊ အသိဉာဏ် ကင်းမဲ့နေတဲ့အတွက် ဘာနဲ့တူသွားလဲဆိုရင် ထင်းတုံး၊ သစ်တုံး၊ ကျောက်တုံး နဲ့သာတူပါတယ်။ တစ်ဘဝလုံးအသိစိတ်ကင်းမဲ့နေကာပါ။ စိတ်မရှိ၊ အသိဉာဏ် မရှိလို့ တရားကျင့်လို့မရပါဘူး။

လူဘဝတုန်းက နာမ်တရားဖြစ်တဲ့စိတ်ကို ရွံမုန်းတယ်။ ဒီစိတ်ကြောင့် မကောင်းမှုတွေလုပ်ဖြစ်တာဆိုပြီး စိတ်ကိုအပြစ်မြင်တဲ့အတွက် ဒီစိတ်မျိုး မဖြစ်အောင်ကြိုးစားအားထုတ်လိုက်တာ ဈာန်အဘိညာဉ်တွေကိုရတယ်။ ဈာန် အစွမ်းသတ္တိနဲ့ ငြိဟ္ဗာ့ပြည်ကိုရောက်ပါတယ်။ ဒါပေမဲ့ သူမှာ ချို့တဲ့သွားပါတယ်။ ကိုယ်ပဲရှိတယ်။ စိတ်မရှိပါဘူး။

ဒီနေရာမှာဆိုလိုချင်တာက အစွန်းရောက်စိတ်ဓာတ်ကိုပါ။ အသည္သတ်ဘုံဘဝဆိုတာ ရုပ်ပြစ်ရှစ်ပါးသင့်နေတဲ့ နေရာတစ်ခုပါ။ ဒီနေရာကို ဘာ

www.dhammadownload.com

ကြောင့်ရောက်သွားရတာလဲဆိုတာ စဉ်းစားရပါမယ်။ တစ်ဖက်စွန်းရောက်တဲ့ စိတ်ဓာတ်ကြောင့် ရောက်ရတာပါ။ "ဒီစိတ်ကြီးဖြစ်ဖြစ်နေလို့ မကောင်းတာတွေကြုံမိတာ။ ဒါမရှိရင်အေးမှာပဲ" ဆိုတဲ့ မှားယွင်းတဲ့အစွန်းရောက်စိတ်ဓာတ်ပါ။ ဘယ်သူပြောလို့မှ နားမထောင်တော့ဘူး။ သူ့အထင်နဲ့ သူဖွတ်လုပ်တော့မဖြစ်သင့်တာတွေ ဖြစ်ကုန်ပါတယ်။ အပင်ပန်းခံပြီး ဈာန်ရအောင် ပွားများရတာချင်းအတူတူ သူများတွေရောက်သွားတဲ့ ပြဟ္မာဘုံက ဘုရားဖူးလို့ရ၊ တရားနာလို့ရ၊ တရားကျင့်လို့ရပါတယ်။ သူအတွက်ကတော့ အရှုံးကြီးရှုံးတာပါပဲ။

လောကမှာ အမှားနှစ်မျိုးရှိပါတယ်။ လွဲမှားနဲ့ စွဲမှားပါ။ လွဲမှားဆိုတာက လွဲနေတာကိုတည့်မတ်အောင် ညွှန်ပြပေးနိုင်တဲ့ပုဂ္ဂိုလ်(ဆရာ)နဲ့တွေ့ရင် **အမှန်လမ်းကြောင်းပေါ်** ရောက်သွားနိုင်တယ်။ စွဲမိစွဲရာစွဲတဲ့ ဖွတ်တရွတ်စိတ်ဓာတ် **စွဲမှားသမားတွေကတော့** တစ်ခါတစ်ခါ ဘုရားရှင်တောင် ချေချွတ်**လို့မရနိုင်တာ**ရှိပါတယ်။ လက်ရှိကမ္ဘာမှာလည်း အစွန်းရောက်အကြမ်းဖက်သမား**တွေကြောင့်** လူသားတွေအားလုံး စိုးရိမ်မကင်းဖြစ်နေကြရပါတယ်။ သူတို့ရင်ထဲကအစွဲကို ဘာနဲ့မှချွတ်ဖို့ မလွယ်ကူတော့ပါဘူး။

မျက်မှောက်ကာလမှာလည်း အဆင့်အတန်းမြင့်တဲ့ ထေရဝါဒဗုဒ္ဓသာသနာနဲ့ ဆုံခွင့်ရနေပေမဲ့ လွဲမှား၊ စွဲမှားတွေကြောင့် လူစင်စစ်ကနေ အသည်းသတ်ဖြစ်နေရတဲ့သူတွေလည်း ဒုနဲ့ဒေးပါ။ သူတို့မှာ အသိစိတ်ရှိပေမဲ့ စားမယ်၊ အိပ်မယ်၊ ပျော်မယ်၊ ထင်ရာလုပ်မယ်လို့ အမှောင်စိတ်တွေ စိုးမိုး ပိတ်ဆီးထားမယ်ဆိုရင် ဘာကိုမှမြင်မှာမဟုတ်ပါဘူး။ တန်ဖိုးရှိတဲ့ဘဝကို တန်ဖိုးထားရမှန်းမသိဘဲ ဘဝဖြုန်းသွားကြမယ်ဆိုရင်တော့ တန်ဖိုးတစ်ခုဟာ အချည်းနှီးဆုံးရှုံးသွားနိုင်ပါတယ်။

တရားကျင့်တယ်ဆိုတာ အသိစိတ်မရှိဘဲနဲ့ ကျင့်လို့မရပါဘူး။ တရားကျင့်တဲ့အလုပ်က စိတ်အလုပ်ပါ။ စိတ်ကဦးဆောင်ပြီး ရှုမှတ်ရတာပါ။ စိတ်

www.dhammadownload.com

အလုပ်ကို လုပ်တဲ့နေရာမှာ စိတ်ချို့တဲ့နေပါတယ်။ စိတ်မရှိပါဘူးဆိုမှတော့ ကျင့်လို့မရတော့ပါဘူး။

မြတ်စွာဘုရားရှင်က ကမ္ဘာလောကရဲ့တည်နေပုံအနေအထားနဲ့ သက်ရှိသက်မဲ့သတ္တဝါတွေရဲ့အခြေအနေကိုကြည့်ပြီးမှ လူဘဝရဲ့အခွင့်အရေး ကောင်းကို ဟောပြတော်မူခဲ့တာပါ။

လူဘဝဟာ တရားကျင့်ဖို့ကောင်းတဲ့ အခွင့်အရေးကောင်းနဲ့ မကြုံစဖူး ထူးထူးခြားခြားကို ကြုံတွေ့နေရတာပါ။ အိပ်တယ်၊ စားတယ်၊ ပျော်တယ် ဆိုတာသည် ဘဝတိုင်းမှာရနိုင်ပါတယ်။ အောက်ထစ်ဆုံး တိရစ္ဆာန်ဖြစ်ရင် တောင်မှ အိပ်နိုင်၊ စားနိုင်၊ ပျော်နိုင်ပါသေးတယ်။

တရားကျင့်ဖို့ဆိုတာ ဘဝတိုင်းမှာ ရဖို့မလွယ်ပါဘူး။ လွတ်လွတ်လပ် လပ်နဲ့ ကုသိုလ်ကောင်းမှုတွေကို ပြုနိုင်တယ်။ စိတ်သွားတိုင်းကိုယ်ပါနေတယ် ဆိုတာ ကျင့်မယ်ဆိုရင် ကျင့်သလောက်ခရီးရောက်နိုင်တာပါ။ အသိဉာဏ် အဆင့်အတန်းလည်း ပြည့်မီပါတယ်ဆိုတဲ့ အခြေအနေမျိုးကိုမှ အခွင့်အရေး မယူတတ်ဘူးဆိုရင် တစ်သံသရာလုံး ဆုံးရှုံးသွားလိမ့်မယ်။

လူတိုင်းလူတိုင်းမှာ တန်းတူအခွင့်အရေးရှိပါတယ်။ ဘယ်သူမဆို တရားကျင့်လို့ရပါတယ်။ သို့သော် လူတိုင်းတရားကျင့်ရဲ့လား။ ကျင့်ချင်တဲ့စိတ် မျိုးရော ဖြစ်ရဲ့လားဆိုတာ သိကြပါလိမ့်မယ်။ တရားကျင့်တယ်ဆိုတာ အမှန် တကယ်စဉ်းစားကြည့်ရင် ကိုယ့်ဘဝအတွက် အတော်ဝမ်းသာစရာကောင်းတဲ့ အဖြစ်မျိုးပါ။ ဘဝတိုင်းဘဝတိုင်းလည်းပဲ မကျင့်နိုင်ပါဘူး။ လူတိုင်းလူတိုင်း လည်းပဲ မကျင့်ဖြစ်ပါဘူး။

တရားမကျင့်လိုက်ရဘဲနဲ့ သေဆုံးကွယ်လွန်သွားကြတဲ့လူတွေ လောကမှာ အများကြီးရှိပါတယ်။ ယောအတွင်းဝန် ဦးဖိုးလှိုင် မျက်ရည်ကျပြီး ဝိပဿနာတရားဟောပြတဲ့ လယ်တီဆရာတော်ကြီးကို လျှောက်ပါတယ်။

"မင်းတုန်းမင်းတရားကြီးဟာ ကုသိုလ်ကောင်းမှုတွေ အများကြီး ပြုလုပ်ပါတယ်။ ပဉ္စမသံဂါယနာလည်း တင်ခဲ့တယ်။ ဝိဋ္ဌကတ်တော်တွေကို

www.dhammadownload.com

မန္တလေးတောင်ခြေမှာ ကျောက်ထက်အကွရာတင်သွားတယ်။ ကျောင်းကန်ဇရပ်တွေလည်း ဆောက်လုပ်လှူဒါန်းခဲ့ပါတယ်။ ဥပုသ်သီတင်းလည်း ဆောက်တည်ခဲ့ပါတယ်။ ဒါပေမယ့် အရှင်ဘုရားတို့ဟောကြားတဲ့ ဝိပဿနာတရား မနာလိုက်ရဘူး။ မကျင့်လိုက်ရဘူး။ ဒီအတွက် ဝမ်းနည်းမိပါတယ်" လို့လျှောက်ပါတယ်။

ဒါန၊ သီလဆိုတာ လူတိုင်းပြုဖြစ်တာများတယ်။ ပြုနိုင်ကြပါတယ်။ ဘာဝနာတရားကျင့်ဖို့ဆိုတဲ့ အခွင့်အရေးကျတော့ ရဖို့ခက်ပါတယ်။

www.dhammadownload.com

သာသနာဝေးကွာ လူဖြစ်လာ

သာသနာနဲ့ ဝေးကွာတဲ့အရပ်မှာဖြစ်ရတဲ့လူတွေ အခွင့်ကောင်းနဲ့ လွဲပါတယ်။ ဗုဒ္ဓသာသနာက ဘယ်ကစလဲဆိုရင် မဇ္ဈိမဒေသခေါ်တဲ့ အိန္ဒိယက စတင်ခဲ့တာပါ။ အိန္ဒိယမှာမြတ်စွာဘုရားရှင်ပွင့်ထွန်းပေါ်ပေါက်ပြီးတော့ ၄၅နှစ် တိုင်တိုင် တရားဓမ္မဟောကြားခဲ့ပါတယ်။ တစ်နေရာကနေ တစ်နေရာ၊ တစ်မြို့ကနေ တစ်မြို့၊ တစ်ရွာကနေတစ်ရွာ အနှံ့အပြားလှည့်လည်ဟောကြားတော်မူတော့ မြတ်စွာဘုရားသာသနာဟာ ပြန့်ပွားသွားပါတယ်။ ကျယ်ပြန့်သွားပါတယ်။ ရှိရှိသမျှအရပ်ဒေသအားလုံးကို ပျံနှံ့ရောက်သလားဆိုတော့ မရောက်ခဲ့ပါဘူး။

ဘုရားရှင်မရှိတဲ့နောက်မှာ ရဟန်းသံဃာတွေ သာသနာပြုကြပါတယ်။ ဒေသအသီးသီး၊ နေရာအသီးသီး၊ တိုင်းပြည်မြို့ရွာတွေ အနှံ့အပြားသွားရောက်ပြီး ဘုရားရှင်အဆုံးအမသာသနာကို ဖြန့်ဖြူးကြပါတယ်။ ဟောပြောကြပါတယ်။ ဒါပေမဲ့ ဗုဒ္ဓအဆုံးအမသာသနာဟာ လူတိုင်းလူတိုင်းဆီကို ရောက်ရဲ့

www.dhammadownload.com

လားဆိုတာကြည့်ပါ။ ခုချိန်ထိကို မြတ်စွာဘုရားသာသနာ မရောက်နိုင်တဲ့ နိုင်ငံတွေ ရှိနေဆဲပါပဲ။

မြန်မာနိုင်ငံမှာ သာသနာထွန်းကားပါတယ်။ စည်ပင်ပါတယ်။ ပြန့်ပွားပါတယ်လို့ အားလုံးကလက်ခံထားကြပါတယ်။ သို့သော်လည်း ဟိုတောင်တန်းဒေသ အင်မတန်ခေါင်တဲ့ဒေသတွေကို ပျံနှံ့အောင်မရောက်နိုင်သေးဘူး။

လွန်ခဲ့တဲ့လေးငါးနှစ်တုန်းက ဘုန်းကြီး ကျိုင်းတုံကို ဒကာတွေပင့်လို့ ကြွသွားပါတယ်။ အဲဒီမှာ လီရှူးလူမျိုး၊ အခါလူမျိုး၊ လားဟူလူမျိုးတွေ ဗုဒ္ဓဘာသာထဲဝင်ကြတယ်။ ရှင်ပြုရဟန်းခံကြပါတယ်။ ရှမ်းရိုးမတောင်တန်းအမြင့်ကြီးတွေ၊ တောင်ပေါ်ရွာတွေမှာ သာသနာပြုတဲ့ရဟန်းသံဃာတွေ နေရာအနှံ့အပြား မကြွနိုင်ပါဘူး။ ရဟန်းသံဃာတွေ မရောက်နိုင်တဲ့နေရာမျိုးတွေမှာနေတဲ့သူတွေဟာ ဘုရား၊ တရားတော်တွေကိုသိဖို့ မလွယ်ပါဘူး။ သူတို့ကို ကိုရင်ဝတ်ပေးချိန်မှာမှ သရဏဂုံအကြောင်းရှင်းပြ၊ ငါးပါးသီလအကြောင်းရှင်းပြရပါတယ်။ သူတို့နားလည်အောင် စကားပြန်နဲ့တစ်ဆင့် တရားဟောရပါတယ်။

ဒီအရပ်ဒေသတွေဟာ သာသနာတော်နဲ့ ဝေးတဲ့အရပ်ဒေသပါပဲ။ ရဟန်းသံဃာတော်တွေမရောက်တဲ့၊ မြတ်စွာဘုရားရှင်ရဲ့အဆုံးအမတွေ မရောက်တဲ့နိုင်ငံရပ်ခြားတိုင်းပြည်တွေဟာလည်း သာသနာနဲ့ဝေးကွာတဲ့အရပ်ဒေသတွေပါပဲ။ ရုပ်ပိုင်းဆိုင်ရာတိုးတက်မှုတွေရှိပေမဲ့ တရားကျင့်နိုင်တဲ့အခွင့်ကောင်းတွေ ရှုံးပါတယ်။ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာဘဝတွေမှာဖြစ်ရင်တော့ ဘဝရှုံးတယ်။ သာသနာနဲ့ ဝေးကွာတဲ့အရပ်မှာ လူဖြစ်ရင်တော့ လူဖြစ်ရှုံးတယ်လို့ ပြောရမှာပါ။

နောက်တစ်မျိုးစဉ်းစားကြည့်ရင် သာသနာဆိုသည်မှာမြတ်စွာဘုရားရှင်ရဲ့အဆုံးအမပါ။ ဘယ်မှာရှိလဲဆိုရင် တရားထဲမှာပဲရှိတယ်။ ဘုန်းကြီးတို့နေ့စဉ်နေ့တိုင်း ဟောပြနေတာသည် မြတ်စွာဘုရားရဲ့အဆုံးအမပါ။ တရား

www.dhammadownload.com

စာပေ၊တရားဓမ္မတွေဖတ်ရှုတယ်ဆိုတာသည်ဘုရားအဆုံးအမတွေသိအောင် လုပ်တာပါ။

တချို့လူတွေကြည့်လိုက်မယ်ဆိုရင် ဘုရားအဆုံးအမတွေ မလေ့ လာပါဘူး။ မသင်ယူပါဘူး။ မခံယူပါဘူး။ အနည်းဆုံး တရားတောင်မှ မနာဖူး တဲ့သူတွေဟာ မြတ်စွာဘုရား၏အဆုံးအမတွေကို မသိနိုင်ပါဘူး။ သာသနာ နဲ့ ဝေးနေပါတယ်။ ဘုရားသာသနာထွန်းကားတဲ့ ဒီနိုင်ငံမှာတောင် ဘုရား ကျောင်းကန်စေတီပုထိုးတွေ အများကြီး၊ သံဃာတော်တွေလည်း အများ ကြီးရှိလို့ သာသနာစည်ပင်တယ်ပြောပါတယ်။

တရားပွဲတွေလည်း အများကြီး၊ တရားစခန်းတွေလည်း အများကြီး ကျင်းပကြပါတယ်။ ဒါပေမဲ့ ကိုယ်ကိုယ်တိုင်ရဲ့အသိဉာဏ်မှာ ဘုရား၏အဆုံး အမတည်သူ မရှိဘူးဆိုရင် သာသနာတော်နဲ့ ဝေးတာပါ။ နီးလျက်နဲ့ဝေးနေတာ ပါ။ နီးလျက်နဲ့ဝေးနေရင်တော့ ပိုပြီးရင်နာစရာကောင်းပါတယ်။ တချို့တလေ သူတော်ကောင်းနားနေပေမဲ့လည်း သူတော်ကောင်းမှန်းမသိ၊ အကောင်းပြော နေတာကိုကျတော့အပြောကောင်းနေတယ်လို့ထင်ပြီးလိုချင်စရာတွေနောက် ကိုတကောက်ကောက်လိုက်ပါရင်းမြင့်မြတ်တဲ့တရားတော်တွေနဲ့ဝေးသထက် ဝေးနေကြရပါတယ်။

ဘုရားအဆုံးအမသည် မိမိအသိဉာဏ်မှာမှ တည်နိုင်တာပါ။ လိုက် နာနေမှသာ နီးစပ်တာပါ။ လေ့လာသင်ယူမှတ်သားနေမှသာ သာသနာတော် နဲ့နီးစပ်တာပါ။

တချို့ဆိုရင် သိပ်သနားစရာကောင်းပါတယ်။ အသက် ၇၀၊ ၈၀ ရှိမှ တရားစခန်းရောက်လာတယ်။ သူတို့အတွက်ပထမဆုံးအကြိမ်ပါတဲ့။ သန်သန် မာမာ၊ ဖျတ်ဖျတ်လတ်လတ်ရှိတဲ့အချိန်မှာ အားထုတ်ရမယ့်တရားကို အသက် ကြီးမှ၊ အိုမင်းမစွမ်းဖြစ်မှ အားထုတ်မယ်ဆိုပြီး ရောက်လာတော့ သူမှာ တရား ကျင့်ဖို့ ကောင်းတဲ့အချိန်ဖြစ်ဖို့ မလွယ်တော့ပါဘူး။

www.dhammadownload.com

ဘုရားအဆုံးအမနဲ့ နီးစပ်တဲ့သူတွေက ငယ်ငယ်ရွယ်ရွယ်နဲ့ ကျင့်ကြ၊ အားထုတ်ကြပါတယ်။ မကျင့်တဲ့သူတွေ၊ အားမထုတ်တဲ့သူတွေက သာသနာတော်နဲ့ဝေးတယ်လို့ ပြောရမှာပါ။ ဝေးကွာတဲ့အရပ်မှာနေရလို့ဖြစ်စေ၊ စိတ်ထဲမရောက်လို့ ဝေးနေရင်ဖြစ်စေ အခွင့်အရေးကောင်းတွေ လက်လွတ်ကုန်ပါတယ်။

သာသနာဝေးကွာတဲ့ အရပ်ဒေသတွေမှာ လူဖြစ်ရလို့ တရားတော်နဲ့ဝေးရတာ အပြစ်မဆိုသာပါဘူး။ နီးလျက်နဲ့မမြင်တာကတော့ ကြောင်တောင်ကန်းလို့ဆိုရမှာပါ။ အခုလိုအမှန်ကိုအမှန်အတိုင်းဟောပြောပြသနိုင်မယ့်ဆရာကောင်း၊ သမားကောင်းတွေနဲ့ ဆုံတဲ့အခိုက်မှာ တရားဘက်ကို အားစိုက်ကြဖို့လိုပါတယ်။

www.dhammadownload.com

ယူမှားမိစ္ဆာ စွဲနေပါ

မှားယွင်းတဲ့အယူဝါဒတွေ ဆုပ်ကိုင်ပြီးတော့ မှားတဲ့အကျင့်ကို စွဲစွဲလမ်းလမ်းကျင့်နေသူဟာ အယူမှားသူ မိစ္ဆာဒိဋ္ဌိပါ။

အယူဝါဒအမှားဆိုတာ ခေတ်အဆက်ဆက်မှာ ရှိပါတယ်။ သက်တော်ထင်ရှား ဘုရားပွင့်နေတဲ့အချိန်မှာတောင် မြတ်စွာဘုရားနဲ့ ခေတ်ပြိုင် ဘုရားတွေ အိန္ဒိယမှာ ပေါ်ပေါက်ခဲ့ပါတယ်။ မြတ်စွာဘုရားနဲ့အပြိုင် သူတို့က လည်း သူတို့ကိုယ်သူတို့ ဘုရားလို့ဝန်ခံကြပါတယ်။

သူတို့မှာလည်း တပည့်သာဝကတွေ ရှိကြပါတယ်။ တရားဓမ္မတွေ ဟောပါတယ်။ ကျင့်ကြံအားထုတ်ကြပါတယ်။ သို့သော်လည်း အယူမှား၊ အကျင့်မှားတွေပါ။ အမှားတွေကို အမှန်ထင်ကာ ဟောပြောလိုက်နာကျင့်ကြံနေကြတာပါ။

ဘုရားအလောင်းတော် တရားကျင့်လို့ အမှန်တရားသိမြင် ဘုရားရှင်အဖြစ်ကိုရောက်ပြီးတဲ့အခါမှာ လောကမှာကျင့်ကြံနေကြတဲ့အကျင့်အမျိုးမျိုးကို သုံးသပ်ပြီးတော့ မှန်ကန်တဲ့အကျင့်ဟာ မဂ္ဂင်အကျင့်ပဲလို့ တိတိကျကျ

www.dhammadownload.com

ဟောပါတယ်။ မဂ္ဂင်ရှစ်ပါးအကျင့်တရားမှတစ်ပါး အကျင့်ကောင်း၊ အကျင့်မြတ် မရှိပါဘူးလို့ ဟောပါတယ်။ မဂ္ဂင်အကျင့်ဆိုတာ သီလ၊ သမာဓိ၊ ပညာကျင့်စဉ်တွေပါ။

အကျင့်တစ်ခုဟာ သီလကိုဖြူစင်စေတယ်ဆိုရင် ကောင်းတဲ့အကျင့်ပါ။ သမာဓိတည်စေတဲ့ အကျင့်ဆိုရင်လည်း အကျင့်ကောင်းပါ။ ဒါမှမဟုတ် ပညာဉာဏ်ကိုတိုးတက်စေတဲ့ အကျင့်ဆိုရင်လည်း မှန်ကန်တဲ့အကျင့်ပါပဲ။ သီလ၊ သမာဓိ၊ ပညာ ဘာတစ်ခုကိုမှမဖြစ်ပေါ်စေ၊ မတိုးတက်စေတဲ့အကျင့်ဟာ အကျင့်ကောင်းတစ်ခုမဖြစ်နိုင်ပါ။ အကျင့်မှားလို့သာ ပြောရမှာပါ။

လောကမှာ လူအမျိုးမျိုးက အကျင့်အမျိုးမျိုးကို အားကြိုးမာန်တက် ကျင့်နေကြပါတယ်။ အများက ဒီအကျင့်ကောင်းတယ်ဆိုတာနဲ့ ကိုယ်က လိုက်မကောင်းပါနဲ့။ သူများကောင်းတယ်ဆိုတိုင်း လက်မခံပါနဲ့။ ဘုရားသာသနာမှာ စံထားစရာရှိပါတယ်။ စံချိန်စံညွှန်းရှိပါတယ်။ ဘယ်အကျင့်မဆို သီလ၊ သမာဓိ၊ ပညာ၊ မဂ္ဂင်အကျင့်တွေနဲ့ ချိန်ထိုးကြည့်လိုက်ပါ။ သီလ၊ သမာဓိ၊ ပညာတွေကို တိုးပွားစေတယ်၊ ဖြစ်စေတယ်ဆိုရင် အကျင့်မှန်လို့ သတ်မှတ်ပါ။ မကိုက်ညီရင် အကျင့်မှား၊ အယူအဆမှားလို့ ဆုံးဖြတ်လိုက်ပါ။

အိန္ဒိယမှာ တွေ့ရပါတယ်။ ဂင်္ဂါမြစ်၊ ယမုံနာမြစ်တို့ထဲမှာဆင်းပြီး ရေစိမ်ရေချိုးကြပါတယ်။ သူတို့အယူအဆက ဒီမြစ်တွေထဲက ရေစိမ်ရေချိုးလိုက်ရင် ကိလေသာအညစ်အကြေးတွေ ကင်းသွားမယ်။ ကုန်သွားမယ်လို့ယုံကြည်မှုနဲ့ ပြုလုပ်ကြတာပါ။ ကိလေသာဆိုတာ ကိုယ်ပေါ်မှာဖြစ်တာမဟုတ်ပါဘူး။ စိတ်မှာဖြစ်တာပါ။ စိတ်မှာဖြစ်နေတဲ့ကိလေသာတွေကို ရေဆေးလိုက်လို့ရ၊ မရ စဉ်းစားကြည့်ရင် လွယ်လွယ်လေးနဲ့ သိနိုင်ပါတယ်။

ဒါပေမဲ့ သူတို့ကတော့ အကောင်းဆုံးအကျင့်လို့ စွဲနေပါတယ်။ ဟိုနိုင်ငံအဝေးကြီးကနေ တကူးတကနဲ့လာပြီး ရေလာစိမ်ကြတယ်။ ရေလာချိုးကြပါတယ်။ တစ်ခါတည်း ဂင်္ဂါမြစ်ဆိုတာ နောက်ကျိပြီး ရှုပ်ထွက်ရောင်ထဲမှာ

www.dhammadownload.com

ကြိတ်ကြိတ်တိုးနေကြပါတယ်။ အကျင့်မှန်ဆိုပြီးတော့ ကျင့်ကြတာပါ။ လက်ခံယုံကြည်ကြတာပါ။

ဘုရားလက်ထက်တုန်းကလည်းရှိပါတယ်။ တချို့က နွားအကျင့်ကျင့်တယ်၊ ခွေးအကျင့် ကျင့်ပါတယ်။ နွားတွေဟာ ကိုလေသာတွေနည်းတယ်၊ ဘာတွေမှလည်း မလိုချင်ဘူး။ မြက်ကလေးစားပြီး တင်းတိမ်တယ်လို့ နွားတွေအားကျပြီးတော့ တချို့က နွားနဲ့တူအောင်နေတယ်။ နွားလိုပဲ စားတယ်။ နွားလိုပဲ အိပ်တယ်။ သွားတော့လည်း လေးဘက်ထောက်ပြီးတော့ နွားလိုပဲသွားပါတယ်။ ခေါင်းမာလည်း ချိုအတုလေးနှစ်ခုတပ်ထားတယ်။ ခါးမာလည်းပဲ ကြိုးချည်ပြီးတော့ အမြီးလေးလို တွဲလောင်းချထားတယ်။ နွားနဲ့တူနိုင်သလောက်တူအောင်နေထိုင်ကျင့်ကြံတာပါ။ တချို့ကလည်း ခွေးအကျင့်, ကျင့်ပါတယ်၊ ခွေးလိုပဲ အိပ်တယ်၊ ခွေးလိုစားတယ်၊ ခွေးနဲ့တူအောင်နေပါတယ်။ သူတို့နှစ်ယောက် ဘုရားရှင်ထံရောက်လာပြီးတော့ မေးကြပါတယ်။

"ရဟန်းဂေါတမ ကျွန်ုပ်တို့အကျင့် မှန်ပါသလား။ ကောင်းပါသလား"

ဆိုတော့ ဘုရားရှင်က ပြတ်ပြတ်သားသား အမိန့်ရှိပါတယ်။ နွားကျင့်၊ ခွေးကျင့် ကျင့်တဲ့သူတွေသေရင်ငရဲကျမယ်လို့မိန့်ကြားပါတယ်။ နွားလိုကျင့်ရတာလည်း မလွယ်ပါဘူး။ ခွေးလိုကျင့်ရတာလည်း မလွယ်ပါဘူး။ ပြာပုံပေါ်ထိုးအိပ်၊ ထမင်းလုံးတွေကြဲထားပြီးတော့ ပါးစပ်နဲ့ဟပ်၊ တစ်လုံးစီ တစ်လုံးစီလိုက်ကောက်စား၊ တော်ရုံလူအနေနဲ့ ကျင့်ဖို့မလွယ်ပါဘူး။ တကယ့်ကို ခက်ခက်ခဲခဲ ပင်ပင်ပန်းပန်း ကျင့်ပြီးတော့ သေလို့ရှိရင် ငရဲကျမယ့်အကျိုးရလဒ်ဟာ မကောင်းပါဘူး။

ဒါတင်မကသေးဘူး။ ငရဲဘဝကလွတ်လာရင်တောင် နွားနဲ့တူအောင် ကျင့်တဲ့သူက နွားဖြစ်ဦးမယ်။ ခွေးနဲ့တူအောင်ကျင့်တဲ့သူက ခွေးဖြစ်ဦးမယ်လို့ ဘုရားရှင်က ဟောကြားပါတယ်။ အယူအကျင့်တစ်ခုဟာ မှားယွင်းသွားရင် အများကြီးနစ်နာပါတယ်။ မှန်တဲ့အကျင့်မှာ ကျင့်ရင် ကျင့်သလောက် အကျိုးရသလို မှားတဲ့အကျင့်မှာလည်း ကျင့်ရင်ကျင့်သလောက် ဒုက္ခရောက်ရပါတယ်။

www.dhammadownload.com

အခုခေတ်မှာလည်း တချို့တချို့အကျင့်တွေ အကောင်းထင်ပြီး ကျင့်နေကြပါတယ်။ သီလလည်းမဟုတ်၊ သမာဓိလည်း မဟုတ်၊ ပညာလည်းမရတဲ့ အကျင့်တွေဟာ အကျင့်မှန်မဟုတ်၊ မိစ္ဆာအကျင့်မှားတဲ့အကျင့်လို့ သိနားလည်ထားရမှာပါ။ မှားတဲ့အကျင့်ကို ကျင့်မိတဲ့သူတို့မှာ မှန်ကန်တဲ့အကျင့်၊ မဂ္ဂင်အကျင့်ကနေ လွဲချော်သွားပါတယ်။ မဂ္ဂင်လမ်းကနေ ချော်သွားတဲ့အတွက် နိဗ္ဗာန်နဲ့ဝေးပါတယ်။ မှန်တဲ့အကျင့်ကို ကျင့်နေတဲ့သူတွေဟာ အခွင့်ကောင်းကိုရနေကြတာပါ။ မဂ္ဂင်အကျင့်ကျင့်ခွင့်ရတာ အခွင့်ကောင်းပါ။

ဘဝဆိုတာသည် အမျိုးမျိုးအဖုံဖုံကျင်လည်ရလေတော့ အယူမှားတဲ့ဘဝမျိုးရောက်သွားရင် သွားပါပြီ။ တစ်ဘဝနဲ့ မပြီးဆုံးပါဘူး။ ဆက်ကာဆက်ကာ မကောင်းတဲ့အကျိုးဆက်တွေ ဖြစ်လာဦးမှာပါ။ မှားပြီးရင်းမှားလို့ မှန်ကန်တဲ့ကျင့်စဉ်ကို ပြန်ရောက်ဖို့ မလွယ်တော့ပါဘူး။ ဒါကြောင့် ဘုရားရှင်က "မိစ္ဆာအယူမှားယွင်းတဲ့အကျင့်အကြံတွေ ကျင့်ကြံမယ်ဆိုရင်လည်း အခွင့်ကောင်းတွေ လွဲသွားမယ်" လို့ မိန့်ကြားတော်မူတာပါ။

ကမ္ဘာ့လူဦးရေနဲ့ကြည့်မယ်ဆိုရင် ဗုဒ္ဓဘာသာဝင်အရေအတွက်ကို များတယ်လို့မပြောနိုင်ပါဘူး။ တခြားဘာသာအယူဝါဒ၊ မိစ္ဆာဝါဒတွေကို ယုံကြည်စွဲလမ်းနေသူတွေလည်း အမြောက်အမြားရှိပါတယ်။ တကယ်လို့ သာကိုယ်က ဘာသာခြားမိသားစုမှာ လူသွားဖြစ်တယ်ဆိုရင် ပတ်ဝန်းကျင်နီးစပ်မှုအရ မိရိုးဖလာယုံကြည်မှုအရ အလွဲအမှားကို ယုံကြည်လက်ခံမိဖို့များပါတယ်။ လက်ရှိဘဝမှာကံကောင်းလို့သာ အယူဝါဒမှန်ကို လက်ခံတဲ့မိသားစုမှာ ဖြစ်ခွင့်ရတာပါ။ မှန်ကန်တဲ့အယူဝါဒကို ကိုယ်နဲ့ကိုယ့်ပတ်ဝန်းကျင်မှာ အေးအေးချမ်းချမ်း ကျင့်သုံးခွင့်ရတယ်ဆိုတာ အခွင့်ကောင်းနဲ့ကြုံတာပါ။

www.dhammadownload.com

ဆို့အ နားပင်း သိဉာဏ်ဖျင်း

နောက်တစ်မျိုးက ကိုယ်ရည်ကိုယ်သွေး၊ ဉာဏ်ရည်ဉာဏ်သွေး နိမ့်ကျတဲ့ဘဝ ဖြစ်ပါတယ်။ အကျင့်မှားကျင့်တဲ့သူ၊ သာသနာနဲ့ ဝေးရာရောက်နေတဲ့သူတို့အပြင် ဉာဏ်ရည်ဉာဏ်သွေး၊ ကိုယ်ရည်ကိုယ်သွေး နိမ့်ကျသူဟာ ကံဆိုးတဲ့သူပါ။ စွမ်းဆောင်ရည်တွေအားနည်းလို့ လူ့ဘဝမှာ ရနိုင်တဲ့အခွင့်အရေးတွေ ရှုံးရပါတယ်။ ပဋိသန္ဓေမှာကတည်းက နိမ့်ကျရမယ့် အခြေအနေဖြစ်ခဲ့ရတာပါ။

ဆွံ့တယ်ဆိုတာက စကားပြောတဲ့အခါမှာ ပီပီသသမဖြစ်ဘဲ တွန့်ဆုတ်နေတာပါ။ သွားမယ်လာမယ်ဆိုရင်လည်း တချို့ခြေလှမ်းမှန်အောင် မလှမ်းနိုင်ဘဲ တုံဆိုင်းနေတာမျိုးပါ။ တစ်ကိုယ်လုံး တွန့်လိမ်ပြီးတော့ သွားရရှာပါတယ်။ တချို့က လက်မသန်ဘူး၊ ခြေထောက်မသန်ဘူး၊ ကိုယ်အင်အားနည်းတဲ့ အတွက်ပါ။

တချို့က အ.နေပါတယ်။ အသံထွက်အောင် စကားမပြောနိုင်တဲ့အပြင် သူများပြောတာလည်း နားမလည်ရှာပါဘူး။ သဘောမပေါက်ရှာပါ

www.dhammadownload.com

ဘူး။ နားပင်းနားထိုင်းတဲ့သူက နားမကောင်းတော့ မြတ်စွာဘုရားရဲ့တရားဓမ္မတွေကို သိနိုင်တဲ့အခွင့်အရေးမရှိတာပါ။ မသွားနိုင်၊ မလာနိုင်၊ မကျင့်နိုင်တော့လို့ပါ။

နောက်တစ်ခါ ဉာဏ်ရည်ဉာဏ်သွေး ကြည့်လိုက်မယ်ဆိုရင် ဉာဏ်မမီသူဟာ ဘယ်လောက်ပဲသင်သင်၊ ဘယ်လောက်ပဲပြောပြော မမှတ်မိပါဘူး။ ထပ်ခါထပ်ခါပြောလည်း မမှတ်မိပါဘူး။ မေ့သွားပြန်တယ်။ ဉာဏ်ရည်မမီတဲ့သူ၊ လူစဉ်မမီတဲ့သူအဖြစ်မျိုးရောက်နေရင်လည်း အခွင့်ကောင်းတွေရှုံးပါလိမ့်မယ်။

တရားဘယ်လောက်ကျင့်ကျင့် သူမှာ ထိုင်နေရုံပဲရှိမှာပေါ့။ ဘယ်လိုရှုမှတ်မယ်၊ ဘယ်လိုနှလုံးသွင်းရမယ်ဆိုတာကိုလည်း နားမလည်၊ စိတ်ထဲမှာ မရှင်းလင်းတဲ့အတွက် လိုက်လို့မမီအောင်ဖြစ်နေတာဆိုရင်လည်း မြတ်သောအကျင့်ကိုကျင့်ဖို့ အခွင့်ကောင်းနဲ့လွဲပါတယ်။

အခွင့်အရေးကောင်းဆိုတာ တစ်ခါတစ်ရံမှ ကြုံနိုင်၊ ဆုံနိုင်ရတာမျိုးပါ။ အမြဲတမ်း အဆင်သင့်မရှိပါဘူး။ တရားကျင့်ဖို့ဆိုတာလည်းပဲ အမြဲတမ်း အဆင်မပြေနိုင်ပါဘူး။ နေရာထိုင်ခင်း၊ စားရေးသောက်ရေး ဟောပြောတဲ့သူရော အဆင်သင့်ရှိရင်တောင် တစ်သက်လုံး တရားဓမ္မကျင့်နိုင်ဖို့ မလွယ်ပါဘူး။ တရားမရမချင်း ကျင့်ဖို့ခက်ခဲပါတယ်။

တရားကျင့်နိုင်တဲ့အခွင့်အရေးဆိုတာလွယ်လွယ်နဲ့မရပါဘူး။ လက်ရှိရနေတဲ့အခွင့်အရေးဟာ အင်မတန်ကောင်းတဲ့ အခွင့်အရေး၊ မြတ်တဲ့အခွင့်အရေး၊ ကြုံတောင့်ကြုံခဲ အခွင့်အရေးလို့ သဘောပေါက်ရမှာပါ။ ဘဝရှုံးသွားတာက ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသညသတ်ပြဟ္မာဘဝတွေပါ။ လူဖြစ်ရှုံးတာက သာသနာနဲ့ဝေးကွာတဲ့သူ၊ အယူမှားတဲ့သူ၊ ကိုယ်ရည်ကိုယ်သွေး၊ ဉာဏ်ရည်ဉာဏ်သွေးနိမ့်ကျတဲ့သူဖြစ်နေတာမျိုးပါ။

အခွင့်အရေးဆိုတာ တကယ့်ကို ရေးရေးလေးမြင်ရတာပါ။ အဲဒါကို မလွတ်တမ်းဆုပ်ကိုင်ထားနိုင်မှ မိမိရရဖြစ်မှာပါ။ ဘဝမှာ လူတိုင်းအတွက်

www.dhammadownload.com

အခွင့်အရေးဆိုတာ တစ်ကြိမ်မဟုတ်တစ်ကြိမ်တော့ ပေါ်လာတတ်ပါတယ်။ အခုလို လူဘဝမှာ သာသနာနဲ့ဆုံတယ်။ ထက်မြက်တဲ့အသိဉာဏ်တွေ ပိုင်ဆိုင်ခွင့်ရတယ်။ အသိအမြင် ကြည်လင်ပြတ်သားတယ်ဆိုတာဟာ တကယ့် အခွင့်ကောင်းပါ။ တချို့လူတွေက အစစအရာရာ နည်းနည်းလေး အဆင်ပြေလာရင် ငါ့ကြောင့်၊ ငါ့တော်လို့၊ ငါဒီလိုလုပ်လို့ ဒီလိုဖြစ်တာဆိုပြီး အထွာတွေမိုးမှန်လာတတ်ပါတယ်။ ကံတရားကို ပုန်စား၊ ပုန်ကန်ပြုလာပါတယ်။ ကုသိုလ်တရားတွေကို မေ့လာပါတယ်။ လက်ရှိဘဝကိုရတာတောင်မှ ကုသိုလ်တရားက ပေးလို့ရလာတယ်ဆိုတာကို သတိမရတော့ပါဘူး။

ဆင်းရဲချင်သလောက် ဆင်းရဲပါစေ။ ဉာဏ်ရည်ဉာဏ်သွေး ထက်မြက်နေမယ်ဆိုရင် တရားတော်ကို ထိုးထွင်းသိမြင်ဖို့ အရည်အသွေးမီပါတယ်။ တန်ဖိုးနိမ့်တဲ့ ရုပ်ဝတ္ထုပစ္စည်းတွေအတွက်တောင် အချိန်ပေးနိုင်တယ်ဆိုရင် တန်ဖိုးမဖြတ်နိုင်တဲ့ တရားတော်ကို ကျင့်ကြံဖို့အတွက်ကတော့ သီးသန့်ကို အချိန်ပေးသင့်ပါတယ်။ ဒါမှ အခွင့်အရေးကို အကောင်းဆုံး အသုံးချသူဖြစ်မှာပါ။ လူတော့ဖြစ်ပါရဲ့ အရည်အသွေးမမီတဲ့လူ ဖြစ်နေပြန်ရင်လည်း တရားနာ၊ တရားကျင့်နေပေမဲ့ ကွဲပါးစောင်းတီးသလို ဖြစ်နေမှာပါ။

www.dhammadownload.com

သာသနာပ မှာ လူဖြစ်လာ

နောက်ဆုံးတစ်ခုက သာသနာပမှာ လူဖြစ်ပြန်ရင်လည်း အခွင့်ကောင်းတွေ ရှိုးပြန်တယ်။ သာသနာပ,ဆိုတာ ဗုဒ္ဓသာသနာမှာ ထွန်းလင်းတောက်ပမှုမရှိတဲ့ အချိန်အခါပါ။ ကမ္ဘာလောကပေါ်မှာ ဘုရားရှင်ရဲ့အဆုံးအမသာသနာဟာအမြဲတမ်းမရှိပါဘူး။လျှပ်စီးလက်သလိုခေတ္တခဏတည်နေတာမျိုးပါ။ ဘုရားရှင်ပွင့်ပေါ်ချိန်မှာ ဘုရားရှင်က အဆုံးအမတရားတွေ ဟောပါတယ်။ အချိန်ကာလ အတိုင်းအတာတစ်ခုရောက်ရင် သာသနာဟာ ကွယ်ပျောက်သွားပါတယ်။အဆုံးအမသာသနာကွယ်ပျောက်သွားပေမဲ့လည်းကမ္ဘာကြီးမပျက်သေးဘူးဆိုရင် လူတွေရှိနေပါတယ်။ အဲဒီလူတွေဟာ သာသနာပ, မှာ လူဖြစ်လာတဲ့သူတွေပါ။

ဘုရားနှစ်ဆူကြားကာလဟာ သာသနာပ,ကာလပါ။ အခု ဂေါတမမြတ်စွာဘုရားရဲ့သာသနာရှိနေပါတယ်။ ဂေါတမမြတ်စွာဘုရား သက်တော်ထင်ရှားမရှိတော့ပေမဲ့ မြတ်စွာဘုရားရဲ့အဆုံးအမတွေကို တပည့်ရဟန်းသံဃာတော်အရှင်သူမြတ်တွေက ဟောပြောပြသ,နေသေးတယ်ဆိုတော့

www.dhammadownload.com

သာသနာရှိနေပါသေးတယ်။ ဒါပေမဲ့ အချိန်ကာလအတိုင်းအတာတစ်ခုထိ တည်ပြီးရင် ပျောက်ကွယ်သွားရပါမယ်။ အချိန်တိုင်း မတည်ရှိနေပါဘူး။ ဒီဘဝသာသနာနဲ့ဆုံပေမဲ့လို့ နောက်ဘဝဆုံမယ်လို့ မပြောလို့မရပါဘူး။

အဂ်ါခြေလက်ပြည့်စုံတယ်၊ ဥာဏ်ရည်လည်းပြည့်စုံတယ်၊ စားဝတ်နေရေးလည်း အဆင်ပြေတယ်။ အကုန်လုံး ပြည့်စုံပေမဲ့လို့ ဘုရားအဆုံးအမကွယ်ပျောက်နေတဲ့အချိန်မျိုးကျမှ ကမ္ဘာပေါ်မှာ လူလာဖြစ်ရင်လည်း တရားကျင့်လို့မရပြန်ပါဘူး။ ဘုရားနှစ်ဆူကြားကာလမှာ လူဖြစ်လာတဲ့သူ၊ ဘုရားရှင်တို့ရဲ့အဆုံးအမတွေ ကွယ်ပျောက်နေချိန်မှာ လူဖြစ်လာတဲ့သူဟာလည်း အခွင့်ကောင်းတွေ ရှိပါတယ်။

ကမ္ဘာပေါ်မှာ ဘုရားငါးဆူပွင့်တဲ့ကမ္ဘာကို ဘဒ္ဒကမ္ဘာလို့ ခေါ်ပါတယ်။ အကောင်းဆုံးကမ္ဘာလို့ ပြောလို့ရပါတယ်။ တချို့ကမ္ဘာတွေမှာ ဘုရားတစ်ဆူပဲ ပွင့်တယ်။ လက်ရှိအချိန်ဟာ ရှေးဘုရားရှင်သုံးဆူ ပွင့်ခဲ့ပြီးနောက် ဂေါတမမြတ်စွာဘုရားရဲ့သာသနာရှိနေပါသေးတယ်။ အတိုင်းအတာတစ်ခုထိ တည်တံ့ပြီးနောက် ဂေါတမမြတ်စွာဘုရားရဲ့လက်ရှိသာသနာ ကွယ်ပျောက်သွားပါမယ်။

ပြီးတော့မှ အရိမေတ္တေယျမြတ်စွာဘုရား ပွင့်ပေါ်ပါလိမ့်မယ်။ နောင်ဘုရားမပွင့်ခင်ကာလအထိ ကမ္ဘာကြီးမပျက်မစီး တည်သော်လည်းပဲ၊ သက်ရှိလူသားတွေလည်း ရှိနေနိုင်သော်လည်းပဲ သာသနာကတော့ မရှိတော့ပါဘူး။

စားရေးသောက်ရေး၊ လူနေမှုဘဝတွေ တိုးတက်ပြီးတော့ သက်ရှိလူသားတွေ ရှိချင်ရှိမယ်။ အားလုံး ပြည့်ပြည့်စုံစုံ နေရချင်နေရလိမ့်မယ်။ သို့သော်လည်းပဲ ဒီကမ္ဘာမြေကြီးပေါ်မှာ ဘုရားနှစ်ဆူကြားကာလ သာသနာကွယ်ပျောက်နေတဲ့အချိန်မှာ လူဖြစ်ရတာဟာလည်း လူဖြစ်ရုံးပါတယ်။ မြတ်တဲ့အကျင့်ကို မကျင့်နိုင်လို့ပါ။ ငြဟ္မစရိယာမြတ်တဲ့အကျင့်ကို ကျင့်နိုင်မှ လူဖြစ်ရကျိုးနပ်မှာပါ။

---

www.dhammadownload.com

အခုဆိုရင် သာသနာတည်ရှိနေတဲ့ အချိန်အခါ၊ အရပ်ဒေသမှာ လူတစ်ယောက်ရယ်လို့ ဖြစ်လာကြပါတယ်။ မြတ်ဗုဒ္ဓရဲ့အဆုံးအမတွေနဲ့ တည့်တည့်ကြီးကို ကြုံတွေ့နေပါတယ်။ ဒီလိုအချိန်မျိုးမှာ ကိုယ်ကိုယ်တိုင်က တလေးတစားနဲ့ ဘုရားအဆုံးအမတွေကို လိုက်နာကျင့်သုံးနေတာဟာ ကိုယ့်အတွက် သာသနာစည်ပင်ပွင့်လင်းတာနဲ့ တူပါတယ်။

အဲဒီအချိန်ဟာ မြတ်စွာဘုရားရဲ့အဆုံးအမတွေကို စိတ်တိုင်းကျ လေ့လာနိုင်၊ အားထုတ်နိုင်တဲ့အချိန်ပါ။ တရားမမှတွေကလည်း မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်ကအတိုင်း မပျက်မစီး တည်ရှိနေပါတယ်။ ကျင့်နည်း၊ အားထုတ်နည်းတွေကို တိတိကျကျ သင်ကြားပြသ,ပေးနိုင်တဲ့ ဆရာတော်၊ သံဃာတော်အရှင်သူမြတ်တွေလည်း ရှိနေကြပါတယ်။ ကိုယ့်မှာလည်း လေ့လာသင်ယူနိုင်စွမ်း၊ သိနိုင်စွမ်းတွေပြည့်စုံနေတာဟာ ကြုံခဲတဲ့ အခွင့်ကောင်းပါ။

ဘုရားအဆုံးအမတွေ ပြင်ပမှာရှိပေမဲ့လို့ မလေ့လာမသင်ယူသူ၊ စိတ်ဝင်စားမှုမရှိသူရဲ့စိတ်နလုံးမှာ သာသနာဟာ မတည်ပါဘူး။ သူ့အတွက် သာသနာဟာ ကွယ်ပျောက်နေပါမယ်။ သာသနာပ,မှာ လူဖြစ်သူနဲ့ အတူတူ သာဖြစ်နေပါလိမ့်မယ်။

www.dhammadownload.com

တစ်ချက်လွဲသွားရင်

မြတ်စွာဘုရားလောင်းနဲ့ ဒေဝဒတ်လောင်းတို့ အတူဆုံခဲ့ကြတဲ့ ဘဝ တစ်ခုရှိခဲ့ပါတယ်။ နှစ်ဦးစလုံးဟာ တိုက်တိုက်ဆိုင်ဆိုင် ရွှေကုန်သည်ဖြစ်နေကြတာပါ။

သူတို့နှစ်ဦးဟာ ကိုယ့်လမ်းကြောင်းနဲ့ကိုယ် ရွှေလုံးတွေရောင်းချသွားလာကြရင်း မြို့တစ်မြို့အဝင်မှာ မျက်နှာချင်းဆိုင် တွေ့ဆုံကြပါတယ်။ မြို့ထဲမှာ နှစ်ယောက်ပြိုင်သွားလို့တော့ မဖြစ်ဘူး။ တစ်ယောက်တစ်လှည့်စီ ရောင်းကြမယ်လို့ သဘောတူညီမှုရပြီး ဒေဝဒတ်လောင်းက ရှေ့ကအရင်ဝင်ရောက် ရောင်းချပါတယ်။

မြို့ထဲကိုဝင်အသွား လမ်းဘေးတဲအိမ်ငယ်က စီးပွားပျက်လို့ ဆင်းရဲနေရှာတဲ့ သူဌေးဟောင်းက သူ့မြေးအတွက် ချေးတက်ပိန်လိန်နေတဲ့ရွှေခွက်နဲ့ ရွှေအနည်းငယ်လဲလှယ်ပေးဖို့ တောင်းပန်ပြောဆိုပါတယ်။

အမှန်က တစ်သိန်းတန်ရွှေခွက် ချေးတက်နေတာပါ။ ကိုင်တွယ်စမ်းသပ်ကြည့်တော့ ရွှေခွက်မှန်းကို ဒေဝဒတ်လောင်းကုန်သည် သိသွားပါတယ်။

www.dhammadownload.com

ပိုင်ရှင်တွေကတော့ မသိရာကြပါဘူး။ သူတို့စိတ်ထဲ တစ်ပြားနှစ်ပြား လောက်သာတန်မယ်ထင်လို့ ရွံလုံးနည်းနည်းရရင်တော်ပါပြီလို့တောင်းတောင်းပန်ပန် ပြောနေကြတာပါ။

လောဘကြီးတဲ့ ဒေဝဒတ်လောင်းဟာ တန်ဖိုးမှန်ကိုမပြောပါဘူး။ အလကားနီးပါးရအောင် "ဘာမှမတန်ဘူး။ ဘာမှ မပေးနိုင်ဘူး" လို့ ပြောဆိုပြီး ရှေ့ဆက်ထွက်သွားပါတယ်။ သူ့အကြံက နောက်မှ ရွံတစ်လုံးနှစ်လုံးလောက် ပေးပြီး အချောင်နို့က်ယူဖို့ပါ။

ဘုရားလောင်းရွံကုန်သည်အလှည့် အိမ်ရှေ့ရောက်တော့ ခုနကလို ပဲ ပြောကြပြန်ပါတယ်။ ဘုရားလောင်းဟာ ကြည့်လိုက်တာနဲ့ ခွက်ရဲ့တန်ဖိုးမှန်ကို သိနားလည်ပါတယ်။ တစ်သိန်းတန်ရွှေခွက်မို့ ပြန်အမ်းစရာ သူမှာမလုံလောက်ပါဘူးလို့ ရိုးရိုးသားသား ပြန်ပြောပါတယ်။ ပိုင်ရှင်တွေကလည်း ရှိသလောက်သာပေးပါလို့ ကျေကျေနပ်နပ်နဲ့ ရောင်းချလဲလှယ်လိုက်ပါတယ်။

လောဘကြီးတဲ့ရွံကုန်သည် အချောင်ယူဖို့တစ်ခေါက်ပြန်လှည့်လာချိန်မှာ ရွှေခွက်မရှိတော့ပါဘူး။ အလကားနီးပါးရမယ့်ရွှေခွက်၊ လက်လွတ်ဆုံးရှုံးသွားပါပြီ။ ဘုရားလောင်းလက်ထဲပါသွားပြီလို့ သိရချိန်မှာ မခံမရပ်နိုင်အောင် ခံစားရပါတယ်။ လိုချင်တဲ့လောဘနဲ့ မရလိုက်လို့ဖြစ်တဲ့ ဒေါသတို့ပူးပေါင်းနှိပ်စက်လိုက်တာ ရူးသွပ်ပေါက်ကွဲ သေပွဲဝင်ရပါတယ်။

အားလုံးသတိထားရမှာက ဓမ္မနဲ့အဓမ္မ အားပြိုင်မှုကိုပါ။ ဖြူစင်ရိုးသားတဲ့ဘုရားလောင်းဟာ ကောက်ကျစ်စဉ်းလဲတဲ့ဒေဝဒတ်လောင်းကိုတရားသဖြင့် အနိုင်ရလိုက်တာပါ။ ဒေဝဒတ်လောင်းဟာ အဲဒီဘဝကစပြီး ဘုရားလောင်းကို ရန်ပြိုးထားပါတယ်။

ဘဝတစ်ကွေ့မှာ တစ်ချက်လေးဖြစ်သွားတဲ့ အကုသိုလ်စိတ်ဟာ သံသရာလမ်းတစ်လျှောက် လိုက်ပါသွားပါတယ်။ ဘဝပေါင်းများစွာမှာ ဒေဝဒတ်လောင်းဟာ ဘုရားလောင်းကို ရန်ပြုနှောင့်ယှက်ခဲ့ပါတယ်။ ဒုက္ခမျိုးစုံပေးခဲ့ပါတယ်။ ဒါနဲ့တင်အားမရသေးလို့ ဘုရားဖြစ်သွားပြီးသွားချိန်မှာတောင်

www.dhammadownload.com

သေကြောင်းကြံစည်တဲ့အထိ ယုတ်မာပက်စက်ခဲ့ပါတယ်။ အကျိုးရလဒ်က တော့ အရှင်လတ်လတ်မြေမျိုသွားတာပါပဲ။ ခုချိန်ထိ ငရဲမှာ ပြစ်ဒဏ်တွေပေး ဆပ်နေရပါတယ်။

ဒါကြောင့် အချိန်ကောင်းနဲ့ ကြုံဆုံချိန်မှာ မလွဲချော်သင့်ပါဘူး။ တစ် ချက်ချော်သွားရင် တစ်သံသရာလုံးဒုက္ခရောက်တတ်တာမို့ အမှန်အမှား ဝေဖန် စီစစ်ပြီး ပြုသင့်တာကိုပြု၊ ရှောင်သင့်တာကို ရှောင်ရမှာပါ။

www.dhammadownload.com

တရားကျင့်ဖို့ကောင်း

တရားကျင့်ဖို့ အကောင်းဆုံးအချိန်သည် ဘယ်အချိန်လဲလို့ ပြောရ မယ်ဆိုရင် အခုလက်ရှိရောက်နေတဲ့အချိန်ပါ။ လက်ရှိအချိန်က အကောင်းဆုံး ပါ။

လက်ရှိရောက်နေတဲ့ ဘဝအနေအထားကို ပြန်အကဲခတ်လိုက်ရင် ငရဲ၊ တိရစ္ဆာန်၊ အသညသတ်ပြဟ္မာဘဝကလည်း လွတ်နေပါတယ်။ သာသနာ တော်နဲ့လည်း နီးစပ်နေပါတယ်။ မိစ္ဆာအယူဝါဒတွေကိုလည်း သဘောပေါက် နားလည် ရှောင်ရှားကာ မှန်ကန်တဲ့အယူဝါဒ မဂ္ဂင်္ဂတွေလည်း ကျင့်နိုင် ပါတယ်။ အဂ်ါခြေလက်တွေလည်း ပြည့်ပြည့်စုံစုံ ဉာဏ်ရည်ဉာဏ်သွေးတွေ ပြည့်မီပြီးတော့နေပါတယ်။ ဘုရားမြတ်စွာရဲ့အဆုံးအမသာသနာလည်းတည် နေသေးတယ်။ ရှိနေသေးတယ်။ ဒီလောက်ကောင်းတဲ့အချိန်မျိုး နောက်တစ်ခါ ရဖို့ နောက်ထပ်ကြုံဖို့ ခဲယဉ်းပါလိမ့်မယ်။

နောက်မှကျင့်မယ်၊ နောင်မှကျင့်မယ်ဆိုပြီးတော့ မကျင့်ဖြစ်ဘဲနဲ့ သေသွားတဲ့လူတွေ အများကြီးပါ။ ကောင်းမှန်းတော့ သိပါတယ်။ ဒါပေမဲ့ တို့

www.dhammadownload.com

မအားသေးဘူး။ ကိစ္စတွေရှိသေးတယ်။ သားရေး၊ သမီးရေး၊ စီးပွားရေး၊ လူမှုရေး ကိစ္စအဝဝတွေ အကြောင်းအမျိုးမျိုးပြပြီးတော့ တချို့ဒီဘဝက သေသာသေသွားကြတယ်။ တရားလည်း ဘာမှမကျင့်လိုက်ရပါဘူး။

လူဖြစ်လာပြီး အသက်တွေရှည်၊ တစ်ဘဝလုံးနေကြရပေမဲ့ ဖြစ်ဖြစ်မြောက်မြောက်၊ အောင်အောင်မြင်မြင်၊ တရားဓမ္မမကျင့်သုံးလိုက်ရဘူးဆိုရင် အခွင့်ကောင်းရရဲ့သားနဲ့ အခွင့်ကောင်းတွေ အရှုံးခံလိုက်တာနဲ့ တူပါတယ်။ ဒါကြောင့် ဒီအချိန်သည် ဘာလုပ်ဖို့ကောင်းလဲဆိုရင် တရားကျင့်ဖို့ကောင်းတယ်လို့ ပြောရမှာပါ။

အဘက်ဘက်က ပြည့်စုံနေတယ်။ ကိုယ့်မှာလည်း ကျန်မာရေးကကောင်းနေတယ်။ စားဝတ်နေရေးလည်း ပြည့်စုံနေတယ်။ အိုခြင်း၊ နာခြင်း၊ သေခြင်းတရားတွေလည်း သိသိသာသာ မနှိပ်စက်သေးပါဘူး။ အိုတော့အိုနေတာပါ။ ဒါပေမဲ့လို့ ကျင့်မယ်ဆိုရင် ကျင့်လို့ရသေးတယ်။ နာတော့နာနေတာပါ။ အနာတွေကို သည်းခံပြီးတော့ကျင့်မယ်ဆိုရင် ကျင့်နိုင်သေးတယ်။ သေတော့သေရမှာပါ။ ဒါပေမဲ့ အသက်ရှင်နေလို့ တရားကျင့်နိုင်ပါသေးတယ်။

အချိန်ကောင်း၊ အခွင့်ကောင်းကြုံနေတယ်လို့ နားလည်သဘောပေါက်ပြီးတော့ တတ်နိုင်သမျှကြိုးစားပမ်းစားနဲ့ ကျင့်ကြံဖို့လိုတယ်။ အားထုတ်ဖို့ လိုအပ်ပါတယ်။

www.dhammadownload.com

တရားရနိုင် မရနိုင်

တရားကျင်ကြံအားထုတ်ကြသူ တော်တော်များများရဲ့စိတ်ထဲမှာ "ငါ တရားအားထုတ်နေတာတော့ ဟုတ်ပါပြီ။ ငါ တရားရမှရပ့ါမလား။ ငါ တရားရနိုင်ပါရဲ့လား" ဆိုတဲ့အတွေးမျိုး တစ်ခါမဟုတ်တစ်ခါဝင်လာတတ်ကြပါတယ်။ တချို့ကတော့ စိတ်ထဲမှာတင်သိမ်းမထားဘဲ ပွင့်ပွင့်လင်းလင်း မေးလျှောက်ကြတာလည်း ရှိပါတယ်။ "အရှင်ဘုရား တပည့်တော်တို့ အခုတရားအားထုတ်နေတာ တရားရားရနိုင်ပါသလား" လို့ မေးကြတာပါ။ "တရားရနိုင်တယ်၊ မရနိုင်ဘူး ဆိုတာ အဓိကကတော့ ကိုယ့်ရဲ့နေပုံထိုင်ပုံ၊ အားထုတ်ပုံပေါ်မှာ မူတည်ပါတယ်" လို့ ပြောချင်ပါတယ်။

တရားရတယ်ဆိုတာ တရားရဖို့အတွက် လိုအပ်ချက်တွေပြည့်စုံပါမှ လိုချင်တဲ့တရားကိုရတာပါ။ တရားရရေးမှာ အဟန့်အတားဖြစ်နေတာတွေကို ဖယ်ထုတ်ရှင်းလင်းနိုင်ပါမှ တရားရတာပါ။ ကိုယ်ကိုယ်တိုင် တရားရနိုင်, မရနိုင် သေသေချာချာသိဖို့အတွက် စံထားတိုင်းတာရမယ့်အချက်၊ တိုက်ဆိုင်စစ်ဆေးကြည့်ရမယ့် အချက်လေးတွေကို သိထားစေချင်ပါတယ်။ လေ့လာထားစေချင်ပါတယ်။

www.dhammadownload.com

တရားစစ်ဆေး အဖြေပေး

တရားရနိုင်၊ မရနိုင်တဲ့အချက်တွေကို တွေးတောဆင်ခြင်ခဲ့သူက တော့ မြတ်စွာဘုရားသာသနာမှာ ဒိဗ္ဗစက္ခုအဘိညာဉ် ဇာတဒဂ်ဂုဏ်ထူးကို ရရှိပြီးတော့ ထင်ရှားကျော်ကြားတဲ့ အရှင်အနုရုဒ္ဓါအရှင်မြတ်ပါ။

အရှင်မြတ်ဟာ မြတ်စွာဘုရား တစ်ဝါရတော်မူပြီးနောက် ပထမ ဆုံးအကြိမ် ကပိလဝတ်နေပြည်တော်သို့ကြွလာပြီး ရာဇဂြိုဟ်ပြည်၊ ဝေဠုဝန် ကျောင်းတိုက်ကိုအပြန် လမ်းခုလတ်မှာရှိတဲ့ အနုပိယသရက်ဥယျာဉ်တော အုပ်ကြီးမှာ ခေတ္တသီတင်းသုံးစဉ် သာသနာ့ဘောင်ကို ဝင်ရောက်ခဲ့တာပါ။

အရှင်မြတ်နဲ့အတူတကွ သာသနာ့ဘောင်ဝင်ရောက်လို့ ရှင်ရဟန်း ပြုသူတွေကတော့ ဘဒ္ဒိယမင်းသား၊ အာနန္ဒာမင်းသား၊ ဘဂုမင်းသား၊ ကိမိလ မင်းသား၊ ဒေဝဒတ်မင်းသားနဲ့ ဥပါလီ ဆယ်ယောသည်တို့ပါ။

အရှင်မြတ်တွေအားလုံးဟာ ရဟန်းပြုပြီးချိန်ကစပြီး ကြိုးကြိုးစား စား တရားအားထုတ်ကြပါတယ်။ အရှင်ဘဒ္ဒိယက အဲဒီဝါတွင်းမှာပဲ အရ ဟတ္တဖိုလ်ဆိုက်ရောက်လို့ ရဟန္တာဖြစ်ပါတယ်။ အရှင်ဒေဝဒတ်က လောကီ

www.dhammadownload.com

စျာန်အဘိညာဉ်ကို ရခဲ့ပါတယ်။ အရှင်အာနန္ဒာက သောတာပန်ဖြစ်ပါတယ်။ နောက်ပိုင်းမှာ အရှင်ဘဂုနဲ့ အရှင်ကိမိလတို့ ရဟန္တာဖြစ်ကြပါတယ်။

အရှင်အနုရုဒ္ဓါကတော့ အတူအားထုတ်သူတွေ တစ်ပါးပြီးတစ်ပါး တရားထူးတရားမြတ်ရသွားပေမဲ့ သူကမရသေးပါဘူး။ တရားရရေးမှာ အခက်အခဲတွေကြုံနေရပါတယ်။ ရဟန်းဖြစ်ပြီးလို့ တစ်ဝါအတွင်းမှာ ဒိဗ္ဗစက္ခု ဆိုတဲ့ နတ်မျက်စိနဲ့တူတဲ့ အမြင်ထူးအသိထူးကိုရသော်လည်း မဂ်ဖိုလ်တရားထူးနဲ့ အလှမ်းကွာဝေးနေပါတယ်။ ဝိပဿနာ၊ ဘာဝနာ၊ ကမ္မဋ္ဌာန်းကို ကြိုးပမ်းသော်လည်း မအောင်မြင်တဲ့အတွက် စိတ်ထဲမှာ အားမရနိုင်အောင် ဖြစ်နေပါတယ်။

ဒါကြောင့် အရှင်သာရိပုတ္တရာထံမှာ သွားရောက်ပြီး တရားအစစ်ခံပါတယ်။ သူ့ရဲ့အားထုတ်မှုအခြေအနေနဲ့ တရားရရှိမှု အခက်အခဲကို တင်ပြလျှောက်ထားပါတယ်။

အရှင်အနုရုဒ္ဓါမထေရ်မြတ် တရားမရလို့ အရှင်သာရိပုတ္တရာထံ တရားအစစ်ခံတာကို နမူနာယူရပါမယ်။ တရားရှုမှတ်လို့၊ အားထုတ်လို့အဆင်မပြေရင် တရားပြပေးတဲ့ဆရာသမားထံ သွားရောက်လျှောက်ထားပြီး စစ်ဆေးခံရပါမယ်။ မေးမြန်းဆွေးနွေး လျှောက်ထားရပါမယ်။

တရားရိပ်သာမှာ တရားစစ်တယ်ဆိုတာ တရားရုံးမှာ တရားလို၊ တရားခံအပြန်အလှန်စစ်ဆေးသလို အနိုင်အရှုံးပေါ်ထွက်လာဖို့မဟုတ်ပါဘူး။ စာသင်ကျောင်းမှာ ကလေးတွေကို စာမေးပွဲစစ်သလို အအောင်အရှုံး အောင်စာရင်းထုတ်ပြန်ဖို့လည်း မဟုတ်ပါဘူး။ ဆရာသမားက ယောဂီကိုစစ်မေးတယ်ဆိုတာ တရားအခြေအနေသိရအောင်လို့ပါ။ နည်းလမ်းမှန်မမှန်အကဲခတ်နိုင်ဖို့ပါ။ လမ်းလွဲလမ်းချော်နေရင် တည့်မတ်ပေးပြီး ဆက်လက်ကြိုးစားခိုင်းဖို့ပါ။

ဒါကြောင့်ကိုယ်အားထုတ်နေတဲ့အတိုင်း၊ ကိုယ်ရှုမှတ်နေတဲ့အတိုင်း၊ ကိုယ်သိမြင်နားလည်တဲ့အတိုင်း လျှောက်ထားရပါမယ်။ သူများပြောတာတွေ နားထောင်ထားပြီး ပြန်ပြောဖို့၊ ကိုယ်တိုင်ရှုနေ၊ သိနေတဲ့ အသိဉာဏ်မျိုးနဲ့

www.dhammadownload.com

မဟုတ်ဘဲ နာကြားဖူးတာ၊ ဖတ်ထား၊ မှတ်ထားဖူးတာကို ပြန်လျှောက်ထားဖို့ မဟုတ်ဘူးဆိုတာ တရားကျင့်သူများ သတိထားရပါမယ်။

အရှင်အနုရုဒ္ဓါက ပွင့်ပွင့်လင်းလင်း၊ ရိုးရိုးသားသားပဲ လျှောက်ထားပါတယ်။

"အရှင်ဘုရား၊ တပည့်တော်ပါတွင်းသုံးလမှာ ကြိုးစားပမ်းစားနဲ့တရားဓမ္မတွေကို ကျင့်ကြံအားထုတ်တော့ လူတို့ရဲ့မျက်စိအမြင်ထက်သာလွန်တဲ့ ဒိဗ္ဗစက္ခုဉာဏ်ဘိညာဉ်နတ်မျက်စိအမြင်ကိုရရှိကာ လောကဓာတ်တစ်ထောင်ကို ကြည့်မြင်နိုင်ပါတယ်ဘုရား။

တပည့်တော်ဟာ တွန့်ဆုတ်မှုမရှိတဲ့လုံ့လဝီရိယနဲ့ သမထဝိပဿနာ ဘာဝနာတွေကို အပြင်းအထန် ကြိုးစားအားထုတ်ပါတယ်။ သတိတရားရှေ့ထားကာ ကျင့်ကြံပွားများနေလို့ ကိုယ်စိတ်နှစ်ဖြာ ငြိမ်းအေးနေပါတယ်။ တစ်ခုတည်းသောအာရုံမှာတည်လို့ စိတ်ကလည်း တည်ကြည်ငြိမ်သက်နေပါတယ်ဘုရား။

ဒါပေမဲ့ မဂ်ဖိုလ်တရားထူးကိုတော့ မရသေးပါဘူး။ ဘာဖြစ်လို့ တပည့်တော် တရားမရနိုင်သေးတာပါလဲဘုရား" လို့ အရှင်သာရိပုတ္တရာထံ တရားစစ်ခံစကား လျှောက်ထားပါတယ်။

အဲဒီအခါမှာ အရှင်သာရိပုတ္တရာက အရှင်အနုရုဒ္ဓါလျှောက်ထားလာတဲ့စကားအရ ရောက်ရှိနေတဲ့တရားအခြေအနေနှင့် အဆင့်အတန်းကို အကဲဖြတ်ပေးတော်မူပါတယ်။

"ငါ့ရှင် အနုရုဒ္ဓါ၊ သင့်မှာ ဒိဗ္ဗစက္ခုဉာဏ်ကို အကြောင်းပြုပြီး ဖြစ်နေတဲ့ မာနရှိနေတယ်။ စိတ်တွေပျံ့လွင့်နေလို့ ဥဒ္ဓစ္စဖြစ်နေတယ်။ တရားမရနိုင်သေးတာတွေပြီး စိတ်မချမ်းသာမှု၊ ပူပန်မှု၊ ကုက္ကုစ္စတွေ ဝင်ရောက်နေတယ်။ မာန၊ ဥဒ္ဓစ္စ၊ ကုက္ကုစ္စတွေပယ်စွန့်ပြီး နိဗ္ဗာန်ရောက်ကြောင်း ကျင့်စဉ်ကို ဦးတည်ကျင့်ပါ" လို့ တရားလမ်းကြောင်းကို တိမ်းစောင်းနေတာကို တည့်မတ်ပြုပြင်ပေးတော်မူပါတယ်။

www.dhammadownload.com

ချိုယွင်းချက် အမှန်ပြင်

အရှင်သာရိပုတ္တရာဟာ ကမ္ဘာနီးတရားပြ၊ သည္ဓန်ကြားရာမှာ ကျွမ်းကျင်နိုင်နင်းတဲ့ မထေရ်မြတ်ပါ။ တရားအားထုတ်ကြတဲ့ လူရှင်ရဟန်းတွေကို တရားရအောင် ကူညီလမ်းပြပေးနိုင်တဲ့ ဆရာမြတ်ပါ။ အရှင်မြတ်တရားပြပေးလို့ မဂ်ဖိုလ်ရသွားကြတဲ့သူတွေ အများကြီးရှိပါတယ်။ အခုလည်း အရှင်အနုရုဒ္ဓါလျှောက်ထားလာတဲ့စကားအပေါ်အခြေခံကာ ဖြစ်နေတဲ့အခြေအနေကို ကွက်ကွက်ကွင်းကွင်း ထောက်ပြပေးလိုက်ပါတယ်။

ဒီဗ္ဗစက္ခုအာဘိညာဉ် = နတ်မျက်စိအမြင်ကို ရရှိထားတဲ့ အရှင်အနုရုဒ္ဓါဟာ သူကိုယ်သူ ကျေနပ်အားရနေတာအမှန်ပါပဲ။ လောကဓာတ်တစ်ထောင်ကို အလိုရှိသလို ကြည့်နိုင်၊ မြင်နိုင်တဲ့ အသိအမြင်ထူးကြောင့် မသိမသာ မာန်မာနဝင်နေတာ အသေအချာပါပဲ။ အခုအခံဖြစ်နေတဲ့မာနကြောင့် တရားမတိုးတက်နိုင်ဖြစ်နေတာကို ကိုယ်တိုင်သိသွားပါတယ်။

"မရရအောင် အားထုတ်မယ်၊ မဖြစ်ဖြစ်အောင် အားထုတ်မယ်" လို့ ကျားကုတ်ကျားခဲ သဲသဲမဲမဲ ကြိုးစားမှုတွေ လွန်ကဲလွန်းတဲ့အတွက် ဝီရိယ

www.dhammadownload.com

လုံလက လိုတာထက်ကို ပိုလို့နေပါတယ်။ အရှုခံရှုပ်နှာမ်တရားတွေကို မလွတ်အောင်၊ မပျောက်အောင် သတိထားနိုင်ပေမဲ့လို့ တစ်ချက်တစ်ချက် စိတ်ကလွှင့်နေ ပျံ့နေပါတယ်။ အရှုခံမှာ တည်ကြည်ငြိမ်သက်တဲ့ စိတ်သမာဓိအဖြစ်များပေမဲ့ သတိ၊ ဝိရိယ၊ သမာဓိတရားတွေ ရှိနေမနေဆိုတာကို မကြာခဏ ပြန်စဉ်းစားပြီး ပြန်တွေးတောပြီး လွှင့်မျောနေလို့ ပျံ့လွှင့်နေတဲ့စိတ် ဥဒ္ဓစ္စတွေ ဖြစ်နေပါတယ်။ ဒါကြောင့်လည်းရချင်တဲ့တရားမရသေးတာပါလားလို့ သဘောပေါက်သွားပါတယ်။

ကြိုးစားကျင့်ပေမဲ့လို့ တရားမရတဲ့အခါ "ရမှရပါ့မလား။ ဖြစ်မှဖြစ်ပါ့မလား" လို့ တွေးတောပူပန်နေတာဟာ ကုက္ကုစ္စတရားဆိုးတွေ လွှမ်းမိုးနှိပ်စက်နေတာပဲလို့နားလည်သွားပါတယ်။ မာန၊ ဥဒ္ဓစ္စ၊ ကုက္ကုစ္စတွေကြောင့် တရားမရတာဘဲလို့ သူ့ရဲ့ပျော့ကွက်၊ အားနည်းချက်တွေကို သိရှိသွားပါတယ်။

အရှင်အနုရုဒ္ဓါဟာ သူမသိ၊ သူမမြင်တဲ့ သူ့ရဲ့ချို့ယွင်းချက်ကို အရှင်သာရိပုတ္တရာက ထောက်ပြပေးလိုက်လို့ သိရှိတွေ့မြင်ပြီးတဲ့အချိန်မှာ ချို့ယွင်းချက်တွေကိုအမြန်ဆုံးပြင်ပါတယ်။ "မာန၊ ဥဒ္ဓစ္စ၊ ကုက္ကုစ္စတွေကိုပယ်စွန့်ပြီးနိဗ္ဗာန်ရောက်ကြောင်းကျင့်စဉ်ကို ဦးတည်ကျင့်ပါ" ဆိုတဲ့ အရှင်မြတ်ရဲ့ဆုံးမစကားကမ္မဋ္ဌာန်းတရားကို ဦးထိပ်မှာပန်ဆင်ပြီး ကျင့်ကြံအားထုတ်ပါတယ်။

မြတ်စွာဘုရားကိုခွင့်ပန်ကာစေတီတိုင်းကအရှေ့ဝါးတောမှာသီတင်းသုံးပြီး ကြိုးစားကျင့်နေတာပါ။ အဲဒီအချိန်မှာ မြတ်စွာဘုရားက ဘဂ္ဂတိုင်း၊ သုသုမာရဂိရိမြို့ကို ဆွမ်းခံရွာအဖြစ်အမှီပြုပြီး သားကောင်တွေကို ဘေးမဲ့ပေးရာဖြစ်တဲ့ ဘေသကဠာဝန်တောအုပ်ကြီးထဲက ဘေသကဠာဝနကျောင်းတိုက်မှာ သီတင်းသုံးနေတာပါ။

အရှင်အနုရုဒ္ဓါအရှင်မြတ်ဟာ ဆယ့်ငါးရက်လုံးလုံးမအိပ်မနားစက်ကြံသွားပြီး တရားမှတ်ပါတယ်။ အားထုတ်မှုဒဏ်ချက်တွေ ပြင်းပြင်းထန်ထန် နှိပ်စက်လွန်းလို့ မခံနိုင်တဲ့အဆုံးမှာ ဝါးရုံရိပ်အောက်မှာ ထိုင်ခင်းလေးခင်းလို့ ခေတ္တထိုင်ပြီး အပန်းဖြေပါတယ်။

www.dhammadownload.com

အပန်းဖြေရင်းနဲ့အားထုတ်ခဲ့၊လျှောက်လှမ်းခဲ့တဲ့တရားလမ်းကြောင်းကို နောက်ကြောင်းပြန်ကြည့်လို့ ဆင်ခြင်တွေးတောနေစဉ်မှာ မဟာပုရိသဝိတက်ခေါ်တဲ့ ယောကျ်ားမြတ်တို့ရဲ့အကြံများဟာ အရှင်မြတ်ရဲ့စိတ်ထဲကို ထင်ထင်ရှားရှား ဝင်ရောက်လို့လာပါတယ်။

တရားရနိုင်၊ မရနိုင်ဆိုတာကို သိစေတဲ့အချက်တွေဟာ မဟာပုရိသဝိတက်ဆိုတဲ့ ယောကျ်ားမြတ်တို့ရဲ့အကြံအစည်တွေပါပဲ။ ဘယ်လိုအရည်အချင်းနဲ့ပြည့်စုံသူတွေ၊ ဘယ်သူတွေသာ တရားရနိုင်တယ်။ ဘယ်သူတွေကတော့ တရားမရနိုင်ဘူးဆိုတာကို အရှင်မြတ် အရှင်အနရ္ဃဒါကိုယ်တိုင် ကြံစည်တွေးတော ဆင်ခြင်ခဲ့တာပါ။ တရားရနိုင်သူ၊ မရနိုင်သူဆိုတာ ဘယ်လိုလူမျိုးလဲလို့ သိစေဖို့၊ လေ့လာကြည့်ဖို့ လိုပါတယ်။

အရှင်အနရ္ဃဒါအရှင်မြတ်ဟာ မဟာပုရိသဝိတက်ကြီး ခုနစ်မျိုးတို့ကို စဉ်းစားဆင်ခြင်ပြီးနောက် ရှေ့တိုးကြံစည်လို့မရချိန်မှာ မြတ်စွာဘုရားရှင်ကြွတော်မူလာပြီး ရှစ်ခုမြောက်မဟာပုရိသဝိတက်ကို ဖြည့်စွက်ဟောကြားပြ၊ပေးတော်မူခဲ့ပါတယ်။ ပါစိနဝံသဒါယခေါ်တဲ့ အရှေ့ဝါးတောမှာပဲ ဆက်လက်အားထုတ်ဖို့ မိန့်ကြားပြီး ပြန်ကြွတော်မူကာ ဘေသကဠာဝနကျောင်းတိုက်မှာ မဟာပုရိသဝိတက်အမည်ရတဲ့ ယောကျ်ားမြတ်တို့ရဲ့အကြံ(၈)မျိုးကို အကျယ်တဝင့် ဟောကြားတော်မူခဲ့ပါတယ်။

www.dhammadownload.com

အလိုနည်းသူနှင့် အလိုများသူ

အပို့စ်ဆသာယံ ဘိက္ခဝေ ဓမ္မော၊

နာယံ ဓမ္မော မဟိစ္ဆဿ။

"ရဟန်းတို့၊ ဤလောကုတ္တရာတရားသည် အလိုနည်းသောပုဂ္ဂိုလ်အား သာပြည့်စုံ၏။ ဤလောကုတ္တရာတရားသည် အလိုကြီးသောပုဂ္ဂိုလ်အား မပြည့်စုံ"။

အလိုနည်းသောပုဂ္ဂိုလ်ဆိုတာ "အလိုနည်းသူဖြစ်ပါလျက် အလိုနည်းသူလို့ လူသိမခံချင်သူ ဖြစ်ပါတယ်။ ရသမျှနဲ့ ရောင့်ရဲသူဖြစ်ပါလျက် ရောင့်ရဲသူလို့ လူသိမခံချင်သူဖြစ်ပါတယ်။ ဆိတ်ငြိမ်ရာမှာ မွေ့လျော်ပျော်ပိုက် နှစ်ခြိုက်သူဖြစ်ပါလျက်နဲ့ ဆိတ်ငြိမ်ရာကိုနှစ်ခြိုက်သူလို့ လူသိမခံချင်သူဖြစ်ပါတယ်။ လုံ့လဝီရိယရှိသူဖြစ်ပါလျက် လုံ့လဝီရိယရှိသူလို့ လူသိမခံချင်သူဖြစ်ပါတယ်။ သတိရှိသူဖြစ်ပါလျက် သတိရှိသူလို့ လူသိမခံချင်သူဖြစ်ပါတယ်။ သမာဓိရှိသူဖြစ်ပါလျက် သမာဓိရှိသူလို့ လူသိမခံချင်သူဖြစ်ပါတယ်။ ဝိပဿနာ ဉာဏ်ပညာရှိသူဖြစ်ပါလျက် ဝိပဿနာဉာဏ်ပညာရှိသူလို့ လူသိ

www.dhammadownload.com

မခံချင်သူဖြစ်ပါတယ်။ နိဗ္ဗာန်၌ မွေ့လျော်သူဖြစ်ပါလျက် နိဗ္ဗာန်၌ မွေ့လျော်သူလို့ လူသိမခံချင်သူဖြစ်ပါတယ်"လို့ ဘုရားရှင်က အကျယ်တဝင့် ရှင်းပြပါတယ်။

မဂ်ဖိုလ်နိဗ္ဗာန်ဆိုတဲ့ တရားထူးတရားမြတ်ဟာ အလိုနည်းသူတို့နဲ့သာ ထိုက်တန်ပါတယ်။ အလိုနည်းသူတွေသာ အလွယ်တကူနဲ့ တရားရကြပါတယ်။ အလိုကြီးသူ အလိုများသူတို့ တရားရဖို့ဆိုတာ မလွယ်ကူပါဘူး။ ခက်ခဲပါတယ်။

စားရေး၊ သောက်ရေး၊ နေရေး၊ ထိုင်ရေးစတဲ့ အရေးတွေမှာ သင့်တင့်မျှတရုံထက် ပိုမလိုချင်သူဟာ အလိုနည်းသူပါ။ အလိုနည်းသူဟာ များများလှူပေမဲ့ နည်းနည်းကိုသာ အလှူခံပါတယ်။ နည်းနည်းလှူရင်လည်း လှူတာထက်ကို လျော့ပြီးသာအလှူခံပါတယ်။ အဲဒီလို ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးပစ္စည်းလေးပါးမှာ အလိုနည်းသူကို ပစ္စယအပို့စ္ဆာပုဂ္ဂိုလ်လို့ ခေါ်ပါတယ်။

ဟိုလိုချင်၊ ဒီလိုချင်နဲ့ အလိုမပြည့်နိုင်သူဟာ အလိုများသူပါ။ တစ်ခုရတော့ နောက်တစ်ခုလိုချင်၊ တစ်မျိုးရပြန်တော့ နောက်တစ်မျိုးလိုချင်တဲ့ သူဟာ အလိုများသူပါ။ အလိုများသူဟာ အလိုဆန္ဒတွေဖြည့်ဆည်းနေရတာနဲ့ တရားဘက်ကိုဦးမလှည့်နိုင်တော့ပါဘူး။ တရားရေးကို ဦးစားမပေးနိုင်တော့ပါဘူး။ အလိုဆန္ဒတွေ ဖြည့်ဆည်းတဲ့နောက်ကိုသာ လိုက်နေရလို့ တရားကျင့်ဖို့တောင် မလွယ်တဲ့အတွက် တရားရဖို့လည်း ခက်ပါတယ်။

လွန်ခဲ့တဲ့နှစ်က တရုတ်နိုင်ငံမှာ ဘဏ်အရာရှိနှစ်ဦး သေဒဏ်ချမှတ်ခံလိုက်ရတဲ့သတင်းတစ်ခု ကြားလိုက်ရပါတယ်။ ဖြတ်လမ်းကနေ ချမ်းသာချင်လို့ သူတို့အလုပ်လုပ်ကြတဲ့ ဘဏ်တိုက်က ငွေတွေကိုလျှို့ဝှက်ထုတ်ယူပြီး အလွဲသုံးစားပြု၊ ထိထိုးပွပေါက်ရှာကြတဲ့သူတွေပါ။

တရုတ်နိုင်ငံမြောက်ပိုင်း၊ ဟယ်ပေပြည်နယ်တရားရုံးက ဘဏ်မန်နေဂျာတွေဖြစ်ကြတဲ့ ရန်ကျောက်ဖိန် (၃၄) နှစ်နဲ့ မဇီယန်ဖျင်း (၃၇) နှစ်တို့ ကို ယွမ်းငွေ (၈၁) သန်းနီးပါး (ဒေါ်လာ ၆.၆) ကို တတိတိ ထုတ်ယူသုံးစွဲခဲ့တဲ့ပြစ်မှုနဲ့ စီရင်ချက်ချလိုက်တာပါ။

ဆုပြည့်စုံထွန်းစာပေ

www.dhammadownload.com

အလိုလောဘကြီးကြတဲ့ ရန်ကျောက်ဖိန်နဲ့ မဇိယန်ဖျင်းတို့ဟာ ငွေလုံးငွေရင်းနဲ့ ပုံအောထိုးရင် ထီဆုကြီးပေါက်လိမ့်မယ်ဆိုတဲ့ မျှော်လင့်ချက်နဲ့ ပွပေါက်ကြဲကြတာပါ။ တစ်လအတွင်း ထီပေါက်ပြီးရင် ဘယ်သူမှ မသိအောင် ဘဏ်ထဲငွေပြန်ထည့်ထားကြဖို့ပါပဲ။ နောက်ဆုံးအကြိမ်မှာ ဒေါ်လာတစ်သန်းလောက်ထုတ်ယူပြီး ကံစမ်းကြပေမဲ့မအောင်မြင်တဲ့အဆုံး ထွက်ပြေးကြပြီးအစိုးရက တစ်နိုင်ငံလုံးပိုက်စိပ်တိုက်ရှာဖွေလို့အဖမ်းခံကြရတာပါ။ အလိုလောဘကြီးသူတွေ အလိုဆန္ဒမထိန်းချုပ်နိုင်၊ မထိန်းသိမ်းနိုင်လို့ ဒုက္ခရောက်သွားရတဲ့အကြောင်း သတိသံဝေဂယူနိုင်ကြဖို့ပါ။

သူတစ်ပါးရဲ့အထင်ကြီးခံရမှု ကျော်ကြားထင်ရှားမှုတွေကို မလိုချင်တဲ့သူဟာလည်း အလိုနည်းသူပါပဲ။ သူများတွေအထင်ကြီးမှာ ကျော်ကြားထင်ရှားမှာကိုကြောက်လို့ ရှေးသူတော်ကောင်းတွေဟာ ကိုယ်ရထားတဲ့မင်္ဂဖိုလ်တရားထူးတရားမြတ်တွေ လူသိမခံကြပါဘူး။ ကိုယ့်ရဲ့ပရိယတ္တိတတ်ကျွမ်းမှုကို အသိမပေးဘဲ လျှို့ဝှက်ထားတတ်ကြပါတယ်။ ဓမ္မတင်ဆောင်ထားတာကိုတောင် သူများသိသွားမှာစိုးလို့ ဖျက်ပစ်လိုက်ပြီးမှ ပြန်လည်ဆောက်တည်တတ်ကြပါတယ်။ သိုသိပ်ကျစ်လျစ်စွာနဲ့ နေတတ်ကြပါတယ်။

မြန်မာ့သာသနာသမိုင်းမှာ "တောရဂိုဏ်းအစ ဦးသီလ"လို့တောင် ပြောစမှတ်တွင်တဲ့ ဆရာတော်ဦးသီလဟာ ထင်ရှားတဲ့အပ္ပိစ္ဆပုဂ္ဂိုလ်ကြီးတစ်ပါးဖြစ်ပါတယ်။ ရဟန္တာအရှင်မြတ်ကြီးတစ်ပါးလို့ တစ်နိုင်ငံလုံးက အသိအမှတ်ပြုကြည်ညိုမှုကို ခံယူရတဲ့ အရှင်မြတ်ဖြစ်ပါတယ်။ ပရိယတ်ပဋိပတ် အကျင့်နှစ်ရပ်ကို ဇောက်ချအားထုတ်ပြီး တစ်တောဝင်တစ်တောင်ထွက်နဲ့ တောရဆောက်တည်ကာ ဓမ္မတင်၁၃-ပါးကို အလျဉ်းသင့်သလို ဆောက်တည်ထားတဲ့ အရှင်မြတ်ကြီးလည်း ဖြစ်ပါတယ်။

ကိုယ်မှာအသုံးပြုဝတ်ရုံထားတဲ့ သင်္ကန်း၊ သပိတ်၊ ခေါင်းရိတ်မား ကလွဲလို့ တခြားအပိုပစ္စည်း ဘယ်အခါမှမထားပါဘူး။ ကြည်ညိုလှူဒါန်းလို့

www.dhammadownload.com

ရလာတဲ့ပစ္စည်းတွေကို နီးရာကျောင်း၊ နီးရာသံဃာတွေကိုသာ ပြန်လှူခိုင်းလေ့ရှိပါတယ်။

အုတ်တွင်းကနေ တောင်ဂူကိုကြွခဲ့တဲ့ ခရီးစဉ်တစ်ခုမှာ တောင်ဂူက ဒကာတစ်ယောက်က "စောပါသေးတယ်ဘုရား၊ ညနေချမ်းမှ ဘယ်လမ်းဘယ်လမ်းအတိုင်း ကြွတော်မူပါ။ အမြောက်အချက်ပေါင်း ၆၀ ပစ်ခတ်ပြီး မီးနီမီးစိမ်းတွေနဲ့ တစ်မြို့လုံးက ဝိုင်းအုံကြိုဆိုကြဖို့ စီမံထားပါတယ် ဘုရား" လို့ ခပေါင်းချောင်းနားက မဏ္ဍာပ်မှာလျှောက်ထားပါတယ်။

အဲဒီဒကာထသွားတဲ့အခါဆရာတော်ကြီးကညောင်လေးပင်တောရဘုန်းကြီး ဦးသောမကို အမိန့်ရှိပါတယ်။ "တောင်ဂူမြို့က အကြီးအကျယ်ဝိုင်းအုံကြိုမယ်လို့ လျှောက်တယ်။ မကြိုဖြစ်အောင် သွားရရင်မကောင်းဘူးလား။ သပိတ်သင်္ကန်းတွေယူကြ၊ မြို့ပြင်လမ်းကသွားကြစို့" လို့ အမိန့်ရှိပါတယ်။ ထင်ရှားမှာ၊ ကျော်ကြားမှာ။ လူသိများမှာကို မလိုချင်တဲ့ အပို့စ္ဆ - အလိုနည်းတဲ့သဘောပါ။

အလိုနည်းသူဟာ ရှာဖွေရ၊ ကြောင့်ကြစိုက်ရတာတွေနည်းလို့ ကိစ္စနည်းပါတယ်။ ကိစ္စနည်းတဲ့အတွက်လည်း တရားထူးရဖို့လွယ်ပါတယ်။ တရားရနိုင်ပါတယ်။ တရားရချင်ရင် အလိုနည်းအောင် ကျင့်ရမှာပါ။

www.dhammadownload.com

ရောင့်ရဲလွယ်သူနှင့် မရောင့်ရဲသူ

သန္တုဋ္ဌသာယံ ဘိက္ခဝေ ဓမ္မော၊
နာယံ ဓမ္မော အသန္တုဋ္ဌသ။

"ရဟန်းတို့၊ ဤလောကုတ္တရာတရားသည် ရောင့်ရဲလွယ်သော ပုဂ္ဂိုလ်အား သာ ပြည့်စုံနိုင်၏။ ဤလောကုတ္တရာတရားသည် မရောင့်ရဲသော ပုဂ္ဂိုလ်အား မပြည့်စုံ။"

ရသမျှနဲ့ ကျေနပ်အားရနိုင်၊ တင်းတိမ်ကျေနပ်နိုင်တာဟာ ရောင့်ရဲတဲ့ သန္တုဋ္ဌိတရားပါ။ ကိုယ့်ရဲ့ကံ၊ ဥာဏ်၊ ဝီရိယကို အစွမ်းကုန်စိုက်ထုတ်ပြီး ရှာဖွေလို့ရလာတဲ့အပေါ်မှာ ကျေနပ်အားရနိုင်ရပါမယ်။

စားဝတ်နေရေးအတွက် ပြည့်စုံကြွယ်ဝချမ်းသာရေးအတွက် မရှာနဲ့လို့မပြောပါဘူး။ ကိုယ့်အတွက်၊ ကိုယ့်မိသားစုအတွက်၊ ကိုယ့်ဆွေမျိုးသားချင်းတွေအတွက်၊ ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးအတွက် ရှာကြဖွေကြရမှာပါ။ ကြီးပွား

www.dhammadownload.com

တိုးတက်အောင် လုပ်ဆောင်ကြရမှာပါ။ ဒါပေမဲ့ ရသလောက်နဲ့ကျေနပ်တင်းတိမ်တတ်ရမှာပါ။ အားရကျေနပ် နေတတ်ရမှာပါ။

တစ်နေ့တာအတွက်ကိုယ်အားဉာဏ်အားအစွမ်းကုန်သုံးပြီးတစ်ရာရအောင်ရှာနိုင်သူဟာ တစ်ရာနဲ့ကျေနပ်ရမှာပါ။ တစ်ထောင်လိုချင်၊ တစ်သောင်းလိုချင်နေလို့ မရပါဘူး။ တစ်နေ့ တစ်ထောင်ရှာဖွေရရှိသူကလည်း ကိုယ်ရတဲ့တစ်ထောင်နဲ့ မျှတအောင်သုံးရမှာပါ။ အလိုမပြည့်လို့ စိတ်မောလူမောဖြစ်ရပါတယ်။ တစ်နေ့ တစ်သောင်းရတဲ့သူကလည်း တစ်သောင်းနဲ့ တင်းတိမ်ရမှာပါ။ တစ်သိန်းတစ်သန်းမှန်းပြီး မရနိုင်တာကိုတောင့်တနေရင် စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြစ်ရပါတယ်။

သန္တုဋ္ဌိဟာ ဘဝမှာ စိတ်ချမ်းသာအောင် နေနည်းပါ။ ကိုယ့်ရင်ထဲမှာ သန္တုဋ္ဌိရှိနေရင် ဘယ်လိုနေရနေရ၊ ဘာနဲ့စားရစားရ အဆင်ပြေပါတယ်။ နေတတ်သူဟာ ချမ်းသာပါတယ်။

လမ်းဘေးတဲက ဆင်းရဲသားလင်မယား အိပ်မောကျနေချိန်မှာ တိုက်ကြီးပေါ်က သူဌေးဇနီးမောင်နှံ အိပ်မရနိုင်ဖြစ်နေတာဟာ ရလာတဲ့အခြေအနေ၊ ရှိနေတဲ့အနေအထားကို မကျေနပ်နိုင်လို့ပါ။ တရားရဖို့အရေးမှာလည်း သန္တုဋ္ဌိတရား လက်ကိုင်ထားနိုင်သူဟာ တရားရနိုင်ပါတယ်။ တရားရဖို့လွယ်ပါတယ်။

အရာရာမှာ ကိုယ့်ထက်သာတဲ့လူ၊ ကိုယ့်ထက်ပြည့်စုံအောင်မြင်နေတဲ့သူတွေနဲ့နှိုင်းယှဉ်ပြီး ကိုယ့်ကိုယ်ကိုယ် အားမရ၊ ကိုယ့်ဘဝကိုကိုယ် မကျေမနပ်ဖြစ်နေကြတာဟာ ရောင့်ရဲမှုမရှိကြလို့ပါ။ ကိုယ့်ထက်မြင့်သူနဲ့တွေ့ရင် ကိုယ့်အောက်ကိုကြည့်။ ကိုယ့်ထက်နိမ့်တဲ့သူနဲ့ကြုံရင် ကိုယ့်အထက်ကိုကြည့်ပြီး ကိုယ့်နေရာမှန်ကို ကိုယ်သိထားရင် လောကမှာနေရတာ အဆင်ပြေပါတယ်။

အလိုဆန္ဒလောဘဆိုတာ ဘယ်လောက်ဖြည့်ဖြည့် မပြည့်နိုင်တာမျိုးပါ။ ဘယ်လောက်ရရ ထပ်ထပ်သာလိုချင်နေတာမျိုးပါ။ အလိုလောဘ

www.dhammadownload.com

နောက်ကိုလိုက်နေရင် ခြေကုန်လက်ပန်းကျသွားတာသာရှိမယ်။ လောဘကိုမနိမ်ရင် ဘယ်တော့မှမတင်းတိမ်ပါဘူး။

တရားတဲ့နည်းနဲ့ မတရားတဲ့နည်းတွေနဲ့ နည်းမျိုးစုံသုံးပြီး အရယူမယ်ဆိုရင် မဂ်ဖိုလ်တရားထူးရဖို့နေနေသာသာ ကိုယ့်ရဲ့ကောင်းတဲ့ တရားလေးပါ အဆစ်ပါပြီး ပျက်စီးသွားမှာပါ။

လောဘကိုမနှိမ်နိုင်လို့ သတ်ဖြတ်မိတာ၊ တိုက်ခိုက်လုယက်ခိုးယူမိတာကို မကြာခဏ ကြားကြ၊ သိကြ၊ မြင်ကြရမှာပါ။ ကြောက်စရာ၊ လန့်စရာ၊ မကြားဝံ့မနာသာ ရာဇဝတ်မှုကြီးတွေ ကျူးလွန်မိကြတာကို တွေ့ကြုံခံစားကြားဖူးကြမှာပါ။

တတ်နိုင်သမျှ ကြိုးစားအားထုတ်ပြီး ရလာသမျှအပေါ်မှာ ကျေနပ်အားရတတ်ပါမှ စိတ်ချမ်းသာမှုရပါတယ်။ စိတ်ချမ်းသာ၊ ကိုယ်ချမ်းသာနဲ့ ကျင့်ကြံအားထုတ်ပါမှ တရားရနိုင်ပါတယ်။ သန္တုဋ္ဌိမပါဘဲနဲ့ တရားရှာမယ်ဆိုရင် တရားရဖို့ခက်ပါတယ်။

တချို့ဘယ်နေရာမှာမှ အားရတင်းတိမ်မှု မရှိတတ်ကြပါဘူး။ အလိုလောဘကို ချိုးနှိမ်မထားနိုင်တဲ့အတွက် မရောင့်ရဲကြပါဘူး။ မတင်းတိမ်မရောင့်ရဲနိုင်တဲ့သူဟာ သန္တုဋ္ဌိတရားကင်းဝေးနေလို့ တရားရဖို့ဝေးပါတယ်။ တရားရဖို့ ခက်ခဲပါတယ်။

www.dhammadownload.com

ဆိတ်ငြိမ်လိုသူနှင့် ပေါင်းဖော်ပျော်သူ

ပဝိဝိတ္တသာယံ ဘိက္ခဝေ ဓမ္မော၊
နာယံ ဓမ္မော သင်္ဂဏိကာရာမဿ။

"ရဟန်းတို့၊ ဤလောကုတ္တရာတရားသည် ဆိတ်ငြိမ်မှုရှိသော ပုဂ္ဂိုလ်အား သာ ပြည့်စုံ၏။ ဤလောကုတ္တရာတရားသည် အပေါင်းအဖော်၌ မွေ့လျော်သော ပုဂ္ဂိုလ်အား မပြည့်စုံ။"

ဆိတ်ငြိမ်မှုဆိုတဲ့ ဝိဝေကဟာ ကာယဝိကက၊ စိတ္တဝိဝေက၊ ဥပဓိဝိဝေကလို့ သုံးမျိုးရှိပါတယ်။

ကာယဝိကေကဆိုတာက အပေါင်းအဖော်ကိုစွန့်လွှတ်ပြီး တတ်နိုင်သမျှ ဆိတ်ငြိမ်ရာမှာ တစ်ယောက်တည်းနေတတ်တာပါ။ အဖော်မရှိပေမဲ့ အဖော်မရှာဘဲ တစ်ယောက်တည်းနေနိုင်တာမျိုးပါ။ တစ်ယောက်တည်းနေပြီး တရားကို ကြိုးစားကျင့်နေတာပါ။

www.dhammadownload.com

စိတ္တဝိဝေကဆိုတာ စိတ်တည်ကြည်ငြိမ်သက်အောင် ကြိုးစားအားထုတ်နေတာမျိုးပါ။ စိတ်တွေထွေပြားပြီး အာရုံအမျိုးမျိုးနောက် လိုက်နေတာမျိုး မဖြစ်ရပါဘူး။ အတွေးအကြံတွေ တစ်ခုပြီးတစ်ခု၊ တစ်မျိုးပြီးတစ်မျိုး ဖြစ်မနေတာမျိုးကို ဆိုလိုပါတယ်။ ရှုမှတ်ရမယ့် တစ်ခုတည်းသော တရားအာရုံမှာ စိတ်ကိုတည်ငြိမ်အောင်ထားနိုင်တာဟာ စိတ္တဝိဝေကပါ။

ဥပဓိဝိဝေကဆိုတာက အစစ်အမှန်ပြောရရင် နိဗ္ဗာန်ပါ။ ဥပဓိဝိဝေကဖြစ်တဲ့ နိဗ္ဗာန်ဟာ ကာမဂုဏ်ကနေ ကင်းဝေးပါတယ်။ ကိလေသာတွေကနေ ကင်းဝေးပါတယ်။ ဘဝသစ်ကိုဖြစ်စေတဲ့ အကြောင်းကံကလည်း ကင်းဝေးပါတယ်။ ခန္ဓာငါးပါးနဲ့လည်း ကင်းဝေးပါတယ်။

ဒီလို ဝိဝေကသုံးမျိုးနဲ့ပြည့်စုံသူမှ တရားရဖို့လွယ်ပါတယ်။ တရားရနိုင်ပါတယ်။ နိဗ္ဗာန်ကို အမှန်တကယ်လိုချင်စိတ်ရှိတဲ့အတွက် တရားရဖို့မခက်ပါဘူး။ ဝိဝေကသုံးပါးနဲ့ ဆိတ်ငြိမ်စွာတစ်ပါးတည်း တရားနဲ့နေတဲ့သူကို လူရှင်ရဟန်းတွေက ကြည်ညိုကြပါတယ်။ ဘယ်တော၊ ဘယ်တောင်၊ ဘယ်ဒေသမှာနေနေ အရောက်သွားပြီး ဆည်းကပ်တတ်ကြပါတယ်။ ဖူးမြော်ရိုသေတတ်ကြပါတယ်။

အဲဒီအချိန်မှာ ဝိဝေကပျော်သူဟာ သတိထားဖို့လိုပါတယ်။ ရောက်လာတဲ့ပရိသတ်ကို မသာယာမိဖို့လိုပါတယ်။ ရောက်လာတဲ့ပရိသတ်ကို နိဗ္ဗာန်ရောက်ကြောင်းတရားတွေ ဟောကြားပြီး ပြန်လွှတ်ဖို့ မြတ်စွာဘုရားက သတိပေးတော်မူပါတယ်။ ကိုယ့်တရားအလုပ်ကို အပျက်မခံဘဲ ဆက်လက်ကြိုးစားအားထုတ်နေဖို့ လိုပါတယ်။

ဆိတ်ငြိမ်ရာမှာ တစ်ယောက်တည်းနေ၊ ရှုမှတ်စိတ်တစ်မျိုးတည်း အဆက်မပြတ်ဖြစ်နေအောင် ကြိုးစား၊ ကိလေသာတွေ အဝင်မခံဘဲ တရားရှုမှတ်အားထုတ်နေသူဟာ တိုတောင်းတဲ့ကာလအတွင်းမှာ တရားရမှာပါ။

မိဘဆွေမျိုးတွေကို ခင်တွယ်လွန်းသူဟာ အပေါင်းအသင်းနဲ့ပျော်တဲ့သူပါ။ ညီအစ်ကိုမောင်နှမ အပေါင်းအသင်းတွေရှိမှ နေတတ်တယ်။ ချစ်သူ

www.dhammadownload.com

ခင်သူတွေနဲ့ အတူနေရမှ နေနိုင်တယ်ဆိုတာ အပေါင်းအဖော်နဲ့ ပျော်တဲ့အတွက်ပါ။

တချို့ပညာရေး၊ စီးပွားရေးအတွက်တောင် ချစ်ခင်သူတွေနဲ့ မခွဲခွာနိုင်၊ တစ်ရပ်တစ်ကျေးကို မသွားနိုင်တဲ့အတွက် အကျိုးစီးပွားတွေ ဆုတ်ယုတ်ပျက်ပြားတတ်ကြပါတယ်။ အောင်မြင်မှုတွေကို လက်လွတ်ဆုံးရှုံးခံကြရပါတယ်။

တချို့ကျပြန်တော့ တရားရှုမှတ်အားထုတ်ဖို့အတွက် တရားစခန်း တရားရိပ်သာတွေလာဖို့ကိုတော့ အဖော်မရှိလို့ မလာချင်ဘူး။ အဖော်မရှိလို့ မလာဖြစ်ဘူးဆိုတဲ့အထိ အဖော်ခင်ကြပါတယ်။ ရောက်လာပြန်တော့လည်း ဘယ်သူနဲ့အတူနေပါရစေ၊ ဘယ်သူနဲ့တော့ အတူနေချင်ပါတယ်လို့ အပေါင်းအဖော်ကို အလွန်မက်တတ်ကြပါတယ်။ အပေါင်းအဖော်နဲ့မှ ပျော်တယ်ဆိုရင်တော့ တရားရဖို့ခက်ပါတယ်။

ရွှေဥမင်ဆရာတော်ကြီးဆိုတာ တစ်ပါးတည်း တောရဆောက်တည်ကျင့်ကြံအားထုတ်နေတဲ့ တောပျော်ဆရာတော်ကြီးပါ။ တစ်နေ့မှာ မင်းကိုးကွယ်တဲ့မင်းဆရာတောင်ဖီလာဆရာတော်ကြီးကြွရောက်လာပါတယ်။ အချင်းချင်း တစ်ပါးနဲ့တစ်ပါး နှုတ်ဆက်ပဋိသန္ဓာရစကား ပြောကြတဲ့အချိန်မှာတောင် ဖီလာဆရာတော်က လျှောက်ထားပါတယ်။ "အရှင်ဘုရား တစ်ပါးတည်းနေရတာ မကြောက်ဘူးလား" လို့ မေးလျှောက်ပါတယ်။ ရွှေဥမင်ဆရာတော်ကြီး ပြန်မိန့်ကြားတဲ့စကားက "ကြောက်လို့သာ တစ်ပါးတည်းနေပါတယ်ဗျ၊ရှင်" လို့ပါ။

လောကအမြင်နဲ့ တရားအမြင် မတူကြတဲ့အမြင်နှစ်ခုက ပေါ်ထွက်လာတဲ့စကားတွေပါ။ လောကအမြင်နဲ့ကြည့်ရင် တစ်ယောက်တည်း တစ်ပါးတည်းနေရတယ်ဆိုတာ ကြောက်စရာပါ။ အမှီအဖော်မရှိလို့ အကူအကယ် မရနိုင်လို့ ကြောက်ဖို့ကောင်းတာပါ။ တရားအမြင်ရှိသူကတော့ အများနဲ့နေရတာကို ကြောက်ပါတယ်။ အများနဲ့နေရင် အများနဲ့မျောသွားပြီး ပါသွားတတ်

www.dhammadownload.com

လို့ လွတ်လွတ်လပ်လပ် ကုသိုလ်ပြုဖို့မလွယ်ပါဘူး။ စိတ်တိုင်းကျ ကုသိုလ်ပြုနိုင်ဖို့ ခက်ပါတယ်။ ကုသိုလ်အလုပ်၊ တရားအလုပ်ကိုလုပ်ဖို့ ခက်ပါတယ်။

တရားရှာကြရာမှာ မှတ်သားဖို့ကောင်းတဲ့ ဆုံးမစကားတစ်ခွန်းက "**တစ်ယောက်တည်းနေရင် တရား၊ နှစ်ယောက်နေရင် စကား၊ သုံးယောက်နေရင် အလကား**" လို့ ရှိပါတယ်။ အဖော်ရှိရင် စကားရှိလာပါပြီ။ စကားပြောကြတဲ့အတွက် တရားအာရုံပျက်တတ်ပါတယ်။ စကားနှောက်လို့ တရားပျောက်သွားတတ်ပါတယ်။

တစ်ယောက်တည်းနေရုံမက စိတ်ကရှစိတ်တစ်မျိုးတည်း အမြဲဖြစ်နေအောင် အားထုတ်နိုင်ပါမှ တရားရတာပါ။ စိတ်ကလည်း ရှစိတ်တစ်ခုတည်းဖြစ်နေအောင် အမြဲတမ်းမရှနိုင်ဘူး။ အာရုံအမျိုးမျိုးနဲ့ တွေ့ကြုံပေါင်းသင်းနေရပါမှ လောဘ၊ ဒေါသ၊ မောဟ၊ ကိလေသာအပေါင်းအဖော်တွေနဲ့မှ ပျော်တယ်ဆိုရင်တော့ တရားမရနိုင်ပါဘူး။

www.dhammadownload.com

ဝီရိယရှိသူနှင့် ပျင်းရိသူ

အာရဒ္ဓဝီရိယသာယံ ဘိက္ခဝေ ဓမ္မော၊
နာယံ ဓမ္မော ကုသီတဿ။

"ရဟန်းတို့၊ ဤလောကုတ္တရာတရားသည် ထက်သန်သောလုံ့လ ဝီရိယရှိသော ပုဂ္ဂိုလ်အားသာ ပြည့်စုံ၏။ ဤလောကုတ္တရာတရားသည် ပျင်းရိသောပုဂ္ဂိုလ်အား မပြည့်စုံ။"

တရားရတယ်ဆိုတာ ဇွဲလုံ့လနဲ့ကြိုးစားတဲ့သူတွေမှ ရတာပါ။ အပျင်းများပြီး မကြိုးစားတဲ့သူတွေ မရနိုင်ပါဘူး။ ဝီရိယရှိသူကို မြတ်စွာဘုရားက အခုလိုဖော်ညွှန်းပါတယ်။

"အကုသိုလ်တရားတို့ကိုပယ်ရန်၊ ကုသိုလ်တရားတို့ကိုပြည့်စုံစေရန် ထက်သန်သောလုံ့လရှိသည်ဖြစ်၍နေ၏။ အားအစွမ်းနှင့် ပြည့်စုံ၏။ မြဲမြံသော အားထုတ်မှုရှိ၏။ ကုသိုလ်တရားတို့၌ တာဝန်ကို ပစ်ချထားခြင်းမရှိ" လို့ မိန့်တော်မူပါတယ်။

www.dhammadownload.com

တရားအားထုတ်ကြတယ်ဆိုတာ အကုသိုလ်တရားတွေကိုပယ်ဖို့ပါ။ ကုသိုလ်တရားတွေ ပြည့်စုံလာဖို့ပါ။ မဖြစ်သေးတဲ့ အကုသိုလ်တွေ ဖြစ်မလာအောင် ကြိုးစားအားထုတ်ကြရပါတယ်။ ဖြစ်ပြီးသား အကုသိုလ်တွေ ပယ်ဖျောက်နိုင်အောင် ကြိုးစားအားထုတ်ကြရပါတယ်။

မဖြစ်သေးတဲ့ ကုသိုလ်တွေဖြစ်လာအောင်၊ ဖြစ်ပြီးတဲ့ ကုသိုလ်တွေ တိုးသထက်တိုး၊ များသထက်များလာအောင် ကြိုးစားအားထုတ်ကြရပါတယ်။

သာမန်လူတွေကို မဆိုထားပါနဲ့။ ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာ ဘယ်သူမဆို၊ ဘယ်ပုဂ္ဂိုလ်မဆို တရားရဖို့ ကြိုးစားအားထုတ်ကြရပါတယ်။ နောက်ဘဝမှာ ဘုရားဖြစ်ဖို့ သေချာနေပြီဖြစ်တဲ့၊ ပါရမီတွေ ပြည့်စုံနေပြီဖြစ်တဲ့ ဘုရားအလောင်းတော်တွေတောင်မှ ကြိုးကြိုးစားစား ကျင့်ကြံရှုပွားကြရပါတယ်။

တရားရရှိဖို့အရေးတရားအားထုတ်ချိန်မှာကြုံတွေ့ရတတ်တဲ့အခက်အခဲကို ဖြေနပဲနှင့်ရင်ဆိုင်မှ တရားရနိုင်ပါတယ်။ ကိုယ်ဝိရိယ၊ စိတ်ဝိရိယ နှစ်ပါးစုံရှိရပါတယ်။ ဖြေမရှိသူ၊ လုံ့လဝိရိယမရှိသူ၊ မကြိုးစားသူတွေဟာ တရားရဖို့ဝေးပါတယ်။ ပျင်းနေသူတွေ တရားရဖို့ဝေးပါတယ်။ အပျင်းတရားကို အံကြိတ်တောက်ခေါက် ပယ်ဖျောက်ပြီး ဝိရိယတွန်းအားကို မြှင့်တင်လိုက်ပါမှ တရားရနိုင်တာပါ။

တရားအားထုတ်တာကို မဆိုထားပါနဲ့။ လောကကြီးပွားရေး၊ စီးပွားရေး၊ ပညာရေးမှာတောင် ဝိရိယရှိသူနဲ့ ပျင်းရိသူ အကျိုးရလဒ်မတူညီကြတာ သိသာထင်ရှားပါတယ်။

မြတ်စွာဘုရားရှင် သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတိုက်မှာ သီတင်းသုံးတော်မူစဉ်က အမျိုးသားငါးရာတို့ဟာ သဒ္ဓါပေါက်လို့ ကျောင်းရောက်လာရဟန်းပြုကြပါတယ်။ ကမ္မဋ္ဌာန်းတရားတွေ သင်ယူကြပြီးတော့ တောထွက်ကာ တရားကျင့်ကြပါတယ်။ **အဲဒီထဲမှာ** ရဟန်းတစ်ပါးကတော့ လိုက်မသွားဘဲ ကျန်ရစ်ခဲ့ပါတယ်။

ဆုပြည့်စုံထွန်းစာပေ

www.dhammadownload.com

ထက်သန်တဲ့ လုံ့လဝီရိယနှင့် ကြိုးစားကျင်ကြံတဲ့အတွက် ရဟန်းအားလုံးမကြာခင်တရားရကာ ရဟန္တာဖြစ်ကြပါတယ်။ တရားရရှိပြီဖြစ်ကြောင်း မြတ်စွာဘုရားကို လျှောက်ထားကြတဲ့အခါ ဘုရားရှင်က ဝမ်းမြောက်ဝမ်းသာ ချီးမွမ်းတော်မူပါတယ်။

သူများတွေအားထုတ်စဉ်က လိုက်မသွားဘဲ အပျင်းထူကာ ကျန်ရစ်ခဲ့သူက အရှင်တိဿပါ။ တရားရသူတွေကို မြတ်စွာဘုရားရှင် အရေးတယူရှိတာကိုမြင်မှ သူလည်း တရားလိုချင်လာပါတယ်။ အမြန်ဆုံးရအောင် ကျင့်မယ်ဆိုပြီး ညလုံးပေါက်တရားကျင့်ပါတယ်။

ညသန်းခေါင်ကျော်တော့ စက္ကြံသွားရင်း အိပ်ငိုက်ငိုက်နဲ့ ကျောက်တုံးတစ်တုံးကို ခလုတ်တိုက်လဲလိုက်တာ ပေါင်ရိုးကျိုးသွားပါတယ်။ အော်ဟစ်ညည်းညူသံကြားလို့ ရဟန်းတော်တွေရောက်လာပြီး ကူညီကြရပါတယ်။

အချိန်ရှိရိုက်လုံ့လမစိုက်ဘဲ ခုလိုဖြစ်ရတဲ့အရှင်တိဿကိုအကြောင်းပြုကာ မြတ်စွာဘုရားက ...

"ထက်ကြွလုံ့လပြုသင့်ချိန်၌ ထက်ကြွလုံ့လမပြုသော၊ ပျိုမျစ်နထွား ခွန်အားနှင့်ပြည့်စုံလျက် ပျင်းရိနေသော၊ အကုသိုလ်အတွေးအကြံတွေသာ တွေးကြံနေသော လူပျင်းသည် ပညာဖြင့်သိအပ်မြင်အပ်သော မဂ်ဉာဏ်ဖိုလ်ဉာဏ်ကို မရနိုင်" လို့ ဟောကြားတော်မူခဲ့ပါတယ်။

ဒါကြောင့်တရားထူး၊ တရားမြတ်ဆိုတာကိုလုံ့လဝီရိယရှိသူတွေသာ ရရှိကြပြီး ပျင်းရိနေသူတွေ မရနိုင်ကြတာပါ။

www.dhammadownload.com

သတိရှိသူနှင့် သတိလွတ်သူ

ဥပဋ္ဌိတသတိသာယံ ဘိက္ခဝေ ဓမ္မော၊
နာယံ ဓမ္မော မုဋ္ဌသတိဿ။

"ရဟန်းတို့၊ ဤလောကုတ္တရာတရားသည် ထင်သောသတိရှိသော ပုဂ္ဂိုလ်အားသာ ပြည့်စုံ၏။ ဤလောကုတ္တရာတရားသည် သတိလွတ်သော ပုဂ္ဂိုလ်အား မပြည့်စုံနိုင်။"

အခု အားထုတ်နေကြတဲ့တရားဟာ သတိပဋ္ဌာန်တရားပါ။ မဟာသတိပဋ္ဌာနသုတ္တန်မှာ မြတ်စွာဘုရားရှင်က ကာယာနုပဿနာ သတိပဋ္ဌာန်၊ ဝေဒနာနုပဿနာ သတိပဋ္ဌာန်၊ စိတ္တာနုပဿနာ သတိပဋ္ဌာန်၊ ဓမ္မာနုပဿနာ သတိပဋ္ဌာန်ရယ်လို့ လေးမျိုးဟောပါတယ်။

သတိရဲ့တည်ရာ၊ သတိရဲ့အာရုံတွေဟာ ကာယ၊ ဝေဒနာ၊ စိတ္တနဲ့ ဓမ္မတို့ဖြစ်ပါတယ်။ တရားအားထုတ်နေစဉ်မှာ ကာယဆိုတဲ့ ရုပ်အပေါင်း၊ ဝေဒနာ

www.dhammadownload.com

ဆိုတဲ့ ခံစားမှု၊ စိတ္တဆိုတဲ့ ဖြစ်ပေါ်နေတဲ့စိတ်နဲ့ ဓမ္မဆိုတဲ့ ရုပ်နာမ်တွေကို သတိထားပြီး ရှုမှတ်နေမှ တရားဖြစ်ပါတယ်။

ဓမ္မာနုပဿနာရှုနည်းအရ ရှုမှတ်မယ်ဆိုရင်တော့ ကိုယ်နဲ့စိတ်ကို သတိထားနေရပါမယ်။ ကိုယ်ပေါ်မှာဖြစ်ပေါ်ထင်ရှားတဲ့ သဘောတရားကို ရုပ်၊ စိတ်မှာဖြစ်ပေါ်ထင်ရှားတဲ့ သဘောတရားကို နာမ်လို့ရှုမှတ်နေရမှာ ဖြစ်ပါတယ်။ ရှုမှတ်ရမယ့် အရှုခံရုပ်နာမ်တရားတွေ ထင်ရှားအောင် ကိုယ်နဲ့စိတ်ပေါ်မှာ အမြဲတမ်းသတိကပ်ထားရပါမယ်။ သတိရှိနေရပါမယ်။ သတိမရှိရင် တရားမဖြစ်ပါဘူး။

မြတ်စွာဘုရားက "အပွမာဒေန သမ္မာဒေထ" လို့ဟောကြားတာဟာ သတိရှိဖို့ သတိပေးတာပါ။ "မမ့်မလျော့ မပေါ့မဆတဲ့ အပွမာဒ သတိတရားနဲ့ ပြည့်စုံအောင် ကျင့်ကြ" လို့အထပ်ထပ်အခါအခါဟောကြားပေးတာဟာ သတိရှိစေချင်လို့ပါ။ သတိလက်လွတ် အမှတ်တမဲ့နေတတ်သူဟာ သတိနည်းပါးတဲ့သူပါ။ မေ့လျော့ပေါ့ဆနေတတ်သူဟာ သတိနည်းပါးတဲ့သူပါ။

သတိရှိသူနဲ့ သတိနည်းသူနှစ်ယောက်ရဲ့ကွာခြားချက်ကို သိသာထင်ရှားအောင် "အပွမတ္တာ နမီယန္တိ၊ ယေ ပမတ္တာ မတာ ယထာ" လို့တောင်နှိုင်းယှဉ်ပြပါတယ်။ "သတိရှိသူ၊ မမ့်တဲ့သူဟာ အသက်ရှင်သူနဲ့တူပါတယ်။ သတိနည်းတဲ့သူ၊ မေ့တဲ့သူဟာ လူသေနဲ့တူပါတယ်" လို့ ဆိုလိုတာပါ။

သတိရှိသူဟာ ကုသိုလ်တရားတွေ အမြဲရှင်သန်နေလို့ မကြာခင်မှာ မဂ်ဖိုလ်တရားထူးကိုရပါတယ်။ မသေရာအမှန် မြတ်နိဗ္ဗာန်ကို ရောက်ပါတယ်။ သတိနည်းသူကတော့ ရှင်သန်မှုမရှိတော့တဲ့ လူသေနဲ့တူပါတယ်။ မဂ်ဖိုလ်တရားထူးတွေနဲ့ဝေးကွာလို့ ထပ်ကာထပ်ကာ အိုရ၊ နာရ၊ သေရပါတယ်။

သတိနည်းသူဟာ တရားရနိုင်ဖို့ မလွယ်ပါဘူး။ တရားရဖို့ ခက်ခဲပါတယ်။ သတိလွတ်ကင်း မေ့လျော့ခြင်းတွေနဲ့သာ အသက်ရှင်နေထိုင်တဲ့ အတွက် ကုသိုလ်စိတ်တောင် ဖြစ်ဖို့မလွယ်ပါဘူး။

www.dhammadownload.com

မက်မောစရာ ကာမဂုဏ်အာရုံတွေကြားထဲမှာ နေရတဲ့အတွက် လူတော်တော်များများဟာ ကုသိုလ်ပြုဖို့ မေ့နေကြပါတယ်။ ဘုရားမေ့၊ တရားမေ့ဖြစ်နေတတ်ကြပါတယ်။ ဒါနကောင်းမှု၊ သီလကောင်းမှု၊ ဘာဝနာကောင်းမှု တွေဖြစ်အောင် အတော်ကြီးကို သတိထားနိုင်ပါမှ ကုသိုလ်ပြုဖြစ်ကြတာပါ။

တစ်နေ့ပြီးတစ်နေ့၊ တစ်လပြီးတစ်လ၊ တစ်နှစ်ပြီးတစ်နှစ်လို့ အချိန်တွေသာကုန်သွားတယ်၊ အသက်တွေသာကြီးသွားတယ်၊ ကုသိုလ်ကောင်းမှုဘာမှမညည်မည်ရရ မပြုနိုင်ကြတဲ့သူတွေ အများကြီးပါ။ ကုသိုလ်ကောင်းမှုပြုဖို့ သတိမရနိုင်ကြတဲ့သူတွေ အများကြီးပါ။ အဲဒီလိုလူတွေဟာ တရားရနိုင်ဖို့အသာထားလို့ တရားအားထုတ်ဖို့တောင် သတိမရနိုင်လို့ တရားရဖို့ မလွယ်ပါဘူး။

တရားအားထုတ်နေစဉ်မှာလည်း စိတ်ကို သတိနဲ့မထိန်းချုပ်ဘဲ စိတ်တွေသွားချင်ရာသွား၊ ရောက်ချင်ရာရောက်နေရင်လည်း ဝိပဿနာတရားမဖြစ်နိုင်ပါဘူး။ ရှုမှတ်ရမယ့်တရားကို သတိထားပြီးမရှုမှတ်နေလို့ တရားရနိုင်မှာလည်း မဟုတ်တော့ပါဘူး။

တရားရှုမှတ်အားထုတ်တာကို တရားထိုင်တယ်၊ တရားထိုင်တယ်လို့ ပြောဆိုသုံးနှုန်းကြတော့ အများက ထိုင်နေချိန်မှာမှ တရားရမယ်၊ ထိုင်ပြီးအားထုတ်မှ တရားရမယ်လို့ ထင်ကြပါတယ်။ အမှန်ကတော့ တရားရှုမှတ်အားထုတ်တယ်ဆိုတာ လျောင်း၊ ထိုင်၊ ရပ်၊ သွား ကျရိယာပုတ်လေးပါးလုံးမှာ သတိထားပြီး ရှုမှတ်နေရမှာပါ။

တစ်နေရာကနေ တစ်နေရာ လူပ်ရှားသွားလာနေတဲ့အခါမှာလည်း ပြောင်းလဲလူပ်ရှားနေတဲ့ ရုပ်နာမ်တရားတွေကို သတိကပ်ရှုမှတ်နေရပါမယ်။ တစ်နေရာရာမှာ ခြေစုံရပ်လို့ မတ်တတ်နေကြတဲ့အချိန်မှာလည်း ခန္ဓာကိုယ်မှာ ဖြစ်ပေါ်နေတဲ့ တင်းမှု၊ တောင့်မှု၊ လေးမှု၊ မာကျောမှုတွေကို သတိထားရှုမှတ်နေရပါမယ်။ အိပ်ရာထဲမှာ လဲလျောင်းနေစဉ်မှာလည်း သတိလက်မဲ့နေလို့ မရပါဘူး။ ကိုယ်ခန္ဓာရဲ့တစ်နေရာရာမှာ ဖြစ်ပေါ်နေတဲ့ သဘောတရားကို ရုပ်

www.dhammadownload.com

တရား၊ သိနေတဲ့သဘောတရားကို နာမ်တရားလို့ သတိနဲ့ရှုမှတ်နေရပါမယ်။ အိပ်ရာကနိုးထလာတဲ့ အချိန်ကနေစလို့ အိပ်ပျော်သွားတဲ့အချိန်ထိ တစ်နေ့လုံးကို သတိရှိနေမှ၊ သတိထားနေပါမှ တရားရနိုင်ပါတယ်။

www.dhammadownload.com

စိတ်ငြိမ်သူနှင့် စိတ်မငြိမ်သူ

သမာဟိတသာယံ ဘိက္ခဝေ ဓမ္မော၊
နာယံ ဓမ္မော အသမာဟိတသ။

"ရဟန်းတို့ ဤလောကုတ္တရာတရားသည် တည်ကြည်သောစိတ်ရှိသော ပုဂ္ဂိုလ်အားသာ ပြည့်စုံ၏။ ဤလောကုတ္တရာတရားသည် တည်ကြည်သောစိတ်မရှိသော ပုဂ္ဂိုလ်အား မပြည့်စုံ။"

စိတ်ငြိမ်တယ်ဆိုတာ အရှုခံ၊ ရုပ်နာမ်ပေါ်မှာ တည်ငြိမ်တဲ့စိတ်၊ ကြည်လင်တဲ့စိတ်၊ သမာဓိဖြစ်နေတာကို ဆိုလိုပါတယ်။

စိတ်ရဲ့သဘာဝက အငြိမ်မနေချင်တဲ့ မျောက်နဲ့တူပါတယ်။ စိတ်ဟာ လက်မငြိမ်၊ ခြေမငြိမ်၊ တစ်ကိုယ်လုံးမငြိမ်ဘဲ အငြိမ်မနေချင် ခုန်ပေါက်ပြေးလွှား ဆော့ကစားနေချင်တဲ့ မျောက်လိုပါပဲ။ သိစရာတွေကို တစ်ခုပြီးတစ်ခု သိချင်နေပါတယ်။ တွေးစရာတွေကို တစ်မျိုးပြီးတစ်မျိုး တွေးချင်နေပါတယ်။ အာရုံအမျိုးမျိုးကို ကူးသန်းလှုပ်ရှားပြီး စိတ်တွေကူးနေချင်ပါတယ်။

www.dhammadownload.com

ဒါပေမဲ့ တရားရှုမှတ်အားထုတ်နေသူက ကိုယ်ရှုမှတ်နေတဲ့ တရားဓမ္မပေါ်ကနေ အာရုံတခြား စိတ်မသွားအောင် ကြိုးစားထိန်းသိမ်း ရှုမှတ်နေမယ်ဆိုရင် ပြေးလွှားလှုပ်ရှားနေတဲ့စိတ်ဟာ တဖြည်းဖြည်းနဲ့ တည်ငြိမ်လာပါတယ်။

အရှုခံထားလို့ ရှုမှတ်နေတဲ့ ရုပ်နာမ်အာရုံကနေ ဘယ်ကိုမှမသွားတော့ဘဲ တည်နေပါတယ်။ အရှုခံအပေါ်မှာသာ ရှုမှတ်စိတ်ဟာ ငြိမ်ပြီးတော့ ရှုမှတ်နေပါတယ်။ အဲဒီအခါမှာ တရားအားထုတ်သူဟာ စွဲစွဲမြဲမြဲ ရှုမှတ်လာနိုင်ပါတယ်။ ရှုစရာပေါ်လိုက် ရှုလိုက်နဲ့ ရှုမှတ်နေတဲ့အတွက် သမာဓိဖြစ်လာပါတယ်။

တည်ငြိမ်တဲ့ စိတ်သမာဓိကြောင့် တရားရှုမှတ်အားထုတ်သူဟာ သိစရာကိုသိတဲ့အသိဉာဏ်တွေ ပွင့်လာပါတယ်။ ဒါကြောင့် မြတ်စွာဘုရားက "သမာဓိရှိသော ရဟန်းသည် ဤကား ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ် တည်းဟု ဟုတ်တိုင်းမှန်စွာ ကွဲကွဲပြားပြားသိ၏။ ဤကား ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်၏ ဖြစ်ကြောင်းသဘောတရားနှင့် ဖြစ်ခြင်းသဘောတရားဟု ဟုတ်တိုင်းမှန်စွာ ကွဲကွဲပြားပြားသိ၏။ ဤကား ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်၏ ချုပ်ကြောင်းသဘောတရားနှင့် ချုပ်ခြင်းသဘောတရားဟု ဟုတ်တိုင်းမှန်စွာ ကွဲကွဲပြားပြားသိ၏" (သံ - ၂ - ၁၂။)

"သမာဓိရှိသောရဟန်းသည် ဤကား ဒုက္ခ အရိယ သစ္စာတည်းဟု ဟုတ်တိုင်းမှန်စွာ ကွဲကွဲပြားပြားသိ၏။ ဤကား ဒုက္ခဖြစ်ကြောင်း သမုဒယ အရိယသစ္စာတည်းဟု ဟုတ်တိုင်းမှန်စွာ ကွဲကွဲပြားပြားသိ၏။ ဤကား ဒုက္ခ ချုပ်ရာ နိရောဓအရိယသစ္စာတည်းဟု ဟုတ်တိုင်းမှန်စွာ ကွဲကွဲပြားပြားသိ၏။ ဤကား ဒုက္ခချုပ်ရာ နိဗ္ဗာန်သို့ရောက်ကြောင်း ကျင့်စဉ်မဂ္ဂ အရိယသစ္စာတည်းဟု ဟုတ်တိုင်းမှန်စွာ ကွဲကွဲပြားပြားသိ၏" (သံ - ၃ - ၃၆၃။) လို့ ဟောကြားတော်မူခဲ့ပါတယ်။ ဒါကြောင့် တည်ငြိမ်တဲ့စိတ်သမာဓိရှိသူဟာ သစ္စာလေးပါး

www.dhammadownload.com

မြတ်တရားကို ပိုင်ခြားထင်ထင် သိမြင်နိုင်တဲ့အတွက် တရားထူး တရားမြတ်ကို ရရှိနိုင်ပါတယ်။

စိတ်မငြိမ်သူဟာ စိတ်မတည်ငြိမ်တဲ့အတွက် ရှုမှတ်ရမယ့် အရှုခံရုပ်နာမ်တွေကို မတွေ့နိုင်၊ မမြင်နိုင်ပါဘူး။ ရုပ်နာမ်ခန္ဓာရဲ့ သဘောသဘာဝကိုတောင် မသိမမြင်နိုင်တဲ့အတွက် တရားရဖို့ခက်ပါတယ်။

အချို့က အကုသိုလ်အာရုံနဲ့ ငြိမ်သက်နေကြတာရှိပါတယ်။ ဥပမာ ပြောရရင် ငါးများသူတွေ ဘယ်တော့ငါးမိမလဲလို့ ငါးများချိတ်ကနေ ဘယ်အာရုံကိုမှမရောက်ဘဲ ငြိမ်နေတာမျိုး၊ ဘောလုံးပွဲကြည့်နေသူတွေ ဒီဘောလုံးပွဲပေါ်မှာပဲ အာရုံကျနေတာမျိုး ရှိတတ်ပါတယ်။

အဲဒီလို လောဘ၊ ဒေါသ၊ မောဟတွေနဲ့ မွေ့လျော်ပြီးနေတာမျိုး၊ စိတ်စူးစိုက်နေတာမျိုးကို စိတ်ငြိမ်တယ်လို့ မဆိုနိုင်ပါဘူး။ တွေဝေမှုမောဟတွေများပြီး ငေးငေးငိုင်ငိုင် ငြိမ်နေတာမျိုးကိုလည်း တည်ငြိမ်တဲ့စိတ်ရှိသူလို့ မဆိုနိုင်ပါဘူး။

ကုသိုလ်အာရုံ၊ တရားအာရုံတွေပေါ်မှာ တည်ငြိမ်တဲ့စိတ်ရှိတဲ့သူတွေမှ တရားရနိုင်ပါတယ်။ စိတ်မတည်ငြိမ် ယောက်ယက်ခတ်နေသူအတွက် တရားရဖို့ခက်ပါတယ်။ တရားမရနိုင်ပါဘူး။

www.dhammadownload.com

ပညာရှိသူနှင့် ပညာနည်းသူ

ပညာဝတော အယံ ဘိက္ခဝေ ဓမ္မော၊
နာယံ ဓမ္မော ဒုပ္ပညဿ။

"ရဟန်းတို့ ဤလောကုတ္တရာတရားသည် ပညာရှိသော ပုဂ္ဂိုလ်အားသာ ပြည့်စုံ၏။ ဤလောကုတ္တရာတရားသည် ပညာမဲ့သောပုဂ္ဂိုလ်အား မပြည့်စုံ။"

တရားရဖို့အတွက် လိုအပ်ချက်တစ်ခုက ပညာပါ။ ဝိပဿနာဉာဏ် ပညာ အရိယာမဂ်ပညာတွေနဲ့ ပြည့်စုံသူတွေသာ တရားရနိုင်ပါတယ်။ တရားရှာသူမှာ ရှိရမယ့်ပညာအတွက် မြတ်စွာဘုရားရှင်က...

"ရုပ်နာမ်ကိုဖောက်ခွဲ၍ သိမြင်နိုင်သော
ဝဋ်ဆင်းရဲ၏ ကုန်ရာနိဗ္ဗာန်သို့
ကောင်းစွာရောက်ကြောင်းဖြစ်သော
ဖြစ်ပျက်မှုကို သိစွမ်းနိုင်သော
မြတ်သောပညာ"

ဆုပြည့်စုံထွန်းစာပေ

www.dhammadownload.com

လို့ လိုအပ်တဲ့ပညာရဲ့အဆင့်အတန်းကို သတ်မှတ်ပေးတော်မူပါသည်။

ဒီပညာတွေပြည့်စုံဖို့ရာ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့ကို ခွဲခွဲခြားခြားသိမြင်ရပါမယ်။ ရုပ်၊ နာမ်၊ ခန္ဓာတို့ရဲ့ဖြစ်ခြင်းပျက်ခြင်းသဘောကို ထိုးထွင်းသိမြင်ရပါမယ်။ လောဘ၊ ဒေါသ၊ မောဟဆိုတဲ့ ကိလေသာထုထည်အစိုင်အခဲကို ဖောက်ခွဲဖျက်ဆီးနိုင်တဲ့အထိ စူးရှထက်မြက်တဲ့ ဝိပဿနာ ဉာဏ်ပညာ၊ မဂ်ပညာတွေ ရှိရပါမယ်။

နိဗ္ဗာန်ရောက်ကြောင်း ကောင်းမြတ်ဖြူစင်တဲ့ ဉာဏ်ပညာတွေနဲ့ ပြည့်စုံသူ၊ ပြည့်စုံအောင် ကြိုးစားကျင့်ကြံအားထုတ်နေသူတို့သာ တရားရနိုင်ပါတယ်လို့ ပြောရမှာပါ။

ပညာနည်းသူဟာ တရားမရနိုင်ပါဘူး။ အချို့အကြိမ်ပေါင်းများစွာ တရားလာအားထုတ်တယ်ဆိုပေမဲ့ရှုမှတ်ရမယ့်အရှုခံရုပ်နာမ်ဆိုတာကိုတောင် မသိကြတဲ့လူတွေ ရှိပါတယ်။ ဘယ်နည်းဘယ်ပုံ ကျင့်ကြံရှုမှတ်ရမယ်ဆိုတဲ့ ကျင့်နည်းကိုလည်း တိကျသေချာအောင် မသိကြတဲ့သူတွေလည်းရှိပါတယ်။

ကိုယ်ပေါ်မှာ ထင်ရှားဖြစ်ပေါ်နေတဲ့ ပူမှု၊ အေးမှု၊ တင်းမှု၊ တောင့်မှု ဆိုတာတွေက ရုပ်တရား၊ ပူ၊ အေး၊ တင်း၊ တောင့်တဲ့သဘောတရားကိုသိနေတာက နာမ်တရားလို့ ဝိပဿနာရဲ့အရှုခံ ရုပ်နဲ့နာမ်ကို သိရမှာပါ။

အနည်းဆုံးရုပ်ဆိုတာက ဘယ်ဟာ၊ နာမ်ဆိုတာက ဘယ်လိုဆိုတာလောက်ကိုတော့ သိကိုသိရမှာပါ။ သိအောင်လည်း နာကြားမှု၊ လေ့လာမှု၊ သင်ယူမှတ်သားမှုကိုပြုရပါမယ်။ လက်တွေ့ရှုမှတ်တတ်အောင်လည်းကြိုးစားအားထုတ်ရပါမယ်။

သိအောင်လည်း မနာယူ၊ နားလည်အောင်လည်း မလေ့လာ၊ မမှတ်သားဘူးဆိုရင် တရားရနိုင်ဖို့အတွက် လိုအပ်တဲ့ပညာတွေရရှိဖို့၊ ပြည့်စုံဖို့မလွယ်ပါဘူး။ တရားရဖို့ ခက်ပါတယ်။ မြင့်မြတ်ကြီးကျယ်တဲ့ မဂ်ဖိုလ် နိဗ္ဗာန် တရားထူး

www.dhammadownload.com

တရားမြတ်ဟာ ပညာနည်းပါးသူတွေနဲ့၊ မထိုက်တန်တဲ့အတွက် ပညာနည်းသူဟာ တရားမရနိုင်တာပါ။

အရှင်အနုရုဒ္ဓါဟာ တရားရနိုင်မရနိုင်တဲ့အကြောင်းအရာ အချက်အလက်တွေကိုတွေးနေကြံနေလိုက်တာ ဒီအထိရောက်အောင်တော့ စဉ်းစားတွေးတောနိုင်ပါတယ်။ ကိုယ်တိုင်သိမြင် နားလည်ပါတယ်။ ဒါပေမဲ့ ရှေ့ကိုဆက်ပြီး မတွေးတတ်တော့ပါဘူး။

ကိုယ်ပင်ပန်း၊ စိတ်ပင်ပန်းနဲ့ အခက်အခဲဖြစ်နေပါတယ်။ အကျပ်အတည်းတွေ့နေပါတယ်။ ဒါကိုသိမြင်တော်မူတဲ့မြတ်စွာဘုရားရှင်ဟာ သီတင်းသုံးရာ ဘေသကဠာဝနကျောင်းတိုက်ကနေ အဘိညာဉ်တန်ခိုးနဲ့ ကြွလာတော်မူပြီး လိုအပ်နေသေးတဲ့ အချက်တစ်ချက်ကို ဖြည့်စွက်ဟော ကြားတော်မူပါတယ်။

www.dhammadownload.com

နိဗ္ဗာန်ပျော်သူနှင့် သံသရာပျော်သူ

နိပ္ပပဉ္စာရာမသာယံ ဘိက္ခဝေ ဓမ္မော
နိပ္ပပဉ္စရတိနော၊
နာယံ ဓမ္မော ပပဉ္စာရာမသာ ပပဉ္စရတိနော၊

"ရဟန်းတို့၊ ဤလောကုတ္တရာတရားသည် ပပဉ္စမှကင်းသည့် နိဗ္ဗာန်၌ မွေ့လျော်သော၊ ပပဉ္စတရားမရှိရာ နိဗ္ဗာန်၌ ပျော်ပိုက်သော ပုဂ္ဂိုလ်အားသာ ပြည့်စုံ၏။ ဤလောကုတ္တရာတရားသည် ပပဉ္စတရား၌ မွေ့လျော်သော၊ ပပဉ္စတရား၌ ပျော်ပိုက်သောပုဂ္ဂိုလ် အားမပြည့်စုံ။"

သံသရာနယ်မြေကို ချဲ့ထွင်ပေးတတ်တဲ့ တဏှာ၊ မာန၊ ဒိဋ္ဌိတရားတို့ကို ပပဉ္စလို့ခေါ်ပါတယ်။ ပပဉ္စတရားသုံးမျိုးဟာ သံသရာကျင်လည်နေသူတွေကို သံသရာရှည်သည်ထက်ရှည်အောင် ဆွဲဆန့်ပြီး ဒုက္ခတွေနဲ့ နစ်မွန်းနေစေတတ်ပါတယ်။

www.dhammadownload.com

စွဲလန်းခင်မင်မှု တဏှာ၊ ငါနဲ့ငါသာ နှိုင်းစရာလို့ မာန်ဝင့်နေတဲ့မာန၊ အထင်အမြင်လွဲမှားမှု ဒိဋ္ဌတို့ဖုံးလွှမ်းခံနေရတဲ့သူဟာ တရားမြင်ဖို့ မလွယ်ပါဘူး။

မဂ်ဖိုလ်နိဗ္ဗာန်ဆိုတာ ပပဉ္စတို့ရဲ့ကင်းလွတ်ရာသီးခြားနယ်မြေတစ်ခုအဖြစ် တည်ရှိပါတယ်။ သတ္တဝါတွေ တည်ရှိနေကြတဲ့၊ ကျင်လည်နေကြတဲ့သံသရာကို ဒီဘက်ကမ်းလို့ပြောမယ်ဆိုရင် နိဗ္ဗာန်ကို ဟိုဘက်ကမ်းလို့ ပြောရပါမယ်။ သံသရာနဲ့ နိဗ္ဗာန်ဟာ သီးသန့်စီသာဖြစ်ပါတယ်။ ရောလို့၊ ယှက်လို့၊ ပူးပေါင်းလို့မရနိုင်တဲ့ အရာနှစ်ခုဖြစ်ပါတယ်။

နိဗ္ဗာန်ဆိုတာ ရုပ်နာမ်ခန္ဓာတွေ အသစ်တစ်ဖန် ပြန်မဖြစ်တော့ဘဲ အပြီးတိုင်ရပ်စဲသွားတာပါ။ သံသရာဆိုတာက ရုပ်၊ နာမ်၊ ခန္ဓာတွေ မပြီးနိုင်၊ မပြတ်နိုင်ဘဲ ဆက်စပ်နေတာပါ။ ဒီဘဝ ရုပ်နာမ်၊ ပြီးပြန်တော့ နောင်ဘဝ ရုပ်နာမ်၊ နောက်တစ်ဘဝ ရုပ်နာမ်လို့ ဆက်ကာဆက်ကာ လည်ပတ်နေတတ်တာ သံသရာပါ။ အဲဒီသံသရာ အလည်မရပ်အောင် တဏှာ၊ မာန၊ ဒိဋ္ဌတို့က တာဝန်ယူထားကြပါတယ်။ လည်သည်ထက်လည်အောင် ဖန်တီးပေးတတ်ကြပါတယ်။

ခင်မင်စွဲလမ်းမှု တဏှာရှိသူဟာ သံသရာထဲမှာသာ ပျော်ပါတယ်။ ချစ်စရာ၊ ခင်စရာ၊ လိုချင်စရာ သက်ရှိသက်မဲ့ပစ္စည်းဝတ္ထုတွေနဲ့ အတူနေရရင် ကျေနပ်နေပါတယ်။ ပျော်ရွှင်ကြည်နူးနေတတ်ပါတယ်။ တစ်ခဏလေးတောင် မခွဲခွာချင်ပါဘူး။ မဝေးကွာချင်ပါဘူး။ အဲဒါ တဏှာရဲ့လုပ်ဆောင် ချက်ပါ။

မာနကတော့ ကိုယ့်ရဲ့လက်ရှိအခြေအနေကို ကျေနပ်အားရပြီး မာန်တက်နေတာပါ။ အမျိုးသားယောကျ်ားကလည်း ယောကျ်ားဖြစ်ရတာကို ဂုဏ်ယူပါတယ်။ အမျိုးသမီးမိန်းမကလည်း အမျိုးသမီးဘဝကို နှစ်ခြိုက်ပါတယ်။ ပစ္စည်းရှိသူက ပစ္စည်းမာန်၊ ပညာတတ်သူက ပညာမာန်တွေနဲ့ နေကြတဲ့အတွက် သံသရာထဲကထွက်ဖို့ကို သတိမရတော့ပါဘူး။

ဒိဋ္ဌကလည်း သံသရာစက်ရဟတ်ကို အဆက်မပြတ်အောင် လှည့်

www.dhammadownload.com

ပတ်ပေးတတ်ပါတယ်။ အမှန်ကိုမမြင်တာ ဒိဋ္ဌိပါ။ အရှိကို အရှိအတိုင်းမသိတာ ဒိဋ္ဌိပါ။

အမှန်ရှိဖြစ်တဲ့ ရုပ်နဲ့နာမ်ကို ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမဆိုတဲ့ အထင်မှားတွေနဲ့ဖုံးအုပ်ထားတာ ဒိဋ္ဌိပါ။ အမှားကိုသာ မြင်နေအောင်၊ အမှားတွေသာ စွဲနေအောင် ဒိဋ္ဌိကလှည့်စားပါတယ်။ ဒိဋ္ဌိလက်ချက်ကြောင့် အမှန်ကိုမသိမြင်တဲ့ သတ္တဝါတွေက သံသရာထဲမှာသာ နစ်မွန်းနေကြပါတယ်။

သံသရာထဲမှာပျော်တယ်ဆိုတာ အမှန်မသိလို့၊ မသိပျော်နဲ့ ပျော်နေကြတာပါ။ သံသရာဒုက္ခကို မမြင်ကြလို့ အကန်းပျော်နဲ့ ပျော်နိုင်ကြတာပါ။

သံသရာဟာ ဆင်းရဲအမှန်လို့ သိမြင်ကြသူတွေဟာ သံသရာထဲ မပျော်ကြတော့ဘဲ နိဗ္ဗာန်ကိုသာ လိုလားတောင့်တကြပါတယ်။ သံသရာဝဋ်ရဲ့ကျွတ်လွတ်ရာနိဗ္ဗာန်ကိုသာ ရောက်ချင်ကြပါတယ်။ အဲဒီလို တရား၊ ဒိဋ္ဌိ၊ မာနဆိုတဲ့ ပပဉ္စတရားတို့ကင်းရာ နိဗ္ဗာန်ကိုလိုလားသူ၊ ပျော်မွေ့သူတို့သာ တရားရနိုင်ကြပါတယ်။ ပပဉ္စတရားတွေကို ဖယ်ရှားထားနိုင်မှသာ တရားရနိုင်ကြပါတယ်။

ဒါကြောင့် တရားရှာသူ၊ တရားအားထုတ်သူဟာ စွဲလမ်းခင်မင်မှုမှန်သမျှကို ဖြတ်တောက်နိုင်ရပါမယ်။ ကိုယ့်ကိုယ်ကိုယ် အထင်ကြီးမှု၊ မာနမာနတွေကို ပယ်စွန့်ချိုးနှိမ်နိုင်ရပါမယ်။ ရုပ်နာမ်ခန္ဓာအပေါ်မှာ ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမဆိုတဲ့ ထင်မြင်ယူဆမှုတွေ ကင်းနေရပါမယ်။ အဲဒီလို နေနိုင်အားထုတ် ရှုမှတ်နိုင်မှသာ လိုချင်ရချင်တဲ့ တရားဓမ္မကို ရနိုင်ပါလိမ့်မယ်။

မြတ်စွာဘုရားရှင်က အရှင်အနရုဒ္ဓါ မကြံစည်၊ မစဉ်းစားနိုင်ဘဲ လက်မှိုင်ချနေရတဲ့နောက်ဆုံးအချက်ကိုဖြည့်စွက်ဟောကြားတော်မူပြီး ဆက်လက်ကြိုးစားအားထုတ်ဖို့ တိုက်တွန်းအားပေးတော်မူပါတယ်။ လက်ရှိအားထုတ်ရာနေရာဖြစ်တဲ့ အရှေ့ဝါးတောဟာ အရှင်မြတ်တရားကျင့်ဖို့ အကောင်းဆုံး၊ အသင့်တော်ဆုံးနေရာဖြစ်တာမို့ နောင်နှစ်ဝါတွင်းကိုလည်း ဒီနေရာမှာပဲ သီတင်းသုံးဖို့ မိန့်ကြားပါတယ်။

---

www.dhammadownload.com

အရှင်မြတ်ဟာ တရားရဖို့အတွက် လိုအပ်ချက်တွေကို ပြည့်ပြည့်စုံစုံသိရှိပြီးတဲ့နောက် တစ်ပါးတည်း ဆိတ်ငြိမ်ရာအရပ်မှာ မမေ့မလျော့ ပြင်းပြင်းထန်ထန် ကြိုးစားကျင့်ကြံလို့ တရားထူးတရားမြတ်ကို ရရှိသွားပါတယ်။ ရဟန္တာအရှင်မြတ် ဖြစ်သွားပါတယ်။

ဒါကြောင့် တရားရချင်သူဟာ -

(၁) အလိုနည်းပါးခြင်း။

(၂) ရောင့်ရဲလွယ်ခြင်း။

(၃) ဝိဝေကသုံးပါးနှင့် ပြည့်စုံခြင်း။

(၄) လုံ့လဝီရိယရှိခြင်း။

(၅) မမေ့မလျော့ သတိရှိခြင်း။

(၆) တည်ငြိမ်သောစိတ်၊ သမာဓိရှိခြင်း။

(၇) ဝိပဿနာမဂ် ပညာရှိခြင်း။

(၈) ပပဉ္စတရားတို့ချုပ်ငြိမ်းရာ နိဗ္ဗာန်၌မွေ့လျော်သော စိတ်ရှိခြင်း တွေနဲ့ ပြည့်စုံရပါမယ်။ ပြည့်စုံအောင် ဖြည့်ကျင့်ရပါမယ်။ ပြည့်စုံအောင် ဖြည့်ကျင့်နိုင်မှသာ တရားရနိုင်ပါတယ်လို့ တရားရှာကြသူ၊ တရားအားထုတ်ကြသူတိုင်း သိထားကြဖို့ လိုအပ်ပါတယ်။

www.dhammadownload.com

တရားဘာကြောင့်ကျင့်ရတာလဲ

လူသားတစ်ယောက်အနေနဲ့ တစ်ချိန်ချိန်မှာ တရားမမှကျင့်ကြံဖို့လိုမလို၊ တရားမမှ ကျင့်ကြံအားထုတ်ခြင်းအားဖြင့် ဘယ်လိုအကျိုးကျေးဇူးတွေကို ရရှိနိုင်တယ်၊ ဘာအကြောင်းကြောင့် တရားကျင့်နေကြတယ်၊ ဘယ့်အတွက် တရားကျင့်ရတယ်ဆိုတာတွေကို သိစေချင်ပါတယ်။

"တရား ဘာကြောင့်ကျင့်ရတာလဲ" ဆိုတဲ့ မေးခွန်းဟာ မေးသင့်မေးထိုက်တဲ့ မေးခွန်းတစ်ခုပါ။ တရားအလုပ်ကို အားထုတ်နေကြတဲ့သူတွေ ရှိသလို၊ တရားအလုပ် အားထုတ်မှုမရှိသေးတဲ့ သူတွေလည်းပဲ လူ့လောကမှာ အများကြီးရှိကြပါတယ်။ တရားမမှကျင့်ရမယ်လို့ နားလည်သဘောပေါက်တဲ့သူတွေရှိသလို နားမလည်တဲ့သူတွေလည်းပဲ ရှိနေကြပါတယ်။

တရားကျင့်တဲ့သူတွေအားလုံး "ယောဂီလက်စွဲ" အနေနဲ့ သိကြစေဖို့နဲ့ ဘုန်းကြီးရဲ့တရားရိပ်သာမှာ တရားကျင့်တဲ့ ယောဂီတိုင်း ယောဂီတိုင်း ကျင့်နည်း၊ အားထုတ်နည်းကို အတိုချုပ်၊ အကျဉ်းချုပ်သိကြစေဖို့ "တရား ဘယ်လို ကျင့်ရမလဲ" ဆိုတဲ့ စာအုပ်လေးတစ်အုပ်ကို ဘုန်းကြီးရေးပြီးတော့ အင်္ဂလိပ်၊

www.dhammadownload.com

မြန်မာ နှစ်ဘာသာနဲ့ ထုတ်ဝေပါတယ်။ ဘုန်းကြီးတို့ဟောကြားတဲ့ ဒီတရားကို (MRTV-4) မြန်မာ့အသံကလည်း လွှင့်ပေးပါတယ်။

ဒီတော့ "တရားဘယ်လိုကျင့်ရမလဲ" ဆိုတဲ့ တရားကို ကြားနာရ၊ စာအုပ်လည်းဖတ်ရတဲ့ ဒကာတစ်ယောက်က မေးပါတယ်။ သူမေးတာက စိတ်ဝင်တစားနဲ့ သိချင်လို့မေးတဲ့ အဓိပ္ပါယ်ပါ။ သူမေးတဲ့မေးခွန်းက "Why you are practise meditation" "အရှင်ဘုရား ဘာကြောင့်တရားကျင့်သလဲ" လို့ပါ။

ဘုန်းကြီးတို့ကိုယ်တိုင်လည်း တရားကျင့်တယ်။ တရား အားထုတ်တယ်။ တရားရိပ်သာတွေ၊ တရားစခန်းတွေမှာကျင့်လိုသူတွေကို တရားပြပေးပါတယ်။ အဲဒီတော့ "Duma Why you are practise meditation" ဆိုတဲ့မေးခွန်းကို မေးလာပါတယ်။ မမေးခင်ထဲက အင်္ဂလိပ်၊ မြန်မာ နှစ်ဘာသာနဲ့ရေးထားတဲ့ "How To Practise Meditation" ကို သူကဖတ်ပြီးသားပါ။ "တရားဘယ်လိုကျင့်ရမလဲ" ကို သူသေသေချာချာဖတ်ပြီး သဘောကျလို့ လက်တွေ့လည်း အားထုတ်ကြည့်၊ လေ့လာကြည့်ပြီးတော့မှ ဘုန်းကြီးကို သူတိုက်ရိုက်မေးလာတာပါ။

အရှင်ဘုရား ဘာကြောင့် တရားကျင့်သလဲမေးခွန်းကို ဘုန်းကြီးက ဘယ်လိုခံစားမိသလဲဆိုတော့ ကိုယ့်တစ်ဦးတည်းကို မေးတဲ့မေးခွန်းအနေနဲ့မဟုတ်ဘဲနဲ့ တရားကျင့်တဲ့သူအားလုံးကိုမေးတဲ့အနေမျိုး ဘုန်းကြီး သဘောပေါက်နားလည်မိလိုက်ပါတယ်။ တရားကျင့်သူတွေ ဘာကြောင့် တရားကျင့်ရပါသလဲဆိုတာကို သိချင်လို့မေးတဲ့သဘောပါ။

ကျင့်တော့ကျင့်နေကြပါတယ်။ အားတော့ အားထုတ်ကြပါတယ်။ တချို့ဆို တော်တော်စိတ်ပါဝင်စားကြတယ်။ ငယ်ငယ်ရွယ်ရွယ်နဲ့ လေ့လာလိုက်စားတယ်၊ သင်ယူတယ်၊ မှတ်သားတယ်၊ လူကြီး၊ လူငယ်အားလုံးဟာ ဒီခေတ်ဒီအခါမှာ သူသူကိုယ်ကိုယ် တရားအားထုတ်ဖူးတဲ့သူတွေ များပါတယ်။

www.dhammadownload.com

အနည်းဆုံး တစ်ကြိမ်၊ နှစ်ကြိမ်၊ (၇)ရက်၊ (၁၀)ရက် ဒီလိုအား ထုတ်ထားကြတော့ "ခင်ဗျားတို့တရားကျင့်ကြတယ်၊ ဘာကြောင့်တရားကျင့်သလဲ" လို့မေးလာရင် ဘယ်လိုဖြေရမလဲဆိုတာကို သေသေချာချာသိတဲ့သူ နည်းမယ်လို့ထင်ပါတယ်။

သူတိုက်ရိုက်မေးတဲ့မေးခွန်း "အရှင်ဘုရား ဘာကြောင့်တရားကျင့်ရတာလဲ" မေးခွန်းကို ဘုန်းကြီးက ကိုယ့်စိတ်ကူး၊ ကိုယ့် Idea(အိုင်ဒီယာ)နဲ့ သူကျေနပ်အောင် ဖြေလိုက်ရင်ရပါတယ်။ ဒါပေမဲ့လို့ ဗုဒ္ဓဒေသနာအရ တိတိကျကျဖြေချင်လို့၊ မြတ်စွာဘုရားရှင် "ဒီဃနိကာယ်၊ မဟာဝဂ္ဂပါဠိတော်" မှာ "မဟာသတိပဋ္ဌာန သုတ္တန်" ဆိုပြီးတော့ဟောကြားခဲ့တဲ့သုတ္တန်ကို တိတိကျကျကိုးကားပြီး သူ့ကို အဖြေပေးပါတယ်။

www.dhammadownload.com

မဟာသတိပဋ္ဌာနသုတ္တန် အခြေခံ

မဟာသတိပဋ္ဌာနသုတ္တန်ဟာတရားကျင့်စဉ်အားလုံးကိုခြုံငုံပြီးတော့ အသေးစိတ် Detailအနေနဲ့ ဘုရားရှင်ဟောတော်မူခဲ့တဲ့ သုတ္တန်ပါ။ ကျင့်နည်း၊ ကြံနည်း၊အားထုတ်နည်းမှန်သမျှဟာဒီတရားဒေသနာထဲမှာအကုန်လုံးအကျုံးဝင်သွားပါတယ်။

ဘယ်ရိပ်သာ၊ ဘယ်ကမ္မဋ္ဌာန်းကျောင်း၊ ဘယ်တရားစခန်းမှာပဲဖြစ်ဖြစ် ဘယ်လိုနည်းနဲ့ပဲ အားထုတ်အားထုတ်၊ ဒီသုတ္တန်နဲ့မကိုက်ညီဘဲနဲ့ ကျင့်လို့မရပါဘူး။

ဒီလို တိကျသေချာတဲ့ကျင့်စဉ်ကိုဖော်ပြတဲ့ ကျမ်းစာ၊ မဟာသတိပဋ္ဌာနသုတ္တန်မှာကာယာနုပဿနာသတိပဋ္ဌာန်၊ဝေဒနာနုပဿနာသတိပဋ္ဌာန်၊ စိတ္တာနုပဿနာသတိပဋ္ဌာန်၊ ဓမ္မာနုပဿနာသတိပဋ္ဌာန်လို့ သတိပဋ္ဌာန်လေးမျိုးစလုံးကို ဘုရားရှင်ဟောကြားသွားတယ်။

လက်ရှိ မြန်မာနိုင်ငံမှာကျင့်နေကြတဲ့ ကျင့်နည်းမှန်သမျှ ဒီထဲမှာအကုန်လုံးပါဝင်ပါတယ်။ နိုင်ငံတကာမှာ ကျင့်နေကြတာတွေလည်း ဒီနည်း

www.dhammadownload.com

ထဲမှာ အကုန်ပါပြီးသားပါ။ ဒီကနေ လွှဲချော်ပြီးတော့ ကျော်လွန်ပြီးတော့ သင်ကြားပေးလို့လည်းမရဘူး၊ ကျင့်ကြံအားထုတ်လို့လည်း မရပါဘူး။

မဟာသတိပဋ္ဌာနသုတ္တန်ကိုမြတ်စွာဘုရားရှင် ဘယ်နေရာမှာ ဟောကြားသလဲ၊ ဘယ်သူ့ကိုဟောကြားသလဲလို့ သတိထားကြည့်လိုက်တော့ "ကုရုတိုင်း၊ ကမ္မာသဓမ္မနိဂုံး" လို့ ပိဋကတ်စာပေမှာ ဖော်ပြပါတယ်။

ကုရုတိုင်း၊ ကမ္မာသဓမ္မနိဂုံးလို့ပြောလိုက်ရင် ခုခေတ်အနေနဲ့ ဘယ်လိုမှ မျက်စိထဲမှာ မြင်စရာမရှိပါဘူး။ ကုရုတိုင်းဆိုတာလည်း ဘယ်နားမှာ ရှိမှန်း ကမ္ဘာ့မြေပုံထောက်ရှာလို့လည်း မရနိုင်တော့ပါဘူး။

ဒီနေ့ခေတ် အခေါ်အဝေါ်၊ တည်နေရာအားဖြင့်ပြောမယ်ဆိုလို့ရှိရင် အိန္ဒိယနိုင်ငံ၊ နယူးဒေလီမြို့ရဲ့အနီး "စန်တန် နဂရ" ဆိုတဲ့အရပ်ဒေသမှာ ဘုရားရှင်ဟောကြားတယ်လို့ ပြောရမှာပါ။ နယူးဒေလီဘက်ကို ရောက်ဖူးတဲ့သူတွေသိပါလိမ့်မယ်။ အဲ့ဒီမှာ သမိုင်းမှတ်တမ်းတွေ၊ ကမ္ဘည်း၊ ကျောက်စာတွေနဲ့ ကျကျနနမှတ်တမ်းပြုထားပါတယ်။

နယူးဒေလီ စန်တန် နဂရအရပ်ဒေသမှာမှ ဘုရားက အင်မတန်အရေးကြီးတဲ့ကျင့်စဉ်ကို ဖော်ပြတဲ့ သုတ္တန်ကိုဟောတော်မူခဲ့ရတာလဲ။ ဒီမြို့၊ ဒီရွာ၊ ဒီဒေသကိုမှ ရွေးချယ်ပြီးဟောရတာလဲပေါ့။

ဘုရားပွင့်တဲ့ ဗုဒ္ဓဂယာမှာလည်းပဲ မဟောပါဘူး။ တရားဦးဓမ္မစကြာဟောကြားတော်မူတဲ့ ဗာရာဏသီမှာလည်းပဲ ဘုရားရှင် မဟောကြားပါဘူး။ ဒီအရပ်ဒေသကိုမှ ဘာလို့ရွေးချယ်ရတာလဲဆိုတာ အကြောင်းပြချက်ရှိပါတယ်။

ကုရုတိုင်း၊ ကမ္မာသဓမ္မနိဂုံးအရပ်ဒေသဟာ ဘုရားရှင်ပွင့်ထွန်းပေါ်ပေါက်တဲ့အချိန်အခါ၊ ခေတ်ကာလက ရာသီဥတုကောင်းတဲ့နေရာ၊ သစ်သီးသစ်နှံ၊ ဟင်းသီးဟင်းရွက်တွေ အောင်မြင်စွာဖြစ်ထွန်းတဲ့နေရာပါ။ မြေဆီမြေသြဇာလည်း ပြည့်စုံပါတယ်။ သီးပင်စားပင်တွေမှာ အာဟာရဓာတ်လည်းပဲ အပြည့်အဝရှိပါတယ်။ ရာသီဥတုကလည်းကောင်း၊ အာဟာရလည်း ပြည့်

www.dhammadownload.com

မီအောင်၊ လုံလောက်အောင်စားသုံးရတဲ့ ကုရုတိုင်းသူပြည်သားတို့ဟာ ကိုယ်ရောစိတ်ပါ ကျန်းမာရေးကောင်းကြပါတယ်။

နယူးဒေလီနား ပန်ဂျပ်ပြည်နယ်ဆိုတာ ပန်ချာပီတွေနေတဲ့နေရာပါ။ မြန်မာလူမျိုးတွေခေါ်တဲ့ အခေါ်အဝေါ်အရ ပန်ချာပီလို့ခေါ်တဲ့ လူမျိုးတွေကြည့်လိုက်ပါ။ အရပ်အမောင်းထောင်ထောင်မောင်းမောင်းနဲ့ခြောက်ပေကျော်ပါတယ်။ ကျန်းမာရေးတွေသိပ်ကောင်းကြပါတယ်။ အစဉ်အဆက်ကိုက ဘုရားလက်ထက်ထဲကိုက အဲ့ဒီအရပ်ဒေသသည် ရေခံ၊ မြေခံကောင်းခဲ့ပါတယ်။

နောက်တစ်ချက် ကျန်းမာရေးလည်း ကောင်းတယ်။ အစာအာဟာရလည်း ပြည့်စုံတယ်။ ဒီအခါမှာ ကြည့်လိုက်လို့ရှိရင် လူတစ်ယောက်မှာ လိုအပ်တဲ့ အင်အားနှစ်ခု၊ "ကိုယ်အားနဲ့ ဉာဏ်အား" ပြည့်စုံကြပါတယ်။ လူသားတစ်ယောက်အနေနဲ့ ဘဝမှာရပ်တည်နေတာဟာ "ကိုယ်အားနဲ့ ဉာဏ်အား" အားနှစ်ခုရှိမှ ရပ်တည်လို့ရတာပါ။

ကိုယ်အင်အားကောင်းတဲ့အတွက်ကြောင့် ကျန်းမာရေးကောင်းသလို၊ ကျန်းမာရေးကောင်းတဲ့အတွက်ကြောင့် စိတ်အင်အား၊ စိတ်ကျန်းမာရေးလည်း ကောင်းပါတယ်။ ဒီတော့ ဒီအရပ်ဒေသမှာနေတဲ့သူတွေသည် ကံတွေဉာဏ်တွေကောင်းကြပါတယ်။ စိတ်ပျော်ရွှင်ကျန်းမာပြီး တရားအလုပ်ကိုအားထုတ်မယ်ဆိုရင် ရနိုင်တဲ့အနေအထားရှိတာမို့ ဘုရားရှင်ဟာ ဒီအရပ်မှာမှ တရားကျင့်စဉ်ကိုဖော်ပြတဲ့ မဟာသတိပဋ္ဌာနသုတ္တန်ကို ဟောတာလို့ သဘောပေါက်ရပါမယ်။

ခုနကဒကာမေးလာတဲ့မေးခွန်းအတွက်အဖြေကိုမဟာသတိပဋ္ဌာနသုတ္တန်ရဲ့အစနားနီဒါန်းလေးမှာပဲ မြင်လိုက်ရပါတယ်။

"ဧကာယနော အယံ ဘိက္ခဝေ မဂ္ဂေါ၊ သတ္တာနံ ဝိသုဒ္ဓိယာ၊ သောကပရိဒေဝါနံ သမတိက္ကမာယ၊ ဒုက္ခ ဒေါမနဿာနံ အတ္ထင်္ဂမာယ၊ ဉာယဿ အဓိဂမာယ၊ နိဗ္ဗာနဿ သစ္ဆိကိရိယာယ၊ ယဒိဒံ စတ္တာရော သတိပဋ္ဌာနာ။"

www.dhammadownload.com

ဒီစကားရပ်ဟာ သတိပဋ္ဌာနလေးပါးကို ကျင့်ခြင်းအားဖြင့် ရရှိနိုင်တဲ့ အကျိုးတရား၊ တရားကျင့်ရင် ဘာအကျိုးရမလဲဆိုတဲ့မေးခွန်းကို ဖြေပြီးသား လည်းပဲ ဖြစ်သွားပါလိမ့်မယ်။ ဘာကြောင့် တရားဓမ္မကျင့်ကြံကြတာလဲဆိုတဲ့ မေးခွန်းကို ဖြေကြားရာလည်း ရောက်ပါလိမ့်မယ်။

www.dhammadownload.com

ကိလေသာကင်းချင် တရားဝင်

သူက ဘုန်းကြီးကိုမေးတဲ့မေးခွန်းအတိုင်း ဘုန်းကြီးက သူ့ကိုပြန်ပြောရပါတယ်။ ဘာကြောင့် ကျင့်ရသလဲ၊ ဘာကြောင့် ကျင့်ကြသလဲဆိုတဲ့အကြောင်းပြချက်ကို " For the purigication of beings"လို့ သူ့ကိုပြောလိုက်ပါတယ်။ ဘုရားရှင်ကိုယ်တော် မြတ် မိန့်တော်မူတာက...

"သတ္တာနံ ဝိသုဒ္ဓိယာ -

သတ္တဝါတို့၏ ကိလေသာတွေ ကင်းဝေးစင်ကြယ်ဖို့ရာ"

လို့ မိန့်တော်မူပါတယ်။ ဘုရားစကားနဲ့ကိုက်ညီအောင် ပြောရရင် ဘာကြောင့်တရားကျင့်လဲဆိုတော့ ကိလေသာတွေကင်းစင်ဖို့ ကျင့်တယ်လို့ ပြောရပါမယ်။

ကိလေသာကင်းစင်ဖို့ တရားကျင့်တယ်၊ ဘယ်သူတွေ ကိလေသာကင်းအောင် ကျင့်ရသလဲ၊ "For the purification of beings" အားလုံးသော သတ္တဝါတွေ လူတိုင်းလူတိုင်း ကိလေသာတွေကင်းကြစေဖို့ စိတ်တွေ ဖြူစင်ကြစေဖို့ ကျင့်ရပါတယ်။

www.dhammadownload.com

ကိလေသာဆိုတာ စိတ်ရဲ့အညစ်အကြေးပါ။ စိတ်ကို မည်းညစ်နေအောင်၊ ညစ်နွမ်းနေအောင်၊ မဖြူစင်အောင်လုပ်ဆောင်နေတာ ကိလေသာရဲ့သဘောသဘာဝပါ။ အားလုံးသိကြပါတယ်။ ကိလေသာဆိုလို့ရှိရင် အကြမ်းဖျင်း၊ အကျဉ်းချုပ်အားဖြင့် "လောဘ၊ ဒေါသ၊ မောဟ" လို့သဘောပေါက်ထားပါတယ်။ လိုချင်တဲ့လောဘတရားတွေ လွှမ်းမိုးလာတဲ့အချိန်အခါ၊ လောဘတရားတွေ ကြီးစိုးနေရင်လည်း စိတ်တွေညစ်နွမ်းလာပါတယ်။ ညစ်ပေလာပါတယ်။

လိုချင်မှုလောဘတွေနဲ့ အလိုရမ္မက်တွေဖုံးလွှမ်းတဲ့အချိန်အခါမှာ ဖြူစင်တဲ့စိတ်အခြေအနေမှာ ကွယ်ပျောက်ကုန်ပါတယ်။ ပင်ကိုအားဖြင့် ဘုန်းကြီးတို့လူသားတို့ရဲ့ပင်ကိုစိတ်ဟာ ဖြူစင်ပါတယ်။ ဖြူစင်တဲ့စိတ်ကို အရောင်ဆိုးလိုက်တာက လောဘကိလေသာပါ။ လိုချင်တဲ့လောဘကြောင့် စိတ်တွေ ညစ်နွမ်းသွားပါတယ်။

နောက်တစ်ချက် စိတ်တွေဘာကြောင့် ညစ်နွမ်းတုံးဆိုရင် ဒေါသကြောင့်ပါ။ ဒေါသဖြစ်နေတဲ့အချိန်အခါမှာ စိတ်မချမ်းသာဘူး။ စိတ်မအေးချမ်းဘူး။ စိတ်ထဲမှာပူလောင်ပြီးနေချိန်မှာ ကြည့်လိုက်လို့ရှိရင် အသွင်အပြင်ကိုက ရုပ်ရည်ကိုက မည်းညစ်ညစ်ဖြစ်လာပါတယ်။ ဒေါသကြောင့် ဒေါသသွေး၊ အနက်ရောင်လွှမ်းလာတဲ့အချိန်အခါမှာ ကြည့်လိုက်ရင်ညစ်နွမ်းလာတာ သိသိသာသာမြင်ရပါတယ်။

အမှန်တရားကိုမသိမြင်တဲ့ မောဟကြောင့်လည်း စိတ်တွေညစ်နွမ်းလာပါတယ်။ လောဘရယ်၊ ဒေါသရယ်၊ မောဟရယ်လို့ကိလေသာသုံးမျိုးဟာ ကိုယ့်သန္တာန်မှာရှိနေပါတယ်။ လောဘလည်းရှိတယ်၊ ဒေါသလည်းရှိတယ်၊ မောဟလည်း ရှိပါတယ်။

သာမန်လူတိုင်းလူတိုင်းမှာ လောဘ၊ ဒေါသ၊ မောဟတရားတွေရှိနေကြပါတယ်။ နည်းနည်းရှိတာလား၊ များများရှိတာလားဆိုရင် များများကိုရှိနေကြတာပါ။ နည်းနည်းမဟုတ်ပါဘူး။ တော်တော်များများ ရှိနေတာပါ။

www.dhammadownload.com

လောဘကလည်း သိပ်ကြီး၊ ဒေါသလည်း သိပ်ကြီးတဲ့အပြင် မသိနားမလည်တဲ့ မောဟကလည်းများကြပါတယ်။ မကောင်းတဲ့တရားတွေ ဒီလောက်တောင်များနေတဲ့အတွက် မကောင်းညစ်ပေတဲ့ကိလေသာတွေကင်းရှင်းသွားအောင် ဘာလုပ်ရမှာလဲဆိုရင် တရားကျင့်ရပါမယ်။

ကိလေသာတွေကင်းဝေးဖို့ တရားကျင့်ရပါမယ်။ စိတ်ကိုစင်ကြယ်တဲ့နည်းလမ်းက တစ်လမ်းပဲ ရှိပါတယ်။ ဇကာ ယနော အယံဘိက္ခဝေမဂ္ဂေါ သတ္တာနံဝိသုဒ္ဓိယာ၊ဇကာယနောတဲ့။ တစ်လမ်းပဲရှိတယ်။ တခြားလမ်းရွေးချယ်စရာမရှိပါဘူး။

လောဘကင်းချင်ရင်လည်း တရားကျင့်၊ ဒေါသကင်းချင်ရင်လည်း တရားကျင့်၊ မောဟကင်းချင်ရင်လည်း တရားကျင့်ပါ။ တရားကျင့်လိုက်ခြင်းအားဖြင့် တရားဓမ္မ ကျင့်ကြံပွားများအားထုတ်နေတဲ့သူရဲ့လောဘစိတ်တွေ နည်းသွားတယ်။ ဒေါသတွေလည်းနည်းသွားပါတယ်။ မောဟတွေလည်းနည်းသွားပါတယ်။

များများမကျင့်ပါနဲ့။ (၇)ရက်၊ (၁၀)ရက် စသည်ဖြင့် တရားဝင်တဲ့အချိန်အခါ၊ တရားအားထုတ်တဲ့အချိန်မှာ သတိထားကြည့်ပါ။ အိမ်ကသွားတဲ့စိတ်နဲ့ တရားရိပ်သာကပြန်လာတဲ့စိတ် အခြေအနေချင်း မတူတော့ပါဘူး။ လောဘတွေလည်း နည်းလာပါတယ်။ မောဟတွေလည်း နည်းလာပါတယ်။ ဒေါသတွေလည်း နည်းလာပါတယ်။

ဒါပေမဲ့ ဆက်မကျင့်ဘူးဆိုရင် ခုနက ဖြူစင်နေတဲ့စိတ်တွေဟာ ပြန်ပြီးတော့ ညစ်နွမ်းသွားပါတယ်။ ပြန်ညစ်နွမ်းသွားပြီဆိုရင် တစ်ခါ ဘာပြန်လုပ်ရမှာလဲဆိုတော့ တရားပြန်ပြီးကျင့်ရပါမယ်။ ဒီလမ်းစဉ်၊ ဒီလမ်းကြောင်းပဲ ရှိပါတယ်။ အရိယာဆိုတာ ဖြူစင်တဲ့ပုဂ္ဂိုလ်တွေပါ။ "အရိယာ"ဆိုတဲ့စကားလုံးဟာ "ဖြူစင်သူ"လို့ အဓိပ္ပါယ်ရပါတယ်။

အရိယာနဲ့ဆန့်ကျင်ဘက်ဖြစ်နေတဲ့ပုထုဇဉ်ပုဂ္ဂိုလ်တွေကတော့ မည်းညစ်တဲ့သူဆိုတဲ့သဘော ပေါ်ပါတယ်။ မည်းညစ်တဲ့သူက ပုထုဇဉ်၊ ဖြူစင်တဲ့

www.dhammadownload.com

သူက အရိယာပါ။ ဖြူစင်သန့်ရှင်းတဲ့သူတစ်ယောက်ဖြစ်လာအောင် စိတ်အညစ်အကြေးတွေကင်းဝေးအောင် တရားဓမ္မကို ကျင့်ကြံပွားနေရမယ်၊ ပွားများအားထုတ်နေရပါမယ်။

www.dhammadownload.com

သောကကင်းချင် တရားဝင်

"သောကပရိဒေဝါနံ သမတိက္ကမာယ -
စိုးရိမ်ပူဆွေး ငိုကြွေးခြင်းတို့ကို ကျော်လွန်နိုင်ဖို့ရာ"

စိတ်ထဲမှာ ပူလောင်နေတာက သောက၊ မျက်ရည်တွေတွေစီးကျပြီးတော့ ငိုကြွေးရတာက ပရိဒေဝပါ။ သောကက ရင်ပူနေတာ၊ စိတ်ပူနေတာပါ။ စိတ်ထဲမှာ ပူလောင်မှုတွေ သိပ်ကိုပြင်းထန်လာတဲ့အချိန်အခါမှာ ဘာဖြစ်လာတတ်ပါသလဲလို့ကြည့်ရင် မျက်ရည်ကျလာတတ်ပါတယ်။ သောက ထက်အဆင်မြင့်သွားတာပါ။ သောကကနေ ပရိဒေဝဖြစ်လာတာပါ။ သောကလည်း ပူလောင်ပါတယ်။ ပရိဒေဝကလည်း ပူလောင်ပါတယ်။

စိုးရိမ်ပူဆွေးငိုကြွေးခြင်းတို့ကို ကျော်လွန်နိုင်ဖို့ရာ ဘာလုပ်ရမလဲဆိုရင် တရားကျင့်ရပါမယ်။ ဘာကြောင့် တရားကျင့်လဲဆိုရင် သောကကင်းချင်လို့ကျင့်တယ်လို့ ပြောနိုင်ပါတယ်။

www.dhammadownload.com

For the overcoming of the sorrow and lamentation လို့ ဖြေလိုက်ပါတယ်။

သောကဖြစ်နေရတယ်။ ပူနေရတယ်။ သားသမီးအတွက်လည်း ပူနေရတယ်။ စီးပွားအတွက်လည်း ပူနေရတယ်။ အလုပ်ကိစ္စအတွက်လည်း ပူနေရတယ်။ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးဆိုတဲ့ နေ့စဉ်ရင်ဆိုင်နေရတဲ့ အရေးတွေကြောင့် ပူလောင်နေတဲ့သောကဆိုတာ လူတိုင်းမှာရှိကြပါ တယ်။ လူတိုင်းလူတိုင်း သောကကင်းတဲ့လူ ဘယ်သူမှမရှိပါဘူး။

သောကကင်းပြီးတော့ စိတ်အေးလက်အေးနေနိုင်တဲ့သူ ပြပါဆို လို့ရှိရင် အတော်နည်းပါလိမ့်မယ်။ သူ့ကြည့်လည်း သူ့အပူနဲ့သူ၊ ကိုယ့်ကြည့် လည်း ကိုယ့်အပူနဲ့ကိုယ်ပါ။

ကိုယ့်အမြင်ကတော့ဖြင့် "ဟာ သူတို့အေးချမ်းမှာပဲ၊ သူတို့ကြည့်ရ တာ အေးချမ်းလိုက်တာ" လို့ မြင်တာက ကိုယ့်အမြင်ပါ။ ဒါပေမဲ့ ကာယကံရှင် ကိုယ်တိုင်ကတော့ အပူရှပ်ကို ဟန်လုပ်နေရတာပါ။ လူသိမှာစိုးလို့၊ ကိုယ်ပူ နေတာ သူများသိသွားမှာစိုးလို့ ဟန်လုပ်နေရတာပါ။ ရင်ထဲမှာတော့ လူတိုင်း ပူနေကြတာပါပဲ။

ပူနေတဲ့သောက၊ ပူပန်ရတဲ့သောကတွေ ကင်းဝေးစေဖို့၊ ငိုကြွေး ရတဲ့ ပရိဒေဝတရားတွေ ကင်းဝေးစေဖို့ တရားကျင့်ရပါမယ်။ ဘုရားရှင်လက် ထက်တုန်းက ဖြစ်ခဲ့တဲ့အဖြစ်အပျက်၊ ဖြစ်ရပ်နဲ့ပဲ နမူနာပေးချင်ပါတယ်။

www.dhammadownload.com

သောကကင်းသွားသူ တစ်ယောက်

ဘုရားရှင် သက်တော်ထင်ရှားရှိစဉ်ကာလ တရားနာပရိသတ် အတော်များများကြားဖူးပါလိမ့်မယ်။ သန္တတိအမတ်ကြီးဟာ တိုက်ပွဲတစ်ခုမှာ ထူးထူးခွန်ခွန်အောင်မြင်လို့ ရှင်ဘုရင်က သူ့ကိုဂုဏ်ပြုပါတယ်။ မင်းစည်းစိမ်၊ မင်းချမ်းသာ (၇)ရက်ခံစားစေလို့ ချီးမြှင့်ပါတယ်။

တကယ့်ရှင်ဘုရင်အစစ်တစ်ပါးလိုပဲ စည်းစိမ်ချမ်းသာ အပြည့်ခံစားခွင့် (၇)ရက်ပေးလိုက်ပါတယ်။

အဲဒီ(၇)ရက်အတွင်းမှာ သန္တတိအမတ်ကြီးဟာ ရတဲ့အခွင့်အရေးကို အပြည့်အဝယူပြီးတော့ စည်းစိမ်ခံစားခွင့်တွေကို အပြည့်အဝ မီးကုန်၊ ယမ်းကုန်ခံစားပါတယ်။ (၇)ရက်လုံးလုံးနေချင်သလိုနေ၊ စားချင်သလိုစား၊ သောက်ချင်သလိုသောက်၊ ပျော်ချင်တိုင်း ပျော်ပါတယ်။ သူနဲ့အတူ ပျော်ရွှင်ဖက်ဖြစ်တဲ့သူကတော့ သူချစ်တဲ့ ကချေသည်အမျိုးသမီးငယ်လေးတစ်ယောက်ပါ။ အသက်အရွယ်က ငယ်ငယ်၊ ချောချောလှလှ၊ နုနုနယ်နယ်လေးပါ။

www.dhammadownload.com

သန္တိအမတ်ကြီးဟာ သူအင်မတန်မှ နှစ်သက်ချစ်ခင်တဲ့ အမျိုးသမီးငယ်လေးနဲ့ (၇)ရက်တိုင်တိုင် ပျော်နေလိုက်ကြတာ မိုးမမြင်၊ လေမမြင်ပါ။ (၇)ရက်မြောက်နေ့မှာကချေသည်အမျိုးသမီးငယ်လေးဟာ သူမျက်စိအောက်မှာတင် ရုတ်တရက်သေဆုံးကွယ်လွန်သွားရှာပါတယ်။

အကောင်းပကတိ ကျန်းမာရာကနေ ချက်ချင်းဖြုန်းခနဲ သေသွားပါတယ်။ ကိုယ့်မျက်စိရှေ့မှာပဲ အင်မတန် ချစ်ခင်ရင်းနှီးတဲ့သူတစ်ယောက် မျက်စိအောက်မှာတင် အသက်ပျောက်တယ်။ သေဆုံးကွယ်လွန်တယ်ဆိုတော့ သူသူကိုယ်ကိုယ် စိတ်ဆင်းရဲပါလိမ့်မယ်။

သန္တိအမတ်ကြီး စိတ်ဆင်းရဲလွန်းလို့ ဘယ်လိုမှ သောကတွေ မဖြေဆည်နိုင်လို့ နောက်ဆုံး ဘုရားရှင်ထံကိုသွားရောက်ပြီး "မြတ်စွာဘုရား ဘုရားတပည့်တော်ကို သနားသောအားဖြင့် သောကပျောက်ကြောင်း နည်းလမ်းကောင်းများ ပေးသနားတော်မူပါဘုရား" လို လျှောက်ထားရှာပါတယ်။

သောကပျောက်ကြောင်းတရားများဟောကြားတော်မူပါလို့လျှောက်ထား တောင်းပန်တော့ ဘုရားရှင်က သူ့အတွက် တရားတစ်ပုဒ်ဟောကြားပေးပါတယ်။ မများပါဘူး။ မရှည်ပါဘူး။ ဒီတရားက တိုတိုကျဉ်းကျဉ်းလေးပါ။ ဒါပေမဲ့ဒီတရားရဲ့အကျိုးသက်ရောက်မှုက သန္တိအမတ်ကြီးကိုလူဝတ်ကြောင်ဘဝနဲ့တင်၊ လူအဝတ်အစားနဲ့တင် ရဟန္တာဖြစ်သွားစေပါတယ်။ တရားနာကြားပြီး ရဟန္တာဖြစ်သွားပါတယ်။

သောကတွေနဲ့ ပူလောင်ပင်ပန်းနေတဲ့သူတစ်ယောက် သောကလည်း ပျောက်သွားတယ်။ ဘာမှ တရားမသိဘူး၊ သောက်စားမူးရူးနေတဲ့ လူတစ်ယောက်ရဲ့အနေအထားကနေပြီးတော့ ရဟန္တာဖြစ်တဲ့အထိကို စွမ်းဆောင်နိုင်တဲ့ ဘုရားရှင်ရဲ့တရားတော်ပါ။

သောကပျောက်ကြောင်းတရား ဘုရားရှင်ဟောကြားပေးလိုက်တာက...

www.dhammadownload.com

"ယံ ပုဗ္ဗေတံ ဝိသောသေဟိ၊
ပစ္ဆာတေ မာဟု ကိစ္စနံ
မဇ္ဈေ စေ နော ဂဟေဿသိ၊
ဥပသန္တော စရိဿတိ" လို့ပါ။

"ယံပုဗ္ဗေတံဝိသောသေဟိ - အတိတ်ရှေးဟောင်း၊ရှေးဇာတ်ကြောင်း ပြန်ပြောင်းမတွေးနဲ့"

ဘုရားရှင်က သောကဘာကြောင့်ဖြစ်လဲ၊ စိတ်ထဲမှာ ပူလောင်မှုတွေ ဘာကြောင့်ဖြစ်လဲဆိုတာကို ဖော်ထုတ်ပြလိုက်တာပါ။ သောကဖြစ်ရတဲ့ အကြောင်းတစ်ချက်က အတိတ်အကြောင်းကို တွေးနေလို့ပါ။

အတိတ်ဆိုတာ ပြီးခဲ့တဲ့အကြောင်းအရာ၊ ပြီးခဲ့တဲ့ဖြစ်ရပ်ပါ။ ဘယ်လိုနေခဲ့တယ်၊ ဘယ်လိုစားခဲ့တယ်၊ ဘယ်လိုပျော်ခဲ့တယ်ဆိုတာတွေကို တွေးနေတဲ့အတွက် ခုချိန်မှာမရနိုင်တာတွေကို ပြန်တွေးပြီးတော့ သောကရောက်ပါတယ်။

ကချေသည်မင်းသမီးလေးနဲ့ (၇)ရက်တိုင်တိုင် ပျော်ရွှင်ခဲ့တယ်။ (၇) ရက်တိုင်တိုင် စည်းစိမ်ချမ်းသာတွေကို အပြည့်အဝ ခံစားခဲ့တယ်။ ဒါအရင်တုန်းက ဖြစ်ခဲ့တာတွေပါ။ အခုလက်ရှိအချိန်မှာ ကချေသည်မင်းသမီးဟာ သေဆုံးကွယ်လွန်သွားပါပြီ။ နောက်ထပ်တစ်ဖန် ဘယ်နည်းနဲ့မှ တွေ့စရာ၊ ကြုံစရာ အကြောင်းမရှိတော့ပါဘူး။ အရင်တုန်းကလို မနေနိုင်တော့ပါဘူး။ ဟိုးအရင်ကလို ပြန်နေချင်လို့၊ ပြန်ပျော်ချင်လို့ မဖြစ်တော့ပါဘူး။

ဒါတွေကိုတွေးပြီးတော့ သောကဖြစ်နေတဲ့ သန္တတိအမတ်ကြီးကို သောကပျောက်အောင် အတိတ်ရှေးဟောင်း၊ ရှေးဇာတ်ကြောင်း၊ ပြန်ပြောင်းမတွေးနဲ့လို့ ဘုရားရှင်က ဟောကြားပေးလိုက်တာပါ။

လွန်ခဲ့တဲ့အတိတ်ကာလ၊ ပြီးခဲ့တဲ့ဖြစ်ရပ်များကို ပြန်ပြီးတော့ တွေးတောပူပန်မနေပါနဲ့ဆိုတဲ့ ဘုရားရှင်ရဲ့ဒေသနာ၊ တရားစကားဟာ ပြောမယ်ဆို

www.dhammadownload.com

ရင်သောကပျောက်ကြောင်းလို့ပြောလို့ရသလိုနိဗ္ဗာန်ရောက်ကြောင်းလို့လည်း ပဲ ပြောလို့ရပါတယ်။ နိဗ္ဗာန်ရောက်ကြောင်း လမ်းကောင်းတစ်ခုပါပဲ။

သာမန်ပုထုဇဉ်တစ်ယောက်ရဲ့အနေအထားကရော ရဟန္တာဖြစ်စေ တဲ့အထိ ကျင့်စဉ်တရားတွေကို တိုတိုကျဉ်းကျဉ်းနဲ့ ပြောလိုက်တာပါ။ တရား ကျင့်တဲ့သူတွေ၊ ဘယ်လိုကျင့်ရမယ်ဆိုတာကိုပါ ဖော်ပြတဲ့အဓိပ္ပာယ်လည်း ပါဝင်ပါတယ်။ တရားမမွေ ကျင့်ကြံအားထုတ်တဲ့အခါမှာလည်း အတိတ်ကို မတွေးပါနဲ့။

တရားကျင့်တဲ့သူတွေကို ခဏခဏ သတိပေးရပါတယ်။ တချို့က မျက်စိမှိတ်ပြီးတော့ ထိုင်နေတယ်။ လူကတော့ ငြိမ်နေတာပါပဲ။ အပြင်က ကြည့်လိုက်ရင် လူကငြိမ်တယ်။ စိတ်က မငြိမ်ဘူး။ စိတ်က ဘာဖြစ်နေသလဲဆို တော့ ပြီးခဲ့တာတွေကို ပြန်တွေးချင်နေတယ်။ မရောက်သေးတာကိုလည်း ကြို တွေးချင်တွေးတယ်။ တွေးနေတာဟာ တရားမဟုတ်ပါဘူး။

ပြီးခဲ့တာပြန်တွေးတော့လည်း တရားမဖြစ်ပါဘူး။ မရောက်သေးတာ ကို၊ မဖြစ်သေးတာကို ကြိုတွေးနေတော့လည်း တရားမဖြစ်ပါဘူး။ တရားဖြစ် အောင် ဘယ်လိုကျင့်ရမှာလဲဆိုရင် အတိတ်ကိုလည်း မတွေးပါနဲ့တဲ့။

"ပစ္စာတေမာဟု ကိဉ္စန် - အနာဂတ်နောင်ရေး နောင်ရွှပ်ထွေး ကြံ တွေးမပူနဲ့"

မရောက်သေးတဲ့အနာဂတ်၊ မဖြစ်သေးတဲ့ဖြစ်ရပ်တွေ၊ အကြောင်း အရာတွေကို ကြိုတင်တွေးတော စိတ်ထဲမှာ ပူပန်မှုတွေမဖြစ်ပါစေနဲ့။ ကိုယ် တွေးထားတာ၊ ကိုယ်ထင်ထားတာတွေက ဖြစ်ချင်မှဖြစ်ပါမယ်။ ကိုယ့်အတွေး တွေ ကျိန်းသေဧကန် ဖြစ်လိမ့်မယ်လို့ မသေချာပါဘူး။ ဖြစ်ချင်လည်းဖြစ်မယ်၊ မဖြစ်ချင်လည်း မဖြစ်ပါဘူး။

မသေချာ၊ မရေရာတဲ့အကြောင်းအရာကိစ္စတွေကို တချို့က လှမ်း တွေးပြီးဖြစ်လာရင် ဘယ့်နယ့်လုပ်မလဲ။ မဖြစ်ရင် ဘယ်လိုလုပ်မလဲဆိုပြီး

www.dhammadownload.com

တော့ ပူလောင်နေကြတာတွေ ရှိပါတယ်။ တကယ်မဖြစ်သေးဘူး။ အနာဂတ် ဆိုတာ မရောက်သေးတဲ့ ကာလတစ်ခုပါ။ ရှေ့နှစ်ဘာဖြစ်မယ် မသိပါဘူး။ ရှေ့နှစ်ဘာဖြစ်မယ်ဆိုတာ မသိနိုင်ဘူးဆိုတော့ ရှေ့လ ဘာဖြစ်မယ်ဆိုတာရော သိလားဆိုရင်တောင် မသိပါဘူး။

မသိသေးတဲ့အကြောင်းအရာတွေးပြီးတော့ ရှေ့လကျ ဘာလုပ်မယ်၊ ဘာဖြစ်မယ်၊ ရှေ့နှစ်ခါ ဘယ်လိုဖြစ်လာလိမ့်မယ်။ ဘာတွေဖြစ်ဦးမှာလဲ စသည်ဖြင့် တွေးတောပူပန်နေရင် အတိတ်ကိုတွေးရင် သောကဖြစ်ပါ တယ်။

"သန္တာတိအမတ်ကြီး၊ သင် သောကကင်းချင်တယ်ဆိုရင် အနာဂတ် ကိုလည်း တွေးမပူပါနဲ့တဲ့။ ချင်ခင်ရတဲ့ ကချေသည်အမျိုးသမီးလေးမရှိတော့ ငါ ဘယ်သူနဲ့နေရမှာလဲ။ ငှဲကို ဘယ်သူက စောင့်ရှောက်မလဲ။ ဘယ်သူပြုစု မလဲလို့ သူတွေးမှာပေါ့။ မဟုတ်လား။ အင်မတန်ချစ်ခင်တဲ့သူနဲ့ အတူ မနေရ ဘူးဆိုရင် ငါ ဘယ်သူနဲ့နေရမှာလဲ၊ အရေးကိစ္စကြုံတဲ့အချိန်အခါမှာ ဘယ်သူ က ငှဲကိုအကူအညီပေးမှာလဲလို့ တွေးတောကာ ပူပန်နေပါလိမ့်မယ်။ "သန္တာတိ အမတ်ကြီး၊ သင်သည် အနာဂတ်ကို တွေးတောကာလည်း ပူပန်မနေနဲ့" လို့ ဟောတော်မူပါတယ်။

"မဇ္ဈေ စေ နော ဂဟေဿသိ - ဖြစ်ဆဲရုပ်နာမ်၊ ပစ္စုပ္ပန်ကို ရှုမှတ်နေ လိုက်ပါ"

သောကပျောက်ချင်တယ်ဆိုလို့ရှိရင် ဘယ်လိုနေရမလဲ။ ဖြစ်ဆဲ ရုပ်နာမ်ကို ရှုနေလိုက်ပါ။

လက်ရှိအချိန်အခါပစ္စုပ္ပန်ကာလမှာ ဖြစ်နေတဲ့ရုပ်နာမ်တွေကို အဖန် ဖန်၊ အထပ်ထပ် ရှုမှတ်နေလိုက်ပါ။

ဆိုလိုတာက အတိတ်မှာ ကျန်ရစ်မနေနဲ့။ အတိတ်ကိုပြန်သွားပြီး တော့လည်း မနေနဲ့။ အနာဂတ်ကို ကြိုရောက်ပြီးတော့လည်း မနေနဲ့။ ဘယ်မှာ နေရမှာလဲ။ ပစ္စုပ္ပန်မှာနေရမယ်။ အခုလက်ရှိရောက်နေတဲ့ အချိန်အခါကာလ

www.dhammadownload.com

ဟာ ပစ္စုပ္ပန်ပါ။ ရောက်နေတဲ့အချိန်အခါကာလက ပစ္စုပ္ပန်၊ ကိုယ်ပြန်သွားချင်နေတာက အတိတ်ဆိုရင်လည်း လူကတခြား၊ အခြေအနေက တခြားဖြစ်နေပါတယ်။ ကိုယ်နေနေတာက ပစ္စုပ္ပန်၊ ကိုယ်သွားချင်တာက အနာဂတ်ဆိုလို့ရှိရင်လည်း တလွဲတချော်ဖြစ်နေပါပြီ။ လောကမှာ အံဝင်ခွင်ကျ စိတ်ချမ်းသာ၊ ကိုယ်ချမ်းသာ၊ သောကကင်းကင်းနဲ့ နေချင်တယ်ဆိုရင် ဘယ်မှာနေရမှာလဲ။ ဖြစ်ဆဲရုပ်နာမ်ကို အဖန်ဖန်ရှုပွားကာ ပစ္စုပ္ပန်မှာနေထိုင်ပါ။

"မဇ္ဈေစေနော ဂဟေဿသိ - လက်ရှိအခြေအနေမှာ ဖြစ်ပေါ်နေတဲ့ရုပ်နာမ်ဓမ္မတွေကို အဖန်ဖန် အထပ်ထပ် ရှုမှတ်နေလိုက်ပါ"

လက်ရှိအချိန်မှာ ဘာဖြစ်နေလဲ၊ ပြန်ကြည့်ပါ။ ကိုယ်ပေါ်မှာဖြစ်တာ ရုပ်တရားပါ။ စိတ်မှာဖြစ်တာ နာမ်တရားပါ။

လက်ရှိအခြေအနေမှာ ကိုယ့်ခန္ဓာကိုယ်ကို ပြန်ကြည့်လို့ ပူမှု၊ အေးမှု သဘောတရား တစ်ခုခုတွေ့ပြီဆိုရင် ရုပ်လို့ရှုမယ်။ စိတ်အခြေအနေကို ပြန်ကြည့်လို့ တွေးမှုကြံမှုသဘောတရား တစ်ခုခုကိုတွေ့ပြီဆိုရင် နာမ်လို့ရှုမယ်။ တွေးနေမယ်၊ ကြံနေမယ်၊ စိတ်က သိနေမယ်ပေါ့။ တွေးတောကြံစည် သိနေတာက နာမ်တရား၊ ခန္ဓာကိုယ်ကြီးနဲ့ ဆက်စပ်နေတာက ရုပ်တရားလို့ အဖန်ဖန် အထပ်ထပ် ရုပ်နာမ်တွေကိုရှုမှတ်ကာ ပစ္စုပ္ပန်မှာနေတဲ့သူဟာ သောကကင်းပါလိမ့်မယ်။ သောကကင်းချင်ရင် တရားကျင့်ရပါ မယ်။

ဘာလို့ တရားဓမ္မတွေကျင့်နေကြတာလဲဆိုရင် သောကကင်းချင်လို့ကျင့်တယ်။ သောကဆိုတာ သူရောကိုယ်ရော ရှိကြပါတယ်။ သောကတွေကင်းပြီးတော့ စိတ်ချမ်းသာချင်လို့ဆိုပြီး တချို့က နည်းလမ်းမျိုးစုံနဲ့ ရှာကြပါတယ်။

ဘယ်လိုနေရင် ချမ်းသာမလဲပေါ့။ ကောင်းကောင်းစားရရင် ချမ်းသာမလားဆိုပြီးတော့ အစားကောင်းကောင်းစားလည်း အစားကောင်းစားရတိုင်း မချမ်းသာပါဘူး။ ကောင်းကောင်းမွန်မွန်ဝတ်ရ၊ ကောင်းကောင်းမွန်မွန်နေရရင်

www.dhammadownload.com

စိတ်ချမ်းသာမလားရယ်လို့၊ ပျော်ရွှင်မှုများ ရနိုင်မလားရယ်လို့ ရှာပေမဲ့လို့ မရနိုင်ပါဘူး။

သောကကင်းကွာချမ်းသာစွာနဲ့နေချင်တယ်ဆိုရင်ဖြစ်ဆဲရုပ်နာမ်ကို အဖန်ဖန်အထပ်ထပ် ရှုမှတ်နေနိုင်မှ ချမ်းသာပါတယ်။

ဘုရားရှင်ကိုယ်တော်မြတ်ကြီးက သန္တတိအမတ်ကြီးကို ဟောလိုက်တဲ့တရားဟာ ဒီစကား(၃)ခွန်းပါပဲ။

အတိတ်ကိုလည်း ပြန်မတွေးနဲ့။

အနာဂတ်ကိုလည်း ကြိုမသွားနဲ့။

ဘယ်မှာနေ၊ ပစ္စုပ္ပန်မှာနေထိုင်ပါ။

"ဖဝံသန္တော စရိဿသိ - ဤကဲ့သို့ကျင့်လေပါက သောကကင်းကွာမည်"

သောကတွေပျောက်စေဖို့ ဘာလုပ်ရမယ်၊ တရားကျင့်ရပါမယ်။ သောကနဲ့ ပရိဒေဝတရားတွေကို ကျော်လွန်နိုင်ဖို့ရာ တရားကျင့်ရပါမယ်။

ပရိဒေဝဆိုတာ ငိုကြွေးနေတာ၊ မျက်ရည်ကျတာပါ။ ဟောဒီပရိသတ်တွေထဲမှာ ငိုချင်တဲ့သူမပါပါဘူး။ ဘယ်သူမှ မငိုချင်ဘူး။ ငိုရတယ်ဆိုတာ ဝမ်းနည်းစရာနဲ့တွေ့ကြုံလို့စိတ်ဆင်းရဲစရာတွေနဲ့ တွေ့ကြုံလို့မျက်ရည်တွေစီးကျလာတာပါ။ မျက်ရည်ကျတဲ့သူတစ်ယောက်ဟာ ဘယ်လိုနည်းနဲ့မှ စိတ်မချမ်းသာနိုင်ပါဘူး။ အဲ့ဒီမျက်ရည်တွေရုပ်သိမ်းပြီးတော့ အငိုတိတ်စေဖို့ ဘာလုပ်ရမှာလဲ။ တရားကျင့်ရပါမယ်။

www.dhammadownload.com

ဝိစရာမျိုးစုံ ကြုံခဲ့သူ

ဘုရားသာသနာမှာ ဝိစရာတွေနဲ့၊ ဝိစရာကောင်းတဲ့ဖြစ်ရပ်တွေနဲ့ အများဆုံးကြုံတွေ့တဲ့သူကို ပြပါဆိုရင် ပဋ္ဌာစာရီကို ပြရမှာပါ။

ကျန်တဲ့သူတွေ ဝိုချင်စရာကြုံတယ်။ စိတ်ဆင်းရဲစရာတွေကြုံတယ် ဆိုတာ သူသုံးပုံတစ်ပုံ၊ လေးပုံတစ်ပုံတောင် မရှိပါဘူး။

အင်မတန်ချစ်ခင်တဲ့ ခင်ပွန်းလည်းသေတယ်။ သားတွေလည်း သေတယ်။ တစ်နေ့တည်းနော်။ သားတွေလည်းသေတယ်။ ခင်ပွန်းလည်း သေတယ်။ မိဘရပ်ထံကိုအားကိုးကာ ပြန်မယ်လို့သွားတဲ့အချိန်မှာ မိဘတွေ၊ ဆွေမျိုးတွေ၊ ညီအစ်ကိုမောင်နှမတွေအကုန်လုံး သေဆုံးကွယ်လွန်နေကြတယ်။

ပိုင်ဆိုင်တဲ့ ပစ္စည်းဥစ္စာလည်း ဘာတစ်ခုမှမကျန်ဘူး။ အိမ်ကြီးလည်း မီးလောင်တယ်။ ပျက်စီးလိုက်တာ အတွင်းပစ္စည်းတွေ၊ အပြင်ပစ္စည်းတွေ ဘာတစ်ခုမှမရ။ ညီအစ်ကိုမောင်နှမဆိုတာလည်း မရှိ။ မိဘဆိုတာလည်း မရှိ

www.dhammadownload.com

တဲ့ငိုစရာအခြေအနေတွေနဲ့ တွေ့ကြုံတဲ့ပဋ္ဌာစာရီဟာ အသည်းအသန်ငိုကြွေးပါတယ်။ အပြင်းအထန် ငိုကြွေးပါတယ်။

ဘယ်လောက်တောင်မှ စိတ်ဆင်းရဲသွားသလဲဆိုလို့ရှိရင် ရူးသွပ်မတတ်ဖြစ်သွားပါတယ်။ ပူလောင်မှုတွေ အားကြီးလွန်းတဲ့အတွက်ကြောင့် မို့ နောက်ဆုံး အဝတ်အစားတောင် မကပ်နိုင်တော့ပါဘူး။ အပူများလွန်းလို့ အကျီလည်း မဝတ်နိုင်ဘူး။ လုံချည်လည်း မဝတ်နိုင်ဘူး။ လမ်းမပေါ်ခုန်ပေါက်ပြေးလွှားရင်းနဲ့ အော်ဟစ်ငိုယိုရင်းနဲ့ ပဋ္ဌာစာရီဟာ ဘုရားရှင်ထံကို ရောက်သွားရှာပါတယ်။

မြတ်စွာဘုရားရှင် တရားနာပရိသတ်ကို တရားဟောနေတဲ့ အချိန်မှာ ဟိုးနောက်ကနေပြီးတော့ ပဋ္ဌာစာရီ ဝင်လာခဲ့တယ်။ မြင်မကောင်း၊ ရွှမကောင်းပေါ့။ သူ့ကိုယ်ပေါ်မှာ ဘာအဝတ်အစားမှလည်းမရှိ၊ ဖုန်တွေနဲ့၊ ချွေးတွေနဲ့၊ မျက်ရည်တွေနဲ့ပေါ့။ အဲ့ဒီလိုဖြစ်နေတာကို ဘုရားရှင်က မြင်လိုက်တယ်ဆိုရင် လှမ်းပြီးသတိပေးပါတယ်။

"သတိ်ပဋ္ဌိလဘ ဘဂိနိ"

ဘဂိနိ - ချစ်သမီး ပဋ္ဌာစာရီ

သတိ် - သတိတရားကို

ပဋ္ဌိလဘ - ဖြစ်စေပါတော့။

ချစ်သမီး . . . သတိထားလိုက်ပါ။ သတိတရားကို ဖြစ်စေလိုက်ပါ။ သတိထားပါလို့ ဘုရားရှင်က မိန့်ကြားလိုက်တဲ့စကားတစ်ခွန်းဟာ ပဋ္ဌာစာရီရဲ့သောကတွေ၊ ပရိဒေဝတွေအကုန်လုံး ကြေပျက်သွားစေပါတယ်။ သောကတွေလည်းငြိမ်းအေးစေပါတယ်။ ငိုကြွေးနေတာလည်းအငိုတိတ်သွားပါတယ်။ ဘာကြောင့်လဲဆိုရင် သတိထားလိုက်လို့ပါ။ စောစောတုန်းက သောကပရိဒေဖြစ်စရာတွေနဲ့ တွေ့ကြုံနေတဲ့အချိန်မှာ သူဟာ သတိလက်လွတ်ဖြစ်နေပါတယ်။

www.dhammadownload.com

ရှက်ရမှန်းလည်းမသိ၊ ကြောက်ရမှန်းလည်း မသိ၊ စားရမယ်ဆိုတာလည်း မသိ၊ ဝတ်ရမယ်ဆိုတာလည်း မသိ၊ အရှုးတစ်ယောက်လိုဖြစ်နေတဲ့ ပဋ္ဌာစာရီဟာ သတိတရားပြန်ထားနိုင်တဲ့အချိန်မှာ လူကောင်းပကတိ ပြန်ဖြစ်လာပါတယ်။

မငိုတော့ပါဘူး။ မျက်ရည်လည်းမကျတော့ပါဘူး။ မြတ်စွာဘုရားရှင်သူကိုပြောလိုက်တဲ့စကားဟာ အားလုံးအတွက် ကျင့်ရမယ့်တရားအချုပ်ပါပဲ။

တရားချုပ်ရင် သတိ၊ တရားရဲ့အချုပ်ကို သတိလို့ပြောရပါမယ်။ စကားရဲ့အချုပ်က ကတိပါ။ စကားတွေ ဘယ်လောက်ပြောပြော အဲ့ဒီစကားတွေကို ချုပ်နှောင်ထားတာဟာ ကတိစကားပါ။ တရားတွေ ဘယ်လောက်ပဲများများ ဒီတရားတွေအားလုံးရဲ့အချုပ်က သတိတရားပါ။

မြတ်စွာဘုရားရှင်ဟောကြားတဲ့ တရားထဲမှာ သတိမပါတာ မရှိပါဘူး။ လေးဆယ့်ငါးနှစ်၊ လေးဆယ့်ငါးဝါတိုင်တိုင် သက်တော်ထင်ရှားရှိစဉ်ကာလ နေ့တိုင်းနေ့တိုင်း ပြောကြားသွားတဲ့စကားဟာ "အပ္ပမာဒေန သမ္မာဒေထ" မမေ့မလျော့ မပေါ့မဆတဲ့သတိတရားနဲ့ ပြည့်စုံအောင်ကျင့်ကြံကြပါလို့ သတိထားခိုင်းတာပါ။

ဘဂိနိ - ချစ်သမီး ပဋ္ဌာစာရီ

သတိ ပဋိလဘ - သတိထားလိုက်ပါ။

အဲ့ဒီတော့ သတိထားတယ်ဆိုတာဟာ ဘုန်းကြီးတို့ပရိသတ် တရားကျင့်လိုက်တာပါ။ တရားဓမ္မကို ကျင့်ကြံပွားများအားထုတ်နေတယ်ဆိုတာဟာ သတိထားနေတာပါ။ ဘာတွေကို သတိထားရမယ်ဆိုတာတော့ရှိပါတယ်။

www.dhammadownload.com

ကိုယ်စိတ်နှစ်ပါး သတိထားရှုပွား

ကိုယ်နဲ့စိတ်ကို သတိထားကာရှုနေရမယ်။ "တရားဘယ်လိုကျင့်ရမလဲ" လို့ဘုန်းကြီးကိုမေးတဲ့သူတွေက "အရှင်ဘုရား၊ တပည့်တော်တို့တရားလည်းကျင့်ချင်တယ်ဘုရား။ တရားစကား အများကြီးပြောရင်လည်းပဲ မမှတ်မိနိုင်ဘူးဘုရား" တဲ့။ "တိုတိုကျဉ်းကျဉ်းလေး နားလည်အောင်ပြောပါ။ ဘယ်လိုကျင့်ရမလဲ" လို့ မေးလာလို့ရှိရင် ဘုန်းကြီးက ဒီစကားပဲပြောလိုက်ပါတယ်။

"ကိုယ်စိတ်နှစ်ပါး သတိထားနေ" လို့ပါ။ ကိုယ်ရယ်၊ စိတ်ရယ် ဒီနှစ်ပါးကို သတိထားနေရင် တရားဖြစ်ပါလိမ့်မယ်။

လူတိုင်းလူတိုင်းမှာ ကိုယ်ရယ်၊ စိတ်ရယ်လို့ရှိပါတယ်။ သတ္တဝါတိုင်းမှာရှိနေတာ ကိုယ်ရယ်၊ စိတ်ရယ်ပါ။ ကမ္ဘာလောကကြီးတစ်ခုလုံးမှာ ရှိနေတာ ကိုယ်နဲ့စိတ်ဆိုတဲ့ ရုပ်နဲ့နာမ်ပါ။ ရုပ်တရားဟာ ဟောဒီကိုယ်ကို အကြောင်းပြုပြီးတော့မှ ဖြစ်ပါတယ်။ ကိုယ်ပေါ်မှာ ဖြစ်နေတာတွေ၊ ကိုယ်ပေါ်မှာ ထင်ရှားနေတာတွေဟာ ရုပ်တရားပါ။

www.dhammadownload.com

ကိုယ့်ကိုယ် ဘယ်လိုသတိထားကြည့်မလဲ။ ခု ကိုယ့်ကိုယ်မှာ ကြည့်လိုက်ပါ။ နည်းနည်းလေး နာရီဝက်၊ လေးဆယ့်ငါးမိနစ်၊ တစ်နာရီစသည်ဖြင့် ထိုင်နေတဲ့အခါ အထိုင်ကြာလာတဲ့အခါ ခန္ဓာကိုယ်အောက်ပိုင်းမှာ ပူနေတယ်ဆိုတဲ့ သဘော ရှိလာပါတယ်။ ကြမ်းပြင်နဲ့ ထိထားတဲ့ နေရာ၊ ကပ်ထားတဲ့ နေရာမှာ ပူနေတယ်ဆိုတာဟာ ဘယ်မှာဖြစ်နေတာလဲဆိုရင် ကိုယ်ပေါ်မှာ ဖြစ်နေတာပါ။ ကိုယ်ပေါ်မှာဖြစ်နေတဲ့ ပူတယ်ဆိုတဲ့သဘောတရားကို ရုပ်လို့ ပြောတာပါ။

ရုပ်၊ နာမ် ခွဲပြောကြဆိုလို့ရှိရင် ယောဂျား၊ မိန်းမလည်း မဟုတ်ဘူး။ ပူနေတဲ့သဘောတရားကို ဖြူစင်တယ်၊ မည်းတယ်လို့ ပြောလို့မရပါဘူး။ လေးတယ်၊ ပေါ့တယ်လို့ ပြောလို့မရပါဘူး။ သဘောတရားလေးပဲရှိတယ်။

ခန္ဓာကိုယ်ပေါ်မှာဖြစ်နေတဲ့ သဘောတရားဟာ ပူတာရှိတယ်၊ အေးတာရှိတယ်။ ညောင်းနေ၊ ကိုက်နေ၊ ထုံကျင်နေတာတွေသာ ရှိပါတယ်။ အခု နည်းနည်းအထိုင်ကြာတော့ ညောင်းလာပါတယ်။ ညောင်းတယ်ဆိုတာ ဘယ်မှာဖြစ်နေသလဲလို့ကြည့်ပါ။ ကိုယ်ပေါ်မှာဖြစ်နေတဲ့ ညောင်းနေတဲ့ သဘောတရားကို ညောင်းတာဟာလက်ပဲ၊ ညောင်းတာဟာ ခြေထောက်ပဲလို့ ပြောလို့မရပါဘူး။

ညောင်းတဲ့သဘောတရား၊ ညောင်းတာကို ယောဂျား၊ မိန်းမ ခွဲခြားလို့မရပါဘူး။ အသက်ကြီးတယ်၊ အသက်ငယ်တယ်လို့ပြောလို့မရပါဘူး။ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ယောဂျား၊ မိန်းမ မဟုတ်ဘဲနဲ့ သဘောတရားသီးသန့်သာရှိတဲ့ အခြေအနေတစ်ခု ကိုယ်ပေါ်မှာဖြစ်နေတဲ့ ဒီအခြေအနေကို ရုပ်လို့ခေါ်ပါတယ်။ ဒါကို သတိထားနေလို့ရှိရင် တရားဖြစ်တာပါပဲ။

နောက်တစ်ခါစိတ်ကိုပြန်သတိထားတယ်ဆိုတာကကိုယ့်စိတ်ဘယ်ရောက်နေလဲ။ ဘာတွေ စဉ်းစားနေလဲ၊ ဘာတွေ တွေးနေလဲပေါ့။ အကုသိုလ် အကြောင်းတွေးရင်လည်း အကုသိုလ်ဖြစ်မှန်းသိ၊ ကုသိုလ်အကြောင်းတွေ

www.dhammadownload.com

တွေးတောနေရင်လည်း ကုသိုလ်ဖြစ်မှန်းသိပြီးတော့ စိတ်ကိုသတိထားကာ တရားရှုမှတ်နေတာပါ။

ကိုယ်ရယ်၊ စိတ်ရယ်လို့ကိုယ်စိတ်နှစ်ပါးသတိထားနေရင် သောက၊ ပရိဒေဝတွေ ကင်းပြိမ်းပါတယ်။ သောက၊ ပရိဒေဝတွေ ဘာကြောင့်ဖြစ်သလဲ ဆိုရင် ပတ်ဝန်းကျင်ကိုမှီခိုနေလို့ဖြစ်တာလို့ သုံးသပ်ရပါမယ်။

စိတ်မကောင်းဖြစ်တယ်တို့၊ စိတ်ဆင်းရဲတယ်တို့၊ စိတ်မချမ်းမသာ ဖြစ်တယ်တို့၊ ငိုရတယ်တို့၊ ပူဆွေးရတယ်တို့ဆိုတာဟာ ဘာကိုမှီလို့ ဖြစ်တာလဲဆိုရင် ပတ်ဝန်းကျင်ကိုမှီတွယ်လို့ပါ။ ကိုယ့်ပတ်ဝန်းကျင်မှာရှိနေတဲ့ သက်ရှိသက်မဲ့တွေကို အခြေခံပြီးတော့မှ သောကတွေဖြစ်ကြပါတယ်။ ပရိဒေဝတွေဖြစ်လာကြတယ်။ စိုးရိမ်ရတယ်၊ ငိုကြွေးရတယ်၊ ပူဆွေးရပါ တယ်။

အခု တရားကျင့်နေတယ်ဆိုတာက ပတ်ဝန်းကျင် အမှိုအခိုကင်းအောင် နေလိုက်တာပါ။ ဘာတစ်ခုကိုမှ ပတ်ဝန်းကျင်ကို မမှီတော့ဘူး။ ကိုယ်တစ်ယောက်တည်း လွတ်လွတ်နေတယ်။ ကိုယ့်အခြေအနေတစ်ခုနဲ့ကိုယ်နေတယ်။

ကိုယ်ပေါ်မှာ ဘာဖြစ်နေသလဲလို့ကြည့်တယ်။ စိတ်မှာ ဘာဖြစ်နေတယ်လို့ကြည့်တယ်။ ကိုယ်ပေါ်မှာဖြစ်တဲ့အခြေအနေကို သတိထားနေတယ်။ စိတ်မှာဖြစ်တဲ့အခြေအနေကို သတိပြုနေတယ်။ ကိုယ်စိတ်နှစ်ပါးသတိထားကာ ရှုပွားနေရင် သောက၊ ပရိဒေဝတွေ ငြိမ်အေးသွားပါမယ်။

"သောကပရိဒေဝါနံ သမတိက္ကမာယ -

စိုးရိမ်၊ ပူဆွေးခြင်း၊ ငိုကြွေးခြင်းတို့ကို ကျော်လွန်နိုင်ဖို့ တရားကျင့်ရပါတယ်" ဘုန်းကြီးက သူနားလည်အောင် "For the overcoming of the sorrow and lamentation" လို့ သူစကားအတိုင်း ပြန်ပြောရပါတယ်။

www.dhammadownload.com

ဆင်းရဲကင်းချင် တရားဝင်

နောက်တစ်ချက် ဘုရားရှင်ကိုယ်တော်မြတ်ကြီး သတိပဋ္ဌာနသုတ္တန်မှာဖော်ပြတဲ့အချက်က -

"ဒုက္ခဒေါမနဿာနံ အတ္ထင်္ဂမာယ - ကိုယ်ဆင်းရဲခြင်း၊ စိတ်ဆင်းရဲခြင်းတို့ ကင်းပျောက်စေဖို့ရာ တရား ကျင့်ရပါမယ်။"

မဟာသတိပဋ္ဌာနသုတ္တန်ကို ဘုရားရှင်ဟောကြားတဲ့ရည်ရွယ်ချက်က သတ္တဝါတွေမှာ ကိုယ်ဆင်းရဲခြင်းဆိုတာလည်း ရှိနေကြတယ်။ စိတ်ဆင်းရဲခြင်းဆိုတာလည်းပဲ ရှိနေကြတယ်။

ကိုယ်စိတ်နှစ်ဖြာ ဆင်းရဲစွာနေရတဲ့သူတွေ၊ ဆင်းရဲနေတဲ့ သတ္တဝါတွေကို ကိုယ်စိတ်ချမ်းသာစေဖို့ ဒီသုတ္တန်၊ ဒီတရား၊ ဒီကျင့်စဉ်ကို ဘုရားရှင်ဟောကြားပါတယ်။ "ဘာလို့ကျင့်နေတာလဲ" ဆိုရင် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာချင်လို့ တရားကျင့်နေကြတာပါ။

ဒုက္ခဒေါမနဿာနံ အတ္ထင်္ဂမာယ - ကိုယ်ဆင်းရဲခြင်း၊ စိတ်ဆင်းရဲခြင်းတို့ ပျောက်ကင်းစေဖို့ရာ ကိုယ်လည်းမဆင်းရဲချင်ဘူး။ စိတ်လည်း မဆင်းရဲချင်ဘူး။ ဆင်းရဲခြင်းတွေ ကင်းပျောက်စေဖို့ တရားကျင့်ရမှာပါ။

ဆုပြည့်စုံထွန်းစာပေ

www.dhammadownload.com

"For the disappearance of pains and lamentation"

ကိုယ်ဆင်းရဲခြင်းဆိုတဲ့ ကိုယ်ပေါ်မှာဖြစ်နေတဲ့ ဆင်းရဲဒုက္ခဆိုတာ ခန္ဓာကိုယ်ရှိတော့ ခန္ဓာကိုယ်အကြောင်းပြုပြီးတော့ ကိုယ်ဆင်းရဲခြင်းဆိုတာ မလွဲမသွေရှိလာပါတယ်။

ခန္ဓာရှိတဲ့သူမှန်သမျှ ဆင်းရဲဒုက္ခကိုယ်စီ ရှိကြပါတယ်။ လူကြီးနဲ့လူငယ်၊ လူငယ်ကတော့ သိပ်မသိသာသေးဘူးထားလိုက်ပါ။ လူကြီးကပိုပြီးတော့ ထင်ရှားသိသာပါတယ်။ လမ်းသွားလို့လည်း မကောင်းဘူး။ ဒူးကနာ၊ ခါးကနာ၊ ကျောကနာ၊ အိပ်လို့လည်း မရဘူး။ နေလို့လည်း မကောင်းဘူး။ ထိုင်လို့လည်း မကောင်းဘူး။ ဘာဆင်းရဲနေတာလဲဆိုရင် ကိုယ်ဆင်းရဲနေ တာပါ။

နောက်တစ်မျိုးက စိတ်ဆင်းရဲရတာပါ။ ကိုယ်စိတ်နှစ်ပါးရှိကြတဲ့ သူတွေမှာ ကိုယ်ဆင်းရဲခြင်းလည်း ရှိပါတယ်။ စိတ်ဆင်းရဲခြင်းလည်း ရှိပါတယ်။ ကိုယ်ဆင်းရဲခြင်းတွေ၊ စိတ်ဆင်းရဲခြင်းတွေ ကင်းပျောက်စေဖို့ တရားကျင့်ရပါမယ်။

ဘုရားရှင်လက်ထက်တုန်းက ရဟန်းတော်အပါးသုံးဆယ် တောထဲတောင်ထဲသွားပြီးတော့ တရားကျင့်ကြပါတယ်။ တောတောင်အရပ်ဒေသမှာ တရားရှာကြတယ်။ လူသူဝေးတဲ့နေရာ၊ အသံဗလံ ဆူညံမှုတွေ ကင်းဝေးတဲ့နေရာ၊ တရားရှာမယ်၊ တရားအလုပ်ပဲ ဇောက်ချလုပ်မယ်ဆိုပြီးတော့ ရဟန်းတော်အပါးသုံးဆယ် တောထွက်တရားကျင့်ကြပါတယ်။

တစ်နေရာတည်း နှစ်ပါးမနေဘူး။ သစ်ပင်ရင်းက နေတဲ့သူကနေ၊ ချုံပုတ်ထဲ နေတဲ့သူကနေ၊ လွင်တီးခေါင်နေတဲ့သူကနေ၊ ချိုင့်ဝှမ်းကြားနေတဲ့သူနေ၊ တောင်ထိပ် နေသူကနေ။ သူ့နေရာနဲ့သူ ကိုယ့်နေရာနဲ့ကိုယ် သီးခြားစီနေပြီး ကျင့်နေကြတာပါ။

တစ်နေရာစီ၊ တစ်ပါးစီ လွတ်လွတ်လပ်လပ် ကျင့်ကြံနေရင်း တစ်နေ့ကျတော့ ရဟန်းတော်တစ်ပါး ကျားဆွဲခံရပါတယ်။ အချိန်မတော် ညသန်းခေါင် အလစ်ချောင်းနေတဲ့ကျား က တရားကျင့်တဲ့ရဟန်းကို ကိုက်ချီပြီးတော့ ယူသွားတယ်။ ကျားပါးစပ်ဖျားမှာ ပါသွားတဲ့ရဟန်းတော်က "ကူပါဦး၊ ကယ်ပါဦး"

www.dhammadownload.com

လို့ အကူအညီတောင်းပါတယ်။ ဒီအသံကြားတဲ့အခါမှာ သီတင်းသုံးဖော်ရဟန်းတော်တွေ အမြန်ထွက်လာကြပြီးတော့ ကျားကို ခြောက်လှန့်ပါတယ်။ ဒါပေမဲ့ မရပါဘူး။

ကျားဆွဲတဲ့နောက် ပါသွားတဲ့ရဟန်းတော်ကို ကျန်ခဲ့တဲ့ရဟန်းတော်တွေက လှမ်းသတိပေးကြတယ်။ "ငါ့ရှင် . . . ဒီအချိန် ဘယ်သူကမှ ဘယ်သူ့ကိုမကယ်နိုင်ဘူး။ ကိုယ့်တရားကိုသာ ကိုယ်အားကိုးပါ" လို့ ပြောကြပါတယ်။ တကယ်အရေးကြီးတဲ့အချိန်အခါ ဘေးဒုက္ခတွေနဲ့ ကြုံတဲ့အချိန်အခါမှာ ဘာအားကိုးရမလဲ။ ကိုယ့်တရားကိုသာ ကိုယ်အားကိုးဖို့ ပြောလိုက်ကြတာပါ။

ပြောတဲ့အတိုင်းပါပဲ။ ခုနကကျားက ဒီရဟန်းတော်ကို ခြေဖဝါးကနေ ကျွတ်ကျွတ်ဝါးစားတာ အသားတွေ၊ အကြောတွေ၊ အရိုးတွေ ဘာတစ်ခုမှ မကျန်ပါဘူး။ သွေးထွက်သံယိုမြင်မကောင်း၊ ရွံမကောင်းအောင် အစားခံရချိန်မှာ ခန္ဓာကိုယ်မှာဖြစ်ပေါ်နေတဲ့ ဆင်းရဲဒုက္ခဟာ ဒီရဟန်းတော်လောက် ပြင်းထန်တဲ့သူရှိပါဦးမလား။ တော်ရုံတန်ရုံမဟုတ်ပါဘူး။ ဘုန်းကြီးတို့ခလုတ်တိုက်မိရင်တောင်မှ၊ ဓားရှရင်တောင်မှ နာလိုက်တာ။ လက်သည်းတွေကျွတ်သွားရင်တောင်မှ နာလိုက်တာလို့ပြောကြပါတယ်။

ခု ကျားစားခံရတဲ့ရဟန်းတော် ခြေဖဝါးကနေ စားသွားလိုက်တာ ခြေသလုံး၊ ပေါင်၊ ဝမ်းဗိုက်၊ ခန္ဓာကိုယ်တစ်ခုလုံးကုန်ခါနီး ဝမ်းဗိုက်ရောက်လာပါပြီ။ ဒီအချိန်မှာ ပျံတော်မမူသေးခင်ကပ်ပြီးတော့ ရဟန္တာဖြစ်သွားပါတယ်။ အချိန်မီ ရဟန္တာဖြစ်သွားပါတယ်။ တရားရသွားပါတယ်။

သူတရားရအောင် ရှုသွားတဲ့နေရာမှာ သက်သက်သာသာ ရှုရတာလား။ ဆင်းဆင်းရဲရဲ ရှုမှတ်သွားရတာလား သတိထားကြည့်ပါ။ ပင်ပန်းဆင်းရဲစွာ ရှုမှတ်သွားရတာပါ။

သူသူကိုယ်ကိုယ် တရားထိုင်၊ တရားမှတ်တယ်ဆိုရာမှာ တစ်နာရီလောက် အားထုတ်လို့ရှိရင် ညောင်းတယ်၊ ကိုက်တယ်၊ နာတယ်ဆိုပြီးတော့ ဆက်မကျင့်ချင်တော့ဘူး။ ဟိုပြောင်းဒီရွှေ့လို့မှ မပျောက်ဘူးဆိုလို့ရှိရင် နောက်

www.dhammadownload.com

မှကျင့်တော့မယ်။ နောက်မှ အားထုတ်မယ်ဆိုပြီးတော့ လက်လျှော့သွားကြပါတယ်။

ခုနရဟန်းတော်မှာ လက်လျှော့ဖို့အချိန်ဆိုတာလည်း မရှိတော့ဘူး။ နောင်ဆိုတာလည်းပဲ မရှိတော့ပါဘူး။ ရအောင်ကျင့်ရင်ကျင့်၊ ခုမရရင်လည်း နောင်ရဖို့မရှိတော့ပါဘူး။ တရားကျင့်လည်းပဲ သေရမှာပဲ။ မကျင့်လည်းပဲ သေရမှာပါပဲ။ အချိန်ပိုင်းပဲ လိုတော့တယ်ဆိုတာသိတဲ့ ရဟန်းတော် အပြင်းအထန်ကျင့်ပါတယ်။

ကိုယ်ဆင်းရဲခြင်းတွေ ပြင်းထန်စွာဖြစ်ပေမဲ့လို့ ကြိုးစားရှုမှတ် ကျင့်ကြံတဲ့ ရဟန်းတော်ဟာ တရားဓမ္မ သိမြင်သွားပါတယ်။ ရဟန္တာအရှင်မြတ် ဖြစ်သွားပါတယ်။

ဒီလို ကိုယ်ဆင်းရဲခြင်းတွေ လက်တွေ့ရင်ဆိုင်ရတဲ့အချိန်မှာ အကောင်းဆုံးရင်ဆိုင်နိုင်ဖို့ ပြင်ဆင်ထားဖို့လိုပါတယ်။ ခန္ဓာကိုယ်မှာ ဒဏ်ရာအနာတရဖြစ်ချင်ဖြစ်မှာပဲ၊ သွေးထွက်သံယိုမှုတွေ ရှိချင်ရှိမှာပဲ။ မခံရပ်နိုင်လောက်အောင် ပြင်းပြတဲ့ရောဂါတွေ ကိုယ်ပေါ်မှာ ပေါ်ချင်ပေါ်မှာပဲ။ ဒီအချိန်အခါမှာ ဒီဒုက္ခတွေကိုရင်ဆိုင်နိုင်၊ ဖြေရှင်းနိုင်ဖို့ တရားကျင့်ရပါမယ်။

ကိုယ်ပေါ်မှာဖြစ်နေတဲ့ ကာယိကဒုက္ခ ကိုယ်ဆင်းရဲတွေကင်းအောင်လည်း တရားကျင့်ရပါမယ်။ စိတ်မှာဖြစ်နေတဲ့ စိတ်ဆင်းရဲခြင်းတွေကင်းအောင်လည်း တရားကျင့်ရပါမယ်။ ကိုယ်လည်းချမ်းသာ၊ စိတ်လည်းချမ်းသာရပါလို့၏။ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ။ ဆုတောင်းကိုယ်စီ ကိုယ်ငှရှိကြပါတယ်။ လူတိုင်း တောင့်တတယ်၊ လိုချင်ပါတယ်။ ကိုယ်လည်း ချမ်းသာချင်တယ်၊ စိတ်လည်း ချမ်းသာချင်ပါတယ်။ ကိုယ်ချမ်းသာ၊ စိတ်ချမ်းသာ၊ ချမ်းသာသုခနှစ်ဖြာကို ရချင်တယ်ဆိုရင် တရားကျင့်ရပါမယ်။

ဒါဟာ တတိယအကြောင်းပြတဲ့ စကားပါ။ တရားကျင့်ခြင်းအားဖြင့် ဘာရမှာလဲဆိုရင် ချမ်းသာသုခတွေ ရပါလိမ့်မယ်။

www.dhammadownload.com

မဂ်ဉာဏ်ရချင် တရားဝင်

"ဉာယဿ အဓိဂမာယ - အရိယာမဂ်ဉာဏ်ကို ရရှိစေဖို့ရာ၊"

အရိယာမဂ်ဉာဏ်ကိုရဖို့ တရားကျင့်ရပါမယ်။ အရိယာမဂ်ဆိုတာ မှန်ကန်တဲ့ နိဗ္ဗာန်ရောက်ကြောင်း လမ်းစဉ်ပါ။

"For the attainment of the right method"လို့ သူ့ကိုပြောလိုက်ပါတယ်။ right methodဆိုတာက မှန်ကန်တဲ့နည်းစနစ်၊ မှန်ကန်တဲ့နည်းလမ်းပါ။

ဒါကိုရရှိစေဖို့ နိဗ္ဗာန်ရောက်ကြောင်း နည်းလမ်းကောင်းကိုရစေဖို့ နိဗ္ဗာန်ရောက်ကြောင်း နည်းကောင်းလမ်းကောင်းတွေကို ရနိုင်စေဖို့ ဘာလုပ်ရမလဲ၊ တရားကျင့်ရပါမယ်။

မဇ္ဈိမနိကာယ် မဟာသီဟနာဒသုတ္တန်မှာ ဗုဒ္ဓမြတ်စွာက အရှင်သာရိပုတ္တရာကို...

"သာရိပုတ္တရာ၊ သတ္တဝါတို့၏လားရာဂတိတို့သည် ငရဲဘုံ၊ တိရစ္ဆာန်ဘုံ၊ ပြိတ္တာဘုံ၊ လူဘုံ၊ နတ်ဘုံဟူ၍ ငါးမျိုးရှိကုန်၏။ သာရိပုတ္တရာ၊ ငါဘုရားရှင်

www.dhammadownload.com

သည် ထိုလားရာဂတိငါးပါးနှင့် ဂတိငါးပါးသို့ရောက်ကြောင်း အကျင့်တို့ကို လည်း သိမြင်၏။ ထိုဂတိငါးပါးမှ ကင်းလွတ်ရာနိဗ္ဗာန်နှင့် နိဗ္ဗာန်ရောက်ကြောင်း အကျင့်ကိုလည်း သိမြင်၏။" လို့ မိန့်ကြားတော်မူခဲ့ပါတယ်။

မီးကျီးတွင်းနဲ့တူတဲ့
ငရဲဘုံသို့ သွားရာလမ်းကြောင်း
မစင်တွင်းနဲ့တူတဲ့
တိရစ္ဆာန်ဘုံသို့ သွားရာလမ်းကြောင်း
သစ်ပင်အိုနဲ့တူတဲ့
ပြိတ္တာဘုံသို့ သွားရာလမ်းကြောင်း
သစ်ပင်ပျိုနဲ့တူတဲ့
လူဘုံသို့ သွားရာလမ်းကြောင်း
ပြာသာဒ်ဆောင်နဲ့တူတဲ့
နတ်ဘုံသို့ သွားရာလမ်းကြောင်းတို့ကိုသာမက ချမ်းမြေ့ကြည်လင်တဲ့ရေကန်နဲ့တူတဲ့ နိဗ္ဗာန်သို့သွားရာလမ်းကြောင်းတို့ကိုကိုယ်တော်တိုင် သိမြင်သလို အများဝေနေယျာတွေ သိမြင်ကြစေဖို့ ဟောကြားတော်မူခဲ့ပါတယ်။

ပူလောင်ကျဲတောက်နေတဲ့ နေရောင်အောက်မှာ ဆာလောင်ပင်ပန်းစွာ ခရီးသွားနေရသူတစ်ယောက်ဟာ အေးမြတဲ့အရိပ် အာဝါသကို နားခိုဖို့ တောင့်တပါတယ်။ ရှာဖွေပါတယ်။ ဒါပေမဲ့ လမ်းမှာလျှောက်မိတဲ့အတွက် ရဲရဲတောက်ပူလောင်နေတဲ့ မီးကျီးတွင်းထဲ ကျရောက်သွားသလို အကုသိုလ်စုမကောင်းမှုတွေကိုပြုတဲ့သူဟာ ကောင်းရာသုဂတိမရောက်ဘဲ အပါယ်ငရဲရောက်ရပါတယ်။

နောက် လမ်းကြောင်းတစ်ကြောင်းက တိရစ္ဆာန်ဘဝသို့ရောက်သွားတဲ့လမ်းကြောင်းပါ။ ရေဆာနေသူ ရေငတ်တုန်း ရေတွင်းထဲမကျဘဲ မစင်တွင်းထဲကျသွားတာနဲ့ တူပါတယ်။ မကောင်းမှုအကုသိုလ်တွေပြုပြီး တိရစ္ဆာန်ဘဝ

www.dhammadownload.com

တရားကျင့်တာဟာ သတိပဋ္ဌာန်လမ်းကြောင်းကို လျှောက်နေတာပါ။ မှန်ကန်တဲ့လမ်းကြောင်းပေါ်ရောက်ဖို့တရားကျင့်ကြရတာပါ။ နိဗ္ဗာန်ရောက်ကြောင်းတရားတွေကို တရားကျင့်မှသိပါတယ်။ တရားနာရုံနဲ့လည်း မသိသေးပါဘူး။ တရားစာပေဖတ်ရှုရုံနဲ့လည်း မသိသေးပါဘူး။

စမ်းတဝါးဝါးနဲ့ သိသလိုလိုရှိတာပဲ ရှိသေးတာပါ။ စာတွေ့ကနေတကယ်သေချာတာကတော့ လက်တွေ့ကျင့်တော့မှ သေချာပါတယ်။

www.dhammadownload.com

နိဗ္ဗာန်ရောက်ချင် တရားဝင်

လက်တွေ့ကျင့်စဉ်တွေ ကျင့်ကြံနေတာဟာ နိဗ္ဗာန်ရောက်အောင် ကျင့်နေကြတာပါ။

"နိဗ္ဗာနဿ သစ္ဆိကိရိယာယ - နိဗ္ဗာန်ကို ကောင်းစွာ သိမြင် နားလည် ဖို့ရာ"

နိဗ္ဗာန်ကို ကောင်းစွာသိမြင်နားလည်စေဖို့ ဘာလုပ်ရမလဲဆိုရင် တရားကျင့် For the realization of unbinding လို့ ဘုန်းကြီးက သူ့ကိုပြော ပါတယ်။

Unbinding ဆိုတာက ချည်နှောင်မှုတွေ၊ တင်းကျပ်မှုတွေကို ဖြတ်တောက်ပေးလိုက်တာပါ။ နိဗ္ဗာန်ဆိုတာဟာ တဏှာကင်းရာပါ။ တဏှာ ဆိုတဲ့တုပ်နှောင်တဲ့သဘော၊ချည်နှောင်တဲ့သဘောကိုပြေလွတ်အောင်ကျင့်မှ နိဗ္ဗာန်ရပါတယ်။

အခု သံသရာထဲက မထွက်နိုင်အောင် ဘယ်သူကချည်ထားလဲဆို ရင် တဏှာက ချည်ထားတယ်။ ကိုယ့်အိမ်၊ ကိုယ့်ရောကနေပြီးတော့ ကိုယ့်ပတ်

www.dhammadownload.com

ဝန်းကျင်ကနေပြီးတော့ မစွာနိုင်အောင် ဘယ်သူကချည်ထားလဲ၊ တဏှာက ချည်ထားတယ်။

တောရွာတွေမှာ ချည်တိုင်မှာချည်ထားတဲ့နွား၊ နဖားကြိုးနဲ့ တိုင်နဲ့ ကပ်ချည်ထားလိုက်ပြီဆိုလို့ရှိရင် အဲ့ဒီနွား သွားချင်ရာသွားလို့ ရလားဆိုတော့ မရတော့ပါဘူး။ သူ အလွန်ဆုံးသွားနိုင်လို့ရှိရင် ဘယ်လောက်သွားနိုင်လဲ။ ကြိုးတစ်ဆုံးပဲ သွားလို့ရပါတယ်။ ဒီကြိုး ဘယ်နှစ်ပေရှည်လဲ၊ ဘယ်နှစ်ကိုက်ရှည်လဲ။ ဒီအတိုင်းအတာပဲ သွားနိုင်ပါတော့တယ်။ ဒီထက်ပိုပြီးတော့ သွားလို့မရပါဘူး။

သူသူကိုယ်ကိုယ် အားလုံးသောသတ္တဝါတွေမှာလည်း တဏှာကြိုး ချည်ထားတာ ခံရပါတယ်။ တဏှာကြိုးက ဘယ်လောက်ရှည်သလဲပေါ့။ ဒီအတိုင်းအတာအထိ ရောက်နိုင်ပါတယ်။

တချို့အိမ်ကတောင်မှ မစွာနိုင်ဘူး။ မထွက်နိုင်ဘူး။ ဘယ်သွားချင်တယ်ဆိုရင်လည်းသွားလို့မရဘူး။လာချင်တယ်ဆိုလည်းလာလို့မရဘူး။လည်ချင်တယ်ဆိုလည်း လည်လို့မရဘူးလို့ ဖြစ်နေတာဟာ ကြိုးချည်ခံထားရလို့ပါ။

မြို့ထဲနေတဲ့သူတွေရဲ့တဏှာကြိုးက မြို့တစ်ပတ်လောက်ပဲရှိတယ် ထင်ပါတယ်။ မြို့အပြင်ဘက်တောင် မရောက်ဘူး။ ဘယ်သွားမယ်ဆိုလည်း မဖြစ်နိုင်ဘူး။ ဘာလုပ်မယ်ဆိုလည်း မလုပ်နိုင်ဘူး။

ခုနက နဖားကြိုးချည်ခံရတဲ့နွားဟာ သူအတွက် သက်သောင့်သက်သာ ဘယ်လိုနေမှာလဲ။ နဖားကြိုးက ရှည်တာကောင်းလား၊ တိုတာကောင်းလား။ဘယ်ဟာကလွတ်လပ်လဲဆိုရင်ရှည်တာကလွတ်လပ်တယ်။တိုတာက မလွတ်လပ်ပါဘူး။ တင်းကျပ်ပါတယ်။

အားလုံးအတွက်လည်း တဏှာကြိုးရှည်တာ ကောင်းလား။ တိုတာကောင်းလားဆိုရင် ရှည်တာကောင်းပါတယ်။ တဏှာကြိုးရှည်တာ ကောင်းပါသေးတယ်။

မရှိတာက ပိုကောင်းတယ်ဆိုတာတော့ ငြင်းစရာမရှိပါဘူး။ ရှည်

www.dhammadownload.com

လည်း ဒုက္ခရောက်တာပဲ၊ တိုလည်း ဒုက္ခရောက်တာပဲ။ တကယ်ကောင်းတာက ချည်နှောင်မှုတွေကို ဖြတ်တောက်နိုင်တာမှ အကောင်းဆုံးပါ။ For the realization of unbinding ချည်နှောင်မှုတွေ၊ တင်းကျပ်မှုတွေအားလုံးကို ဖြေဖြတ်လိုက်ပါတယ်။ ဖြတ်တောက်လိုက်ပါတယ်။ အဲဒီလိုဖြတ်တောက်ခြင်းသဘောတရားကိုလည်း ကောင်းစွာသိမြင်သွားပါတယ်။

တဏှာကင်းရာ၊ တဏှာကုန်ရာ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ဖို့ရာ ကိုယ့်မျက်စိအောက်မှာမြင်ရတဲ့အရာဝတ္ထုကို သဲသဲကွဲကွဲ၊ ရှင်းရှင်းလင်းလင်း သိသလိုတဲ့၊ နိဗ္ဗာန်ကို သိမြင်ဖို့အတွက် ဘာလုပ်ရမလဲဆိုရင် တရားကျင့်ရပါမယ်။

"ဘာကြောင့်တရားကျင့်ရတာလဲ" ဆိုတဲ့မေးခွန်းအတွက် ဘုန်းကြီးက အဖြေငါးချက်ပေးပါတယ်။

(၁) အချက်က ကိလေသာတွေ ကင်းစေဖို့

(၂) အချက်က သောကပရိဒေဝတွေ ငြိမ်းစေဖို့

(၃) အချက်က ကိုယ်ဆင်းရဲခြင်း၊ စိတ်ဆင်းရဲခြင်းတွေ ကင်းပျောက်စေဖို့

(၄) အချက်က အရိယာမဂ်ဉာဏ်ကို ရစေဖို့

(၅) အချက်က နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ဖို့

တရားကျင့်ရမယ်။ တရားမမှကျင့်ကြံရင်လည်း ဒီအကျိုးငါးပါးရတယ်လို့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက မဟာသတိပဋ္ဌာနသုတ္တန်မှာ အတိအကျဟောပြီးသားပါ။

သုတ္တန်ရဲ့နိဒါန်းမှာကိုပဲ ဘုရားရှင်ကိုယ်တော်မြတ်ကြီး တိတိကျကျဟောကြားထားတဲ့ ဒီစကားဟာ "ဘာကြောင့် တရားကျင့်ရတာလဲ" ဆိုတဲ့မေးခွန်းရဲ့အဖြေလည်း ဖြစ်သွားပါတယ်။ တရားကျင့်ခြင်းအားဖြင့် ဘာအကျိုးတရားရတယ်ဆိုတဲ့ အကျိုးတရားလည်း ပေါ်လွင်ပါတယ်။

www.dhammadownload.com

တရား ဘယ်လိုကျင့်ရမလဲ

တရားကျင့်ကြံပွားများ အားထုတ်တဲ့နေရာမှာ ဘယ်နည်း၊ ဘယ်ပုံ ကျင့်ကြံရမယ်။ အားထုတ်ရမယ်။ ဘယ်လို ရှုမှတ်ရမယ်ဆိုတာလည်း သိရှိ စေဖို့နဲ့ မိမိတို့တစ်သက်တာကာလမှာ ဆက်လက်ပြီး တရားဓမ္မကျင့်ကြံကြိုး ကုတ် အားထုတ်တဲ့အခါမှာလည်း ကျင့်နည်းလမ်းစဉ်တစ်ခုရစေဖို့ "တရား ဘယ်လိုကျင့်ရမလဲ" ဆိုတာကို ပြောပြချင်ပါတယ်။

ကျေးဇူးတော်ရှင် ဓမ္မဒူတဆရာတော်ဘုရားကြီး ဟောပြောရေး သားခဲ့တဲ့ ဓမ္မာနုပဿနာရှုပွားနည်းကို အခြေခံပြီးတော့ အားထုတ်ပုံ၊ အား ထုတ်နည်းကို အကျဉ်းချုပ်အနေနဲ့ ပြောပါမယ်။

တရားအားထုတ်မယ်၊ တရားကျင့်မယ်ဆိုတော့ ဘယ်လိုကျင့်ရ မလဲ၊ ဘာကိုရှုမှတ်ရမလဲဆိုတဲ့ မေးခွန်းမေးစရာ ရှိလာပါတယ်။ မေးလည်း မေးတတ်ကြပါတယ်။ လူကြီးလူငယ်မရွေး တော်တော်များများက တရားအား ထုတ်ချင်စိတ်ဖြစ်လာတဲ့အချိန်မှာ "အရှင်ဘုရား၊ တရားဘယ်လိုကျင့်ရမလဲ" လို့ မေးလျှောက်တတ်ကြပါတယ်။

www.dhammadownload.com

တရားကျင့်ချင်စိတ် ဖြစ်လာပြီဆိုတဲ့အချိန်ခါမှာ ဘယ်လိုကျင့်ရမယ်၊ ဘာကိုရှုမှတ်ရမယ်၊ ဘယ်လို ရှုမှတ်ရမယ်ဆိုတာ မသိဘဲနဲ့ ရှုလို့မှတ်လို့ ကျင့်ကြံအားထုတ်လို့ မရပါဘူး။ ကျင့်ကြံအားထုတ် ရှုပွားနည်းကို စနစ်တကျသိထားဖို့လိုပါတယ်။

www.dhammadownload.com

ဘာကို ရှုမှတ်နေရ

အခုရှိနေတဲ့ ခန္ဓာကိုယ်ကို နှစ်မျိုးခွဲကြည့်ရင် ရုပ်ခန္ဓာနဲ့ နာမ်ခန္ဓာလို့ နှစ်မျိုးနှစ်စားရှိပါတယ်။ ရုပ်ခန္ဓာနဲ့ နာမ်ခန္ဓာလို့ နှစ်မျိုးရှိနေတော့ ရုပ်ခန္ဓာနဲ့ နာမ်ခန္ဓာကို မပြတ်ရှုမှတ်ရပါမယ်။

ရုပ်တရားနဲ့ နာမ်တရားကိုရှုမှတ်တဲ့နေရာမှာ တစ်ခါတလေမှာ ရုပ်တရားက ရှုမှတ်ရလွယ်တာလည်း ရှိပါတယ်။ နာမ်တရားရှုတော့မှ ကျေကျေနပ်နပ်နဲ့ အားရတာမျိုးလည်းပဲရှိတယ်။ အဲဒီတော့ ရုပ်နဲ့နာမ် ဘာကိုရှုမှတ်ရမလဲ။ အရှုခံက နှစ်မျိုးလိုဖြစ်နေပါတယ်။

ရုပ်တရားနဲ့ နာမ်တရား၊ ရုပ်ခန္ဓာနဲ့ နာမ်ခန္ဓာနှစ်မျိုးမှာ ဘယ်ဟာကို ရှုရင်ကောင်းမလဲပေါ့။ နှစ်မျိုးလုံး တစ်ပြိုင်တည်းတော့ ရှုမှတ်လို့မရပါဘူး။ တစ်ခုခုကိုပဲ ရှုမှတ်လို့ရမယ်ဆိုတော့ ဘယ်လိုရွေးချယ်မလဲဆိုရင် ထင်ရှားရာ၊ ပေါ်ရာကိုကြည့်ပါ။

www.dhammadownload.com

ရုပ်တရားနဲ့နာမ်တရားမှာ ဘယ်တရားကထင်ရှားလဲ။ ရုပ်တရားထင်ရှားရင် ရုပ်ကိုရှု၊ နာမ်တရားထင်ရှားရင် နာမ်ကိုရှုမှတ်ပါ။

ဒီလိုမှမဟုတ်လည်းဘဲ ရုပ်တရားက ကိုယ့်အသိဉာဏ်ထဲမှာ ပိုပြီးတော့ပေါ်လွင်တယ်ဆိုရင်ရုပ်ကိုရှု၊ နာမ်တရားကမှပိုပြီးတော့ထင်ထင်ပေါ်ပေါ်၊ သိသိသာသာ ရှိတယ်ဆိုရင် နာမ်ကိုရှုမှတ်လို့ အရှခံတရားကို ဦးစွာသိရပါမယ်။

အရှခံတရားဟာ ရုပ်နှင့်နာမ်ပါ။

ဘယ်လိုရှုမှတ်ရမလဲဆိုရင် ထင်ရှားရာ၊ ပေါ်ရာကို ရှုမှတ်ရပါမယ်။ ရှုမှတ်တဲ့အချိန်အခါမှာ ထင်ရှားတဲ့ရုပ်၊ ထင်ရှားလာတဲ့ နာမ်၊ ပေါ်လွင်လာတဲ့ရုပ်၊ ပေါ်လွင်လာတဲ့နာမ်ကို အဆက်မပြတ် ရှုမှတ်ရပါမယ်။ ရှုမှတ်တယ်ဆိုတာ ကိုယ့်ရဲ့အသိဉာဏ်မှာ ထင်အောင်မြင်အောင်ကြည့်နေတာပါ။ စိတ်ထဲက ရွတ်ဖတ်နေတာ၊ နှုတ်ကနေ ရွတ်ဆိုနေတာမျိုး မဟုတ်ပါဘူး။

ပြတ်တောင်းပြတ်တောင်းနဲ့ တချို့ကလည်း ရှုတစ်လှည့်၊ မရှုတစ်လှည့်။ ရှုချင်တဲ့အချိန်ကျတော့ရှု၊ မရှုချင်တဲ့အချိန်ကျတော့ ဟိုဟိုဒီဒီ စဉ်းစားပြီးတော့ နေပါတယ်။ နေလို့မရပါဘူး။ ကျိုးတိုးကျဲတဲနဲ့ ရှုမှတ်မှု အဆက်ပြတ်လို့ မရပါဘူး။ အဆက်မပြတ်အောင် ရှုမှတ်နေရပါမယ်။ ကြည့့်နေရပါမယ်။

တချို့က တရားတော့ ရချင်သလိုရှိပါတယ်။ ဒါပေမဲ့ ဘာဖြစ်လို့မရသလဲဆိုရင် ရှုမှတ်မှုတွေ အဆက်ပြတ်,ပြတ်သွားလို့ပါ။ ကြိုးစားပြီး တရားရှုမှတ်တယ်။ အတော်ကြီးကို ဟုတ်နေပြီး တော်နေကြာကျတော့ စိတ်မပါလို့မရှုပြန်ဘူး။ နောက် အတော်လေးကြာတော့မှ တစ်ခါပြန်ရှုတော့ တရားအဆက်ပြတ်,ပြတ်သွားတဲ့အတွက် တရားရဖို့မလွယ်ပါဘူး။

အဆက်မပြတ် ရှုရပါမယ်။ ဆက်ခါဆက်ခါနဲ့ကို ရှုနေရပါမယ်၊ ဘာကို ရှုရမလဲဆိုရင် ရုပ်နဲ့နာမ်ကိုပါ။

www.dhammadownload.com

ရုပ်၊ နာမ်၊ ခန္ဓာထင်ရှားရာ

ဓမ္မာနုပဿနာ ဝိပဿနာရှုပွားနည်းအရ ရုပ်ဆိုတာကို အဓိပ္ပာယ် ဖွင့်ကြည့်ရင် ခန္ဓာကိုယ်မှာ သတိထားကာစောင့်ကြည့်ချိန်မှာ ခန္ဓာကိုယ်မှာ ထင်ရှားပေါ်လာတဲ့သဘောတရားဟာ ရုပ်တရားပါ။

ခန္ဓာကိုယ်မှာ ပူမှုအေးမှုသဘောတွေ ထင်ထင်ရှားရှား ဖြစ်နေပါ တယ်။ ဖြစ်လာပါတယ်။ သတိတော့်ထားရမယ်။ ခန္ဓာမှာ သတိထားပါ။ ခန္ဓာမှာ သတိစိုက်ပြီး သတိလေးခန္ဓာမှာ ကပ်လိုက်တဲ့အချိန်မှာ ကိုယ်မှာထင်ရှားတဲ့ သဘောတရားတွေ ပေါ်လာပါမယ်။

အဲဒီသဘောတရားတွေဟာ ရုပ်တရားပါ။ ကိုယ်မှာဖြစ်ပေါ်နေတဲ့ သဘောတရားက ရုပ်တရားပါ။ ကိုယ်မှာပေါ်နေတဲ့ သဘောတရားတွေကို ကြည့်နေပါ။ ကိုယ့်ခန္ဓာကိုယ်ကို အာရုံပြုကာ ဆံဖျားကနေ ခြေဖျားတိုင် အောင် တစ်လံမျှလောက်သောခန္ဓာကိုယ်မှာ ဘယ်လိုသဘောတရားတွေ ပေါ်လာမလဲ၊ ပေါ်နေမလဲလို့ စောင့်ကြည့်၊ သတိထားကြည့်နေပါ။

www.dhammadownload.com

ကျားသစ်များ အစာချောင်းနေသလိုပါပဲ။ တောထဲကကျားသစ်တွေ အစာချောင်းတဲ့အခါမှာ ချုပုတ်လေးထဲကနေ အသာဝပ်ပြီးတော့ သားကောင်ကိုစောင့်ကြည့်နေပါတယ်။ သားကောင်တွေရဲ့လာရာလမ်းတစ်နေရာမှာ ငြိမ်ပြီးစောင့်ပြီးတော့ကြည့်နေတယ်။ ဒီနေရာကို ဘယ်သားကောင်ရောက်လာမလဲ။ သမင်တွေ ရောက်လာမလား။ ဒရယ်တွေ ရောက်လာမလား။ ဂျီတွေ ရောက်လာမလား။ ငြိမ်ငြိမ်ဝပ်ပြီးတော့ စောင့်ကြည့်နေပါတယ်။

အဲဒီလိုစောင့်ကြည့်တဲ့ချိန်မှာ သူနားရောက်လာတဲ့သားကောင်ကို တွေ့မြင်ပြီဆိုတော့မှ ဒီသားကောင်ကိုဖမ်းပါတယ်။ ဒီနည်းအတိုင်းပါပဲ။ တရားအားထုတ်တဲ့အချိန်၊ တရားရှုမှတ်တဲ့အချိန်မှာကျတော့ ခန္ဓာကိုယ်ပေါ်မှာ စောင့်ကြည့်နေပါ။ ခန္ဓာကိုယ်မှာ သတိလေးနဲ့စောင့်ကြည့်နေပါ။ ကိုယ်ပေါ်မှာ သတိထားကာစောင့်ကြည့်တဲ့အချိန်ခါမှာဖြစ်လာပေါ်လာတဲ့သဘောတရားကို ရုပ်တရားလို့မှတ်ထားပါ။

ရုပ်၊ နာမ်၊ ခန္ဓာလို့ပြောလိုက်တော့ ရုပ်ဆိုတာသည် ကိုယ်မှာ ထင်ရှားတဲ့သဘောတရားပါ။ ကိုယ်မှာ သိသာထင်ရှားတာဟာ ရုပ်တရားပါ။ စိတ်ထဲမှာဖြစ်ပေါ်နေမယ်၊ ထင်ရှားမယ်၊ ဖြစ်လာမယ်ဆိုတဲ့သဘောက နာမ်တရားပါ။ စိတ်ထဲဖြစ်တာ၊ စိတ်ထဲပေါ်လာတာ နာမ်တရား။ စိတ်ထဲမှာ ထင်ရှားနေတာ၊ စိတ်ကနေသိနေတာသည် နာမ်တရားပါ။

လူတစ်ယောက်မှာ ဘာရှိသလဲလို့ကြည့်လိုက်ရင် လူဆိုတာ ကိုယ်နဲ့စိတ်ပေါင်းစပ်ထားတာပါ။ ကိုယ်နဲ့စိတ်ပေါင်းစပ်ထားတဲ့သတ္တဝါပါ။ ရုပ်နဲ့နာမ်ပေါင်းစပ်ဖွဲ့စည်းထားတာကို လူလို့ခေါ်နေကြပါတယ်။

ပြင်ပကနေပြီးတော့ မြင်သာထင်သာတဲ့ သွားလာလှုပ်ရှားနိုင်တဲ့ ဒီခန္ဓာကြီးသည် ရုပ်ခန္ဓာပါ။ တွေးတတ်၊ ကြံစည်တတ်၊ သိတတ်တဲ့သဘောကို နာမ်ခန္ဓာလို့ ပြောရပါမယ်။

ဒီတော့ ရုပ်နဲ့နာမ်နဲ့ နှစ်မျိုးသိသာသွားပြီ။ ကိုယ်မှာ ထင်ရှားရင် ရုပ်တရား၊ စိတ်မှာထင်ရှားရင် နာမ်တရားပါ။ အဲဒီနှစ်မျိုးကိုတွေ့အောင်၊ မြင်အောင်၊

www.dhammadownload.com

သိအောင် သတိထားပြီးကြည့်ပါ။ သတိထားကာ စောင့်ကြည့်တဲ့အချိန်ခါမှာ ထင်ရှားလာလိမ့်မယ်။ ပေါ်လာပါလိမ့်မယ်။

တရားရှာတယ်၊ တရားရှာတယ်လို့ပြောကြတော့ ကျွင့်ကြံအားထုတ်နေကြတဲ့တရားဟာ လိုက်ရှာရမှာလား၊ စောင့်ကြည့်ရမှာလားဆိုရင် စောင့်ကြည့်ရမှာပါ။ လိုက်မရှာပါနဲ့။ ဘယ်နေရာမှာ တရားပေါ်လာမလဲ။ ဘယ်နေရာတရားဖြစ်လာမလဲဆိုပြီးတော့ လိုက်မရှာနဲ့။ ဘာတွေဖြစ်ချင်ပါတယ်၊ ဘယ်လိုဖြစ်လာရင် ကောင်းမယ်လို့မမျှော်ပါနဲ့။ အသာလေး တစ်နေရာက စောင့်ကြည့်နေပါ။ ခုနက ကျားသစ်အစာချောင်းသလို ငြိမ်ငြိမ်လေးနေပြီးတော့ ကြည့်နေပါ။ ကြည့်နေမယ်ဆိုရင် တွေ့လာပါလိမ့်မယ်။ ကိုယ်မှာ သေချာစွာ ကြည့်လိုက်ရင်လည်းပဲ ကိုယ်ပေါ်မှာဖြစ်နေတဲ့ သဘောတရားတွေ ထင်ရှားတွေ့မြင်လာလိမ့်မယ်။ စိတ်မှာကြည့်ရင် စိတ်ထဲမှာဖြစ်နေတဲ့ သဘောတရားတွေထင်ရှားတွေ့မြင်လာလိမ့်မယ်။ ထင်ရှားလာ၊ ပေါ်လွင်လာတဲ့သဘောတရားကို အဆက်မပြတ်ကြည့်ရှုနေတာဟာ တရားကျင့်နေတာပါပဲ။

www.dhammadownload.com

သတိထားကာ ရှု

ဓမ္မာနုပဿနာ သတိပဋ္ဌာန်ဆိုတဲ့နေရာမှာ ဓမ္မဆိုတာသည် ရုပ်နဲ့ နာမ်။ အနုပဿနာဆိုတာ ထပ်ခါထပ်ခါရှုတာပါ။ တစ်ခါတလေမဟုတ်ဘူး။ နေ့စဉ်နေ့တိုင်း ထပ်ခါထပ်ခါရှုမှတ်နေတာပါ။ တစ်ကြိမ်တလေ မဟုတ်ပါဘူး။ အကြိမ်များစွာ အကြိမ်ပေါင်းများစွာ ရှုမှတ်နေတာပါ။

မရုပ်မနား ထပ်ခါထပ်ခါ မပြတ်ရှုမှတ်နေတာဟာ အနုပဿနာပါ။ ဘာကိုရှုမလဲဆိုရင်တော့ ဓမ္မလို့ခေါ်တဲ့ ရုပ်နဲ့နာမ်ကိုရှုရမှာပါ။ ရုပ်ဓမ္မ၊ နာမ်ဓမ္မကို သတိထားစောင့်ကြည့်ကာ ထင်ရှားရာ၊ ပေါ်လွင်ရာမှာ မပြတ်ရှုမှတ်နေတာသည် ဓမ္မာနုပဿနာ သတိပဋ္ဌာန်ပါ။

တရားအလုပ်မှာ သတိထားရပါမယ်။ အရှုခံရုပ်နာမ်ကို သတိထားရပါမယ်။ တရားအလုပ်က ရှင်းရှင်းပြောရင် သတိအလုပ်ပါ။ "စကားချုပ်တော့ ကတိ၊ တရားချုပ်တော့ သတိ" ဆိုတဲ့ မြန်မာစကားပုံရှိပါတယ်။

စကားတွေ ဘယ်လောက်ပဲများများ၊ အဲဒီစကားတွေရဲ့အချုပ်သည် ကတိပါ။ တရားကိုချုပ်ထားတာက သတိပါ။ အဲဒီတော့ သတိတစ်လုံးရှိပြီဆို

www.dhammadownload.com

လို့ရှိရင် တရားဖြစ်ပါပြီ။ သတိတစ်လုံးမြဲနေပြီဆိုရင် ရှုမှတ်ရမယ့်တရားတွေ မြင်လာပါပြီ။ သတိထားရင်၊ သတိရှိရင် တွေ့ရမယ့်တရားတွေကို တွေ့လာပါလိမ့်မယ်။ ထင်ရှားလာပါမယ်။ ပေါ်လွင်လာပါမယ်။

အမှန်တကယ် ဘယ်သူတရားပြလဲဆိုရင် တရားကပဲ တရားပြတာပါ။ ဒီခန္ဓာထဲမှာရှိနေတဲ့ သဘောတရားတွေဟာ တရားသဘောတွေပါ။ ကိုယ်မှာထင်ရှားရင် ရုပ်တရား၊ စိတ်မှာထင်ရှားရင် နာမ်တရားပါ။ အဲဒီနှစ်မျိုးကို ရှုမှတ်နေတာက ဓမ္မာနုပဿနာပါ။ သတိ ဦးစီးရပါမယ်။ သတိ ခေါင်းဆောင်ရပါတယ်။ သတိကို ရှေ့တန်းတင်တယ်။ သတိကို ပဓာနထားတယ်။ သတိထားမှ တရားဖြစ်ပါတယ်။ သတိမထားရင် တရားမဖြစ်ပါဘူး။ သတိမပါဘဲ တရားကျင့်လို့ မရပါဘူး။

ထိုင်တော့ထိုင်နေတာပဲ သတိမပါဘူး။ အမှတ်တမဲ့ဒီအတိုင်းပဲထိုင်ရုံထိုင်နေတယ်ဆိုရင်တရားမဖြစ်ပါဘူး။ ဘာလို့တရားမဖြစ်တာလဲဆိုရင် သတိမရှိလို့ပါ။ တရားက ရှိနေတယ်။ သတိမထားလို့၊ သတိထားပြီးမကြည့်လို့ တရားမတွေ့တာပါ။ ကိုယ်မှာလှည့်ပြီးတော့ သတိထားကြည့်။ စိတ်ထဲမှာပြန်ပြီးတော့ သတိထားကြည့်ပါ။ ဒီသတိလေးနဲ့ ကိုယ်နဲ့စိတ်ကို လှည့်ပတ်ကြည့်တဲ့အခါမှာ ပေါ်လွင်လာ၊ ထင်ရှားလာတဲ့သဘောတရားဟာ ကိုယ်ရှုရမယ့် အရှုခံတရားပါ။

ဒီလောက်ဆိုရင် လိုရင်းအချုပ်ကို သိပါပြီ။ တရားထိုင်ကြတဲ့အခါမှာ ဘယ်လိုရှုရမလဲဆိုတော့ဒီခန္ဓာကိုယ်သက်သောင့်သက်သာနဲ့နေသာထိုင်သာရှိတဲ့ အနေအထားမျိုး၊ သက်သောင့်သက်သာဖြစ်စေမယ့် အနေအထားမျိုး၊ တင်ပျဉ်ခွေချင်ရင် ခွေ၊ ကျုံ့ကျုံ့ထိုင်ချင်ရင် ထိုင်ပါ။ ခါးကို ဖြောင့်ဖြောင့်ထား၊ ဦးခေါင်း ရှေ့တည့့်တည့်ကြည့်၊ မျက်စိအသာမှိတ်ထားပါ။ နှုတ်ခမ်းကို အသာစေ့ပြီးတော့ ဘယ်ဘက်လက်ကို အောက်ကထား။ ညာဘက်လက်ကို အပေါ်ကတင်၊ လက်မထိပ်လေးနှစ်ခု ထိထားလိုက်ပါ။

www.dhammadownload.com

ပြီးရင် ခန္ဓာကိုယ်တစ်ခုလုံးပြန်ကြည့်ပါ။ ဘယ်နေရာမှာ အဆင်မပြေတာရှိလည်း၊ မမျှတတာ၊ အချိုးမကျတာရှိလည်း ပြန်ကြည့်ပါ။ အားလုံး စိတ်တိုင်းကျပြီ၊ ဒီပုံစံနဲ့ ဒီအနေအထားနဲ့ထိုင်မယ်ဆိုလို့ရှိရင် ဒီတစ်နာရီ အေးအေးဆေးဆေး သက်သောင့်သက်သာနဲ့ ထိုင်နိုင်ပြီဆိုရင် အသက်ရှူတဲ့နေရာမှာ စပြီးတော့ ရှုမှတ်အားထုတ်ကြရပါမယ်။

www.dhammadownload.com

အသက်ရှူရာ ရှုမှတ်

အသက်ရှူတဲ့ဆီကနေ စတင်အားထုတ်မယ်ဆိုတော့ အသက်ရှူလိုက်တိုင်းကို သတိထားပါ။ ဘာနဲ့အသက်ရှူလဲဆိုရင် နှာခေါင်းနဲ့ အသက်ရှူတယ်လို့ ပြောရပါမယ်။

အသက်ရှူတဲ့အချိန်မှာ နှာသီးဖျား၊ နှုတ်ခမ်းဖျားလေးပေါ်မှာ သတိထားကြည့်လိုက်ပါ။ နှာသီးဖျားလေးမှာ သတိထားပြီးကြည့်ပါ။ လေရှူထုတ်တယ်၊ လေရှူသွင်းတယ်၊ နှာခေါင်းဖျားလေး၊ နှုတ်ခမ်းဖျားလေးကို တွန်းတိုက်ပြီးတော့ လေဝင်သွားတယ်။ ထွက်သွားတယ်။ တိုးတွန်းပြီးတော့ ဝင်သွားတယ်။ ပြန်ပြီးတော့ ထွက်လာတယ်။ နှာသီးဖျားမှာ အေးသွားတယ်။ ပူသွားတယ်လို့ သဘောတရားတွေ တွေ့ရပါလိမ့်မယ်။ ရှူသွင်းတဲ့အချိန်၊ ရှူထုတ်တဲ့အခါ လေတိုးထိသွားတဲ့နေရာ သတိထားကြည့်ပါ။ အသက်ရှူတဲ့အချိန်တိုးတွန့်တဲ့ သဘောတရား၊ တိုးတဲ့သဘော၊ တွန်းတဲ့သဘော ရှိနေပါတယ်၊ ဖြစ်နေပါတယ်။ လေတိုးပြီးတော့ ဝင်လာတယ်။ ပြန်တွန်းကန်ပြီးတော့ ထွက်သွားတယ်။

www.dhammadownload.com

နာသီးဖျားမှာ ပူတဲ့သဘောတရားတွေဖြစ်လာပါတယ်။ အေးတဲ့သဘောတရားတွေ ဖြစ်လာပါမယ်။

အပြင်က လေရှူသွင်းတဲ့အခါမှာ အေးမယ်။ ကိုယ်ထဲကလေကိုပြန်ရှူထုတ်လိုက်တဲ့အခါမှာ ပူချင်လည်းပူလိမ့်မယ်။ နွေးချင်လည်း နွေးလိမ့်မယ်။ အဲဒီ တိုးတာတွန်းတာ၊ ပူတာအေးတာက ရုပ်တရားပါ။ ကိုယ်မှာဖြစ်တာဟာ ရုပ်တရားသဘောပါ။ စိတ်မှာဖြစ်တာ နာမ်တရားသဘောပါ။ နာသီးဖျားဆိုတာသည် ကိုယ်လားစိတ်လားဆိုတော့ ကိုယ်အင်္ဂါအစိတ်အပိုင်းတစ်ခုပါ။ ကိုယ်နဲ့ဆက်စပ်ဖြစ်လာတဲ့သဘောတရားမို့ ရုပ်တရားပါ။

နာသီးဖျား၊ နာခေါင်းဖျားမှာ လေရှူသွင်းလိုက်တဲ့အခါ ရှူထုတ်လိုက်တဲ့အခါမှာ ရှုမှတ်ရမယ့်သဘောတရားတွေ ပေါ်လာတယ်။ တိုးတာရုပ်သဘောပါ။ ကိုယ်နဲ့ဆက်စပ်ပြီးတော့ ဖြစ်လာတယ်။ ကိုယ်မှာ ထင်ရှားတဲ့ တိုးတဲ့သဘောဖြစ်လာပါတယ်။ ကိုယ်ဆိုတဲ့အထဲမှာ အကုန်အကျုံးဝင်သွားပါတယ်။ ဆံပင်ဖျားကနေ ခြေဖျားတိုင်အောင် အကုန်ပါဝင်သွားတယ်။ မျက်စိတွေ၊ နာခေါင်းတွေ၊ ပါးစပ်တွေ၊ လက်တွေ၊ ခြေတွေ၊ ခေါင်းတွေ အားလုံးပါဝင်သွားတယ်။

အဲဒီတော့ နာသီးဖျားမှာ တိုးသွားတယ်ဆိုရင် တိုးတဲ့သဘောတရားသည် ရုပ်တရားပါ။ ပူသွားတယ်ဆိုရင်၊ အေးသွားတယ်ဆိုရင်၊ နွေးသွားတယ်ဆိုရင်ရော ရုပ်တရားပါပဲ။ တခြားသဘောတရားတွေ လှုပ်ရှားရွေ့သွားတယ်။ ဖြစ်ချင်ရာ ဖြစ်မှာပါ။ အဲဒီသဘောတရားတွေဟာ ရုပ်တရားတွေပါ။

အသက်ရှူတဲ့အချိန်ခါမှာ တင်းမယ်၊ တောင့်မယ်၊ လှုပ်မယ်၊ ရွေ့မယ်ဆိုတဲ့ သဘောတွေထင်ရှားတတ်၊ ဖြစ်တတ်ပါသေးတယ်။ ဒါတွေဟာလည်း ရုပ်တရားတွေပါပဲ။

အသက်ရှူတဲ့အချိန်ခါမှာ နာသီးဖျားမှာ တင်းသလိုလို၊ တောင့်သလိုလိုတချို့ကလည်းတွေ့တယ်။ တစ်ယောက်နဲ့တစ်ယောက်ကတော့တူချင်မှတူပါမယ်။

www.dhammadownload.com

တချို့ကျတော့လည်း လေကလေးနာခေါင်းထဲကိုဝင်သွားတဲ့ချိန်မှာ လည်းလှုပ်သလို၊ ရွှေ့သလိုလိုလေးတွေ့ချင်လည်းတွေ့ပါမယ်။ တစ်ဦးနဲ့တစ်ဦး၊ တစ်ယောက်နဲ့တစ်ယောက် ခံစားရပုံချင်း၊ သတိပြုမိကြပုံချင်း မတူကြပါဘူး။

ကိုယ်က ပူတာလေးကိုတွေ့မယ်ဆိုရင် ပူတာကိုရှုမှတ်၊ အေးတာကိုတွေ့ရင် အေးတာကိုရှုမှတ်ပါ။ သူများက ပူတယ်ဆိုတိုင်း သူများနည်းတူ ကိုယ်လည်းပူတယ်လို့ မလုပ်ပါနဲ့။ သူများက လှုပ်တယ်ဆိုတိုင်း ကိုယ်လည်း လှုပ်တယ်မလုပ်ပါနဲ့။ ကိုယ့်ဘာသာ သတိထားကြည့်ပါ။ ကိုယ့်အသိထဲမှာ ကိုယ် သတိထားကြည့်လိုက်တဲ့အခါမှာ ဘာပေါ်သလဲ။ ဘယ်လိုဖြစ်သလဲဆိုတာ ကြည့်ရမှာပါ။

အဲဒီတော့ ဘာသဘောတရားတွေ ဖြစ်နိုင်သလဲ၊ တွေ့နိုင်သလဲ။ တိုးတာ၊ တွန်းတာ၊ ပူတာ၊ အေးတာ၊ လှုပ်တာ၊ ရွှေ့တာ၊ တင်းတာ၊ တောင့်တာတွေ ရှိနေတယ်။ ဖြစ်နေတယ်။ အဲဒီသဘောတရားတွေဟာ ရုပ်တရားတွေပါ။ ဘယ်မှာ သတိထားရမှာလဲဆိုရင် နာသီးဖျားမှာပါ။

နာသီးဖျားမှာ သတိထားကြည့်တဲ့အခါ ပေါ်လာတဲ့သဘောတရား၊ အသက်ရှူတိုင်းရှူတိုင်းမှာ ပေါ်လာ၊ တွေ့လာတဲ့သဘောတရားတွေကို သတိထားရှုမှတ်ပါ။

အချိန်တိုင်းမှာ အသက်ရှူနေကြပါတယ်။ တစ်နေ့တစ်နေ့ အကြိမ်ပေါင်းမြောက်မြားစွာ အသက်ရှူကြပါတယ်။ အသက်ရှူလိုက်တိုင်း ရှူလိုက်တိုင်းမှာ သတိထားကြည့်တတ်မယ်ဆိုရင် တရားဖြစ်နေပါတယ်။

အသက်ကတော့ ရှူနေတာပဲ။ တရားအားထုတ်တဲ့အချိန်မှာလည်း ရှူနေတာပဲ။ အားမထုတ်တဲ့အချိန်မှာလည်း ရှူနေတာပဲ။ သတိလွတ်ထားတဲ့အချိန်မှာလည်း ရှူနေတာပါပဲ။

ထမင်းစားနေရင်း၊ သွားရင်းလာရင်း၊ အိပ်နေရင်းလည်း အသက်မရှူတဲ့အချိန် မရှိပါဘူး။ အချိန်တိုင်း၊ အချိန်တိုင်း အသက်ရှူနေတာပါ။ ဒါပေမဲ့

www.dhammadownload.com

အသက်ရှူလိုက်တိုင်း ရှူလိုက်တိုင်းမှာ တရားမဖြစ်ပါဘူး။ သတိထားနေမှ တရားဖြစ်ပါတယ်။

အသက်ရှူနေရုံနဲ့တရားမဖြစ်ပါဘူး။ သတိထားပြီးရှုမှတ်နေမှတရား ဖြစ်ပါတယ်။ တရားမရှုမှတ်ဘဲ အမှတ်တမဲ့ အလွတ်နေတဲ့အခါမှာလည်း အသက်ရှူတယ်။ အခု အားထုတ်နေတဲ့အချိန်မှာလည်း အသက်ရှူတယ်။ အသက်ရှူတာချင်း မတူဘူး။ သတိကွာသွားပါတယ်။ သတိပါတာနဲ့ မပါတာ၊ သတိထားပြီးတော့ ရှုမှတ်တာနဲ့ သတိမထားဘဲနဲ့ ရှုမှတ်တာ၊ အများကြီး ကွာခြားသွားပါတယ်။

သတိမထားဘဲနဲ့ ဒီအတိုင်းရှုလိုက်တဲ့အခါမှာ ပူတာလည်းမသိဘူး။ အေးတာလည်း မသိဘူး။ လှုပ်၊ ရွေ့၊ တိုး၊ တွန်းတာတွေရော ဘာတစ်ခုမှမသိပါဘူး။ သတိထားမှ သိပါမယ်။

တချို့ယောဂီတွေ လျောက်ကြပါတယ်။ အရှင်ဘုရား တပည့်တော် အသက်ရှူတာ ဘာမှလည်းမသိဘူးတဲ့။ သူ့ကို သတိထားပြီး ရှုမှတ်ရဲ့လား လို့မေးတော့သတိလည်းမရှိဘူး။ သတိမရှိဘဲနဲ့ဆိုရင်ကိုယ့်ကိုယ်ကိုယ်အသက်ရှူလို့ အသက်ရှူနေမှန်းတောင် မသိပါဘူး။ သတိထားပြီးတော့ကြည့်ရင် တစ်ခုခုတော့သိမှာပါ။ အနည်းဆုံးလှုပ်သွားသလို၊ ရွေ့သွားသလိုတော့ တစ်မျိုးလေးဖြစ်သွားတာတော့ သိလိုက်ပါတယ်။ တစ်မျိုးလေးဖြစ်သွားတာဟာ ရုပ်တရားပါ။ ဒါကအသက်ရှူတဲ့နေရာမှာသတိထားကြည့်တာပါ။ ကိုယ်ကိုအခြေခံအရှုခံထားပြီး ရုပ်ကိုရှုမှတ်တာပါ။

စိတ်မှာထင်ရှားတဲ့ သဘောတရားကတော့ နာမ်တရားပါ။ နာသီးဖျားမှာ သတိကပ်ပြီးအသက်ရှူလိုက်လို့ တိုးတယ်လို့ဖြစ်သွားတဲ့အချိန်မှာ "ဩော်...တိုးသွားပါလား" လို့သိလိုက်တဲ့အသိ၊ တိုးမှန်းသိတဲ့အသိသည်နာမ်တရားပါ။ တိုးမှန်းသိတာက နာမ်တရားပါ။ တွန်းကန်ပြီး ထွက်သွားချိန်လေးမှာ တွန်းကန်မှန်းသိလိုက်တယ်။ ပူတယ်လို့ သိတယ်။ အေးတယ်လို့ သိတယ် ဆိုတာတွေက နာမ်တရားတွေပါ။

www.dhammadownload.com

ပူတာက ရှုပ်၊ ပူမှန်သိတာက နာမ်ပါ။

အေးတာက ရှုပ်၊ အေးမှန်းသိတာက နာမ်ပါ။

ရှူသွင်းတာတော့ဖြင့်လည်း ဒီလေကိုရှူသွင်းလိုက်တာပဲ။ ပုံမှန်အသက်ရှူလိုက်တာပါပဲ။ သတိကလည်းပဲ ဒီနာသီးဖျားနားမှာ ထားထားတာပါပဲ။ ဒါပေမဲ့လို့ ပူတယ်လို့ ဒီသဘောတရားကို သတိထားမိရင် ရုပ်လို့ရှုမှတ်ရပါမယ်။

ပူတာက ရှုပ်၊ ပူတယ်လို့သိတာက နာမ်ပါ။

ပူတာကို သတိပြုမိတယ်ဆိုရင် ရုပ်ကိုတွေ့တာပါ။ သတိထားကြည့်တဲ့အခါ ပူတယ်ဆိုရင် ရုပ်၊ ပူတာပါလားလို့ သိလိုက်တယ်ဆိုရင် နာမ်ပါ။

တိုးတယ်ဆိုရင် ရုပ်၊ တိုးမှန်းသိတာက နာမ်ပါ။

လှုပ်တယ်ဆိုရင် ရုပ်၊ လှုပ်မှန်းသိတယ်ဆိုရင် နာမ်ပါ။

နာသီးဖျားမှာ တစ်ခုခုဖြစ်လာတယ်။ ဖြစ်လာတဲ့သဘောတရားဟာ ရုပ်တရားပါ။ ကိုယ်နဲ့ပတ်သက်ပြီးတော့ ဖြစ်လာရင် ကိုယ်မှာထင်ရှားရင် ရုပ်၊ စိတ်မှာထင်ရှားရင် နာမ်လို့ရှုမှတ်ရပါမယ်။

ဒီလောက်ဆိုရင်တော့ ရုပ်နာမ်သဘော ကျေညက်လောက်ပါပြီ။ အသက်ရှူတဲ့နေရာမှာ အသက်ရှူတဲ့အခါမှာ သတိကပ်၊ သတိထားပါ။ နာသီးဖျားမှာ ပူမယ်၊ အေးမယ်၊ တုန်မယ်၊ လှုပ်မယ်၊ ရွေ့မယ်ဆိုရင် ရုပ်ပေါ့။ ပူမှန်းသိ၊ အေး၊ လှုပ်၊ ကန်မှန်းသိရင် နာမ်ပါ။

နာသီးဖျားမှာ ရှုမှတ်လို့မရရင် ဘယ်နေရာရှုမှတ်မလဲပေါ့။ ခန္ဓာကိုယ်တစ်ခုလုံး ရှုမှတ်စရာတွေချည်းပါပဲ။ ရှုမှတ်မယ်ဆိုလို့ရှိရင် အရှုခံနာသီးဖျား၊ နာခေါင်းဖျားမှာ ရှုမှတ်လို့မရရင် ရင်မှာသတိထားကြည့်ပါ။ တဒိတ်ဒိတ်နဲ့ တစ်ချိန်လုံးခုန်နေတယ်။ တုန်နေတယ်။ လှုပ်နေပါတယ်။

www.dhammadownload.com

ရင်မှာတိုးတာ တုန်ခုန်တာ

ရင်မှာ သတိကပ်ထားကြည့်လိုက်တဲ့အခါမှာ တဒိတ်ဒိတ်နဲ့ တုန်နေ၊ ခုန်နေမယ်၊ လှုပ်နေမယ်၊ ရွေ့နေမယ်။ တိုး၊ တုန်၊ ခုန်၊ လှုပ်နေတဲ့ သဘောတရားကို ရှုမှတ်မယ်ဆိုရင် ရုပ်လို့ရှုမှတ်ရပါမယ်။ အသက်ရှူသွင်းလိုက်တဲ့အချိန်ခါမှာ တဒိတ်ဒိတ်နဲ့ တုန်မယ်၊ ခုန်မယ်၊ လှုပ်နေမယ်။ ဘာတရားလဲဆိုရင် ရုပ်တရားပါ။ တုန်တယ်လို့သိတယ်၊ ခုန်တယ်လို့သိတယ်၊ လှုပ်တာရွေ့တာတွေကို သိတယ်။ အဲဒါ နာမ်တရားပါ။

အဲဒီမှာလည်းပဲ ရုပ်၊ နာမ်ပါပဲ။ လိုရင်းက တရားအားထုတ်တယ်ဆိုတာ ရုပ်နဲ့နာမ်ကို ရှုမှတ်နေတာပါ။ ဝိပဿနာရဲ့အာရုံက ရုပ်နှင့်နာမ်ပါ။ ဒါကြောင့် ရုပ်၊ နာမ်ကို အာရုံပြုနေတဲ့အချိန်ဟာ ဝိပဿနာဖြစ်နေတဲ့ အချိန်ပါ။

အမှန်ပြောရရင် ဝိပဿနာဆိုတာ မခက်ပါဘူး။ ရုပ်ဖြစ်စေ၊ နာမ်ဖြစ်စေ တစ်ခုခုကို အာရုံပြုပါ။ ရုပ်တရား အာရုံပြုမယ်။ နာမ်တရားကို အာရုံပြုမယ်ဆိုရင် ဝိပဿနာဖြစ်ပါပြီ။ ရုပ်တရားနာမ်တရားမဟုတ်ဘဲနဲ့ တခြားအာရုံတွေရောက်သွားပြီး တခြားတခြား ပြင်ပအာရုံတွေကို အာရုံပြုမယ်။ ကျောင်း

www.dhammadownload.com

ရောက်မယ်။ အိမ်ရောက်၊ ဈေးရောက်၊ မြို့တောရောက်မယ်။ ဟိုလူ၊ ဒီလူ သတိရမယ်။ အဲဒီအခါကျလို့ရှိရင် ရုပ်၊ နာမ်အပေါ်မှာ အာရုံမရောက်တော့တဲ့ အတွက် ဝိပဿနာမဖြစ်တော့ပါဘူး။ ဝိပဿနာဖြစ်ချင်ရင် ရုပ်၊ နာမ်အာရုံ မကင်းရပါဘူး။

ဝိပဿနာကျင့်ကြံပွားများ အားထုတ်နေသူဟာ ရုပ်၊ နာမ်နယ်ထဲကနေ ကင်းကွာသွားလို့မရဘူး။ ရုပ်၊ နာမ်နယ်ထဲကနေ ထွက်လို့မရပါဘူး။ ရုပ်၊ ဒါမှမဟုတ်လို့ရှိရင် နာမ်တစ်ခုခုကို အာရုံပြုရပါမယ်။ ဒီတော့ နာသီးဖျားမှာ ရှုမှတ်လို့ရသလိုပဲ ရင်မှာတဒိတ်ဒိတ်နဲ့ တုန်ခုန်လှုပ်ရွေ့နေတဲ့ သဘောတရားတွေကို ရှုမှတ်မယ်ဆိုရင် တဒိတ်ဒိတ်နဲ့တုန်တိုင်း၊ ခုန်တိုင်း၊ လှုပ်တိုင်း၊ ရွေ့တိုင်းမှာ ဘာတရားပေါ်မလဲ။ ရုပ်တရားပေါ်မယ်။ သိလိုက်တယ်ဆိုရင် နာမ်တရားပေါ်မယ်။

ကိုယ်နဲ့ဆက်စပ်ရင် ရုပ်၊ စိတ်နဲ့ဆက်စပ်ရင် နာမ်ပါ။ စိတ်နဲ့ဆက်စပ်တယ်ဆိုတာ သိတာပါ။ အဓိကအားဖြင့် နာမ်တရားရဲ့အလုပ်က သိတဲ့အလုပ်ကိုလုပ်ပါတယ်။

ဘာလေးပဲဖြစ်ဖြစ် လိုက်သိနေတယ်။ လိုက်ပြီးတော့ သိနေတယ်။ အဲဒီသိနေတာသည် နာမ်။ ဟောဒီခန္ဓာကိုယ်ဆိုတဲ့ ဒီကိုယ်ကောင်ကြီးသည် ရုပ်ပါ။ ဒီလိုဆိုတော့ ရင်မှာလည်းပဲ ရှုမှတ်တတ်ပြီး နာသီးဖျားမှာလည်းပဲ ရှုမှတ်လို့ရပါပြီ။ ကိုယ်မှာပေါ်ရင်လည်းပဲ ရှုမှတ်တတ်ပြီ။ စိတ်ထဲပေါ်ရင်လည်းပဲ ရှုမှတ်တတ်ပြီ။ ဒါဟာ ထိုင်တဲ့အခါမှာ ရှုမှတ်ပုံ၊ ရှုမှတ်နည်းပါပဲ။

ထိုင်နေရင်းနဲ့ ဒီနေရာပဲရှုမယ်၊ ဟိုနေရာပဲ ရှုမယ်၊ ဘယ်နေရာမှ ရှု မှတ်မယ်လို့ နေရာသတ်မှတ်ချက် မထားပါနဲ့။ ဘယ်နေရာ ထင်ရှားလဲ။ ဘယ်နေရာ ရှုမှတ်လို့ကောင်းလဲလို့ ကြည့်ပါ။ ကိုယ့်ရဲ့အာရုံက နာသီးဖျားမှာ ရချင်ရမယ်။ ရင်မှာတုန်တာ၊ ခုန်တာလည်း ဖြစ်ချင်ဖြစ်မယ်။ ကိုယ်ပေါ်တစ်နေရာရာမှာလည်းပဲ ဖြစ်ကောင်းဖြစ်ပါလိမ့်မယ်။ ဒါမှမဟုတ်ရင် စိတ်ကနေ

www.dhammadownload.com

ပြီးတော့ သိနေတာ။ စိတ်ကနေ စဉ်းစားနေတာ၊ တွေးနေတာ၊ ကြံစည်နေတာတွေကို ရှုမှတ်လို့ရပါတယ်။

စဉ်းစားနေတာ ဘာတရားလဲဆိုရင် နာမ်တရားပါ။ အရှုခံတစ်ခုခုရှုမှတ်နေရင်းနဲ့ စဉ်းစားမိတယ်။ အဲဒီအခါမှာ ပြန်သတိကပ်၊ သတိထားပါ။ စဉ်းစားနေတာက နာမ်တရားပါ။ စိတ်ကူးနေတာ၊ တွေးနေတာ၊ ပုံလွှင့်နေတာတွေဟာ နာမ်တရားတွေပါ။

စိတ်နဲ့ပတ်သက်လာရင် နာမ်တရား၊ ကိုယ်နဲ့ပတ်သက်လာရင် ရုပ်တရားလို့ရှုမှတ်နေရင်း တစ်နာရီတစ်ထိုင် အချိန်ပြည့်တဲ့အခါ ထိုင်ချိန်ပြည့်ပါပြီဆိုရင်ထိုင်တရားခဏဖြုတ်နိုင်ပါတယ်။ ဆက်ပြီးတော့မထိုင်နိုင်၊ထိုင်လျက် အားမထုတ်နိုင်တော့ရင် တရားဖြုတ်ပါမယ်။ ကျရိယာပုတ်ပြောင်းပေးရပါမယ်။ ဆက်ပြီးတော့ ရှုမှတ်လို့ရပါတယ်။

ထိုင်တဲ့ကျရိယာပုတ်၊ ထိုင်တဲ့အနေအထားနဲ့ ဒီလောက်အတိုင်းအတာပဲ ရှုမှတ်နိုင်တယ်။ ဒါထက်ပိုပြီးတော့၊ ဆက်ပြီးတော့ အားမထုတ်နိုင်ဘူး။ ထိုင်ချိန် တစ်နာရီပြည့်ပြီဆိုရင် နောက်နာရီဝက်က လမ်းလျှောက်စင်္ကြံသွားရှုမှတ်ရမယ့် စင်္ကြံချိန်ပါ။

အနည်းဆုံး ထိုင်နေတဲ့နေရာကနေပြီးတော့ ကိုယ်သွားချင်တဲ့နေရာရောက်အောင် လျှောက်လှမ်းပြီးတော့ သွားတာဟာလည်း စင်္ကြံသွားတာပါ။ စင်္ကြံသွားချိန်ခါမှာ ရှုမှတ်ပုံ၊ ရှုမှတ်နည်းလေး သိထားကြရပါမယ်။

www.dhammadownload.com

ကြွလှမ်းခိုက်မှာ၊ ချခိုက်မှာ

ထိုင်ရာကနေ တစ်နေရာရာကိုသွားမယ်ဆိုတဲ့ အချိန်အခါမှာ ခြေထောက်ကိုကြွပါတယ်။ ခြေစုံရပ်ပြီးတော့ တစ်နေရာကိုသွားဖို့၊ လှမ်းတော့မယ်ဆိုရင် အရင်ဦးဆုံး ခြေထောက်ကိုကြွပါတယ်။ ကြွလိုက်ပြီးတော့ ရှေ့ကိုလှမ်းပါတယ်။ စပြီးကြွတယ်ဆိုရုံနဲ့ ဒီနေရာကမရွေ့သေးပါဘူး။ ပြန်ချလိုက်ရင် ဒီနေရာပဲရောက်ပါမယ်။ ရှေ့တိုးချင်တယ်၊ သွားချင်တယ်ဆိုလို့ရှိရင် ဘာလုပ်ရမလဲ။ လှမ်းရပါတယ်။ ကြွတယ်၊ လှမ်းတယ်၊ လှမ်းပြီးရင် ခြေထောက်အောက်ကရောက်အောင် ချပါတယ်။

ခြေလှမ်းတစ်လှမ်းမှာ ကြွတာရယ်၊ လှမ်းတာရယ်၊ ချတာရယ်၊ သုံးချက်တွေ့ရပါမယ်။ ကြွလိုက်တဲ့အခိုက်အတန့်လေးမှာ ဘာဖြစ်နေလဲ၊ ဘယ်လိုသဘောတရားတွေပေါ်လဲဆိုတာ ကြည့်ရပါမယ်။

ကြွနေတဲ့အခိုက်အတန့် ခြေထောက်အောက်ပိုင်းမှာ ဘယ်လိုသဘောတရားတွေ ပေါ်နေတယ်။ ဖြစ်နေတယ်လို့ ကြည့်လိုက်ပါ။ ကြွနေတော့ ခြေထောက်ကြီးကြွသွားအောင်၊ မြင့်သွားအောင်၊ အနည်းဆုံး လေးလက်မ၊

www.dhammadownload.com

ခြောက်လက်မလောက် မြင့်သွားအောင် မြှောက်တင်ရတော့ လေးပါတယ်။ လေးတဲ့သဘောတရားဟာ ရုပ်သဘောတရားပါ။

ကြွတင်လိုက်တဲ့ချိန်ခါမှာ တကောက်ကွေး ကွေးသွားပါတယ်။ အဲဒီတော့ ဒူးဆစ်ရဲ့အနောက်ဘက် တကောက်ကွေးမှာရှိနေတဲ့ အကြောတွေက ခေါက်သွားတယ်။ အပြင်ဘက်က အကြောတွေက တင်းသွားပါတယ်။ အဲဒီခဏလေးမှာ ဖြစ်လာတဲ့သဘောတရားကိုကြည့်ပါ။ တင်းသွားတဲ့သဘော၊ လျော့သွားတဲ့သဘောတွေ တွေ့ရပါလိမ့်မယ်။ တင်းတဲ့နေရာက တင်း၊ လျော့တဲ့နေရာက လျော့ပါတယ်။ တင်းတယ်၊ လျော့တယ်ဆိုတဲ့ သဘောတရားဟာ ရုပ်တရားပါ။

လှမ်းလိုက်တဲ့အချိန်ခါမှာလည်း ခြေထောက်ကဆန့်သွားပါတယ်။ အဲဒီအချိန်ခါမှာလည်း အသားစုအသားစိုင်တွေက လက်ရှိနေရာကနေပြီး ရှေ့တိုးသွားတယ်ဆိုတော့ တွန်းပို့လိုက်တဲ့သဘော၊ တွန်းကန်လိုက်ရတဲ့သဘော၊ လှုပ်သွား၊ ရွေ့သွားတဲ့ သဘောတွေပေါ်လာပါတယ်။ တွန်းတာက ဘာသဘောလဲဆိုရင် ရုပ်သဘောပါ။ လှုပ်တာ၊ ရွေ့တာ အနည်းဆုံးတစ်မျိုးတစ်မည်လေးတော့ ဖြစ်မှာပါ။ တစ်ခုခုတော့ ပေါ်မှာပါ။ ပေါ်လာတဲ့သဘောတရားကို အာရုံပြုပြီး ရုပ်တရားလို့ရှုမှတ်ပါ။

တစ်ခု သတိထားရမှာက ဒူးခေါင်းဆိုတဲ့ ပုံပန်းသဏ္ဌာန်ကြီးလည်း မပါစေပါနဲ့။ ခြေသလုံး၊ ခြေဖဝါး၊ ခြေချောင်းဆိုတဲ့ အမှတ်သညာတွေလည်း မထားပါနဲ့။ ဘာကိုကြည့်နေရမှာလဲဆိုရင် ပုံသဏ္ဌာန်မပါတဲ့ သဘောတရားလေးကိုကြည့်နေလိုက်ပါ။ ကြွခိုက်မှာပေါ်တဲ့သဘောတရား၊ လှမ်းနေတဲ့အခိုက်မှာ ပေါ်တဲ့သဘောတရား၊ ချလိုက်တဲ့အခိုက်မှာ ပေါ်တဲ့သဘောတရားတွေဟာ ရုပ်တရားတွေပါ။

ကြွနေတဲ့အခိုက်အတန့်မှာ ဖြစ်ပေါ်နေတဲ့သဘောတရားတွေကို သိရပါမယ်။ လှမ်းရင်လှမ်းတယ်၊ လှုပ်ရင်လှုပ်တယ်၊ ရွေ့ရင်ရွေ့တယ်၊ လေးရင် လေးတယ်၊ ပေါ့ရင်ပေါ့တယ်လို့ သိတာဟာ နာမ်တရားပါ။

www.dhammadownload.com

လှမ်းနေတဲ့အချိန်အခါမှာ တရွေ့ရွေ့နဲ့ ရှေ့ကိုတွန်းနေတယ်။ ရွေ့နေတယ်လို့သိနေမယ်။ သိနေတာက နာမ်တရားပါ။ ချလိုက်တဲ့ချိန်ခါမှာလည်း ခန္ဓာကိုယ်အောက်ပိုင်းမှာ ဆန့်သွားမယ်။ အလေးချိန်တွေ လွှတ်ချလိုက်တယ်။ လွတ်သွားတဲ့ သဘောပေါ်လာပါတယ်။ တောင့်တင်းထားရာကနေ လွှတ်ချလိုက်တော့၊ လျော့ချလိုက်တော့ပေါ့သွားတဲ့သဘောလျော့သွားတဲ့သဘောပေါ်လာပါတယ်။ ဒီသဘောတရားတွေက ရုပ်တရားတွေပါ။ သိနေတာက နာမ်တရားပါ။ ကြွတဲ့အခိုက်၊ လှမ်းတဲ့အခိုက်၊ ချတဲ့အခိုက်မှာ ဖြစ်နေတာသည့် ရုပ်တရားဖြစ်နေတာတွေကို သိနေတာက နာမ်တရားပါ။

စကြံသွားတဲ့အခါမှာ ဒီအတိုင်းရှုမှတ်ပါ။ ခြေလှမ်းတစ်လှမ်း လှမ်း လိုက်ပြီး အမှတ်မဲ့ ဒီအတိုင်းမလှမ်းပါနဲ့။ သတိနဲ့ လှမ်းပါ။ ကြွတဲ့အချိန်၊ လှမ်းတဲ့အချိန်၊ ချတဲ့အချိန် အမှတ်သညာလေးနဲ့ ရှုမှတ်ပါ။ ခြေတစ်လှမ်းမှာ အဆင်ပြေသလိုရှုမှတ်ပြီး သွားလိုရာကိုသွားပါ။ နောက်တစ်ခါ တစ်လှမ်းသွားပြန်ရင် လှမ်းမယ်၊ ကြွမယ်၊ ချမယ်၊ လှမ်းမယ်။ ကြွခိုက်လှမ်းခိုက်မှာ ဖြစ်ပေါ်နေတဲ့ သဘောတရားတွေကို အဆက်မပြတ် ရှုမှတ်သွားပါ။ ဒီအတိုင်း ရှုမှတ်သွားမယ်ဆိုလို့ရှိရင် စကြံလျှောက်နေတဲ့အချိန်ခါမှာလည်း ဝိပဿနာတရားတွေ ဖြစ်နေပါတယ်။

ထိုင်ပြီးနေတာမှ တရားကျင့်တာ မဟုတ်ပါဘူး။ သွားရင်း၊ နေရင်းလည်း တရားကျင့်ရင်လည်း ရပါတယ်။ တချို့က "တရားထိုင်တယ်၊ တရားထိုင်တယ်" ဆိုတော့ ထိုင်နေတုန်းပဲ ကျင့်ကြံရှုမှတ်ရတယ်လို့ ထင်တတ်ကြပါတယ်။

ရပ်နေတဲ့အချိန်တို့၊ လျောင်းနေတဲ့အချိန်တို့၊ စကြံသွားနေတဲ့အချိန်တို့မှာ မရှုမှတ်တော့ပါဘူး။ ဒီလိုမဟုတ်ပါဘူး။ ထိုင်နေတုန်းလည်း ရှုမှတ်ရမယ်။ စကြံသွားတဲ့အခိုက်မှာလည်း ရှုမှတ်ရပါမယ်။ ခုလောက်ဆိုရင် စကြံလျှောက်တဲ့အခါမှာ ကျင့်ပုံကျင့်နည်း၊ ရှုမှတ်ပုံရှုမှတ်နည်း သိသွားပါပြီ။

www.dhammadownload.com

သွား၊ ရပ်၊ ထိုင်၊ လျောင်း

ကြာရိယာပုတ်လေးပါးလျောင်း၊ထိုင်၊ရပ်၊သွားအနေအထားလေးမျိုး ရှိပါတယ်။ သွားတာရယ်၊ ရပ်တာရယ်၊ ထိုင်တာရယ်၊ လျောင်းတာရယ်။ ဘယ်သူမဆို သွားတဲ့အချိန်မှာ သွားမယ်၊ ရပ်တဲ့အချိန်မှာ ရပ်မယ်၊ ထိုင်တဲ့ အချိန်မှာ ထိုင်မယ်၊ လျောင်းတဲ့အချိန်မှာ လျောင်းမယ်။ တစ်နေ့တစ်နေ့ ဒီအမူအရာဒီကြာရိယာပုတ်လေးမျိုးနဲ့ပဲ နေကြပါတယ်။ နေပုံနေနည်းခန္ဓာကိုယ် အနေအထားလေးမျိုးပဲ ရှိပါတယ်။

တစ်နေရာကနေ တစ်နေရာသွားနေတယ်။ ဒါမှမဟုတ်ရင် မတ်မတ် ရပ်နေတယ်။ ဒါမှမဟုတ်ရင် ထိုင်နေမယ်။ ဒါမှမဟုတ်ရင် လဲလျောင်းနေ မယ်။ တစ်သက်လုံးမှာ ကြာရိယာပုတ်လေးပါးနဲ့ အသက်ရှင်နေကြပါတယ်။ ဘယ်သူမဆို ကြာရိယာပုတ်တစ်ခုတည်း၊ တစ်မျိုးတည်းနဲ့ မနေနိုင်ကြပါဘူး။ နေလို့လည်း မရပါဘူး။ တစ်နေ့လုံးလုံး၊ ၂၄ နာရီလုံးလုံး ထိုင်ပြီးတော့ပဲ နေ နိုင်ရင် ထိုင်တဲ့ကြာရိယာပုတ်နဲ့ပဲ ရှုမှတ်နိုင်ပါတယ်။ တစ်နေ့လုံး၊ တစ်ညလုံး ထိုင်ပြီးတော့ မနေနိုင်တဲ့အတွက်ကြောင့် တစ်နေရာကနေ တစ်နေရာကို သွား

www.dhammadownload.com

ရဦးမယ်။ သွားတဲ့အချိန်မှာ စကြီသွားတဲ့အချိန်အခါမှာ ရှုမှတ်ဖို့လိုပါတယ်။ သွားတဲ့ချိန်ခါမှာလည်း ရှုမှတ်နေရပါမယ်။

ဒီလိုချည်းပဲ ထိုင်လိုက်၊ သွားလိုက်နဲ့ချည်းပဲ မနေနိုင်ပါဘူး။ ရပ်တဲ့အခါမှာလည်း ရပ်ရဦးမယ်။ ရပ်တဲ့အချိန်လည်း အလွတ်မနေပါနဲ့။ ရပ်တဲ့အချိန်အခါမှာလည်း ရှုမှတ်နေရမယ်။ ခြေစုံ မတ်တပ်ရပ်ပြီးတော့ ခြေဖဝါးနဲ့ကြမ်းပြင်တွေနဲ့ထိနေမယ်။ ဒါမှမဟုတ်လို့ရှိရင် ဒီမှာခင်းထားတဲ့အခင်းတွေ နဲ့ခြေထောက်နဲ့ ထိနေပါမယ်။ ထိနေတာက ရုပ်၊ ထိမှန်းသိတာက နာမ်ပါ။

ထိလိုက်တော့ ကြမ်းလိုက်တာ။ ကြမ်းကြမ်းတမ်းတမ်းကြီး နင်းမိထိမိတဲ့အချိန်ခါမှာ ကြမ်းတဲ့သဘောတရား ပေါ်လာမယ်။ ကြမ်းတာက ရုပ်၊ ကြမ်းမှန်းသိတာက နာမ်တရားပါ။ အောက်က အခင်းလေးက နူးနူးညံ့ညံ့လေး၊ သိမ်သိမ်မွေ့မွေ့လေး၊ ပျော့ပျော့ပျောင်းပျောင်းလေး ခင်းထားတယ်။ နင်းလိုက်တဲ့အချိန်ခါမှာ နူးညံ့ပျော့ပျောင်းတာတွေ့မယ်။ နူးညံ့ပျော့ပျောင်းနေတာက ရုပ်တရားပါ။ နူးညံ့နေပါလားလို့သိနေတာကနာမ်တရားပါ။ ရပ်နေတုန်းဆိုတော့ ဒီခန္ဓာကိုယ်အလေးချိန်က ခြေထောက်ပေါ်မှာပဲ မှီခိုတည်နေရပါတယ်။ တစ်ကိုယ်လုံးရဲ့အလေးချိန်ဟာ ခြေထောက်မှာ စုနေပါတယ်။

အပေါ်ကနေပြီးတော့ ဖိထားတော့ လေးတဲ့သဘော ပေါ်လာပါတယ်။ လေးတဲ့သဘောက ရုပ်၊ လေးမှန်းသိတာက နာမ်ပါ။ မတ်မတ်ရပ်နေတဲ့အချိန်ခါမှာ ခန္ဓာကိုယ် ရှေ့၊ နောက်၊ တောင်၊ မြောက် ယိမ်းယိုင်ပြီးတော့ မသွားအောင် ထိန်းထားရတာရှိပါတယ်။ ဝါးလုံးတစ်လုံးတည်း ထောင်ထားလို့မရပါဘူး။ ဘေးကနေပြီးတော့ ဆိုင်းထား၊ ထိန်းထားရပါတယ်။

အဲဒီလိုပဲ ခြေထောက်နှစ်ချောင်းနဲ့ရပ်နေတယ်ဆိုပေမဲ့အကြောတွေက အလုပ်လုပ်နေရတယ်။ အကြောတွေက ထိန်းနေရပါတယ်။ ထိန်းရတဲ့သဘောတရားတွေကို သိနေတယ်။ သတိထားကြည့်လိုက်လို့ ဒီခန္ဓာကိုယ်မှာ ထိန်းထားတဲ့သဘော၊ တင်းတောင့်နေတဲ့ သဘောကို တွေ့ရပါတယ်။

www.dhammadownload.com

တချို့အကြောတွေက တင်းနေမယ်။ တချို့အကြောတွေက လျော့နေမယ်။ ယိုင်လဲမသွားအောင်၊ ပြုလဲမသွားအောင် ကျားကန်ပေးထားတဲ့သဘော ရှိနေပါတယ်။ အဲဒီသဘောတရားတွေက ရုပ်တရား၊ သီနေတာက နာမ်တရားပါ။ ဒါက ရပ်နေတဲ့အချိန်ခါမှာ သတိထားပြီးတော့ ရှုမှတ်ပုံ၊ ရှုမှတ် နည်းပါ။

သွား၊ ရပ်၊ ထိုင်၊ လျောင်းဆိုတော့ လျောင်းတဲ့အချိန်လည်း ရှိပါတယ်။ ဘယ်အချိန်လျောင်းလဲ။ အိပ်တဲ့အချိန် တရားဖြုတ်ပြီးတော့ အိပ်ချိန်ရောက်တဲ့အခါမှာ ကိုယ့်အိပ်ရာထဲ ကိုယ်ဝင်၊ ပက်လက်ကလေး၊ တစောင်းကလေး အိပ်ရာထဲမှာ လဲလျောင်းပြီးတော့နေတယ်။ အဲဒီချိန်ခါမှာ ခေါင်းအုံးနဲ့ခေါင်းနဲ့ထိမယ်။ ထိတာက ရုပ်၊ သိနေတာက နာမ်ပါ။ ခေါင်းအုံးနဲ့ခေါင်းနဲ့ ထိနေတဲ့နေရာမှာ တဒိတ်ဒိတ်နဲ့ တုန်နေ၊ ခုန်နေ၊ လှုပ်နေပါမယ်။ တဒိတ်ဒိတ်နဲ့တုန်၊ ခုန်၊ လှုပ်နေတာက ရုပ်ပါ။ သိနေတာက နာမ်ပါ။

အဲဒီလိုမှမဟုတ်ရင်လည်း လျောင်းနေတဲ့ချိန်ခါလေးမှာ ပက်လက်လေးလှန်ပြီးတော့ အသက်ရှူတာလေး ပြန်အာရုံပြုလို့ရပါတယ်။ နာသီးဖျားလေးမှာ သတိကပ်ကာ အသက်ရှူတိုင်းပေါ်လာတဲ့ တုန်၊ ခုန်၊ လှုပ်၊ ရွေ့တဲ့သဘောတရားက ရုပ်ပါ။ တွန်းကန်လှုပ်ရှားနေတဲ့သဘောက ရုပ်ပါ။ သိနေတာက နာမ်ပါ။

သွား၊ ရပ်၊ ထိုင်၊ လျောင်း ကြာရီယာပုတ်လေးပါး၊ ကိုယ်အနေအထားတွေ ပြောင်းပြင်ပေမဲ့လို့ ရုပ်၊ နာမ်အာရုံ ပြောင်းမသွားရပါဘူး။ ရုပ်အာရုံ၊ ဒါမှမဟုတ် နာမ်အာရုံရှိနေရပါမယ်။ ရှုမှတ်နေရပါမယ်။

www.dhammadownload.com

ပြု၊ ပြော၊ ကြံရာ ချိန်တိုင်းမှာ

ကာယကံအမှု ကိုယ်နဲ့ပြုမယ်။ ဝစီကံနှုတ်ကပြောမယ်။ မနောကံ စိတ်ကကြံလိမ့်မယ်။ ကာယကံ၊ ဝစီကံ၊ မနောကံ၊ ပြုပြောကြံတဲ့ အချိန်တိုင်းမှာ ရှင်၊ နာမ်၊ အာရုံ ရှုပွားနေရပါမယ်။

ကိုယ်နဲ့ပြုတယ်ဆိုတော့ ခန္ဓာကိုယ်ရဲ့ကိုယ်အင်္ဂါအစိတ်အပိုင်းဖြစ်တဲ့ လက်နဲ့ကိုင်တယ်။ အရာဝတ္ထုတစ်ခုခုကို ကိုင်ပါတယ်။ ရေချိုးမယ်ဆိုရင် ရေခွက်ကိုကိုင်တယ်။ ထမင်းစားတဲ့အခါမှာ ထမင်းလုတ်ကိုဆုပ်ကိုင်တယ်။ ဖွန်းကိုကိုင်တယ်။ ကိုင်နေတာ၊ ယူနေတာ၊ လှုပ်ရှားနေတာ၊ ကိုယ်နဲ့ထိနေတာ သည် ကာယကံပါ။

နှုတ်ကနေပြီးတော့ စကားတွေပြောဆိုနေမယ်။ ရွတ်ဖတ်နေမယ်၊ ကျက်မှတ်နေမယ်။ ဒါက နှုတ်ကပြောတဲ့ ဝစီကံပါ။ စိတ်ကကောင်းတာ မကောင်းတာ တွေးနေ၊ ကြံနေတာက မနောကံပါ။ ကာယကံ၊ ဝစီကံ၊ မနောကံသုံးပါးလုံးကို ဘယ်အခါမှ လွှတ်မထားရပါဘူး။

ဆုပြည့်စုံထွန်းစာပေ

www.dhammadownload.com

ကာယကံကိုပြုနေတဲ့အခါမှာလည်းပဲ ထင်ရှားတဲ့ ရုပ်၊ နာမ်ကို ကြည့်ဖို့ လိုပါတယ်။ ကာယကံကိုပြုနေတဲ့အချိန်ခါမှာ ရုပ်တရား ဘယ်နေရာက ထင်ရှားလဲ။ နာမ်တရားက ဘာထင်ရှားလဲကြည့်ရမယ်။ ရှုမှတ်ရမယ်။ ဝစီကံ နှုတ်ကပြောဆိုနေတဲ့အချိန်ခါ၊ ရွတ်ဆိုကျက်မှတ်နေတဲ့ အချိန်အခါမှာ ပေါ်ထွက်လာတဲ့အသံတွေ နားကကြားရပါမယ်။ ကြားတဲ့အသံဟာ ရုပ်တရားပါ။ အသံဟာ နားဆီကိုရောက်လာမှ နားနဲ့ထိခိုက်မှ ကြားပါတယ်။ နားထဲအသံတွေဝင်မလာရင် မကြားရပါဘူး။ အဲဒါကြောင့် အသံဟာ ဒီဓန္ဓာကိုယ်နဲ့ ဆက်စပ်နေပါတယ်။ ဒီဓန္ဓာကိုယ်ကို အကြောင်းပြုပြီးမှ ဖြစ်ပါတယ်။

စကားသံတွေ ထွက်ပေါ်တဲ့နေရာကို ကြည့်လိုက်ရင်လည်းပဲ နှုတ်ခမ်းဖျားကနေ ထွက်လာတယ်။ အသံဖြစ်ပေါ်တဲ့နေရာဟာ ဓန္ဓာကိုယ်ပါ။ အသံတွေနဲ့ ထိခိုက်ပြီး ကြားနေရတဲ့နားဆိုတာကလည်း ဒီဓန္ဓာကိုယ်ပါ။ ဒါကြောင့် အသံဟာ ကိုယ်နဲ့ဆက်စပ်နေတဲ့ ရုပ်တရားပါ။ ဝစီကံအနေနဲ့ စကားတွေပြောကြ၊ စကားသံတွေကြားကြတဲ့အချိန်အခါတွေမှာလည်း ပေါ်လွင်ထင်ရှားနေတဲ့ ရုပ်၊ နာမ်တွေကို ရှုမှတ်နေရပါမယ်။

မနောကံ စိတ်ကကြံစည်နေလိမ့်မယ်။ အကြောင်းအရာတစ်ခုခုနဲ့ ဆက်နွယ်ပြီး စိတ်ထဲကကြံစည်နေတယ်။ စဉ်းစားတွေးတော အောက်မေ့နေတယ်။ အာရုံတစ်ခုခုကို အာရုံပြုနေပါတယ်။ မနောကံ စိတ်အမူအရာတွေဖြစ်ပေါ်နေတဲ့အချိန်ခါမှာလည်း နာမ်လို့ရှုမှတ်နေရပါမယ်။

ရှုမှတ်ရမယ့်ရှုကွက်က ရုပ်နာမ်နှစ်မျိုးတည်းပါ။ ကာယကံအမူမှာ ကိုယ်နဲ့ပြုနေတာက ရုပ်၊ သိနေတာက နာမ်ပါ။ ဝစီကံအမူမှာ အသံဆိုတာ ရုပ်ပါ။ ကိုယ့်ဝန်းကျင်မှာ ပေါ်ထွက်နေတယ်။ ကြားနေရတယ်။ စကားသံတို့၊ လေတိုက်သံတို့၊ မိုးရွာသံတို့။ ဒီအသံတွေကို ဒါက ရယ်သံ၊ ဒါက ဆူညံသံလို့ သိတာဆိုတာ နာမ်ပါ။

မနောကံ စိတ်အကြံအစည်မှာဆိုရင်ဖြင့် တစ်မျိုးသာလာလိမ့်မယ်။ နာမ်တရားပါ။ အချိန်တိုင်းအချိန်တိုင်း၊ နေရာတိုင်းနေရာတိုင်းမှာ ဝစီကံ၊ မနော

www.dhammadownload.com

ကံ လွတ်တဲ့အချိန်ဆိုတာ မရှိပါဘူး။

စွဲစွဲမြဲမြဲ ရှုမှတ်မယ်ဆိုလို့ရှိရင် ရှုမှတ်ရမယ့် အချိန်ချည်းပါပဲ။ ကျင့်မယ်ဆိုရင် ကျင့်ရမယ့်အချိန်ချည်းပါပဲ။ ဘယ်အချိန်မှာပဲ ရှုမှတ်ရှုမှတ်၊ အချိန်မရွေး ရှုမှတ်လို့ရပါတယ်။ ဘယ်နေရာမှာ ရှုမှတ်ရှုမှတ်၊ ရှုမှတ်လို့ရပါတယ်။ တရားစခန်းမှာမှ ကျင့်နိုင်တာမဟုတ်ပါဘူး။ အိမ်မှာလည်း ကျင့်လို့ရပါတယ်။ စေးသွားရင်း၊ ကျောင်းသွားရင်းလည်း ကျင့်နိုင်ပါတယ်။ စေးရောင်းရင်း၊ စေးဝယ်ရင်းလည်း တရားကျင့်လို့ ရပါတယ်။ အချိန်မရွေး၊ နေရာမရွေး ရှုမှတ်လို့ရပါတယ်။ သတိလေးသာထားလိုက်ပါ။ အချိန်မရွေး၊ နေရာမရွေးမှာ တရားကျင့်လို့ရပါတယ်။

www.dhammadownload.com

ခန္ဓာရှိတာ ကြည့်နေပါ

ခန္ဓာထဲမှာဖြစ်နေတဲ့ သဘောတရားကိုကြည့်ပါ။ ခန္ဓာထဲမှာ ရှိနေတာသည် ရုပ်နဲ့နာမ်ပါ။ ရုပ်နဲ့နာမ်ကို ကြည့်နေရမယ်။ အလွတ်မနေရပါဘူး။ ကိုယ်ဖြစ်စေ၊ စိတ်ဖြစ်စေ၊ ရုပ်တရားဖြစ်စေ၊ နာမ်တရားဖြစ်စေ သတိထားကာ ကြည့်နေရပါမယ်။ ရှုဉာဏ်နဲ့ ကြည့်နေရမယ်။ သတိနဲ့ကြည့်ရပါမယ်။ ဉာဏ်နဲ့ကြည့်ရပါမယ်။ဉာဏ်နဲ့ကြည့်ဆိုတာ ဘယ်ဟာကရုပ်၊ဘယ်ဟာကနာမ်လို့လဲခွဲခြားပြီးတော့ သိအောင်ကြည့်နေတဲ့ အသိဉာဏ်ပါ။ ဒါရုပ်ပဲ၊ ဒါနာမ်ပဲလို့ သိနေတဲ့ အသိဉာဏ်ပါ။ အဲဒီလို ဉာဏ်က သိအောင် မြင်အောင် ပြေးတာက သတိပါ။

မှောင်နေတဲ့နေရာမှာ အမှောင်ထုထဲမှာ ဒီအတိုင်းကြည့်လို့ ဘယ်အရာဝတ္ထုရှိတယ်ဆိုတာ မမြင်ရဘူး။ မတွေ့ရဘူး။ လက်နှိပ်ဓာတ်မီးလေးများထိုးပြီးတော့ ကြည့်ရင်မြင်ရပါတယ်။ ဒီသဘောအတိုင်းပါပဲ။ သတိက မီးမောင်းထိုးပြတယ်။ ကြည့်စရာက ဒါပဲလို့ သတိကညွှန်ပြပါတယ်။

ဆုပြည့်စုံထွန်းစာပေ

www.dhammadownload.com

သတိကပြလိုက်တဲ့အခါမှာ အမှောင်ထဲကအရာဝတ္ထုကို ရှင်းရှင်းလင်းလင်းတွေ့သွားသလို ရှုမှတ်ရမယ့်သဘောတရားတွေကို တွေ့မြင်လာပါလိမ့်မယ်။ ရုပ်နာမ်လို့သိနေတာက အသိဉာဏ်ပါ။ ကျင့်ကြံရှုမှတ်လိုက်ပါမှ ဉာဏ်ပေါ်လာပါတယ်။ သတိမရှိဘဲအမှတ်တမဲ့ဒီအတိုင်းနေလို့ရှိရင်အဲဒီဉာဏ် မျိုး မပေါ်ပါဘူး။

ဉာဏ်ဘယ်အချိန် ပေါ်လာသလဲ။ သတိထားကာကြည့်လိုက်တဲ့အချိန်ဆိုရင် ပေါ်လာတယ်။ အရှုခံရုပ်နာမ်ကိုကြည့်နေရင် ပေါ်လာမယ်။ ခန္ဓာရှိတာကို ကြည့်နေလိုက်ပါ။ ဉာဏ်ပေါ်လာပါမယ်။ မရှိတာကို လိုက်မရှာပါနဲ့။ ခန္ဓာထဲမှာရှိတာကိုသာ ကြည့်နေပါ။

တရားအားထုတ်တယ်ဆိုတာ ရှိတာကြည့်နေတာပါ။ ကိုယ့်ရှိတဲ့သဘောတရားတွေကို သတိလေးနဲ့ကြည့်နေတာပါ။ ရုပ်တရားထင်ရှားရင် ရုပ်လို့ရှုမှတ်နေမယ်။ နာမ်တရားထင်ရှားရင် နာမ်လို့ရှုမှတ်နေမယ်ဆိုရင်ဉာဏ်တွေ ပေါ်လာလိမ့်မယ်။ ဝိပဿနာဉာဏ်တွေ ပေါ်ထွက်လာပါလိမ့်မယ်။

ဝိပဿနာဉာဏ်တွေ အဆင့်ဆင့်ပေါ်ပြီဆိုရင် ပေါ်လာတဲ့ဝိပဿနာဉာဏ်တွေ အခြေခံကာ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် ထပ်ဆင့်ပေါ်လာပါလိမ့်မယ်။

www.dhammadownload.com

သိဉာဏ်ပေါ်မှ မဂ်ဖိုလ်ရ

ခန္ဓာကြီးကို ကြည့်နေတဲ့အခါမှာ အသိဉာဏ်ပေါ်လာပါတယ်။ ဒီခန္ဓာကိုယ်ကို သတိထားစောင့်ကြည့်နေတဲ့ အရှုဉာဏ်နဲ့ ကြည့်ပါများ၊ ရှုပါများတဲ့အခါကျမှ ခန္ဓာရဲ့သဘောတရားကို နားလည်လာပါမယ်။

ရုပ်သဘောတွေကို နားလည်လာတယ်။ နာမ်သဘောတွေကို နားလည်လာတယ်။ ကိုယ်ကိုယ်တိုင် သဘောပေါက်နားလည်တဲ့ အသိဉာဏ်ရဲ့အောင် အရှုဉာဏ်နဲ့ရင်းမှ ရပါမယ်။

အရှုဉာဏ်မပါဘဲနဲ့ အသိဉာဏ်မပေါ်ပါဘူး။ အသိဉာဏ်မပေါ်ဘဲနဲ့ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်လည်း ဘယ်လိုမှမရနိုင်ပါဘူး။ ဒါကြောင့် နိဗ္ဗာန်ရဖို့၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ရဖို့ အရေးကြီးတာသည် အရှုဉာဏ်ပါ။

အရှုဉာဏ်ကလည်းပဲ အရှုခံမှန်မှရပါမယ်။ အရှုခံဟာ ရုပ်၊ နာမ်ဖြစ်ကိုဖြစ်နေရပါမယ်။ အရှုခံ ရုပ်၊ နာမ်ကို မပြတ်ကြည့်နေရမယ်။ ကြည့်ဆိုတော့ ဟိုဟိုဒီဒီလိုက်ပြီးတော့ ကြည့်နေတာမျိုးမဟုတ်ပါဘူး။ မျက်လုံးဖွင့်ပြီးတော့

www.dhammadownload.com

ဟိုင်းဒီင်းနေတာမျိုး၊ ဟိုလူငိုက်လား၊ ဒီလူငိုက်လားကြည့်နေတာမျိုး၊ ဒီလို ကြည့်တာမျိုး မဟုတ်ပါဘူး။

ကြည့်တယ်ဆိုတာ ဉာဏ်နဲ့ကြည့်တာပါ။ ဉာဏ်မျက်လုံးနဲ့ ကြည့်တာပါ။ ပကတိမျက်စိ၊ ပကတိမျက်လုံးမှိတ်ထားပါ။ ဘယ်သူတွေ ဘာလုပ်နေလဲ၊ ဘယ်သူတွေ ဘာဖြစ်နေလဲ။ လိုက်မကြည့်နဲ့။ ခန္ဓာကို ဉာဏ်နဲ့ကြည့်ပါ။ ခန္ဓာအရှိကို ဉာဏ်နဲ့ကြည့်နေပါ။

ဉာဏ်နဲ့ကြည့်တဲ့အခါမှာ ပေါ်လာတဲ့အသိဉာဏ်သည် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ကို ဖန်တီးပေးပါမယ်။ နိဗ္ဗာန်ကို ရယူပေးပါမယ်။ လိုချင်တဲ့တရားတွေရအောင် လုပ်ပေးပါလိမ့်မယ်။ ဒီလောက်ဆိုရင် ဘယ်လိုကျင့်ကြံအားထုတ်ရမလဲဆိုတဲ့ မေးခွန်းပြေလည်လောက်ပါပြီ။

တရားအားထုတ်တဲ့ချိန်ခါမှာ အဓိကလိုရင်းအချက်က ကိုယ့်ရဲ့ခန္ဓာမှာ သတိထားပါ။ ရုပ်၊ နာမ်ကို တွေ့မြင်အောင် ရှုမှတ်ပွားများပါ။ ပေါ်လာတဲ့ ရုပ်၊ နာမ်၊ ထင်ရှားလာတဲ့ ရုပ်၊ နာမ်ကို မပျင်းမရိကြိုးစားပြီး အထပ်ထပ်အခါခါ ရှုမှတ်နေပါလို့ တိုက်တွန်းချင်ပါတယ်။

ကိုယ်မှာထင်ရှားရင် ရုပ်တရား၊ စိတ်မှာထင်ရှားနေရင် နာမ်တရားလို့ အရှုခံထားရမယ့် တရားနှစ်မျိုးကို မပြတ်မလတ် တရစပ် ဆက်ခါဆက်ခါနဲ့ ဖြစ်နေအောင် ရှုမှတ်နေမယ်ဆိုရင် အသိဉာဏ်တွေ ပေါ်လာပါမယ်။ နိဗ္ဗာန်တိုင်အောင် ခရီးပေါက်ပါလိမ့်မယ်။ နိဗ္ဗာန်တိုင်အောင် ခရီးပေါက်အောင် ကျင့်ကြံပွားများ အားထုတ်နိုင်ကြပါစေ။

www.dhammadownload.com

ဓမ္မဒူတ ဒေါက်တာအရှင်ပညိဿရာဘိဝံသ၏
ဓမ္မစာပေပြန့်ပွားရေး ထာဝရငွေပဒေသာပင်
ဓမ္မဒါန အလှူရှင်များ

ကျပ် ဆယ့်ငါးသိန်းနှင့် အထက်အလှူရှင်

၁။ (ဦးကံစိန်) ဒေါ်သိန်းနှင့် သမီး မနုရီစိန်၊ သား ကိုနိုင်အောင်၊
သိန်းမင်းသက်နီးတိုက်၊ ကျုံပျော်မြို့။

၂။ ဦးထွန်းကြိုင် + ဒေါ်ကျင်မိသားစု၊ ၁၃၄၊ မင်းလမ်း၊ မုဒုံမြို့။

ကျပ် ဆယ့်တစ်သိန်းနှင့် အထက်အလှူရှင်

၁။ (ဒေါ်ခင်နှင်းရီ)အား ရည်စူး၍ဦးသန်းလွင်၊ သမီးမခင်ခင်စု၊
နှင်းစာပေရတနာ၊ ရန်ကုန်မြို့။

ကျပ်ဆယ်သိန်းအလှူရှင်

၁။ နှစ်ဖက်သောမိဘများအားအမှူးထား၍
ဦးမြင့်ထွန်း + ဒေါ်ခင်မာရွှေ၊ သမီးဆုပြည့်စုံထွန်းမိသားစု၊
ဆုပြည့်စုံထွန်းစာပေ၊ ရန်ကုန်မြို့။

၂။ ဦးအောင်ဇော် + ဒေါ်သန်းစိန်မိသားစု၊ အမှတ် (၂၆၆)၊ (၃၃) လမ်း၊ ပဲခူးမြို့။

ကျပ် ရှစ်သိန်းနှင့်အထက် အလှူရှင်

၁။ ဒေါ်ခင်နုနှင့် ဦးမြညွှန့် + ဒေါ်ခင်မော်မိသားစု၊ သိန်းတစ်ရာ - ဆီစက်နှင့်ပွဲရုံ၊ ရေနီမြို့။

ကျပ် ခုနစ်သိန်းနှင့်အထက် အလှူရှင်များ

၁။ ဦးငွေအောင် + ဒေါ်ခင်သီတာ၊ သမီးအေးငွေအောင်၊ သားအောင်ငွေဟိန်း မိသားစု၊
ရန်ကုန်မြို့။

ကျပ် ခြောက်သိန်းနှင့်အထက် အလှူရှင်များ

၁။ ဦးဝင်းသန်း + ဒေါ်မြင့်မြင့်အုန်း၊ မင်းလမ်း၊ သထုံမြို့။

၂။ ဦးတင်အောင် + ဒေါ်ငြိမ်းငြိမ်း၊ မိုး - ချိုချဉ်မိသားစု၊ ညောင်လေးပင်မြို့။

၃။ မသင်းသင်းမြတ်၊ ကျိုက်ကော်။

၄။ ဒေါ်ကျင်နုမိသားစု၊ ဟိန်းထက်စတိုး၊ ဗိုလ်ချုပ်ဈေး၊ ရန်ကုန်မြို့။

www.dhammadownload.com

ကျပ် ငါးသိန်းနှင့်အထက်အလှူရှင်များ

၁။ (ဦးကျော်ဝင်း) ဒေါ်မော်မော်ဦးမိသားစု၊ အမှတ် (၈၄)၊ လသာလမ်း၊ ရန်ကုန်မြို့။

၂။ ဦးတင့်လွင် + ဒေါ်လှိုင်းယဉ်မိသားစု၊ ဟင်္သာတမြို့။

၃။ ဦးတင်ဝင်း + ဒေါ်ညွန့်ညွန့်ခိုင်မိသားစု၊ ရွှေရတနာလမ်း၊ ရှစ်မိုင်၊ ရန်ကုန်မြို့။

၄။ ဦးသန်းလွင် + ဒေါ်ရီရီမြင့်မိသားစု၊ ဆစ်ဒနီမြို့၊ ဩစတြေးလျနိုင်ငံ။

၅။ ခမည်းတော်ဦးကျော်လှိုင် + မယ်တော်ဒေါ်မြင့်ကြည်၊ ကြံတိုင်းမြင့်ရွှေဆိုင်၊ သထုံမြို့။

၆။ လှိုင် - ကမာရွတ်ဆရာ / ဆရာမများနှင့် စေတနာရှင်များ၊ ရန်ကုန်မြို့။

၇။ ဦးသိန်းဇော် + ဒေါ်ခင်လှ၊ သမီးမသွယ်သွယ်ထက်၊
သိန်းဇော်ဆန်ရောင်းဝယ်ရေး၊ ၈၆ လမ်း၊ မန္တလေးမြို့။

၈။ ဒေါ်ကင်း၊ ဒေါ်အေးအေး၊ ဒေါ်ထွေးထွေး၊ ဒေါ်ဘေဘီဝင်း၊ တပင်ရွှေထီလမ်း၊ တောင်ငူမြို့။

၉။ ဦးသိန်း + ဒေါ်ခင်အုံး၊ အမျာတ် ၁၀၇၊ ဝေဇယန္တာလမ်း၊
(၃) ရပ်ကွက်၊ တောင်ဥက္ကလာ၊ ရန်ကုန်မြို့။

ကျပ် ငါးသိန်း အလှူရှင်များ

၁။ (ဦးခင်မောင်လွင်) + ဒေါ်စန်းစန်းမြင့်မိသားစု၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

၂။ ဦးမင်းလွင် + ဒေါ်ခင်သန်းမြင့်၊ သမီးရည်ဝင်းထက် (ဆရာကြီးရွှေဆိုင်)၊ တောင်ငူနှင်းမြို့။

၃။ ဖခင် ဦးကြွက်နှင့် မိခင်ကြီး ဒေါ်ကျင်ယုံတို့အား ရည်စူး၍ သမီး မသီတာဝင်း၊
သောင်ကြီးကျေးရွာ၊ ကျုံပျော်မြို့။

ကျပ် သုံးသိန်းနှင့်အထက် အလှူရှင်များ

၁။ ဒေါက်တာအိမ်ဟိုး + ဒေါက်တာခင်သန်းကြွယ်၊ ဆစ်ဒနီမြို့၊ ဩစတြေးလျနိုင်ငံ။

၂။ ဦးအောင်ဖော် + ဒေါ်နန်းကျော့၊ ဆစ်ဒနီမြို့၊ ဩစတြေးလျနိုင်ငံ။

၃။ ဦးမြင့်သိန်း + ဒေါ်သန်းသန်းဝင်း၊ သမီးယုလဲ့မြင့်၊ သားဉာဏ်လင်းမြင့်၊
စပါယ်ရုံလမ်း၊ ရွာမ၊ အင်းစိန်။

၄။ မသန်းသန်းစိုး၊ မမြင့်မြင့်ဦး၊ သန်းစိုးစတိုး၊ ပတ္တမြားလမ်း၊ ကျိုက်ထိုမြို့။

၅။ ဦးသာထွန်း + ဒေါ်အုံးခင်၊ သမီးခိုင်ခိုင်ထွန်းဖြူ၊ လှိုင်လှိုင်ထွန်းဖြူ၊
ဗိုလ်ချုပ်လမ်း၊ ငါးသိုင်းချောင်းမြို့။

၆။ ပါမောက္ခဒေါက်တာရဲမြင့်ကျော် + ဒေါ်ခင်ရည်မွန် မိသားစု၊ စမ်းချောင်း၊ ရန်ကုန်မြို့။

၇။ ဦးအောင်မြင့်သိန်း + ဒေါ်ခင်မိုးရွှေ၊ သား မင်းသူဟိန်း၊ မော်ကန် (၈) လမ်း၊ ပဲခူးမြို့။

၈။ ဒေါက်တာဝါဝါ၊ သခ္ခါဌာန၊ ပုသိမ်တက္ကသိုလ်။

ကျပ် သုံးသိန်းအလှူရှင်များ

၁။ ဒေါ်အေးအေးဝင်း၊ ညီမ ဒေါ်သဲသဲ၊ တူ ကိုအောင်လှိုင် ကျုံပျော်မြို့။

www.dhammadownload.com

ကျပ် ၅စ်သိန်းနှင့်အထက် အလှူရှင်များ

၁။ ဒေါ်တင့်မာမိသားစု၊ ၃၃၊ ကုသိနာရုံလမ်း၊ ပုသိမ်မြို့

၂။ ဦးသန်းဦး + ဒေါ်စန်းစန်းမော်၊ သမီးမေသဲဦး၊ ဝင်းလဲ့လဲ့အောင်၊ ၂၁ လမ်း၊ ရန်ကုန်မြို့

၃။ ဒေါ်ခင်တိုးရီ၊ ဒေါ်ခင်နုရီ၊ လော့စ်အိန်ဂျယ်လိစ်၊ အမေရိကန်။

၄။ (ဦးခင်အောင်) ဒေါ်ပို့ပို့မိသားစု၊ ဗိုလ်ချုပ်လမ်း၊ ပုဇွန်တောင်၊ ရန်ကုန်မြို့

၅။ ကိုသန့်ဇင် + မဝင်းဝင်းဖြိုးမိသားစု၊ တော်ဝင်ထွန်းသစ်စက်နှင့် ရေသန့်၊ ရေနီမြို့

၆။ ဦးဘထက် + ဒေါ်အေးမြင့်မိသားစု၊ မြင့်ရတနာရွှေဆိုင်၊ အင်းစိန်ဈေးကြီး၊ ရန်ကုန်မြို့

၇။ (ဦးငွေသိန်း) ဒေါ်ခင်မေ၊ ရွှေဆိုင်၊ ကျိုက်ထိုမြို့

၈။ ဒုဝိုလ်မှူးကြီးငွေးလွင်(ငြိမ်း) + ဒေါ်အေးအေးမြင့်၊ ရွှေဟင်္သာစတိုး၊ စမ်းချောင်း၊ ရန်ကုန်မြို့

၉။ ဒေါ်ခင်ရီမွေးနေ့အလှူ၊ မြန်မာ့ဂုဏ်ရည်လမ်း၊ ကန်တော်လေး၊ ရန်ကုန်မြို့

၁၀။ ဦးဘုန်းမော်ရွှေ + ဒေါ်စန်းစန်းမြင့်၊ သမီး စုနှင်းရွှေမိသားစု၊ မကွေးမြို့

၁၁။ ဒေါ်အေးအေးမြင့်၊ ဒေါ်ခင်ခင်လေး၊ ကြည့်မြင်တိုင်၊ ရန်ကုန်မြို့

၁၂။ ဦးသောင်ဇင် + ဒေါ်တင်တင်နွဲ့၊ အမ ဒေါ်တင်တင်အေး၊
သုမင်္ဂလာအိမ်ရာ၊ သဃ်ိန်းကျွန်း၊ ရန်ကုန်မြို့

ကျပ် တစ်သိန်းနှင့်အထက် အလှူရှင်များ

၁။ ဦးကိုကို + ဒေါ်လေးငယ်နှင့် ကိုဇော်မင်း + မဇင်မာမိသားစု၊ တောင်ငူမြို့

၂။ ဦးဘသီး + ဒေါ်ခင်ခင်လှ၊ မြသပိတ်လမ်း၊ သထုံမြို့

၃။ ဦးမြတ်ထွန်း၊ မလေးရှား။

၄။ ဦးထွန်းထွန်းဦး + ဒေါ်သိန်းသိန်းငွေးမိသားစု
၁၀-အေ (၁) လမ်း၊ လှိုင်ရတနာမွန်အိမ်ရာ၊ ရန်ကုန်မြို့

၅။ ဦးကိုကို + ဒေါ်ခင်နွဲ့နွဲ့၊ ရွှေရတနာလမ်း (၈) မိုင်၊ ရန်ကုန်မြို့

၆။ ဦးဒယ်ရစ်တင်လေး၊ အမှတ် (၄၆၇)၊ ဗဟိုလမ်း၊ မြောက်ဥက္ကလာပ၊ ရန်ကုန်မြို့

၇။ ဦးမောင်စိန်၊ သမီး မမြင့်မြင့်အေး၊ အာရှမိတ္တူ၊ အမှတ် (၈၄)၊ လသာလမ်း၊ ရန်ကုန်မြို့

၈။ ဦးကျင်ဝေ့ + ဒေါ်ကျင်နု၊ သမီး ဒေါ်တူပို့၊ မြို့မ၊ တောင်စွန်း။

၉။ မောင်ထင်ကျော် + မမြရတနာဖြိုး၊ ရေနီမြို့

၁၀။ (ဒေါ်သန်း) ညီမ ဒေါ်သန်းညွှန့်၊ တူမ မအေးမြင့်၊ ပြသတိုက်ရွာ၊ တွံတေးမြို့နယ်။

၁၁။ ဦးမိုးနိုင် + ဒေါ်ပြံ့ပြံ့မိုးကျော်၊ သမီး အိမ့်ဖူးဖူး၊ ခတ္တာလမ်း၊ စမ်းချောင်း၊ ရန်ကုန်မြို့

၁၂။ ဒေါက်တာဦးစံကျော် + ဒေါ်ညိုညို၊ သမီးမမေဖြူစံကျော်၊
ပန်းသီးဆေးခန်း၊ အင်းစိန်လမ်းမကြီး၊ ရန်ကုန်မြို့

၁၃။ ဟိန်းထက်ပညာရေး၊ လှဉယျာဉ်၊ ဥက္ကံမြို့

၁၄။ မောင်ဟိန်းသန့်ဇော်၊ မောင်သူဟန်စိုး၊ သီရိရွှေစင်ရွှေဆိုင်၊ မန္တလေးမြို့

၁၅။ သူငယ်ချင်း (၁၂) ယောက်၊ ပဲခူးမြို့

www.dhammadownload.com

၁၆။ ဦးလှမြင့် + ဒေါ်စောပုမိသားစု၊ မြောက်ဥက္ကလာပ၊ ရန်ကုန်မြို့။
၁၇။ ဦးအောင်ဇော်မိုး + ဒေါက်တာနီနီကျော်၊ (မျက်စိအထူးကု)၊ ရန်ကုန်မြို့။
၁၈။ ဒေါ်ဌေးဌေးဝင်း (ဗဟိုတရားရုံးချုပ်ရှေ့နေ)၊ လိပ်ပြာကန်အိမ်ရာ၊ ပဲခူးမြို့။
၁၉။ ဦးအောင်သိန်း + ဒေါ်ရွှတင်မိသားစု၊ ဖူဂျီဓာတ်ပုံတိုက်၊ ပဲခူးမြို့။
၂၀။ ဦးသိန်းဝင်း + ဒေါ်သန်းသန်းအေး၊ နင်းဆီမွှေးစတိုး၊ ကောတုမတီ၊ တောင်ငူမြို့။
၂၁။ ဒေါ်ခင်စန်းမြင့် + ဒေါ်တင်အေးဆင့်၊ မြေး မင်းထူးမွန်၊ ရန်ကုန်မြို့။
၂၂။ ဒေါက်တာမျိုးသိုက်၊ ကလေးဆေးရုံ၊ ရန်ကုန်မြို့။
၂၃။ ဝိုလ်ချုပ်ခင်မောင်ထွန်း + ဝိုလ်ကြီးဒေါ်တင်တင်အေး၊ မိသားစု၊ နေပြည်တော်။
၂၄။ (ဦးကျင်မောင် + ဒေါ်ကျင်မြ) မိသားစု၊ ၁၇ဖ၊ ဈေးပိုင်း၊ ၁၈ လမ်း၊ ပဲခူးမြို့။
၂၅။ ဦးကြည်စန်း၊ မွေးနေ့အလှူ၊ ရန်ကုန်မြို့။
၂၆။ ဒေါ်စိန်ကြည်မိသားစု၊ ဒါးက၊ ကန်ကြီးထောင့်မြို့နယ်။
၂၇။ ဒေါ်မေမေထွေး၊ မနန်းခင်ခင်စော၊ ဧခမာသီ (၄) လမ်း၊ မြောက်ဥက္ကလာပ၊ ရန်ကုန်မြို့။
၂၈။ ဦးအေးမောင် + ဒေါ်ထွား၊ အမေထွားပဲဆီသန့်မိသားစု၊ ရန်ကုန်မြို့။
၂၉။ ကိုသန်းအေး၊ ပုသိမ်မြို့။
၃၀။ ဦးချစ်ဝိုး + ဒေါ်စန်းစန်းရွှေမိသားစု၊ သြစတြေးလျ။
၃၁။ ဦးစိုးရီ + ဒေါ်မြခင်၊ သမီး မခိုင်ခိုင်မိုး မွေးနေ့၊ နဝဒေးရပ်၊ တောင်စွန်း။
၃၂။ ဝင်းစတားစားတော်ဆက်၊ ရန်ကုန်မြို့။
၃၃။ ဒေါက်တာသိန်းတန်း + ဒေါ်မြင့်မြင့်ဝေမိသားစု၊ ဖြူဖွေးဆေးဆိုင်၊ ကျိုက်ထို။
၃၄။ ဒေါ်စိန်ဗလီ၊ သမီးမအေးမြင့်၊ မော်လမြိုင်မြို့။
၃၅။ ဦးခင်အောင် + ဒေါ်တင်တင်ဝင်း၊ ဝိုလ်ချုပ်လမ်း၊ ရန်ကုန်မြို့။
၃၆။ ဦးချစ်ဝင်း + ဒေါ်ခင်သန်းအေး၊ သီရိလမ်း၊ ၇မြို့။
၃၇။ စက်ရုံမှူး ဦးပိုက်ထွေး၊ ဒေါ်ခင်မျိုးဌေးမိသားစု၊ စစ်တောင်းစက္ကူစက်၊ သိမ်ဖရပ်မြို့။
၃၈။ မောင်အောင်ထူးနိုင် + မသဲဝေလွင်၊ ပဲခူးမြို့။
၃၉။ ကိုကြီးမြင့် + မမာမြင့်၊ တောင်ကြီးမြို့။
၄၀။ မောင်ရဲရင့်ထွန်း + မအေးငွေအောင်၊ တောင်ဥက္ကလာပ၊ ရန်ကုန်မြို့။
၄၁။ (ဒေါ်ခင်ဌေး) ဒေါ်ခင်သန်းမြင့်မိသားစု၊ လမ်းမတော်၊ ရန်ကုန်မြို့။
၄၂။ ဦးအောင်စိုး + ဒေါ်အယ်မာမြင့်မိသားစု၊ တပင်ရွှေထီးလမ်း၊ တောင်ငူမြို့။
၄၃။ ဦးရွှေမန်း + ဒေါ်တင်လှမိသားစု၊ ပတ္တမြားလမ်း၊ ကျိုက်ထိုမြို့။
၄၄။ ဦးတင်မြင့် + ဒေါ်ဝင်းခိ၊ ကျိုက်ထိုမြို့။
၄၅။ ဦးတင်ဆင့် + ဒေါ်မိမိထွေး၊ သား ရစ်ကီ၊ သမီးရင်းရင်း၊ အမေရိကန်။
၄၆။ ဒေါ်မြင့်မြင့်ခင်နှင့် မောင်ကိုကျော်ဝိုးသက်၊ နင်းဆီလမ်း၊ အလုံ၊ ရန်ကုန်မြို့။
၄၇။ ဒေါ်ခင်မာမြင့်မိသားစု၊ ဘုရင့်နောင်၊ ရန်ကုန်မြို့။
၄၈။ (ဦးရွှေချိန် + ဒေါ်ခင်လှ) ဒေါ်လှဆိုင်၊ မြေး မဒေဇီချိန်၊ ပဲခူးမြို့။

www.dhammadownload.com

၄၉။ ဂုရက်သားသမီးများ၊ သနပ်ပင်မြို့။

၅၀။ မမေသဲဦး၊ မဝင်းလဲ့လဲ့အောင် မွေးနေ့၊ ၂၁ လမ်း၊ ရန်ကုန်မြို့။

၅၁။ ဒေါက်တာမြတ်ထွန်း + ဒေါ်ခင်သိန်းဝင်း မိသားစု၊ မျက်စိ နာ၊ နာခေါင်းဆေးရုံ၊ ရန်ကုန်မြို့။

၅၂။ ဦးလှရွှေ + ဒေါ်ခင်အေးမူ၊ ရွှေပန်းတိမ်၊ မြို့လှမြို့။

၅၃။ ဦးစိုင်းစံလင်း + ဒေါ်နန်းရွှေပွင့်၊ သမိုင်း၊ ရန်ကုန်မြို့။

၅၄။ ဦးသန်းနိုင် + ဒေါ်စန်း၊ လောကနတ်ပဲဆီသန့်၊ မိုးကုတ်မြို့။

၅၅။ ဦးညွန့်လွင် + ဒေါ်တင်တင်ဝင်း၊ ၆ လမ်း၊ ရန်ကုန်မြို့။

၅၆။ ဦးခင်မောင်ကြည် + ဒေါ်နုနုအေး၊ သား အောင်ဖြိုးဝေမိသားစု၊ ရန်ကုန်မြို့။

၅၇။ ဦးဝင်းမော် + ဒေါ်ခင်ခင်လေး၊ သမီးခင်လင်းမော်၊ ဖော်အဲဗားကုမ္ပဏီ၊ ရန်ကုန်မြို့။

၅၈။ ဦးစောဟန် + ဒေါ်အေးမြင့်၊ သမီး ဒေါ်နွယ်နွယ်အေး၊ မွေးရေဘဂ်၊ ပဲခူးမြို့။

၅၉။ ဦးဘထက် + ဒေါ်အေးမြင့်၊ ရန်ကုန်မြို့။

၆၀။ ဦးကျင်ဆွေ + ဒေါ်ခင်ခင်ဌေး၊ ဖိုးတီးရုံမိုးခေါက်ဆွဲဆိုင်၊ ၃၁ လမ်း၊ မန္တလေးမြို့။

၆၁။ ဒေါက်တာခေတ်ဝေ + ဒေါက်တာခင်ဝါဝါ၊ သမီး ယွန်းရတီခေတ်၊ ဘုရားကြီး

၆၂။ ဦးအုံးကျော် + ဒေါက်တာတင်တင်မြမိသားစု၊
သုမင်္ဂလာအိမ်ရာ၊ သဃ်နိုးကျွန်း၊ ရန်ကုန်မြို့။

၆၃။ ဦးစိုးလွင် + ဒေါ်ခင်မာဆွေ၊ သုံးခွမြို့။

၆၄။ ဦးကိုလေးမိသားစု၊ ကျိုက်ထိုမြို့။

ကျပ်ငါးသောင်းအလှူရှင်များ

၁။ အင်ဂျင်နီယာမှူးကြီး ဦးစိုးမင်း + ဒေါ်နုနုလတ်၊ သမီး မြတ် အိန္ဒြေ၊
သားမင်းခန့်ကျော်၊ အောင်ချမ်းသာလမ်း၊ ကမာရွတ်၊ ရန်ကုန်။

၂။ မေလစခန်းဝင် နိဗ္ဗာန်ခရီးသွားဖော်များ ပဲခူးတက္ကသိုလ်

ကျပ်ငါးသောင်းအောက် အလှူရှင်များအား
စာမျက်နှာအခက်အခဲကြောင့် သီးခြားမဖော်ပြနိုင်ခြင်းအား
ခွင့်လွှတ်ပါရန် မေတ္တာရပ်ခံပါသည်။

www.dhammadownload.com

မမ္မဒူတ ဒေါက်တာအရှင်ပညိဿရာဘိဝံသ၏ ရေးသားထုတ်ဝေပြီး စာအုပ်များ

၁။	တရားနှင့်နေပါ	ခု-ကြိမ်
၂။	တရားမရခြင်းအကြောင်းရင်း	ခု-ကြိမ်
၃။	အပါယ်တံခါးပိတ်ထားကြစို့	ပ-ကြိမ်
၄။	လမ်းညွှန်တရားဆောင်းပုဒ်များ	ခု-ကြိမ်
၅။	မင်ိကြသောမိသားစု	ပ-ကြိမ်
၆။	လိုရင်းတိုရှင်းဝိပဿနာ	ခု-ကြိမ်
၇။	တရားဘယ်လိုကျင့်ရမလဲ	ပ-ကြိမ်
၈။	How to Practise Mediation	ပ-ကြိမ်
၉။	လိုအင်ဆန္ဒတွေပြည့်ပါစေ	ပ-ကြိမ်
၁၀။	ဘာသာမဲ့သူလေး	ပ-ကြိမ်
၁၁။	သေဘေးဆင်ခြင်ကြိုကာပြင်	ပ-ကြိမ်
၁၂။	တရားချစ်တဲ့သူ	ပ-ကြိမ်
၁၃။	တစ်နေ့ကုန်သွားရင်	ပ-ကြိမ်
၁၄။	တရားကျင့်သူနဲ့ မကျင့်သူ	ပ-ကြိမ်
၁၅။	နမောတဿဘုရားရှိခိုး	ပ-ကြိမ်
၁၆။	ဘဝစစ်တမ်း	ပ-ကြိမ်
၁၇။	ပေါင်းစုတူယှဉ်နိဗ္ဗာန်ဝင်	ပ-ကြိမ်
၁၈။	ပေးဆပ်ရမယ့် အကြွေး	ပ-ကြိမ်
၁၉။	တရားဘာကြောင့် ကျင့်ရတာလဲ	ပ-ကြိမ်
၂၀။	တရားကျင့်ဖို့ကောင်းတဲ့အချိန်	ပ-ကြိမ်
၂၁။	တရားရနိုင် မရနိုင်	ပ-ကြိမ်
၂၂။	တရားကျောင်းက ခေါင်းလောင်းသံ	ပ-ကြိမ်
၂၃။	တစ်ဆင့်ထက်တစ်ဆင့် မြင့်ထက်မြင့်	ပ-ကြိမ်
၂၄။	နိုးလျက်နှင့်ဝေး	ပ-ကြိမ်
၂၅။	အရှုံးထဲက အမြတ်	ပ-ကြိမ်
၂၆။	အမှတ်တမဲ့ အမှား	ပ-ကြိမ်
၂၇။	ဘာဝနာဆိုသည်မှာ	ပ-ကြိမ်
၂၈။	တရားကပေးတဲ့ ချမ်းသာ	ပ-ကြိမ်
၂၉။	မွေလမ်းပေါ်မှာ	ပ-ကြိမ်
၃၀။	နောင်ဖွဲ့မမြင် သံယောဇဉ်	ပ-ကြိမ်
၃၁။	ဥပသံစောင့်တဲ့ ရည်ရွယ်ချက်	ပ-ကြိမ်
၃၂။	ကျေးဇူးသိတတ် ကျေးဇူးဆပ်	ပ-ကြိမ်
၃၃။	ဘာအရေးကြီးဆုံးလဲ	ပ-ကြိမ်
၃၄။	ကိုယ့်ရဲ့ကယ်တင်ရှင်	ပ-ကြိမ်
၃၅။	မနက်ဖြန်ဆိုတာ မသေချာ	ပ-ကြိမ်
၃၆။	ကြည့်ရင်းကြည့်ရင်း ပျက်ယိုယွင်း	ပ-ကြိမ်
၃၇။	ဘဝထဲမှာ တရားရှာ	ပ-ကြိမ်
၃၈။	ဆုံးမလွယ်သူ ဖြစ်ပါစေ	ပ-ကြိမ်